Ministry of Education
Department of Higher Education
East Yangon University

East Yangon University
Research Journal

Vol.12, No.1 June, 2026

Ministry of Education
Department of Higher Education
East Yangon University

East Yangon University
Research Journal

Vol.12, No.1 June, 2026

Ministry of Education
Department of Higher Education
East Yangon University
Research Journal
2026 Vol.12, No.1

Editorial Board

Editor in Chief

Dr. Myo Min Tun	Acting Rector, East Yangon University
Dr. Thidar Aung	Pro-rector, East Yangon University
Dr. Ei Ei Khine	Pro-rector, East Yangon University

Editors

Dr. Khin San Wint	Professor and Head, Department of Myanmar
Dr. Aung Kyi	Professor and Head, Department of English
Dr. Kyi Lint	Professor and Head, Department of Geography and Environmental Studies
Dr. Su Su Myat	Professor and Head, Department of History
Dr. Aung Ye Myint	Professor and Head, Department of Philosophy
Dr. Thidar Kyaw	Professor and Head, Department of Psychology
Dr. Yin Nu Tun	Professor and Head, Department of Law
Dr.Thi Thi San	Professor and Head, Department of Oriental Studies
Dr. Win Win Myint	Professor and Head, Department of International Relationship
Dr. Sandar Aung	Professor and Head, Department of Anthropology
Dr. Yu Yu Naing	Professor and Head, Department of Library and Information
Dr. Khin Saw Oo	Professor and Head, Department of Chemistry
Dr. Khin Lay Nwe	Professor and Head, Department of Physics
Dr. Sandar Maw	Professor and Head, Department of Mathematics
Dr. Ei Khine Win	Professor and Head, Department of Zoology
Dr. Thaw Maw Moe	Professor and Head, Department of Botany
Dr. Aung Zaw Myint	Professor and Head, Department of Geology
Dr. Moe Theingi Hlaing	Professor and Head, Department of Industrial Chemistry

Contents

Page

1. **မြန်မာဘာသာစကားတွင် စကားသင်္ကေတရောသုံးခြင်း** 1
   နန်းဝေစံ
2. **သိန်းသန်းထွန်း၏ "ဘယ်ပန်းချီရေးလို့မှမမီ" ဝတ္ထုရှည်မှ နောက်ခံဝန်းကျင်လေ့လာချက်** 11
   အိအိခိုင်
3. **နန်းတည်မွန်ကျောက်စာ၏နာမ်ပုဒ်ဖွဲ့ပုံလေ့လာချက်** 21
   လဲ့လဲ့ဝင်း
4. **အထင်ကရဒေသများကို ဖွဲ့ဆိုသောသီချင်းများအား စာပေရှုထောင့်မှလေ့လာခြင်း** 34
   ခိုင်နွယ်ဝင်း
5. **ပြောင်းလဲလာသောမြန်မာကဗျာလမ်းကြောင်း** 42
   စမ်းမြင့်သင်း
6. **ဝတ္ထုတိုများမှ လူသဘာဝလေ့လာချက်** 52
   သီတာမြစမ်း
7. **ပင်းယခေတ်မြန်မာကျောက်စာများမှကျွန်ဆိုင်ရာ ဝေါဟာရများကို အတ္ထဗေဒအမြင်ဖြင့် လေ့လာချက်** 62
   နီလာလွင်
8. **စကားလုံးဖွဲ့စပ်မှုကြောင့် အနက်အဓိပ္ပာယ်ပြောင်းလဲပုံလေ့လာချက်** 72
   ယုယုဌေး
9. **ခဲအဖြူအစိမ်းနှင့်ရေးခြစ်သောတစ်ပိုင်းတစ်စကဗျာဝတ္ထုတိုဖန်တီးမှု** 83
   ချိုချိုမာ (၁)
10. **ဇော်ဂျီ၏ ရသစာတမ်းများမှ ဝါကျဖွဲ့ဟန်လေ့လာချက်(ရေးဟန်ပညာ)** 98
    ချိုချိုမာ (၂)
11. **မင်းသုဝဏ်၏ ကဗျာများမှ ဗျည်းတူသရကွဲအတွဲအစပ်များ (ရေးဟန်ပညာ)** 110
    ဇင်မာဝင်း
12. **ဒဂုန်တာရာ၏ "မေ" ဝတ္ထုမှ အရောင်ဝေါဟာရများလေ့လာချက် (အတ္ထဗေဒ)** 122
    သွယ်ဇင်ဖြိုး
13. **လူ့အဖွဲ့အစည်းအတွင်းစကားသင်္ကေတကူးပြောင်းမှုလေ့လာချက်(လူမှုဘာသာဗေဒ)** 135
    မေဖြူဖြူအေး
14. **ဦးကြင်ဥ၏ ပဒေသာသီချင်းများမှ ဝဏ္ဏဖွဲ့ပုံလေ့လာချက်(ဘာသာဗေဒ)** 146
    မိုးမိုးစံ

15. မင်းသုဝဏ်၏ “ရေချမ်းဒကာ ဖိုးသောကြာ”ကဗျာမှ နရီစည်းဝါးလေ့လာချက် (ရေးဟန်ပညာ) 158

တင်ဇာဝင်း

16. အညာမင်္ဂလာဆောင် လေးချိုးကြီးမှ စကားသံဖွဲ့စပ်ဟန် လေ့လာချက် 170

အိအိမျိုးထက်

17. ဦးလုံး၏ ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်းကို စာပေရှုထောင့်မှ လေ့လာချက် 182

သော်ဇင်ဝင်း

18. လူမှုဘဝအမြင်ထင်ဟပ်သောရသစာတမ်းများလေ့လာချက် 191

မြတ်သိဂီကျော်

19. An Analysis of Students' Perspectives on Intercultural Competence Development Through "Market Leader": A Case Study in NMDC 200

Thazin Khaing

20. A Study of Syntactic Symbolism in the Story "The Yellow Wall-paper" by Charlotte Perkins Gilman 215

Aung Ko Ko Hein

21. A Study of Levels of Stylistics in the Reading Passages of the English Coursebook *Life 2A* 228

May Thu Oo

22. A Narrative Analysis of Mood and Voice in the Story "A Painful Case" by James Joyce 242

Mie Ko Khant

23. Solid Waste Management Practices in The Campus of Magway University 253

Win Thandar Oo

24. A Geographical Study on Spatial Distribution of Electronics Stores in Thingangyun Township 265

Htet Htet Aung, Su Myat Hay Mar Thein, Zin Mar Win, Swe Zin Htun

25. Impact of Cultural Heritage Sites on Tourism Development in Thanlyin Township 278

Yadanar Chan Myae Nyein, May Htar Lwin, Zin Mar Win,Su Myat Hay Mar Thein, Swe Zin Htun

26. A Geographical Study of Summer Paddy Cultivation in Thanlyin Township 293

Hnin Yu Hlaing, Kyi Lint, Su Myat Hay Mar Thein, Swe Zin Htun, Zin Mar Win

27. A Historical Analysis of Rain-Calling Rituals in Dawei, Myanmar 307

Hnin Mar Khin

28. Concept of Jambudīpa and Arimaddanapura: Buddhist Cosmology and Urban Division in Bagan 314

Ko Ko Toe Lwin Thaw

29. Agricultural Sector During The Late Konbaung Period **332**
Wai Wai Lwin

30. U Nu's Initatives For The Promotion of Buddhism **349**
Phyo Swe Lwin

31. Economic Transformation and Colonial Intervention in Myanmar, 1800–1930 **364**
Myo Min Thiha

32. Legal Study on the Rights of the Land Recipient for the Right to use Farmland in Thanlyin District **373**
Yin Nu Tun, Tharaphe Wann Lwin, Phyu Zin Ei, Khine Zin Thant

33. Legal Control Against Illegal Trade In Wild Fauna Of Myanmar **389**
Po Po Chit

34. Quashing the Criminal Proceedings **401**
Hnin Ei Phyu

35. A Legal Study on Child Rights and the Protection of Children from Violence in Myanmar under the Convention on the Rights of the Child (CRC) 1989 **409**
Khine Myat Tun, Khine War, Pyae Myat Phoo, Khin Kay Khaing

36. Rights of Domestic Workers Under International Convention **418**
Khin Thandar Tun

37. The Role of Collective Management Organization of Copyright in Myanmar **424**
Zin Mar Htay

38. Test Construction of Job Characteristics Scale and Role State Scales **433**
Thant Zaw Moe

39. A Comparative Study of Buddhist Mural Paintings From Ajanta and Ellora Caves Of India and The Temples of Bagan **448**
Yamin Oo

40. Expanded Class Numbers in Dewey Decimal Classification System for Subject Headings of Buddhism (Sutta) **457**
Saw Mya Kyi Thar

41. An Analytical Study of The National Literary Award-Winning Book "*Ī kharī" nī" salā" (ဤခရီးနီးသလား)*" **461**
Chue Thinzar Aung

42. The Role of Chatgpt-5 in Enhancing Information Retrieval Skills For Students From East Yangon University **470**
Win Nyein Yee

43. A Citation Analysis of Master's Theses Submitted To The Department of Law, East Yangon University **487**

Kay Thi Oo

44. A Comparative Study of Digital Diplomacy Among The State Actors **501**

Khaing Thazin Soe

45. A Study of China's Belt and Road Initiative in Myanmar **511**

Aye Chan Phyu, Kyu Kyu Khin, Su Hlaing Min

46. The Ritual Shower of *Taungpyone pwe* (Festival) **524**

Sandar Aung

မြန်မာဘာသာစကားတွင် စကားသင်္ကေတရောသုံးခြင်း

နန်းဝေစံ*

စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာဘာသာစကားတွင် စကားသင်္ကေတရောသုံးခြင်းကို လေ့လာတင်ပြထားသည့် စာတမ်းဖြစ်ပါသည်။ မြန်မာတို့သည် မြန်မာဘာသာ စကားကို နေ့စဉ်အသုံးပြု၍ ပြောဆိုနေစဉ်နှင့် ရေးသားနေစဉ်အတွင်း ပါဠိ ဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားများမှ စကားလုံးများကိုယူ၍ မြန်မာ ဘာသာစကားတွင် စကားသင်္ကေတများ ရောနှောအသုံးပြုကြလေ့ ရှိပါသည်။ ထိုသို့ ဖြစ်ပေါ်ရခြင်းသည် လူမှုဘာသာဗေဒ၏ သဘောတရားတစ်ခုဖြစ်သော ဘာသာစကား ထိတွေ့မှုကြောင့် ဖြစ်ပါသည်။ ဤသို့ မိမိတို့နှင့် ဘာသာတူစု မဟုတ်သော ဘာသာခြားစကားများဖြစ်သည့် ပါဠိဘာသာစကားနှင့် အင်္ဂလိပ် ဘာသာစကားမှ စကားလုံးများကို မြန်မာစကား ပြောဆို၊ ရေးသားနေစဉ်အတွင်း စကားသင်္ကေတ ရောနှောအသုံးပြုခြင်းဖြင့် မြန်မာဘာသာစကားတွင် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာပုံကို လေ့လာတင်ပြ ထားပါသည်။

သော့ချက်ဝေါဟာရများ။ ။ စကားသင်္ကေတရောသုံးခြင်း၊ မြန်မာဘာသာစကား၊ ပါဠိဘာသာစကား၊ အင်္ဂလိပ်ဘာသာစကား၊ ဘာသာစကားထိတွေ့မှု။

၁။ နိဒါန်း

မြန်မာတို့သည် နေ့စဉ် မြန်မာစကား ပြောဆိုနေစဉ်တွင်လည်းကောင်း၊ ရေးသားနေ့စဉ်တွင် လည်းကောင်း မြန်မာဘာသာစကားအတွင်း မြန်မာဘာသာစကားနှင့် ဘာသာတူစု မဟုတ်သော အခြားသော ဘာသာစကားများမှ စကားလုံးများကို စကားသင်္ကေတများ ရောနှောအသုံးပြုလေ့ ရှိကြပါသည်။ ထိုသို့စကားသင်္ကေရောသုံးခြင်းသည် ဘာသာစကားများထိတွေ့မှုကြောင့် ဖြစ်ပေါ် လာရခြင်း ဖြစ်ပါသည်။ ဤသို့ စကားသင်္ကေတရောသုံးခြင်း လက္ခဏာရပ်သည် မြန်မာဘာသာ စကားတွင်သာမက ကမ္ဘာပေါ်ရှိ ရှင်သန်လျက်ရှိသော ဘာသာစကားမှန်သမျှတွင် ဖြစ်ပေါ်လေ့ ရှိပါသည်။

၁၊ ၁။ ရည်ရွယ်ချက်

မြန်မာဘာသာစကား ပြောဆိုနေစဉ်နှင့် ရေးသားနေစဉ်အတွင်း ဘာသာခြားစကားများ ရောနှော အသုံးပြုနေမှုကို သတိပြုမိစေရန်နှင့် ထိုသို့စကားသင်္ကေတရောသုံးခြင်းသည် ဘာသာစကား၏ သဘောလက္ခဏာတစ်ရပ်ဖြစ်ကြောင်း သိရှိစေရန် ရည်ရွယ်ပါသည်။

၁၊ ၂။ သုတေသနမေးခွန်းနှင့်ပြဿနာ

မြန်မာဘာသာစကားအတွင်း စကားသင်္ကေတရောသုံးခြင်းစာတမ်းကို ပြုစုရာတွင် အောက်ပါ မေးခွန်းနှင့် ပြဿနာများ ဖြစ်ပေါ်နိုင်ပါသည်။

- မြန်မာဘာသာစကား ပြောဆို၊ ရေးသားနေစဉ်တွင် ပါဠိဘာသာစကားနှင့် အင်္ဂလိပ်ဘာသာ စကားတို့မှ စကားလုံးများကို စကားသင်္ကေတရောသုံးလေ့ ရှိပါသလား။
- မြန်မာဘာသာစကားတွင် စကားသင်္ကေတရောသုံးခြင်းသည် ဘာသာစကားထိတွေ့မှု လက္ခဏာရပ်ကြောင့် ဖြစ်ပါသလား။ဟူသည့် မေးခွန်းများနှင့်
- မြန်မာဘာသာစကား ပြောဆို၊ ရေးသားနေစဉ် ဘာသာခြားစကားမှ စကားလုံးများကို စကား

* ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။

သင်္ကေတရောသုံးခြင်းသည် မြန်မာဘာသာစကားအတွက် အကျိုးသက်ရောက်မှု ရှိ၊ မရှိ။ ဆိုသည့် ပြဿနာများ ပေါ်ထွက်လာပါသည်။

၂။ စာပေလေ့လာဆန်းစစ်ချက်

ဤစာတမ်းနှင့်ပတ်သက်၍ ဦးထွန်းမြင့်၏ ဘာသာဗေဒ(၁၉၉၅)စာအုပ်၊ ဒေါက်တာအောင်မြင့်ဦး ၏ လူမှုဘာသာဗေဒမိတ်ဆက်(၂၀၀၃)စာအုပ်၊ လူမှုဘာသာဗေဒသဘောတရား(၂၀၀၅)စာအုပ်၊ ဘာသာစကားသုတေသန(၂၀၁၀)စာအုပ်၊ သုတေသနဟူသည်(၂၀၁၈)စာအုပ်၊ လူမှုဘာသာဗေဒလက်စွဲ(၂၀၂၄)စာအုပ်နှင့် ဒေါက်တာခင်အေး၏ အတ္ထဗေဒနိဒါန်း(၂၀၀၄)စာအုပ် တို့မှ လူမှုဘာသာဗေဒဆိုင်ရာ နည်းနာများ၊ စကားသင်္ကေတရောသုံးခြင်းဆိုင်ရာ နည်းနာများကို အခြေခံ၍လည်းကောင်း၊ ဆိုရှယ်မီဒီယာများ၊ သတင်းစာများကို အခြေခံ၍လည်းကောင်း ဤ သုတေသနစာတမ်းကို လေ့လာဆန်းစစ်တင်ပြခဲ့ပါသည်။

၃။ နည်းနာ

မြန်မာဘာသာစကားတွင် စကားသင်္ကေတရောသုံးခြင်းစာတမ်းကို လေ့လာဆန်းစစ်ရန် အတွက် အောက်တွင်ဖော်ပြထားသော ပညာရပ်နည်းနာများနှင့် သုတေသနနည်းနာများကို အခြေခံ၍ လေ့လာတင်ပြထားပါသည်။

၃၊ ၁။ ပညာရပ်နည်းနာ

မြန်မာဘာသာစကား ပြောဆိုနေစဉ်နှင့်ရေးသားနေစဉ်အတွင်း ဘာသာခြားစကားများ ရောနှော အသုံးပြုခြင်းကို ဘာသာဗေဒပညာရပ်၏ ပညာရပ်ခွဲတစ်ခုဖြစ်သော လူမှုဘာသာဗေဒ သဘော တရားတွင်ပါဝင်သော ဘာသာစကားထိတွေ့မှုနှင့် စကားသင်္ကေတရောသုံးခြင်းစသည့် ပညာရပ် နည်းနာများကိုအခြေခံ၍ လေ့လာတင်ပြထားပါသည်။

ဘာသာဗေဒဟူသည်

ဘာသာဗေဒဟူသည့် ဝေါဟာရနှင့်ပတ်သက်၍ ဦးထွန်းမြင့်က ဘာသာဗေဒ(၁၉၉၅)စာအုပ်တွင် ဘာသာဗေဒဆိုသည်မှာ -

> ဘာသာစကားကို သိပ္ပံနည်းကျ စနစ်တကျ လေ့လာသည့်ပညာရပ် (စာ ၁)

ဟူ၍ ဖွင့်ဆိုထားပါသည်။

ဒေးဗစ်ခရစ်စတယ်က A Dictionary of Linguistics and Phonetics (2000) စာအုပ်တွင် -

> ဘာသာဗေဒဆိုသည်မှာ ဘာသာစကားကို သိပ္ပံနည်းကျလေ့လာမှု (စာ ၂၈၃)

ဟူ၍ ဖွင့်ဆိုခဲ့ပါသည်။

ဒေါက်တာအောင်မြင့်ဦး၏ လူမှုဘာသာဗေဒလက်စွဲ(၂၀၂၄)စာအုပ်တွင် -

> ဘာသာဗေဒသည် ဘာသာစကားကို သိပ္ပံနည်းကျလေ့လာမှုဖြင့် စတင်ခဲ့သည့် ပညာရပ်တစ်ခုဖြစ်သည်။ (စာ ၂၁)

ဟူ၍ ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် ဘာသာဗေဒဆိုသည်မှာ ဘာသာစကားများကို သိပ္ပံ နည်းကျ စနစ်တကျ ခွဲခြမ်းစိတ်ဖြာ၍ သရုပ်ဖော်လေ့လာသော ပညာရပ်ပင် ဖြစ်ပါသည်။

လူမှုဘာသာဗေဒဟူသည်

လူမှုဘာသာဗေဒဝေါဟာရနှင့်ပတ်သက်၍ Chambers ၏ Sociolinguistics Theory (1997) စာအုပ်တွင် -

> လူ့အဖွဲ့အစည်းတစ်ခုနှင့် ယင်း၏ဘာသာစကားဆက်နွယ်ပုံကို
> လေ့လာသည့် ဘာသာရပ်ဖြစ်သည်။ (စာ ၁၃၃၀)

ဟူ၍ ဖွင့်ဆိုထားသည်။

ဒေါက်တာအောင်မြင့်ဦး၏ လူမှုဘာသာဗေဒမိတ်ဆက်(၂၀၀၃)စာအုပ်တွင် -

> လူမှုဘာသာဗေဒသည် ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ
> အပြန်အလှန်ဆက်စပ်မှုကိုလေ့လာသော ပညာရပ်ဖြစ်သည်။ (စာ ၁၀)

ဟူ၍ ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် လူမှုဘာသာဗေဒဆိုသည်မှာ မည်သူက မည်သူ့ကို မည် သည့်နေရာ၊ မည်သည့်အချိန်တွင် မည်သို့သောအကြောင်းနှင့်ဆက်စပ်၍ မည်သည့်စကားကို ပြောသည်ဆိုသည့် လူမှုဆိုင်ရာ အချက်အလက်များကို အခြေခံ၍ လေ့လာခြင်းပင် ဖြစ်ပါသည်။

ဘာသာစကားထိတွေ့မှုဟူသည်

ဘာသာစကားထိတွေ့မှုနှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦး၏ လူမှုဘာသာဗေဒ သဘော

တရား(၂၀၀၅) စာအုပ်တွင် -

> ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုဆက်ဆံရေး
> စသည့် အကြောင်းအမျိုးမျိုးကြောင့် လူ့အဖွဲ့အစည်း တစ်ခုနှင့် တစ်ခု
> ထိတွေ့ကာ ဘာသာစကားချင်းလည်း ထိတွေ့မှု ဖြစ်လာ သည်။ (စာ ၅၄)

ဟူ၍ ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် ဘာသာစကားထိတွေ့မှုသည် ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့အပေါ်တွင်အခြေခံ၍ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ မိသားစု တစ်စုနှင့်တစ်စု၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ထိတွေ့ဆက်ဆံကြရာမှ ဘာသာစကားအချင်းချင်း ထိတွေ့မှု ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပါသည်။

စကားသင်္ကေတရောသုံးခြင်းဟူသည်

စကားသင်္ကေတဆိုရာတွင် စကားနှင့်သင်္ကေတကို ပေါင်းထားခြင်းဖြစ်ပြီး၊ မြန်မာအဘိဓာန် (၂၀၁၈)တွင် -

> စကား/ဇဂါး/န - အနက်အဓိပ္ပာယ်ရှိသော နှုတ်မြွက်သံ။
> ပြောဆိုချက်။ ဘာသာစကား။ (စာ ၇၉)
>
> သင်္ကေတ၊ န - အမှတ်အသား။ (စာ ၃၅၇)

ဟူ၍ ဖွင့်ဆိုထားပါသည်။

ဒေါက်တာခင်အေးက အတ္ထဗေဒနိဒါန်း(၂၀၀၄)စာအုပ်တွင် -

> သင်္ကေတဟူသည် အကြောင်းအရာတစ်ခုခုကို ကိုယ်စားပြုသော၊
> ရည်ညွှန်းသော အမှတ်အသားဖြစ်သည်။ (စာ ၃၄)

ဟူ၍ ဖွင့်ဆိုပြထားပါသည်။

စကားသင်္ကေတရောသုံးခြင်းနှင့်ပတ်သက်၍ Fasold (1987)၏ The Sociolinguistics of Society စာအုပ်တွင် ဖော်ပြထားသည်ကို ဒေါက်တာအောင်မြင့်ဦးက လူမှုဘာသာဗေဒလက်စွဲ (၂၀၂၄) စာအုပ်တွင် -

> ဘာသာစကားတစ်မျိုးကို အခြေခံအားဖြင့် သုံးစွဲနေစဉ်အတွင်း အခြားဘာသာစကားတစ်မျိုး၏ အစိတ်အပိုင်းများကို ရောနှော အသုံးပြုခြင်း ဖြစ်သည်။ (စာ ၁၈၈)

ဟူ၍ ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် စကားသင်္ကေတရောသုံးခြင်းဆိုသည်မှာ ဘာသာစကား တစ်မျိုးကို အခြေခံ၍ အသုံးပြု ပြောဆို ရေးသားနေစဉ်အတွင်း အခြားဘာသာစကားတစ်မျိုးမှ စကားလုံးများကို ယူ၍ အခြေခံဘာသာစကားအတွင်း ရောနှောအသုံးပြုခြင်းပင် ဖြစ်ပါသည်။

အထက်ပါ ပညာရပ်နည်းနာများအရ ဘာသာစကားများကို သိပ္ပံနည်းကျ စနစ်တကျ သရုပ်ဖော်လေ့လာသော ဘာသာဗေဒပညာရပ်တွင်ပါဝင်သည့် လူမှုဘာသာဗေဒပညာရပ်သည် လူမှုဝန်းကျင်၌ လူတို့ မည်သည့်အကြောင်းကြောင့် ဘာသာစကားကို မည်သို့ မည်ပုံ ပြော ဆိုသည်ဟူသော ဘာသာစကားအသုံးပြုပုံကို လေ့လာပါသည်။ ဘာသာစကား မတူသော လူမှု အဖွဲ့အစည်းတွင်လည်းကောင်း၊ ဘာသာစကားတူသော လူမှုအဖွဲ့အစည်းတွင်လည်းကောင်း ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုပေါင်းသင်းဆက်ဆံရေး တို့ကြောင့် ဘာသာ စကားထိတွေ့မှုများ ဖြစ်ပေါ်လေ့ရှိပါသည်။ ထိုအခါ မိမိတို့မိခင်ဘာသာစကားတွင် အခြားသော ဘာသာစကားမှ စကားလုံးများကို စကားသင်္ကေတများ ရောနှောအသုံးပြုလေ့ရှိပါသည်။ ထိုမှ ဘာသာစကားများတွင် စကားသင်္ကေတရောသုံးခြင်းများ ဖြစ်ပေါ်လာပါသည်။

၃၊ ၂။ သုတေသနနည်းနာ

မြန်မာဘာသာစကားတွင် စကားသင်္ကေတရောသုံးခြင်း စာတမ်းကို လေ့လာတင်ပြရာတွင် မြန်မာဘာသာစကားကို ဘာသာဗေဒ၏ပညာရပ်ခွဲတစ်ခုဖြစ်သော လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ ဤတွင် ဘာသာဗေဒပညာရှင်၊ လူမှုဘာသာဗေဒပညာရှင်များ ဖော်ထုတ်ခဲ့သော ပညာရပ်နည်းနာများကို အခြေခံသုတေသနနည်းနာနှင့် အသုံးချ သုတေသန နည်းနာများကိုအခြေခံပြီး ဘာသာစကားကို လက်တွေ့အသုံးချသုတေသနပြု၍ လေ့လာ ဖော်ထုတ် တင်ပြထားပါသည်။

၄။ လေ့လာတွေ့ရှိချက်

မြန်မာစကားကို နေ့စဉ်အသုံးပြုနေကြသူတို့သည် မြန်မာစကားပြောဆိုနေစဉ်တွင်လည်း-ကောင်း၊ ရေးသားနေစဉ်တွင်လည်းကောင်း မြန်မာစကားအတွင်း၌ ပါဠိဘာသာစကားမှ စကားလုံးများနှင့် အင်္ဂလိပ်ဘာသာစကားမှ စကားလုံးများကို စကားသင်္ကေတများ ရောနှော အသုံးပြုကြလေ့ရှိပါသည်။ ထိုအခါ မြန်မာဘာသာစကားတွင် ပါဠိဘာသာစကားနှင့် အင်္ဂလိပ် ဘာသာစကားမှ စကားလုံးများကို စကားသင်္ကေတရောသုံးခြင်းများ ဖြစ်ပေါ်လာပါသည်။

၄၊ ၁။ မြန်မာဘာသာစကားပြောဆိုနေစဉ် စကားသင်္ကေတရောသုံးခြင်း

မြန်မာဘာသာစကားကို နေ့စဉ် အသုံးပြု ပြောဆိုနေကြသည့် မြန်မာစကားပြောဆိုသူတို့သည် မိမိတို့ နေ့စဉ်အသုံးပြုလျက်ရှိသော မြန်မာဘာသာစကားတွင် ပါဠိဘာသာစကားနှင့် အင်္ဂလိပ် ဘာသာစကားမှ စကားလုံးများကို စကားသင်္ကေတများ ရောနှောအသုံး ပြုလျက်ရှိသည်ကို တွေ့ရသည်။ ထိုသို့ မိမိတို့ဘာသာစကားပြောဆိုနေစဉ်တွင် ဘာသာခြားစကားမှ စကားလုံး များကို ရောနှောအသုံးပြုခြင်းသည်

ဘာသာစကား၏ သဘောလက္ခဏာ တစ်ခုပင်ဖြစ်ပါသည်။ မြန်မာဘာသာစကားတွင် ပါဠိဘာသာစကားမှ စကားသင်္ကေတရောနှော အသုံးပြုထားသော စကားလုံးများစွာရှိပါသည်။

ထိုပါဠိဘာသာစကားမှစကားလုံးများကို စကားသင်္ကေတအသုံးပြုရာတွင် ပါဠိစကားလုံး အတိုင်း မပြုမပြင်ဘဲ တိုက်ရိုက်ယူ၍အသုံးပြုသောစကားလုံးများနှင့် မြန်မာ့အာလျှာနှင့် ရွတ် ဆိုရ လွယ်ကူစေရန် ပြုပြင်ဖန်တီးယူထားသော စကားလုံးများဟူ၍ တွေ့ရပါသည်။ သာဓက -

- သူငယ်ချင်းရေ မင်းအလုပ်**ကိစ္စ** အဆင်ပြေသွားပလား။

- ဆင်းရဲ**ဒုက္ခ**နဲ့ မကြုံချင်ဘူး။ ချမ်းသာ**သုခ**တွေနဲ့ပဲ အမြဲ ကြုံချင်တယ်။

- အစည်းအဝေးက **ပါမောက္ခ**တွေလည်း ပါတယ်တဲ့။

- ထီပေါက်တယ်ဆိုတာ အတိတ်**ဘဝ ကုသိုလ်ကံ**ကြောင့်လဲ ပါတယ်။

- ငါ မှန်သောစကားပြောတာ **သစ္စာ**ဆိုရဲတယ်။

- သူဒီလိုနေရတာ အတိတ်**ဘဝ**က **ကုသိုလ်**တွေကြောင့်နေမှာ။

- အလှူ**ဒါန** ပြုတဲ့အခါ **စေတနာ သဒ္ဓါ**တရား ထက်သန်ဖို့လိုတယ်။

- **နိဗ္ဗာန်** မရောက်မချင်း **သံသရာ**က မကျွတ်သရွေ့ **လောကဓံ**တွေနဲ့ ကြုံနေရမှာပဲလေ။

- ဘာလုပ်လုပ် **စိတ်**ကောင်းထားပြီးလုပ်။ အကျိုးပေးလိမ့်မယ်။

စသည့် အပြောစကားများတွင် မြန်မာဘာသာစကား အသုံးပြုပြောဆိုနေစဉ်အတွင်း ပါဠိ ဘာသာစကားမှ စကားလုံးများကို ပါဠိဘာသာစကားအတိုင်း တိုက်ရိုက်ယူ၍လည်းကောင်း၊ ပြုပြင်ပြောင်းလဲယူ၍လည်းကောင်း စကားသင်္ကေတရောနှော၍ အသုံးပြုထားသည်ကို တွေ့ရ ပါသည်။

ထိုကဲ့သို့ပင် မြန်မာဘာသာစကား ပြောဆိုနေစဉ် အင်္ဂလိပ်ဘာသာစကားမှ စကားလုံး များကို စကားသင်္ကေတ ရောနှောအသုံးပြုထားသော စကားလုံးများစွာ ရှိပါသည်။

သာဓက -

- ငါ့ **တမ်းပေပါ** ကို **ပရုဖ်** နည်းနည်း ဖတ်ပေး။ မင်းရော **ပရောဂျက်ပေပါ** ပြီးပလား။

- ဒီ **ဟိုတယ်** က **ရွှမ်းဆားဗစ်** အတော်ကောင်းတယ်နော်။

- ငါတို့ မြန်မာ**ပလာဇာ** သွားပြီး **ရှော့ပင်း** ထွက်ကြမလား။

- ဒီ**ကုမ္ပဏီ**က မဆိုးဘူးနော်။ **ဆားဗစ်** ကောင်းတယ်။

- သူ့ **ဖေ့စ်ဘွတ်အကောင့်** မှာ **ပို့စ်** တင်ထားတယ်လေ။

- **တယ်လီဂရမ်** တို့၊ **ဖေ့ဘွတ်** တို့၊ **တစ်တော့** တို့တွေမှာ သူက **ဆယ်လီ** လေ။

- အဲ့ **ကိစ္စ တစ်တော့** မှာ **ထရန်း**ဖြစ်နေတာ ကြာပြီ။

- မနက်ဖြန်မနက် **မီတင်** ရှိတယ်နော်။ နောက်တစ်ပတ်ထဲတော့ **ဆီးနိတ်**တဲ့။

- **တက္ကသိုလ်**မှာ **ပရယ်တီကယ်** တွေ **ကျူတိုရီရယ်** တွေက အရေးကြီးတယ်။

- သူငယ်ချင်း **တားရော့ကတ်** ဖတ်တတ်လား။ **အီးအိတ်စ် ကမ်းဘက်** ငါ့ကို ဖတ်ပေး။

- **ဘရိတ်ဖတ်စ်** စားပြီးပလား။ ဒီည **ဒင်နာ** က **ဘူဖေး** ကျွေးမှာတဲ့။

- ငါ့ဆီ **ဖယ်ရီ**မရောက်လို့ နေ့တိုင်း **လိုင်းကား**နဲ့ **ဆိုင်ကယ်ကယ်ရီ**နဲ့ နှစ်ပါးသွားနေရတာ။

စသည့် နေ့စဉ် ပြောဆိုလျက်ရှိသော မြန်မာအပြောစကားများတွင် အင်္ဂလိပ်ဘာသာစကားမှ

စကားလုံးများကို မူရင်းစကားလုံးနှင့်အနီးစပ်ဆုံး အသံဖလှယ်ယူ၍လည်းကောင်း၊ မြန်မာ့ အာလျှာနှင့် ရွတ်ဆိုရလွယ်ကူစေရန် ပြုပြင်ပြောင်းလဲယူ၍လည်းကောင်း စကားသင်္ကေတ ရောနှော အသုံးပြုခဲ့ကြပါသည်။

ထိုသို့ ပါဠိနှင့်အင်္ဂလိပ်ဘာသာစကားမှ စကားလုံးများ မြန်မာဘာသာစကားအတွင်း ရောက်ရှိနေခြင်းသည် စကားတူစုမဟုတ်သော ဘာသာစကားများ ထိတွေ့မှုဖြစ်ပေါ်ရာမှ စတင် ခဲ့သည်။ ထိုသို့ အင်္ဂလိပ်ဘာသာစကားမှစကားလုံးများကို စကားသင်္ကေတရောသုံးရာတွင် တချို့ စကားလုံးများကို အင်္ဂလိပ်စကားသံနှင့် အနီးစပ်ဆုံး အသံလှယ်ချေးငှား၍လည်းကောင်း၊ တချို့ စကားလုံးများကို မြန်မာ့ အာလျှာနှင့် ရွတ်ဆိုရ လွယ်ကူစေရန် ပြောင်းလဲ ပြုပြင်၍လည်းကောင်း စကားသင်္ကေတ ရောနှောအသုံးပြုကြသည်ကို တွေ့ရသည်။

၄၊ ၂။ မြန်မာဘာသာစကားရေးသားနေစဉ် စကားသင်္ကေတရောသုံးခြင်း

မြန်မာဘာသာစကားကို နေ့စဉ်အသုံးပြုရေးသားနေကြသည့် မြန်မာတို့သည် မိမိတို့ နေ့စဉ်အသုံး ပြုလျက်ရှိသော မြန်မာဘာသာစကားတွင် ပါဠိဘာသာစကားမှလည်းကောင်း၊ အင်္ဂလိပ် ဘာသာ စကားမှလည်းကောင်း စကားလုံးများကို စကားသင်္ကေတများ ရောနှောအသုံးပြု ရေးသားလျက် ရှိသည်ကို တွေ့ရသည်။

ပါဠိဘာသာစကားနှင့် မြန်မာဘာသာစကားတို့သည် စကားတူစုများ မဟုတ်ကြပေ။ ပါဠိ ဘာသာစကားနှင့် မြန်မာဘာသာစကားတို့သည် ပုဂံခေတ်မတိုင်မီကပင် ဘာသာရေးကို အကြောင်းပြု၍ ဘာသာစကားများ ထိတွေ့ခဲ့ကြသည်။ ထိုအချိန်မှစ၍ ပါဠိဘာသာစကားမှ စကားလုံးအမြောက်အမြား မြန်မာဘာသာစကားအတွင်း ဝင်ရောက်လာခဲ့ပါသည်။ မြန်မာ ဘာသာစကား ရေးသားနေစဉ် ပါဠိစကားလုံးများကိုယူ၍ စကားသင်္ကေတရောသုံးခြင်းကို ပုဂံခေတ် မြန်မာကျောက်စာများ စတင်ထွန်းကားချိန်ကပင် မြန်မာကျောက်စာများ၌ စတင် တွေ့ရှိခဲ့သည်။

မြန်မာစာအရေးအသားတွင် အစောဆုံးပေါ်ထွန်းခဲ့သည်ဟု ပညာရှင်များယူဆခဲ့ကြသည့် ကျောက်စာများတွင် မြန်မာဘာသာစကားအတွင်း စကားသင်္ကေတရောသုံးခြင်းကို တွေ့ရှိရပါ သည်။ ခုနှစ်သက္ကရာဇ်မပါဝင်သည့် ပေါ်တော်မူဘုရားကျောက်စာနှင့် သက္ကရာဇ် ၄၇၄ခုနှစ်တွင် ရေးထိုးသော ရာဇကုမာရ်ကျောက်စာတွင် -

> **ဓမ္မသာဇရပ်**လေးပြု။ ကန်လေးတခုတူး၏။ (ပေါ်၊ က ၃-၄)
>
> ငါထီးရလိုသောမဟုတ် **သိကြား**စသော **ဗြဟ္မာနတ်**တကာလေးရစေ ၏။ **မဟာထေရ်**စသော **သဃ်ာ**တကာလေး ရစေ၏။ (ပေါ်၊ က ၇-၉)
>
> အခြေမဲ့သော **သတ္တဝါ**တကာ ကျွတ်စေ၏။ (ပေါ်၊ က ၁၆-၁၇)
>
> ဘုရားသခင်**သာသနာ** အနှစ် တစ်ထောင်ခြောက်ရာ နှစ်ဆယ့်ရှစ်နှစ် လွန်လေပြီးရကား။ ဤ**အရိမဒ္ဒနပုရ်** မည်သော ပြည်နှိုက်အား။ (ရာဇ၊ က ၁-၄)

စသည့် ပုဂံခေတ်ဦးမြန်မာကျောက်စာများတွင် မြန်မာစာ အရေးအသား၌ ပါဠိဘာသာစကားမှ စကားလုံးများ ရောနှော အသုံးပြုမှုကို တွေ့ရှိရပါသည်။ ယနေ့မျက်မှောက်ခေတ်တွင် -

> အမျက်**ဒေါသ**ကို စွန့်ရာ၏။ **မာန**ကို ပယ်ရာ၏။ **သံယောဇဉ်**မှန်သမျှကို ကျော်လွန်ရာ၏။ **နာမ်ရုပ်**၌မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲ**ဒုက္ခ** တို့သည် မကျရောက်ကုန်။ (မြန်မာ့အလင်း၊ ၂၀-၁-၂၀၂၆၊ စာ ၁)
>
> လူအပေါင်းတို့သည် **ကာမဂုဏ်**၊ **ဒေါသ**၊ **မာန**၊ **ထိနမိဒ္ဓ**၊ **ဥဒ္ဓိစ္ဆ**တရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းတရားကင်းရာ **နိဗ္ဗာန်**သို့ မရောက်နိုင်ချေ။
>
> (မြန်မာ့အလင်း၊ ၂၃-၁-၂၀၂၆၊ စာ ၁)

စသည်ဖြင့် မြန်မာစာရေးသားနေစဉ်တွင် ပါဠိစကားများရောသုံးခြင်းကို တွေ့ရပါသည်။

ဤသို့ မြန်မာဘာသာစကားရေးသားနေစဉ်တွင် ပါဠိဘာသာစကားမှ စကားလုံးများကို တိုက်ရိုက်ယူ၍လည်းကောင်း၊ ပြုပြင်ပြောင်းလဲယူ၍လည်းကောင်း စကားသင်္ကေတများ ရော၍ အသုံးပြုခဲ့ကြပါသည်။

အင်္ဂလိပ်ဘာသာစကားနှင့် မြန်မာဘာသာစကားတို့ ထိတွေ့ကြရာမှ မြန်မာဘာသာ စကားရေးသားနေစဉ်တွင် အင်္ဂလိပ်ဘာသာစကားမှ စကားလုံးအမြောက်အမြားကို မြန်မာ ဘာသာစကားတွင် စကားသင်္ကေတ ရောသုံးခဲ့ကြသည်။

သာဓက -

- ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည် ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ (**Rebuilding Myanmar**: **Post Earthquake Economic Recovery**) (မြန်မာ့အလင်း၊ ၂-၁-၂၀၂၆၊ စာ ၃၂)
- အမုန်းစကား **Heat Speech** များ မပြုလုပ်ကြပါရန်။

  Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာ **ဥပဒေ**များနှင့်အညီ။

  (မြန်မာ့အလင်း၊ ၂၃-၁-၂၀၂၆၊ စာ ၃)

- ငလျင်**ဒဏ်**သင့် အနီရောင်အဆင့် ဝန်ထမ်းအိမ်ရာများနှင့် အဆောက် အအုံများပြုပြင်ရန် အားဖြည့် **Retrofit Design** နှင့် လိုက်နာ ဆောင်ရွက် ရမည့် နည်းစနစ်ဆိုင်ရာ **Knowledge Sharing** ဆွေးနွေးပွဲတက်ရောက်။

  (မြန်မာ့အလင်း၊ ၂၃-၁-၂၀၂၆၊ စာ ၄)

- မြန်မာနိုင်ငံ**အင်ဂျင်နီယာကောင်စီ** အသိအမှတ်ပြုလက်မှတ်ရရှိပြီးသော **Professional Engineer(PE)**များ၊ **Register Senior Engineer (RSE)** များမှ တာဝန်ခံ၍ စနစ်တကျပြုပြင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

  (မြန်မာ့အလင်း၊ ၂၃-၁-၂၀၂၆၊ စာ ၄)

- အွန်လိုင်းလိမ်လည်မှု **Telecom Fraud** လုပ်ငန်းများအား ဆက်လက် စစ်ဆေးဆောင်ရွက် မြန်မာ့အလင်း၊ ၂၇-၁-၂၀၂၆၊ စာ ၄)

ယနေ့မျက်မှောက်ခေတ်တွင် အသစ်အသစ်ပေါ်ထွန်းလာသော ပညာရပ်များ၊ နည်းပညာ များ၊ အသုံးအဆောင်များ၊ လူမှုကိစ္စရပ်များအတွက် အဓိပ္ပာယ်တိကျစေရန်၊ ပိုမိုလွယ်ကူစွာ ရှင်းလင်းနားလည်နိုင်စေရန်နှင့် မူရင်းပညာရပ်အခေါ်အဝေါ်များကို ရင်းနှီးကျွမ်းဝင်မှု ရှိလာနိုင် ရန်အတွက် မြန်မာဘာသာစကား ရေးသားနေစဉ်အတွင်း အင်္ဂလိပ်ဘာသာစကားမှ စကားလုံး များကို စကားသင်္ကေတရော၍ အသုံးပြုသည်ကို တွေ့ရပါသည်။

သုံးသပ်ချက်

မြန်မာဘာသာစကားကို နေ့စဉ်အသုံးပြု၍ ပြောဆို ရေးသားနေကြသော မြန်မာစကား အသုံး ပြုသူတို့တွင် နေ့စဉ်မိမိတို့ အသုံးပြု ပြောဆို ရေးသားနေကြသော မြန်မာစကားတွင် အခြားသော ဘာသာစကားမှ စကားလုံးများကို စကားသင်္ကေတများ ရောနှောအသုံးပြုလျက်ရှိပါသည်။ ထိုသို့ မြန်မာဘာသာစကားတွင် စကားသင်္ကေတရောနှောအသုံးပြုကြသော ဘာသာစကားများတွင် ပါဠိဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားမှ စကားလုံးတို့မှာ အလွန်များပြားသည်ကို တွေ့ရ ပါသည်။

ပါဠိဘာသာစကားသည် လွန်ခဲ့သောနှစ်ပေါင်း တစ်ထောင်ခန့်ကပင် ဗုဒ္ဓဘာသာကို အခြေ ခံ၍ ဘာသာရေးအရ မြန်မာဘာသာစကားနှင့် စတင်ထိတွေ့ခဲ့ပါသည်။ ထိုအချိန်မှစ၍ ပါဠိ ဘာသာစကားမှ စကားလုံးများသည် မြန်မာဘာသာစကားအတွင်း ဝင်ရောက်ခဲ့ကြပြီး မြန်မာ ဘာသာစကား၌ စကားလုံးဝေါဟာရ ကြွယ်ဝလာစေရန်အတွက်လည်းကောင်း၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးစေရန် အတွက်လည်းကောင်း အထောက်အကူပြုခဲ့ကြပါသည်။ ပါဠိဘာသာစကားမှ စကားလုံးတို့သည် မြန်မာဘာသာစကားအတွင်း ဝင်ရောက်ခဲ့သည်မှာ အလွန်ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ ထို့ကြောင့် ပါဠိစကားလုံးများဟုပင် မသိကြတော့ဘဲ မြန်မာစကား ပြောဆိုနေစဉ် နှင့် ရေးသားနေစဉ် အချိန်များ၌ တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိပါသည်။ ပါဠိစကားမှ စကားလုံးများကို မြန်မာဘာသာစကားပညာရှင်များက မြန်မာဘာသာစကား၏ မွေးစား စကားလုံးများအဖြစ် မှတ်ယူခဲ့ကြပြီးဖြစ်ပါသည်။

ထို့အတူပင် အင်္ဂလိပ်ဘာသာစကားသည် မြန်မာနိုင်ငံ အင်္ဂလိပ်တို့၏ ကိုလိုနီနယ်ချဲ့ လက် အောက်သို့ မကျရောက်မီကပင် ကုန်သွယ်ကူးသန်းရောင်းဝယ်ရေးကိုအခြေခံသော စီးပွားရေးနှင့် ခရစ်ယာန်သာသနာပြုများ စေလွှတ်ကာ သာသနာပြန့်ပွားရေးကို အခြေခံသော ဘာသာရေး တို့ကို အကြောင်းပြု၍ မြန်မာဘာသာစကားနှင့် စတင်ထိတွေ့ခဲ့ကြပါသည်။ နောက်ပိုင်းတွင် နိုင်ငံရေးကို အကြောင်းပြု၍ ဆက်လက်ထိတွေ့မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ယနေ့အချိန်တွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့ကို အကြောင်းပြု၍ ဆက်လက် ထိတွေ့မှုများ ဖြစ်ပေါ်လျက်ပင်ရှိပါသည်။ မြန်မာဘာစကားနှင့် အင်္ဂလိပ်ဘာသာစကား ထိတွေ့မှုသည် ပါဠိ ဘာသာစကားနှင့်ထိတွေ့မှုလောက် အချိန်မကြာမြင့်သော်လည်း နှစ်ပေါင်းရာနှင့်ချီ၍ ကြာမြင့် ခဲ့ပြီဖြစ်ပါသည်။ ထိုအချိန်မှစ၍ မြန်မာဘာသာစကားအတွင်း အင်္ဂလိပ်ဘာသာစကားမှ စကား- လုံးများ ရောက်ရှိလာခဲ့ပြီး မြန်မာဘာသာစကားတွင် စကားသင်္ကေတ ရောသုံးခဲ့ကြပါသည်။ တချို့ အင်္ဂလိပ်စကားလုံးများသည် မြန်မာဘာသာစကားအတွင်း မွေးစားစကားလုံးများအဖြစ် အသားကျနေပြီး ဖြစ်ပါသည်။ ယနေ့အချိန်တွင် မြန်မာနှင့်အင်္ဂလိပ် ဘာသာစကားထိတွေ့မှုသည် ရပ်တန့်သွားခြင်း မရှိဘဲ အရှိန်အဟုန်နှင့် ဆက်လက်ထိတွေ့မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

ဤသို့ ပါဠိနှင့်အင်္ဂလိပ်ဘာသာစကားများမှ စကားလုံးများကို မြန်မာဘာသာစကား ပြော ဆိုရေးသားနေစဉ် ယူ၍ ရောနှောအသုံးပြုရာတွင် မူရင်းဘာသာစကား၏ စကားလုံး ဝေါဟာရ အတိုင်း တိုက်ရိုက်ယူ၍လည်းကောင်း၊ အနီးစပ်ဆုံး အသံဖလှယ်ယူ၍လည်းကောင်း၊ မူရင်း စကားလုံးကို

ပြုပြင်ပြောင်းလဲကာ မြန်မာမှုပြု၍လည်းကောင်း၊ မြန်မာ့အာလျာနှင့် ရွတ်ဆိုရ လွယ်ကူသော စကားသံများအဖြစ် ပြောင်းလဲယူ၍လည်းကောင်း စကားသင်္ကေတများ ရောသုံးခဲ့ ကြပါသည်။

ထိုအခါ စကားသင်္ကေတရောသုံးခြင်းကြောင့် ပါဠိနှင့်အင်္ဂလိပ်ဘာသာစကားမှ စကားလုံး အမြောက်အမြားသည် မြန်မာဘာသာစကားအတွင်း ဝင်ရောက်လာခဲ့ကြပြီး မြန်မာဘာသာ စကား၊ မြန်မာစာပေအတွက် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ဤတွင် အကျိုး သက်ရောက်မှုဆိုရာ၌ ကောင်းသောအကျိုးသက်ရောက်မှုများ ရှိသကဲ့သို့ ဆိုးကျိုးများ ရှိသည် ကိုလည်း သတိပြုသင့်ပါသည်။ ပါဠိဘာသာစကားမှ စကားလုံးများသည် မြန်မာဘာသာစကား၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးတွင် စကားလုံးဝေါဟာရ ကြွယ်ဝလာစေရန်အတွက် ကောင်း- သောအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသကဲ့သို့ ရှေးကမြန်မာဘိုးဘေးတို့က ပါဠိစကားလုံး များနေရာတွင် မြန်မာဘာသာပြန်၍ အသုံးပြုခဲ့သော အဓိက်၊ အမျက်၊ ရမ္မက်၊ အတည်မဲ့သော တရား စသည့် အနှစ်သာရပြည့်ဝသည့် မြန်မာစကားလုံးများ ပျောက်ကွယ်ကာ ထိုစကားလုံးများ နေရာတွင် ပါဠိစကားလုံးများကိုသာ ဆက်၍အသုံးပြုနေခဲ့သည်ကိုလည်း တွေ့ရပါသည်။ ထို့ အတူ အင်္ဂလိပ်ဘာသာစကားမှ စကားလုံးများကို စကားသင်္ကေတရောသုံးခြင်းဖြင့် မြန်မာ ဘာသာစကားတွင် စကားလုံးဝေါဟာရများ ပိုမိုများပြားလာသော ကောင်းကျိုးများ ရှိသကဲ့သို့ မြန်မာဘာသာစကားတွင် အသုံးမပြုသော / f / ဖ၊ / v / ဗ၊ / r / ရ် ဗျည်းသံများ မြန်မာ စကားအတွင်း အသုံးပြုနေမှုများကိုလည်း သတိပြုဖွယ် တွေ့ရှိနေရပါသည်။

ယနေ့မျက်မှောက်ခေတ်တွင် နည်းပညာရပ်အသစ်များ၊ လူမှုအသုံးအဆောင်အသစ်များ နှင့် လူမှုကိစ္စရပ်အသစ်များမှာ နေ့စဉ်နှင့်အမျှ များစွာပေါ်ထွန်းလျက်ရှိရာ ထိုနည်းပညာရပ်များ၊ လူမှုအသုံးအဆောင်များနှင့် လူမှုကိစ္စရပ်များကြောင့် မြန်မာဘာသာစကား အသုံးပြု ပြောဆို ရေးသားနေစဉ် မြန်မာစကားသံမဟုတ်သော စကားသံများ၊ အရေးအသားများ အလွန်အကျွံ အသုံးပြုမှုများလာလျှင် မြန်မာစကား မြန်မာစာပေများ ပျက်စီး ဆုံးရှုံး ပျောက်ကွယ် သွား နိုင်သည့် ဆိုးကျိုးများနှင့်လည်း ရင်ဆိုင် ကြုံတွေ့ရလျက်ရှိပါသည်။ အထူးသဖြင့် လူမှုကွန်ရက် ဆိုရှယ်မီဒီယာများ ဖြစ်သော face book များ Tik Tok များတွင် မြန်မာစကားသံများနှင့် စကားပြောတင်ဆက်မှုများ၊ မြန်မာစာတန်းထိုးများနှင့် တင်ဆက်မှုများတွင် မြန်မာစကားသံ အသံထွက် မမှန်ကန်သော စကားသံများ၊ မြန်မာစာအရေးအသား မမှန်ကန်သော သတ်ပုံများ၊ စာအရေးအသားအမှားများကို နေ့စဉ်နှင့်အမျှ တွေ့မြင်ရလျက်ရှိပါသည်။ ထိုအသံထွက်မှားသော စကားသံများ၊ စာအရေးအသား အမှားများကို လူအများက လက်ခံ၍ လိုက်ပါအသုံးပြုမှု များ လာလျှင် မြန်မာဘာသာစကား၊ မြန်မာစာပေများ အလျင်အမြန် ပျက်စီးတိမ်ကော ပျောက်ပျက် သွားနိုင်သည့် ဆိုးကျိုးများ ရှိသည်ကိုလည်း သတိပြုသင့်ပါသည်။

စကားသင်္ကေတရောသုံးခြင်းကို လိုအပ်သည်ထက်ပိုမို၍ အလွန်အကျွံအသုံးပြုလျှင် ဘာသာစကားထိတွေ့မှုမှသည် ဘာသာစကားပြောင်းလဲမှုများ ဖြစ်ပေါ်လာပြီး ထိုမှတစ်ဆင့် ဘာသာစကားတိမ်ကောမှုများ၊ ဘာသာစကားပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများလည်း ရှိကြောင်း အထူး သတိပြုသင့်ပါသည်။

နိဂုံး

မြန်မာ့လူ့အဖွဲ့အစည်းအတွင်း စကားသင်္ကေတရောသုံးခြင်းသည် ယခုမှ ပေါ်ထွန်းလာခြင်း မဟုတ်ပေ။ ကမ္ဘာကြီးကို ရွာကြီးတစ်ရွာအဖြစ် တင်စားပြောဆိုနေကြသည့် ယနေ့ခေတ်တွင် ဘာသာစကားတူစု အချင်းချင်းတွင်လည်းကောင်း၊ ဘာသာစကားမတူသည့် ဘာသာစကား အချင်းချင်းတွင်လည်းကောင်း နေ့စဉ်နှင့်အမျှ ဘာသာစကားထိတွေ့မှုများ ဖြစ်ပေါ်လျက် ရှိပါသည်။ ထိုအခါ ဘာသာခြား စကားလုံးတစ်လုံး၏ အဓိပ္ပာယ်ကို ချက်ချင်းဘာသာပြန်ယူရန် မလွယ်ကူခြင်း၊ အသစ်အသစ် ပေါ်ထွန်းလာသော ပညာရပ်များ၊ နည်းပညာရပ်များ၊ လုပ်ငန်း ဆောင်တာများ၊ လူမှုအသုံးအဆောင်များ၊

လူမှုကိစ္စရပ်များ ပေါ်ထွက်လျက်ရှိရာ ထိုအရာများကို ချက်ချင်း ဘာသာပြန် ရယူရန် မလွယ်ကူပေ။ ထိုအခါ မြန်မာဘာသာစကား ပြောဆို ရေးသား နေစဉ် ဘာသာခြားစကားမှ စကားလုံးများကို စကားသင်္ကေတရော၍ ယူငင်အသုံးပြုခဲ့ကြပါ သည်။ ဤတွင် မြန်မာဘာသာစကားတွင် စကားလုံးဝေါဟာရအသစ်များ များပြား တိုးပွား လာသော ကောင်းကျိုးများ ရရှိနိုင်သကဲ့သို့ လိုအပ်သည်ထက်ပိုမို၍ အလွန်အကျွံ သုံးစွဲမိပါက မြန်မာဘာသာစကားရှိ မြန်မာစကားသံစဉ်စဉ်များကို ကြားရန်၊ မြန်မာစာအရေးအသားများကို ဖတ်ရှုရန် ခက်ခဲလာနိုင်သော ဆိုးကျိုးများလည်း ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့် မြန်မာ ဘာသာစကား၊ မြန်မာစာပေ အရှည်တည်တံ့နိုင်ရေးအတွက် စကားသင်္ကေတရောသုံးခြင်းကို အလွန်အကျွံ မပြုမိစေရန်အတွက် မြန်မာနိုင်ငံသားတိုင်း၊ မိမိတို့ မြန်မာဘာသာစကားနှင့် မြန်မာ စာပေကို တန်ဖိုးထား မြတ်နိုးသူတိုင်း ဝိုင်းဝန်းကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်ရေး မျှော် မှန်းလျက် ဤသုတေသနစာတမ်းကို ပြုစုရခြင်း ဖြစ်ပါသည်။

ကျမ်းကိုးစာရင်း

မြန်မာဘာသာ

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၂၂)။ ***ဘာသာဗေဒနိဒါန်း***။ ရန်ကုန်။ The Key Collection ။

ခင်အေး၊ ဒေါက်တာ။ (၂၀၀၄)။ ***အတ္ထဗေဒနိဒါန်း***။ ရန်ကုန်၊ ။ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ထွန်းမြင့်၊ ဦး။ (၁၉၉၅)။ ***ဘာသာဗေဒ*** ။ ရန်ကုန်တက်လမ်းစာပေ။

နန်းဝေစံ၊ မ။ (၂၀၀၇)။ ***ဘာသာစကားထိတွေ့မှုကြောင့် မြန်မာဘာသာစကားတွင် ဖြစ်ပေါ်လာသောအကျိုးသက်ရောက်မှုများ***။ ရန်ကုန်တက္ကသိုလ်၊ ပါရဂူဘွဲ့(မြန်မာစာ)အတွက် တင်သွင်းသောကျမ်း။

မြန်မာစာအဖွဲ့ဦးစီးဌာန။ (၂၀၁၈)။ ***မြန်မာအဘိဓာန်*** ။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၅)။ ***လူမှုဘာသာဗေဒသဘောတရား***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၀)။ ***ဘာသာစကားသုတေသန***။ ရန်ကုန်၊ ဓူဝံစာအုပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၈)။ ***သုတေသနဟူသည်***။ ရန်ကုန်၊ ဧရာဝဏ်စာပေတိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၂၄)။ ***လူမှုဘာသာဗေဒလက်စွဲ***။ ရန်ကုန်၊ ပညာရပ်ဝန်းစာပေ။

အင်္ဂလိပ်ဘာသာ

Chambers, J.K. (1997). ***Sociolinguistics Theory.*** Oxford: Blackwell Publishers.

Crystal, D. (2000). ***A Dictionary of Linguistics and Phonetics*** (4th edn): Massachusetts:

Blackwell Publishers.

Fasold, R. (1987). ***The Sociolinguistics of Society***. Oxford: Blackwell Publishers.

စာသားကိုးကားစာစောင်များ

မြန်မာ့အလင်း။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ သောကြာနေ့။ အတွဲ (၆၅)၊ မှတ် (၀၉၄)။

မြန်မာ့အလင်း။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ အင်္ဂါနေ့။ အတွဲ (၆၅)၊ မှတ် (၁၁၂)။

မြန်မာ့အလင်း။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ သောကြာနေ့။ အတွဲ (၆၅)၊ မှတ် (၁၁၅)။

မြန်မာ့အလင်း။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ အင်္ဂါနေ့။ အတွဲ (၆၅)၊ မှတ် (၁၁၉)။

သိန်းသန်းထွန်း၏“ဘယ်ပန်းချီရေးလို့မှမမီ”ဝတ္ထုရှည်မှ နောက်ခံဝန်းကျင်လေ့လာချက်

အိအိခိုင်[၁]

စာတမ်းအကျဉ်း

ဤစာတမ်းသည် ရသစာပေကဏ္ဍတွင်ပါဝင်သည့် သိန်းသန်းထွန်း၏ “ဘယ်ပန်းချီရေးလို့မှမမီ” ဝတ္ထုရှည်မှ နောက်ခံဝန်းကျင်ကို လေ့လာတင်ပြထားပါသည်။ ထိုသို့လေ့လာရာတွင် “သိန်းသန်းထွန်း၏ “ဘယ်ပန်းချီရေးလို့မှမမီ” ဝတ္ထုရှည်ကို အလေ့လာခံအဖြစ်ထား၍ ဝတ္ထုရှည် သဘောတရားနည်းနာများကို အခြေခံ၍ လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ဝတ္ထုတွင် ဖခင်၏ ဂုဏ်သိက္ခာအတွက် အနစ်နာခံခဲ့သောသားတစ်ဦး၏ မေတ္တာတရား ကြီးမားမှုကို တင်ပြထားသည်။ ဤစာတမ်းတွင် ကာလနောက်ခံ၊ ဒေသနောက်ခံ၊ လူမှုနောက်ခံကို အခန်းခွဲ၍ လေ့လာတင်ပြထားပြီး နောက်ခံဝန်းကျင်အဖွဲ့များသည် ဇာတ်လမ်းခိုင်မာမှုရှိစေရန်နှင့် ဇာတ်ဆောင်သဘာဝ ပေါ်လွင်မှုရှိစေရန် အထောက်အကူပေးနိုင်ပုံကို ဖော်ထုတ် တင်ပြလိုသော ရည်ရွယ်ချက်ဖြစ်ပါသည်။

သော့ချက်ဝေါဟာရ - ကာလနောက်ခံ၊ ဒေသနောက်ခံ၊ လူမှုနောက်ခံ။

နိဒါန်း

ဝတ္ထုရှည်သည် လူ့လောကၦ ဖြစ်ပျက်နေသောအကြောင်းအရာ၊ လူတို့၏စရိုက်သဘာဝ၊ လူတို့ ကျင်လည်ရာ နောက်ခံဝန်းကျင်ကို ထင်ဟပ်ရေးသားရသော ရသစာပေဖြစ်ပါသည်။ ဝတ္ထုရှည်တွင် ဇာတ်ဆောင်တို့လှုပ်ရှားရာ အချိန်ကာလ၊ နေရာဒေသ၊ လူမှုနောက်ခံဝန်းကျင်တို့သည် မပါမဖြစ် ပါဝင်ကြရသည်။ နောက်ခံအဖွဲ့များသည် စာရေးသူ၏ဦးတည်ချက်ကိုပေါ်လွင်စေရန်၊ ဇာတ်လမ်းကို အချိတ်အဆက်မိစေရန်၊ ဇာတ်ဆောင်တို့၏သဘာဝကို ပီပြင်လာစေရန် ပံ့ပိုးဖော်ဆောင်ပေးပါသည်။ နောက်ခံဝန်းကျင်သည် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ ထို့ကြောင့် သိန်းသန်းထွန်း၏“ဘယ်ပန်းချီရေးလို့မှမမီ”ဝတ္ထုမှ နောက်ခံဝန်းကျင်ဟု တင်သွင်းရခြင်းဖြစ်ပါသည်။

သုတေသနမေးခွန်း

ဤသုတေသနစာတမ်းတွင် အောက်ပါမေးခွန်းများကို ကြံ့တွေ့ရပါသည်။

၁။ ဝတ္ထုရှည်မှ နောက်ခံဝန်းကျင်အဖွဲ့သည် ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကို မည်ကဲ့သို့ အထောက်အကူပြုပါသနည်း။

၂။ ဝတ္ထုရှည်ကို ယုတ္တိရှိအောင်တင်ပြရာတွင် နောက်ခံဝန်းကျင်သည် မည်ကဲ့သို့ အရေးပါသနည်း။

ဟူသော သုတေသနမေးခွန်းများကိုအခြေခံ၍

၁။ ဝတ္ထုရှည်မှ နောက်ခံဝန်းကျင်အဖွဲ့သည် ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကို အထောက်အကူပြု နိုင်ခြင်း ရှိ၊ မရှိ။

၂။ ဝတ္ထုရှည်ကို ယုတ္တိရှိအောင်တင်ပြရာတွင် နောက်ခံဝန်းကျင်သည် အရေးပါခြင်း ရှိ၊ မရှိ။

ဟူသော သုတေသနပြဿနာများကို အဖြေရှာထားပါသည်။

အထက်ပါသုတေသနမေးခွန်းများနှင့် သုတေသနပြဿနာများကို အဖြေရှာရာတွင် ဝတ္ထုရှည် အတတ်ပညာနှင့်ဆိုင်သည့် သုတေသနကျမ်းများ၊ သုတေသနဆိုင်ရာနည်းနာများ၊ ဝတ္ထုရှည်အတတ်

---

[၁] ဒေါ်၊ ပါမောက္ခ၊ မြန်မာစာဌာန၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်။

ပညာဆိုင်ရာသီအိုရီများကိုအသုံးပြုခြင်း၊ အလေ့လာခံဝတ္ထုများနှင့်ပတ်သက်၍ ဆက်စပ်လေ့လာရန် လိုအပ်သည့်စာအုပ်စာတမ်းများ လေ့လာဖတ်ရှုခြင်း၊ စာရေးသူသိန်းသန်းထွန်းနှင့်တွေ့ဆုံ မေးမြန်းခြင်း၊ ဇာတ်လမ်းပါနေရာဒေသနောက်ခံများသို့ ကွင်းဆင်းသွားရောက်ခြင်းတို့ပြုလုပ်ကာ လေ့လာဖော်ထုတ်ထားခြင်းဖြစ်သည်။

၁၊ ၁။ သိန်းသန်းထွန်း၏အတ္ထုပ္ပတ္တိအကျဉ်း

စာရေးသူသိန်းသန်းထွန်းကို အဖ မူလတန်းကျောင်းအုပ်ဆရာကြီး ဦးငွေထွန်း၊ အမိ ဒေါ်စောတို့မှ ၁၉၃၂ ခုနှစ်၊ နိုဝင်ဘာ(၁၁)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ချောင်းဝရွာ၌ ဖွားမြင်ခဲ့သည်။ အမည်ရင်းမှာ ဦးသိန်းသန်းထွန်းဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် ရန်ကုန်ဒေါ်မမကြီး အလွတ်ပညာသင်ကျောင်းမှ (၁၀) တန်းအောင်မြင်ခဲ့သည်။ ၁၉၆၉-၁၉၇၃ ခုနှစ်တွင် လုပ်သား ကောလိပ်နှင့် မန္တလေးတက္ကသိုလ် သမိုင်းဌာနတွင် နည်းပြဆရာအဖြစ်အမှုထမ်းခဲ့သည်။ သိန်းသန်းထွန်းအမည်ကို ၁၉၅၁ ဟံသာဝတီသတင်းစာမဂ္ဂဇင်းကဏ္ဍတွင်ပါသည့် “ဂြိုဟ်သားဆု” ဝတ္ထုတွင် စတင်အသုံးပြုသည်။ ဆရာကြီးထုတ်ဝေပြီး စာအုပ်အချို့မှာ မပန်ပါနဲ့ကြွေချင်တယ် (၁၉၆၂)၊ အချစ်ရူးလေးရဲ့အချစ်ဦး (၁၉၆၃)၊ ငွေစပယ်ရဲ့လမင်းငယ်ဘဝ(၁၉၆၄)၊ ဘယ်ပန်းချီရေးလို့မှ မမီ (၁၉၆၅)၊ တို့ပြည်ထောင်စုကလေးကဗျာများ(၁၉၆၆)၊ စိတ်ပင်လယ်စာတမ်း(၁၉၆၇)၊ လမင်းငယ်ငယ်အပြုံးရှင်(၁၉၆၇)၊ မိုးတစ္ဆေ (၁၉၇၀)၊ ပန်းပွင့်ငှက်၏တေးသံများ(၁၉၈၇)၊ ရှေးမြန်မာမင်းတို့၏အိပ်မက်များ (၁၉၉၂)၊ သိန်းသန်းထွန်းပုံပြင်များ (၁၉၄၄)၊ ဒေါက်တာအနန္တခြင်္သေ့ (၂၀၀၉)၊ ပန်းပွင့်ပေါ်သာနားချင်ကြတယ်(၂၀၁၄)တို့ဖြစ်ပါသည်။ ဒေါက်တာသန်းထွန်းနှင့်တွဲ၍ ပင်းတယရွှေဥမင်စေတီနှင့် ပင်းတယဂူသမိုင်း(၁၉၈၂)ကို ရေးသားခဲ့သည်။ ရှမ်းပြည်နယ်နှင့် ပတ်သက်သော သမိုင်းသုတေသနစာတမ်းပေါင်း (၆၀)ကိုလည်း ပြုစုခဲ့သည်။ ဆရာကြီးသည် (၂၀၀၆)ခုနှစ်တွင် အမျိုးသားစာပေ (တစ်သက်တာစာပေ)ဆု ရရှိခဲ့သည်။ ယခုအခါ ဆရာကြီး သိန်းသန်းထွန်းသည် တောင်ကြီးမြို့တွင် မိသားစုနှင့်အတူနေထိုင်ပြီး ကဗျာများ ရေးသားလျက် ရှိသည်။

၁၊ ၂။ ဇာတ်လမ်းအကျဉ်း

ဘယ်ပန်းချီရေးလို့မှမမီဝတ္ထုသည် တဏှာဂ၏ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းပုံနှင့် ဖခင်အပေါ် အနစ်နာခံသော သားတစ်ယောက်၏ ချစ်မေတ္တာကြီးမားပုံကို ရေးသားထားသော ဝတ္ထုဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်မြို့၏မြောက်ဘက် သိမ်ကုန်းရွာတွင် နေထိုင်သော နန်းနုသည် ယဉ်ကျေးလိမ္မာ၍ တစ်ရွာလုံးက ချစ်ခင်ခြင်းကို ခံရသည်။ ရွာရှိကာလသားများက နန်းနုကို ပိုးပန်း ကြသည်။ နန်းနုကို ပိုးပန်းသူများထဲတွင် အယ်ရိုးလည်း တစ်ယောက်အပါအဝင်ဖြစ်သည်။

တစ်နေ့တွင်နန်းနုတို့မိသားစု ဓားပြများနှင့်ရင်ဆိုင်ကြုံတွေ့ရသည်။ မိဘများ၏အဖြစ်ဆိုးကို မြင်တွေ့ပြီး နန်းနု ရူးသွပ်သွားခဲ့သည်။ ရွာသူကြီးကျော့ခင်က တူဖြစ်သူ အယ်မောင်းတို့ လင်မယားနှစ်ယောက်ကို နန်းနုအား ကြည့်ရှုစောင့်ရှောက်ရန် တာဝန်ပေးထားသည်။ နန်းနု၏ အဖော်ကောင်းမှာ ခွေးလေး “မြီတို” ဖြစ်သည်။ နတ်ကတော်ပေါင်စီက ညောင်မိစ္ဆာကြီးသည် ညအခါ နန်းနုအိမ်သို့လာတတ်ကြောင်းပြောသည့်အခါ နန်းနုအိပ်သို့ မည်သူမျှမကပ်ရဲကြပေ။ ရွာထဲရှိလူအများက ညောင်မိစ္ဆာနှင့်မြီးတိုကိုလန့်ကြ၏။ သို့သော် သူကြီး ကျော့ခင်၊ အယ်ရိုး၏ဖခင် ကျောင်းစိတ္တနှင့် အယ်ရိုးတို့က နတ်ကတော်ပေါင်စီပြောသော ညောင်မိစ္ဆာ၊ နတ်၊ တစ္ဆေတွေကို အယုံအကြည်မရှိဘဲ သံသယရှိသည်။

တစ်နေ့တွင် ကျောင်းစိတ္တသည် ရွာတစ်ရွာမှအပြန် နန်းနုအိမ်အနီး၌ ကိုယ်တည်းဗလာဖြင့် သတိလက်လွတ်ဖြစ်နေသော နန်းနုကို မြင်တွေ့သွားသည်။ ထိုညဦး နန်းနုအိမ်သို့ တိတ်တဆိတ် သွားရောက်ကာ ပေါင်းသင်းနေထိုင်ခဲ့သည်။ ခွေးကိုက်ဒဏ်ရာနှင့်တွေ့လိုက်သော ဖခင်ကို အယ်ရိုးက သံသယဖြစ်ပြီး စုံစမ်းသည်။ နန်းနုအိမ်သို့သွားသည်မှာ ဖခင်မှန်းသိသော်လည်း အယ်ရိုးက မသိ

ချင်ယောင်ဆောင်နေသည်။ ကျောင်းစိတ္တသည် နန်းနုအိမ်သို့သွားတိုင်း ခွေးလေးမြီတိုကို အမဲခြောက်ဖုတ်ကျွေး၍ ရင်းနှီးအောင်နေသည်။ ကြာသော် နန်းနုၭ ကိုယ်ဝန်ရလာသည်။ ကျောင်းစိတ္တသည် အယ်ရိုး၏မားဖြင့် မြီးတိုကိုသတ်လိုက်သည်။ သွေးစွန်းနေသော အယ်ရိုး၏မားကို တွေ့ကာ ကျေၫခင်က တရားခံအယ်ရိုးဖြစ်မည်ဟု မှတ်ယူလေသည်။ အယ်ရိုးကလည်း သူမဟုတ်ကြောင်းသာ ငြင်းဆန်သည်။ တရားခံမှာ သူ၏ဖခင် ဖြစ်နေသည်ကိုလည်း ထုတ်မပြောရက်ပေ။ ဖခင်က အပြစ်ဝန်ခံမည်ဟုဆိုသော်လည်း အယ်ရိုးကလက်မခံ။ ဖွင့်ပြောလျှင် သူကိုယ်သူသတ်သေမည်ဟုဆို၍ ဖခင် ကျောင်းစိတ္တသည် စိတ်ဆင်းရဲလျက်ရှိသည်။

သို့ဖြင့် နန်းနုမီးဖွားသောနေ့တွင် အယ်ရိုးအား ဆရာဝန်ခေါ်ရန် ဟက်ကယ်ရွာသို့ လွှတ်လိုက်သည်။ နန်းနုမွေးသော ကလေး၏ဘယ်ဘက်လက်၌ အယ်ရိုး၏ဘယ်ဘက်လက်ကဲ့သို့ လက်ပွားလေးပါနေခြင်းကြောင့် ကျေၫခင်သည် အယ်ရိုးကို ပို၍ ဒေါသထွက်လာသည်။ နတ်ကတော်ပေါင်စီပြောသည့်အတိုင်းမဟုတ်ဘဲ တစ်ရွာလုံးကို ခြောက်လှန့်ခြင်းဖြစ်သည်ဟု ယူဆပြီး နတ်စင်ကို မီးရှို့ဖက်ဆီးလိုက်သည်။ သူကြီးကျေၫခင်က အယ်ရိုးအား အပြစ်ရှိသူဝိပိ လူအားလုံးရှေ့၌ နန်းနု၏မီးနေထမီကို နမ်းပြရန် အမိန့်ပေးသည်။ အယ်ရိုးလည်းမခံနိုင်ဖြစ်ကာ ကျေၫခင်ကို ဓားနှင့်ပစ်ရာ လက်ကို ဓားစိုက်သွားလေ သည်။ အယ်ရိုးအိမ်ပေါ်မှ ခုန်ချပြေးသောအခါ ကျောင်းကျန္ဒာ၏သေနတ်ကလက်ဦးသွားပြီးအယ်ရိုးသေဆုံးသွားခဲ့သည်။ နန်းနုသတိရလာသောအခါ လူကောင်းပကတိဖြစ်ကာ ခင်ပွန်းမှာ အယ်ရိုးဖြစ်ကြောင်းသိပြီး အလောင်းသာ တွေ့ရသည်။ နန်းနု၏သားငယ်မှာ မကြာခင်ဆုံးပါးသွားရာ နန်းနုလည်း စိတ်ဝေဒနာသည်ဘဝသို့ တတ်ဖန်ပြန်ရောက်သွားသည်။

ဦးတည်ချက်မှာ ဖခင်၏ဂုဏ်သိက္ခာအတွက် အနစ်နာခံသော သားတစ်ဦး၏ မေတ္တာတရားကြီးမားမှုကို ဖော်ကျူးတင်ပြရန် ရည်ရွယ်သည်။

၂။ စာပေလေ့လာဆန်းစစ်ချက်

သိန်းသန်းထွန်း၏ဝတ္ထုရှည်မှ နောက်ခံဝန်းကျင်ကို လေ့လာသုတေသနပြုရန်အတွက် ဆရာကြီး ဒေါက်တာခင်အေးနှင့် ဒေါက်တာအောင်မြင့်ဦး၏ “သုတေသနအခြေခံ၊ သုတေသနပုံစံ”။ ဒေါက်တာအောင်မြင့်ဦး၏ “သုတေသနဟူသည်” စာအုပ်တို့ကို ဦးစွာလေ့လာ ဖတ်ရှုခဲ့ပါသည်။ မိမိ သုတေသနပြုမည့်အကြောင်းအရာကို အခြေခံ၍ သုတေသနအမျိုးအစားခွဲခြားခြင်း၊ သုတေသန အကျိုးတရားများကိုဖော်ထုတ်ခြင်း၊ သုတေသနအချက်အလက်များ စူးစမ်းလေ့လာရာတွင် အသုံးပြုမည့်နည်းသတ်မှတ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ စာပေတစ်ခုကို သုတေသနပြုရာတွင် ထိုစာပေလေ့လာမှုနှင့်သက်ဆိုင်သော အဆိုအမိန့်အကိုးအကားများကို အသုံးပြုခြင်းသည် မိမိ သုတေသနကို ပိုမိုခိုင်မာစေသည်။

သိန်းသန်းထွန်း၏ “ဘယ်ပန်းချီရေးလို့မှမမီ” ဝတ္ထုမှ နောက်ခံဝန်းကျင်ကို သုတေသန ပြုရာတွင် ဝတ္ထုရှည်၏သဘောသဘာဝ၊ နောက်ခံဝန်းကျင်နှင့်သက်ဆိုင်သော စာပေပညာရှင်တို့၏ ဖွင့်ဆိုချက်များ၊ ရှင်းလင်းချက်များ၊ ယူဆချက်များနှင့်ပတ်သက်သော စာအုပ်စာပေများကို လေ့လာ ပါသည်။ ဤစာအုပ်များမှ နောက်ခံဝန်းကျင်နှင့်ပတ်သက်သည့်အကြောင်းများကို လေ့လာနည်းယူ၍ ဆန်းစစ်တင်ပြထားပါသည်။

၃။ နည်းနာ

သိန်းသန်းထွန်း၏ “ဘယ်ပန်းချီရေးလို့မှမမီ”ဝတ္ထုမှ နောက်ခံဝန်းကျင်ကိုလေ့လာရာတွင် စာပေရှုထောင့်မှ လေ့လာထားသည်။ ထိုသို့လေ့လာရာတွင် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာများဖြင့် လေ့လာတင်ပြထားပါသည်။

၃၊ ၁။ ပညာရပ်ဆိုင်ရာနည်းနာ

ပညာရပ်ဆိုင်ရာနည်းနာနှင့်ပတ်သက်၍ စာပေပညာရှင်တို့၏နည်းနာအမျိုးမျိုးကို တွေ့ရသည်။ သူရိယကန္တိ၏ “ဝတ္ထုရေးလိုသော်”၊ မမိုးမြေ၏ “ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ”၊ ဦးမြင့်ကြည်၏ “စာပေနှင့်ဂီတ” စာအုပ်များတွင် စာရေးသူတို့၏ နောက်ခံဝန်းကျင်နှင့်ပတ်သက် သည့် သဘောတရား၊ နည်းနာများကို လေ့လာခဲ့ရပါသည်။ ပညာရှင်တို့၏ဖွင့်ဆိုချက်များအရ ဒဿလောကနှင့်တူအောင် ရေးသားရသောဝတ္ထုတွင် နောက်ခံဝန်းကျင်အဖွဲ့များသည် လူနှင့် လူပတ်ဝန်းကျင်ဖြစ်ရပ်များနှင့်ဆက်စပ်နေသည်။ ကာလ၊ ဒေသ၊ လူမှုနောက်ခံအဖွဲ့များသည် စာဖတ်သူ၏စိတ်အာရုံတွင် ဇာတ်လမ်းဖြစ်ပေါ်လာသော နေရာ၊ ဒေသ၊ အချိန်ကာလတို့ကို ထင်မြင်လာစေသည်။ စာရေးသူ၏နောက်ခံဝန်းကျင်တင်ပြမှု သရုပ်ပေါ်လွင်သည်နှင့်အမျှ ဝတ္ထုပါ ဖြစ်ရပ်များသည်လည်း အသင့်ယုတ္တိရှိလာကြောင်း သိရသည်။

၃၊ ၂။ သုတေသနနည်းနာ

ဤစာတမ်းကိုလေ့လာရာတွင် ဒေါက်တာအောင်မြင့်ဦး၏ “သုတေသနဟူသည်” စာအုပ်ပါ အထောက်အထားရှာဖွေစုဆောင်းနည်းမှ စာပေသဘောတရား၊ စာပေသီအိုရီဆိုင်ရာ အထောက်အထားများကိုရှာဖွေနည်း၊ အချက်အလက်များကိုခွဲခြမ်းစိတ်ဖြာနည်း၊ တွေ့ဆုံမေးမြန်း နည်းများကို အသုံးပြုထားပါသည်။

၄။ သိန်းသန်းထွန်း၏“ဘယ်ပန်းချီရေးလို့မှမမီ” ဝတ္ထုရှည်မှ နောက်ခံဝန်းကျင် လေ့လာချက်

ဝတ္ထုရှည်သည် လူ့လောကၭီဖြစ်ပျက်နေသော အကြောင်းအရာ၊ လူတို့၏စရိုက်သဘာဝ၊ လူတို့ ကျင်လည်ရာ နောက်ခံဝန်းကျင်ကို ထင်ဟပ်ရေးသားရသော ရသစာပေဖြစ်ပါသည်။ ဝတ္ထုရှည်တွင် ဇာတ်ဆောင်တို့လှုပ်ရှားရာ အချိန်ကာလ၊ နေရာဒေသ၊ လူမှုနောက်ခံဝန်းကျင်တို့သည် မပါမဖြစ် ပါဝင်ကြရသည်။ နောက်ခံအဖွဲ့များသည် စာရေးသူ၏ဦးတည်ချက်ကိုပေါ်လွင်စေရန်၊ ဇာတ်လမ်းကို အချိတ်အဆက်မိစေရန်၊ ပိုမိုခိုင်မာလာစေရန်၊ ဇာတ်ဆောင်တို့၏သဘာဝကိုပီပြင်လာစေရန် ပံ့ပိုး ဖော်ဆောင်ပေးပါသည်။ ထို့ကြောင့် နောက်ခံဝန်းကျင်သည် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်နေ ပါသည်။ သိန်းသန်းထွန်း၏ “ဘယ်ပန်းချီရေးလို့မှမမီ” ဝတ္ထုမှ ကာလနောက်ခံ၊ ဒေသနောက်ခံ၊ လူမှုနောက်ခံဝန်းကျင်တို့ကို လေ့လာတင်ပြမည်ဖြစ်ပါသည်။

၄၊ ၁။ ကာလနောက်ခံဝန်းကျင်

ဝတ္ထုရှည်တွင် ကာလနောက်ခံဝန်းကျင်သည် ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကို ယုတ္တိရှိစေရန် ပံ့ပိုးဖော်ဆောင်နိုင်စွမ်းရှိသည်။ ကာလနောက်ခံဝန်းကျင်သည် ဇာတ်လမ်းနှင့်လိုက်ဖက်ဆီလျော်မှုရှိရန် လိုအပ်သည်။ ကာလနောက်ခံဝန်းကျင်သည် ဒိဋ္ဌဓမ္မလူသားများ ကျင်လည်လှုပ်ရှားရာ အချိန်ကာလ တစ်ခုဖြစ်ရပါမည်။

“ဘယ်ပန်းချီရေးလို့မှမမီ”ဝတ္ထုတွင် ဇာတ်ဆောင်နန်းနုသည် သိမ်ကုန်းရွာတွင်နေထိုင်သည်။ နန်းနုသည် အလွန်ချောမောပြီး သူမ၏အချစ်ကိုရယူရန် ရွာရှိကာလသားများက ကြိုးစားကြသည်။ အသက်အရွယ်ကြီးသူ။ လူကြီးလူလတ်များကလည်း နန်းနု၏အလှကို သတိထားမိကြသည်။ နန်းနု နေထိုင်သော သိမ်ကုန်းရွာသည် ညအခါတွင်လှပပုံကို

ညအခါ၌ကား သိမ်ကုန်းရွာသည် လရောင်ပွင့်ပါက အေးမြငြိမ်သက်သော တင့်တယ်ခြင်းဖြင့် ကျက်သရေရှိသောရွာဖြစ်၏။ ငွေခက်ငွေရွက် တလက်လက်ဖြစ်နေသော တောင်ကြော

သစ်တောကြီး၏ဗဟိုဝယ် ပုလဲပွင့်လှိုင်းနုကလေးများ ပြေးလွှားပျော်ဆင်းနေကြသည့် ချောင်းကိုဦးခိုက်လျက် အိမ်မြင့်၊ အိမ်နိမ့်၊ ခြံကျဉ်း၊ ခြံကျယ် အသွယ်သွယ်တို့ဖြင့် အကွက်အကွက် အဖုအဖုစု၍နေသော လူ့ရိပ်သာငယ်ငယ်လေးဖြစ်၏။ ထိုလူ့ရိပ်သာလေးကား လသာသောညမျိုးတွင် ရွာလှ၊ ရွာစည်၊ ရွာကေရီလေးဟုပင် ဆိုဖွယ်ကောင်းတော့၏။ ဤရွာကေရီလေးတွင် အလှကေရီလေးတစ်ပါးရှိ၏။ အလှကေရီလေး၏အမည်ကား နန်းနုဖြစ်၏။ (သိန်းသန်းထွန်း၊ ၂၀၁၈၊ စာ ၂၄)

ဟူ၍ သိမ်ကုန်းရွာ၏ ညအချိန်လှပပုံနှင့် နန်းနုအလှကို ချိတ်ဆက်ပြီး အစပျိုးနောက်ခံထား ရေးသားထားသည်။ နန်းနုသည် မိဘနှစ်ပါးနှင့်အတူ တောင်နီစျေးသို့ ကုန်ရောင်းသွားသည်။ စျေးမှ အပြန် သိမ်ကုန်းတောင်အနီးတွင် ဓားပြများလက်ချက်ကြောင့် မိဘနှစ်ပါးအသက်ဆုံးရှုံးရပုံကို နန်းနု မြင်တွေ့ခဲ့ရသည်။ နန်းနုမှာထွက်ပြေးပြီး လွတ်မြောက်ခဲ့သော်လည်း ထိုနေ့မြင်ကွင်းကို မေ့မရခဲ့ပေ။ နန်းနု၏ကံကြမ္မာအပြောင်းအလဲတစ်ခုဖြစ်စေသော ထိုမြင်ကွင်းကို

နန်းနုအဖို့ ဤညနေနှင့် ဤညမှာ ဝေဒနာဓာတ်အပြည့်ပေးသောညဖြစ်ခဲ့၏။ ဤအဖြစ်အပျက်အမြင်များမှာ သူဦးနှောက်ဖြင့်ဓာတ်ပုံရိုက်၍ ထားဘိသကဲ့သို့ သူ့ကို အမြဲစွဲလမ်း ပူလောင်နေစေခဲ့၏။ ဤဝေဒနာ ဗျာပါဒီးများဖြင့် သူသည် ဆက်လက်၍ သိမ်ကုန်းရွာဝယ် လူကောင်းပကတိအဖြစ် အသက်ရှင်နေခဲ့သေး၏။ သို့သော် နောက်ရှစ်လခန့်အကြာတွင် သူ့ဘဝ၏ တစ်ဦးတည်းအဖော်ဖြစ်သော သူ့အဒေါ် ကူးစိန်ခမျာ မကျန်းမာသက် ငါးရက်အတွင်း၌ပင် ကွယ်လွန်သွားပြန်သောအခါ သူသည် အရူးမဘဝသို့ ကူးပြောင်းသွားတော့၏။ (သိန်းသန်းထွန်း၊ ၂၀၁၈၊ စာ ၂၈)

ဟူ၍နန်းနုစိတ်ဒဏ်ရာရခဲ့ပုံအဖြစ်အပျက်နောက်ခံမြင်ကွင်းအခြေအနေဖြစ်သည်။ ထိုအဖြစ်အပျက်မှ စ၍ နန်းနု၏ဘဝအပြောင်းအလဲဖြစ်စေသော ကာလကို ဖော်ပြထားသည်။ မိဘများ အသတ်ခံရ သောကြောင့် စိတ်ဖောက်ပြန်ပုံကို ဖော်ပြထားသဖြင့် ဇာတ်လမ်းစိတ်ဝင်စားမှုကို ပံ့ပိုးပေးနိုင်သော နောက်ခံဝန်းကျင်ဖြစ်သည်။

ဝတ္ထုတွင် ဇာတ်ဆောင်ကျောင်းစိတ္တသည် ငယ်စဉ်ကဆင်းရဲသောကြောင့် နန်းနု၏မိခင်၊ ငယ်ချစ်ဟောင်းနန်းနွယ်နှင့်ဝေးခဲ့ရသည်။ ကျောင်းစိတ္တနှင့်ကျောင်းပညာသည် အချစ်ဆုံးသူငယ်ချင်း များဖြစ်ကြသည်။ နန်းနွယ်ကိုပိုင်ဆိုင်ရန် သူငယ်ချင်းနှစ်ဦး ခေါင်းပန်းလှန်ပြီး ဆုံးဖြတ်ခဲ့ကြသည်။ ကျောင်းစိတ္တရှုံး၍ နန်းနွယ်နှင့်ဝေးခဲ့ရသည်။ ချစ်သူနှင့်ဝေးခဲ့ရပုံအကြောင်းတွေး၍ ပြန်လာသော ကျောင်းစိတ္တသည် နှစ်ပေါင်းများစွာကြာခဲ့ပြီးမှ ပြန်ပေါ်လာသောဝေဒနာခံစားရပုံကို

နေဝင်သွားပြီး လဆန်း ၁၄ ရက်၊ လသည် ထွက်ပေါ်လာ၏။ လမင်းသည် သူ့တောလမ်း၌ သစ်ရိပ်များကိုလမ်းပေါ်၌ ခင်းကာ သာလျက်နေပြီဖြစ်၏။ သူ့စိတ်ထဲတွင် နန်းနုမိဘများ၏ မျက်နှာကိုမြင်ယောင်လာ၏။ အထူးသဖြင့် နန်းနု၏အမေ နန်းနွယ်ကို သူမြင်ယောင်မိ၏။ သူသည် ဤသို့ မြင်ယောင်သောအခါ နှစ်ပေါင်းများစွာကြာခဲ့ပြီးမှ ပြန်ပေါ်လာသော ဝေဒနာကို ခံစားရသကဲ့သို့ ခံစားလာရသည်။ သူနှင့်နန်းနွယ်တို့မှာ ငယ်ချစ်များဖြစ်ကြ၏။ ကြည်နူးခဲ့ပုံတွေကို သူပြေး၍ မြင်၏။ ဤလို လသာရက်မျိုးတွင် နှစ်ကိုယ်အတူတွေ့၍ ကြည်နူးမိသည်တို့လည်းရှိ၏။ (သိန်းသန်းထွန်း၊ ၂၀၁၈၊ စာ ၅၉၊ ၆၀)

ဟူ၍ဖော်ပြထားသည်။ လရောင်၏ ကြည်နူးအေးမြဖွယ်ကောင်းသောနောက်ခံကြောင့် ချစ်သူ နှစ်ဦး၏ ရင်ခုန်စိတ်လှုပ်ရှားမှုအချစ်စိတ်များပေါ်ပေါက်ပြီး ပျော်ရွှင်မှုဖြစ်စေသည်။ လသာရက် များတွင်

ငယ်ချစ်နှင့်ပျော်ရွှင်ခဲ့ရပုံ အချိန်ကာလကိုလည်းကောင်း၊ ချစ်သူနှင့်လွဲခဲ့ရပုံ အတိတ် အကြောင်းတို့ကိုလည်းကောင်း ပြန်လည်တမ်းတလွမ်းဆွတ်သတိရစေသော နောက်ခံဝန်းကျင်အဖွဲ့ ဖြစ်သည်။

၄၊ ၂။ ဒေသနောက်ခံဝန်းကျင်

ဝတ္ထုရှည်တွင် ဇာတ်လမ်းဖန်တီးသောအခါ နေရာဒေသနောက်ခံဝန်းကျင်ကိုမူတည်၍ ဇာတ်အိမ်ဖွင့်ပေး နိုင်သည်။ ဒေသနောက်ခံဝန်းကျင်ကိုတင်ပြရာတွင် ပီပြင်မှုရှိအောင် သဘာဝကျကျ တင်ပြရန် လိုသည်။ ဒိဋ္ဌလူ့လောကရှိ လူတို့၏အဖြစ်အပျက်နှင့် စာရေးသူ၏စိတ်ကူးဉာဏ်တို့ ပေါင်းစပ်ရေးသား ထားသောဝတ္ထုတွင် ဒေသနောက်ခံဝန်းကျင်သည် အရေးပါသည်။

ဝတ္ထုတွင် ဇာတ်ဆောင်အယ်ရိုး၊ ကျောင်းစိတ္တနှင့်နန်းနုတို့နေထိုင်ရာ နေရာဒေသနောက်ခံဖြင့် အစပျိုးရေးသားထားသည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွှေညောင်မြို့အနီး သိမ်ကုန်းရွာကို

> **ရှမ်းပြည်မှကျေးရွာကလေးများသည် များသောအားဖြင့် စိမ်းလန်းစိုပြည်၏။ သာယာ အေးမြ၏။ ပျော်စဖွယ်ကောင်း၏။ လှ၏။ တောင်ထိပ်၊ တောင်ခါးပန်း၊ တောင်ခြေ၊ တောင်ကြား စသည်တို့တွင် တည်ထားကြသောကြောင့် စိမ်းလန်းအေးမြသော နေရာလေး များလည်း ဖြစ်၍နေကြ၏။ မလှသော်လည်း သာယာစိုပြည်အေးမြသော ရွာအမျိုးအစားတွင် သိမ်ကုန်းရွာသည် တစ်ရွာအဖြစ်ပါဝင်၏။ သိမ်ကုန်းရွာကား ရွှေညောင်မြို့၏ အနောက်မြောက် မကျတကျတွင်ရှိ၏။ ရွှေညောင်မှ မြောက်ဘက်စူးစူးသို့ ရပ်စောက်ကားလမ်းမကြီးအတိုင်းသွားပါက ကုန်းလယ်ရွာ၊ ဟက်ကယ်ရွာတို့ကိုလွန်ပြီး တောင်နီရွာသို့ရောက်သောအခါ အနောက်ဘက်သို့ချိုးသည့် တောင်ကြားတောင်ကုန်းလမ်း အတိုင်း ဘုရားငါးဆူရွာ၊ ပန်းတောရွာတို့နှင့် တောင်ငယ်တစ်ခု၊ ချောင်းတစ်ခုကို လွန်ပြီးသည်နှင့်တစ်ပြိုင်နက် တွေ့ရသောရွာဖြစ်၏။** (သိန်းသန်းထွန်း၊ ၂၀၁၈၊ စာ ၂၃)

ဟူ၍ ဒေသနောက်ခံဝန်းကျင်ကို အသေးစိတ်ဖော်ပြထားသည်။ ဝတ္ထုတွင် ဇာတ်ဆောင်များ နေထိုင်ရာ သိမ်ကုန်းရွာသည် စိမ်းလန်းစိုပြည်သော ရွာလေးတစ်ရွာဖြစ်ကြောင်း ဖော်ပြထားသည်။

သိမ်ကုန်းရွာသည် အင်းလေးကန်နှင့် မနီးမဝေးအရပ်ဖြစ်သဖြင့် အင်းတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့်လည်းမကင်းရာဖြစ်သည်။ နန်းနုအဖေသည် အင်းသားဖြစ်ပြီး ဂျပန်ခေတ်က ဟဲဟိုး လေယာဉ်ကွင်းတွင် အလုပ်လုပ်ဖူးကြောင်းကို

> **နန်းနုကား အဖေအင်းသား၊ အမေပအို့ဝ်မှမွေးလာသူဖြစ်၏။ သူ့အဖေသည် ဂျပန်ခေတ်က ဟဲဟိုးလေယာဉ်ပျံကွင်းတွင် အလုပ်သမားလုပ်ဖူး၏။ ချွေးတပ်ထဲသို့ပါသွားကာ သေမင်း၏ အာခံတွင်းဖြစ်သော သံဖြူဇရပ်သို့ပင် ရောက်ဖူး၏။ သေတွင်းမှလွတ်ခဲ့သော်လည်း ခေတ် တွေအလွှာလွှာပြောင်းပြီးနောက် ပြည်တွင်းစစ်မီးတောက်ပြင်းသော ကာလကျမှ သေတွင်းသို့ ရုတ်တရက် လိမ့်ကျ ဆုံးပါးခဲ့ရ၏။** (သိန်းသန်းထွန်း၊ ၂၀၁၈၊ စာ ၂၆)

ဟူ၍ ဖော်ပြထားသည်။ နန်းနု၏အဖေ အလုပ်လုပ်ဖူးသောနေရာ “ဟဲဟိုးမြို့”၊ ချွေးတပ်သို့ ခေါ်ဆောင်ခံခဲ့ရသော “သံဖြူဇရပ်မြို့” စသည့် အမှန်တကယ်ရှိသောနေရာဒေသနှင့် ဂျပန်ခေတ် ကာလကို ဖော်ပြထားသည့်အတွက် ဇာတ်လမ်းယုတ္တိရှိမှုကို ပံ့ပိုးပေးနိုင်သော ဒေသနောက်ခံ ဝန်းကျင်ဖြစ်သည်။

နန်းနုသည် ဓားပြများကြောင့် မိဘများသေဆုံးရပုံကို မြင်တွေ့ခဲ့ရသည်။ ထိုမြင်ကွင်းကို

> **နန်းနု၏စိတ်ထဲတွင် ဤသေတွင်းသို့ မမျှော်လင့်ဘဲ လိမ့်ကျခန်းကြီးသည် အမြဲကပ်တွယ် နေကောင်းနေဖွယ်ရှိ၏။ သူ အပျိုဖော်ဝင်စ၊ အလှပန်းဝင်စအချိန်တွင် သူ့မိဘနှစ်ပါးနှင့်အတူ**

ငါးရက်တစ်ဈေးဖြစ်သော တောင်နီဈေးသို့ လှည်းဖြင့် အရောင်းအဝယ်သွားခဲ့ဖူး၏။ ဈေးမှ ညနေအပြန်တွင် သိမ်ကုန်းတောင်တက်ခါနီး၊ တောကြားတွင် သူတို့ သားအမိ သားအဖ သုံးဦးမှာ ဓားပြတိုက်ခြင်းခဲခဲ့ရ၏။ (သိန်းသန်းထွန်း၊ ၂၀၁၈၊ စာ ၂၆)

ဟူ၍လည်းကောင်း

ဟူ၍လည်းကောင်း ဖော်ပြထားသည်။ ယခုလက်ရှိအချိန်အထိ တောင်နီဈေးတွင် သွားရောက် ရောင်းဝယ်ရပုံ ဒေသခလေ့နောက်ခံဖြစ်သည်။ ထို့ပြင် နန်းနုတို့ ဓားပြတိုက်ခံရသည့် နေရာကို **"သိမ်ကုန်းတောင် တက်ခါနီး၊ တောကြားတွင်"** ဟုနေရာဒေသအတိအကျ တင်ပြထားသည့်အတွက် ဓားပြတိုက်သောဖြစ်ရပ်သည် ဇာတ်လမ်းကို သက်ဝင်လှုပ်ရှားမှု ဖြစ်စေသည်။

မိဘများအသတ်ခံရသည်ကို မြင်တွေ့ခဲ့ရသောနန်းနုသည် စိတ်ဝေဒနာခံစားခဲ့ရသည်။ အဒေါ် ဖြစ်သူက စောင့်ရှောက်ထားသော်လည်း အဒေါ်ကထပ်မံဆုံးပါးသွားရာ နန်းနု၏ရောဂါသည် ပိုဆိုး လာခဲ့သည်။ အယ်ရိုး၏ဖခင်ကျောင်းစိတ္တသည် စိတ်ဝေဒနာသည်နန်းနုကို တိတ်တဆိတ်ပေါင်းသင်း နေထိုင်ခဲ့သည်။ ထိုကိစ္စကိုသားဖြစ်သူအယ်ရိုးကသိသော်လည်းဖခင်၏ဂုဏ်သိက္ခာအတွက် ဖွင့်မပြော ခဲ့ပေ။ ရွာသူကြီးကျော့ခင်က နန်းနု၏ကိုယ်ဝန်မှာ အယ်ရိုးနှင့်ရသည့်ကိုယ်ဝန်ဟု စွပ်စွဲသည်။

နန်းနုမီးဖွားသည့်နေ့တွင် အယ်ရိုး၏ဖခင်ကျောင်းစိတ္တသည် သူ့အပြစ်များကိုအများရှေ့တွင် ဝန်ခံမည်ဟုဆုံးဖြတ်ပြီး သားဖြစ်သူအယ်ရိုးကိုလိုက်ရှာသည်။ အယ်ရိုးသည်လည်း ဖခင်အတွက် အနစ်နာခံမည်ဟုဆုံးဖြတ်ပြီး ဘုန်းကြီးကျောင်းရှိဘုရားတွင် သစ္စာဆိုဆုတောင်းနေပုံကို

ဘုရားကြို ဘုရားကြားတွင် လိုက်ရှာသော်လည်း မတွေ့ဘဲရှိ၏၊ ဘုရားတစ်ဆူ ဘေးကျမှ သူ့ခြေလှမ်းများသည် တန့်၍သွား၏။ သူ့ရင်ကို လက်နှင့်ဖိမိ၏။ အယ်ရိုးသည် ဘုရားရှေ့တွင် ထိုင်ကာ သူ့ကိုမမြင်ဘဲ ရှိခိုး၍နေ၏။ အသံကို သဲကွဲစွာကြားနေရ၏။ သည် အသံသည် မီး ဖြစ်ကာ ကျောင်းစိတ္တကို လောင်ကျွမ်းသွား၏။ တပည့်တော်ရဲ့ မွေးဖ အတွက် တပည့်တော် ဘာမဆိုခံပါ့မယ်။ (သိန်းသန်းထွန်း၊ ၂၀၁၈၊ စာ-၁၆၈)

ဟူ၍ ဖော်ပြထားသည်။ ဖခင်အတွက်အရှက်သိက္ခာကို ကာကွယ်ပေးလိုသော သားတစ်ယောက်၏ မှန်ကန်သောသစ္စာ စကားဆိုရာ ဒေသနောက်ခံ နေရာရွေးချယ်မှုတစ်ခုဖြစ်သည်။ မှန်ကန်သော နေရာရွေးချယ်မှုကြောင့် ဇာတ်လမ်းအတွက် အထောက်အကူဖြစ်စေသည်။ ကျောင်းစိတ္တသည် မိမိ၏ လုပ်ရပ်ကြောင့်အပြစ်မရှိဘဲ အနစ်နာခံမည့်သားဖြစ်သူကိုကြည့်၍ နောင်တရ ကြေကွဲဝမ်းနည်းရသည်။ ဖခင်ကိုငဲ့ညာပြီးလူအများသိအောင်ဖွင့်ပြောရန်မဖြစ်နိုင်ဘဲ ရင်ထဲတွင် ကြိတ်၍ ခံစားနေရပြီး ဘုရားကိုသာသစ္စာတိုင်တည်ပြောဆိုသည့် ဇာတ်ဆောင်၏သရုပ်ကို ပေါ်လွင်မှု ရှိစေသည်။ စာဖတ်သူသည် ဇာတ်ဆောင်အပေါ် ပို၍ကရုဏာဖြစ်စေရန်ပံ့ပိုးပေးသည့် နောက်ခံ ဝန်းကျင်အဖွဲ့ ဖြစ်ပါသည်။

၄၊ ၃။ လူမှုနောက်ခံဝန်းကျင်

လူမှုဝန်းကျင်အဖွဲ့တွင်လည်း ဝတ္ထုရေးသူသည် ဇာတ်ဆောင်ကျင်လည်သောနောက်ခံဝန်းကျင်နှင့် ဆီလျော်အောင် ဆက်စပ်တင်ပြရသည်။ စာရေးသူတို့သည် မိမိပတ်ဝန်းကျင်ရှိ လူတို့၏စရိုက်အမူ အရာများကို ဇာတ်ဆောင်များ၌ ထင်ဟပ်ရေးဖွဲ့လေ့ရှိပါသည်။ ဝတ္ထုရှည်တွင် လူမှုနောက်ခံဝန်းကျင် အဖွဲ့များသည် ဇာတ်လမ်းကို အသင့်ယုတ္တိရှိလာစေရန်၊ ဇာတ်ဆောင်တို့၏စရိုက်များပီပြင်မှု၊ သဘာဝ ကျမှုရှိစေရန် အထောက်အပံ့ပေးနိုင်ကြောင်းတွေ့ရပါသည်။ ထို့ကြောင့် လူမှုနောက်ခံဝန်းကျင်သည်

ဝတ္ထုဇာတ်လမ်းတွင်ပါဝင်သော လူတန်းစားအလွှာအသီးသီးမှ ဇာတ်ဆောင်တို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ခလေ့ထုံးစံများ စသည်တို့ကျယ်ပြန့်စွာပါဝင်ပတ်သက်နေသည့် နောက်ခံ ဝန်းကျင်ဟုဆိုနိုင်ပါသည်။

ဝတ္ထုတွင် သူကြီးကျော့ခင်သည် ဖြိတိသျှလက်ထက် စစ်တပ်၌ အမှုထမ်းကာ အပစ်အခတ် အလွန်တော်ကြောင်းကို

> **ကျော့ခင်သည် ပျိုရွယ်စဉ် ဖြိတိသျှ လက်ထက်တွင် စစ်တပ်၌ အမှုထမ်းခဲ့ဖူး၏။ ဓားပစ်၊ သေနတ်ပစ် အလွန်တော်၏။ ဓားကိုလျှင်မြန်စွာဖြင့် လိုရာကို ထိစိုက်အောင်ပစ်နိုင်၏။ သူကြီးဘဝတွင် ဓားကိုအသုံးနည်းပြီး သေနတ်ကိုပို၍သုံး၏။ သူ့သေနတ်ချက်တွင် ဘယ်သားကောင်မျှ လွတ်ဖူးသည်မရှိ။ ကျော့ခင်သည် သတ်ရဖြတ်ရ ပစ်ခတ်ရသော အမဲလိုက် ဝါသနာကြီးသော်လည်း ကလေးသူငယ်များကို ချစ်ခင်တတ်၏။ အဘယ်ကြောင့် ဆိုသော် သူ့ဇနီး ကူးချယ်နှင့် ရကတည်းက သားသမီး မရခဲ့သောကြောင့်ဖြစ်၏။ အချစ်ဆုံးမိန်းကလေးမှာ နန်းနု။ အချစ်ဆုံးယောကျ်ားလေးမှာ အယ်ရိုးဖြစ်၏။ ကျော့ခင်တွင် သံသယဝင်နေခြင်းမှာ နတ်တွေ၊ တစ္ဆေတွေကိုမယုံ။ ဘုရားကိုသာ ကြည်ညိုု ယုံကြည်မှု ပြင်းပြသောကြောင့်ဖြစ်၏။** (သိန်းသန်းထွန်း၊ ၂၀၁၈၊ စာ ၃၅)

ဟူ၍ သူကြီးကျော့ခင်၏အရည်အချင်းကို တင်ပြထားပါသည်။ ထိုခေတ်ကာလက ရွာသူကြီး တာဝန်ထမ်းဆောင်ရာတွင် လက်နက်ကိုင်ဆောင်ခွင့်ရှိပုံ၊ သူကြီးကျော့ခင်သည် ဓားပစ်၊ သေနတ်ပစ် ကျွမ်းကျင်ပုံ၊ သားသမီးမထွန်းကား၍ ရွာထဲရှိ ကလေးများကို သားသမီးလို ချစ်ခင်တတ်ပုံ၊ ဗုဒ္ဓ ဘာသာဝင်ပီပီ ဘုရားကိုသာယုံကြည်မှုပြင်းပြပုံ၊ နတ်တစ္ဆေကိုယုံကြည်မှုမရှိပုံ စသည်တို့ကို ဖော်ပြ ထားသည်။ သားသမီးမထွန်းကားသူများသည် အခြားကလေးများကို ချစ်တတ်သည့် လူမှုနောက်ခံ၊ ကိုးကွယ်ယုံကြည်မှု နောက်ခံတို့ကြောင့် ဇာတ်လမ်းဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေသည်။

အယ်ရိုး၏ဖခင်ကျောင်းစိတ္တသည် ငယ်စဉ်ကဆင်းရဲသောကြောင့် နန်းနု၏မိခင် နန်းနွယ်နှင့် ဝေးခဲ့ရသည်။ ကျောင်းစိတ္တနှင့် ကျောင်းပညာသည် အချစ်ဆုံးသူငယ်ချင်းများဖြစ်ကြသည်။ သူတို့ နှစ်ဦးသည် ညောင်ရွှေ၌ကျင်းပသည့် ဖောင်တော်ဦးဘုရားပွဲမှ လောင်းကစားပွဲတွင် ငွေဒင်္ဂါးများကို သောင်းနှင့်ချီ၍ နိုင်လာခဲ့ပြီး မြင်းကိုယ်စီနှင့်ရွာသို့ ပြန်လာခဲ့ကြပုံကို

> **ကျောင်းစိတ္တသည် သူ့ သူငယ်ချင်း ကျောင်းပညာကို မြင်ယောင်၍လာပြန်၏။ သူတို့ နှစ်ဦးသည်ညောင်ရွှေ၌ကျင်းပသည့် ဖောင်တော်ဦးဘုရားပွဲမှ လောင်းကစားပွဲတွင် ငွေဒင်္ဂါးကို သောင်းနှင့်ချီ၍ နိုင်လာခဲ့ပြီး သူငယ်ချင်းနှစ်ဦးမြင်းကိုယ်စီနှင့် ဤ တောလမ်း အတိုင်းပင် ပြန်လာခဲ့သည်ကို သူ ပြန်၍ သတိရ၏။** (သိန်းသန်းထွန်း၊ ၂၀၁၈၊ စာ ၆၀)

ဟူ၍ဖော်ပြထားသည်။ လမ်းခရီးတွင် ကျောင်းပညာသည် နန်းနွယ်ကိုချစ်၍ ပိုင်ဆိုင်လိုကြောင်း ဆွေးနွေးခဲ့သည်။ နောက်ဆုံးတွင်သူငယ်ချင်းနှစ်ဦး ငွေဒင်္ဂါးဖြင့် ခေါင်း၊ ပန်း လှန်ကာ အဆုံးအဖြတ်ယူခဲ့၏။ နန်းနွယ်ကိုပိုင်ဆိုင်ခွင့်မရသူသည် နိုင်သမျှငွေအားလုံးကို ယူရမည်ဟု သဘောတူကြ၏။ နောက်ဆုံး ကျောင်းပညာအနိုင်ရ၍ နန်းနွယ်ကိုသိမ်းပိုက်နိုင်ခဲ့သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ဘုရားပွဲကျင်းပရာတွင် လောင်းကစားဝိုင်းများရှိပုံနှင့် ငွေဒင်္ဂါးသုံး၍ ခေါင်း၊ ပန်း လှန်သည့်အလေ့သည်လည်း ယခုအချိန်အထိသုံးဆဲဖြစ်သော ဓလေ့နောက်ခံဖြစ်သည်။

ကျောင်းစိတ္တသည်သာသနာအတွက် အထောက်အပံ့ဖြစ်စေရန် အလှူအတန်းများပြုလုပ် ကြောင်းကို

> **သူစီးပွားရေးကောင်းစဉ်ကဆိုလျှင် ကျောင်းဆောက်သိမ်ဆောက်ပြီး အလှူရေစက် လက်နှင့် မကွာနေခဲ့သူဖြစ်၏။ အယ်ရိုးတို့မောင်နှမအရွယ်ရောက်ချိန်တွင် စီးပွားရေးကျဆင်းသွား**

သော်လည်း လှူတုန်းပင်ရှိ၏။ အင်းလေးကန်ထဲမှ ဖောင်တော်ဦးဘုရားပွဲတော်ရက်၊ ပင်းတယဘုရားပွဲတော်ရက် တည်းဟူသော အလှူမြတ်သည့်နေ့ထူးများတွင် သူ အမြဲသွားတတ်၏။ (သိန်းသန်းထွန်း၊ ၂၀၁၈၊ စာ ၃၉၊ ၄၀)

ဟူ၍ ဖော်ပြထားရာ ကျေးလက်ဝန်းကျင်ဒေသများတွင် စီးပွားရေးကောင်းသည်ဖြစ်စေ၊ စီးပွားရေးမကောင်းသည်ဖြစ်စေ အလှူရေစက်လက်နှင့်မကွာလှူတန်းမှုရှိသည်။ ကျောင်းစိတ္တကို ပတ်ဝန်းကျင်က သူတော်ကောင်းဟုထင်မှတ်ထားသည်။

ရှမ်းပြည်နယ်၏အချို့သောကျေးရွာဒလေ့အရ အပျိုစစ်စစ်က လင်ကောင်မပေါ်ဘဲ ကိုယ်ဝန်ရှိလျှင် ငန်းဥ ဥသည်ဟူ၍ ခေါ်ကြောင်းသိရပါသည်။ ထိုအကြောင်းကို

“ငန်းဥ ရှိလို့မိုးခေါင်တာ။ ငန်းဥတွေက တောင်နီမှာ တစ်ဥ၊ ဟက်ကယ်မှာတစ်ဥ၊ ရွှေညောင်မှာ တစ်ဥ ရှိနေတယ်” ဟုပြောကြသောစကားများထဲတွင် “တို့ သိမ်ကုန်းမှာလည်း ငန်းဥ တစ်ခုရှိနေတယ်” ဟူသောစကားသည် ကျောင်းစိတ္တ၏ စိုးရိမ်းသည်း၊ ရှက်သည်းကို တခိုက်ခိုက်တုန်၍သွားစေ၏။ သူတို့ရပ် သူတို့နယ်၏ဓလေ့အယူအရ အပျိုစစ်စစ်က လင်ကောင်မပေါ်ဘဲ ကိုယ်ဝန်ရှိပါလျှင် ငန်းဥ ဥသည်ဟုခေါ်ကြ၏။ ငန်းဥ ရှိလျှင် ရှိသော ဒေသ၌ မိုးခေါင်သည်ဟု အယူရှိကြ၏။ (သိန်းသန်းထွန်း၊ ၂၀၁၈၊ စာ ၁၀၈)

ဟူ၍ဖော်ပြထားရာ ရှမ်းပြည်နယ်မှတိုင်းရင်းသားများ၏ ရပ်ရွာဓလေ့ယုံကြည်မှု အယူအဆများကို ဖော်ပြသော လူမှုနောက်ခံဝန်းကျင်ကြောင့် ဇာတ်လမ်းဇာတ်ဆောင်တို့သည် သဘာဝကျပီပြင် လာပြီး စာဖတ်သူကိုဆွဲဆောင်နိုင်ပါသည်။

သိန်းသန်းထွန်း၏ “ဘယ်ပန်းချီရေးလို့မှမမီ”ဝတ္ထုတွင် ကာလ၊ ဒေသ၊ လူမှုနောက်ခံဝန်းကျင်တို့ကိုဖော်ပြရာ၌ ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ အသက်ဝင်ပီပြင်စေရန်၊ ရည်ရွယ်ချက်ပေါက်မြောက် စေရန် ဆီလျော်လိုက်ဖက်သော ကာလနောက်ခံဝန်းကျင်၊ ဒေသနောက်ခံဝန်းကျင်၊ လူမှုနောက်ခံ ဝန်းကျင်တို့ကို ရေးသားတင်ပြထားသည်။ စာရေးသူ၏ဦးတည်ချက်ကို ထိမိပေါ်လွင်အောင် ပံ့ပိုးဖော်ဆောင်ပေးသည့် နောက်ခံဝန်းကျင်အဖွဲ့များဖြစ်ပါသည်။

၅။ ခြုံငုံသုံးသပ်ချက်

သိန်းသန်းထွန်း၏ “ဘယ်ပန်းချီရေးလို့မှမမီ” ဝတ္ထုတွင် စာရေးသူသည် ဒေသန္တရ ဗဟုသုတတို့ကို ကျွာထောက်နောက်ခံပြုကာ လောကသဘာဝနှင့်မကင်းကွာအောင် ဇာတ်လမ်း၊ ဇာတ်ဆောင်နှင့် ဆီလျော်သော နောက်ခံဝန်းကျင်များကိုဖော်ပြထားသည်။ ဇာတ်ဆောင်တို့၏စရိုက်၊ ဒေသနှင့် ဓလေ့ဘာသာ၊ ရိုးရာယဉ်ကျေးမှုတို့ကို အသားပေးရေးဖွဲ့ထားခြင်းဖြစ်သည်။ ဤဝတ္ထုတွင် မြို့ကြီး၊ ပြကြီးခွဲအခြေမတည်ဘဲ ရှမ်းပြည်နယ်တောင်ပိုင်းရှိ တိုင်းရင်းသားတို့၏ဓလေ့၊ ရိုးရာ ယဉ်ကျေးမှုကို အခြေခံရေးသားထားပါသည်။ ကျေးလက်သဘာဝစီးပွားရေး၊ လူမှုရေး၊ ယုံကြည်ကိုးကွယ်မှု၊ ရွာသူရွာသားတို့၏ဓလေ့စရိုက်များနှင့်ဆီလျော်သော အချိန်ကာလ၊ ဒေသ၊ လူမှုနောက်ခံဝန်းကျင်များဖြင့် ဖော်ပြထားသည်။ အဖေ၏ဂုဏ်သိက္ခာကို သားဖြစ်သူက အနစ်နာခံ ကျေးဇူးဆပ်ပုံကို ဖော်ပြ ထားသည်။ ဤဝတ္ထု၏ထူးခြားချက်မှာ ဆန်ရေမေတ္တာသဘောကို ပေါ်လွင်အောင် လူငယ်တစ်ဦးကို ကိုယ်စားပြုထားသော အယ်ရိုး၏ဖခင်အပေါ်ထားရှိသော မေတ္တာတရားကြီးမားမှုကို ဖော်ကျူးထား သည်။ သားဖြစ်သူ အယ်ရိုးသည် ဖခင်၏ဂုဏ်သိက္ခာအတွက် အသက်ပေးကာကွယ်ခဲ့သည့် ဘဝ စာပန်းချီသည် မည်သည့်ပန်းချီဆရာမှ ရေးခြယ်၍ မှီနိုင်မည်မဟုတ်ကြောင်း ဆက်စပ်၍ အမည်ပေးထားပါသည်။ မိဘနှင့်သားသမီး၏ ချစ်မေတ္တာကိုနောက်ခံထား၍ ရေးသားထားသည်။ စာရေးသူကိုယ်တိုင် ရောက်ဖူးခဲ့သော နေရာ၊ ဒေသရွေးချယ်မှုများကြောင့် စာဖတ်သူကို စိတ်ဝင်စားမှု ဖြစ်စေသည်။ ထို့ကြောင့် ဇာတ်လမ်းယုတ္တိရှိပြီး

ဇာတ်ဆောင်များ၏ စရိုက်သဘာဝပေါ်လွင်စေရန် နောက်ခံဝန်းကျင်သည် အရေးပါကြောင်း လေ့လာတွေ့ရှိရပါသည်။

နိဂုံး

ဤစာတမ်းသည် သိန်းသန်းထွန်း၏ "ဘယ်ပန်းချီရေးလို့မှမမီ" ဝတ္ထုရှည်မှ နောက်ခံဝန်းကျင်များကို လေ့လာထားသောစာတမ်းဖြစ်ပါသည်။ အလေ့လာခံဝတ္ထုတွင်တွေ့ရသော နောက်ခံဝန်းကျင်အဖွဲ့ များသည် စာရေးသူ၏ စေတနာရည်ရွယ်ချက်များကို ရှုပ်လုံးကြွပေါ်လွင်စေသည်။ ဇာတ်လမ်းနှင့် ကိုက်ညီသောကာလ၊ ဒေသ၊ လူမှုနောက်ခံဝန်းကျင်များကို ဖော်ကျူးထား၍ ဇာတ်ဆောင်များ၏ သရုပ်ပီပြင်ထင်ရှားလာသည်။ ဇာတ်ဆောင်ကျင်လည်သောပတ်ဝန်းကျင်နှင့် ဆက်စပ်တင်ပြ ထားသည်။ ထို့ကြောင့် နောက်ခံဝန်းကျင်အဖွဲ့များသည် ဇာတ်လမ်းခိုင်မာမှုရှိစေရန် ထောက်ပံ့ ပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျမ်းကိုးစာရင်း

ခင်အေး၊ ဒေါက်တာနှင့်အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၀) ***သုတေသနအခြေခံ သုတေသနပုံစံ*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

မိုးမြေ၊ မ။ (၂၀၁၅)။ ***ဝတ္ထုရှည်သဘောတရားနှင့် ဝတ္ထုရှည်အတတ်ပညာ*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

မြင့်ကြည်၊ ဦး။ (၂၀၁၁)။ **စာပေနှင့်ဂီတ ဂီတနှင့်စာပေ။** ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

သူရိယကန္တိ။ (၁၉၆၇)။ ***ဝတ္ထုရေးလိုသော်*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ ဂျိုးဖြူပုံနှိပ်တိုက်။

သိန်းသန်းထွန်း။ (၂၀၁၈) ***ဘယ်ပန်းချီရေးလို့မှမမီ*** (တတိယအကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

သိန်းသန်းထွန်း။ (၂၀၂၀)။ ***မိုးတစ္ဆေနှင့် မဂ္ဂဇင်းဝတ္ထုပေါင်းချုပ်။*** ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

အောင်မြင့်ဦး၊ *ဒေါက်တာ*။ (၂၀၂၀)။ ***သုတေသနဟူသည်*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ ဇရာဝဏ်စာပေတိုက်။

ဖတ်ရှုလေ့လာသောစာအုပ်စာရင်း

ခင်မင်၊ မောင် (ဓနုဖြူ)။ (၁၉၈၅)။ ***စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ*** (ဒုတိယအကြိမ်)၊ ရန်ကုန်၊ ချိုတေးသံပုံနှိပ်တိုက်။

စိုးနိုင်၊ ဒေါက်တာ။ (၂၀၁၉)။ ***ဆရာဇော်ဂျီ၏ စကားပြေရေးဟန်*** (တတိယအကြိမ်)။ သာကေတ၊ စက်မှုဇုံ၊ မြန်မာတိုင်း(မ်)ပုံနှိပ်တိုက်။

ဇော်ဂျီ။ (၁၉၆၆)။ ***ရုသစာပေနိဒါန်း*** (ဒုတိယအကြိမ်)။ မန္တလေး၊ သပြေပုံနှိပ်တိုက်။

ဇော်ဂျီ။ (၂၀၁၄)။ ***ရုသစာပေအဖွင့်နှင့်နိဒါန်း*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ အင်ကြင်းဦးပုံနှိပ်တိုက်။

မလိခ။ (၂၀၂၀)။ ***မြန်မာစာပေအဘိဓာန်။*** ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

မျိုးငြိမ်းမင်း၊ မောင်။ (၂၀၁၇)။ ***စာပေဗိမာန်ဆုရ (၁၉၄၈-၆၂) ဝတ္ထုရှည်များမှ နောက်ခံဝန်းကျင် ဖန်တီးမှုအတတ်ပညာ။*** ပါရဂူဘွဲ့၊ မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်။

နန်းတည်မွန်ကျောက်စာ၏နာမ်ပုဒ်ဖွဲ့ပုံလေ့လာချက်

လဲ့လဲ့ဝင်း[၁]

စာတမ်းအကျဉ်း

ဤစာတမ်းသည် ပုဂံခေတ်ရှေးမွန်ကျောက်စာတစ်ချပ်ဖြစ်သော နန်းတည်မွန် ကျောက်စာရှိ နာမ်ပုဒ်ဖွဲ့ပုံကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ဘာသာ စကားလေ့လာမှု၏ နယ်ပယ်တစ်ခုဖြစ်သော သဒ္ဒါဆိုင်ရာနယ်ပယ်ကို ရွေးချယ်၍ သုတေသနပြုထားပါသည်။ လေ့လာရာတွင် ဘာသာဗေဒနည်းကို အသုံးပြု၍ ပုဒ်ကိုဖွင့်ဆိုထားပြီး အခြေခံနာမ်ပုဒ်ဖွဲ့စည်းပုံ၊ တိုးချဲ့နာမ်ပုဒ် ဖွဲ့စည်းပုံတို့ကို ခွဲခြမ်းစိတ်ဖြာလေ့လာထားပါသည်။ အခြေခံနာမ်ပုဒ် ဖွဲ့စည်းရာတွင် ပစ္စည်းပါဝင်ခြင်း မရှိသောပုဒ်နှင့် ပစ္စည်းဆက်ထားသော ပုဒ် ဟူ၍ခွဲခြားပြပြီး နန်းတည်မွန် ကျောက်စာတွင် မည်သည့်ပစ္စည်းများဖြင့် ပါဝင်ဖွဲ့စည်းထားကြောင်း၊ တိုးချဲ့ နာမ်ပုဒ်ဖွဲ့စည်းရာတွင် နာမ်အထူးပြုများဖြင့် တိုးချဲ့ပုံ၊ နာမ်၏ရှေ့နောက်များမှ အထူးပြုပုံ၊ နာမ်အထူးပြုအရေအတွက် မည်မျှထိပါဝင်တိုးချဲ့ထားသည်တို့ကို ဖော်ထုတ်ထားပါသည်။ လေ့လာရာတွင် သရုပ်ဖော် ဘာသာဗေဒပညာရပ်၏ လေ့လာပုံစနစ်နှင့် စည်းကမ်းများကို အသုံးပြု၍ လေ့လာထားပါသည်။ မြန်မာဘာသာစကားနှင့် ရှေးမွန်ဘာသာ စကားတို့၏ တူညီမှုကွဲပြားမှုများကို တွေ့ရှိနိုင်မည် ဖြစ်ပါသည်။

သော့ချက်ဝေါဟာရများ - ပုဒ်၊ ဖွဲ့စည်းပုံ၊ နာမ်၊ အထူးပြု၊ ပစ္စည်း၊ ရှေးမွန်။

၁။ နိဒါန်း

“နန်းတည်မွန်ကျောက်စာ၏ နာမ်ပုဒ်ဖွဲ့ပုံလေ့လာချက်” သုတေသနစာတမ်းသည် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၏ (၂၇) နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် တင်သွင်းသည့်စာတမ်း ဖြစ်ပါသည်။ ပုဂံခေတ် မတိုင်မီကပင် မွန်စာပေများပေါ်ပေါက်လျက်ရှိပြီး ပုဂံခေတ်တွင်ထွန်းကားလာ ခဲ့ပါသည်။ ရှေးမွန် ဘာသာစကား၊ မွန်စာပေများကို ကျောက်စာ၊ မင်စာ၊ အုတ်ခွက်စာ၊ စဉ့်ကွင်းစာ၊ ခေါင်းလောင်းစာ များတွင် နှောင်းလူတို့တွေ့ရှိခဲ့ရပါသည်။ အများဆုံးတွေ့ရှိရသည်မှာ ကျောက်စာများ ပင်ဖြစ်ပါသည်။ ဤစာတမ်းသည် ရှေးမွန်လူမျိုးတို့၏ ဘာသာစကားကို ဘာသာဗေဒရှုထောင့်မှ လေ့လာထားခြင်း ဖြစ်ပါသည်။ ဤစာတမ်းတွင် ဦးချစ်သိန်း၏ “ရှေးဟောင်းမွန်ကျောက်စာပေါင်းချုပ်” ကိုအလေ့လာခံ အဖြစ် အသုံးပြုထားပြီး သက္ကရာဇ်(၄၆၃)ခု၊ အေဒီ (၁၁၀၁)ခုနှစ် ရေးထိုးသော နန်းတည်မွန် ကျောက်စာ(က မှ ဒ)ကို လေ့လာထားပါသည်။ ဘာသာစကားဆိုင်ရာနယ်ပယ်တွင် စကားသံဆိုင်ရာ နယ်ပယ်နှင့် သဒ္ဒါဆိုင်ရာနယ်ပယ်ဟူ၍ရှိပါသည်။ ကမ္ဘာပေါ်ရှိဘာသာစကား အားလုံးတွင် သဒ္ဒါရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ မွန်ဘာသာစကားရှိ သဒ္ဒါနှင့်သက်ဆိုင်သည့် အပိုင်းကို လေ့လာထား ပါသည်။ သဒ္ဒါဆိုင်ရာနယ်ပယ်တွင် စကားလုံးဖွဲ့ပုံ၊ ပုဒ်ဖွဲ့ပုံနှင့် ဝါကျဖွဲ့ပုံဟူ၍ ရှိပါသည်။ ပုဒ်ဖွဲ့ပုံသည် စကားလုံးဖွဲ့ပုံ၊ ဝါကျဖွဲ့ပုံနှစ်ပိုင်းလုံးနှင့် သက်ဆိုင်ပါသည်။ ထို့ကြောင့် နက်နက်ရှိုင်းရှိုင်း လေ့လာရ သော ပုဒ်ဖွဲ့ပုံ၏အစိတ်အပိုင်းတစ်ခုဖြစ်သော နာမ်ပုဒ်ဖွဲ့ပုံကို လေ့လာတင်ပြထားပါသည်။ နန်းတည်မွန်ကျောက်စာမှတစ်ဆင့် ရှေးမွန်ဘာသာစကား၏ စည်းစနစ်ကျမှုကို သိရှိနိုင်မည် ဖြစ်ပါ သည်။

၁.၁။ စာတမ်းပြုစုရခြင်း ရည်ရွယ်ချက်

ပုဂံခေတ်မြန်မာနိုင်ငံတွင် မွန်ဘာသာစကား၊ မြန်မာဘာသာစကား၊ ပျူဘာသာစကား၊ ပါဠိ ဘာသာစကား ဘာသာစကားများပေါ်ပေါက်လာခဲ့ပါသည်။ ယင်းဘာသာစကားများသည် သူ့နည်း စနစ်နှင့်သူ ဖွဲ့စည်းပုံများရှိခဲ့ကြပါသည်။ သို့ဖြစ်၍ ရှေးမွန်ဘာသာစကားသည် မည်သို့သောစနစ် များဖြင့် ဖွဲ့စည်းထားပြီး

[၁] ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

မည်မျှထိစနစ်ကျနေပြီဖြစ်ကြောင်း၊ မြန်မာဘာသာစကားနှင့် တူညီမှုကွဲပြားမှု များမည်သို့ရှိနေကြောင်း ဖော်ပြလိုသော ရည်ရွယ်ချက်ဖြင့် ပြုစုရခြင်းဖြစ်ပါသည်။

၁.၂။ သုတေသနမေးခွန်းနှင့်ပြဿနာ

နန်းတည်မွန်ကျောက်စာကို ဘာသာဗေဒနည်းဖြင့် လေ့လာရာတွင်

(၁) အခြေခံနာမ်ပုဒ် ဖွဲ့စည်းပုံအမျိုးအစား မည်မျှရှိပါသနည်း။

(၂) တိုးချဲ့နာမ်ပုဒ် ဖွဲ့စည်းပုံအမျိုးအစား မည်မျှရှိပါသနည်း။

(၃) နာမ်ပုဒ်ဖွဲ့စည်းရာတွင် ပစ္စည်းအမျိုးအစား မည်မျှပါဝင်ပြီး မည်သည့်နေရာများမှ ထောက်ပံ့ ပါသနည်း။

(၄) ရှေးမွန်ဘာသာစကား၏ နာမ်ပုဒ်ဖွဲ့ပုံသည် မြန်မာဘာသာစကား၏ နာမ်ပုဒ်ဖွဲ့ပုံနှင့် တူညီမှု ကွဲပြားမှုများ ရှိမရှိ။

စသည့် သုတေသနမေးခွန်းနှင့်ပြဿနာများ ပေါ်ထွက်လာပါသည်။

အဆိုပါသုတေသနမေးခွန်းနှင့် ပြဿနာများကို အဖြေရှာနိုင်ရန် ပညာရှင်များ၏ အဆို အမိန့်များကို အကိုးအကားပြု၍ ဆန်းစစ်ဖော်ထုတ်သွားမည် ဖြစ်ပါသည်။

၂။ စာပေလေ့လာဆန်းစစ်ချက်

ဤစာတမ်းသည် နန်းတည်မွန်ကျောက်စာ နာမ်ပုဒ်ဖွဲ့ပုံကို ဘာသာဗေဒနည်းဖြင့် လေ့လာသော စာတမ်းဖြစ်၍ ဘာသာဗေဒဆိုင်ရာ သဒ္ဒါဖွင့်ဆိုချက်များ ပုဒ်ဖွင့်ဆိုချက်များ ပါဝင်သောစာအုပ်စာတမ်း များနှင့် ရှေးမွန်ဆိုင်ရာစာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာဆန်းစစ်ချက်ပြုရပါသည်။

ဤစာတမ်းကို ဘာသာဗေဒရှုထောင့်မှ သုတေသနပြုနိုင်ရန် ဦးထွန်းမြင့် (၁၉၉၅)၏ ဘာသာဗေဒ၊ မြန်မာစာအဖွဲ့ဦးစီးဌာန(၂၀၀၅)၏ မြန်မာသဒ္ဒါ၊ မောင်ခင်မင်(ဓနုဖြူ)(၂၀၂၂)၏ ဘာသာဗေဒနိဒါန်း၊ မောင်ခင်မင်(ဓနုဖြူ) (၂၀၂၄)၏ နှုတ်ပြောမြန်မာသဒ္ဒါစာအုပ်များနှင့် အခြား ဘာသာဗေဒပညာရှင်တို့၏ ဘာသာစကားဆိုင်ရာ သဒ္ဒါကျမ်းများ စာအုပ်များကို လေ့လာဖတ်ရှုရပါ သည်။

လန်ဒန်တက္ကသိုလ် မြန်မာစာပါမောက္ခ ဘာသာဗေဒပညာရှင် ဂျေအေးစတူးဝပ်(၁၉၉၀) ၏ MAMUAL OF CONCQUIAL BURMESE စာအုပ်တွင် နာမ်နှင့်နာမ်ပစ္စည်းများ ဝါကျဖွဲ့ပုံများကို ပုံစံများ နှင့်တကွ သုတေသနပြုလေ့လာတင်ပြထားပါသည်ကို တွေ့ရှိရပါသည်။ အောက်စ်ဖို့စ်တက္ကသိုလ်မှ ဘာသာဗေဒပညာရှင် ဂျွန်အိုကယ် (၁၉၆၉) ၏ A RGERENCE GRAMMAR OF COIIOQUIAL BURMESE စာအုပ်တွင် နာမ်နှင့်နာမ်ပုဒ်များ၊ ပုဒ်နှင့်ဝါကျများ၊ ဝါကျဆက်ပစ္စည်းများ စသည်ဖြင့် မြန်မာသဒ္ဒါ၏ ဖွဲ့စည်းတည်ဆောက်ပုံများကိုပုံစံနှင့်တကွ လေ့လာ တင်ပြထားပါသည်။

ဦးဖေမောင်တင်(၁၉၆၅)၏ မြန်မာသဒ္ဒါနှင့်အသုံးအနှုန်းစာအုပ်တွင် ကြိယာနာမ်၊ နာမ်ပေါင်း ကြိယာ၊ နာမ်ဖြစ်ပုံတို့ကို ဖော်ပြထားပါသည်။

ဒေါက်တာကိုလေး (၂၀၁၈)၏ ဘာသာစကားလေ့လာမှုစာအုပ်တွင် စကားလုံးဖွဲ့ပုံ၊ သဒ္ဒါ၊ ဝါကျဖွဲ့ ပုံ၊ စသည်ဖြင့်ဘာသာစကား လေ့လာမှုနယ်ပယ်များကို သုတေသနပြုဖော်ထုတ်ထားသည်ကို တွေ့ရသည်။ (၂၀၁၈) ဝီလီယံကော်နင် မြန်မာသဒ္ဒါကောက်ကြောင်း ကိုလေးကမြန်မာဘာသာသို့ ပြန်ဆိုသည် စာအုပ်တွင် သဒ္ဒါစူးစမ်းချက်၊ နာမ်ပုံစံများ စသည်တို့ကို လေ့လာထားသည်။

မောင်ခင်မင် (ဓနုဖြူ) (၂၀၂၂)၏ ဘာသာဗေဒနိဒါန်းစာအုပ်တွင် စကားလုံးဖွဲ့ပုံနှင့် ဝါကျဖွဲ့ပုံ များ၊ (၂၀၂၄) နှုတ်ပြောမြန်မာသဒ္ဒါစာအုပ်တွင် သဒ္ဒါ၏ကဏ္ဍများ၊ နာမ်ဖွဲ့စည်းပုံစသည်တို့ကို အသေးစိတ်ရှင်းလင်းတင်ပြထားပါသည်။

မွန်ကျောက်စာများနှင့်သက်ဆိုင်သည့် ဦးမောင်မောင်ကြီး (၁၉၆၈) ၏ရွှေစည်းခုံနှင့် ရွှေတိဂုံနှိုင်းယှဉ်ချက်၊ နိုင်ပန်းလှ(၁၉၆၈)၏ မွန်မြန်မာဝေါဟာရစကားလုံးများ၊ နိုင်ပန်းလှ(၁၉၆၉)၏ မွန်ဘာသာနှင့်ကျောက်စာစာပေ၊ ဦးတိမ်ကြည်(၁၉၇၄)၏ ရာဇကုမာရ်နှင့် ရွှေစည်းခုံမွန်ကျောက်စာရှိ သဒ္ဒါအသုံးအနှုန်းများ လေ့လာချက်၊ ဦးတိမ်ကြည်(၁၉၇၅)၏ ရှေးဟောင်းမွန်ကျောက်စာရှိ စကားဆက်များ၊ ဒေါ်သန်းဆွေ(၁၉၉၂)၏ ရာဇကုမာရ်မွန်ကျောက်စာလေ့လာချက်၊ အောင်မြင့်ဦး (ဒေါက်တာ) (၂၀၁၆) ကျိုက်တလန်းမွန်ကျောက်စာလေ့လာချက်စသည့်စာအုပ်များ၊ စာစောင်များ၊ ဂျာနယ်များတွင် မွန်ကျောက်စာများ၏ ဝေါဟာရများ၊ သဒ္ဒါနှိုင်းယှဉ်ချက်များကို လေ့လာထားပါသည်။

မစိုးစိုးမြင့်(၁၉၉၁)၏ ရွှေစည်းခုံမွန်ကျောက်စာပုဒ်ဖွဲ့ပုံ၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ မောင်မျိုးမင်း (၂၀၀၈) ၏ရှေးမွန်စကားသံဖွဲ့ပုံစနစ်၊ ပါရဂူဘွဲ့ကျမ်း မဥမ္မာခင် (၂၀၁၁)၏ ရှေးမွန်အရေးအသားစနစ် ပါရဂူဘွဲ့ကျမ်း မဖြူဖြူခိုင်(၂၀၀၆) ပုဂံခေတ်မြန်မာစာအရေးအသား၊ ပါရဂူဘွဲ့ကျမ်းတို့ကို ဖတ်ရှု လေ့လာခဲ့ပါသည်။

သို့ဖြစ်၍ ဖတ်ရှုလေ့လာခဲ့သော ဘာသာဗေဒဆိုင်ရာစာအုပ်များ ကျမ်းများသည် ယခုစာတမ်း ပြုစုနိုင်ရေးအတွက် အထောက်အကူဖြစ်စေခဲ့ပါသည်။

၃။ နည်းနာ

နည်းနာများသည် မိမိသုတေသနပြုတင်ပြလိုသော အချက်အလက်များ တိကျမှန်ကန်မှုရှိစေရန် အထောက်အကူပြုပေးနိုင်သောကြောင့် အရေးပါပါသည်။ နည်းနာများတွင် ပညာရပ်နယ်ပယ် ကန့်သတ်သည့် ပညာရပ်ဆိုင်ရာနည်းနာနှင့် အချက်အလက်အထောက်အထားများ ကောက်ယူနိုင် သည့်စနစ်ကို ဖော်ညွှန်းသော သုတေသနနည်းနာဟူ၍ နှစ်မျိုးရှိပါသည်။

၃၊၁။ ပညာရပ်ဆိုင်နည်းနာ

ဤစာတမ်းတွင် ပညာရပ်ဆိုင်ရာနည်းနာအဖြစ် ဘာသာဗေဒကဏ္ဍတွင် ပါဝင်သော သရုပ်ဖော်နည်း ဖြင့် ချဉ်းကပ်လေ့လာထားပါသည်။ သို့ဖြစ်၍ဘာသာစကား၊ ဘာသာဗေဒနှင့်သဒ္ဒါ၏သဘော၊ ပုဒ်တို့၏ သဘောကို ဖော်ပြလိုပါသည်။

မောင်ခင်မင်(ခနုဖြူ)(၂၀၂၂)၏ ဘာသာဗေဒနိဒါန်းစာအုပ်တွင်

> “ဘာသာစကားအကြောင်းကို လေ့လာခြင်းသည် ဘာသာစကား၏ သဘောသဘာဝနှင့်သွင်ပြင် လက္ခဏာများကို လေ့လာခြင်းဖြစ်သည်။ ဘာသာဗေဒသည် ဘာသာစကားကို သိပ္ပံနည်းကျ လေ့လာသော ပညာရပ်ဖြစ်သည်။” (စာ ၃၅-၃၆)

ဟုဖော်ပြထားသည်။

ဘာသာစကားကို သိပ္ပံနည်းကျလေ့လာရာတွင် အဓိကအားဖြင့် ဘာသာဗေဒနည်းနာ လေးရပ် ရှိပါသည်။ ယင်းနည်းနာများနှင့် ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦး(၂၀၁၅)က ဘာသာစကား သုတစာအုပ်တွင်

> “(၁)သရုပ်ဖော်နည်း၊ (၂) သမိုင်းခြေရာကောက်နည်း၊ (၃) နှိုင်းယှဉ်လေ့လာနည်း
>
> (၄) ကွဲပြားမှုများကိုလေ့လာနည်း တို့ဖြစ်ပါသည်။ ဤလေ့လာနည်းလေးရပ်
>
> အပေါ် အခြေခံ၍ဘာသာဗေဒ ပညာရပ်လေးခုခွဲခြားသတ်မှတ်နိုင်ပါသည်။”

ဟူ၍ဖော်ပြထားရာ ဘာသာဗေဒအမျိုးအစား(၄)မျိုး ပေါ်ပေါက်ကြောင်းသိရှိရပါသည်။ ထိုလေးမျိုးမှ သရုပ်ဖော်ဘာသာဗေဒနည်းဖြင့် လေ့လာရာတွင်စကားလုံးဖွဲ့ပုံအဆင့်နှင့် ပုဒ်ဖွဲ့ပုံအဆင့်၊ ဝါကျဖွဲ့ပုံ အဆင့်တို့ကို ပေါင်းစည်း၍ သဒ္ဒါလေ့လာမှုအဆင့်ဟု သတ်မှတ်နိုင်ကြောင်းတွေ့ရသည်။

အဖွဲ့သဒ္ဒါ(ဝါ)အဖွဲ့စနစ်ရွေးချယ်မှုသဒ္ဒါကို MAK Halliday က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ (Systemic Linguistic) ဟုခေါ်တွင်ခဲ့သည်။ အဖွဲ့စနစ်ရွေးချယ်မှု သဒ္ဒါဆိုသည်မှာ စနစ်တစ်ခုအတွင်းရှိ ရွေးချယ်နိုင်မှုကို အခြေခံသည်။ မည်သည့်အတိုင်းအတာအထိ တည်တံ့သည်ကို တွက်ချက်ပြရမည်။ (MAK Halliday,1961,P242) ဟူ၍ဆိုထားပါသည်။

သဒ္ဒါစကားလုံးအမျိုးအစားထဲမှ ပုဒ်နှင့်ပတ်သက်၍ J.R Firth (1957) 'Studies in Linguistic Analysis' စာအုပ်တွင်

> "ပုဒ်သည်အဓိပ္ပာယ်အရ သတ်မှတ်ထားသည့်အမျိုးအစားမဟုတ်၊ သဒ္ဒါ အခြေအနေ (context of situation) ထဲ၌မည်သည့် လုပ်ဆောင်ချက်ကို ထမ်းဆောင်သည်ဆိုသည့် သတ်မှတ်ချက်ဖြစ်သည်။" (စာ ၉၆)

ဤစာတမ်းတွင် ရွေးချယ်ထားသော ဘာသာဗေဒသီအိုရီမှာ M.A.K Halliday 'categories of the Theory of Grammar' ဖြစ်ပါသည်။ ဟာလီဒေးက ဤသဒ္ဒါအဖွဲ့ပုံသဏ္ဌာန်တွင် (၁) ယူနစ်(ဝါကျ၊ စကားလုံးရုပ်ရင်း) (၂) ဖွဲ့စည်းပုံ၊ (၃) အဆင့်အတန်း၊ (၄) စနစ်(နာမ်၊ ကြိယာ၊ ကိန်း) ဟူ၍ဖော်ပြထား သည်။ ဤနည်းဖြင့် ပုဒ်လေ့လာသည့်စနစ်ကို အသုံးပြုရန် ရည်ရွယ်ထားပါသည်။

၃၊၁။ ပုဒ်ဟူသည်

ပုဒ်နှင့်ပတ်သက်၍ ဘာသာဗေဒပညာရှင် ဒေးဗစ်ခရစ္စတယ် David Crystal (2004) 'A Dictionary of Linguistics and Phonectics' စာအုပ်တွင်

> "ပုဒ်ဆိုသည်မှာ သဒ္ဒါနည်းတွင်အသုံးပြုသော ဝေါဟာရတစ်ခုဖြစ်သည်။ ပုဒ်သည်စကားလုံးတစ်လုံးထက်ပို၍ ပါဝင်သောသဒ္ဒါဆိုင်ရာ ခွဲခြားစိတ်ဖြာ လေ့လာနိုင်သည့် ဘာသာဗေဒယူနစ်ဖြစ်သည်။" (စာ ၃၅၂)

ဟုဖွင့်ဆိုထားသည်။

မြန်မာစာအဖွဲ့ (၂၀၁၅)မြန်မာသဒ္ဒါစာအုပ်တွင်

> "သီးခြားစကားလုံးနှင့် အကူစကားလုံးဟူ၍ စကားလုံး(၂)မျိုးရှိသည့် အနက် သီးခြားစကားလုံးတို့ကိုလည်းကောင်း၊ သီးခြားစကားလုံးနှင့် အကူစကားလုံး တွဲစပ်ထားသော စကားလုံးတို့ကိုလည်းကောင်း ပုဒ်ဟူ၍ သတ်မှတ်ထား သည်" (စာ ၃၆၈)

ဟူ၍ဖွင့်ဆိုထားသည်။

ဦးထွန်းမြင့် (၁၉၉၅)၏ ဘာသာဗေဒစာအုပ်တွင်

> "ပုဒ်သည်ဝါကျခွဲထက်ငယ်၍ ဝါကျခွဲထက်တစ်ဆင့်နိမ့်သော အဆင့်အတန်း တွင်ရှိသည့် အခြေခံသဒ္ဒါယူနစ်ဖြစ်သည်။" (စာ ၃၀၈)

ဟူ၍ဖော်ပြထားသည်။

ဤစာတမ်းတွင်ပုဒ်ဟူသည် စကားလုံးတစ်လုံးသို့မဟုတ် တစ်လုံးထက်ပို၍ တွဲစပ်ထားသော စကားလုံးကို ပုဒ်ဟူ၍သတ်မှတ်ပါသည်။

၃၊၂။ သုတေသနနည်းနာ

သုတေသနကိုအမျိုးအစားခွဲခြား သတ်မှတ်ရာတွင် ယေဘုယျအားဖြင့် အခြေခံသုတေသနနှင့် အသုံးချသုတေသန ဟူ၍ခွဲခြားထားပါသည်။ “နန်းတည်မွန်ကျောက်စာ၏ နာမ်ပုဒ်ဖွဲ့ပုံလေ့လာချက်” စာတမ်းသည် အခြေခံသုတေသနဖြစ်ပါသည်။ အခြေခံသုတေသနသည် အတွေးသစ်၊ အမြင်သစ်၊ အသိပညာတစ်ရပ်တိုးပွားစေရန် ပြုလုပ်သော သုတေသနအမျိုးအစားတစ်ခုဖြစ်ပါသည်။ ဤစာတမ်း တွင် ထုတ်ယူဆင်ခြင်နည်း၊ သရုပ်ဖော်ဆန်းစစ်နည်း၊ ရှုင်းပြနည်း၊ အချက်အလက်များ အပေါ် အခြေပြုလေ့လာနည်းတို့ဖြင့် စာတမ်းကိုဆန်းစစ်လေ့လာတင်ပြပါမည်။

၄။ လေ့လာတွေ့ရှိချက်

အခြေခံနာမ်ပုဒ် ဖွဲ့စည်းပုံနှင့် တိုးချဲ့နာမ်ပုဒ် ဖွဲ့စည်းပုံတို့ကိုဖော်ပြပြီး တိုးချဲ့ရာတွင် အထူးပြုပုဒ် မည်မျှထိ ပါဝင်ဖွဲ့စည်းနိုင်ကြောင်း လေ့လာတင်ပြပါမည်။

၄၊၁။ နာမ်ပုဒ်

နာမ်ပုဒ်သည်အဆင့်အတန်းအားဖြင့် ဝါကျခွဲနှင့်စကားလုံးတို့ကြား၌ရှိသော အခြေခံသဒ္ဒါယူနစ် ဖြစ်သည်။ နာမ်ပုဒ်ကိုအမျိုးအစားခွဲလျှင်

(၁) အခြေခံနာမ်ပုဒ်

(၂) တိုးချဲ့နာမ်ပုဒ်

ဟူ၍ခွဲခြားနိုင်ပါသည်။

၄၊၁၊၁။ အခြေခံနာမ်ပုဒ်

အခြေခံနာမ်ပုဒ်သည်ပုဒ်အဆင့်တွင် အသေးငယ်ဆုံးနှင့် အသိပ်သည်းဆုံးပုဒ်မျိုးဖြစ်ပါသည်။ အခြေခံ နာမ်ပုဒ်တွင် ဦးဆောင်နာမ်တစ်ခု မဖြစ်မနေပါဝင်ရပါမည်။ ဦးဆောင်နာမ်ဆိုသည်မှာ နာမ်ပုဒ် အတွင်းရှိ အဓိကကျသော နာမ်ကိုဆိုလိုပါသည်။

အလေလာခံ နန်းတည်မွန်ကျောက်စာတွင် ပါဝင်သောအခြေခံနာမ်ပုဒ် ဖွဲ့စည်းပုံကို အောက်ပါ အတိုင်းတွေ့နိုင်ပါသည်။

၄၊၁၊၁၊၁။ အခြေခံနာမ်ပုဒ်ဖွဲ့စည်းပုံ

ဤဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်တစ်ခုတည်းဖြင့်လည်းကောင်း၊ ဦးဆောင်နာမ်၏ရှေ့တွင် ပစ္စည်း ထည့်၍ ဦးဆောင်နာမ်၏နောက်တွင် ပစ္စည်းမပါဘဲလည်းကောင်း၊ ဦးဆောင်နာမ်၏နောက်တွင် ပစ္စည်းထည့်၍ ဦးဆောင်နာမ်၏ရှေ့တွင် ပစ္စည်းမပါဘဲလည်းကောင်း ဖွဲ့စည်းထားသည့် အခြေခံ နာမ်ပုဒ်များဖြစ်ပါသည်။ ပုံသေနည်းဖြင့်ပြရလျှင်

အခြေခံနာမ်ပုဒ် → ± နာမ်ပစ္စည်း + ဦးဆောင်နာမ် ± နာမ်ပစ္စည်း

ဟူ၍ပြရပါမည်။ ယင်းကိုသင်္ကေတပြုလျှင်

BN → ± np + hn ± np

ဟူ၍ဖြစ်ပါသည်။

(၁) ဦးဆောင်နာမ်တစ်ခုနည်းဖြင့် ဖွဲ့စည်းထားသော အခြေခံနာမ်ပုဒ်

အခြေခံနာမ်ပုဒ် → ဦးဆောင်နာမ်

BN → hn

သာဓက

(၁) နာရ် = နာရ် (ဗိသဿနိုး) (က ၁၀)

လောရ် နာရ် = နာရ်(ကို) ရှိခိုးကြ၏။

(၂) ပ္ဆောင် = ဆီမီး (၌ ၁)

ဒလေင် ပ္ဆောင် = ဆီးမီးထွန်းသည်။

အထက်ပါသာဓကတွင် 'နာ' နှင့် 'ပ္ဆောင်' တို့သည် ဦးဆောင်နာမ်များဖြစ်ကြပါသည်။

(၂) ဦးဆောင်နာမ်၏နောက်တွင် နာမ်ပစ္စည်းတစ်ခုပါသောအခြေခံနာမ်ပုဒ်များ

အခြေခံနာမ်ပုဒ် → ဦးဆောင်နာမ်ပုဒ် + နာမ်ပစ္စည်း

BN → hn + np

သာဓက

(၁) ခေးတ္အေး → ခေး + တ္အေး (၌ ၂)

သူတို့ → သူ + တို့

(၂) အတသ်တ → အတယ် + တ (ည ၁၄)

တိုင်တို့ → တိုင် + တို့

(၃) ဦးဆောင်နာမ်၏ရှေ့တွင် နာမ်ပစ္စည်းတစ်ခုပါဝင်သော အခြေခံနာမ်ပုဒ်

အခြေခံနာမ်ပုဒ် → နာမ်ပစ္စည်း + ဦးဆောင်နာမ်

BN → np + hn

သာဓက

(၁)ပ္ဆေယ် ကုမှေင် → ပ္ဆေယ် + ကုမှေင် (ဆ ၁၆)

တံတိုင်းၟ၌ → ၟ၌ + တံတိုင်း

(၂) ကောမ် ကု တိလ်ယ် → ကောမ်ကု + တိလ်ယ် (ဆ ၂၂)

အရှင်နှင့်တကွ → နှင့်တကွ + အရှင်

(၄) ဦးဆောင်နာမ်၏နောက်တွင် နာမ်ပစ္စည်းနှစ်ခုပါသော အခြေခံနာမ်ပုဒ်

အခြေခံနာမ်ပုဒ် → ဦးဆောင်နာမ် + နာမ်ပစ္စည်း + နာမ်ပစ္စည်း

BN → hn + np + np

သာဓက

(၁)ခေးတ္အေးကုံ → ခေး + တ္အေး + ကုံ (ခု ၄၅)

သူတို့လည်း → သူ + တို့ + လည်း

(၂) ခေးတွေး ကုံကုံ → ခေး +တွေး + ကုံကုံ (c ၄၅)

သူတို့ပင် → သူ + တို့ + ပင်

(၅) ဦးဆောင်နာမ်၏ ရှေ့နှင့်နောက်တို့တွင် နာမ်ပစ္စည်းပါသော အခြေခံနာမ်ပုဒ်

အခြေခံနာမ်ပုဒ် → နာမ်ပစ္စည်း + ဦးဆောင်နာမ် + နာမ်ပစ္စည်း

BN → np + hn + np

သာဓက

ဟန် ပေင် ကျွဲ တ → ဟန် + ပေင်ကျွဲ + တ

အိုးအဝတို့၌ → ၌ + အိုးအဝ + တို့ (၌ ၂၄)

အထက်ဖော်ပြပါ အခြေခံနာမ်ပုဒ်ဖွဲ့စည်းပုံ (၅)မျိုးတို့သည် ဦးဆောင်နာမ်တစ်ခုတည်းဖြင့် ဖွဲ့စည်းထားသောနာမ်ပုဒ်နှင့် "တွေး ၊ တ၊ ပ္မေယ်၊ ကောမ်က၊ ကုံကုံ၊ ကုံ၊ ဟန်" ပစ္စည်းတို့ဆက်၍ ဖွဲ့စည်းထားသော နာမ်ပုဒ်များဖြစ်သည်။ ပစ္စည်းတို့သည် အခြေခံနာမ်ပုဒ်၏ ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း၊ ရှေ့နောက်နှစ်နေရာလုံးမှလည်းကောင်း ထောက်ပံ့သည်ကို တွေ့ရပါသည်။

နန်းတည်မွန်ကျောက်စာရှိ အခြေခံနာမ်ပုဒ်ဖွဲ့စည်းပုံကို ပုံသေနည်းထုတ်လျှင်

BN → hn

→ hn + np

→ np + hn

→ hn + np +np

→ np + hn + np

ဟူ၍ ရရှိမည်ဖြစ်ပါသည်။

၄၊၁၊၂။ တိုးချဲ့နာမ်ပုဒ်

တိုးချဲ့နာမ်ပုဒ်သည် အခြေခံနာမ်ပုဒ်ကို အခြေခံပြီး သက်ဆိုင်ရာ အဆစ်အပိုင်း၊ အစိတ်အပိုင်းများ ဖြည့်စွက်ကာ တိုးချဲ့ထားသော နာမ်ပုဒ်မျိုးဖြစ်ပါသည်။ တိုးချဲ့ရာတွင် နာမ်အထူးပြုတစ်ခုနှင့်ဖြစ်စေ၊ တစ်ခုထက်ပိုသော နာမ်အထူးပြုများနှင့်ဖြစ်စေ တိုးချဲ့နိုင်ပါသည်။ နာမ်အထူးပြုများသည် ဦးဆောင်နာမ်၏ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း၊ ရှေ့နောက်နှစ်နေရာလုံး၌လည်းကောင်း ပါဝင်နိုင်ပါသည်။ တိုးချဲ့နာမ်ပုဒ်၏ နောက်တွင် နာမ်ပစ္စည်းပါသည်လည်းရှိပြီး မပါသည်လည်းဖြစ်နိုင်သည်။ နာမ်ပစ္စည်းသည် တစ်ခု(သို့) အတွဲ ဖြစ်နိုင်ပါသည်။

တိုးချဲ့နာမ်ပုဒ် ဖွဲ့စည်းပုံကို ပုံသေနည်းဖြင့်ပြရလျှင်

တိုးချဲ့နာမ်ပုဒ် → ± နာမ်အထူးပြု + ဦးဆောင်နာမ် ± နာမ်အထူးပြု +နာမ်ပစ္စည်း

EN → ± adj + hn ± adj + np

ဟူ၍ဖြစ်ပါသည်။

၄၊၁၊၂၊၁။ တိုးချဲ့နာမ်ပုဒ်ဖွဲ့စည်းပုံများ

နန်းတည်မွန်ကျောက်စာတွင် အောက်ပါတိုးချဲ့နာမ်ပုဒ်ဖွဲ့စည်းပုံများကို တွေ့ရသည်။

(၁) ဦးဆောင်နာမ်၏ရှေ့တွင် နာမ်ပုဒ်တစ်ခုဖြင့်ဖွဲ့စည်းသောတိုးချဲ့နာမ်ပုဒ်

တိုးချဲ့နာမ်ပုဒ် → နာမ်အထူးပြု + ဦးဆောင်နာမ်

En → adj + hn

သာဓက

(၁)ကွိုပ် စိင် → ကွိုပ် + စိင် (တ ၉)

ဆင်ဦးခေါင်း → ဦးခေါင်း + ဆင်

(၂)ရုပ်ဇာဒိသိင် → ရုပ် + ဇာဒိသိင် (တ ၇)

ခြသေ့်ရုပ် → အရုပ် + ခြသေ့်

အထက်ပါနာမ်အထူးပြုဖွဲ့စည်းပုံသည် နာမ်ပုဒ်အချင်းချင်း အထူးပြု၍ဖွဲ့စည်းထားသော ဖွဲ့စည်းပုံဖြစ်ပါသည်။ “ကွိုပ်၊ ရုပ်” တို့သည်နာမ်ပုဒ်မှ အဆင့်လျော့၍ နာမ်အထူးပြုအဖြစ်များဖြစ်နေကြပါသည်။

(၂)ဦးဆောင်နာမ်၏နောက်တွင် နာမ်ပုဒ်တစ်ခုဖြင့်ဖွဲ့စည်းသော တိုးချဲ့နာမ်

တိုးချဲ့နာမ် → ဦးဆောင်နာမ်+ နာမ်အထူးပြု

EN → hn + adj

သာဓက

(၁)ဇိညူင် မုက် → ဇိညူင် + မုက် (က ၂၅)

မုခ်တိုင် → တိုင် + မုခ်

(၂)ပ္ကါဝ် ထရ် → ပ္ကါဝ် + ထရ် (က ၆-၇)

ရွေပန်း → ပန်း + ရွေ

အထက်ပါဖွဲ့စည်းပုံသည်လည်း “မုက်၊ ထရ်” နာမ်ပုဒ်များသည် အဆင့်လျော့၍ ရှေ့မှ ဦးဆောင်နာမ်ကိုအထူးပြုထားပါသည်။

(၃) ဦးဆောင်နာမ်၏နောက်တွင် နာမ်အထူးပြုတစ်ခုပါသော တိုးချဲ့နာမ်ပုဒ်

တိုးချဲ့နာမ်ပုဒ် → ဦးဆောင်နာမ်+ နာမ်အထူးပြု

EN → hn + adj

သာဓက

(၁)တိလ် လောမ်ပုန် → တိလ် + လောမ် ပုန် (တ ၉)

ဘုန်းကြွယ်ဝသောအရှင် → အရှင် + ဘုန်းကြွယ်သော

(၂)ခလ် မ စြောက် ကု ပ္ဆောင် → ခလ် + မ စြောက် ကု ပ္ဆောင်

ဖယောင်းတိုင်စိုက်သောခွက် → ခွက် + ဖယောင်းတိုင်စိုက်သော (ဏ ၅)

အထက်ပါသာဓကများသည် ရှေ့မှနာမ်ပုဒ် “တိလ်၊ ခလ်” တို့ကိုနာမ်အထူးပြုများက နောက်မှနေ၍ အထူးပြုထားခြင်းဖြစ်ပါသည်။

(၄) ဦးဆောင်နာမ်၏နောက်တွင် နာမ်အထူးပြုနှစ်ခုပါသော တိုးချဲ့နာမ်ပုဒ်

တိုးချဲ့နာမ်ပုဒ် → ဦးဆောင်နာမ် + နာမ်အထူးပြု + နာမ်အထူးပြု

EN → hn + adj + adj

သာဓက

(၁) သိဃ်သိန်မတ္မျယ် နထရ် ယိမာသ် မ ညိန် လက်နရတ်	→ သိဃ်သိန်	+ မတ္မျယ် နထရ် ယိမာသ်	+ မညိန်လက် နရတ် (တ ၃)
တောက်ပသည့်ရွှေဖြင့်ပြီးသော ရတနာစီခြယ်သော ရာဇပလ္လင်	→ ရာဇပလ္လင်	+ တောက်ပသည့် ရွှေဖြင့်ပြီးသော	+ ရတနာဖြင့် စီခြယ်သော

(၂) မှာကန်ထရ် ဝါရ်ဂေါး → မှာကန်ထရ် + ဓါရ် + ဂေါး (တ ၁၄)

ထိုရွှေမကန်းနှစ်ကောင် → ရွှေမကန်း + နှစ် + ထို

အထက်ပါသာဓကများသည် ဦးဆောင်နာမ်ကို နာမ်အထူးပြုပုဒ်နှစ်ခုဖြင့် အထူးပြုထားပါ သည်။ သာဓက (၁) သည် “မ”(သော) အထူးပြုဖြစ်ကြောင်းပြ ပစ္စည်းပါသော နာမ်အထူးပြုများ ဖြစ်ပါ သည်။ သာဓက(၂)သည် ‘ဓါရ်’ အရေအတွက်ပြ သရ်ျာအထူးပြုနှင့် ‘ဂေါး’ အညွှန်းပြနာမ်အထူးပြု တို့ဖြင့် ဖွဲ့စည်းထားပါသည်။

(၅) ဦးဆောင်နာမ်၏နောက်တွင် နာမ်အထူးပြု(၃)ခုပါသော တိုးချဲ့နာမ်ပုဒ်

တိုးချဲ့နာမ်ပုဒ် → ဦးဆောင်နာမ် + နာမ်အထူးပြု + နာမ်အထူးပြု + နာမ်အထူးပြု

EN → hn + adj + adj + adj

သာဓက

(၁)မေည် ဂ္လံ စာရ် စွယ် တုရောဝ် မစိင် ဂိန ဂ္လသ် သ္လျယ် ဂ္လသ် တိ ဂ္လိက် ကုဆောမ် ဗုံ တောင်	→မေည်	+ ဂ္လံ စာရ် စွယ် တုရောဝ်	+ မစိင်ဂိန် ဂ္လသ် သ္လျယ် ဂ္လသ် တိ	+ ဂ္လိက် ကုဆောမ် ဗုံတောင်
ကြေးအိုး (မြေ) အိုးထမ်းသော ပုဆိုးဖြူဝတ်သော တစ်ရာနှစ်ဆယ့်ခြောက်ယောက်သောမွန်	→ မွန်	+ တစ်ရာ နှစ်ဆယ့် ခြောက်သော	+ ကြေးအိုး မြေအိုး ထမ်းသော	+ ပုဆိုး ဖြူဝတ် သော

(က ၃၄)

အထက်ပါသာဓကရှိ နာမ်အထူးပြုများတွင် ‘ဂ္လံစာရ် စွယ်တုရောဝ်’ ဟူသောအရေအတွက်ပြ သရ်ျာအထူးပြုပုဒ်ပါဝင်သည်ကို တွေ့ရပြီး ၎င်းအထူးပြုပုဒ်သည် ဦးဆောင်နာမ်နှင့်ကပ်လျက်ရှိသည် ကို တွေ့ရသည်။

(၆) ဦးဆောင်နာမ်၏နောက်တွင် နာမ်အထူးပြု(၅)ခုပါသော တိုးချဲ့နာမ်ပုဒ်

တိုးချဲ့နာမ်ပုဒ် → ဦးဆောင်နာမ် + နာမ်အထူးပြု (၁...၅)

EN → hn + adj (1…5)

သာဓက

ကိန္ဒိ ဒိမေင် ကျောက် မောယ် မနောမ် ကုအာသ် မညိန်ကိန္ဒိတိမ် မညိန် ရုညီ ကုပရ် ကုလ္လိက် ဗုံ တောင် မပ္ဒရ် ကု တ္ဒောင် ဗုံတောင်

→ကိန္ဒိဒိမေင် ကျောက် +မောယ် +မနောမ် ကုအာသ် + မညိန် ကိန္ဒိ တိမ် + မညိန် ရုညီ ကုပရ် ကုလ္လိက် ဗုံ တောင် + မပ္ဒရ် ကု တ္ဒောင် ဗုံတောင

ထိုင်ခင်းရှိသော၊ ကောင်းမွန်စွာ ပြုလုပ်အပ်သော၊ အဝတ်ဖြူဖြင့် မိုးကာအပ်သော ဘုရားတည်ရာ တစ်ခု

→ဘုရား တည်ရာ +တစ်ခု +ထိုင်ခင်း ရှိသော + ကောင်း မွန်စွာ ပြုအပ်သော + အဝတ် ဖြူဖြင့် ဆင်ယင် အပ်သော + ထီးဖြူ ဖြင့် မိုးကာ အပ်သော

အထက်ပါသာဓကသည် နာမ်အထူးပြု(၅)ခုဖြင့် ဖွဲ့စည်းထားသော တိုးချဲ့နာမ်ပုဒ်ဖြစ်ပါသည်။ နာမ်အထူးပြု(၄) ခုသည် ‘မ’ ပစ္စည်းဆက်သော နာမ်အထူးပြုများဖြစ်ပြီး ‘မောယ်’ သည် အရည် အတွက်ပြ နာမ်အထူးပြုဖြစ်ကြောင်း တွေ့ရပါသည်။

(၇) ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြုတစ်ခုပါသောတိုးချဲ့နာမ်ပုဒ်

တိုးချဲ့နာမ်ပုဒ် → နာမ်အထူးပြု + ဦးဆောင်နာမ်

EN → adj + hn

သာဓက

(၁) ဇောပ်အုတ်တံ → ဇောပ်အုတ် + တံ (တ ၃)

အောက်ခြေအားလုံး → အားလုံး + အောက်ခြေ

(၂) ယင် စိင် → ယင် + စိင် (ဆ ၂၀)

အကြင်ဆင် → အကြင် + ဆင်

အထက်ပါသာဓကတွင် ‘ဇောပ် အုတ်’ သည်ပမာဏကို ဖော်ပြသော နာမ်အထူးပြုဖြစ်ပြီး ရှေးမွန်ဘာသာတွင် နာမ်၏ရှေ့မှအစဉ်အမြဲ ထောက်ပံ့ပါသည်။ ‘ယင်’ သည်အညွှန်းနာမ်အထူးပြု ဖြစ်ပြီး နာမ်၏ရှေ့နေရာမှပင် အမြဲအထူးပြုပါသည်။

(၈) ဦးဆောင်နာမ်၏ ရှေ့တွင်နာမ်အထူးပြုတစ်ခုနှင့် နောက်တွင်နာမ်အထူးပြုတစ်ခု ပါဝင်သော တိုးချဲ့နာမ်ပုဒ်

တိုးချဲ့နာမ်ပုဒ် → နာမ်အထူးပြု + ဦးဆောင်နာမ် + နာမ်အထူးပြု

EN → adj + hn + adj

သာဓက

အုတ်မဟာဇန်ဂုံလောင် → အုတ် + မဟာဇန် + ဂုံလောင် (ဇ ၃၁)

လူအပေါင်း → အားလုံး + လူ + များသော

အထက်ပါသာဓကတွင် 'အုတ်နှင့်ဂုံလောင်' တို့သည်ရှေးမွန်တွင် ပမာဏပြနာမ်အထူးပြုများဖြစ်ကြပြီး 'ဂုံလောင်' သည်သက်ဆိုင်ရာနာမ်၏ နောက်နေရာတွင်သာ အမြဲရှိသည်ကို တွေ့ရသည်။

(၉) ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြုတစ်ခုနှင့် နောက်တွင်နာမ်အထူးပြုနှစ်ခုပါဝင်သော တိုးချဲ့နာမ်ပုဒ်

တိုးချဲ့နာမ်ပုဒ်	→ နာမ်အထူးပြု	+ ဦးဆောင်နာမ်	+ နာမ်အထူးပြု	+ နာမ်အထူးပြု
EN	→ adj	+ hn	+ adj	+adj

သာဓက

ဂေါး ပ္လါဝ် ဒိကသ် ဇ္ဈောက် မောယ်	→ ဂေါး	+ ပ္လါဝ် ဒိကသ်	+ ဇ္ဈောက်	+ မောယ်
ထိုကြာပဒုံမာ ကြီးတစ် (ပွင့်)	→ ထို	+ ကြာပဒုံမာ	+ ကြီး	+ တစ် (တ ၁၄)

အထက်ပါသာဓကတွင် 'ဂေါး၊ ဇ္ဈောက်၊ မောယ်' တို့သည် နာမ်အထူးပြုများဖြစ်ကြပါသည်။ ရှေးမွန်ဘာသာတွင် နာမ်အထူးပြုအဖြစ် အဆင့်လျော၍ အထူးပြုထားခြင်းဖြစ်ပါသည်။

နန်းတည်မွန်ကျောက်စာရှိ တိုးချဲ့နာမ်ပုဒ်ဖွဲ့စည်းပုံများကို ပုံသေနည်းထုတ်လျှင်

En	→ adj (n)	+ hn				
EN	→ hn	+ adj				
EN	→ hn	+ adj	+ adj			
EN	→ hn	+ adj	+ adj			
EN	→ hn	+ adj	+ adj	+ adj	+ adj	+adj
EN	→ adj	+ hn				
EN	→ adj	+ hn	+ adj			
EN	→ adj	+ hn	+ adj	+ adj		

ဟူ၍ဖြစ်ပါသည်။ နန်းတည်မွန်ကျောက်စာတွင် တိုးချဲ့နာမ်ပုဒ်(၈)ခု တွေ့ရပါသည်။

၅။ သုံးသပ်ချက်

ရှေးမွန်ဘာသာတွင် အခြေခံနာမ်ပုဒ်နှင့် တိုးချဲ့နာမ်ပုဒ် နှစ်မျိုးတွေ့ရှိပြီး မြန်မာဘာသာတွင်လည်း ထိုနှစ်မျိုးလုံးရှိပါသည်။ ရှေးမွန်အခြေခံနာမ်ပုဒ် ဖွဲ့စည်းရာတွင် နာမ်ပစ္စည်းသည် ဦးဆောင်နာမ်၏ ရှေ့နှင့်နောက် နှစ်နေရာလုံး၌ရှိပါသည်။ မြန်မာဘာသာတွင် နာမ်ပစ္စည်းသည် သက်ဆိုင်ရာနာမ်ပုဒ်၏ နောက်၌သာရှိသည်ကို တွေ့ရပါသည်။ ရှေးမွန်ဘာသာတွင် မြန်မာဘာသာ 'ကို' အဓိပ္ပာယ်ရသည့် 'ပစ္စည်း' စကားလုံးမတွေ့ရှိရပါ။ မြန်မာဘာသာတွင် ပုဂံခေတ်ကတည်းကပင်တွေ့ရှိရပါသည်။ နန်းတည်မွန်ကျောက်စာတွင် တွေ့ရှိရသော နာမ်ပစ္စည်းများမှာ ပ္ဍေယ် (၌)၊ ဟန်(သို့)၊ ကု(အား)၊ တ(တို့)၊ တ္ဆေး (တို့)၊ တောအ် (တို့)၊ ကုံ(လည်း)၊ ကုံကုံ(ပင်) (၇)မျိုးတွေ့ရှိရပါသည်။ 'တို့' အရေးအသား ၃ မျိုးတွေ့ရပါသည်။ ရှေးမွန်တိုးချဲ့နာမ်ပုဒ် ဖွဲ့စည်းရာတွင် နာမ်ပုဒ်သည်အဆင့်လျော၍ နာမ်အထူးပြု အဖြစ်တွေ့ရှိရသည်။

မြန်မာဘာသာတွင်လည်း နာမ်အချင်းချင်း အထူးပြုသည်ကို တွေ့ရပါသည်။ ကြိယာပုဒ်သည် နာမ်အထူးပြုပုဒ်အဖြစ် အဆင့်လျော၍ အထူးပြုသည်ကိုလည်း တွေ့ရပါသည်။ မြန်မာဘာသာတွင်လည်း ဤကဲ့သို့ပင် အဆင့်လျော၍ အထူးပြုပါသည်။ ရှေးမွန်နာမ်ပုဒ်တိုးချဲ့ ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံ အမျိုးအစား (၃) မျိုးတွေ့ရှိရပါသည်။ နာမ်ပုဒ်၏ရှေ့မှ အထူးပြုခြင်း၊ နာမ်ပုဒ်၏ နောက်မှအထူးပြုခြင်း၊ နာမ်ပုဒ်၏ရှေ့နှင့်နောက် နှစ်နေရာလုံးမှ အထူးပြုခြင်းတို့ တွေ့ရှိရပါသည်။ တိုးချဲ့ဖွဲ့စည်းရာတွင် အထူးပြုပုဒ်(၅) ခုအထိ အထူးပြု ထားသည်ကိုတွေ့ရပါသည်။ နာမ်အထူးပြုပုဒ် များတွင် “ဂေါး(ထို)၊ ယင်(အကြင်)၊ အုတ်(အားလုံး)၊ ဂုံလောင်(များသော)” ဟူသည့် အညွှန်း၊ ပမာဏပြ နာမ်အထူးပြုပုဒ် များတွေ့ရပြီး ‘မ’(သော) စကားလုံးသည် ရှေးမွန်ဘာသာ၏ နာမ်အထူးပြု ဖြစ်ကြောင်းပြ ပစ္စည်းအဖြစ် အသုံးပြုသည်ကို တွေ့ရပါသည်။ ‘မ’ ဆက်သောနာမ် အထူးပြုများသည် သက်ဆိုင်ရာနာမ်၏ နောက်တွင် အစဉ်အမြဲရှိသည်ကို တွေ့ရသည်။ မြန်မာ ဘာသာတွင် ‘သော’ ဆက်သော နာမ်အထူးပြုသည် နာမ်၏ ရှေ့၌သာရှိသည်ကို ကွဲပြားစွာ လေ့လာ တွေ့ရှိရပါသည်။

ဤသို့ဖြင့် နန်းတည်မွန်ကျောက်စာသည် ရှေးမွန်ကျောက်စာတစ်ချပ်ဖြစ်သော်လည်း ပုဒ် ဖွဲ့စည်းရာတွင် စနစ်ကျနေပြီး ရှေးမွန်တို့၏ ဘာသာစကားသည် အဆင့်အတန်းမြင့်မားနေပြီ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

နိဂုံး

ရှေးမွန်စာပေသည် ပုဂံခေတ်မတိုင်မီကပင် ပေါ်ပေါက်ခဲ့သော်လည်း စနစ်ကျနေသော ဘာသာစကား တစ်ခုဖြစ်ပါသည်။ ခေတ်မွန်လူမျိုးတို့အတွက် တန်ဖိုးထားအပ်သော ရှေးမွန်ဘာသာစကားများ ဖြစ်ပါသည်။ မွန်ကျောက်စာလေ့လာသူ ကျောင်းသားကျောင်းသူများသာမက မွန်လူမျိုးများအတွက် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိပါသည်။

ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်စေရန် ပညာအမွေပေးခဲ့ပါသော ကျေးဇူးရှင်မိဘနှစ်ပါး၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနှင့်တကွ (၂၇)နှစ်မြောက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကျောင်းမွေးနေ့ ကျင်းပရေး ကော်မတီ အဖွဲ့ဝင်လူကြီးများ၊ ခေတ္တပါမောက္ခချုပ်ဆရာကြီးနှင့် ဒုတိယပါမောက္ခချုပ် ဆရာမကြီး များ၊ မြန်မာစာဌာနမှ ပါမောက္ခ(ဌာနမှူး)ဆရာမကြီး ဒေါက်တာခင်စန်းဝင့်၊ ပါမောက္ခ ဆရာမကြီး ဒေါက်တာထက်ထက်အောင်၊ ပါမောက္ခဆရာမကြီး ဒေါက်တာနန်းဝေစံနှင့် မြန်မာစာ ဌာနမှ ဆရာ၊ ဆရာမများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင် ရှိပါသည်။

ကျမ်းကိုးစာရင်း

မြန်မာဘာသာ

ကိုလေး၊ ဒေါက်တာ(၂၀၁၈)။ ***မြန်မာသဒ္ဒါကောက်ကြောင်း။*** ရန်ကုန်၊ ဧရာဝဏ်စာပေတိုက်။

ကိုလေး၊ မောင်(၂၀၁၈)။ ***ဘာသာစကားလေ့လာမှု။*** ရန်ကုန်၊ ဧရာဝဏ်စာပေတိုက်။

ခင်မင်၊ မောင်(ခနုဖြူ)။ (၂၀၂၂)။ ***ဘာသာဗေဒနိဒါန်း။*** ရန်ကုန်၊ the key Collection Press.

ခင်မင်၊ မောင်(ခနုဖြူ)။ (၂၀၂၄)။ ***နူတ်ပြောမြန်မာသဒ္ဒါ။*** ရန်ကုန်၊ မြန်မာစာအဖွဲ့။

ချစ်သိန်း၌။ (၁၉၆၅)။ ***ရှေးဟောင်းမွန်ကျောက်စာပေါင်းချုပ်။*** ရန်ကုန်၊ ရှေးဟောင်းသုတေသနဌာနခွဲ။

ထွန်းမြင့်၊ ဦး။ (၁၉၉၅)။ ***ဘာသာဗေဒ။*** ရန်ကုန်၊ ဂျီအီးစီ(ပညာရေး) သမဝါယမလီမိတက်၊ ရန်ကုန်တက္ကသိုလ်။

ထွန်းရွှေဦး။ (၁၉၆၈)။ ***ခေတ်သုံးခေတ်မွန်ကျောက်စာအဘိဓာန်။*** ရန်ကုန်၊ မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီ။

ဖေမောင်တင်၊ ဦး(၁၉၅၇)။ ***နန်းတော်မွန်ကျောက်စာ။*** ရန်ကုန်၊ မွန်ယဉ်ကျေးမှုဌာနစိတ်။

ဖေမောင်တင်၊ ဦး(၁၉၆၅)။ ***မြန်မာသဒ္ဒါနှင့်အသုံးအနှုန်း။*** ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၅)။ ***မြန်မာသဒ္ဒါ။*** ရန်ကုန်၊ မြန်မာစာဌာနနှင့် ဘာသာစကားပညာရေးဦးစီးဌာန။

အင်္ဂလိပ်ဘာသာ

Crystal, David (2004). ***A Dictionary of Linguistics and Phonetics.*** Sixth edition, Uni Kingdom, Blackwell Publishing Ltd.

Firth, JR (1957). ***Studies in Linguistic Analysis.*** Oxford University Press.

Halliday, M.A.K.(1961). ***Categories of the theory of Grammar,*** University Edinburgh.

Stewart, J.A. (1990). ***MANUAL of CONCQUIAL BURMESE.*** Rangoon, British Burma Press.

Okell, John. (1969). ***A Reference Grammar of colloquial Burmese.*** Oxford University Press.

အထင်ကရဒေသများကို ဖွဲ့ဆိုသောသီချင်းများအား စာပေရှုထောင့်မှလေ့လာခြင်း

ခိုင်နွယ်ဝင်း[၁]

စာတမ်းအကျဉ်း

ဤစာတမ်းသည် ဂီတအနုပညာနယ်ပယ်ရှိသီချင်းများအနက် အထင်ကရဒေသများကို ဖွဲ့ဆိုသော သီချင်းများအား စာပေရှုထောင့်မှ လေ့လာထားသည့်စာတမ်းတစ်စောင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဒေသအသီးသီးရှိ ဒေသနောက်ခံ၊ ရာသီသဘာဝဝန်းကျင်နှင့် လူမှုဘဝအထွေထွေကို ဖော်ကျူးရေးဖွဲ့သီဆိုထားသည့်သီချင်းများစွာရှိပါသည်။ ထိုသီချင်းများသည် မြန်မာနိုင်ငံရှိအထင်ကရ ဒေသများ၏ပုံရိပ်ကို လှပစွာဖော်ကျူးနိုင်စွမ်းရှိသည့်သဘောကို လေ့လာတင်ပြထားပါသည်။ ထိုသို့လေ့လာခြင်းဖြင့် ဂီတနှင့် စာပေတို့၏ အဆက်အစပ်သဘောကို နှိုင်းယှဉ်ဖော်ထုတ် လေ့လာနိုင်မည် ဖြစ်ပါသည်။

သော့ချက်ဝေါဟာရများ - ဂီတ၊ အထင်ကရ၊ ပုံရိပ်၊ အဆက်အစပ်၊ ဖော်ကျူး

နိဒါန်း

လူတို့သည် မိမိတို့တစ်နေ့တာ ဘဝဖြတ်သန်းမှုနှင့် လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်း ကြားတွင် နေ့စဉ်ကျင်လည်လှုပ်ရှား နေကြရသည်။ ထိုသို့ကျင်လည်လှုပ်ရှားရာတွင် စိတ်နှလုံး မောပန်းနွမ်းနယ်တတ်ကြသည်။ ကိုယ်စိတ်နှစ်ပါး အမောပြေစေရေးအတွက် ဖျော်ဖြေမှုအသီးသီးဖြင့် အလျဉ်းသင့်သလို ပြုမူဆောင်ရွက်တတ်ကြသည်။ ထိုသို့ပြုမူဆောင်ရွက်ရာတွင် သီချင်းနားထောင်ခြင်း၊ သီချင်းသီဆိုခြင်းသည် အရေးပါသောကဏ္ဍမှ ပါဝင်နေပါသည်။ သီချင်းနားထောင်သူတို့ နှစ်သက်ခြင်းရသ၊ ဗဟုသုတများ ရရှိစေရန်အတွက် သီချင်းရေးသူတို့က တေးသီချင်းစာသားများနှင့် ဂီတသံစဉ်များကို ဖန်တီးရေးဖွဲ့ကြသည်။ သီချင်းသီဆို သူတို့ကလည်း မိမိတို့၏ပါရမီ၊ ပညာများဖြင့် ရသမြောက်စွာ သီချင်းများကို သီဆိုကြပါသည်။ ဂီတနယ်ပယ်ရှိ သီချင်းများတွင် မေတ္တာဘွဲ့၊ ဇာတိမာန်ဘွဲ့၊ ဘဝအသိအမြင်ဖွဲ့စသည်ဖြင့် ကဏ္ဍစုံလင်စွာရှိသည်။ ထို့ပြင် မြန်မာနိုင်ငံဒေသအသီးသီး၏ ဒေသနောက်ခံ၊ ရာသီသဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဘဝအထွေထွေကို ဖော်ကျူးရေးဖွဲ့သီဆိုထားသည့် သီချင်းများလည်း ရှိပါသည်။ ဤစာတမ်းတွင် မြန်မာနိုင်ငံရှိ အထင်ကရ ဒေသများကို ဖွဲ့ဆိုသောသီချင်းများမှ သီချင်းရေးသူတို့ ဖန်တီးထားသည့် တေးစာသားများကို စာပေ ရှုထောင့်အနေဖြင့်သာ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

၁။ **စာပေလေ့လာဆန်းစစ်ချက်**

သီချင်းများကို ယိုးဒယား၊ ပတ်ပျိုးစသည့် မဟာဂီတတေးသီချင်းများကို လေ့လာသုတေသနပြုထားသည့် စာတမ်းများစွာ ရှိပါသည်။ ခေတ်ပေါ်သီချင်း နှင့်ပတ်သက်၍ မောင်ထင်လင်းလှိုင် ကတက္ကသိုလ်နောက်ခံ

သီချင်းများလေ့လာချက်၊ မအေးစုငြိမ်း က ခေတ်ပေါ်သီချင်းများတည်ဆောက်ပုံ စသည့်စာတမ်းများကို သုတေသနပြုထားပါသည်။ အထင်ကရဒေသများကို ဖွဲ့ဆိုသောသီချင်းများကို လေ့လာသုတေသနပြုထားသည့်စာတမ်းများရှိသေးသောကြောင့် လေ့လာသုတေသနပြုရခြင်း ဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် သီချင်းကရရှိသော သုတနှင့် နှစ်သက်မှုရသဆက်နွယ်မှုရှိနေသည့်သဘောကို လေ့လာဖော်ထုတ်သွားမည် ဖြစ်ပါသည်။

၂။ **သုတေသနမေးခွန်း**

အထင်ကရဒေသများကို ဖွဲ့ဆိုသောသီချင်းများကိုလေ့လာရာတွင်-

---

[၁]တွဲဖက်ပါမောက္ခ၊ ဒေါက်တာ၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

၁။ အထင်ကရဒေသများကို ဖွဲ့ဆိုသောသီချင်းများက နားဆင်သူတို့ကို နှစ်သက်မှုရသ မည်မျှပေးစွမ်းနိုင်သနည်း။

၂။ သီချင်းများကပေးသော ဒေသန္တရဗဟုသုတများသည် နားဆင်သူတို့အတွက် စိတ်ဝင်စားမှုရှိပါသလား။

ဟူသော သုတေသနမေးခွန်းများထွက်ပေါ်လာပါသည်။ ထိုမေးခွန်းများကို အခြေပြု၍ အထင်ကရဒေသများကို ဖွဲ့ဆိုသောသီချင်းများကို ဂီတပညာရှင်တို့၏ အဆိုအမိန့်များ၊ ဂီတဖွဲ့ဆိုမှုနည်းနာများဖြင့် ချိန်ထိုးကာ သုတေသနပြုမည်ဖြစ်ပါသည်။

၃။ သုတေသနနည်းနာ

ဤစာတမ်းတွင် အထင်ကရဒေသများကို ဖွဲ့ဆိုသောသီချင်းများကို စာပေရှုထောင့်က လေ့လာထားသော စာတမ်းဖြစ်သည့်အတွက် သီချင်း၏ သဘောသဘာဝကို ပညာရှင်တို့၏ အယူအဆ၊ သတ်မှတ်ချက်များကို အခြေခံ၍ လေ့လာတင်ပြထားပါသည်။

ဤစာတမ်းကိုလေ့လာရာတွင် သီချင်း၏ သံစဉ်ဂီတနှင့်ပတ်သက်သည့်လေ့လာမှုကို ဆောင်ရွက်ခြင်းမပြုဘဲ စာပေအဖွဲ့အနွဲ့တစ်ခုကိုသာ ရှုမြင်လျက် သီချင်းရေးသူတို့၏ စကားလုံးအသုံးအနှုန်းဖန်တီးမှု၊ သင်္ကေတများ ထည့်သွင်းရေးဖွဲ့မှု၊ အလင်္ကာများ ထည့်သွင်းရေးဖွဲ့မှုနှင့် ဇာတ်လမ်းသဘောဖန်တီးမှု ရှုထောင့်တို့ကို အဓိကထားလျက် စာပေရှုထောင့်မှ လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

ခေတ်ကာလအသီးသီးတွင် ပေါ်ထွက်ခဲ့သော သီချင်းများသည် သီချင်းရေးသူတို့၏ လူမျိုးနှင့် လူမှုဘဝဓလေ့များကို အခြေပြုဆက်စပ်လျက် ခံစားရေးဖွဲ့ကြခြင်းဖြစ်သည်။ ခေတ်သီချင်းများတွင် မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့ယဉ်ကျေးမှု စိတ်စေတနာများကို ဖော်ညွှန်းရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ထိုသီချင်းများတွင် မြန်မာတို့၏လူမှုဘဝ၊ စိတ်ခံစားမှုအတွေးတို့ကို တွေ့ရှိရသည်။

“သီချင်း”ဟူသောဝေါဟာရကို မြန်မာအဘိဓာန်(၂၀၁၈)တွင်-

“သီဆိုရန် သံစဉ်အမျိုးမျိုးဖြင့် ဖွဲ့ထားသော အဖွဲ့အနွဲ့”(စာ ၃၆၀)

ဟု ဖွင့်ဆိုထားသည်။ ပုဂံဝန်ထောက်မင်းဦးတင်ကလည်း ကဗျာဗန္ဓသာရကျမ်း(၁၉၂၁)တွင်-

“သီချင်း ဟူသည် သီဆိုရန်သံစဉ်အမျိုးမျိုးဖြင့် ဖွဲ့နွဲ့ထားသော အဖွဲ့အနွဲ့”(စာ ၉-၁၀)

ဟု ဖွင့်ဆိုထားသည်။ ထို့ပြင် -

“ဝစနာလင်္ကာရ - စကားလုံးတန်ဆာဆင်ခြင်းဖြင့် လင်္ကာ၊ သောတာလင်္ကာရ - အကြားတန်ဆာဆင်ခြင်းဖြင့် သီချင်း”(စာ ၉-၁၀)

ဟူ၍ ဆိုထားပါသည်။

၃၊ ၁။ ဦးတည်ချက်၊ အာဘော်

စာပေဆိုင်ရာဝေါဟာရတစ်ခုဖြစ်သော ဦးတည်ချက်ကို ရည်ရွယ်ချက်၊ အာဘော်၊ ရည်မှန်းချက် စသည်ဖြင့် ပညာရှင်တို့က အမျိုးမျိုးဖွင့်ဆိုကြသည်။ မြန်မာအဘိဓာန်(၂၀၁၈)တွင် “ဦးတည်ချက်” ကို -

“ရည်ရွယ်ချက်၊ ရှေးရှုချက်”(စာ ၄၂၀)ဟုလည်းကောင်း၊ “အာဘော်”ကို -

“နှလုံးသွင်း။ ထင်မြင်ချက်”(စာ ၄၁၅)

ဟုလည်းကောင်းဖွင့်ဆိုထားသည်။ မြန်မာအဘိဓာန်အကျဉ်းချုပ်(၁၉၈၀)၌“အာဘော်”ကို -

“ဆိုလိုရင်း၊ သဘောထား၊ ဦးတည်ချက်၊ အယူအဆ” (စာ ၁၅၅)

ဟု ဖွင့်ဆိုထားသည်။ ထို့ကြောင့် ဦးတည်ချက်၊ အာဘော်သည် ဗဟိုအချက်အချာကျသော အကြောင်းအရင်း တစ်ခုဖြစ်သည်။ သီချင်းတစ်ပုဒ်တွင် ဖျော်ဖြေမှုသက်သက်ပေးသော ဦးတည်ချက်နှင့် ဘဝအသိအမြင်ပေး သော ဦးတည်ချက်တို့သည် သီချင်းရေးသူ၏ စေတနာ အပေါ်မူတည်၍ သီချင်းနားထောင်သူတို့အတွက်လည်း ရသခံစားမှု ကွဲပြားမည် ဖြစ်သည်။

၃၊ ၂။ **စကားလုံးအသုံးအနှုန်း**

စကားလုံးအသုံးအနှုန်းတွင် ဖွဲ့နွဲ့ဖန်တီးသူ၏ စကားလုံးရွေးချယ်မှုသည်လည်း အရေးကြီးသည်။ "စကားလုံး များကို ရွေးချယ်သုံးနှုန်းမှုပါဝင်လာသဖြင့် စကားလုံးစီချယ်ရသည့် အလှပညာ လည်းပါဝင်လာကြောင်း" (စာ ၄၃၂)ဒဂုန်တာရာက စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု(၁၉၆၇)တွင် မိန့်ဆိုထားသည်။ ထို့ကြောင့် စကားလုံးများကို သူ့နေရာနှင့် သူ ဆီလျော်သင့်မြတ်စေရန် ရွေးချယ်အသုံးပြုမှုသည် သီချင်းတွင် အရေးပါလှသည်။

၃၊ ၃။ **သင်္ကေတ**

အထင်ကရဖြစ်သည့် အရာတစ်ခုကို သင်္ကေတအမှတ်အသားပြု၍ ထည့်သွင်းရေးဖွဲ့ခြင်းသည်လည်း အရေးပါ သော စာပေရှုထောင့်တစ်ခုပင်ဖြစ်သည်။ သင်္ကေတကို တက္ကသိုလ်ဘုန်းနိုင်က ခပ်သိမ်းကလျာ ရှုဖွယ်သာတည်း၊ ပထမတွဲ(၁၉၉၄)တွင် -

> "သင်္ကေတဆိုသည်မှာ အမှတ်သညာဟုခေါ်သော ပညတ်ဖြစ်သည်။"(စာ ၁၆၈)

ဟူ၍လည်းကောင်း၊ ဒေါက်တာ ခင်အေး က အတ္ထဗေဒနိဒါန်း(၂၀၀၄)တွင် -

> "သင်္ကေတဟူသည် အကြောင်းအရာတစ်ခုခုကို ကိုယ်စားပြုသော၊ ရည်ညွှန်းသော အမှတ် အသားဖြစ်သည်"(စာ ၃၄)

ဟု ဆိုထားသည်။ မောင်ခင်မင်(ဓနုဖြူ)က သက်တန့်ရောင်စုံဘာသာစကား(၂၀၀၅)တွင်-

> "လူတို့သည် မိမိတို့စိတ်ထဲတွင် ဖြစ်ပေါ်လာသောအတွေးများ ခံစားမှုများကို ဖော်ပြရန် သော်လည်းကောင်း၊ တစ်ယောက်နှင့် တစ်ယောက်ဆက်သွယ်ရန်သော်လည်းကောင်း သင်္ကေတအမျိုးမျိုးကို ဖန်တီးကြသည်။ ဖော်ပြလိုသော အဓိပ္ပာယ်ကို ထိုသင်္ကေတများဖြင့် ဖော်ပြကြသည်။"(စာ ၃၀)

ဟု ဖွင့်ဆိုထားသည်။ ထို့ကြောင့် သီချင်းရေးသူတို့သည် သီချင်းများတွင် သင်္ကေတများ ထည့်သွင်း ရေးဖွဲ့ခြင်းဖြင့် နားထောင်သူတို့ကို နှစ်သက်စေရန် ဖန်တီးရေးဖွဲ့ကြသည်။

၃၊ ၄။ **အလင်္ကာ**

သီချင်းနားထောင်သူတို့ နှစ်သက်မှုရသမြောက်စေရန် သီချင်းရေးသူတို့သည် အလင်္ကာများ ထည့်သွင်းရေးဖွဲ့ ကြပါသည်။ အလင်္ကာဟူသည် ပါဠိစကား "အလင်္ကာရ"မှ ဆင်းသက်လာပြီး မြန်မာအဘိဓာန်(၂၀၁၈)တွင် -

> "စာအဖွဲ့အနွဲ့၊ အဆင်တန်ဆာ"(စာ ၄၀၉)

ဟူ၍ ဖွင့်ဆိုခဲ့သည်။ မောင်ခင်မင်(ဓနုဖြူ)က အတ္ထဗေဒနိဒါန်း(၂၀၀၄)တွင် -

> "မျက်စိဖြင့်မြင်နိုင်သော ရုပ်အမူအရာများကိုသာမက မျက်စိဖြင့်မမြင်နိုင်သော စိတ်အမူအရာ ကိုပါ ပေါ်လွင်အောင် အလင်္ကာက အထောက်အကူပြုနိုင်ပါသည်"(စာ ၂၇၂)

ဟု ဖွင့်ဆိုထားသည်။ ထို့ကြောင့် သီချင်းရေးသူတို့သည် အလင်္ကာများကို သီချင်းများတွင် ထည့်သွင်းရေးဖွဲ့လျက် ဆိုလိုသည့်သဘောကို သီချင်းနားထောင်သူတို့ စိတ်အာရုံတွင် မြင်သာလာစေရန် ရေးဖွဲ့ထားကြပါသည်။

၃၊ ၅။ **အထင်ကရဒေသများကိုဖွဲ့ဆိုသောသီချင်းများ**

သီချင်းရေးသူတို့သည် ဗဟုသုတရစေရန်နှင့် နှစ်သက်မှုဖြစ်စေရန် အထင်ကရဒေသများကို သီချင်းဖွဲ့ဆိုကြသည်။ အထင်ကရဟူသည့် ဝေါဟာရကို မြန်မာအဘိဓာန်(၂၀၁၈)တွင်-

> “အထင်ကရ၊ နာ - သိသာထင်ရှားသောအရာ” (စာ ၃၉၄)

ဟူ၍လည်းကောင်း၊ ဒေသဟူသည့် ဝေါဟာရကို မြန်မာအဘိဓာန်(၂၀၁၈)တွင်-

> “ဒေသ၊ နာ - နေရာ၊ အရပ်။” (စာ ၁၇၂)

ဟု ဖွင့်ဆိုထားပါသည်။ ထိုကြောင့် အထင်ကရဒေသများကို ဖွဲ့ဆိုသောသီချင်းဟူသည် နေရာအရပ်ဒေသရှိ သိသာထင်ရှား လူသိများသော၊ ထူးခြားသောအရာများကို ထည့်သွင်းဖွဲ့ဆိုထားသောသီချင်းဟူ၍ မှတ်ယူနိုင်ပါသည်။

သီချင်းရေးသူတို့သည် ၎င်းတို့ရောက်ရှိကြုံတွေ့ခံစားခဲ့ရသော အထင်ကရဒေသများ၊ ဒေသန္တရအတွေ့အကြုံများကိုဖော်ကျူးသောသီချင်းများသည် နားဆင်သူပရိသတ်အတွက် နှစ်သက်မှု၊ စိတ်ဝင်စားမှုများကို ပေးစွမ်းနိုင်သောသီချင်းများပင် ဖြစ်ပါသည်။

၄။ **အထင်ကရဒေသများကို ဖွဲ့ဆိုသောသီချင်းများလေ့လာချက်**

အထင်ကရဒေသများကိုဖွဲ့ဆိုသောသီချင်းများအနက် အောက်ဖော်ပြပါသီချင်း ၃ ပုဒ်ဖြင့် လေ့လာတင်ပြသွားပါမည်-

(က) မြန်မာပြည်ခရီးစဉ်။

(ခ) ရွှေမြိုင်မှာပဲနေတော့မယ်။

(ဂ) တောင်လေ့ကားမြို့တော်။

၄၊ ၁။ **မြန်မာပြည်ခရီးစဉ်**

“မြန်မာပြည်ခရီးစဉ်”သီချင်းကို အဆိုတော်“ထား” သီဆိုထားပါသည်။ သီချင်းတွင် မြန်မာနိုင်ငံအနှံ့အပြားမှ တန်ခိုးကြီးဘုရားစေတီများ၊ အထင်ကရနေရာများကို ဖော်ကျူးထားပါသည်။ “မြန်မာပြည်ခရီးစဉ် သဒ္ဓါ ပီတိရွှင်”ဟူသော အဖွင့်သီချင်းစာသားအရ သဒ္ဓါ၊ ပီတိဟူသည့် ပါဠိစကားအသုံး အနှုန်းဖြင့်ဖွဲ့ဆိုထားသည်။ ထို့ကြောင့် မြန်မာပြည်ခရီးစဉ်ကို သွားရောက်လည်ပတ်ပါက လိုလားနှစ်သက်စရာကောင်းသည်ဟူသော သဘောမှာ ပေါ်လွင်လာသည်။ မြန်မာပြည်အထက်အောက်တစ်လွှား သွားရောက်ပါက ရှုမြင်ရမည့်မြင်ကွင်းများသည် ပန်းချီကားတစ်ချပ်အသွင်ဟူသည့် ဥပမာအလင်္ကာအသုံးကြောင့် စွဲလမ်းနှစ်သက်ဖွယ်ဖြစ်စေမည့် လှပသာယာသောမြင်ကွင်းအလှများဖြင့် တွေ့ရမည်ဟူသည့်သဘောမှာ ထင်ရှားလာစေသည်။ မြင်ကွင်းလွင်ပြင်ဟူသည့် စကားအသုံးကြောင့် မဆုံးနိုင်သောမြင်ကွင်းများကို မြင်တွေ့နိုင်မည့်သဘောမှာ ပေါ်လွင်လာပါသည်။

ကြည်ညိုစရာသပွာယ်လှသည့် တန်ခိုးကြီးဘုရားစေတီများကို မြန်မာပြည်တစ်နံတစ်လျား ဖူးမြော်နိုင်ကြောင်းနှင့် ထိုစေတီများအနက် ရန်ကုန်မြို့ရှိ အထင်ကရစေတီများဖြစ်သည့် ရွှေတိဂုံမြတ်ရှင်၊ ဗိုလ်တထောင်၊ ဆူးလေစေတီတော်များနှင့် ရန်ကုန်မြို့နှင့် ခရီးမဝေးသောပဲခူးမြို့ရှိ ရွှေမောဓောဘုရားကိုပါ ထည့်သွင်းရေးဖွဲ့ထားသည်။ ထို့ပြင် မွန် ပြည်နယ်ရှိ ကျိုက္ခမီဘုရား၊ မုံရွာမြို့ရှိ မိုးညှင်းသမ္မဒ္ဓေဘုရားနှင့်

ပုဂံဘုရားများ၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားတို့ကိုပါ ထည့်သွင်းရေးဖွဲ့ထားပါသည်။ မြန်မာပြည်အနှံ့ ခရီးဆန်ပါက ထိုတန်ခိုးကြီးဘုရားစေတီများကို ကြည်နူးစွာ ဖူးမြော်ခွင့်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည်။ "မြန်မာပြည်ခရီးစဉ်"သီချင်းသည် မြန်မာပြည်အနှံ့ရှိ အထင်ကရတန်ခိုးကြီးစေတီများကို ခရီးသွားရင်း ဖူးမြော်ခွင့်ရမည့်သဘောကို မှတ်တမ်းတင်ထားသည်။ ပင်းတယလိုဏ်ဂူသည်လည်း အံ့ဖွယ်အထင်ကရနေရာ တစ်ခုဖြစ်ကြောင်းနှင့် စက်စ၊ မောင်းမကန်၊ ငပလီကမ်းခြေများသာမက ရန်ကုန်မြို့ရှိ ထင်ရှားသောနေရာ တစ်ခုဖြစ်သည့် အင်းလျားကန်ကိုပါ မမေ့မလျော့ ထည့်သွင်းရေးဖွဲ့ထားသည်။ ကမ္ဘာတွင်သတင်းမွေးသော အင်းလေးကန်နှင့် အင်းလေးခေါင်တိုင်ရေပူစမ်းကိုလည်း မမေ့မလျော့ထည့်သွင်းရေးဖွဲ့ထားသည်။ ငပလီကမ်းခြေရှိ သဲသောင်မို့မို့နှင့် အုန်းတောညိုညိုသည် ထူးခြားသကဲ့သို့ ကြည်လင်သော ရေပြင်လည်းရှိကြောင်း ရေးဖွဲ့ထားသည်။ မြန်မာပြည်အနှံ့ရှိ အထင်ကရဘုရားစေတီ၊ အထင်ကရနေရာဒေသများကို ထည့်သွင်းရေးဖွဲ့ထားသဖြင့် နားဆင်သူတို့အဖို့ သွားရောက်လိုသော စိတ်ဆန္ဒများကို ပို၍ ဖြစ်လာစေပါသည်။ "သဲသောင်မို့မို့၊ အုန်းတောညိုညို့"ဟူသော ငပလီကမ်းအလှကို ရေးဖွဲ့ရာတွင် မို့မို့၊ ညိုညို့ဟူသည့် ဝိစ္ဆာသုံးကြောင့် စာဟန်ပိုသွက်လက်လှပ လာစေသည်။ "တစ်ဝဂ္ဂတွင် ဆန်းစုံလင်"ဟူသည့် ကျစ်လျစ်လှပသော စကားသုံး၏ နောက်တွင် မြန်မာတို့အသည်းနှလုံးတွင် ရိုက်ခတ်ခဲ့သော စောင်းအိုလုလင်နှင့် ဘုရင့်သမီးတော်ဇာတ်လမ်း လေးမှာလည်း အမှတ်ရစရာဖြစ်လာစေသည်။ ပုဂံကို ရောက်ပါက တစ်ဝဂ္ဂကို မမေ့မလျော့သွားလို ကြသည့် မြန်မာတို့၏စိတ်နှလုံးကိုလည်း နှိုးဆွသကဲ့သို့ ဖြစ်လာစေသည်။ အညာတစ်ခွင်ရှိ ရှေးဟောင်း အနုသုခုမ လက်ရာများနှင့် စာပေများကို အညာတခွင်သွားရောက်လည်ပတ်ရင်း ခံစားနိုင်ကြောင်း "အညာတောတစ်ခွင်၊ ရှေးဟောင်း အနုယဉ်ကျေး မြန်မာမှုအယဉ်၊ လက်ရာမွန် အလွန်ကျော်ထင်"ဟူသော အဖွဲ့အရ ပေါ်လွင်လာစေသည်။ မြန်မာတို့၏တန်ဖိုးမဖြတ်နိုင်သော အနုလက်ရာများကို အညာဒေသတွင် တွေ့မြင်ခံစားနိုင်ကြောင်း သွားရောက်လည်ပတ်လိုစိတ်ကို နှိုးဆွနိုင်သောအဖွဲ့ပင် ဖြစ်ပါသည်။ ကမ္ဘာတွင် ထူးခြားသော၊ ဖော်ရွေသော အပြုံးနှင့် မြန်မာတို့၏သဒ္ဓါစိတ်တို့ကို မြန်မာပြည်အနှံ့ သွားရောက်ပါက မြင်တွေ့ခံစားနိုင်ခွင့်ရမည် ဖြစ်ကြောင်း "အလည်လာခဲ့ရင် ဖော်ရွေအပြုံးရှင် သဒ္ဓါပိတိရွှင် မြန်မာပြည်ခရီးစဉ်"ဟူသော သီချင်းအဆုံး သတ်က လှလှပပဘောင်ကွပ် ပေးလိုက်သဖြင့် အထင်ကရဒေသများသည် ပုံပေါ်လာသကဲ့သို့ ထိုဒေသများသည် နှစ်သက်ဖွယ်စိတ်ဝင်စားဖွယ် ဖြစ်စေသည့်နေရာများဖြစ်သည် ဟူသောသဘောတို့ကို ပေါ်လွင်စေသည့် သီချင်းတစ်ပုဒ်ဖြစ်လာစေပါသည်။

၄၊ ၂။ **ရွှေမြို့မှာပဲနေတော့မယ်**

"ရွှေမြို့မှာပဲနေတော့မယ်"သီချင်းသည် အဆိုတော်"သိန်းတန်(မြန်မာပြည်)" သီဆိုထားသော သီချင်းတစ်ပုဒ် ဖြစ်ပါသည်။ မော်လမြိုင်မြို့တွင်ရှိနေသော ချစ်သူမိန်းကလေးထံသို့ သွားရောက်တွေ့ဆုံပြီး မော်လမြိုင်မြို့မှ တစ်ဆင့် မုဒုံကန်တော်ကြီး၊ ကျိုက်မရော၊ ကျိုက္ခမီ စသည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့အနီးမှ အထင်ကရဒေသများကို ချစ်သူနှင့်အတူ သွားရောက်လည်ပတ်ပုံ ဖွဲ့ဆိုထားသောသီချင်းတစ်ပုဒ်ဖြစ်ပါသည်။ လေချိုလေနအေးများတိုက်ခတ်နေသော သံလွင်မြစ်ကို ကူးဖြတ်ပြီး ချစ်သူမိန်းကလေးရှိရာ "ရွှေမြို့"ဟု ခေါ်သော မော်လမြိုင်မြို့သို့ ရောက်ရှိလာပါသည်။ ချစ်သူမိန်းကလေးကလည်း ကြိုဆိုနှုတ်ခွန်းဆက် စကားများ ပြောဆိုပြီး ဆီးကြိုနေပါသည်။ ချစ်သူမိန်းကလေး၏ ဖော်ရွေသောအပြုံးများကို ဘယ်သောအခါမှ မမေ့ရမည်မထင်ဟု ရေးဖွဲ့ထားပါသည်။ မော်လမြိုင်မြို့သို့ အလည်လာရောက်စဉ် "လေချိုနေအေး"၊ "ဖော်ရွေစကား"၊ "လေမှာလည်းဝဲပျံတယ်" စသည့် စကားအသုံး အနှူန်းများဖြင့် ပျော်ရွှင်ကြည်နူးဖွယ် စိတ်ခံစားမှုများကို ခံစားနေရသောသဘောကို ပေါ်လွင်စေပါသည်။ "အပြုံးလေးများ လေမှာလည်း ဝဲပျံတယ်"ဟူသော စကားအသုံးအနှူန်းသည် သမာဓိဂုဏ် မြောက်သကဲ့သို့ ကြားရသူအတွက်လည်း ကြည်နူးဖွယ်စိတ်ခံစားမှု ဖြစ်စေပါသည်။ "ဆယ်ကမ္ဘာ ဘယ်ခါတကယ်မမေ့တယ်" ဟူသည့် အတိသယဝုတ္တိအလင်္ကာမြောက်သော စကားအသုံးအနှူန်းသည် အလွန်အကြူးဖွဲ့ဆိုထားခြင်း ဖြစ်သော်လည်း ကြားရသူအတွက် နှစ်သက်ဖွယ်ဖြစ်စေပါသည်။ မော်လမြိုင်မြို့သို့ စတင်ဝင်ရောက်လာချိန်မှ အစပြုပြီး မွန်ပြည်နယ်ရှိ အထင်ကရနေရာများသို့

သွားရောက်လည်ပတ်ကြပုံကို တစ်ဆင့်ပြီးတစ်ဆင့် ဖွဲ့ဆိုပြသည်။ မော်လမြိုင်မြို့မှတစ်ဆင့် မုဒုံမြို့ရှိ အထင်ကရနေရာတစ်ခုဖြစ်သော မုဒုံကန်တော်ကြီးကို လည်ပတ်ခဲ့ပုံ၊ ကျိုက်မရောမြို့ကိုလည်း လိုက်ပို့ခဲ့ပုံ တို့ကို ဖွဲ့ဆိုထားပါသည်။ ချစ်သူနှစ်ဦးတို့ လည်ပတ်သွားလာနေစဉ် စကားများပြောကြပုံ၊ အကြည့်ချင်းစုံပြီး ရင်ခုန်ကြပုံ၊ အတွေးကိုယ်စီဖြင့် ပျော်ရွှင်နေကြပုံတို့ကို ဖွဲ့ဆိုထားပါသည်။ "စကားလေးများ သူဖောင်ဖွဲ့ ပြောကာရယ်"၊ "မောရမှာ သူတကယ်မသိ"၊ "ဝိုးတဝါး အသည်းစကား" စသည့် စကားအသုံးအနှုန်းများကို အသုံးပြုဖွဲ့ဆိုထားသဖြင့် ချစ်သူမိန်းကလေး၏ဖော်ရွေတတ်မှု၊ ကြင်နာတတ်မှုများသည် နားဆင်ရသူများ အတွက် ကြည်နူးဖွယ်သိဂ်ီရရသကို ဖြစ်ပေါ်စေသည်။ ချစ်သူနှစ်ဦးတို့သည် အမြဲမခွဲခွာလျက် မော်လမြိုင် တွင်သာ နေလိုကြောင်းကို "မတွဲမခွာ အမြဲသာမောရဝယ်" ဟူသော စကားအသုံးအနှုန်းဖြင့် နှစ်သက် ကြည်နူးဖွယ် ဖွဲ့ဆိုထားသည်။ ချစ်သူနှစ်ဦးတို့သည် မည်သည့်ဘဝသို့ရောက်စေကာမူ မခွဲမခွာအတူနေ ကြမည်ဟု မော်လမြိုင်မြို့ရှိ တန်ခိုးကြီးကျိုက်သလ္ဍစေတီတော်တွင်လည်း သက်သေပြုခဲ့ကြောင်း ဖွဲ့ဆိုထား ပါသည်။ ထို့အတူ လွမ်းမောဖွယ် ရှုခင်းများအဖြစ် သံလွင်မြစ်ကမ်းအလှ၊ ကျိုက္ခမီမြို့ရှိ သဲသောင်အလှတို့ကို ထည့်သွင်းရေးဖွဲ့ထားသည်။ ထိုသို့လွမ်းမောကြည်နူးဖွယ် အဖြစ်အပျက်ခံစားမှုများကြောင့် ပြန်ရန်အတွေးပင် မရှိတော့ပုံကို "ရွှေမြိုင်မှာပဲ နေတော့မယ်"ဟု အဆုံးသတ်ရေးဖွဲ့ထားပါသည်။ "ရွှေမြိုင်မှာပဲနေတော့မယ်" သီချင်း၌ မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်မြို့ဝန်းကျင်မှ အထင်ကရနေရာများကို ချစ်သူနှစ်ဦး၏ လွမ်းမောဖွယ်မေတ္တာဇောတ်လမ်းဖြင့် ပေါင်းစပ်တင်ပြထားသည်။ အထင်ကရဒေသ များကို ချစ်သူနှစ်ဦး၏ ဘဝဇာတ်လမ်းနှင့် ရောယှက်တင်ပြထားသဖြင့် နေရာဒေသလေးများသည် ကြည်နူးဖွယ်အမှတ်တရ နေရာလေးများအဖြစ် ဖြစ်ပေါ်ခံစားလာရစေသည်။ ဂီတတွင် စာပေရှိ အလင်္ကာ၊ ရသသဘောများ ပေါင်းစပ် ဖန်တီးခြင်းသည် နားဆင်သူတို့ကို ပို၍နှစ်သက်စွဲလမ်းမှုကို ဖြစ်ပေါ်စေသည့် ဂီတနှင့် စာပေ၏ အဆက် အစပ်သဘောပင်ဖြစ်ပါသည်။

၄၊ ၃။ **တောင်လှေကားမြို့တော်**

"တောင်လှေကားမြို့တော်"သီချင်းသည် အဆိုတော် "ခင်သစ်လွင်" သီဆိုထားသော သီချင်းတစ်ပုဒ် ဖြစ်ပါ သည်။ မြန်မာနိုင်ငံ၏ အထင်ကရမြို့တစ်မြို့ဖြစ်သော ပြင်ဦးလွင်မြို့၏ အလှအပများကို ဖော်ကျူးရေးဖွဲ့ သီဆိုထားသော သီချင်းတစ်ပုဒ်ဖြစ်သည်။ မန္တလေးမှ ပြင်ဦးလွင်မြို့ပေါ်သို့ တက်လာသောခရီးအလှကို "သရုပ် ကမပီ နေခြည်ဆောင်းအတွေးပန်းချီ"ဟူသည့် သရုပ်ဖော်အဖွဲ့ဖြင့် သီချင်းအစကို စိတ်ဝင်စားဖွယ်ဖွဲ့ဆိုထား သည်။ ဆောင်းနံနက်ခင်းအလှသည် ပန်းချီကားတစ်ချပ်သဖွယ် လှပနှစ်လိုဖွယ်ဖြစ်ပုံကို ပေါ်လွင်လာစေသည်။

"ဒုဋ္ဌဝတီရေကြည်ချောင်းကလေးသည် ဟိုအဝေးဝယ်ကွေ့ကောက်ပြီး စီးဆင်းနေသည်"ဟူသည့် တောင်ပေါ်တက်လာသောလမ်းခရီးမှ လှမ်းမြင်တွေ့နိုင်သော ဒုဋ္ဌဝတီမြစ်ကွေ့ကောက်စီးဆင်းနေပုံအဖွဲ့သည် မြန်မာနိုင်ငံရှိ အထင်ကရမြစ်တစ်စင်းကို ဖော်ကျူးထားသောအဖွဲ့ဖြစ်သည်။ ရေကြည်ချောင်းကလေးဟူသည့် စကားအသုံးအနှုန်းကို ရွေးချယ်သုံးနှုန်းထားသဖြင့် ခပ်ဝေးဝေးအမြင့်နေရာမှမြင်ရသောအခါ အရွယ်အစား သေးငယ်သော ချောင်းဖြစ်သွားပုံ ချစ်စရာမြင်ကွင်းသရုပ်ကိုလည်း ပေါ်လွင်လာစေသည်။

"တောင်လှေကားအတက်တွေဆီ မောင်ရေအသွားခက်နေသည် ထင်းရှူးနဲ့ချယ်ရီမြိုင် လှိုင်လှိုင်ပွင့်တဲ့ စိန်ပန်းပြာပန်းမြို့တော်ဆီ"ဟူသောအဖွဲ့သည် လှေကားသဖွယ်အဆင့်ဆင့်တက်ရင်း ရောက်ရှိနိုင်သော မြို့လေးဖြစ်ပုံ၊ ထင်းရှူးပင်များပေါများပြီး ချယ်ရီပန်းနှင့်စိန်ပန်းပြာတို့ လှိုင်လှိုင်ပွင့်သောမြို့လေးဖြစ်ပုံကို ပေါ်လွင်လာစေသည်။ ပြင်ဦးလွင်မြို့၏သင်္ကေတဖြစ်သော ချယ်ရီနှင့် စိန်ပန်းပြာများကို ထည့်သွင်းရေးဖွဲ့ ထားသဖြင့် ပို၍နှစ်သက်ဖွယ်၊ သွားရောက်လည်ပတ်လိုစိတ်ဖြစ်ဖွယ်တို့ကို ခံစားလာရစေသည်။ ပြင်ဦးလွင်မြို့ သည် မေမြို့၊ တောင်လှေကားမြို့၊ ပန်းမြို့တော်စသည်ဖြင့် အမည်နာမအမျိုးမျိုးဖြင့် လူတို့ပါးစပ်ဖျားတွင် စွဲလမ်းနှစ်သက်ကြရုံသဘောကို သီချင်းတွင် မြို့အမည်အလှယ်လှယ်ဖော်ကျူးသီဆိုထားသဖြင့် ပို၍ နှစ်သက်မှုကို ဖြစ်ပေါ်စေပါသည်။

ပြင်ဦးလွင်မြို့အဝင် အနီးစခန်းတွင် လူကြိုက်များသော မေမြို့ပန်းနှင့် ပန်းမျိုးစုံကို တွေ့ရှိနိုင်သကဲ့သို့ သလဲသီးနှင့် စတော်ဘယ်ရီသီးများလည်း ရနိုင်ကြောင်း ဖွဲ့ဆိုထားသည်။ အထင်ကရဒေသနှင့် အထင်ကရ ပစ္စည်း၊ အစားအစာများအမည်ကို တွဲဖက်ဖွဲ့ဆိုထားသဖြင့် သီချင်းသည်ပို၍သက်ဝင်လှုပလာစေပါသည်။ ပြင်ဦးလွင်မြို့ပြအလှကို "အိမ်ကလေးများလည်းတွေ့ရမည်၊ ချောက်ကမ်းပါးအလှတွေမှီ၊ ခေတ်မီမီဆောက်ထားကြလေသည်"ဟုဖွဲ့ဆိုထားသည်။ ပြင်ဦးလွင်မြို့သည် အနိမ့်အမြင့်ရှိသောမြို့တစ်မြို့ဖြစ်ပြီး ရှေးယခင်ကပင် ခေတ်မီလှပသောတိုက်တာအိမ်ခြေများဖြင့် လှပဆန်းသစ်သော မြို့တစ်မြို့ဖြစ်ပုံသဘောမှာ ပေါ်လွင်လာစေပါသည်။

အထင်ကရမြို့တစ်မြို့ဖြစ်သော ပြင်ဦးလွင်မြို့တွင် လူတို့ကိုနှစ်သက်မှုပို၍ပေးစွမ်းနိုင်သော အထင်ကရနေရာများရှိနေပါသည်။ ထိုနေရာများမှာ ပူပြင်းလှသောနွေရာသီအခါတွင် အပန်းဖြေစရာ ရေတံခွန်စမ်းများရှိပုံ၊ ရုက္ခဗေဒဥယျာဉ်ကန်တော်ကြီးရှိပုံကို ဖွဲ့ဆိုထားသည်။ ပြင်ဦးလွင်ဟုဆိုလိုက်သည်နှင့် ပွဲကောက်ရေတံခွန်၊ ကန်တော်ကြီးရုက္ခဗေဒဥယျာဉ်၊ ပိတ်ချင်းမြောင်စသည့် အထင်ကရဒေသများဒွန်တွဲပါလာတတ်သည့် သဘောမှာ ထင်ရှားလာစေသည်။ ထို့ကြောင့် ရာသီအလိုက် အပန်းဖြေစရာ၊ ပျော်ရွှင်စရာ နေရာဒေသများနှင့် ပြည့်စုံသည့်နှစ်သစ်ဖွယ်ဒေသတစ်ခုဖြစ်လာစေသည်။

ပြင်ဦးလွင်မြို့၏ သာယာသောရာသီဥတု၊ လှပသောသဘာဝရှုခင်း အလှအပများကြောင့် လည်ပတ်နေထိုင်ရန် သင့်လျော်သောနေရာဒေသတစ်ခုဖြစ်ပုံကို "အေးချမ်းပါတဲ့သည်ဌာနီ၊ ချမ်းမြေ့ပါတဲ့သည်ဌာနီ၊ ရောက်ရင်ပျော်ပေမည်၊ တောင်လေ့ကားမြို့လှပနေပေသည်"ဟု ဖွဲ့ဆိုထားသည်။ နှစ်သက်ဖွယ်အထင်ကရနေရာများကို ဖော်ကျူးပြီး လာရောက်ပါကပျော်ရွှင်ရမည်ဟူသော အာမခံချက်ဖြင့် ဖိတ်ခေါ်ထားပုံနှင့် သီချင်းအဆုံးသတ်ကိုလှလှပပဖွဲ့ဆိုထားသည်။ ထိုအဖွဲ့ကြောင့် သွားရောက်လည်ပတ်ဖူးသောသူများအတွက် ထပ်ခါထပ်ခါ သွားရောက်လည်ပတ်လိုစိတ်၊ မရောက်ဖူးသေးသောသူများအတွက် သွားရောက်လည်ပတ်လိုစိတ်ကို နှိုးဆွပေးနိုင်သောနှစ်သက်ဖွယ်သီချင်းတစ်ပုဒ်ဖြစ်လာစေပါသည်။

၅။ **တွေ့ရှိချက်ရလဒ်**

အထင်ကရဒေသများကို ဖွဲ့ဆိုသောသီချင်းများသည် နားဆင်သူတို့အတွက် ဒေသန္တရဗဟုသုတများနှင့်တကွ နှစ်သက်မှုရသကိုပေးစွမ်းနိုင်ပါသည်။ ထိုသီချင်းများသည် လူမှုနယ်ပယ်တွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကို အကျိုးပြုနိုင်စွမ်းလည်းရှိပါသည်။ ထိုမျှမက ကမ္ဘာလှည့်ခရီးသွားများအတွက် သီချင်းကပေးသော နှစ်သက်စိတ်ဝင်စားမှုမှတစ်ဆင့် လာရောက်လည်ပတ်လိုစိတ်များ ဖြစ်ပေါ်ကာ နိုင်ငံခြားဝင်ငွေရရှိစေနိုင်သည်အထိ အကျိုးပြုမှုရှိနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

သုံးသပ်ချက်

အထင်ကရဒေသများကို ဖွဲ့ဆိုထားသော သီချင်းများကို လေ့လာရာတွင် ဂီတစာဆိုတို့သည် မိမိတို့ရောက်ရှိသောအထင်ကရဖြစ်သော ဒေသ၊ အထင်ကရနေရာများ၊ ရာသီသဘာဝအလှအပများ၊ အထင်ကရနေရာနှင့် ဆက်နွယ်နေသော သမိုင်းဖြစ်ရပ်တို့ကို နားဆင်သူတို့ သိရှိခံစားစေလိုသော စေတနာရည်ရွယ်ချက်ဖြင့် ဖန်တီးရေးဖွဲ့ကြသည်။ ထို့ကြောင့် နားဆင်သူပရိသတ်တို့သည် မိမိတို့မရောက်ဖူးသေးသည့်ဒေသရှိ ဒေသန္တရ ဗဟုသုတများကို ရရှိစေသည်။ ထိုဒေသ၏ သာယာလှပသောရှုမြင်ကွင်းများသည် နားဆင်သူတို့အဖို့ သွားရောက်လည်ပတ်လိုစိတ်ကို ဖြစ်ပေါ်စေပါသည်။ သီချင်းပါလူမှုဘဝများသည် နားဆင်သူတို့အတွက် နှစ်သက်ကြည်နူးဖွယ်၊ လွမ်းမောဖွယ် ခံစားရစေပါသည်။ မြန်မာနိုင်ငံရှိ မိမိတို့မရောက်ဖူးသေးသော၊ အမှုမဲ့အမှတ်မဲ့အဖြစ်သတိမပြုမိသော အထင်ကရဒေသများကို သိရှိနားလည်ခွင့်ရစိတ်၊ သွားရောက်လည်ပတ်ရန် အားထုတ်လိုစိတ်များ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် သုတနှင့်ရသခံစားမှုနှစ်မျိုးကို ရရှိခံစားရစေသည့် အထင်ကရဒေသများကို ဖွဲ့ဆိုသောသီချင်းများသည် အိမ်နီးချင်းနိုင်ငံနှင့် အခြားလူမျိုးတို့ကြားတွင် ဂုဏ်ယူဖွယ်သဘောဆောင်နိုင်မည့် သီချင်းများပင် ဖြစ်ပါသည်။ သီချင်းများပါ စာပေဂုဏ်ရည်၏ စွမ်းဆောင်မှုကြောင့်

သီချင်းများသည် ပို၍သက်ဝင်လှုပကာ နှစ်သက်စွဲလမ်းမှုကို ခံစားလာရစေသည်။ သီချင်းပါ ရသခံစားမှုများသည် နားဆင်သူတို့အတွက် စိတ်ဝင်စားနှစ်သက်မှုကို ဖြစ်စေသည်။ သီချင်းပါ အထင်ကရဒေသများကို စိတ်ဝင်စားမှုမှတစ်ဆင့် ထိုဒေသများသို့ သွားရောက်လည်ပတ်ကြရာမှ ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးမှုများ ဖြစ်စေနိုင်သည်။ နိုင်ငံခြားသားခရီးသွားများအတွက်လည်း သီချင်းကပေးသော ခံစားနှစ်သက်မှုမှတစ်ဆင့် အထင်ကရဒေသများကို သွားရောက်လည်ပတ်ကြမည်ဖြစ်သည်။ ထိုအခါ ခရီးသွားလုပ်ငန်းမှတစ်ဆင့် နိုင်ငံခြားဝင်ငွေများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဂီတနှင့် စာပေတို့၏ ဆက်နွယ်မှုသည် အနုပညာတွင် အရေးကြီးသော ဆက်နွယ်မှုဖြစ်သည်ဟု ဆိုနိုင်ပါသည်။

နိဂုံး

လူတို့သည် မိမိတို့ရောက်ရှိခဲ့ဖူးသော နေရာဒေသများကို ဝတ္ထု၊ မှတ်တမ်း၊ ကဗျာ၊ သီချင်းစသည်ဖြင့် အမျိုးမျိုး မှတ်တမ်းတင်ကြသည်။ စာပေနှင့်မှတ်တမ်းတင်သော ခရီးသွားမှတ်တမ်း၊ ဝတ္ထုများတွင် ကာလဒေသကို အတိအကျမှတ်တမ်းတင်မှုသဘော အလေးကဲသည်ကို တွေ့ရသည်။ ကဗျာနှင့် ဂီတတွင်မူ ကာလတိကျသော ချာမှုကို အလေးမကဲဘဲ နေရာဒေသ၏အထင်ကရဖြစ်ပုံ၊ နှစ်သက်ဖွယ်ဖြစ်ပုံကို အဓိကထားဖော်ကျူးသည်ကို လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် အထင်ကရဒေသများကို ဂီတနှင့်ဖန်တီးရာတွင် စာပေနှင့်ဆက်စပ်ဖန်တီးမှုသည် ပို၍စိတ်ဝင်စားနှစ်သက်မှုဖြစ်စေသည့်သဘောကို လေ့လာတွေ့ရှိရသည်။ အထင်ကရဒေသများကို အခြားမတူညီသော အနုပညာရှုထောင့်များမှ တင်ပြမှုများကို ဆက်လက်လေ့လာလိုသူများအတွက် အထောက်အကူပြုမည့် စာတမ်းတစ်စောင်ဖြစ်မည်ဟု ယုံကြည်မိပါသည်။

ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်စေရန် ပညာအမွေပေးခဲ့ပါသော မိဘနှစ်ပါးနှင့်ခင်ပွန်းဖြစ်သူအားလည်းကောင်း၊ သင် ဆရာမြင်ဆရာ ကြားဆရာများနှင့်တကွ (၂၇)နှစ်မြောက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ကျောင်းနှစ်ပတ်လည် နေ့ကျင်းပရေးကော်မတီအဖွဲ့ဝင် လူကြီးများအားလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ခေတ္တ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာ မျိုးမင်းထွန်းနှင့် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာ အေးအေးကို၊ ဒေါက်တာ သီတာအောင် တို့အားလည်းကောင်း၊ မြန်မာစာဌာနမှ ပါမောက္ခ(ဌာနမှူး) ဆရာမကြီး ဒေါက်တာ ခင်စန်းဝင့်နှင့် ပါမောက္ခ ဆရာမကြီးများ၊ လုပ်ဖော်ကိုင်ဖက်ဆရာ၊ ဆရာမများအားလုံးကို အထူး ကျေးဇူးတင်ရှိပါသည်။

ကျမ်းကိုးစာရင်း

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၄)။ သီချင်းနားထောင်သူတစ်ယောက်၏ ရင်ထဲကသီချင်းများ အကြောင်း။ ရန်ကုန်။ ပုဂံစာအုပ်တိုက်။

ခင်အေး၊ ဒေါက်တာ။ (၂၀၀၄)။ အတ္ထဗေဒနိဒါန်း။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

တာရာ၊ ဒဂုန်။ (၁၉၆၇)။ စာပေသဘောတရား စာပေဝေဖန်ရေး စာပေလှုပ်ရှားမှု။ ရန်ကုန်၊ နံ့သာတိုက်။

တင်၊ ဦး(ပုဂံဝန်ထောက်မင်း)။ (၁၉၆၉)။ ကဗျာဗန္ဓသာရကျမ်း။ ရန်ကုန်၊ လယ်တီမဏ္ဍိုင်။

ဘုန်းနိုင် (တက္ကသိုလ်)။ (၁၉၉၄)။ ခပ်သိမ်းကလျာရှုဖွယ်သာတည်း(ပထမတွဲ)။ ရန်ကုန်၊ ရာကျော်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့ဦးစီးဌာန။ (၁၉၈၀)။ မြန်မာအဘိဓာန်အကျဉ်းချုပ်။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့ဦးစီးဌာန။ (၂၀၁၈)။ မြန်မာအဘိဓာန်။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

လှထွတ် (စန္ဒယား)။ (၂၀၁၁)။ မြန်မာ့ဂီတရေစီးကြောင်း (ဒုတိယတွဲ)။ ရန်ကုန်၊ ချမ်းသာပုံနှိပ်တိုက်။

https://www.youtube.com/watch?v=VDxyS48VMas&list=RDVDxyS48VMas&start_radio=1

ttps://www.youtube.com/watch?v=3lmOqkhjBvs&list=RD3lmOqkhjBvs&start_radio=1

https://www.youtube.com/watch?v=QMrkvYmKjnI&list=RDQMrkvYmKjnI&start_radio=1

ပြောင်းလဲလာသောမြန်မာကဗျာလမ်းကြောင်း

စမ်းမြင့်သင်း[၁]

စာတမ်းအကျဉ်း

ဤစာတမ်းသည် "ပြောင်းလဲလာသော မြန်မာကဗျာလမ်းကြောင်းကို" လေ့လာတင်ပြ ထားသော စာတမ်းတစ်စောင်ဖြစ်ပါသည်။ မြန်မာစာပေတွင် စကားပြေနှင့် ကဗျာဟူ၍ရှိရာ မြန်မာကဗျာ၏ ခေတ်အလိုက်ပြောင်းလဲ လာပုံများကို လေ့လာတင်ပြထားပါသည်။ ခေတ်အလိုက်မြန်မာကဗျာ အမျိုးမျိုးပေါ်ထွန်းခဲ့သည်။ ခေတ်အလိုက် ပေါ်ထွန်းခဲ့သော မြန်မာကဗျာ များတွင် ရေးဖွဲ့ပုံနည်းစနစ်ရှိသည်။ ခေတ်အလိုက်ရေးဖွဲ့ရာတွင် အကြောင်း အရာပေါ်မူတည်၍ ရေးဖွဲ့ပုံစနစ်များသည်လည်း ကွဲပြားကြသည်။ ခေတ် အလိုက်ကွဲပြားလာသော၊ ပြောင်းလဲလာသော မြန်မာကဗျာလမ်းကြောင်း များကို သိရှိစေရန်အတွက် လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ မြန်မာကဗျာ လေ့လာလိုသူ များအတွက် အကျိုးကျေးဇူးများ ရရှိနိုင်ရန်မျှော်မှန်းပါသည်။

သော့ချက်ဝေါဟာရများ။ ။ *ကဗျာ၊ နည်းစနစ်၊ ပြောင်းလဲပုံ၊ လမ်းကြောင်း၊ အကြောင်းအရာ။*

၁။နိဒါန်း

မြန်မာစာပေလမ်းကြောင်းကို လေ့လာကြည့်လျှင် ခေတ်အဆက်ဆက်ပြောင်းလဲ တိုးတက်လာ ခဲ့သည်။ မြန်မာစာပေအရေးအသားသည် ၁၂ရာစုအစပိုင်းတွင် စတင်ပေါ်ပေါက်ခဲ့သည့်အတွက် ထိုကာလကို မြန်မာစာပေစတင်သည့်ကာလဟု မှတ်ယူနိုင်ပါသည်။ ယခုဆိုလျှင် မြန်မာစာပေ သက်တမ်းသည် နှစ်ပေါင်း ၉၀၀ နီးပါးရှိခဲ့ပြီဖြစ်သည်။ ရှေးမြန်မာစာပေသည် ကဗျာထွန်းကား သည်။ စကားပြေသည် ကဗျာလောက်အင်အားမကောင်းခဲ့ပေ ဗုဒ္ဓစာပေနှင့် ထီးနန်းဝန်းကျင်ကို အကြောင်းပြု၍ ပေါ်ပေါက်လာသောစာပေများတွင် ကဗျာပုံသဏ္ဌာန် အမျိုးမျိုးတွေ့နိုင်သည်။ ကဗျာလင်္ကာများသည် လူ့ဘဝအရွယ်အမျိုးမျိုးနှင့် အတူထပ်ကြပ်မကွာ ရှိနေသည်။

လူ့ဘဝနှင့်ကဗျာသည် မကင်းမကွာ ဆက်စပ်နေသည့်အတွက် ကဗျာ၏အခန်းကဏ္ဍ သည်လည်း အရေးပါလှသည်။ မြန်မာကဗျာတွင် လေးလုံးစပ်၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ တျာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ တေးထပ်စသည့်စပ်ထုံးစပ်နည်းများ၊ ဖွဲ့ထုံးဖွဲ့နည်းများစွာနှင့်

တင့်တယ်ဝေဆာစွာ တည်ရှိခဲ့သည်။ သက်တမ်းရှည်ကြာခိုင်မာသော ကဗျာအဖွဲ့မှာ "လေးလုံးစပ်" ကဗျာအဖွဲ့ဖြစ်သည်။ ပျို့၊ မော်ကွန်း၊ ဧချင်း၊ ရတုတို့သည် ထင်ရှားသော လေးလုံးစပ်အဖွဲ့များဖြစ်သည်။

ပုဂံခေတ်မှ ယနေ့မျက်မှောက်ခေတ်ကလအထိ ရေးဖွဲ့ခဲ့ကြသမျှသော ကဗျာများတွင် အများစုမှာကာရန်ကို စည်းကြီးကမ်းကြီးတစ်ရပ်အဖြစ်လက်ခံကာ ရေးသားခဲ့ကြပြီး မျက်မှောက်ကာလတွင် ကာရန်လွတ်လပ်၊ ကာရန်မဲ့စသည်ဖြင့် ရေးသားခဲ့ကြသော ကဗျာများ လည်းရှိသည်။ စာဆိုတို့သည် စာဆို့အခွင့်ထူးဖြင့် ပြောင်းလဲသွေဖည်ရေးလာကြသည်။ ခေတ်၏ခံစားမှု ခေတ်ပြိုင်ခံစားမှုကိုဖော်ကျူးရာတွင် မြို့ပြခံစားမှုသာမက ကျေးလက်ခံစားမှု များကိုပါ ဖော်ကျူးစပ်ဆိုခဲ့ကြသည်။ ကဗျာရေးသူတို့သည် ကဗျာဖတ်သူတို့၏ ရင်ထဲ စွဲငြိစေရန် ခေတ်ပြိုင်လှုပ်ရှားမှုများက လှုံ့ဆော်သည့် ခံစားမှုများ၊ အတွေးအမြင်များကို ပေါ်လွင်အောင် ရေးဖွဲ့ခဲ့ကြပါသည်

၁.၁။ သုတေသနပြုရခြင်းရည်ရွယ်ချက်နှင့်ရလဒ်

ဤစာတမ်းသည် မြန်မာစာပေရှိ ကဗျာလမ်းကြောင်း၏ ပြောင်းလဲတိုးတက်လာပုံကို ဖော်ထုတ်ပြလိုခြင်းဖြစ်ပါသည်။ ထိုမှမြန်မာကဗျာဖွဲ့စပ်ပုံနည်းစနစ်များကို သိရှိစေပြီး

[၁] ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။

မြန်မာကဗျာဖွဲ့စပ်လိုသူများအတွက် နည်းယူလိုသည့် အကျိုးကျေးဇူးများကို ရရှိစေပြီး မြန်မာကဗျာများ၏ ခေတ်အလိုက်ပြောင်းလဲတိုးတက်လာပုံတို့ကို သိရှိနိုင်သည့် အကျိုးကျေးဇူ များကိုလည်း ရရှိစေနိုင်ပါသည်။

၁.၂။ သုတေသနမေးခွန်းနှင့်ပြဿနာ

(၁)ဤသုတေသနစာတမ်းတွင် မြန်မာကဗျာများ၏ ခေတ်အလိုက်ပြောင်းလဲတိုးတက်လာမှုကို ဖော်ထုတ်ပြနိုင်ခြင်း ရှိ၊ မရှိ။

(၂)ထိုပြောင်းလဲလာသော ခေတ်အလိုက်ပေါ်ထွန်းခဲ့သော ကဗျာများသည် မြန်မာစာပေအတွက် အကျိုးကျေးဇူးရှိ၊ မရှိ။

ဟူသော မေးခွန်းနှင့်ပြဿနာများကို ဖော်ထုတ်၍ လေ့လာတင်ပြသွားပါမည်။

၃။ နည်းနာ

ဤစာတမ်းတွင် မြန်မာကဗျာတို့၏ ခေတ်အလိုက်ပြောင်းလဲတိုးတက်လာပုံကို သုတေသန ပြုရာတွင်-

(၁)ပညာရပ်ဆိုင်ရာနည်းနာနှင့်

(၂)သုတေသနနည်းနာ တို့ဖြင့် ဖော်ထုတ်တင်ပြပါမည်။

၃.၁။ ပညာရပ်ဆိုင်ရာနည်းနာ

ဤစာတမ်းတွင် မြန်မာကဗျာတို့၏ ခေတ်အလိုက်ပြောင်းလဲတိုးတက်လာပုံကို သုတေသန ပြုရာတွင် ကဗျာနှင့်ဆိုင်သောကျမ်းများ၊ သုတေသနစာတမ်းများ၊ ပါရဂူကျမ်းများ၊ ကဗျာနှင့် ဆိုင်သော သိမှတ်စရာတို့ကိုဖတ်ရှုလေ့လာ၍ တင်ပြထားပါသည်။ အထူးသဖြင့် ဒေါက်တာ အောင်မြင့်ဦး၏ သုတေသနဟူသည်၊ ခေတ်ပေါ်ကဗျာ၊ မော်ဒန်ကဗျာစာတမ်းများ၊ ခေတ်ပေါ် ကဗျာနှင့် စိမ်းစိုသောလမ်းကလေး၊ ဒေါက်တာဇော်နိုင်၏ ၂၀ရာစုမြန်မာကဗျာများ ပြောင်းလဲ ဖြစ်တည်လာပုံအစရှိသော စာအုပ်စာတမ်းများကို မှီငြမ်းကိုးကားယူခဲ့ပါသည်။ ကဗျာနှင့်ပတ်သက်၍ မြန်မာစာအဖွဲ့ကထုတ်ဝေသော မြန်မာအဘိဓာန်(၂၀၀၈)တွင်-

> ကဗျာ/ဂဗျာ/န-စည်းမျဉ်းများနှင့်အညီ စာလုံး၊ စာပိုဒ်အရေအတွက် ကာရန်အချိတ်အဆက်၊ အသံအနေအထားစသည်ဖြင့် စီကုံးထားသော အဖွဲ့အနွဲ့ (စာ ၅)

ဟူ၍ လည်းကောင်း၊

> မောင်ခင်မင်(ခနဲဖြူ)ကလည်း စာပေသမုဒ္ဒရာ၌ လက်ပစ်ကူးခြင်း(၂၀၁၀)တွင်
>
> > ကဗျာသည် ရသစာပေဖြစ်သည်။ စာဖတ်သူကို ရသဟူသော နှစ်သက်မှုပေးစွမ်းနိုင်ရမည်၊ စာဖတ်သူနှစ်သက်စေရန်အတွက် နှစ်သက်ဖွယ်အလှကို ကဗျာတွင်ဖန်တီးရသည်။ ထိုအလှတို့တွင် အသံက ဖန်တီးပေးသည့်အလှသည်လည်း အပါအဝင်ဖြစ်သည်။
> >
> > (စာ ၆၅-၆၆)

ဟူ၍ လည်းကောင်း၊

> မမိုးမြေကလည်းကဗျာဖန်တီးသူနှင့် ကဗျာခံစားသူ(၂၀၀၈)တွင်
>
> > ရသစာပေ၏ သဘောမှာ အတွေ့အကြုံ၊ ခံစားမှု၊ စေတနာကို အရင်းခံရပါသည်။ ထိုအချက်များပေါ်လာစေမည့် စိတ်ကူးကိုမွေးယူရ ပါသည်။

> ထိုစိတ်ကူးကိုပေါ်လွင်စေမည့် စကားသုံး၊ အသံ၊ ကာရန်၊ နိဓိတ်ပုံ၊ အလင်္ကာတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ရပါသည်။ (စာ ၂)

ဟူ၍လည်းကောင်း ကဗျာနှင့်ပတ်သက်၍ ပညာရှင်တို့က ဖော်ထုတ်တင်ပြထားကြပါသည်။ ထို့ကြောင့် ကဗျာဟူသည် ရသစာပေအဖွဲ့တစ်ခုဖြစ်သည့်အတွက် နှစ်သက်မှုကိုပေးစွမ်းနိုင်သည့် စကားလုံး၊ ဂုဏ်၊ အလင်္ကာတို့ဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် ဖန်တီးနိုင်စွမ်းရှိသော အဖွဲ့တစ်ခုပင် ဖြစ်ပါသည်။

ကဗျာတစ်ပုဒ်စပ်ဆိုရေးဖွဲ့ရာတွင် ကာရန်သည်အရေးပါလှပါသည်။ ကာရန်နှင့် ပတ်သက်၍ မြန်မာစာအဖွဲ့ကထုတ်ဝေသော မြန်မာစာအဘိဓာန်(၂၀၀၈)တွင်

> ကာရန် ၁။ အက္ခရာတို့၏ အဆုံးဖြစ်သောအသံ
>
> ၂။ ကဗျာလင်္ကာတွင် စည်းမျဉ်းအရစပ်ထားသော စကားလုံးတို့၏ ညီညွတ်သောအသံ (ပါ-ကာရန္တ) (စာ ၈)

ဟူ၍လည်းကောင်း၊

> ကာရန်နှင့်ပတ်သက်၍ ဓမ္မစရိယဦးထွန်းရွှေက "ကဗျာစွယ်စုံကျမ်းကြီး"(၁၉၇၈)တွင်
>
> ကာရန်ဟူသောအမည်သည် ကာရန္တဟူသော ပါဠိဘာသာမှဆင်းသက် လာသော အမည်ဖြစ်၍ အက္ခရာဟုဆိုလိုသည်။ ကာရန်အစပ်ငဲ့သော အက္ခရာအချင်းချင်းအသတ်တူ(ဝါ)အသံတူ စပ်ထားသော လုံးထပ် အက္ခရာတို့ကို ကာရန်ဟုခေါ်ကြသည်။

ဟူ၍လည်းကောင်း၊ ဖွင့်ဆိုထားကြရာ "ကာရန်"ဟူသည် မြန်မာကဗျာလင်္ကာတွင် စည်းမျဉ်းနှင့်အညီ စပ်ထားသော စကားလုံးတို့၏ အက္ခရာအချင်းချင်း၊ အသတ်တူ(ဝါ) အသံတူစပ်ထားသော အသံကိုကာရန်ဟုဆိုကြပါသည်။

မြန်မာကဗျာ၌ ကာရန်ကြီး(၁၆)ပါးနှင့် ကာရန်ငယ်(၆၄)ပါးရှိသည်။ လေးလုံးစပ်ကာရန် စနစ်ကို (၇)မျိုးဖြင့် ခွဲခြားပြထားပါသည်။ ဒေါက်တာလှဘော မြန်မာစာပေဧည့်ခံစာတမ်း (၂၀၀၂)တွင်

> ၁။ (၄-၃-၂)ကာရန်
>
> ၂။ (၄-၃-၁)ကာရန်
>
> ၃။ (၄-၃-၃)ကာရန်
>
> ၄။ (၄-၂) ကာရန်
>
> ၅။ (၄-၁) ကာရန်
>
> ၆။ (၃-၂) ကာရန်
>
> ၇။ (၃-၁) ကာရန် စနစ်တို့ဖြစ်သည်။ (စာ ၁၄၀)

ထိုလေးလုံးစပ်ကာရန်စနစ်အမျိုးမျိုးတို့သည် အကြောင်းအရာကိုပေါ်လွင်အောင် ထောက်ပကူညီပေးတတ်ကြပါသည်။

မြန်မာစာဆိုတို့အများဆုံးအသုံးပြုသော ကာရန်စပ်နည်းမှာ-

> ၁။ (၄-၃-၂)ကာရန်စနစ်
>
> ၂။ (၄-၂) ကာရန်စနစ်

၃။ (၄-၁) ကာရန်စနစ်တို့ဖြစ်သည်။

(၄-၃-၂)ကာရန်စနစ်သည် အသုံးများသော ကာရန်စနစ်ဖြစ်သည်။ ပထမပဒ၏ နောက်ဆုံးအလုံး၊ ဒုတိယပဒ၏ တတိယအလုံး၊ တတိယပဒ၏ ဒုတိယအလုံးတို့ကို ကာရန်ယူထားခြင်း ဖြစ်ပါသည်။(၄-၃-၂)ကာရန်၊ အသံသဘောအရ ၄ မှ ၃၊ ၃ မှ ၂ သို့ တစ်ဆင့်ချင်းပုံမှန်ရွှေ့လျားသည့်အတွက် ဣန္ဒြေရရပုံမှန်လှုပ်ရှားသည့် သဘောဖြစ်သည်၊ ထို့ကြောင့် အေးဆေးတည်ငြိမ်သော မြင်ကွင်းအဖြစ်အပျက်၊ သာယာပြေပြစ် သော အကြောင်းအရာတို့ကို သရုပ်ဖော်ရာတွင် (၄-၃-၂)ကာရန်ကို အသုံးပြုလေ့ရှိပါသည်။

(၄-၂)ကာရန် စနစ်သည် နှစ်ပဒတွဲယူရသော စနစ်ဖြစ်သည်။ ပထမပဒ၏ နောက်ဆုံးအလုံးနှင့် ဒုတိယပဒ၏ ဒုတိယစာလုံးတို့ ကာရန်ယူထားခြင်းဖြစ်သည်။ ရှေ့ပဒမှ နောက်ဆုံးအလုံးနှင့်နောက်ပဒမှ ဒုတိယစာလုံးတို့ကို ကာရန်လှမ်းချိတ်ရသည့်အတွက် သွက်လက်သည့်အသံအရှိန်ပါသည်။ ရှေးကဗျာများတွင် ကာရန်စနစ်ကို အခြေတည်၍ ဖွဲ့ဆိုကြ သည်။

၃၊၂။ သုတေသနနည်းနာ

မြန်မာကဗျာတို့၏ ပြောင်းလဲလာသော ကဗျာလမ်းကြောင်းကို လေ့လာတင်ပြရာတွင် ကဗျာ၏ ရေးထုံးနည်းစနစ်များ၊ ကာရန်စည်းကမ်းများ၊ ပြောင်းလဲပေါ်ပေါက်လာသော ခေတ်ပေါ်ကဗျာ များကို ကဗျာစည်းကမ်းချက်များ၊ နည်းနာများ၊ သီအိုရီများနှင့် ချိန်ထိုးလေ့လာတင်ပြ ထားပါသည်။ ဤစာတမ်းသည် အခြေခံသုတေသန (Basic research)နှင့် အသုံးချသုတေသန (Applied research)တို့ကို အခြေခံ၍ လေ့လာဖော်ထုတ်တင်ပြထားပါသည်။

၄။ လေ့လာတွေ့ရှိချက်

မြန်မာစာပေသမိုင်းတစ်လျှောက်ခေတ်အလိုက် ကိုယ်စားပြုခေါ်ဝေါ်သော ဝေါဟာရများရှိခဲ့ သည်။ သမိုင်းခေတ်တစ်လျှောက်ခေတ်အဆက်ဆက်ခေါ်ဝေါ်သော ဝေါဟာရများကို တွေ့ရ သည်။ ရှေးခေတ် ထီးနန်းစိုက်ရာ မင်းနေပြည်တော်များတွင် ထွန်းကားခြင်းဖြစ်သည့် အတွက် ထိုမင်းနေပြည်တော်အမည်များဖြင့် သမိုင်းခေတ်သတ်မှတ်ခဲ့သည်။ ထိုအစဉ်အလာ နှင့် အညီ မြန်မာစာပေခရီးကို ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်ဟူ၍ ခေတ်အလိုက်ပိုင်းခြား ထားပါသည်။ ဤသည်ကို မောင်ခင်မင်(ခနုဖြူ)၏ မြန်မာစာပေခရီး စာအုပ်(၂၀၁၄)တွင်

> ရှေးခေတ်မြန်မာစာပေသည် ခေတ်အဆက်ဆက် မြန်မာမင်းများ ထီးနန်းစိုက်ရာ မင်းနေပြည်တော်များတွင် ထွန်းကားခြင်းဖြစ်သည့် အလျှောက် ထိုမင်းနေပြည်တော်အမည်များဖြင့် သမိုင်းခေတ်သတ်မှတ် သည့် အစဉ်အလာနှင့်အညီ ရှေးခေတ်မြန်မာစာပေခရီးကို (၁)ပုဂံခေတ် (၁၀၄၄-၁၂၈၇)၊ (၂)ပင်းယခေတ်(၁၂၉၉-၁၃၆၄)၊ (၃)အင်းဝခေတ် (၁၃၆၄-၁၅၅၅)၊ (၄)တောင်ငူခေတ်(၁၅၁၀၊ ၁၅၉၉)၊ (၅)ညောင်ရမ်း ခေတ်(ဒုတိယအင်းဝခေတ်) (၁၆၀၀-၁၇၅၂)၊ (၆)ကုန်းဘောင် ခေတ်(၁၇၅၂-၁၈၈၅)ဟူ၍ ခေတ်များပိုင်းခြားထားပါသည်။ (စာ ၁၇)

ဟူ၍ဖော်ပြထားပါသည်။

ပုဂံခေတ်ပေါ်ဟုဆိုသည့် ကဗျာများလည်းရှိသည်။ ယင်းတို့မှာ "သိုးကလေ"ချီ ပုပ္ပါးနတ်တောင်ဘွဲ့ လင်္ကာ၊ "သူတည်းတစ်ယောက်"ချီ အနန္တသူရိယမျက်ဖြေလင်္ကာ၊ "မြကန်သာ"ချီ မြကန်ဘွဲ့ လင်္ကာတို့ဖြစ်သည်။ သာဓကအနေဖြင့် တင်မိုး၏မြန်မာကဗျာဖွဲ့နည်း (၂၀၁၃) "သိုးကလေ"ချီ ကဗျာတွင်

> သိုးကလေ၊ ပုပ္ပါးနတ်တောင်

အခေါင်မြင့်ဖျား၊ စုံတောပြားၭ
နံ့ရှားကြိုင်လွင့်၊ ခါတန်ပွင့်သည့်
ရွှေနှင့်ယိုးမှားပန်းစကား (စာ ၆၇)

ဟူသောအဖွဲ့တွင် ၄-၂။ (တောင်၊ ခေါင်)၊ ၄၊ ၃၊ ၂။ (ဖျား၊ ပြား၊ ရှား) ၄၊ ၃၊ ၂ (လွင့်၊ ပွင့်၊ နှင့်)။ အဆုံးချအပိုဒ်တွင် (၇)လုံး ချထားပါသည်။ လေးလုံးစပ်လင်္ကာစပ်နည်းများတွင် ကာရန်စနစ် များကို အလျဉ်းသင့် သလို ၄-၃-၂။ ၄-၃-၁။ ၄-၂-၄၊ ၁။ စသည်ဖြင့် စပ်ဆိုလေ့ရှိကြသည်။ သတ်မှတ်ချက်မရှိပေ။

ပင်းယခေတ်ပေါ်ကဗျာများဖြစ်သည့် ကာချင်းကဗျာများသည် အကြောင်းအရာအားဖြင့် စစ်သွေးစစ်မာန်တက်ကြွဖွယ်များနှင့် မြို့၏ သာယာပုံများကို စပ်ဆိုထားကြသည်။ အထူးသဖြင့် ကာချင်းကဗျာသည် စစ်သွေးစစ်မာန်တက်ကြွစေရန် လှုံ့ဆော်ပေးသည့် ဇာတိမာန်ကဗျာ အမျိုးအစားဖြစ်သည်။ အစောဆုံးတွေ့ရသော ငါးစီးရှင်ကျော်စွာ၏ ကာချင်းကသက်သေ ခံနေပါသည်။ ကဗျာရေးဖွဲ့ရာတွင်လည်း လေးလုံးစပ်နည်းဖြင့် စပ်ဆိုကြသည်။

အင်းဝခေတ်တွင် ကဗျာအခန်းကဏ္ဍကြီးထွားလာခဲ့သည်။ အကြောင်းအရာများမှာ တရားသဘောမှ လောကသဘောသို့ချဲ့ဖြန့်လာကြသည်။ နန်းတွင်းတေးချော့ကဗျာဖြစ်သော ဧချင်း၊ ရာဇရေးကိုဦးစားပေးဖွဲ့ဆိုသော မော်ကွန်း၊ တောလားကဗျာများပေါ်ထွန်းသည်။ မင်း၊ မိဖုရားတို့၏ သားတော်သမီးတော်များကို ချော့သိပ်ရာတွင် ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့၏ ရဲစွမ်းသတ္တိ၊ ဘုန်းတန်ခိုး၊ နိုင်ငံစွမ်းဆောင်ချက်များကို ချီးမြှင့်ပြောဆို လိုသောအခါ ဧချင်းကဗျာဖြင့် ရေးဖွဲ့ကြသည်။ မင်းတို့၏စံနန်းတော်၊ တံတားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရေကန်တူးဖော်ခြင်း၊ စစ်နိုင်ခြင်းစသော အကြောင်းတရားများကို မော်ကွန်းကဗျာဖြင့်ရေးဖွဲ့ခဲ့ကြသည်။ ရှေးပညာရှိတို့သည် ဇာတ်ကြောင်းတစ်ခုခုကို ဖွဲ့ဆိုလို သောအခါ ပျို့ကဗျာဖြင့်ရေးဖွဲ့ကြသည်။ (ဘုရားဟောဇာတက၊ ၅၅၀ ဇာတ်၊ ဇာတ်ကြီး ၁၀ဘွဲ့)တို့ကို မှီငြမ်းရေးဖွဲ့ခဲ့ကြသည်။ ရေးဖွဲ့ရာတွင် လေးလုံးစပ်လင်္ကာဖြင့်သာ ရေးဖွဲ့ကြသည်။ ပိုဒ်ရေကိုလိုအပ်သလိုချဲ့၍ ရေးဖွဲ့နိုင်သည်။

တောင်ငူခေတ်သည် စစ်ရေးထူပြောသောခေတ်ဖြစ်သည်။ ထိုခေတ်တွင်ပေါ်သော ကဗျာ များသည် စစ်ကိုနောက်ခံပြုသောရတုများဖြစ်သည်။ ဧချင်း၊ မော်ကွန်း၊ ပျို့များလည်းထွန်း ကား သည်။ ရတုအမျိုးအစားများအနေဖြင့် ဘုရားတိုင်၊ စစ်ချီတွဲ့၊ မယ်တွဲ့၊ မောင်တွဲ့၊ ရာသီတွဲ့တို့ကို ရေးဖွဲ့ကြသည်။ ရတုကဗျာစပ်နည်းသည်လင်္ကာစပ်နည်းကဲ့သို့ ၄-၃-၂၊ ၄-၃-၁၊ ၄-၁ ဖြင့် ကာရန်ယူ၍စပ်ကြသည်။ ရတုဟူသည် သဘင်အခမ်းအနားအခြေအနေဟူ၍အဓိပ္ပာယ်ရသည်။ အပိုဒ်အရေအတွက်ကိုလိုက်၍ ရတုအမျိုးအစား(၃)မျိုးခွဲခြားနိုင်သည်။ ဧကပိုဒ်ရတု(တစ်ပိုဒ်ဖွဲ့)၊ အဖြည့်ခံရတု(နှစ်ပိုဒ်ဖွဲ့)၊ ပိုဒ်စုံရတု(သုံးပိုဒ်ဖွဲ့) ဟူ၍ရှိသည်။ ရတုအချပိုဒ်တွင် (၇)လုံး၊ (ခိုင်ညွန့်ခက်ဖြာချနည်း)ကို အများဆုံးချကြသည်။ အချီကာရန်ချင်း၊ အချကာရန်ချင်းညီညွတ်ရ သည်။ ရတုတွင် အချီညီ၊ အချညီခြင်းသည် အဓိကဖြစ်သည်။

ညောင်ရမ်းခေတ်တွင် ဧချင်း၊ ကဗျာများလည်းထွန်းကားလာသည်။ ညောင်ရမ်းခေတ် တွင် ဝန်ကြီးပဒေသရာဇာ၏ တျာချင်းကဗျာများ၊ တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်း ကဗျာများထွန်းကားသည်။ "မြန်မာစာပေခေတ်တစ်ခန်းလှစ်ခဲ့သည်" ဟု ဆိုရလောက်အောင် ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများကကောင်းမွန်လှသည်။ ရှေးအစဉ်လာရေးဖွဲ့ခဲ့သော မင်းတို့၏အကြောင်း၊ ထီးနန်းဝန်းကျင်အကြောင်းများကို သွေဖည်၍ လယ်သမား၊ ထန်းတက် သမား၊ နွားဝန်တင်သမား.... စသည့် သာမန်လက်လုပ်လက်စားပြည်သူတို့၏ ဘဝကို ရေးဖွဲ့ထားသောကြောင့် မြန်မာစာပေတစ်ခန်းလှစ်ခဲ့သည်ဟု ဆိုစမှတ်ပြုခြင်းဖြစ်သည်။ တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းကဗျာများကလည်း ကျေးလက်နေမိန်းမပျိုတို့၏ ဘဝ၊ ခံစားမှုကိုထင်ဟပ်ပြသည်။

ကုန်းဘောင်ခေတ်တွင် ရတုများ၊ ဇချင်းများ၊ မော်ကွန်း၊ ပျို့ကဗျာများစုံလင်စွာပေါ် ထွန်းသည်။ ရဲတင်း၊ လူးတား၊ သံပေါက်၊ ဒုံးချင်း၊ ဗုံကြီးသံ၊ ဘောလယ်၊ သံချို့ တေးထပ်အစရှိ သော ကဗျာမျိုးစုံထွန်းကားသည်။ အကြောင်းအရာအမျိုးမျိုးကိုရေးကြပြီး လေးလုံးစပ်လင်္ကာ ဖြင့် ရေးဖွဲ့ကြသည်။ ဒွေးချိုး၊ တြိချိုး၊ လေးချိုးတို့သည် ကုန်းဘောင်ခေတ်တွင် အထူးခေတ်စား သော ကဗျာများဖြစ်သည်။ ဒွေးချိုးတွင်အချိုးနှစ်ချိုးပါသည်။ တြိချိုးသည် အချိုးသုံးချိုးပါဝင်ပြီး၊ လေးချိုးသည် အချိုးလေးချိုးပါဝင်သည်။ သာဓကအနေဖြင့် တင်မိုး၏မြန်မာကဗျာဖွဲ့နည်း (၂၀၁၃) ချိုးနှစ်ကောင်ကဗျာတွင်

ချိုးနှစ်ကောင်
ထနှောင်းပင်ညီနောင်က
လွမ်းအောင်ကူခွဲ။
ပန်းတော်ဖြူ
ပင်မြက်နေစာထူလှတယ်
ဖိုးတောင်သူတဲ့။

ဟူသော ဒွေးချိုးကဗျာတွင် အချိုးနှစ်ချိုးပါသည်။ "ပထမအချိုး၏အဆုံးကာရန် ခွဲ နှင့် ဒုတိယအချိုး၏ အဆုံးကာရန် တဲ့" ဟူ၍ (-ဲ့)အဲကာရန်ကိုယူထားပြီး အချိုးအဆုံးသတ် ထားသည်။ ပထမပိုဒ်ရှိပထမကြောင်းတွင် 'ကောင်'၊ ဒုတိယကြောင်းတွင် 'နောင်'၊ တတိယကြောင်းရှိ 'အောင်'ဟူ၍ (ော-ောင်)ကာရန်ကိုယူ၍ ရေးဖွဲ့ထားသည်။ ဒုတိယအချိုး၏ ပထမကြောင်းရှိ "ဖြူ"နှင့် ဒုတိယပိုဒ်ဒုတိယကြောင်းရှိ "ထူ"၊ တတိယကြောင်းရှိ "သူ"ကာရန် (-ူ)အူ ကာရန်ယူ၍ဖွဲ့ဆိုထားသည်။ ပိုဒ်တွင်းကာရန်များယူ၍ အချိုးနှစ်ချိုးပါရှိသဖြင့် ဒွေးချိုး၊ အချိုးသုံးချိုးဖွဲ့စပ်လျှင်တြိချိုး၊ အချိုးလေးချိုးပါရှိပါက လေးချိုးဟုခေါ်ကြသည်။

ကိုလိုနီခေတ်နှင့် ကိုလိုနီခေတ်အလွန်ကာလများရောက်မှသာ စာပေအယူဝါဒ(သို့) နိုင်ငံရေးအယူဝါဒတစ်ခုခုကိုအကြောင်းပြု၍ ပေါ်ပေါက်လာသော စာပေလှုပ်ရှားမှုမျိုးကို စတင်တွေ့ရသည်။ ယင်းလှုပ်ရှားမှုများနှင့်အတူ "ခေတ်စမ်း"၊ "ပြည်သူ့စာပေ" "စာပေသစ်" စသည့် စာပေအမျိုးအစား(သို့)စာပေခေတ်တစ်ခုစီကို ကိုယ်စားပြုသည့် ဝေါဟာရများလည်း ပေါ်ပေါက်လာခဲ့သည်။

လွတ်လပ်ရေးခေတ်ကဗျာများတွင် လွတ်လပ်ရေးအတွက် အသက်ပေးလှုသွားသော နိုင်ငံ့ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုချီးကျူး၊ နှမြောတမ်းတသော ကဗျာများ ကို ရေးဖွဲ့ကြသည်။

၁၉၇၀ ပြည့်နှစ်ဝန်းကျင်နှင့် နောက်ပိုင်းကာလကဗျာများတွင် ကာရန်အသုံးပြုမှု လွတ်လပ်လာခြင်း၊ ကာရန်မဲ့လာခြင်း၊ အကွက်သဘောဆောင်လာခြင်း၊ စကားပြေဆန်လာခြင်း၊ နိမိတ်ပုံအဖွဲ့များဖြင့် ရေးဖွဲ့လာကြခြင်းစသည်ဖြင့် ပြောင်းလဲရေးဖွဲ့လာကြသည်။ ၁၉၈၀-၂၀၀၀ ပြည့်နှစ် ခေတ်ပေါ်ကဗျာဆရာတို့သည် ကဗျာကိုပိုမိုလွတ်လပ်စွာ ရေးသားလာကြသည် ကာရန်ကို လုံးဝမသုံးသည်အထိဆန်းသစ်လာကြသည်။ ကဗျာရေးဖွဲ့သူတို့သည် ကဗျာဖတ်ရှု သူတို့ရင်ထဲစွဲငြိစေရန်ရေးဖွဲ့လာကြသည်။

ဇော်ဂျီ၏ ဇော်ဂျီကဗျာပေါင်းချုပ်(၂၀၁၂)"ပိတောက်ပန်း"ကဗျာတွင်-

မခူးချင်စမ်းပါနဲ့
နှစ်ဆန်းခါတော်မှီမို့.....

ပွင့်ငုံကိုလင့်ကုန်ကြတော့လို့
ခေါင်းကြွကာ ဆာဝေဝေနဲ့
သူလည်းလေ လေကီသားလို့ပေါ့
ကြွားချင်လှပေလိမ့်မယ်။ (စာ ၃၂)

ဟူ၍ဖွဲ့ဆိုထားရာ ကာရန်စနစ်ကိုသွေဖယ်ထားပြီးပိုဒ်တွင်အသံကာရန်ယူ၍ ရေးဖွဲ့ထားသည်။ ကိုယ်ချင်းစာတရားများပေါ်ပေါက်အောင်ဖွဲ့ဆိုထားသည်။ ခေတ်စမ်းကဗျာစာဆိုတို့၏ ထူးခြားမှု၊ ဆန်းသစ်မှုပင်ဖြစ်သည်။ ခေတ်စမ်းကဗျာတို့သည် ဆန်းသစ်သည်ကိုတွေ့ရသည်။ ပိတောက်ပန်း လေးသည် တစ်နှစ်မှတစ်ခါပွင့်သည်ကိုတွေ့ရသည်။ ပိတောက်ပန်းလေးသည် တစ်နှစ်မှတစ်ခါ ပွင့်သဖြင့် လူသားများကဲ့သို့ အလှအပကိုထုတ်ဖော်ပြချင်ပေလိမ့်မည်ဟု စာနာပြသည်။ စာဖတ်သူအား စာနာစိတ်ကိုပေးစွမ်းနိုင်သော ဘဝအသိကိုပေးစွမ်းနိုင်သော ကဗျာတစ်ပုဒ်ဖြစ် သည်။

ခေတ်ပေါ်ကဗျာဆရာတို့သည် လေးလုံးစပ်ကဗျာအဖွဲ့ပုံစံ၏ အဓိကတာဝန်ယူပုံဖြစ် သော သက်စေ့နှက်သုံးချက်ညီ နည်း "၄-၃-၂-စပ်နည်းလျှော့ချလာကြပြီး၊ ကာရန်အသုံးပြုမှု လွတ်လပ်လာခြင်းနှင့်ကာရန်မဲ့လာကြသည်။ ကာရန်အသုံးပြုမှုလွတ်လပ်လာခြင်း၊ အစဉ်အလာ ကဗျာအဖွဲ့ပုံစံတွင် စနစ်တကျလိုက်နာအသုံးပြုထားသော ကာရန်စနစ်ကိုစွန့်ပစ်၍ တစ်သီး ပုဂ္ဂလစိတ်ကူးအတိုင်း လွတ်လွတ်လပ်လပ်ရေးဖွဲ့လာကြသည်။ သာဓကအနေဖြင့် မြင့်မိုးအောင်၏ အမဲလိုက်အက (၂၀၀၅)ကဗျာမှ "ညကိုလုပ်ကြံခြင်း"ကဗျာတွင်

လရဲ့အရေခွံ အက်ိဳချုပ်ဝတ်ချင်သူတွေက မြင့်မားတဲ့အိမ်အမိုးတွေ ပေါ်ကနေ၊
သူတို့ရဲ့လက်နက်တွေ့နဲ့ ကောင်းကင်ကို ချိန်ရွယ်ထားကြ တယ်"
(စာ ၈၄)

ဟူသောကဗျာအဖွဲ့တွင် မည်သည့်ကာရန်အသုံးပြုမှုများကိုမျှမတွေ့ရပေ။ ကာရန်အစား အခြားကဗျာပစ္စည်းများဖြစ်သည့် အတွေး၊ စကားအသုံးနှင့်နရီတို့ကို အလေးပေးကာ အသုံးပြု သုံးစွဲရေးဖွဲ့ခဲ့ကြသည်ကိုတွေ့ရသည်။ အကြောင်းအရာအားဖြင့် လ၏အေးမြမှုကိုလိုချင်ကြသော် လည်း အိမ်အမိုးများပေါ်မှ တီဗွီအင်တာနာတိုင်များ၊ အင်တာနက်တိုင်များထောင်ထားကြပုံမှာ လ၏အလှအပနှင့် အေးမြမှုကို အကျည်းတန်စေကြောင်းဖွဲ့ပြထားသည်။

ခေတ်ပေါ်ကဗျာဆရာသည် ထွေပြားလှသည့်အာရုံရိပ်များကိုလှုပ်ရှားမြန်ဆန်လွန်းသည့် စိတ်ဖြင့် တင်ပြလိုသည့်အခါ အကွက်သဘောမိအောင် ဖော်ကျူးရတော့မည်။ ခေတ်ပေါ်ကဗျာ အတင်အပြအတတ်ပညာများသည် အကွက်သဘောဆောင်ကြခြင်းဖြစ်သည်။ သာဓကအနေဖြင့် သိဒ္ဓိတ္တလှိုင်၏ "ဂျွန်လ၏မိုးရေများ'(၁၉၇၂)စာအုပ်မှ"ပန်းသီးနီနီဖြစ်ချင်တယ်"ကဗျာတွင်-

ဟာဝေယံကျွန်းကိုမသိဘူး။
ဘာဒိုးကိုမသိဘူး။
မာတနီကိုမသိဘူး။
အင်ဒိုချိုင်းနားကိုမသိဘူး။
ဟောင်ကောင်ကိုမသိဘူး။
ဆိန်းမြစ်ကိုမသိဘူး။
အစိမ်းရောင်"ကောင်မလေး"ကိုမသိဘူး" (စာ ၉)

ဟူသောကဗျာတွင် စာကြောင်းတစ်ကြောင်းနှင့်တစ်ကြောင်းသည် အကွက်သဘောဖြင့်သာ ဆက်စပ်နေသည်။ မျဉ်းဖြောင့်သဘောဆက်စပ်နေခြင်းမဟုတ်ချေ။ စာကြောင်းတစ်ကြောင်းစီ တွင် အာရုံရိပ်တစ်ခုစီပါရှိသည်။ အာရုံရိပ်တစ်ခုအတွက် အကွက်တစ်ကွက်(စာကြောင်းတစ် ကြောင်း)ကျဖြင့် တင်ပြထားခြင်းဖြစ်သည်။

ခေတ်ပေါ်ကဗျာများ၏ အရေးအဖွဲ့ပုံဏ္ဍာန်သည် စကားပြေဆန်လာခဲ့သည်။ စကားပြေဆန်လာခြင်းဆိုသည်မှာ ကဗျာစာသားများကို စကားပြေစာသားတည်ဆောက်ပုံ အတိုင်း ရေးဖွဲ့ထားသည့်စကားပြေကဗျာပုံစံများအသုံးပြုလာခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ၁၉၉၀ ခုနှစ်ကာလရောက်သော အခါမှသာလျှင် စကားပြေအဖွဲ့ပုံစံ ပီသလာသည့်အရေးအဖွဲ့ များကို သာဓကပြရလျှင် မောင်ပန်းမွေး၏ တစ်ခုသောပန်းဥယျာဉ်(၁၉၇၀)မှ "ငါးမိနစ်" ကဗျာတွင်

တကယ်လို့
မင်းဟာ ငါးမိနစ်သာအသက်ရှင်ရတော့မယ်ဆိုရင်
မင်းဘာလုပ်မလဲကွယ်။
ချစ်သူရင်ခွင်ကြားမှာပဲနေမလား။ ဒါမှမဟုတ် . . .
တရားဘာဝနာပဲအားထုတ်နေမလား။ ဒါမှမဟုတ်
ဗီယက်နမ်ငြိမ်းချမ်းရေးအတွက်ဘဲ ဝိုင်းကြွေးနေမလား၊
ဒါမှမဟုတ် ပန်းပင်လေးတွေပဲ စိုက်နေမလား။ (စာ ၅)

ဟူ၍စကားပြေအဖွဲ့ပုံစံဖြင့် ရေးဖွဲ့လာကြသည်။ အပြောစကားကိုအခြေခံ၍ ကဗျာပါ ဝါကျများ တည်ဆောက်ထားခြင်းဖြစ်သည်။ စကားပြေဟန်တွင်ရှိသော အဖြတ်အတောက်အရပ်အနား အတိုင်း ကဗျာဝါကျများတည်ဆောက်ထားခြင်းဖြစ်သည်။ ကဗျာ၏ အကြောင်းအရာပိုင်းကို နားလည်လွယ်ကူစေပြီး အပြောစကားပြေပုံစံဖြင့်ရေးဖွဲ့ထားသည်။

ခေတ်ပေါ်ကဗျာ (မော်ဒန်ကဗျာ)များတွင် "နိမိတ်ပုံ"ကို အဓိကထားပြီးရေးဖွဲ့ကြသည်ကို တွေ့ရသည်။ နိမိတ်ပုံများကို အားပြုရေးဖွဲ့ကြခြင်းသည် ခေတ်ပေါ်ကဗျာ (မော်ဒန်ကဗျာ)၏ လက္ခဏာတစ်ရပ်ဖြစ်သည်။ "နိမိတ်ပုံ"ဟူသည်မှာ စာဆိုက မိမိပြောဆိုသည်ကို စာဖြင့်ရေးဖွဲ့ သရုပ်ဖော်ထားသည့် ပုံရိပ်ဖြစ်သည်။ အနုပညာလောကရှိ "နိမိတ်ပုံ" ၏ သဘောသည် အလွန်ကျယ်ဝန်းသည်။ နိမိတ်ပုံသည် ကဗျာထဲတွင် ဥပစာအဖြစ်လည်းကောင်း၊ အလင်္ကာအဖြစ် လည်းကောင်း၊ သင်္ကေတအဖြစ်လည်းကောင်း ရှုပ်ပြောင်း၍အမျိုးမျိုးတည်ရှိနေတတ်သည်။ သာဓကအားဖြင့် -အောင်ဝေး၏ ငါးရိုးနင်တဲ့ငွေလမင်း(၂၀၀၄)ကဗျာတွင်

ကောင်းကင်မော့ကြည့်ဦးမှ
ဟောဟိုတိုက်အမိုးတွေပေါ်
ထိုးထိုးထောင်အပြိုင်အဆိုင်
တီဗွီတိုင်တွေရှုပ်ယှက်ခတ်
လမျက်နှာအရိုးနင်ပုံ
မြင်ရုံနဲ့မော
တောပဲပြန်ချင်ပါတော့တယ်။

ဟူသော ကဗျာအဖွဲ့တွင် စက်မှုသိပ္ပံခေတ်ကြီးထဲမှမြို့ပြ၏မွန်းကြပ်ပုံ၊ သဘာဝအလှတရားများ ပျောက်ဆုံးနေပုံနှင့် ကျေးလက်ကိုတမ်းတကြောင်း ဖွဲ့ဆိုထားသည်။ မြို့ပြအကြောင်းဖွဲ့ဆိုသော ကဗျာထဲတွင် ထိုကဗျာပေါက်ဖွားရာမြို့ပြလူမှုအဖွဲ့အစည်းနှင့် မြို့ပြခံစားမှုကိုအခြေခံသော အကြောင်းအရာများသည်လည်း ခေတ်ပေါ်ကဗျာတို့၏ လက္ခဏာတစ်ရပ်ပင်ဖြစ်ပါသည်။ ကောင်းကင်ကိုမော့ကြည့်လိုက်သော်လည်း လကိုကောင်းမွန်စွာမမြင်ရဘဲ၊ တိုက်အမိုးပေါ်များမှ တီဗွီ အင်တာနာများရှုပ်ယှက်ခတ်နေသဖြင့် လမျက်နှာရှင်းရှင်းလင်းလင်းမမြင်ရဘဲ လမျက်နှာ အရိုးနင်နေသလိုမြင်ရသဖြင့် ရင်မောရကြောင်း တောသို့သာပြန်ချင်ကြောင်း မြို့ပြလူနေ ထူထပ်မှု၊ မွန်းကြပ်မှုကို "လမျက်နှာအရိုးနင်"ဟူသော နိမိတ်ပုံအဖွဲ့ဖြင့် ဖော်ပြထားသည့်ကဗျာ တစ်ပုဒ်ဖြစ်သည်။

၅။ သုံးသပ်ချက်

မြန်မာစာပေရှိ ကဗျာ၏အခန်းကဏ္ဍသည် ခေတ်အဆက်ဆက်ပြောင်းလဲတိုးတက်လာခဲ့ပါသည်။ ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်အထိလေးလုံးစပ်လင်္ကာများဖြင့် ကဗျာများကိုရေးဖွဲ့ခဲ့ကြ သည်။ အကြောင်းအရာအားဖြင့် ကဗျာအမျိုးအစားပေါ်မူတည်ပြောင်းလဲရေးဖွဲ့ကြသည်။ ပုဂံခေတ် "သိုးကလေ" ချီ ကဗျာမှသည် ပင်းယခေတ်ကာချင်း၊ အင်းဝခေတ်ပျို့ခေျင်း၊ မော်ကွန်း၊ တောင်ငူခေတ်"ရတု"၊ ညောင်ရမ်းခေတ်တျာချင်း၊ အိုင်ချင်းကဗျာများသည် လေးလုံးစပ်လင်္ကာ စပ်နည်းဖြင့်ရေးဖွဲ့ခဲ့ကြသည်။ ကုန်းဘောင်ခေတ်ပေါ်ကဗျာများတွင်လည်း ဗုံကြီးသံ၊ တေးထပ်၊ သံချို၊ ဘောလယ်၊ ကဗျာတို့ကိုလည်း လေးလုံးစပ်ဖြင့်သာရေးဖွဲ့ခဲ့ကြသည်။ ထိုခေတ်တွင် ဒွေးချိုး၊ တြိချိုး၊ လေးချိုးကဗျာများအထူးခေတ်စားခဲ့သည်။ အချိုးကဗျာများလည်းပေါ်ပေါက် လာခဲ့သည်။

ကိုလိုနီခေတ်မှစ၍ တက္ကသိုလ်ကျောင်းသားလူငယ်တို့စုစည်းပြီး ခေတ်စမ်းစာကိုတီထွင် ခဲ့ကြသည်။ ခေတ်ကိုကိုယ်စားပြုသည့် စာတမ်း၊ ပြည်သူ့အသံဟူသော စာပေအမျိုးအစား များလည်း ပေါ်ပေါက်လာသည်ကိုတွေ့ရသည်။ ၁၉၇၀ ခုနှစ်နောက်ပိုင်းမှစ၍ ကာရန်လွတ်လပ် စွာ ရေးဖွဲ့လာကြသည်။ ကာရန်မဲ့လာကြသည် အလွတ်သဘောဆောင်လာကြသည်။ နိမိတ်ပုံ အဖွဲ့များဖြင့် ရေးဖွဲ့လာကြသည်။ စကားပြေဆန်လာခြင်းစသည့်ခေတ်ပေါ် ကဗျာတို့၏ပြောင်း လဲရေးဖွဲ့လာပုံကိုတွေ့မြင်ရသည်။ ခေတ်ပြိုင်လှုပ်ရှားမှုများက လှုံ့ဆော်ခံစားမှုများ၊ အတွေး အမြင်များကိုပေါ်လွင်အောင် အားထုတ်ရေးဖွဲ့ခဲ့ကြသည်။ မြန်မာကဗျာလမ်းကြောင်း သည် ရှေးရိုးကဗျာရေးဖွဲ့မှုပုံစံမှ ချွတ်ထွင်ရေးဖွဲ့လာကြပြီး ကဗျာပုံစံသစ်များဖြင့် ဆန်းသစ်လာကြကာ မြန်မာကဗျာလမ်းကြောင်းသည်လည်းတိုးတက်ပြောင်းလဲလာသည်ဟု ထင်မြင်ယူဆမိပါသည်။

ရှေးကဗျာများသည်လည်း ရှေးဆန်၍ ခဲ့ညားသကဲ့သို့ ခေတ်ပေါ်ကဗျာများသည်လည်း ဆန်းသစ်ပြီး ခေတ်ကိုထင်ဟပ်မြင်သာစေပါသည်။ မြန်မာကဗျာလမ်းကြောင်း တိုးတက် ပြောင်းလဲလာမှုသည် မြန်မာစာပေအတွက် ကောင်းမွန်သောအကျိုးကျေးဇူးများ ရရှိနိုင်စေသော် လည်း ကဗျာရေးဖွဲ့သူတို့၏ စောင့်ထိန်းသင့်သည်ကို မစောင့်ထိန်းဘဲရေးဖွဲ့နိုင်ခြင်းဖြင့် မြန်မာစာ ပေအတွက် အဆိပ်အတောက်ဖြစ်ကာ ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ကဗျာစာဆိုတို့သည် မြန်မာကဗျာတိုးတက်ပြောင်းလဲလာမှုတွင် ကောင်းကျိုးများပေါ်ထွန်း စေရန်အတွက် ဂရုစိုက်ရေးဖွဲ့သင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

နိဂုံး

မြန်မာကဗျာလမ်းကြောင်းသည် ရှေးခေတ်မှစ၍ မျက်မှောက်ခေတ်တိုင်အောင် ကဗျာပုံသဏ္ဌာန် အမျိုးမျိုးဖြင့် တည်ရှိခဲ့သည်။ မြန်မာကဗျာတို့၏ရေးဖွဲ့ပုံသည် လေးလုံးစပ်ကိုအခြေခံ၍ ရေးဖွဲ့ခဲ့ကြသည်ကများသည်။ ထို့နောက် ဒွေးချိုး၊ တြိချိုး၊ လေးချိုးဟူသည့် အချိုးကဗျာများ လည်းရေးဖွဲ့လာကြသည်။ အကြောင်းအရာသည်လည်း အမျိုးမျိုးကွဲပြားသည့်အလျောက် အကြောင်းအရာပေါ်မူတည်၍

ကဗျာအမျိုးအစားသည်လည်း အမျိုးမျိုးကွဲပြားသည်။ ခေတ်ပေါ် ကဗျာစာဆိုတို့သည် လောအတွေ့အကြုံခံစားချက်၊ ပတ်ဝန်းကျင်ကိုရှုမြင်သုံးသပ်ချက်များကို အားပြုရေးသည့်အတွက် စိတ်ကူးများသည်လည်း လေးနက်သည်။ ကျယ်ပြန့်သည်၊ လွတ်လပ်စွာတွေး၍ လွတ်လပ်စွာရေးဖွဲ့ကာ ဆန်းသစ်ကြသည်။ အသံကာရန်သဘောထက်နရီ စည်းဝါးသဘော၊ နိမိတ်သဘော၊ စကားလုံးအသစ်တီထွင်မှုသဘောများကိုအားပြုလာကြသည်။ မြန်မာကဗျာများသည် စာဖတ်သူ၏စိတ်ကို အံ့သြခြင်းမှတစ်ဆင့်နှစ်သက်ခြင်း၊ ဘဝအတွေး အမြင် ရရှိခြင်းဆီသို့ရောက်အောင်စည်းရုံးခေါ်ဆောင်နိုင်သော ကဗျာများပင်ဖြစ်ပါသည်။

ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်စေရန် ပညာအမွေပေးခဲ့ပါသော ကျေးဇူးရှင် မိဘနှစ်ပါး၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနှင့်တကွ (၂၇)နှစ်မြောက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကျောင်းမွေးနေ့ ကျင်းပရေးကော်မတီ အဖွဲ့ဝင်လူကြီးများ၊ ခေတ္တပါမောက္ခချုပ်ဆရာကြီး ဒေါက်တာမျိုးမင်းထွန်းနှင့် ဒုတိယပါမောက္ခချုပ် ဆရာမကြီးများ၊ မြန်မာစာဌာနမှ ပါမောက္ခ(ဌာနမှူး)ဆရာမကြီး ဒေါက်တာခင်စန်းဝင့်၊ ပါမောက္ခဆရာမကြီးများ၊ မြန်မာစာဌာနမှ ဆရာ၊ ဆရာမများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျမ်းကိုးစာရင်း

ခင်မင်၊ မောင် (ဓနုဖြူ)။ ***(၂၀၁၀)။ စာပေသမုဒ္ဒရာ၌လက်ပစ်ကူးဖြင်း***။ (ဒု)ကြိမ်၊ရွှေဟသ်ံစာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၄)။ ***မြန်မာစာပေခရီး***။ ရာပြည့်စာအုပ်တိုက်။

ဇေယျာလင်းနှင့်စာများ။ (၂၀၁၈)။ ***ခေတ်ပေါ်(မော်ဒန်)ကဗျာစာတမ်းများ***။ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်။

ဇေယျာလင်း။ (၂၀၁၈)။ ***ကဗျာစာတမ်းဆောင်းပါးများ***။ နှစ်ကာလများစာပေ။

ဇော်ဂျီ။ (၂၀၁၂)။ ***ဇော်ဂျီကဗျာပေါင်းချုပ်***(ဒု)ကြိမ်။ စိတ်ကူးချိုချိုစာပေ။

ဇော်နိုင်၊ ဒေါက်တာ။ (၂၀၁၉)။ ***၂၀ ရာစုမြန်မာကဗျာများပြောင်းလဲဖြစ်တည်လာပုံ***။ မိုးသောက်ပန်းစာအုပ်တိုက်။

ထွန်းရွှေ၊ ဦး။(ဓမ္မစရိယ)၊ (၁၉၇၈)။ ***ကဗျာစွယ်စုံကျမ်းကြီး***(ပဥ္စမအကြိမ်)။ ပညာအလင်းပြပုံနှိပ်တိုက်။

မိုးမြေ၊ မ။ (၂၀၀၈)။ ***ကဗျာဖန်တီးသူနှင့် ကဗျာခံစားသူ***။ ရွှေကုံကော်စာပေ။

ပန်းမွေး၊ မောင်။ (၁၉၇၀)။ ***တစ်ခုသောပန်းဥယျာဉ်***။ ဂျာနယ်ကျော်စာပေ။

မျိုးသန့်။ (၂၀၁၇)။***ခေတ်ပေါ်ကဗျာနှင့်စိမ်းစိုသောလမ်းကလေး***။ နှစ်ကာလများစာပေ။

မြင့်မိုးအောင်။ (၂၀၁၅)။ ***အမဲလိုက်အက***။ တိုင်းလင်းစာပေ။

မြန်မာစာအဖွဲ့။(၂၀၀၈)။ ***မြန်မာအဘိဓာန်***။ မြန်မာစာအဖွဲ့ဦးစီးဌာန။

လှဘော၊ ဒေါက်တာ။ (၂၀၀၂)။ ***မြန်မာစာပေဥယျံခံစာတမ်း***(စ)ကြိမ်။ ဒေါင်းစာပေ။

သိဒ္ဓိတ္ထလှိုင်။(၁၉၇၂)။ ***ပွန်လဈိမိုးရေများ***။ ခရမ်းရောင်စာစဉ်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၂၄)။ ***သုတေသနဟူသည်***(တ)ကြိမ်။ ပညာရပ်ဝန်းစာပေ။

အောင်ဝေး။ (၂၀၀၄)။ ***ခေတ်ပေါ်ကဗျာဘာလဲဘယ်လဲ***။ ချမ်းမြေ့ရတနာ။

ဝတ္ထုတိုများမှ လူသဘာဝလေ့လာချက်

သီတာမြစမ်း[၁]

စာတမ်းအကျဉ်း

ဤစာတမ်းသည် ဝတ္ထုတိုများမှ လူသဘာဝတို့ကို စာပေရှုထောင့်မှ ဖော်ထုတ်တင်ပြထားသောစာတမ်း ဖြစ်ပါသည်။ မစန္ဒာ၏ ၂၀ ရာစု ဝတ္ထုတိုများထဲမှ တီဗွီနာ ဝတ္ထုတိုနှင့် သံသရာဝတ္ထုတိုဟူသည့် ဝတ္ထုတို(၂)ပုဒ်ကို အလေ့လာခံအဖြစ် တင်ပြ ထားပါသည်။ ဝတ္ထုတိုများမှ လူသဘာဝသည် ဒိဋ္ဌဓမ္မလူ့လောကပတ်ဝန်းကျင်ရှိ လူတို့၏စရိုက်သဘောသဘာဝနှင့် ထင်ဟပ်ခြင်းရှိမရှိ၊ စာဖတ်သူအတွက် ရသ နှစ်သက်မှုနှင့်အတူ ဘဝအသိအမြင်ပေးနိုင်ခြင်းရှိ မရှိဟူသော သုတေသနမေးခွန်း နှင့် ပြဿနာကို အဖြေရှာရန် ပညာရှင်များ၏အဆိုအမိန့်၊ စာတမ်းရှင်၏ လေ့လာမှု အတွေ့အကြုံပေါ် အခြေခံလျက် မစန္ဒာရေးသော ဝတ္ထုတို(၂)ပုဒ်ကို သရုပ်ဖော်ဆန်းစစ်နည်း၊ ကြောင်းကျိုးဆက်စပ်နည်းတို့ဖြင့် လေ့လာကာ သုတေသနပြု တင်ပြထားပါသည်။

သော့ချက်စကားလုံးများ - ဝတ္ထုတို၊ လူသဘာဝ၊ ရသနှစ်သက်မှု၊ အဆိုအမိန့်၊ ဘဝအသိအမြင်။

၁။ နိဒါန်း

မြန်မာစာပေတွင် သုတစာပေ၊ ရသစာပေ၊ သုတရသစာပေဟူ၍ စာပေအမျိုးအစားများရှိပါသည်။ ရသစာပေဖြစ်သောဝတ္ထုသည် လောကကြီးအတွင်းရှိ လူ့အကြောင်း၊ လောကအကြောင်းတို့ကို ရသမြောက်အောင် ရေးဖွဲ့သည့်စာပေဖြစ်ပြီး လူထုနှင့်အနီးစပ်ဆုံး စာပေပုံသဏ္ဌာန်တစ်ရပ် ဖြစ်ပါသည်။ ဝတ္ထုကောင်းတို့၏သဘောသည် လူကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း လေ့လာ၍ တကယ့်လူ၊ တကယ့်လောကဟု ထင်ရအောင် ရေးဖွဲ့သရုပ်ဖော်နိုင်ခြင်းပင်ဖြစ်သည်။ ဤစာတမ်းတွင် ဝတ္ထုတိုများမှ လူသဘာဝတို့ကို ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက်၊ ဝတ္ထုတိုမှ လူသဘာဝများသည် စာဖတ်သူအတွက် ဘဝအတွက် ဆင်ခြင်စရာ အသိအမြင်ဖြစ်စေသည်ကို ဖော်ထုတ်တင်ပြလိုသောရည်ရွယ်ချက်တို့ဖြင့် လေ့လာဆန်းစစ် တင်ပြထားပါသည်။

၁၊ ၁။ သုတေသနမေးခွန်းနှင့် ပြဿနာ

မစန္ဒာ၏ ဝတ္ထုတိုများကို လေ့လာရာတွင် -

၁။ လူသဘာဝသရုပ်ဖော်ဝတ္ထုဟူသည် အဘယ်နည်း။

၂။ လူသဘာဝသရုပ်ဖော်ဝတ္ထုတိုများသည် ဒိဋ္ဌဓမ္မလူ့လောကရှိ လူတို့၏သဘောသဘာဝ သရုပ်ကို ထင်ဟပ်နိုင်ခြင်းရှိပါသလား။

၃။ လူသဘာဝသရုပ်ဖော်ဝတ္ထုတိုများသည် စာဖတ်ပရိသတ်ကို ရသနှစ်သက်မှုနှင့်အတူ ဘဝအသိအမြင်ပေးနိုင်ခြင်းရှိပါသလားဟူသော သုတေသနမေးခွန်းများ ပေါ်ထွက်လာပါသည်။ ထိုမေးခွန်းများ အနက် လူသဘာဝသရုပ်ဖော်ဝတ္ထုတိုနှင့်ပတ်သက်၍ စာအုပ်စာတမ်းများမှ ပညာရှင်တို့၏ ဖွင့်ဆိုချက်များအရ ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ ပညာရှင်များ၏ဖွင့်ဆိုချက်အရ လူ့သဘာဝ သရုပ်ဖော်ဝတ္ထုတိုဟူသည်မှာ လူသားတိုင်းတွင် ဖြစ်လေ့ဖြစ်ထရှိသော စိတ်နေသဘောထား၊ အပြုအမူ၊ အကျင့်စရိုက်၊ လူ့သဘော လူ့သဘာဝကို သရုပ်ဖော်ထားသော ဝတ္ထုတိုဖြစ်ပါသည်။ ကျန်မေးခွန်းအတွက်အဖြေရှာရာတွင် ဝတ္ထုတိုထဲမှလူ့သဘာဝသည် ဒိဋ္ဌဓမ္မလူ့လောကရှိ လူ့သဘာဝနှင့် ထင်ဟပ်မှု ရှိ၊ မရှိ၊ စာဖတ်သူအတွက် ဆင်ခြင်စရာအသိအမြင်ပေး၊ မပေးဟူသော သုတေသနပြဿနာပေါ်ထွက်လာပါသည်။ ထိုသုတေသနမေးခွန်းနှင့်ပြဿနာကို အဖြေရှာ ဖော်ထုတ်ရန် လိုအပ်လာပါသည်။ ထိုသုတေသနမေးခွန်းနှင့်ပြဿနာများကို ပညာရှင်များ၏ အဆိုအမိန့်၊ စာတမ်းရှင်၏ လေ့လာမှုအတွေ့အကြုံပေါ် အခြေခံလျက် မစန္ဒာရေးသော ဝတ္ထုတို(၂)ပုဒ်ကိုအလေ့လာခံအဖြစ်ထားကာ သရုပ်ဖော်ဆန်းစစ်နည်း၊ ကြောင်းကျိုးဆက်စပ်နည်း တို့ဖြင့် လေ့လာကာ သုတေသနပြု တင်ပြပါမည်။

---

[၁] ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။

ဝတ္ထုတိုတွင် လူ့သဘာဝသရုပ်ဖော် ဝတ္ထုတိုသည် ဒိဋ္ဌမွှလူ့လောကရှိ လူတို့၏သဘောသဘာဝကို ပီပြင်ထင်ဟပ်ကာ စာဖတ်ပရိသတ်ကို နှစ်သက်ခံစားရစေပြီး ဘဝအတွက် ဆင်ခြင်စရာ အသိအမြင်ပေးရာ ရသစာပေဖြစ်သည် ဟူသော အဆိုကြမ်းကို ဖော်ထုတ်ရပါသည်။ ထိုအဆိုကြမ်း မှန်ကန်မှု ရှိ၊ မရှိကို လေ့လာဆန်းစစ် တင်ပြပါမည်။

၂။ နည်းနာ

ဝတ္ထုတိုများမှ လူ့သဘာဝလေ့လာချက်စာတမ်းကို လေ့လာသုတေသနပြုရာတွင် ပညာရပ်ဆိုင်ရာ နည်းနာနှင့် သုတေသနနည်းနာတို့ဖြင့် လေ့လာဆန်းစစ်ပြပါမည်။ ပညာရပ်ဆိုင်ရာနည်းနာအနေဖြင့် ပညာရပ်နယ်ပယ်သည် စာပေလေ့လာမှုနယ်ပယ်ဖြစ်၍ ဘာသာရပ်နယ်ပယ်မှာ ဝတ္ထုတိုကဏ္ဍ ဖြစ်သည်။ ရသစာပေသဘောတရား၊ ဝတ္ထုတိုသဘောတရားစာအုပ်စာတမ်းများမှ ပညာရှင် အသီးသီး၏ လေ့လာတွေ့ရှိချက်များ၊ အဆိုအမိန့်များကို ပညာရပ်ဆိုင်ရာနည်းနာအဖြစ် မှတ်ယူကာ တင်ပြထားပါသည်။

၂၁။ ဝတ္ထုတိုဟူသည်

ဝတ္ထုတိုသည် လူ့အကြောင်း၊ လောကအကြောင်းကို ရသမြောက်အောင်ရေးရသော စာပေ ပုံသဏ္ဌာန်ဖြစ်သည်။ စာဖတ်သူအား အကြောင်းအရာအဖြစ်အပျက်တစ်ခုကို အချိန်တိုတိုအတွင်း ချက်ချင်းသိမြင်စေသော အတတ်ပညာ ဖြစ်သည်။ ဝတ္ထုတိုနှင့်ပတ်သက်၍ ပညာရှင်များ၏ ရေးသား ဖွင့်ဆိုချက်များကို လေ့လာဆန်းစစ်ပြပါမည်။

ဝတ္ထုတို၏သဘောနှင့်ပတ်သက်၍ အနောက်နိုင်ငံမှစာရေးဆရာများ၏ အဆိုအမိန့်များကို ကျော်အောင်(၁၉၇၉)က "နိုင်ငံခြားဝတ္ထုတိုစာတမ်း"တွင် တင်ပြထားသည်။ အိပ်ဂျ်ဝဲ (Wells. H.G(1866-1949) က -

> "တစ်နာရီအတွင်းဖတ်နိုင်သည့်စာမျိုး" (စာ-၇၅)

ဟူ၍လည်းကောင်း၊ အက်ဂါအယ်လန်ပိုး(Poe- Edgar Allan (1809-1849)က

> "ကြိုတင်သိထားစေသည့် အရိပ်အမြွက်စကားတစ်ခုမှမပါစေရ" (စာ-၇၅)

ဟူ၍လည်းကောင်း၊ ချက်ကော့(Tehekhov, Anton (1806-1904) က -

> "အစမရှိ၊ အဆုံးမရှိ၊ သို့သော် စာမျက်နှာ(၁)တွင် နံရံ၌ သေနတ် တစ်လက် ချိတ်ထားသည်ဟု ဖော်ပြထားလျှင် ထိုသေနတ်ကို ပစ်ရမည်။ မပစ်ဘဲ ဝတ္ထုမပြီးဆုံးရ" (စာ-၇၅)

ဟူ၍လည်းကောင်း ဝတ္ထုတို၏ သဘောသဘာဝကို မိန့်ဆိုထားပါသည်။

မြန်မာပညာရှင်များ၏ ဝတ္ထုတိုနှင့်ပတ်သက်သော အယူအဆ၊ အဆိုအမိန့်များကိုလည်း မှတ်သားဖွယ် သိရပါသည်။ သူရိယကန္တိ(၁၉၆၇)က ဂန္ဆလောကမဂ္ဂဇင်းတွင်

> "ဝတ္ထုတိုများမှာ တိုတိုတုတ်တုတ် လိုရင်းကိုချုပ်၍ စကားလုံး အပိုများ မပါစေရဘဲ ဇာတ်ကွက်လည်း လည်လေအောင် ဇာတ်လိုက်များ၏သရုပ်လည်း တဖြည်းဖြည်းပေါ်လေအောင် အကျဉ်းချုပ်နိဂုံးဟု ခေါ်ဆိုအပ်သည့် ဝတ္ထု၏ နောက်ဆုံးအပိတ် စလောင်းဖုံးမှာလည်း "ညော်-ကောင်းလေစွ" ဟု ဆိုလောက်သော အဆိုရှိသဖြင့် အချိန်အားဖြင့် အကြာဆုံး (၄၅)မိနစ်မျှသာ ဖတ်ရမည့် စာသားဖြစ်စေရမည်" (စာ-၂၈၉)

ဟု ဆိုထားပါသည်။ ဒဂုန်တာရာ(၁၉၇၀)က စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေ လှုပ်ရှားမှုတွင် ဝတ္ထုတို၏ အနှစ်သာရကို

> "ဝတ္ထုစာသားတိုလို့ ဝတ္ထုတိုခေါ်တာမဟုတ်ဘူး၊ အတွေးအခေါ်၊ အဖြစ်အပျက်၊ အကြောင်းအရာတစ်ခုခုနဲ့ ကြီးကျယ်လေးနက်ခြင်း ကို ဖော်ပြနိုင်မှ ဝတ္ထုတို ခေါ်တာ" (စာ-၂၃၃)

ဟု ဖွင့်ဆိုထားပါသည်။

ဤသို့ ပညာရှင်အသီးသီးက ဝတ္ထုတိုနှင့်ပတ်သက်၍ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုထားရာ အယူအဆအမျိုးမျိုး ကွဲပြားသည်ကို တွေ့ရပါသည်။ ဝတ္ထုတိုဟူသည် လူ့လောက၏လူ့သဘာဝ လူ့အကြောင်း အဖြစ်အပျက်တို့ကို အချိန်တိုတိုအတွင်း အရေးအသားကျစ်ကျစ်လျစ်လျစ်ဖြင့် စာဖတ်သူကိုအသိပေးသော ရသစာပေတစ်မျိုးဟု မှတ်ယူရမည်ဖြစ်ပါသည်။

၂၊၂။ လူ့သဘာဝဟူသည်

ဝတ္ထုတိုဆိုသည်မှာ ဒိဋ္ဌဓမ္မလူ့လောကထဲရှိ မြင်ရ၊ ကြားရ၊ ကြုံရသော လူ့သဘော လူ့သဘာဝ အမူအရာများကို သရုပ်ဖော်ရေးဖွဲ့ရသော ရသစာပေဖြစ်သည်။ လူ့သဘာဝဆိုသည်မှာ လူတန်းစား မရွေး၊ အလွှာမရွေး၊ ကျားမအရွယ်မရွေးတို့တွင်ရှိနေတတ်သော စိတ်နေသဘာဝဖြစ်ပါသည်။ လူသား တိုင်းတွင် ဖြစ်လေ့ဖြစ်ထရှိသော စိတ်နေသဘောထား၊ အပြုအမူ၊ အကျင့်စရိုက်၊ လူ့သဘော လူ့သဘာဝကို သရုပ်ဖော်ထားသော ဝတ္ထုတိုသည် လူ့သဘာဝသရုပ်ဖော်ဝတ္ထုတိုဖြစ်ပါသည်။ ဝတ္ထုတိုအမျိုးအစားပေါင်း များစွာရှိသည့်အနက် လူ့သဘာဝသရုပ်ဖော်ဝတ္ထုတိုနှင့်ပတ်သက်၍ ပညာရှင်တို့၏ ယူဆချက်၊ မိန့်ဆိုချက်များကို လေ့လာတင်ပြပါမည်။

မောင်ထင်(၁၉၈၁)က ဝတ္ထုရှည်စာတမ်း(ဒုတိယတွဲ)တွင်

> "လူ့သဘာဝကို သရုပ်ဖော်သည်ဆိုသည်မှာ လူတို့၏ အဆင်း သဏ္ဌာန်နှင့်တကွ လူတို့ကြုံစည်တွေးတော ပြောဆိုကြသော ဓလေ့ ကို ပကတိနှင့်တူအောင် ဖွဲ့နွဲ့ရေးသားခြင်းဖြစ်သည်။" (စာ-၂၀၄)

ဟူ၍ လူ့သဘာဝသရုပ်ဖော်ပုံနှင့် ပတ်သက်၍ ဆိုထားပါသည်။

ဦးဟုန်ဝမ်နှင့် ဦးခင်အေး(၁၉၇၅)တို့က မြန်မာမှုတွင် -

> "ဝတ္ထုကောင်းတို့၏ သဘောသည် လူကိုလည်းကောင်း၊ ပတ်ဝန်း ကျင်ကိုလည်းကောင်း လေ့လာ၍ တကယ့်လူ၊ တကယ့်လောက ဟု ထင်ရအောင် ရေးဖွဲ့သရုပ်ဖော်နိုင်ခြင်းပင် ဖြစ်သည်" (စာ-၁၄၁)

ဟု ဆိုထားပါသည်။ ထိုအဆိုအရ လူ့လောကသဘာဝကို ပီပြင်အောင်သရုပ်ဖော်နိုင်သော ဝတ္ထုကို ဝတ္ထုကောင်းဟု မှတ်ယူရမည်ဖြစ်ပါသည်။

တက်တိုး(၂၀၀၂)က ကမ္ဘာကျော်ဝတ္ထုတိုများနှင့် တက်တိုး၏ရှင်းပြချက်တွင် -

> "ဇာတ်လမ်း ကောင်းရမည်၊ အချိတ်အဆက် ကောင်းရမည်၊ ဖတ်သူ ၌ ရင်တဖိုဖိုဖြစ်ရမည်စသည့် အချက်အလက်များ ပြည့်စုံရုံဖြင့် ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်သည်ဟု မဆိုသာပေ။ အရေးအသား ကောင်း၍ ဖတ်သူတို့အာရုံကို ဆွဲဆောင်နိုင်ရုံနှင့်လည်း ဝတ္ထုတို ကောင်းဟု မဆိုသာ။ အရေးအသား မည်မျှပင် ကောင်းစေကာမူ လူ့သဘာဝလူ့စရိုက်တို့ကို သရုပ်မဆောင်နိုင်လျှင် (သရုပ်ဆောင်ရာ တွင် မအောင်မြင်လျှင်) ထိုဝတ္ထုမှာ စာပေအရာမြောက်သည်ဟု ဆိုနိုင်ဖို့ ခဲယဉ်းလှသည်" (စာ-၂၂၄)

ဟု ဖွင့်ဆိုထားပါသည်။ ထိုအဆိုအရ ဝတ္ထုတွင် လူ့သဘာဝလူ့စရိုက်တို့ကို သရုပ်ဖော်မှုသည် အရေးကြီးသောအခန်းကဏ္ဍဖြစ်ကြောင်းနှင့် လူ့စရိုက်လူ့သဘာဝသရုပ်ဖော်ဝတ္ထုသည် ဝတ္ထုကောင်း၊ စာကောင်းဖြစ်ပြီး စာဖတ်သူ၏အာရုံကိုဆွဲဆောင်နိုင်စေကာ ရေရှည်တည်တံ့နေတတ်သည့်သဘော ကို သိမှတ်ရပါသည်။ ထိုကြောင့် လူ့သဘာဝသရုပ်ဖော်ဝတ္ထုတိုအမျိုးအစားသည် စာဖတ်သူအား စိတ်ခံစားမှုတစ်ခုခုကို စွဲငြိစေသောကြောင့်လည်းကောင်း၊ ဒိဋ္ဌဓမ္မလူ့လောက သဘာဝကို ထင်မြင် လာစေခြင်းကြောင့်လည်းကောင်း အကျိုးပြုဝတ္ထုတိုအမျိုးအစားဖြစ်သည်ဟု ဆိုရပါမည်။

သုတေသနဆိုင်ရာနည်းနာအနေဖြင့် ပေါ်ထွက်လာသော သုတေသနမေးခွန်း၊ သုတေသန ပြဿနာကို စိစစ်အဖြေရှာရာတွင် စာတမ်းရှင်၏ လေ့လာမှုအတွေ့အကြုံများအပေါ် အခြေခံလျက် သရုပ်ဖော်ဆန်းစစ်နည်းနှင့် ကြောင်းကျိုးဆက်စပ်နည်းတို့ကို အသုံးပြုပါသည်။

ဝတ္ထုတိုများမှလူ့သဘာဝကို သုတေသနပြုလေ့လာရာတွင် အသုံးပြုမည့်နည်းနာသည် ဝတ္ထုတိုသဘောတရားဆိုင်ရာ၊ ရသသဘောတရားဆိုင်ရာ ပညာရှင်အသီးသီး၏ အဆိုအမိန့်များကို ကိုးကားကာ အလေ့လာခံဝတ္ထုတိုများမှရရှိသော အချက်အလက်များကို ကုန်ကြမ်းအဖြစ် ကောက်ယူကာ လေ့လာဆန်းစစ် သုတေသနပြုထားပါသည်။ သုတေသနအမျိုးအစားမှာ အကြောင်းအရာအချက်အလက်များကို ကြောင်းကျိုးဆက်စပ်မှု သုတေသနဒီဇိုင်း(correlational research design)ဖြင့် လေ့လာသုတေသနပြုထားသော၊ အခြေခံအားဖြင့် အတွေးသစ် အမြင်သစ် တိုးပွားစေသော အခြေခံသုတေသန အမျိုးအစား(Basic Research) ဖြစ်ပါသည်။

၃။ လေ့လာတွေ့ရှိချက်

ဝတ္ထုတိုများမှလူ့သဘာဝကို လေ့လာတင်ပြရာတွင် မစန္ဒာ၏ ၂၀ရာစုဝတ္ထုတိုများစာအုပ်မှ တီဗွီနာ ဝတ္ထုတိုနှင့် သံသရာဝတ္ထုတိုတို့မှ လူ့သဘာဝများကို လေ့လာတင်ပြပါမည်။

၃၊ ၁။ တီဗွီနာဝတ္ထုတိုမှ လူ့သဘာဝ

တီဗွီနာဝတ္ထုသည် မစန္ဒာ၏ ၂၀ရာစုဝတ္ထုများမှတစ်ပုဒ်ဖြစ်ပြီး ၁၉၈၂ခု ဇွန်လထုတ် သောင်းပြောင်း ထွေလာမဂ္ဂဇင်းမှ ကောက်နုတ်ထားသောဝတ္ထုဖြစ်သည်။ ရည်ရွယ်ချက်မှာ လောကတွင် မကြွားဝါသင့်သည်ကို ကြွားဝါဂုဏ်လုပ်ပါက မိမိ၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဆုံးရှုံးရတတ်ကြောင်း အသိပေးလိုခြင်းနှင့် လောကရှိလူတို့၏ သူတစ်ပါးမြှောက်ပင့်ပြောဆိုတတ်သည်ကို အဟုတ်ထင်ကာ မိမိကိုယ်ကိုယ် အထင်ကြီးတတ်သော၊ ဂုဏ်လုပ်ကာ ကြွားဝါတတ်သော လူ့သဘောလူ့သဘာဝကို ဆင်ခြင်ဖွယ် သိရှိစေလိုခြင်းဖြစ်သည်။

ဇာတ်လမ်းအကျဉ်းမှာ ဦးမောင်မောင်လတ်သည် ရုံးမှစေလွှတ်သဖြင့် ဂျပန်ပြည်သို့ တစ်လခွဲ လေ့လာရေးသွားရသည်။ အပြန်တွင် တီဗွီတစ်လုံးဝယ်ခဲ့သည်။ တီဗွီကိုပြန်ရောင်းလျှင် အကျိုး အမြတ်များများရမည်ကို သိသော်လည်း မိသားစုက ပူဆာသည်ကတစ်ကြောင်း၊ မိမိကိုယ်တိုင် ကလည်း ကြွားဝါချင်စိတ်၊ သူတစ်ပါး အထင်ကြီးစေလိုသောစိတ်ရှိသည်ကတစ်ကြောင်းကြောင့် အိမ်တွင်ကြည့်ရန် ဝယ်ခဲ့သည်။ ဦးမောင်မောင်လတ်တို့ရပ်ကွက်ရှိ အိမ်တိုင်းတွင် တီဗွီမဝယ်နိုင်ပါ။ တီဗွီကြည့်ချင်လျှင် ရပ်ကွက်ကောင်စီရုံးသို့ သွားကြည့်ကြရသည်။ တီဗွီရှိသော ဦးမောင်မောင်လတ်တို့အိမ်ကို ရပ်ကွက်ထဲရှိ လူအများက အားကျကြသည်။ တီဗွီလာကြည့်ကြသည်။ နေ့စဉ် တီဗွီလာကြည့်သော ဧည်သည့်များကို ဂုဏ်လုပ်ကာကျွေးမွေးရသဖြင့် အိမ်သုံးစရိတ် ကျပ်တည်းလာသည်။ တီဗွီကြောင့် သားသမီးများ၏ပညာရေးထိခိုက်လာသည်။ လင်မယားချင်း စကားအချေအတင်ဖြစ်လာသည်။ ညဘက်အိပ်ရေးပျက်သဖြင့် ကျန်းမာရေးချို့ယွင်းလာသည်။ ဆရာဝန်ပင့်ရသည်အထိ ဖြစ်လာသည်။ ဆရာဝန်က စစ်ဆေးပြီးနောက် ဦးမောင်မောင်လတ်ကို အားနည်းခြင်းသာဖြစ်ကြောင်း၊ မည်သည့်ရောဂါမျှမရှိကြောင်း ပြောသည်။ ဦးမောင်မောင်လတ်က သူဖြစ်နေသောရောဂါသည် ဆရာဝန်ကုၥမရနိုင်သောရောဂါ၊ တီဗွီနာ ဖြစ်ကြောင်းပြန်ပြောပုံကို ရေးသားထားသည်။

ဇာတ်လမ်းအစတွင် ဦးမောင်မောင်လတ်သည် အသားအရေမွဲခြောက်ကာ မျက်ကွင်းများ ညိုနေသည့် မိမိ၏သွင်ပြင်ကို မှန်ထဲတွင်ကြည့်ရင်း ဧည့်ခန်းထောင့်ရှိ တီဗွီကိုစောင်းကြည့်ကာ "ဒင်းကြောင့်"ဟုပြောဆိုပုံဖြင့် အစပျိုးထားသည်။ ဇာတ်လမ်းအစသည် စာဖတ်သူ၏စိတ်ကို စတင်စည်းရုံးဆွဲဆောင်ရသည့်အပိုင်းဖြစ်သည့် အားလျော်စွာ စာဖတ်သူကို သိလိုစိတ်များဖြင့် အစပျိုးထားသည်ကို တွေ့ရသည်။

ဦးမောင်မောင်လတ်တို့နေသောရပ်ကွက်သည် အိမ်ခြေစိပ်သည့်၊ ဖုန်ထူသည့်၊ ခြင်ပေါသည့်၊ ကလေးပေါသည့် မြန်မာရပ်ကွက်ဖြစ်သည်။ ကစားကွင်းသီးသန့်မရှိသောကြောင့် သူတို့နေသော

ရပ်ကွက်လေးသည် ညနေစောင်းလျှင် ကစားနေသောကလေးများနှင့် ပြည့်နှက်နေသည်။ မကြာခဏာ ကလေးချင်းရန်ဖြစ်ကြ၊ မိဘချင်းစကားများကြပြီး နောက်ရက်တွင် အချင်းချင်းပြန်လည် သင့်မြတ်ကြသူများနေသော ရပ်ကွက်ဖြစ်သည်။ ရေခဲရေသောက်ချင်လျှင် ဆိုင်သို့ရေခဲပြေးဝယ်ရ သော၊ တယ်လီဖုန်းဆက်ချင်လျှင် စျေးရှေ့ရှိတိုက်သို့သွားကာ ပြေးဆက်ရသော၊ တီဗွီကြည့်ချင်လျှင် မိမိဖျာလိပ်မိမိပိုက်ကာ ကောင်စီရုံးသို့ပြေးကြည့်ရသော ရပ်ကွက်ဖြစ်သည်။ ထိုရပ်ကွက်ကလေးတွင် နေရသည်ကို ဇနီးဖြစ်သူကသဘောကျကြောင်း၊ ပျော်ကြောင်းကို -

> "မြတော့ ဒီရပ်ကွက်ကလေးမှာနေရတာ သိပ်ပျော်တာပဲ။ မြတို့ ငယ်ငယ်တုန်းကနေခဲ့တဲ့ ရွာကလေးလိုပဲ။ ကူညီစရာရှိရင် ဝိုင်းပြီး လာကြတာ၊ တစ်ယောက်တစ်လက် ဝိုင်းလုပ်လိုက်ကြတာ ဘာမှ ပြောမနေရဘူး" (စာ-၁၅၄)

ဟူ၍ ဇာတ်လမ်းအတွက်အရေးပါသော ရပ်ကွက်အနေအထားကို စာဖတ်သူသိအောင် ရေးသား ထားသည်။ ဆင်းရဲသားလူတန်းစားပင်ဖြစ်သော်လည်း တစ်ယောက်ကိုတစ်ယောက် ကူညီရိုင်းပင်း တတ်ကြသော၊ သူတစ်ပါးကိစ္စကို မိမိကိစ္စကဲ့သို့ သဘောထားပြီး ဆောင်ရွက်တတ်သော မြန်မာလူမျိုးတို့၏ ချစ်စရာဓလေ့နှင့် လူသဘာဝကို တွေ့မြင်ရပါသည်။

ထို့ပြင် အတင်းပြောတတ်သော မိန်းမသဘာဝကို -

> "အို အတင်းပြောတယ်ဆိုတာက လူတွေအကျင့်ပဲ ကိုကိုရဲ့၊ ဘယ်မှာ မဆို ပြောကြမှာပဲ၊ ခြံကြီးဝင်းကြီးတွေနဲ့နေတဲ့ ဝင်ဒါမီယာတွေ၊ အင်းလျားလမ်းတွေ၊ ရွှေတောင်ကြားတွေမှာရော အတင်းမပြောဘဲ နေကြမှာမို့လား။ တစ်အိမ်နဲ့တစ်အိမ်ဝေးလို့ မကူးနိုင်ရင် တယ်လီဖုန်း ဆက်ပြီး အတင်းပြောကြမှာ"(စာ-၁၅၄)

ဟူ၍လည်းကောင်း၊

> "အတင်းပြောတယ်ဆိုတာ လူတွေရဲ့ဓာတ်စာပဲ၊ မြတော့ အတင်း ပြောတာ ဝါသနာပါတယ်၊ နားထောင်ရတာလည်း ဝါသနာပါတယ်။ ကိုယ်ကလည်း အတင်းမပြောရ၊ သူများအတင်းလည်း နားမထောင် ရရင် ပျင်းလို့သေရချည့်ရဲ့" (စာ-၁၅၅)

ဟူ၍လည်းကောင်း ရေးသားထားရာ အချို့သောဇနီးသည်မိန်းမများ တစ်ယောက်နှင့်တစ်ယောက် စုမိ တွေ့ဆုံမိကြလျှင် အတင်းပြောတတ်ကြသော မိန်းမသဘာဝကို ပေါ်လွင်စေပါသည်။

ဦးမောင်မောင်လတ်သည် ဂျပန်သို့ လေ့လာရေးခရီး တစ်လခွဲသွားရသည်။ ရသမျှငွေကို ချွေတာကာ ဂျပန်ငွေနှင့်ယန်းတစ်သိန်းပေးရသော၊ လက်မနှစ်ဆယ်ရှိသောတီဗွီကို ဝယ်ခဲ့သည်။ မိသားစုကပူဆာသည်ကတစ်ကြောင်း၊ မိမိကိုယ်တိုင်လည်း ရုံးထမင်းဝိုင်းတွင် တီဗွီအကြောင်း မကြွေးတကြွေးပြောချင်သည်ကတစ်ကြောင်း၊ ရပ်ကွက်ထဲရှိလူအများကို အားကျစေချင်သည်က တစ်ကြောင်း တီဗွီကိုဝယ်ခဲ့ခြင်းဖြစ်သည်။ တီဗွီဝယ်လာသောကြောင့် မိသားစုပျော်မဆုံးဖြစ်ကြ သည်။ တီဗွီကြီးအိမ်ရောက်လာသည်နှင့် သားငယ်၊ သမီးငယ်နှင့် သမီးကြီးတို့ သူတို့ သူငယ်ချင်း များနှင့်ပြောကြသော

> "ဟာ တီဗွီကြီး လှလိုက်တာကွာ၊ အဲဒါ မင်းတို့ဟာလားဟင်"
> "အေးပေါ့ဟာ၊ ငါတို့အဖေကြီးဝယ်လာတာ"
> "တွေ့လား အဲဒါ ဖေဖေဝယ်လာတာ"
> "ဟန်ကျလိုက်တာဟာ အဲဒါကြီးဆိုရင် အရမ်းအဖိုးတန်မှာ ဘယ်လောက်ပေးရလဲဟင်"
> "ဟယ် တစ်သိန်းတောင် နင်တို့တွေ တကယ်ချမ်းသာတာပဲ"
> "သိပ်မချမ်းသာပါဘူးဟာ" (စာ-၁၅၆)

ဟူသော ပြောစကားများကိုကြားသောအခါ ဦးမောင်မောင်လတ်ပြုံးမိနေပုံ၊ ဇနီးသည်နှင့် အိမ်နီးနားချင်းတို့ ပြောသော

"ရှင်ရွှေမြတို့ကတော့ တကယ်ကုသိုလ်ကောင်း၊ ကြည့်စမ်းပါဦး၊ လှလိုက်တဲ့ တီဗွီကြီး၊ ကာလတန်ဖိုးဆိုရင် နည်းမှာမဟုတ်ဘူး"

"ဘယ်နည်းပါ့မလဲရှင်၊ အိမ်မှာထားသင့်ထားအပ်တဲ့ ပစ္စည်းမို့သာ ထားရတာ၊ ရောင်းစားလိုက်ရရင် တစ်သောင်းခွဲ နှစ်သောင်းခွဲ လောက် မြတ်မှာ"

"ဒီလောက်အမြတ်ကြီးကိုစွန့်ပြီး အိမ်မှာထား,ထားနိုင်တာ တော်ရုံ တန်ရုံ ကုသိုလ်လားရှင့်" (စာ-၁၅၆)

ဟူသော ကျေနပ်ပျော်ရွှင်စွာ၊ ဂုဏ်ယူပီတိဖြစ်စွာ အပြန်အလှန်ပြောစကားများကြောင့် ဦးမောင်မောင်လတ်ပြုံးနေမိသည့် ဇာတ်ကွက်များဖြင့် ကြွားဝါတတ်သည့်၊ လူအထင်ကြီးခံချင် တတ်သည့် လူသဘာဝ၊ ပတ်ဝန်းကျင်ရှိ အိမ်နီးချင်းများ၏စပ်စုလိုသော လူ့သဘောလူ့သဘာဝတို့ကို ပေါ်လွင်အောင် ရေးသားထားပါသည်။

ထို့နောက် တီဗွီလာကြည့်သောပရိသတ်များ များပြားလွန်းသဖြင့် ဦးမောင်မောင်လတ် ထိုင်နေကျနေရာပျောက်သွားသည်အထိဖြစ်ပုံ၊ ထမင်းစားဝိုင်းတွင် အခြားအရံဟင်းများ မပါနိုင် တော့ဘဲ ဘဲဥကြော်နှင့်သာစားရသဖြင့် လင်မယားချင်းအချေအတင်စကားများကြပုံ၊ သားသမီးများ၏ ပညာအရည်အချင်းမှတ်တမ်းတွင် မင်နီများရဲနေပုံ၊ စာကျက်ချိန်တွင် တီဗွီကြည့်နေရသဖြင့်၊ တီဗွီကြည့်ပရိသတ်များရှိနေသဖြင့် စာမကျက်နိုင်သော သားသမီးများကို ဦးမောင်မောင်လတ် ဆူပူကြိမ်းမောင်းရပုံ၊ ဦးမောင်မောင်လတ်မဲ့နေပုံတို့ကို အကြောင်းနှင့်အကျိုးဆက်စပ်ကာ တင်ပြထား ပါသည်။

မိမိအိမ်ကိုလာသောဧည့်သည်ကို ဧည့်ခံတတ်သော မြန်မာလူမျိုးတို့၏ သဘောသဘာဝကို

"ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို ကြောင်တောင်ထားလို့ ဖြစ်မလား"

"ဘာလာကြည့်ကြည့် ရေနွေးကြမ်းနဲ့ ပဲလှော်လောက်တော့ ကျွေးရ မှာပဲ၊ ရေနွေးကျိုလို့ မီးသွေးတစ်အိတ်မက နှစ်အိတ်ကုန်ချင်လည်း ကုန်၊ မတတ်နိုင်ဘူး" (စာ-၁၅၆)

ဟူသော ပြောစကားအရ မိမိအိမ်ကိုလာသော ဧည့်သည်များကို ကြွားဝါချင်သော၊ အထင်ကြီးစေ ချင်သောစိတ်ဖြင့် ဧည့်ခံတတ်သော လူ့သဘာဝကို တွေ့မြင်ရပါသည်။

ဇော်ဂျီ(၂၀၀၄)က ရသစာပေအဖွင့်နှင့် နိဒါန်းတွင်

"ရသစာပေသည် လူ့အမူအရာ၊ လောကအမူအရာကို ဖွဲ့တတ်သော စာမျိုးဖြစ်သည်။"(စာ ၂၇၁)

ဟူ၍ ဆိုထားပါသည်။ ဤဝတ္ထုတိုတွင်လည်း လူ့အမူအရာ၊ လောကအမူအရာတို့ကို ထင်ရှားစွာ ဖော်ပြထားသည်ကို တွေ့ရပါသည်။

နောက်ဆုံးတွင် ဦးမောင်မောင်လတ်၏ ကျန်းမာရေးထိခိုက်လာသောကြောင့် ဆရာဝန်ကို အိမ်သို့ပင့်ရသည်အထိဖြစ်ခဲ့သည်။ ဆရာဝန်က အိပ်ရေးဝဝအိပ်ပါဟုပြောလျှင် ဦးမောင်မောင်လတ် က မိမိအိမ်တွင် ဆယ်နာရီကျော်သည်အထိ အင်အားကောင်းသော ပရိသတ်ကိုမြင်မိပုံ၊ အားလပ်ရက်တွင် ကောင်းကောင်းအနားယူပါဟုပြောလျှင် အိမ်တွင် တီဗွီလာကြည့်သည့် ည ပရိသတ်ထက် အင်အားကောင်းသော နေ့ပရိသတ်ကို မြင်မိပုံ၊ အပူအပင်မထားပါနှင့်ဟု မှာသောအခါ သားသမီးတို့၏ ပညာရည်မှတ်တမ်းများမှမင်နီများကိုမြင်မိပုံ၊ အားဖြစ်သောအစားအစာများကိုစားပါ ဟု ပြောသောအခါ ထမင်းဝိုင်းမှ ငါးပိရည်ချက်နှင့် ဘဲဥကြော်ကိုသာ မြင်မိပုံ ဦးမောင်မောင်လတ်၏ အတွေးခံစားချက်တို့ဖြင့် စာဖတ်သူ၏စိတ်ထဲ မြင်ယောင်ကာ ပြုံးမိအောင်ဖန်တီးထားသည်။

ဆရာဝန်ကစစ်ဆေးကြည့်သောအခါ အားနည်းခြင်းသာဖြစ်ကြောင်း၊ မည်သည့်ရောဂါမျှ မရှိကြောင်း ပြောသည်။ ဦးမောင်မောင်လတ်က သူ့ရောဂါသည် ဆရာဝန်ကုန်မရသောရောဂါ၊ ဆရာဝန်ထင်သော အဆုတ်နာမဟုတ်ဘဲ တီဗွီနာသာဖြစ်ကြောင်း ပြန်ပြောပုံဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားသည်။

> "ဝတ္ထုသည် ဒိဋ္ဌလောက၏အတွေ့အကြုံကိုပင် ပို၍ ခံစားမွေ့လျော် ဖွယ်ဖြစ်အောင် စိတ်ကူးဖြင့် ဖြည့်စွက်မွမ်းမံထားသော ရသစာပေအဖွဲ့ ပုံစံတစ်မျိုးပင် ဖြစ်သည်။"(စာ ၁၉)

ဟူ၍ မမိုးမြေက ဝတ္ထု၏သဘောသဘာဝကို ဖွင့်ဆိုထားပါသည်။ ထိုဖွင့်ဆိုချက်အရ ဒိဋ္ဌမမှ လူ့လောကရှိ အဖြစ်အပျက်၊ အကြောင်းအရာ၊ အတွေ့အကြုံကို စာဖတ်သူစိတ်ဝင်စားဖွယ်ဖြစ်အောင် စာရေးသူက စိတ်ကူးဖြင့် ဖန်တီးရေးဖွဲ့ထားသော "တီဗွီနာဝတ္ထုတို"သည် နှစ်သက်ဖွယ်ကောင်းသော ရသစာပေဝတ္ထုတိုတစ်ပုဒ်ပင် ဖြစ်ပါသည်။

ဤသို့ဖြင့် လောကရှိလူတို့၏ သူတစ်ပါးမြောက်ပင့်ပြောဆိုတတ်သည်ကို အဟုတ်ထင်ကာ မိမိကိုယ်ကိုယ် အထင်ကြီးတတ်သော၊ ဂုဏ်လုပ်ကာ ကြွားဝါတတ်သော လူ့သဘာဝများနှင့် မကြွားဝါသင့်သည်အရာကို ဂုဏ်လုပ်ကာ ကြွားဝါသဖြင့် မိသားစု စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးထိခိုက်လာသည်အထိဖြစ်လာပုံကို စာဖတ်သူကိုသတိပြုဆင်ခြင်စေရန် ရေးသားထားရာ ဘဝအသိအမြင်တိုးစေသော၊ လူ့သဘောလူ့သဘာဝများကို ထိထိမိမိဖော်ပြထားသော ဝတ္ထုကောင်း တစ်ပုဒ်ပင်ဖြစ်ပါသည်။

၃၊ ၂။ သံသရာဝတ္ထုတို့မှ လူ့သဘာဝ

သံသရာဝတ္ထုတိုသည် မစန္ဒာ၏ ၂၀ရာစုဝတ္ထုများမှတစ်ပုဒ်ဖြစ်ပြီး ၁၉၈၆ခုနှစ် မတ်လထုတ်၊ စံပယ်ဖြူမဂ္ဂဇင်းမှ ကောက်နုတ်ထားသော ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည်။ အထက်တန်းလွှာ လူတန်းစားတို့ နှစ်သက်မက်မောတတ်သည့် နက်စ်ကော်ဖီပုလင်းတစ်လုံးသည် လူ(၅)ဦးထံ သံသရာ လည်ပုံကို ဖော်ပြထားသောဝတ္ထု ဖြစ်သည်။ ဝတ္ထု၏ရည်ရွယ်ချက်မှာ လောကရှိလူအချို့သည် မိမိ အကျိုးအတွက် လက်ဆောင်ပဏ္ဏာပေးကြကြောင်း အသိပေးလိုခြင်းနှင့် ထိုသို့လက်ဆောင်ပေးခြင်း ဖြင့် မိမိလိုအင်ဆန္ဒများ အဆင်ပြေအောင်ဆောင်ရွက်တတ်ကြသည့် လူ့သဘော လူ့သဘာဝများကို သိရှိစေလိုခြင်းဖြစ်ပါသည်။

ဇာတ်လမ်းအကျဉ်းမှာ မေကျော့လွင်က ခင်ပွန်းဖြစ်သူ လက်ဆောင်ရလာသည့် နက်စ်ကော်ဖီ ပုလင်းကို သမီး၏ဆရာမကို လက်ဆောင်ပြန်ပေးပုံ၊ ဆရာမက မိမိအတွက် အဆင်ပြေသော ကျောင်းကောင်းရရန်ပြောပေးသူ ဦးသာဌေးကိုပေးပုံ၊ ဦးသာဌေး၏မိန်းမဖြစ်သူက သူ့ယောကျ်ား ဦးသာဌေး ဂျပန်ကိုလွှေလာရေးသွားရမည့်ကိစ္စကို ဆောင်ရွက်ပေးနိုင်မည့် ဦးမောင်မောင်သွင်ကို ပေးပုံ၊ ဦးမောင်မောင်သွင်၏မိန်းမက အမေဖြစ်သူ ဆေးရုံတက်ရာတွင် ဂရုစိုက်ကုသပေးနိုင်ရန် ဆရာဝန်ကို ထိုနက်စ်ကော်ဖီပုလင်းကိုပေးပုံ၊ ထိုဆရာဝန်က မိန်းမဖြစ်သူ မေကျော့လွင်ကိုပေးပုံ၊ မေကျော့လွင်က ထိုနက်စ်ကော်ဖီပုလင်းကို သား၏ဆရာမကိုပေးရန်တွေးပုံတို့ကို ဇာတ်လမ်းဆင် ရေးသားထားသည်။

ဇာတ်လမ်းအစတွင် မေကျော့လွင်သည် သမီးဖြစ်သူက သူ့ဆရာမကို သူများနည်းတူ လက်ဆောင်ပေးရန် ပြောသောအခါ ခင်ပွန်းဖြစ်သူ လက်ဆောင်ရလာသော နက်စ်ကော်ဖီပုလင်းကို ပေးလိုက်သည်။ နက်စ်ကော်ဖီပုလင်း၏ 'အိန္ဒိယတွင်ထုတ်လုပ်သည်'ဟု ရေးထားသောစာပေါ်တွင် အနည်းငယ် စွန်းပေနေသည်ကို သမီးကတွေ့၍ ပြောရာ

> "ကိစ္စမရှိပါဘူး သမီးရယ်၊ နက်စ်ကော်ဖီဆိုတာ ပုလင်းက အဖိုးတန် တာမှ မဟုတ်တာ၊ အမှုန့်က အဖိုးတန်တာပဲဟာ၊ ဟုတ်ဘူးလား"
>
> (စာ ၂၄၁)

ဟူ၍ ပြောစကားဖြင့် လူ့သဘာဝကို ထင်ဟပ်ဖော်ပြထားသည်။ ဆရာမက ကျောင်းသူ လက်ဆောင်ပေးသည့် နက်စ်ကော်ဖီပုလင်း၏အဖုံးကိုဖွင့်ပြီး ခဲသားအပိတ်ကို အသာအယာ နမ်းကြည့်သည်။ သောက်လိုက်ရလျှင် အလွန်အရသာရှိမည်ဟု အတွေးဖြစ်မိသည်။

> “ဆရာမတစ်ယောက်အနေနှင့် မိမိ၏တပည့်များအပေါ်တွင် သာတူ ညီမျှ လူတန်းစားမရွေး တန်းတူဆက်ဆံရမည်ကို ခံယူပြီးဖြစ်သည်။ ဒေါ်လှလှအေးက မျက်နှာကြီး မျက်နှာငယ်လိုက်တတ်သူမဟုတ်၊ ဒါကိုတော့ ကိုယ့်လိပ်ပြာ ကိုယ်ယုံလေသည်။ သို့သော် မိမိ သားသမီးကို မျက်နှာသာရစေချင်သော ကျောင်းသားမိဘများက ကောင်းနိုးရာရာကလေးများ လက်ဆောင်ပေးလာသည်ကိုလည်း ငြင်းပယ်ရန် မသင့်တော်ပေ။”(စာ ၂၄၁)

ဟူ၍ ဆရာမ၏အတွေးကို စာရေးသူ၏အပြောဖြင့်ရေးသားထားသည်။ မောင်ထင်(၁၉၇၉)က ဝတ္ထုတို စာတမ်းများ(ဒုတိယတွဲ)တွင်

> “လူသဘာဝကို သရုပ်ဖော်သည်ဆိုသည်မှာ လူ၏အဆင်းသဏ္ဌာန်နှင့် တကွ လူတို့ ကြံစည်တွေးတော ပြောဆိုကြသောဓလေ့ကို ပကတိနှင့်တူအောင် ဖွဲ့နွဲ့ ရေးသားခြင်း ဖြစ်သည်”(စာ ၂၀၃-၂၀၄)

ဟု ဖွင့်ဆိုထားပါသည်။ ဤဝတ္ထုတွင် ဇာတ်ဆောင်တို့၏အတွေးကို ပကတိနှင့်တူအောင် သရုပ်ဖော် ထားရာ နှစ်သက်ဖွယ်ပင်ဖြစ်ပါသည်။ မိမိကိုယ်ကို ဖြည့်တွေးတတ်သောလူသဘာဝ၊ မိမိသားသမီးကို မျက်နှာသာရစေချင်သော မိဘတို့၏လူသဘာဝတို့ကို ပေါ်လွင်စေသည်။ ထို့နောက် ဆရာမက မိမိ အဆင်ပြေသော ကျောင်းကိုရောက်ရန် ကူညီဆောင်ရွက်ပေးသည့် ဦးသာဌေးကို ထိုနက်စ်ကော်ဖီ ပုလင်းကိုပေးရန် ဆုံးဖြတ်လိုက်သည်။ တစ်ဦးကပေးသောအကူအညီကို ပြန်လည်သိတတ်သော လူသဘော လူမနောကို မြင်ရပါသည်။

လက်ဆောင်ရလာသော နက်စ်ကော်ဖီမှုန့်ပုလင်းကို ဦးသာဌေးက မိန်းမဖြစ်သူကို ပေးလိုက်သည်။ စျေးကြီးလှသည့် နက်စ်ကော်ဖီကိုဖျော်တိုက်ရန် မိန်းမကိုပြောသော်လည်း မိန်းမ ဖြစ်သူက

> “ကိုကို ဂျပန်ကိုလေ့လာရေးသွားဖို့ကိစ္စက ဦးမောင်မောင်သွင် ပြီးမှဆို၊ ဒီတော့ သူ့ကိုပဲလက်ဆောင်ပေးလိုက်ပါလားကိုကိုရယ်၊ အိမ်မှာလည်း သီတင်းကျွတ်တုန်းက ဟိုဖြူဖြူပိန်ပိန် ဆရာတစ်ယောက် လာ ကန်တော့ထားတဲ့ တက်ထရက်စ် တိုက်ပုံတစ်စရှိတယ်၊ အဲဒီ တိုက်ပုံစကိုပါ ထည့်ပေးလိုက်ပေါ့”(စာ ၂၄၂)

ဟူသော ပြောစကားကိုရေးသားထားရာ မိမိလိုအင်ဆန္ဒအတွက် အပြန်အလှန် လက်ဆောင်ပေး တတ်ကြသော လူသဘာဝကို တွေ့မြင်စေပါသည်။ ဦးမောင်မောင်သွင်၏မိန်းမဖြစ်သူက အမေဖြစ်သူ ဆေးရုံတက်ရမည့်ကိစ္စတွင် ဂရုတစိုက်စောင့်ရှောက်ပေးနိုင်ရန် ဆရာဝန်ကို လက်ဆောင်ရလာသည့် ထိုနက်စ်ကော်ဖီပုလင်း ပေးလိုက်ပြန်သည်။

> “မိန်းမရေ၊ ဒီတစ်ပတ်ထဲတော့ ကော်ဖီမှုန့် ဓာတ်စာကျနေတယ် ထင်တယ်၊ တစ်ပုလင်းရလာပြန်ပြီ”(စာ ၂၄၃)

ဟူ၍ ဒေါက်တာကျော်မိုးလွင်က သူ့ဇနီးမေကျော့လွင်ကို လှမ်းပေးရင်းပြောသည်။ မေကျော့လွင်က ရလာသည့်ကော်ဖီမှုန့်ပုလင်းတွေ ဒီနားမှာပေနေတာချည်းပဲဟုဆိုကာ ထိုနက်စ်ကော်ဖီပုလင်းကို ဒီတစ်ခါတော့ သား၏ဆရာမကိုပေးမည့်အတွေးဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားသည်။ ဇာတ်လမ်းစတင်ရာ မေကျော့လွင်၏အိမ်မှ နက်စ်ကော်ဖီပုလင်းသည် ဇာတ်လမ်းအဆုံးတွင် မေကျော့လွင်ထံပြန်ရောက်လာပုံ၊ နက်စ်ကော်ဖီပုလင်း၏ သံသရာလည်ပုံကို ဝတ္ထုအစနှင အဆုံး အချိတ်အဆက်မိမိရေးသားထားသည်။ ထိုမှတစ်ဆင့် ထပ်၍သံသရာလည်နေဦးမည့်သဘောကို စာဖတ်သူအား တွေးမိစေသည်။ “သံသရာ”ဟု ဝတ္ထုအမည်ပေးပုံနှင့် ဇာတ်လမ်းချိတ်ဆက်မှု လိုက်ဖက်ညီလှသည်။ ဝတ္ထု၏အကြောင်းအရာမှာ ရိုးစင်းသော်လည်း လူသဘာဝကို ထင်ရှားစွာ ဖော်ပြထားသည်။ ရိုးစင်းသော အကြောင်းအရာကို ဆန်းသစ်သောအတွေးအမြင်ဖြင့် ဇာတ်လမ်းဆင်

တင်ပြထားခြင်း ဖြစ်သည်။ ဇာတ်လမ်းဆုံးသွားသော်လည်း စာဖတ်သူကို အတွေးများစွာ ရစေသည်။ လူ့လောကတွင် ဖြစ်လေ့ဖြစ်ထရှိတတ်သော သဘောသဘာဝများကိုလည်း မြင်လာစေသည်။ သံသရာဝဋ္ဌတိုကိုဖတ်ပြီး နှစ်သက်မှုနှင့်အတူ လောကအကြောင်း လူ့အကြောင်းတို့ကို မြင်လာစေ သည်။ လောကရှိ လူအချို့၏ ဟန်ဆောင်မှုများ၊ လူတို့၏စရိုက်သဘာဝ၊ လူတို့၏သဘော သဘာဝကိုအခြေခံ၍ ဒိဋ္ဌမ္မလူ့လောကမှ လူသားပကတိနှင့်တူအောင် လူတို့ ကြံစည်တွေးတော ပြောဆိုကြသည်များကို ထင်ဟပ်ရေးထားသားသည့် လူ့သဘာဝသရုပ်ဖော် ဝတ္ထုတိုပင် ဖြစ်ပါသည်။

ဝတ္ထုရေးသူ မစန္ဒာသည် လောကရှိလူ့သဘောလူ့သဘာဝ၊ လူတို့၏ဘဝခံစားချက်များကို ထိထိမိမိဖော်ထုတ်ပြတတ်ပြီး မိမိပြောလိုသည့်ဦးတည်ချက်ကို အနုပညာမြောက်စွာ ရေးသား ဖန်တီးတတ်သူဖြစ်ပါသည်။ လူတို့၏ အတွင်းစိတ်သဘာဝကိုလည်း နက်ရှိုင်းစွာသိမြင်ကာ အသေးစိတ်သရုပ်ဖော်သည်ကို မစန္ဒာ၏ဝတ္ထုတိုများတွင် တွေ့ရပါသည်။ ရသစာပေဖြစ်သော ဝတ္ထုထဲက လူ့သဘာဝများကို သုတေသနပြုလေ့လာတင်ပြခြင်းဖြင့် လူ့သဘောလူ့သဘာဝများကို သိမြင်ဆင်ခြင်ပြီး လူမှုပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာနေတတ်ရန်၊ ကိုယ်ချင်းစာတတ်ရန်၊ မုဒိတာပွားတတ်ရန်၊ စာနာစိတ်၊ မေတ္တာစိတ်များထားတတ်ရန် ဒိဋ္ဌမ္မလောကတွင် ဆင်ခြင်စရာ ဘဝအသိအမြင် ရလာစေသည်။ ဝတ္ထုကိုဖတ်ရင်း နှစ်သက်မှုမှတစ်ဆင့် မိမိပတ်ဝန်းကျင်ကို ဆင်ခြင်မိလာသည်။ ထိုသို့ဆင်ခြင်မိရာမှ မိမိသည်လည်း မည်သို့သောစိတ်မျိုး ထားရမည်ဟူသော အသိအမြင်တိုးလာစေသည်။ မိမိ၏အကျိုးသာမက လောကကောင်းကျိုး ဆောင်ရွက်နိုင်မည့် အကျိုးကျေးဇူးများ ရလာမည်ဖြစ်သည်။

သုံးသပ်ချက်

ယခုစာတမ်းတွင်တင်ပြထားသော လူ့သဘာဝသရုပ်ဖော်ဝတ္ထုတိုများထဲမှ လူ့သဘောလူ့သဘာဝ များသည် စာရေးသူ၏ပတ်ဝန်းကျင်တွင်ရှိမည်ဖြစ်သည်။ ထိုနည်းတူ စာဖတ်သူ၏ ပတ်ဝန်းကျင် တွင်လည်း ထိုသဘောသဘာဝရှိသောသူများလည်းရှိမည်ပင်ဖြစ်သည်။ လောကပတ်ဝန်းကျင်တွင် ရှိတတ် ဖြစ်တတ်သော လောကသဘော၊ လူ့သဘော၊ လူ့သဘာဝတို့ကို စာရေးသူကခံစားပြီး ဝတ္ထုအဖြစ် ဖန်တီးရေးဖွဲ့ပြလိုက်သောအခါ နှစ်သက်ဖွယ် သတိပြုဆင်ခြင်ဖွယ် ဖြစ်လာရပါသည်။ ထို လူ့သဘာဝသရုပ်ဖော်ဝတ္ထုတိုများသည် ဒိဋ္ဌမ္မလူ့လောကရှိလူတို့၏သဘောသဘာဝကို ထင်ဟပ် နိုင်ခြင်းရှိသည်ကို တွေ့ရပါသည်။ စာဖတ်သူများအား ရသနှစ်သက်မှုနှင့်အတူ ဘဝအတွက် ဆင်ခြင်စရာ၊ သတိပြုစရာ၊ ဘဝအသိအမြင်ကို ပေးစွမ်းနိုင်ခြင်းရှိသည်ဟု ယူဆသုံးသပ်မိပါသည်။ ဝတ္ထုတွင် လူ့စရိုက်လူ့သဘာဝတို့ကိုသရုပ်ဖော်မှုသည် အရေးကြီးသောအခန်းကဏ္ဍဖြစ်ပြီး လူ့သဘာဝ သရုပ်ပေါ်လွင်သောဝတ္ထုသည် ဝတ္ထုကောင်းစာကောင်းဖြစ်ပြီး ရေရှည်တည်တံ့တတ်သည့်သဘော ရှိပါသည်။ ထိုကြောင့် လူ့သဘာဝသရုပ်ဖော်ဝတ္ထုတို အမျိုးအစားသည် စာဖတ်သူအား စိတ်ခံစားမှု တစ်ခုခုကို စွဲငြိစေသောကြောင့်လည်းကောင်း၊ ဒိဋ္ဌမ္မလူ့လောကသဘာဝကို ထင်မြင်လာစေခြင်း ကြောင့်လည်းကောင်း အကျိုးပြု ရသစာပေအမျိုးအစားပင် ဖြစ်ပါသည်။

နိဂုံး

အလေ့လာခံဖြစ်သည့် မစန္ဒာ၏ဝတ္ထုတို(၂)ပုဒ်မှ လူ့သဘာဝကို သရုပ်ဖော်ဆန်းစစ်နည်း၊ ကြောင်းကျိုး ဆက်စပ်နည်းတို့ဖြင့် လေ့လာတင်ပြပြီးဖြစ်ပါသည်။ ထို့ကြောင့် လူ့သဘာဝသရုပ်ဖော်ဝတ္ထုတိုများ သည် ဒိဋ္ဌမ္မလူ့လောကရှိ လူတို့၏သဘောသဘာဝသရုပ်ကိုထင်ဟပ်ပြီး စာဖတ်ပရိသတ်ကို ရသ နှစ်သက်မှုနှင့်အတူ ဘဝအသိအမြင်ပေးသည်ဟူသော သုတေသနအဆိုကြမ်း၏အဖြေ၊ သုတေသန ရလဒ်ကို ဖော်ထုတ်ရရှိပါသည်။

ကျေးဇူးတင်လွှာ

ဤစာတမ်းကိုတင်သွင်းဖတ်ကြားနိုင်ရန် ပညာအမွေပေးပါသော မိဘနှစ်ပါးနှင့် ဆရာသမားများ အားလည်းကောင်း၊ စာတမ်းကိုတင်သွင်းဖတ်ကြားရန် ခွင့်ပြုပေးပါသော ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဆရာကြီး ဒေါက်တာမျိုးမင်းထွန်း၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီးများဖြစ်သော ဆရာမကြီး ဒေါက်တာအေးအေးကိုနှင့် ဆရာမကြီး ဒေါက်တာသီတာအောင်တို့အားလည်းကောင်း၊ စာတမ်းကို ကြီးကြပ်လမ်းညွှန်ပေးပါသော မြန်မာစာဌာန ပါမောက္ခ၊ ဌာနမှူး ဆရာမကြီး ဒေါက်တာ ခင်စန်းဝင့်နှင့် မြန်မာစာဌာနမှ ပါမောက္ခများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ကျမ်းကိုးစာရင်း

ကျော်အောင်။ (၁၉၇၉)။ နိုင်ငံခြားဝတ္ထုတို၊ ***ဝတ္ထုတိုစာတမ်းများ(ပထမတွဲ)***။ ရန်ကုန်၊ စာပေဗိမာန်။

ဇော်ဂျီ။ (၂၀၀၄)။ ***ရသစာပေအဖွင့်နှင့်နိဒါန်း(ဒုတိယအကြိမ်)***။ ရန်ကုန်၊ အင်ကြင်းဦးပုံနှိပ်တိုက်။

တာရာ၊ ဒဂုန်။ (၁၉၇၀)။ ***စာပေသဘောတရား၊စာပေဝေဖန်ရေး၊စာပေလှုပ်ရှားမှု(ဒုတိယအကြိမ်)***။ ရန်ကုန်၊ နှံ့သာတိုက်။

တက်တိုး။ (၂၀၀၂)။ ***ကမ္ဘာကျော်ဝတ္ထုများနှင့်တက်တိုး၏ရှင်းပြချက်***။ ရန်ကုန်၊စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ထင်၊ မောင်။ (၁၉၈၁)။ ဘဝသရုပ်ဖော်မြန်မာဝတ္ထုရှည်၊***ဝတ္ထုရှည်စာတမ်း၊(ဒုတိယတွဲ)***။ ရန်ကုန်၊စာပေဗိမာန်။

မိုးမြေ၊ မ။ (၂၀၁၇)။ ***ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုဖန်တီးရေးသားမှုအတတ်ပညာ။*** ရန်ကုန်၊ စိုးမိုးလွင်စာပေ။

(၁၉၆၇)။ ***ဝတ္ထုရေးလိုသော်(ဒုတိယအကြိမ်)***။ ရန်ကုန်၊ လင်းယုန်စာပေ။

ဟုန်ဝမ်၊ ဦး၊ ခင်အေး၊ ဦး။ (၁၉၇၅)။ မြန်မာဝတ္ထု၊ ***မြန်မာမှု***။ ရန်ကုန်၊ စာပေဗိမာန်။

ပင်းယခေတ်မြန်မာကျောက်စာများမှကျွန်ဆိုင်ရာ ဝေါဟာရများကို အတ္ထဗေဒအမြင်ဖြင့်လေ့လာချက်

နီလာလွင်[၁]

စာတမ်းအကျဉ်း

ဤစာတမ်းသည်“ပင်းယခေတ် မြန်မာကျောက်စာများမှ ကျွန်ဆိုင်ရာ ဝေါဟာရများကို အတ္ထဗေဒ အမြင်ဖြင့် လေ့လာချက်"ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာပင်းယခေတ် မြန်မာကျောက်စာများ မှ တစ်ဆင့်လေ့လာသိရှိခွင့်ရသော ကျွန်ဆိုင်ရာ ဝေါဟာရများကို စိစစ်၍ အတ္ထဗေဒအမြင်ဖြင့် တင်ပြလိုခြင်းဖြစ်သည်။ ဖတ်ရှုရေးသား စီစဉ်သူ ဦးငြိမ်းမောင်၏ ရှေးဟောင်း မြန်မာကျောက်စာ တတိယတွဲ (၁၉၈၃)၊ နှင့် စတုတ္ထတွဲ (၁၉၉၈) တို့ကို အလေ့လာခံအဖြစ် သတ်မှတ်ပါသည်။ ပင်းယခေတ်ကျွန်ဆိုင်ရာ ဝေါဟာရများကိုဘာသာစကားနယ်ပယ်ရှိ ဘာသာဗေဒ ပညာရပ်ခွဲဖြစ်သော အတ္ထဗေဒဖြင့် လေ့လာရာတွင် ဘာသာစကား၏ အလုပ်တာဝန် များ၊အနက်အဓိပ္ပာယ် အမျိုးမျိုး၊ အနက်အဓိပ္ပာယ်ဆက်သွယ်မှု၊ အနက်ဖွဲ့ယှက်မှု နယ်ပယ်၊ စသည့် နည်းနာများဖြင့် လေ့လာတင်ပြ ထားပါသည်။ ဤစာတမ်းသည် ရှေးမြန်မာကျောက်စာများကို ဘာသာစကားရှုထောင့်မှ လေ့လာလိုသူတို့ အတွက် အထောက်အကူ ပြုပါသည်။

သော့ချက်ဝေါဟာရများ- ပင်းယခေတ် မြန်မာ ကျောက်စာ၊ ကျွန်ဆိုင်ရာဝေါဟာရ၊ အတ္ထဗေဒအမြင် ဘာသာစကားနယ်ပယ်၊ ဘာသာဗေဒ။

၁။ နိဒါန်း

ဤစာတမ်းသည်”ပင်းယခေတ်မြန်မာကျောက်စာများမှကျွန်ဆိုင်ရာဝေါဟာရများကိုအတ္ထဗေဒအမြင်ဖြင့်လေ့ လာချက်” ဟူသောခေါင်းစဉ်ဖြင့် တင်သွင်းထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်းတွင် ပင်းယခေတ်မြန်မာကျောက်စာများမှ ကျွန်ဆိုင်ရာဝေါဟာရတို့ကို ဘာသာစကားနယ်ပယ်မှအတ္ထဗေဒ အမြင်ဖြင့် လေ့လာတင်ပြထားပါသည်။ ထို့ပြင်အကိုးအကား သာဓကများ အဖြစ်ပင်းယခေတ်မြန်မာ ကျောက်စာများမှစာလုံးပေါင်းပုံနှင့်မျက်မှောက်ခေတ် စကားလုံးရေးဟန်တို့ကို ဖော်ပြပြုစုပါသည်။

၁၊ ၁။ စာတမ်းခေါင်းစဉ်ဖွင့်ဆိုချက်နှင့်ရည်ရွယ်ချက်

ဤစာတမ်းပြုစုရာတွင်ပင်းယခေတ်နှင့်ပတ်သက်၍ဦးကုလားမဟာရာဇဝင်ကြီး(ပထမအုပ်၊ဆဋ္ဌမတွဲ၊၁၉၆၂) စာ၁၆၅၊၁၆၆)အရ (သက္ကရာဇ်၆၇၄-၇၂၆)ခုနှစ်အထိ(၅၂)နှစ်တာကာလကိုပင်းယခေတ်အဖြစ်

သတ်မှတ်ထားပါသည်။ဤစာတမ်းအတွက်ပင်းယခေတ် မြန်မာကျောက်စာများမှအလေ့လာခံအဖြစ်

(၈) ချပ်ကို သာဓကများဖြင့်သုံးသပ် တင်ပြပြုစုပါသည်။ထိုအလေ့လာခံကျောက်စာတို့မှ အတ္ထဗေဒ အမြင်ဖြင့်လေ့လာ၍ရနိုင်သောကျွန်ဆိုင်ရာဝေါဟာရ များ ကိုစိစစ်ရွေးထုတ် ကောက်ယူပြီး အတ္ထဗေဒ နည်းနာများဖြင့်ချဉ်းကပ်လေ့လာ ပြုစုပါသည်။ရည်ရွယ်ချက်မှာပင်းယခေတ် မြန်မာကျောက်စာများမှ ဝေါဟာရ တို့၏အနက် အဓိပ္ပာယ် အရေးပါမှု၊ မူလ အနက်ရိုးမှ ပိုမို တိုးပွားသော ဝေါဟာရ၏ အနက် အဓိပ္ပာယ်ဆိုင်ရာ တို့ကိုဖော်ထုတ်လိုသော ရည်ရွယ်ချက်ဖြစ်ပါသည်။

၁၊ ၂ ။ သုတေသနနယ်ပယ်

ဤစာတမ်းသည် ရှေးဟောင်း မြန်မာကျောက်စာ (ပင်းယခေတ်) များကို သုတေသန ပြုသောဘာသာ

[၁] ကထိက၊ မြန်မာစာဌာန၊ ဘားအံတက္ကသိုလ်

စကားဆိုင်ရာစာတွေ့သုတေသနနယ်ပယ်ဖြစ်ပါသည်။ထို့ကြောင့်ပင်းယခေတ်မြန်မာကျောက်စာများမှတစ်ဆင့်လေ့လာတွေ့ရှိရသောကျွန်ဆိုင်ရာ ဝေါဟာရများကိုဘာသာစကား နယ်ပယ်ရှိဘာသာဗေဒပညာရပ်ခွဲဖြစ်သည့်အတ္ထဗေဒအမြင်ဖြင့်သုံးသပ်တင်ပြထားပါသည်။

၂။ နည်းနာ

၂၊ ၁ ။ ပညာရပ်ဆိုင်ရာနည်းနာ

ပင်းယခေတ် မြန်မာ ကျောက်စာများမှ ကျွန်ဆိုင်ရာ ဝေါဟာရ များကို အတ္ထဗေဒ အမြင်ဖြင့် လေ့လာ

နိုင်ရန်ပညာရပ်ဆိုင်ရာနည်းနာများအဖြစ်

- အတ္ထဗေဒဆိုင်ရာ အနက်အဓိပ္ပာယ်အမျိုးမျိုး (meanings)
- ဘာသာစကား၏ အလုပ် တာဝန် များ (functions of language)
- ဒွန်တွဲအနက်(collocative meaning)
- အနက်အဓိပ္ပာယ်နှင့် အဆက်အစပ်အရ အနက်စပ်စကားလုံးတွဲများ (collocation)
- အသုံးရွှေ့ခြင်း (shift in application)
- သီးသန့်သုံးခြင်း (specialization in a social mileu)
- နယ်ပယ်ချင်းခြားနားပြတ်သားသောအနက်ဆန့်ကျင်မှု(taxonomic opposition)
- အနက်အကျုံးဝင်ခြင်း(hyponymy)
- အနက်ဖွဲ့ယှက်မှုနယ်ပယ်(semantic field)
- ဝေါဟာရဆက်နွယ်မှုများ (lexical relations)

စသည့်ဆီလျော်သက်ဆိုင်ရာ အတ္ထဗေဒနည်းနာများ ဖြင့်စကားလုံး (word) အဆင့်ရှိသောဝေါဟာရများကိုအနက် အဓိပ္ပာယ် ဖော်ထုတ်မှု ဆိုင်ရာ လေ့လာမှုနယ်ပယ်နှင့်ကို က်ညီအောင် သာဓက တို့ဖြင့်

စိစစ်တင်ပြထားပါသည်။

၂၊ ၂ ။ သုတေသနနည်းနာ

ဤစာတမ်းကို“ရှင်းလင်းဖော်ပြမှု သုတေသန” (explanatory research) နည်းဖြင့်လေ့လာ တင်ပြ

ပါသည်။ ထိုစာတမ်းကို ပြုစုရာတွင် ဖတ်ရှုရေးသား စီစဉ်သူ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာ

ကျောက်စာများတတိယတွဲ(၁၉၈၃)၊စတုတ္ထတွဲ(၁၉၉၈) မှအလေ့လာခံပင်ယခေတ်မြန်မာကျောက်စာ

(၁၃) ချပ်ရှိ ကျွန်ဆိုင်ရာဝေါဟာရများကိုအတ္ထဗေဒနည်းနာတို့ဖြင့်လေ့လာ၍ရနိုင်သမျှစိစစ် ရွေးထုတ် ကောက်ယူပြီး တင်ပြထားပါသည်။

၃။ လေ့လာတွေ့ရှိချက်

ဤစာတမ်းကိုပြုစုရာတွင်“ကျွန်” ဝေါဟာရများ နှင့်ပတ်သက်၍ သာသနာရေး ဆိုင်ရာ ကျွန် ဝေါဟာရများ၊လိင်အမျိုးအစားကွဲပြားမှုကျွန်ဝေါဟာရများ၊စဉ်ဆက်ပိုင်ဆိုင်မှုကိုဖော်ပြသောကျွန်ဝေါဟာရများ၊ စသည်တို့ကို အတ္ထဗေဒအမြင်ဖြင့်လေ့လာ သုံးသပ်၍ ရနိုင် သမျှသော ဝေါဟာရများကိုသာ သီးသန့် ရွေးထုတ်ပြုစု ထားပါသည်။

၃၊၁ ။ သာသနာရေးဆိုင်ရာကျွန်ဝေါဟာရများ

ဗုဒ္ဓသာသနာကိုအကြောင်းပြု၍ ပင်းယခေတ် အလှူရှင်တို့သည် မိမိတို့ကောင်းမှု ကုသိုလ်ပြုပြီးတိုင်း ပုဂံခေတ် အလှူရှင်များ ကဲသို့ ပင် အလှူ မှတ်တမ်းတင် အဖြစ် ကျောက်စာ ရေးထိုး လေ့ရှိသည်။ ထို့ကြောင့် ပင်းယခေတ်ကျောက်စာများတွင်သာသနာရေးဆိုင်ရာကိစ္စများလုပ်ဆောင်ရန် အတွက် “ကျွန်” များကို လှူဒါန်းလေ့ရှိကြောင်း အလေ့လာခံ ကျောက်စာ အထောက်အထား များမှတစ်ဆင့် တွေ့ရပါသည်။

“သာသနာ”ဟူသောဝေါဟာရကို မြန်မာစာအဖွဲ့၏မြန်မာအဘိဓာန်(၂၀၂၁၊စက်တင်ဘာလ)တွင်

“သာသနာ ၊န-မြတ်စွာဘုရား၏အဆုံးအမ” (စာ- ၃၅၈)

ဟုဖွင့်ဆိုပြထားပါသည်။

“ကျွန်”ဟူသော ဝေါဟာရကို မြန်မာစာအဖွဲ့၏မြန်မာအဘိဓာန်(၂၀၂၁၊စက်တင်ဘာလ)တွင်

“ကျွန် ၊န-သူတစ်ပါး၏ စိုးပိုင်စေခိုင်းခြင်းကို ခံရသူ” (စာ- ၄၂)

ဟုလည်းကောင်း၊ ဦးမြတ်ကျော်၏ ပုဂံခေတ်ကျောက်စာအဘိဓာန်(၂၀၀၉၊ဩဂုတ်လ)တွင်

“ကျွန်၊န-ကျွန်။အလုပ်သမား” (စာ -၄၆)

ဟူ၍လည်းကောင်း ဖော်ပြ ထားပါသည်။ ထို့ကြောင့် ကျွန်ဟူသော ဝေါဟာရကို “သူတစ်ပါး၏ စိုးပိုင်စေခိုင်းခံရခြင်းဖြင့်စားသောက်နေထိုင်အသက်မွေးသူ” ဟုဖွင့်ဆို နိုင်ပါသည်။ ထိုကြောင့်အလေ့လာခံကျောက်စာတို့မှ သာသနာ ရေးဆိုင်ရာ ကျွန်ဝေါဟာရ များအဖြစ် “ဘုရားကျွန်၊ ဝတ်ချက်ကျွန်၊ ကျောင်းကျွန်၊ ” စသည်တို့ကို တွေ့ရပါသည်။

သာဓက- “ **ဖုရာကျွန် ၊ဖူရာကျွန်” (ဘုရားကျွန်**)

-ငါပြုသောဖုရာကျွန်ကိုဝ် လုယက်စထဟုမူကာ (ပုံ- ၅၂၅၊က[၉])

(ငါပြုသောဘုရားကျွန်ကိုလုယက်စားထဟုမူကား)

-ငါလှူသောဖူရာကျွန်ကာအခါခပ်သိမ်လျှင်လုပ်ကျွိုယ်စိယ် (ပုံ -၄၃၆၊ခ[၂၆])

(ငါလှူသော ဘုရားကျွန်ကား အခါခပ်သိမ်းလျှင် လုပ်ကျွေးစေ)

အထက်ပါ သာဓကများအရ သာသနာရေးဆိုင်ရာ “ကျွန်” ဝေါဟာရများတွင် မျက်မှောက်ခေတ် “ဘုရားကျွန်” ဟူသော စာလုံးပေါင်းသတ်ပုံကို ပင်းယခေတ်တွင် “ ဖုရာကျွန်၊ ဖူရာကျွန်” စသည် ဖြင့်တွေ့ရပြီးပင်းယခေတ်တစ်ခေတ်ထဲ၌ပင်စာလုံးပေါင်း သတ်ပုံကွဲပြားမှု ရှိပါသည်။ သို့သော် အနက်အဓိပ္ပာယ်မှာ ဘုရားကျွန်သည်စေတီပုထိုးတို့တွင် ဝေယျာဝစ္စဆောင်ရွက်ရန် စေခိုင်းခြင်းခံရသူ၊အလုပ်သမားဟူ၍ဖွင့်ဆိုထားကြောင်းလေ့လာတွေ့ရှိရပါသည်။

သာဓက- “ဝတ်ချက်ကျွန်” (ဝတ်ချက်ကျွန်)

-ကျွောင်ကိုလှူခသောဝတ်ချက်ကျွန်ကာ ၊အိုမ်ပလမျိုသာစုံ၃ (ပုံ -၄၁၇[၁၀])

(ကျောင်းကိုလှူခဲ့သောဝတ်ချက်ကျွန်ကား၊အိုမ်ပလင်မယားသားစုံ၃)

အထက်ပါ သာဓက အရပင်းယခေတ် သာသနာရေးဆိုင်ရာ ကျွန်ဝေါဟာရတို့တွင် “ဝတ်ချက်ကျွန်” ကိုတွေ့ရပါသည်။

“ဝတ်ချက်ကျွန်”ကိုဦးမြတ်ကျော်၏ပုဂံခေတ်ကျောက်စာအဘိဓာန်(၂၀၀၉၊ဩဂုတ်လ)တွင်

“ဝတ်ချက်- တ်ချက်သည်။ဝတ်ကြီးဝတ်ငယ်ပြုသည်” (စာ -၂၆၇)

ဟူ၍ ဖွင့်ဆို ထားပါသည်။ အထက်ပါ သာဓကတွင် “ဝတ်ချက်ကျွန်” ဝေါဟာရ သည် ရတနာသုံးပါး အတွက်ဆွမ်းချက်ရန်နှင့် ဝတ်ကြီးဝတ်ငယ် ပြုစုရန် လှူထားသော ကျွန်ဟု အနက်ရိုး အရ ဖွင့်ဆိုနိုင်ပါသည်။

သာဓက- “ကျောင်ကျွန်” (ကျောင်းကျွန်)

-နံကာလွှန်၅ချက်၄နိယ်အာအနန္တသူကျောင်ကျွန် ကမ္မပတိ (ပုံ- ၄၀၄၄၀)
(နံကာလဆန်း၅ရက်၄နေ့အနန္တသူကျောင်းကျွန် ကမ္မပတိ)

အထက်ပါသာဓက(၃)တွင်“ကျောင်းကျွန်” ဟူသောဝေါဟာရကိုပင်းယခေတ်သာသနာရေး ဆိုင်ရာ ကျွန်ဝေါဟာရအဖြစ်တွေ့ရပါသည်။

“ကျောင်း”ဟူသောဝေါဟာရကိုမြန်မာစာအဖွဲ့၏မြန်မာအဘိဓာန်(၂၀၂၁၊စက်တင်ဘာလ)တွင်

“ကျောင်း၊န- ရသေ့ရဟန်းတို့သီတင်းသုံးနေထိုင်ရာအဆောက်အအုံ”(စာ-၂၈)

ဟု၍ ဖွင့်ဆို ထားပါသည်။ ထို့ကြောင့် သံဃာတော်များ သီတင်းသုံးနေထိုင်ရာ ကျောင်း၏ ဝေယျာဝစ္စ ကိစ္စများဆောင်ရွက်ရန် လှူထားသော ကျွန်ဖြစ်ကြောင်း ကောက်ယူ နိုင်ပါသည်။ အထက် ဖော်ပြပါ သာသနာရေးဆိုင်ရာ ကျွန်ဝေါဟာရများအရ“ပုရာကျွန်(ဘုရားကျွန်) ၊ဝတ်ချက်ကျွန် (ဝတ်ချက်ကျွန်)၊ ကျောင်ကျွန်(ကျောင်းကျွန်)” စသည့်ဝေါဟာရတို့ကို “အနက်ရိုး” တို့ဖြင့်ဖော်ပြ ပြုစု ထားပါသည်။ ထို ဝေါဟာရများသည် ဗုဒ္ဓသာသနာရေးနှင့် သက်ဆိုင်သော အမှုကိစ္စများတွင် ဆောင်ရွက်နေသောကျွန် အမျိုးအစားများဖြစ်ပါသည်။ထို“ကျွန်”တို့သည်မိမိတို့နှင့်သက်ဆိုင်ရာ ဘုရားစေတီနှင့်သံဃာတော်တို့ ၏အမှုကိစ္စတို့ကို ဆောင်ရွက်ကြရာတွင် လည်းကောင်း ၊လုပ်ငန်း ကိစ္စတာဝန်တို့နှင့် ပတ်သက်သော ဂုဏ်အရည်အချင်းတို့ကို ဖော်ပြနေသဖြင့် အတ္ထဗေဒအရထို ဝေါဟာရတို့သည်“ဂုဏ်ရည်ပြအနက်” ထွက်ရှိကြောင်းတွေ့ရပါသည်။

ထို့ပြင်“ဘာသာစကား၏အလုပ်တာဝန်” အနေဖြင့်ကြည့်လျှင် “ကျွန်” ဟူသောစကားလုံးကို ညွှန်းသည့် “ဘုရားကျွန်၊ ဝတ်ချက်ကျွန်၊ကျောင်းကျွန်”စသည့်ဝေါဟာရတို့ ၏အနက်နှင့် အသုံးကို သိရှိစေသဖြင့်“အသိပေးမှုတာဝန်”လည်း ရှိကြောင်းတွေ့ရ ပါသည်။

ထို့နောက်ဒေါက်တာခင်အေး၏အတ္ထဗေဒနိဒါန်း(၂၀၀၈၊မတ်လ)အရအောက်ဖော်ပြပါနည်းနာ တို့ဖြင့်သုံးသပ်တွေ့ရှိရပါသည်။

“အချို့စကားလုံးများကိုလိုအပ်သောအနက်အဓိပ္ပာယ်ရအောင်တွဲသုံး နေကျဖြစ်လျှင်အနက်စပ်စကားလုံးတွဲဟုခေါ်သည်။” (စာ- ၁၀၄)

ဟူသောအဆိုအရ“ဘုရားကျွန်၊ဝတ်ချက်ကျွန်၊ကျောင်းကျွန်၊”ဟူသောစကားလုံးတို့သည် မတူညီသော အလုပ်တာဝန်များအလိုက်အမျိုးအစားကွဲပြားမှုရှိပုံကိုတွေ့ရပါသည်။ထို့ပြင်“ကျွန်”ဟူသောစကားလုံး များကို လိုအပ်သော အနက်အဓိပ္ပာယ် ရအောင် တွဲစပ် သုံးထားသောကြောင့် ထိုဝေါဟာရ တို့သည် အတ္ထဗေအရ “အနက်စပ်စကားလုံးတွဲ” များဖြစ်ကြောင်း သုံးသပ်မိပါသည်။ထို့အတူ

“စကားလုံးတစ်လုံး၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် ထိုစကားလုံး နှင့်အခြားစကားလုံးများ၏ဆက်သွယ်မှုကိုလည်းတစ်စိတ်တစ်ပိုင်းအခြေပြု၍ ဆိုရသည်။” (စာ -၁၁၅)

ဟူသောဖွင့်ဆိုချက်အရ“ဘုရားကျွန်၊ဝတ်ချက်ကျွန်၊ကျောင်းကျွန်၊”တို့သည်“ကျွန်” ဟူသောစကားလုံး ကိုအခြေပြု၍စကားလုံးတစ်လုံးနှင့်တစ်လုံးတို့သည်တစ်စိတ်တစ်ပိုင်းအားဖြင့် ဆက်သွယ် မှု ရှိကြောင်း တွေ့ရပါ သည်။ ထို့ပြင်

“စကားတစ်လုံးကို အခြားစကားလုံးများနှင့်တွဲသုံးရာတွင် တွဲပုံအမျိုးမျိုး ရွေ့လျားသွားမှုကိုအခြေခံ၍ ထိုစကားလုံး၏အနက်များတိုးပွားလာသည့် သဘောရှိသည်” (စာ- ၁၃၇)

ဟူသောအဆိုအရ “ကျွန်”ဟူသောစကားလုံးကို ““ဘုရား၊ ဝတ်ချက်၊ ကျောင်း၊ ”စသော စကားလုံး များနှင့်တွဲသုံးရာတွင် “ဘုရားကျွန် ၊ဝတ်ချက်ကျွန်၊ ကျောင်းကျွန်၊” စသည်ဖြင့်တွဲစပ်ပုံအရ စကားလုံး များ၏အနက်တိုးပွားလာခြင်းဖြစ်၍ “အသုံးရွေ့ခြင်း” ရှိကြောင်းတွေ့ရှိရ ပါသည်။ ထို့နောက်

“စကား တစ်လုံး ကိုလုပ်ငန်း ဆောင်တာ ကိစ္စ အမျိုးမျိုး တွင် သုံးလျှင် ထို လုပ်ငန်း ၏ သဘာဝ အရ အနက်အမျိုးမျိုး ထွက်ကြောင်းတွေ့နိုင်သည်”

(စာ-၁၃၈)

အထက်ပါဖွင့်ဆိုချက်အရ“ကျွန်”ဟူသောစကားလုံးကိုသုံးရာတွင်ဘုရား၏ဝေယျာဝစ္စကိုဆောင်ရွက်ရသောကျွ န် ၊သံဃာတော်များ၏ ဝေယျာဝစ္စကိုဆောင်ရွက်ရသောကျွန်ကို“ဘုရားကျွန်၊ဝတ်ချက်ကျွန်” စသည်ဖြင့်လုပ်ငန်းကိစ္စ အမျိုးမျိုးအတွက် သုံးလျှင်လုပ်ငန်းသဘာဝ အရအနက်အမျိုးမျိုးထွက်သည့် အတွက် ဝေါဟာရ “သီးသန့်သုံးခြင်း”သဘော ရှိကြောင်း တွေ့ရပါသည်။ တစ်ဖန်

“စကားလုံးတစ်လုံး၏အနက်အဓိပ္ပာယ်ထဲတွင်အခြားစကားလုံးတစ်လုံး၏ အနက်အဓိပ္ပာယ်ပါဝင်နေခြင်းကိုအနက်အကျုံးဝင်ခြင်းဟုခေါ်သည်။”

(စာ- ၁၅၀)

ဟူသော ဖွင့်ဆိုချက်အရ “ကျွန်” ဟူသောစကားလုံးတစ်လုံး ၏အဓိပ္ပာယ်တွင် “ဘုရား၊ ဝတ်ချက်၊ ကျောင်း” စသည့်ဖြင့် “ဘုရားကျွန်၊ ဝတ်ချက်ကျွန်၊ ကျောင်းကျွန်၊ ” ဟူသော အခြား စကားလုံးများ၏ အနက်အဓိပ္ပာယ်ထဲတွင် ပါဝင်နေခြင်းကို တွေ့ရသဖြင့် “အနက်အကျုံးဝင်ခြင်း” ဖြစ်ကြောင်း တွေ့ရှိ ရပါသည်။ ထို့အတူ

“အနက်အဓိပ္ပာယ်ဆိုင်ရာနယ်ပယ်တစ်ခုအတွင်းတွင်ပါဝင်သောဝိသေသသုံး စကားလုံးများသည် တစ်လုံးကို အသုံးပြုဖော်ပြနေသည့် နေရာ၌ အခြားတစ်လုံးမဖြစ်ပေါ်နိုင်၊နှစ်လုံးတစ်ပြိုင်နက်မဖြစ်ပေါ်နိုင်၊သဘောကိုအန က်အကျုံးမဝင်ခြင်းဟုခေါ်သည်” (စာ -၁၅၃)

ဟူသောအဆိုအရ“ကျွန်”ဟူသောအနက်အဓိပ္ပာယ်ဆိုင်ရာနယ်ပယ်တစ်ခုအတွင်းပါဝင်သောဝိသေသစကားလုံး များဖြစ်သည့်“ဘုရားကျွန်”ဟူသောစကားလုံး၏အသုံးဖော်ပြသည့်နေရာ၌“ဝတ်ချက်ကျွန်” ဟူသောစကားလုံးမဖြစ်ပေါ်နိုင်ပေ။ ထို့အတူ “ဘုရားကျွန်၊ ဝတ်ချက်ကျွန်” ဟူသောစကားလုံးနှစ်မျိုး စလုံးတစ်ပြိုင်နက်တည်းမဖြစ်နိုင်ကြောင်းတွေ့ရပါသည်။ထို့ပြင်

“စကားလုံးတစ်လုံးသည်ရုပ်သွင်အရဖြစ်စေအနက်အဓိပ္ပာယ်အရဖြစ်စေ၊ နှစ်မျိုးစလုံးအရဖြစ်စေ၊ အခြေခံစကားလုံးများစွာတို့နှင့် ကွန်ရက် သဖွယ် ဖွဲ့ယှက်နေကြောင်းတွေ့ရှိရပါသည်။” (စာ- ၁၈၉)

ဟူသော ဖွင့်ဆိုချက်အရ “ကျွန်”ဟူသော စကားလုံးသည် “ဘုရား၊ဝတ်ချက်၊” စသော စကားလုံရုပ်သွင် တို့နှင့်ကွန်ရက်သဖွယ် ဖွဲ့ယှက်နေ၍ “အနက်ဖွဲ့ယှက်မှုနယ်ပယ်” တွင်ရှိကြောင်း လည်းလေ့လာသိရှိ ရပါသည်။

ထို့နောက်ဒေါက်တာကိုလေးဘာသာစကားလေ့လာမှု (၂၀၁၈၊ဇန်နဝါရီလ)တွင်

“စကားလုံးတို့သည် အဓိပ္ပာယ်ကို သယ်ဆောင်သော ကိရိယာအဖြစ် အပျက်အပြုအမူတို့ကို ဖြည့်ဆည်းပေးသော အတ္ထဗေဒ ဆိုင်ကဏ္ဍများ အဖြစ်သာမက ယင်းစကားလုံး တို့အတွက် အချင်းချင်း ဆက်သွယ်မှုများ လည်း ရှိကြသည်။” (စာ -၂၀၆)

ဟူသော အဆိုအရ “ဘုရားကျွန်၊ ဝတ်ချက်ကျွန်၊ ကျောင်းကျွန်၊” စသော ဝေါ ဟာရတို့သည် “ကျွန်” ဟူသော ဝေါဟာရနှင့် တွဲစပ်ထားသောကြောင့် စကားလုံးအချင်းချင်း ဆက်သွယ်မှုများရှိကြောင်း တွေ့ရှိရ၍ “ဝေါဟာရဆက်နွယ်မှု” များလည်းဖြစ်ကြောင်းလည်း အတ္ထဗေဒ အရသုံးသပ်မိ ပါသည်။

၃၊၂ ။ လိင်အမျိုးအစားကွဲပြားမှုကျွန်ဝေါဟာရများ

ပင်းယခေတ် ကျောက်စာများတွင် “ကျွန်” ဟူသောစကားလုံးကို မူတည်၍ လိင်အမျိုးအစား ခွဲခြား သတ်မှတ်လေ့ရှိသည်။ လိင်အမျိုး အစား ကွဲပြားမှုရှိသော ကျွန် ဝေါဟာရ များမှာ “ကျွန်ယောကျ်ား၊ ကျွန်မိန်းမ” စသော ဝေါဟာရများကို တွေ့ရပါ သည်။

မြန်မာစာအဖွဲ၏မြန်မာအဘိဓာန် (၂၀၂၁)တွင်

“လိင်၊ နာ- အသွင်အပြင်။အင်္ဂါဇာတ်။အထီးအမတို့၏သဘာဝ”(စာ- ၃၃၀)

“ကျွန်၊နာ- သူတစ်ပါး၏စိုးပိုင်စေခိုင်းခြင်းခံရသူ” (စာ- ၄၂)

“ယောကျ်ား ၊နာ-အဖိုဖြစ်သောလူသား ။ လင်။” (စာ-၂၉၀)

“မိန်းမ ၊နာ- သန္ဓေဆောင်ယူပေးနိုင်သောလူ။ဇနီး၊မယား။” (စာ-၂၇၀)

ဟူ၍ဖွင့်ဆိုထားပါသည်။

သာဓက- “ ကျွန်ယောကျ်ာ” (ကျွန်ယောကျ်ား)

- ကျွန်ယောကျာ်စည်သည်ငါမျှသာငါခင်နှစ် (ပုံ-၅၀၂[၇])

(ကျွန်ယောကျ်ားစည်သည်ငါ့မြင်သားငခင်နှစ်)

သာဓက- “ကျွန်မိယ်မ” (ကျွန်မိန်းမ)

-ကျော်ငန္ဒိက် ကွည်စိယ်သော ကျွန်မိယ်မအိုန်စုံတယောက် (ပုံ-၄စ၁က[၇-၈])

(ကျောင်း၌ကျွေးစေသောကျွန်မိန်းမအိုန်စုံတစ်ယောက်)

အထက်ပါသာဓကတို့အရ “ကျွန်မို၊ ကျွန်မိယ်မ” ဟူ၍ပင်းယခေတ်တစ်ခေတ်တည်း၌ပင် စာလုံးပေါင်း သတ်ပုံ ကွဲပြားမှု ရှိသော်လည်း သာသနာရေး ဆိုင်ရာ “ကျွန်ယောကျ်ား၊ ကျွန်မိန်းမ” ဟူသော အနက်

အဓိပ္ပာယ်မှာတူညီကြောင်း တွေ့ရပါသည်။ထို့နောက်လိင်အမျိုးအစား ကွဲပြားမှု ရှိသောကျွန်ဝေါဟာရများအဖြစ် “ကျွန်ယောကျာ် (ကျွန်ယောကျာ်း)၊ ကျွန်မိယ်ခ်(ကျွန်မိန်းမ)” စသော ဝေါဟာရများကိုအတ္ထဗေဒအမြင်ဖြင့် လေ့လာကြည့်ရာတွင် ဘာသာစကား၏ အလုပ်တာဝန် အနေဖြင့် “ကျွန်” ဟူသော စကားလုံး ဆိုင်ရာ ဝေါဟာရ၏ အနက်နှင့်လိင်အမျိုးစား ကွဲပြားမှုအသုံးကို သိရှိစေသဖြင့်“အသိပေးမှု တာဝန်” တို့ထွက်ရှိကြောင်း တွေ့ရှိရသည်။

ထို့နောက်ဒေါက်တာခင်အေး၏အတ္ထဗေဒနိဒါန်း(၂၀၀၈၊မတ်လ)မှအတ္ထဗေဒဆိုင်ရာအမြင်များကိုဖော်ပြချက်တို့ဖြင့်အောက်ပါအတိုင်းရှင်းလင်းတင်ပြပြုစုထားပါသည်။

> **“စကားလုံးများ ကိုတွဲဆက်၍ သုံးခြင်းဖြင့် ရရှိ လာသော အနက်ကိုဒွန်တွဲ အနက်ဟုခေါ်သည်။”** (စာ- ၈၈)

ဟူသောအဆိုအရ“ကျွန်”ဟူသောစကားလုံးကို “ယောကျာ်း၊မိန်းမ” စသည့်ဝေါဟာရများနှင့် တွဲဆက်လိုက်သောအခါ“ကျွန်ယောကျာ်း၊ကျွန်မိန်းမ” စသောဝေါဟာရများဖြစ်လာသောကြောင့်ထိုစကား လုံး တို့သည် “ဒွန်တွဲ အနက်” ထွက် ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် “ကျွန်” ဟူသော စကားလုံးတွင် “ယောကျာ်း၊မိန်းမ၊”စသောစကားလုံးများကို လိင်အမျိုးအစားအလိုက် လိုအပ်သောအနက် အဓိပ္ပာယ်ရအောင်တွဲသုံးထားသောကြောင့် “အနက်စပ်စကားလုံးတွဲ” ဖြစ်ကြောင်းတွေ့ရပါသည်။

> **“စကားလုံးတစ်လုံးကိုအခြားစကားလုံးများနှင့်တွဲသုံးရာတွင်တွဲပုံအမျိုးမျိုးရွေ့ လျားသွားမှုကို အခြေခံ၍ထိုစကားလုံးများ၏ အနက်များ တိုးပွားလာသည့်သဘောရှိသည်”** (စာ-၁၃၇)

ထို့အတူ “ကျွန်” ဟူသော စကားလုံး တစ်လုံးကို အခြေပြု၍ “ယောကျာ်း၊ မိန်းမ” ဟူသော ဝေါဟာရများ သည် လိင်သဘော အရ လည်းကောင်း ၊လုပ်ငန်း သဘာဝအရ လည်းကောင်း၊ တစ်စိတ် တစ်ပိုင်း ဆက်သွယ်မှုရှိကြောင်းတွေ့ရပါသည်။ထို့ပြင် “ကျွန်” ဟူသောဝေါဟာရကို“ယောကျာ်း၊ မိန်းမ”စသော စကားလုံးများနှင့်တွဲသုံးရာတွင်“ကျွန်ယောကျာ်း၊ကျွန်မိန်းမ”စသည်ဖြင့် တွဲစပ်ပုံအရ စကားလုံးများ၏ အနက်တိုးလာခြင်းသည် “အသုံးရွှေ့ခြင်း” အဖြစ်တွေ့ရပါ သည်။ ထို့ပြင်

> **“နယ်ပယ်ချင်းခြားနားမှုပြတ်သားသော အနက်ဆန့်ကျင်မှုမှာ စကားလုံး တစ်လုံးနှင့်တစ်လုံး နယ်ပယ်ချင်း ပြတ်ပြတ်သားသားရှိသော အနက် ဆန့်ကျင်မှုများဖြစ်သည်။”** (စာ-၁၄၃)

ဟူသော အဆိုအရ “ကျွန်ယောကျာ်း၊ ကျွန်မိန်းမ” စသောဝေါဟာရ တို့သည် လိင်သဘောအရ “နယ်ပယ်ချင်းခြားနားပြတ်သားသော အနက်ဆန့်ကျင်မှု” ဖြစ်ကြောင်း တွေ့ရပါသည်။

> **“စကားလုံးတစ်လုံးသည်ရုပ်သွင်အရဖြစ်စေ၊အနက်အဓိပ္ပာယ်အရဖြစ်စေ၊နှစ် မျိုးစလုံးအရဖြစ်စေ၊အခြေခံစကားလုံးများစွာတို့နှင့်ကွန်ရက်သဖွယ်ဖွဲ့ယှက်နေ ကြောင်းတွေ့ရပါသည်။”** (စာ- ၁၈၉)

ဟူသောအဆိုအရ“ကျွန်”ဟူသောစကားလုံးရုပ်သွင်သည် “ယောကျာ်း ၊မိန်းမ”စသည့်စကားလုံး တို့နှင့် ကွန်ရက်သဖွယ်ဖွဲ့ယှက်နေ၍ “အနက်ဖွဲ့ယှက်မှုနယ်ပယ်” တွင်ရှိကြောင်း တွေ့ရ ပါသည်။

၃၊၃ ။ စဉ်ဆက်ပိုင်ဆိုင်မှုအရကျွန်ဝေါဟာရများ

ပင်းယခေတ် အလျှုမှတ်တမ်းတင်မြန်မာ ကျောက်စာများတွင် “စဉ်ဆက်ပိုင်ဆိုင်မှုအရ ကျွန်ဝေါဟာရများ”အဖြစ် “အဖမှလာသောကျွန်၊ အမိမှလာသောကျွန်” စသော ဝေါဟာရ များကို လည်းတွေ့ရ ပါသည်။

သာဓက- “အဖမှလာသောကျွန်” (အဖမှလာသောကျွန်)

-အဖမှလာသောကျွန်ကာ ၃၁ တေ အပေါင်ကြီ ၄၇ယောက် (ပုံ- ၂၁၂၁)

(အဖမှလာသောကျွန်ကား ၃၁တေး အပေါင်းကြီး၄၇ယောက်)

သာဓက- “အမိမှလာသောကျွန်” (အမိမှလာသောကျွန်)

- အမိမှလာသောကျွန်ကာကုမိတ် ၁ကုမိတ်ဒီမတုသြာအံ (ပုံ- ၂၁၂၁)

(အမိမှလာသော ကျွန်ကားကုမိတ်၁ကုမိတ်ညီမတုအော်)

အထက်ပါ သာဓကများအရ ပင်းယခေတ် မြန်မာကျောက်စာများတွင် “ကျွန်” ဟူသောဝေါဟာရနှင့် ဆက်နွယ်၍ သုံးသော “အဖမှလာသောကျွန်၊ အမိမှလာသောကျွန်” စသည့် ဝေါဟာရများသည် မိဘ အစဉ်အဆက် ပိုင်ဆိုင်မှုအရ သားသမီးတို့က ဆက်ခံရရှိလာသော ကျွန်များဖြစ်ကြောင်းတွေ့ပါသည်။ “ဘာသာစကား၏ အလုပ်တာဝန်” အရစဉ်ဆက် ပိုင်ဆိုင်မှု ကိုဖော်ပြ နေသော ကျွန်ဝေါဟာရများ ဖြစ် သဖြင့် “အသိပေးမှုတာဝန်” ရှိ ကြောင်း တွေ့ရပါသည်။

ထို့နောက် ဒေါက်တာခင်အေး၏ အတ္ထဗေဒနိဒါန်း (၂၀၀၈၊မတ်လ) အရ အတ္ထဗေဒအမြင်ဖြင့် လေ့လာပါက အောက်ပါအတိုင်း တွေ့ရှိရပါသည်။

> **“စကားလုံးများကို တွဲဆက်၍ သုံးခြင်းဖြင့်ရရှိလာသောအနက်ကို ဒွန်တွဲအနက် ဟုခေါ်သည်”** (စာ -၈၈)

ထိုဖွင့်ဆိုချက်အရ “အဖမှလာသောကျွန်၊ အမိမှလာသောကျွန်” ဝေါဟာရတို့သည်စဉ်ဆက် ပိုင်ဆိုင်မှု ကိုဖော်ပြသော “ဒွန်တွဲအနက်” များဖြစ်ကြောင်းတွေ့ရှိရပါသည်။ထို့ပြင် “ကျွန်” ဟူသော စကားလုံး ဖြင့်လိုအပ်သော အနက်အဓိပ္ပာယ်ရအောင် တွဲသုံးထားသောကြောင့် “အနက်စပ်စကားလုံးတွဲ” ဖြစ် ကြောင်းတွေ့ရပါသည်။ တစ်ဖန်

> **“စကားလုံးတစ်လုံးကို အခြားစကားလုံးများနှင့် တွဲသုံးရာတွင်တွဲပုံအမျိုးမျိုးရွေ့လျားသွားမှုကို အခြေခံ၍ ထိုစကား၏ အနက်များ တိုးပွားလာသည့်သဘောရှိသည်။”** (စာ-၁၃၇)

ထို့အတူ“ကျွန်”ဟူသောစကားလုံးကိုအခြေပြု၍တွဲပုံအမျိုးမျိုးရွေ့လျားသွားသောကြောင့် “အဖမှလာ သောကျွန်၊အမိမှလာသောကျွန်” စသည်ဖြင့်တွဲစပ်ပုံအရစကားလုံးများ၏အနက် တိုးပွားလာခြင်းသည် “အသုံးရွေ့ခြင်း” ဖြစ်ကြောင်းတွေ့ရှိရပါ သည်။ ထို့ပြင်

> **“နယ်ပယ်ချင်းခြားနားမှုပြတ်သားသော အနက်ဆန့်ကျင်မှုမှာ စကားလုံးတစ်လုံးနှင့် တစ်လုံး နယ်ပယ်ခြင်း ပြတ်ပြတ် သားသား ရှိသော အနက်ဆန့်ကျင်မှုများဖြစ်သည်။”** (စာ-၁၄၃)

ဟူသောအဆိုအရ “အဖမှလာသောကျွန်၊ အမိမှလာသောကျွန် ”စသောဝေါဟာရတို့မှာ လိင်ကွဲပြားမှု သဘောအရ“နယ်ပယ်ချင်းခြားနားပြတ်သားသောအနက်ဆန့်ကျင်မှု”များဖြစ်ကြောင်းတွေ့ရပါသည်။ ထိုပြင်

“ကျွန်” ဟူသောစကားလုံးသည် “အဖ၊ အမိ” စသောစကားလုံးရုပ်သွင်တို့နှင့်ကွန်ရက်သဖွယ် ဖွဲ့ယှက် နေ၍ “အနက်ဖွဲ့ယှက်မှုနယ်ပယ်” တွင် ရှိ ကြောင်းတွေ့ရပါသည်။

သုံးသပ်ချက်

ဤစာတမ်းသည်“ပင်းယခေတ်မြန်မာကျောက်စာများမှကျွန်ဆိုင်ရာဝေါဟာရများကိုအတ္ထဗေဒအမြင် ဖြင့်လေ့လာချက်" ဖြစ်ပါသည်။ပင်းယခေတ်မြန်မာကျောက်စာများမှတစ်ဆင့်လေ့လာသိရှိခွင့်ရသော ကျွန်ဆိုင်ရာစကားလုံးများကို အတ္ထဗေဒနည်းနာတို့ဖြင့် ချဉ်းကပ်၍ လေ့လာရန်ိုင်သမျှ ဝေါဟာရတို့ကို သာစိစစ်ရွေးထုတ် ပြုစုပါသည်။ ထိုသို့အတ္ထဗေဒအမြင်ဖြင့် လေ့လာ၍ရနိုင်သမျှ ကျွန်ဝေါဟာရများ တွင်သာသနာရေးဆိုင်ရာကျွန်ဝေါဟာရလိင် အမျိုး အစား ကွဲပြားမှု ရှိသော ကျွန်ဝေါဟာရ၊ စဉ်ဆက် ပိုင်ဆိုင်မှုကိုဖော်ပြသော ကျွန်ဝေါဟာရများ၊ များကိုအတ္ထဗေဒ နည်းနာများ စကားလုံးတွဲများ၊ သီးသန့်သုံးခြင်း၊ နယ်ပယ်ချင်း ခြားနား ပြတ်သားသော အနက်ဆန့်ကျင်မှု၊အနက် ဖွဲ့ယှက်မှုနယ်ပယ်၊

ဝေါဟာရ ဆက်နွယ်မှု စသော နည်းနာ များဖြင့် ချဉ်းကပ် လေ့လာ ပါသည်။ ထို့နောက် သာဓကပြ

ကျောက်စာ စာသားအကိုးအကား များဖြင့်ရှင်းလင်း ဖော်ပြ ပြုစုပါသည်။ ထို့ကြောင့် ပင်းယခေတ် ကျွန်ဆိုင်ရာဝေါဟာရ တို့သည် ပင်းယခေတ် တစ်ခေတ်တည်းမှာပင် စာလုံးပေါင်း သတ်ပုံကွဲပြားမှု တွေ့ရသော်လည်း အနက်အဓိပ္ပာယ်မှာ မူတူညီမှုရှိကြောင်း လည်း သုံးသပ်တွေ့ ရှိပါသည်။ ထို့ကြောင့် ပင်းယခေတ် မြန်မာကျောက်စာတို့မှ ကျွန်ဆိုင်ရာဝေါဟာရများကို အတ္ထဗေဒအမြင်ဖြင့် လေ့လာ ပြုစုခြင်းသည် မြန်မာ စာပေနှင့် ဘာသာ စကား ဆိုင်ရာ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက် တို့ကိုလေ့လာ

လိုသူများ အတွက် အထောက်အကူပြုကြောင်း တွေ့ရပါသည်။

နိဂုံး

ဤစာတမ်း သည် ပင်းယခေတ် မြန်မာ ကျောက်စာ များမှကျွန် ဆိုင်ရာ ဝေါဟာရ များကိုအတ္ထဗေဒ အမြင်ဖြင့် လေ့လာသုံးသပ် တင်ပြ ထားပါသည်။ ထို့ကြောင့် ရှေးဟောင်း မြန်မာ ကျောက်စာ များကို

လေ့လာ ရာတွင် ပင်းယခေတ် မြန်မာ ကျောက်စာတို့မှ တစ်ဆင့်တွေ့ရှိရသော ပင်းယခေတ်သုံး ကျွန်

ဆိုင်ရာ စကားလုံးများ၏ အသုံးအနှုန်းနှင့် အနက်အဓိပ္ပာယ်စာလုံးပေါင်းသတ်ပုံ တို့ကို ဘာသာစကား

ရှုထောင့်မှ လေ့လာလို သူများအတွက် အထောက် အကူ ဖြစ်စေ ပါသည်။ မျက်မှောက် ခေတ် တွင်

ပုဂံခေတ်၊ပင်းယခေတ် ကဲ့သို့ ကျွန်လူတန်းစားနှင့်ကျွန် ဆိုင်ရာဝေါဟာရ အသုံးတို့ မရှိတော့ သော် လည်းအလှူ မှတ်တမ်း တင်ခြင်းဆိုင်ရာ ကျောက်စာ တို့တွင် ရတနာသုံးပါးဆိုင်ရာ ၊လိင်အမျိုးအစား

ဆိုင်ရာ၊စဉ်ဆက် ပိုင်ဆိုင်မှုဆိုင်ရာ၊ ကျရာတာဝန် ထမ်းဆောင်ကျသောသူတစ်ပါး၏စေခိုင်းခြင်းကိုခံရ သည့် “ကျွန်” ဝေါဟာရနှင့် အသုံးအနှုန်းတို့ ရှိကြောင်း တွေ့ရပါသည်။ပင်းယခေတ်မြန်မာကျောက်စာ များမှကျွန်ဆိုင်ရာ ဝေါဟာရများကဲ့သို့ အခြားဝေါဟာရများကိုလည်းစာပေနှင့်ဘာသာစကားရှုထောင့် တို့မှသုတေသနပြုလေ့လာနိုင်ကြောင်းတွေ့ရပါသည်။

ကျမ်းကိုးစာရင်း

ကုလား၊ ဦး။ (၂၀၀၆)။ ***မဟာရာဇဝင်ကြီး ပ-တွဲ***၊ ပဉ္စမအကြိမ်။

ကုလား၊ ဦး။ (၁၉၆၂)။ ***မဟာရာဇဝင်ကြီး ပ-အုပ်၊ ဆဋ္ဌမတွဲ***၊

ကိုလေး၊ ဒေါက်တာ။ (၂၀၁၈)။ ***ဘာသာစကားလေ့လာမှု***။ ရန်ကုန်။ ဇရာဝတီစာပေတိုက်။

ကျော်အောင်စံထားဆရာတော်၊(ဒုတိယ)။***ဝေါဟာရတ္ထပကာသနီ***။ရန်ကုန်။လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်။

ခင်အေး၊ ဒေါက်တာ။ (၂၀၀၈)။ ***အတ္ထဗေဒနိဒါန်း***။ ရန်ကုန်။ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ငြိမ်းမောင်၊ဦး၊(ဖတ်ရှုရေးသားစီစဉ်သူ)။(၁၉၈၃)။***ရှေးဟောင်းမြန်မာကျောက်စာများ***၊တတွဲ။ရန်ကုန်။ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းကော်ပရေးရှင်း။

ငြိမ်းမောင်၊ဦး၊(ဖတ်ရှုရေးသားစီစဉ်သူ)။(၁၉၉၈)။***ရှေးဟောင်းမြန်မာကျောက်စာများ***၊စ-တွဲ။ရန်ကုန်။ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းကော်ပရေးရှင်း။

စောလူ။ (၁၉၉၆)။ ***ပုဂံခေတ်မြန်မာစာ***။ ရန်ကုန်။ စာပေဗိမာန်စာအုပ်တိုက်။

တင်၊ ဦး။ (၁၉၇၀)။ ***မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း***။ ရန်ကုန်။ ဗဟိုပုံနှိပ်တိုက်။

ထွန်းမြင့်၊ဦး။(၁၉၅၅)။***ဘာသာဗေဒ***။ရန်ကုန်၊ဂျီးအီးစီ(ပညာရေး)သမဝါယမလီမိတက်၊ရန်ကုန်တက္ကသိုလ်။

ဖိုးလတ်၊ ဦး။ (၂၀၁၀)။ ***မြန်မာစကားအဖွင့်ကျမ်း***။ ဒု-ကြိမ်။ ရန်ကုန်။ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ဖိုးလတ်၊ဦး။(၂၀၁၈)။***မြန်မာနေ့အမည်နှင့်နှစ်အမည်များ***။ရန်ကုန်။စိတ်ကူးချိုချိုပုံနှိပ်တိုက်။

မောင်မောင်လှိုင်၊တက္ကသိုလ်။(၁၉၉၇)။***အဋ္ဌကထာကျမ်းလာအုပ်ချုပ်ရေးဆိုင်ရာကျမ်း***။ရန်ကုန်။စာပေဗိမာန်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။(၂၀၁၉)။***စာကိုးအဘိဓာန်(ပုဂံခေတ်၊ပင်းယခေတ်)***။ ရန်ကုန်။ မြန်မာစာအဖွဲ့ ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၂၀၂၁)။ ***မြန်မာအဘိဓာန်***၊ ရန်ကုန်။ မြန်မာနိုင်ငံတိုင်းရင်းဘာသာစကားဦးစီးဌာန။

မြန်မာစာအဖွဲ့။(၂၀၂၁)။***မြန်မာအဘိဓာန်***၊ရန်ကုန်။အတွဲ၁၊က၊စ။မြန်မာနိုင်ငံတိုင်းရင်းဘာသာစကားဦးစီးဌာန။

သန်းဆွေ၊ဒေါ်။(၁၉၈၀)။***မြန်မာဘာသာစကားမြန်မာကျောက်စာစာတမ်းဆောင်းပါး***၊ပကြိမ်။ အထက်တန်းပညာဦးစီးဌာန။

သန်းထွန်း၊ဒေါက်တာ။(၂၀၀၄)။***ခေတ်ဟောင်းမြန်မာရာဇဝင်***၊တ-ကြိမ်။ ရန်ကုန်။ အင်းဝ စာအုပ်တိုက်။

စကားလုံးဖွဲ့စပ်မှုကြောင့် အနက်အဓိပ္ပာယ်ပြောင်းလဲပုံလေ့လာချက်

ယုယုဌေး[၁]

စာတမ်းအကျဉ်း

ဤစာတမ်းသည် စကားလုံးဖွဲ့စပ်မှုကြောင့် အနက်အဓိပ္ပာယ်ပြောင်းလဲပုံကို သမူဟဘာသာဗေဒ ရှုထောင့်မှ လေ့လာထားသော စာတမ်းဖြစ်ပါသည်။ မြန်မာဘာသာစကားကို အလေ့လာခံအဖြစ် သတ်မှတ်ထားပါသည်။ ရည်ရွယ်ချက်မှာ မြန်မာဘာသာစကားရှိ စကားလုံးများကို ဖွဲ့စပ်အသုံးပြု ခြင်းဖြင့် အနက်အဓိပ္ပာယ်အသစ်များတိုးပွားလာကြောင်း သိရှိစေလိုခြင်းဖြစ်ပါသည်။ လေ့လာရာ တွင်ပညာရပ်ဆိုင်ရာနည်းနာအဖြစ် ဘာသာဗေဒပညာရှင် ဆရာကြီးဦးထွန်းမြင့်၏ သမူဟ ဘာသာဗေဒဆိုင်ရာနည်းနာများနှင့် သုတေသနဆိုင်ရာနည်းနာအဖြစ် ဆရာကြီး ဒေါက်တာ အောင်မြင့်ဦး၏ သုတေသနဟူသည်စာအုပ်ပါ သရုပ်ဖော်သုတေသနနည်းနာကို အသုံးပြုထားပါ သည်။ ဤစာတမ်းသည် မြန်မာဘာသာစကား၏ သဘောသဘာဝများကို လေ့လာဖော်ထုတ် ထားသည့်အတွက် မြန်မာဘာသာစကားလေ့လာနေသူများအတွက်သာမက သမူဟဘာသာဗေဒ လေ့လာနေသူများအတွက်ပါ အထောက်အကူဖြစ်စေမည်ဟု မျှော်မှန်းပါသည်။

သော့ချက်ဝေါဟာရ။ ။ သမူဟ၊ စကားလုံး၊ အနက်။

၁။ နိဒါန်း

ဤစာတမ်းသည် မြန်မာဘာသာစကားရှိ စကားလုံးများကို တစ်ခုနှင့်တစ်ခုပေါင်းစပ်လိုက်သည့်အခါ မူလအဓိပ္ပာယ်နှင့် ထပ်တူထပ်မျှမတူဘဲ အနက်အဓိပ္ပာယ်ပြောင်းလဲသွားပုံကို သမူဟဘာသာဗေဒ ရှုထောင့်မှ ချဉ်းကပ်လေ့လာထားခြင်းဖြစ်ပါသည်။ သမူဟဘာသာဗေဒအရ စကားလုံးဖွဲ့ပုံသည် သဒ္ဒါဆိုင်ရာ စကားလုံးဖွဲ့ပုံနှင့် အတ္ထဗေဒဆိုင်ရာ အနက်အဓိပ္ပာယ်လေ့လာမှုနှစ်မျိုးကို ဆက်စပ် လေ့လာခြင်း ဖြစ်ပါသည်။ ဤစာတမ်းတွင် စကားလုံးဖွဲ့စပ်မှုကြောင့် အနက်အဓိပ္ပာယ် ပြောင်းလဲပုံကို လေ့လာတင်ပြရာတွင် မြန်မာဘာသာစကားရှိ အရည်အသွေးဆိုင်ရာ စကားလုံးများနှင့် အနက် အဓိပ္ပာယ်ဆက်စပ်မှု၊ အတိုင်းအတာဆိုင်ရာ စကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု၊ ပုံသဏ္ဌာန်ဆိုင်ရာစကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု၊ အမှုအရာဆိုင်ရာ စကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု၊ ရနံ့ဆိုင်ရာ စကားလုံးများနှင့်အနက် အဓိပ္ပာယ်ဆက်စပ်မှု၊ အရသာ ဆိုင်ရာ စကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှုဟူ၍ အပိုင်း(၆)ပိုင်းခွဲ၍ လေ့လာတင်ပြ သွားမည် ဖြစ်ပါသည်။

၁၊ ၁။ သုတေသနမေးခွန်းနှင့် ပြဿနာ

မြန်မာဘာသာစကားရှိ စကားလုံးများကို ပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့် အနက်အဓိပ္ပာယ်ပြောင်းလဲလာ ခြင်း အကြောင်းကို သမူဟဘာသာဗေဒရှုထောင့်မှ လေ့လာရာတွင် အောက်ပါသုတေသနမေးခွန်းနှင့် ပြဿနာအချို့ကို ကြုံတွေ့နိုင်ပါသည်။

(၁) စကားလုံးဖွဲ့စပ်ခြင်းသည် ထိုစကားလုံးကို မည်သို့သော အခြေအနေသို့ ပြောင်းလဲစေသနည်း။

(၂) စကားလုံးပေါင်းစပ်ဖွဲ့စည်းလိုက်သည့်အခါ သဒ္ဒါအမျိုးအစားပြောင်းလဲနိုင်မှုရှိ၊ မရှိ။

အထက်ပါ မေးခွန်းနှင့်ပြဿနာများကို အဖြေရှာဖော်ထုတ်နိုင်ရန် စာအုပ်စာတမ်းများ၊ သုတေသနဆိုင်ရာနည်းနာများ၊ ဆရာကြီး၊ ဆရာမကြီးများ၏ လမ်းညွှန်အကြံပေးမှုများကို ခံယူ၍ လေ့လာတင်ပြသွားပါမည်။

---

[၁] ကထိက၊ မြန်မာစာဌာန၊ မကွေးတက္ကသိုလ်

၂။ စာပေလေ့လာဆန်းစစ်ချက်

ဤစာတမ်းတွင် မြန်မာဘာသာစကားရှိ စကားလုံးများကို ပေါင်းစပ်ဖွဲ့စည်းခြင်းကြောင့် အနက်အဓိပ္ပာယ်ပြောင်းလဲလာပုံကို သမူဟဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ တင်ပြရာတွင် သီအိုရီများ၊ နည်းနာများ၊ တင်ပြချက်များ ခိုင်မာစေရန် စာတမ်းလေ့လာမှုနယ်ပယ်နှင့် ဆိုင်သော စာအုပ်စာတမ်းများ၊ အဆိုအမိန့်များ၊ ကိုးကားချက်များကို လေ့လာဖတ်ရှုခဲ့ပါသည်။ ပညာရပ်ဆိုင်ရာနည်းနာများကို နားလည်စေရန် ဆရာကြီးဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရ အဘိဓာန်နှင့် ဆရာကြီး ဒေါက်တာကိုလေး၏ လူမှုဘာသာဗေဒ ဝေါဟာရများအဖွင့် စာအုပ်များ၊ အင်တာနက်စာမျက်နှာများတွင် ရှာဖွေဖတ်ရှုခဲ့ပါသည်။ သုတေသနနည်းနာနှင့် ပုံစံများ စနစ်တကျ ရှိစေရန် ဆရာကြီး ဒေါက်တာအောင်မြင့်ဦး၏ သုတေသနဟူသည် စာအုပ်နှင့် ၂၀၂၀ ပြည့်နှစ် ရန်ကုန် တက္ကသိုလ် မြန်မာစာဌာနက ထုတ်ဝေသည့် သုတေသနကျမ်းလမ်းညွှန်တို့ကို လေ့လာဖတ်ရှုခဲ့ပါ သည်။ ထိုစာအုပ်များကို လေ့လာဖတ်ရှုခြင်းကြောင့် စကားလုံးပေါင်းစပ်ခြင်းကြောင့် အနက် အဓိပ္ပာယ် ပြောင်းလဲခြင်းအကြောင်း တင်ပြရာတွင် အထောက်အကူဖြစ်စေခဲ့ပါသည်။

၃။ နည်းနာ

ဤစာတမ်းတွင် မြန်မာဘာသာစကားရှိ စကားလုံးများကို တစ်ခုနှင့်တစ်ခု ပေါင်းစပ်ခြင်းဖြင့် အနက်အဓိပ္ပာယ်ပြောင်းလဲလာခြင်းအကြောင်းကို သမူဟဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြမည် ဖြစ်ပါသည်။ ထိုသို့တင်ပြရာတွင် တင်ပြမည့် သုတေသနများ တိကျခိုင်မာမှုရှိစေရန် ပညာရပ်ဆိုင်ရာ နည်းနာနှင့် သုတေသနဆိုင်ရာနည်းနာဟူ၍ နှစ်ပိုင်းခွဲကာ လေ့လာတင်ပြထားပါသည်။

၃၊ ၁။ ပညာရပ်ဆိုင်ရာနည်းနာ

သမူဟဘာသာဗေဒသည် ဘာသာဗေဒသဘောတရားများကို ပေါင်းစပ်လေ့လာသော ပညာရပ် ဖြစ်သည်။ သမူဟနှင့် ပတ်သက်၍ ပါဠိသက်ဝေါဟာရ အဘိဓာန်တွင် -

> **သမူဟ - အပေါင်း [ပါ၊ သမူဟ]။**
>
> **သမူဟနာမ် [ပါ၊ သမူဟနာမ]** (ထွန်းမြင့်၊ ဦး။ ၂၀၁၆၊ စာ ၃၁၉)

ဟူ၍ ဖွင့်ဆိုထားပါသည်။

ဘာသာဗေဒနှင့်ပတ်သက်၍ တက္ကသိုလ်ပညာပဒေသာစာစောင်တွင် -

> **ဘာသာဗေဒဆိုသည်မှာ ဘာသာစကားများ၏ သဒ္ဒါအနေအထားများနှင့် အဓိပ္ပာယ် မည်သို့ရှိပုံ၊ ဘာသာရပ်များတစ်ခုနှင့်တစ်ခု မည်သို့ဆက်နွယ်နေကြပုံ၊ တစ်ခေတ်မှ တစ်ခေတ် မည်သို့ပြောင်းလဲတိုးတက်လာကြပုံများကို သိပ္ပံနည်းကျကျ လေ့လာသော ပညာရပ်ဖြစ်၏။** (ခင်ခင်အေး၊ ဒေါ်၊ ၁၉၉၆၊ အတွဲ-၁၊ ၅၅)

ဟူ၍ ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် သမူဟဘာသာဗေဒဆိုသည်မှာ ဘာသာဗေဒ သဘောတရားများကို ပေါင်းစပ် လေ့လာရသော ပညာရပ်ဖြစ်သည်ဟု သတ်မှတ်နိုင်ပါသည်။

၃၊ ၂။ သုတေသနနည်းနာ

ဤစာတမ်းသည် သရုပ်ဖော်သုတေသနနည်းဖြင့် ချဉ်းကပ်လေ့လာထားသော သုတေသန ဖြစ်ပါသည်။ သရုပ်ဖော်သုတေသနနှင့် ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦး၏ သုတေသနဟူသည် စာအုပ်တွင် -

> **သရုပ်ဖော်သုတေသနသည် သုတေသနပြဿနာကို အဖြေရှာရာတွင် အလေ့လာခံ အချက်အလက်များကို သရုပ်ဖော်တင်ပြသော သုတေသန အမျိုးအစားဖြစ်သည်။** (အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၁၈၊ စာ ၅၇)

ဟူ၍ ဖော်ပြထားပါသည်။

၄။ လေ့လာတွေ့ရှိချက်

မြန်မာဘာသာစကားရှိ စကားလုံးများကို အဆက်ပစ္စည်းများနှင့် ပေါင်းစပ်အသုံးပြုသည့်အခါ မူလ စကားလုံး၏ အနက်နှင့်မတူသော အနက်အဓိပ္ပာယ်များဖြစ်လာကြောင်း တွေ့ရသည်။

၄၊ ၁။ အရည်အသွေးဆိုင်ရာ စကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု

မြန်မာဘာသာစကားတွင် ကောင်း၊ ဆိုး၊ မာ၊ ပျော့၊ ချော၊ ပြူး စသည့် အရည်အသွေးဆိုင်ရာ စကားလုံးများရှိသည်။ ထိုစကားလုံးများကို ၎င်းတို့နှင့် ကာရန်တူ "တ" စကားလုံးနှင့်ဆက်၍ နှစ်ထပ်ပြုဖွဲ့စပ်လိုက်ခြင်းဖြင့် မူလအရည်အသွေးအောက် အားပျော့မှုများဖြစ်လာပါသည်။

ပုံစံ - ၁

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**			**အနက်**
word	**(v**	**+**	**suf [2])**	**semantic**
ကောင်းတောင်းတောင်း	ကောင်း	+	တောင်းတောင်း	အနည်းငယ်ကောင်းသည်။
ဆိုးတိုးတိုး	ဆိုး	+	တိုးတိုး	အနည်းငယ်ဆိုးသည်။
မာတာတာ	မာ	+	တာတာ	အနည်းငယ်မာသည်။
ပျော့တော့တော့	ပျော့	+	တော့တော့	အနည်းငယ်ပျော့သည်။
ပြူးတူးတူး	ပြူး	+	တူးတူး	အနည်းငယ်ပြူးသည်။
ချောတောတော	ချော	+	တောတော	အနည်းငယ်ချောသည်။

မြန်မာဘာသာစကားရှိ အရည်အသွေးဆိုင်ရာစကားလုံးများတွင် ရှေ့ဆက်၊ ကြားဆက်ထည့်ကာနှစ်ထပ်ပြုခြင်းဖြင့် မူလအရည်အသွေးအောက် အားပျော့သွားသည်ကို တွေ့ရပါသည်။

ပုံစံ - ၂

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**							**အနက်**
word	**(pref**	**+**	**v**	**+**	**inf**	**+**	**v)**	**semantic**
မကောင်းတကောင်း	မ	+	ကောင်း	+	တ	+	ကောင်း	အနည်းငယ်ကောင်းသည်။
မဆိုးတဆိုး	မ	+	ဆိုး	+	တ	+	ဆိုး	အနည်းငယ်ဆိုးသည်။

မမာတမာ	မ	+	မာ	+	တ	+	မာ	အနည်းငယ်မာသည်။
မပျော့တပျော့	မ	+	ပျော့	+	တ	+	ပျော့	အနည်းငယ်ပျော့သည်။

အထက်ဖော်ပြပါ သာဓကများအရ အရည်အသွေးဆိုင်ရာ စကားလုံးများကို 'မ' ရှေ့ဆက်နှင့် 'တ'ကြားဆက်တို့ တစ်ပြိုင်တည်းပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့် မူလအရည်အသွေးအောက် အားပျော့သွားသည်ကို တွေ့ရသည်။ ထို့ပြင် အရည်အသွေးဆိုင်ရာ စကားလုံးများကို ရှေ့ဆက်ထည့်ကာ နှစ်ထပ်ပြုခြင်းဖြင့်လည်း မူလအဓိပ္ပာယ်ထက်ပို၍ အနက်အားကောင်းလာကြောင်းတွေ့ရသည်။

ပုံစံ - ၃

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**			**အနက်**
word	**(pref**	**+**	**v [2])**	**semantic**
ခပ်ကောင်းကောင်း	ခပ်	+	ကောင်းကောင်း	မူလထက်ပို၍ကောင်းသည်။
ခပ်ဆိုးဆိုး	ခပ်	+	ဆိုးဆိုး	မူလထက်ပို၍ဆိုးသည်။
ခပ်မာမာ	ခပ်	+	မာမာ	မူလထက်ပို၍မာသည်။
ခပ်ပျော့ပျော့	ခပ်	+	ပျော့ပျော့	မူလထက်ပို၍ပျော့သည်။
ခပ်ချောချော	ခပ်	+	ချောချော	မူလထက်ပို၍ချောသည်။

တစ်ဖန် အရည်အသွေးဆိုင်ရာ စကားလုံးများကို နောက်ဆက်ထည့်ခြင်းဖြင့် မူလစကားလုံး၏ အနက်ထက် အနက်အဓိပ္ပာယ်အားကောင်းလာသည်ကို တွေ့ရသည်။

ပုံစံ - ၄

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**			**အနက်**
word	**(v**	**+**	**suf)**	**semantic**
ဆိုးရွား	ဆိုး	+	ရွား	အလွန်ဆိုးသည်။
မာတောင်	မာ	+	တောင်	အလွန်မာသည်။
ပြူးပြဲ	ပြူး	+	ပြဲ	အလွန်ပြူးသည်။

အရည်အသွေးဆိုင်ရာ စကားလုံးများကို နောက်ဆက်ထည့်၍ နှစ်ထပ်ပြုခြင်း၊ ရှေ့ဆက်ကြားဆက်တစ်ပြိုင်တည်း ထည့်ခြင်း၊ ရှေ့ဆက်ကပ်ခြင်း၊ နောက်ဆက်ကပ်ခြင်းဖြင့် မူလစကားလုံး၏ အနက်အဓိပ္ပာယ်ထက် အနက်အဓိပ္ပာယ်အားကောင်းသော စကားလုံးများဖြစ်လာသည်။ ထို့အတူ အနက်အဓိပ္ပာယ် အားနည်းသောစကားလုံးများဖြစ်လာသည်ကိုလည်းတွေ့ရသည်။

၄၊ ၂။ အတိုင်းအတာဆိုင်ရာ စကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု

မြန်မာဘာသာစကားရှိ အတိုင်းအတာဆိုင်ရာ စကားလုံးများဖြစ်သော "ပု၊ ရှည်၊ မြင့်၊ နိမ့်၊ ကျဉ်း၊ ကျယ်၊ ဝေး" စသည်တို့ကို နောက်ဆက်ကပ်ကာ နှစ်ထပ်ပြုခြင်းဖြင့် မူလစကားလုံး၏အနက်ထက် အနက်အားလျော့သွားသည်ကိုတွေ့ရသည်။

ပုံစံ - ၁

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**	**အနက်**
word	**(v + suf [2])**	**semantic**
ပုတုတု	ပု + တုတု	ပုသလိုလိုရှိသည်။
ရှည်တေတေ	ရှည် + တေတေ	ရှည်သလိုလိုရှိသည်။
မြင့်တင့်တင့်	မြင့် + တင့်တင့်	မြင့်သလိုလိုရှိသည်။
နိမ့်တိမ့်တိမ့်	နိမ့် + တိမ့်တိမ့်	နိမ့်သလိုလိုရှိသည်။
ကျဉ်းတင်းတင်း	ကျဉ်း + တင်းတင်း	ကျဉ်းသလိုလိုရှိသည်။
ကျယ်တယ်တယ်	ကျယ် + တယ်တယ်	ကျယ်သလိုလိုရှိသည်။
ဝေးတေးတေး	ဝေး + တေးတေး	ဝေးသလိုလိုရှိသည်။

အတိုင်းအတာဆိုင်ရာ စကားလုံးများကို ရှေ့ဆက်၊ ကြားဆက်တစ်ပြိုင်တည်းကပ်ခြင်းဖြင့် မူလစကားလုံး၏ အနက်နှင့်မတူသော အနက်အဓိပ္ပာယ်များဖြစ်လာကြောင်း တွေ့ရသည်။

ပုံစံ - ၂

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**	**အနက်**
word	**(pref + v + inf + v)**	**semantic**
မပုတပု	မ + ပု + တ + ပု	အနည်းငယ်ပုသည်။
မရှည်တရှည်	မ + ရှည် + တ + ရှည်	အနည်းငယ်ရှည်သည်။
မမြင့်တမြင့်	မ + မြင့် + တ + မြင့်	အနည်းငယ်မြင့်သည်။
မနိမ့်တနိမ့်	မ + နိမ့် + တ + နိမ့်	အနည်းငယ်နိမ့်သည်။
မကျယ်တကျယ်	မ + ကျယ် + တ + ကျယ်	အနည်းငယ်ကျယ်သည်။
မဝေးတဝေး	မ + ဝေး + တ + ဝေး	အနည်းငယ်ဝေးသည်။

အတိုင်းအတာဆိုင်ရာစကားလုံးများကို ‘မ’ ရှေ့ဆက်နှင့် ‘တ ’ကြားဆက်တစ်ပြိုင်တည်းကပ် ခြင်းဖြင့် မူလအနက်နှင့်မတူတော့ဘဲ အနက်အားလျော့သွားသည်ကိုတွေ့ရသည်။ ထို့ပြင် အတိုင်းအတာဆိုင်ရာစကားလုံးများကို နှစ်ထပ်ပြုခြင်းဖြင့် မူလအဓိပ္ပာယ်ထက် အနက်အားပိုကောင်းလာ ကြောင်း တွေ့ရသည်။

ပုံစံ - ၃

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**	**အနက်**
word	**(v^2)**	**semantic**
ပု	ပုပု	ပိုလွန်စွာပုသည်။
ရှည်	ရှည်ရှည်	ပိုလွန်စွာရှည်သည်။

နိမ့်	နိမ့်နိမ့်	ပိုလွန်စွာနိမ့်သည်။
မြင့်	မြင့်မြင့်	ပိုလွန်စွာမြင့်သည်။
ကျယ်	ကျယ်ကျယ်	ပိုလွန်စွာကျယ်သည်။
ဝေး	ဝေးဝေး	ပိုလွန်စွာဝေးသည်။

တစ်ဖန် အတိုင်းအတာဆိုင်ရာစကားလုံးများကို ရှေ့ဆက်ကပ်၍ နှစ်ထပ်ပြုခြင်းဖြင့်လည်း မူလစကားလုံး၏ အနက်နှင့်မတူသော အနက်အဓိပ္ပာယ်များဖြစ်လာပါသည်။

ပုံစံ - ၄

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**			**အနက်**
word	**(pref**	**+**	**v^2)**	**semantic**
ခပ်ပုပု	ခပ်	+	ပုပု	မူလထက်ပို၍ပုသည်။
ခပ်ရှည်ရှည်	ခပ်	+	ရှည်ရှည်	မူလထက်ပို၍ရှည်သည်။
ခပ်မြင့်မြင့်	ခပ်	+	မြင့်မြင့်	မူလထက်ပို၍မြင့်သည်။
ခပ်ကျယ်ကျယ်	ခပ်	+	ကျယ်ကျယ်	မူလထက်ပို၍ကျယ်သည်။
ခပ်ဝေးဝေး	ခပ်	+	ဝေးဝေး	မူလထက်ပို၍ဝေးသည်။

အတိုင်းအတာဆိုင်ရာ စကားလုံးများကို နောက်ဆက်ထည့်ကာ နှစ်ထပ်ပြုခြင်း၊ ရှေ့ဆက်၊ ကြားဆက် တစ်ပြိုင်တည်းကပ်ခြင်း၊ ရှေ့ဆက်ကပ်ခြင်း၊ နှစ်ထပ်ပြုခြင်းဖြင့် မူလစကားလုံး၏ အနက်နှင့်မတူသော အနက်အဓိပ္ပာယ်များဖြစ်လာကြောင်းတွေ့ရသည်။

၄၊ ၃။ ပုံသဏ္ဌာန်ဆိုင်ရာ စကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု

မြန်မာဘာသာစကားရှိ “ဝ၊ ပိန်၊ ဖောင်း၊ သေး၊ ကြီး၊ ချွန်၊ ဝိုင်း”စသည့် ပုံသဏ္ဌာန်ဆိုင်ရာ စကားလုံး များကို နောက်ဆက်ထည့်ကာ နှစ်ထပ်ပြုခြင်းဖြင့် မူလအရည်အသွေးအောက် အားလျော့သွားသော အနက်အဓိပ္ပာယ်များဖြစ်လာသည်။

ပုံစံ - ၁

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**			**အနက်**
word	**(v**	**+**	**suf ^{2})**	**semantic**
ဝတတ	ဝ	+	တတ	အနည်းငယ်ဝသည်။
ပိန်တိန်တိန်	ပိန်	+	တိန်တိန်	အနည်းငယ်ပိန်သည်။
ဖောင်းတောင်းတောင်း	ဖောင်း	+	တောင်းတောင်း	အနည်းငယ်ဖောင်းသည်။
သေးတေးတေး	သေး	+	တေးတေး	အနည်းငယ်သေးသည်။
ကြီးတီးတီး	ကြီး	+	တီးတီး	အနည်းငယ်ကြီးသည်။
ချွန်တွန်တွန်	ချွန်	+	တွန်တွန်	အနည်းငယ်ချွန်သည်။
ဝိုင်းတိုင်းတိုင်း	ဝိုင်း	+	တိုင်းတိုင်း	အနည်းငယ်ဝိုင်းသည်။

ပုံသဏ္ဌာန်ဆိုင်ရာစကားလုံးများကို ကာရန်တူစကားလုံးများနှင့် နောက်ဆက် ဆက်ကာ နှစ်ထပ်ပြုခြင်းဖြင့် မူလစကားလုံး၏အနက်နှင့်မတူဘဲ အနက်အားလျော့သောစကားလုံးများဖြစ်လာကြောင်း တွေ့ရသည်။ ထို့ပြင် ပုံသဏ္ဌာန်ဆိုင်ရာစကားလုံးများကို ရှေ့ဆက်၊ ကြားဆက်တစ်ပြိုင်တည်းကပ်ခြင်းဖြင့်လည်း မူလစကားလုံး၏အနက်နှင့်ထပ်တူထပ်မျှမတူတော့ဘဲ အနက်အားလျော့သွားသည်ကို တွေ့ရသည်။

ပုံစံ - ၂

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**							**အနက်**
word	**(pref**	**+**	**v**	**+**	**inf**	**+**	**v)**	**semantic**
မဝတဝ	မ	+	ဝ	+	တ	+	ဝ	အနည်းငယ်ဝသည်။
မပိန်တပိန်	မ	+	ပိန်	+	တ	+	ပိန်	အနည်းငယ်ပိန်သည်။
မကြီးတကြီး	မ	+	ကြီး	+	တ	+	ကြီး	အနည်းငယ်ကြီးသည်။
မချိန်တချိန်	မ	+	ချိန်	+	တ	+	ချိန်	အနည်းငယ်ချိန်သည်။
မဝိုင်းတဝိုင်း	မ	+	ဝိုင်း	+	တ	+	ဝိုင်း	အနည်းငယ်ဝိုင်းသည်။

ပုံသဏ္ဌာန်ဆိုင်ရာစကားလုံးများကို 'မ' ရှေ့ဆက်နှင့်'တ'ကြားဆက် တစ်ပြိုင်တည်းကပ်ခြင်းဖြင့် မူလအရည်အသွေးအောက် အားလျော့သည့် အနက်အဓိပ္ပာယ်များဖြစ်လာကြောင်းတွေ့ရသည်။ ထို့ပြင် ပုံသဏ္ဌာန်ဆိုင်ရာစကားလုံးများကို ဦးဆောင်ကြိယာနှင့် ကြိယာပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့် မူလစကားလုံး၏အနက်နှင့်မတူသော အနက်အဓိပ္ပာယ်များဖြစ်လာပါသည်။

ပုံစံ - ၃

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**			**အနက်**
word	**(hv**	**+**	**v)**	**semantic**
ဝဖြိုး	ဝ	+	ဖြိုး	ဝလျှက်ဖြိုးသည်။
ပိန်ကပ်	ပိန်	+	ကပ်	ပိန်လျှက်ကပ်သည်။
ဖောင်းကား	ဖောင်း	+	ကား	ဖောင်းလျှက်ကားသည်။
ချိန်ထက်	ချိန်	+	ထက်	ချိန်လျှက်ထက်သည်။

ပုံသဏ္ဌာန်ဆိုင်ရာစကားလုံး ဝ၊ ပိန်၊ ဖောင်း၊ ချိန် (ဦးဆောင်ကြိယာ)တို့ကို ဖြိုး၊ ကပ်၊ ကား၊ ထက် (ကြိယာ)တို့နှင့် ပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့် မူလအနက်ထက်အားကောင်းသော အနက်များဖြစ် လာသည်။ ထို့ပြင် ပုံသဏ္ဌာန်ဆိုင်ရာစကားလုံးများကို ရှေ့ဆက်ကပ်၍နှစ်ထပ်ပြုခြင်းဖြင့်လည်း မူလစကားလုံး၏အနက်ထက် အနက်အာကောင်းလာကြောင်း တွေ့ရသည်။

ပုံစံ - ၄

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**			**အနက်**
word	**(pref**	**+**	**v^2)**	**semantic**
ခပ်ဝဝ	ခပ်	+	ဝဝ	မူလထက်ပို၍ဝသည်။

ခပ်ဝိန်ပိန်	ခပ်	+	ဝိန်ပိန်	မူလထက်ပို၍ပိန်သည်။
ခပ်ချွန်ချွန်	ခပ်	+	ချွန်ချွန်	မူလထက်ပို၍ချွန်သည်။
ခပ်ဝိုင်းဝိုင်း	ခပ်	+	ဝိုင်းဝိုင်း	မူလထက်ပို၍ဝိုင်းသည်။

ပုံသဏ္ဌာန်ဆိုင်ရာစကားလုံးများကို ရှေ့ဆက်ကပ်ကာနှစ်ထပ်ပြုခြင်းဖြင့် မူလအနက်ထက် အားကောင်းသောအနက်များဖြစ်လာသည်။ ထို့အတူ ပုံသဏ္ဌာန်ဆိုင်ရာစကားလုံးများကိုနောက်ဆက်ကပ်ကာ နှစ်ထပ်ပြုခြင်း၊ ရှေ့ဆက်၊ ကြားဆက် တစ်ပြိုင်တည်း ထည့်ခြင်းဖြင့် မူလအနက်အောက် အားလျော့သော အနက်များဖြစ်လာသကဲ့သို့ ရှေ့ဆက်ကပ်၍ နှစ်ထပ်ပြုခြင်း၊ ဦးဆောင်ကြိယာနှင့် ကြိယာပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့် မူလအနက်ထက်အားကောင်းသော အနက်များ ဖြစ်လာကြောင်း တွေ့ရသည်။

၄၊ ၄။ အမူအရာဆိုင်ရာ စကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု

မြန်မာဘာသာစကားတွင် “မဲ့၊ ပြုံး၊ ငိုင်၊ မှိုင်၊ ပျင်း၊ ပုံ၊ နုံ့” စသည့် အမူအရာဆိုင်ရာ စကားလုံးများကို ၎င်းတို့နှင့်ကာရန်တူ ‘တ’ စကားလုံးဆက်ကာ နှစ်ထပ်ပြုဖွဲ့စပ်ခြင်းဖြင့် မူလအရည်အသွေးအောက် အားလျော့သော အနက်များ ဖြစ်လာပါသည်။

ပုံစံ - ၁

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**			**အနက်**
word	**(v**	**+**	**suf [2])**	**semantic**
မဲ့တဲ့တဲ့	မဲ့	+	တဲ့တဲ့	မဲ့သလိုလိုရှိသည်။
ပြုံးတုံ့တုံ့	ပြုံး	+	တုံ့တုံ့	ပြုံးသလိုလိုရှိသည်။
ငိုင်တိုင်တိုင်	ငိုင်	+	တိုင်တိုင်	ငိုင်သလိုလိုရှိသည်။
မှိုင်တိုင်တိုင်	မှိုင်	+	တိုင်တိုင်	မှိုင်သလိုလိုရှိသည်။
ပျင်းတင်းတင်း	ပျင်း	+	တင်းတင်း	ပျင်းသလိုလိုရှိသည်။
ပုံတံတံ	ပုံ	+	တံတံ	ပုံသလိုလိုရှိသည်။
နုံ့တုံ့တုံ့	နုံ့	+	တုံ့တုံ့	နုံ့သလိုလိုရှိသည်။

စိတ်ခံစားမှုကို ဖော်ပြသော အမူအရာဆိုင်ရာ စကားလုံးများ၏ နောက်တွင် အဆက်ထည့်ကာ နှစ်ထပ်ပြုခြင်းဖြင့် မူလအနက်ထက်အားလျော့သော အနက်များဖြစ်လာသည်။ ထို့ပြင် အမူအရာဆိုင်ရာစကားလုံးများကို ‘ခပ်’ရှေ့ဆက်နှင့် ‘တ’ရှေ့ဆက်တို့ကိုဆက်ကာ နှစ်ထပ်ပြုခြင်းဖြင့်လည်း မူလစကားလုံး၏အနက်ထက် အနက်အားကောင်းလာကြောင်းတွေ့ရသည်။

ပုံစံ - ၂

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**			**အနက်**
word	**(pref**	**+**	**v [2])**	**semantic**
ခပ်မဲ့မဲ့	ခပ်	+	မဲ့မဲ့	သာမန်ထက်ပို၍မဲ့သည်။
ခပ်ပြုံးပြုံး	ခပ်	+	ပြုံးပြုံး	သာမန်ထက်ပို၍ပြုံးသည်။

ခပ်ပျင်းပျင်း	ခပ်	+	ပျင်းပျင်း	သာမန်ထက်ပို၍ပျင်းသည်။
တမှိုင်မှိုင်	တ	+	မှိုင်မှိုင်	သာမန်ထက်ပို၍မှိုင်သည်။
တသသ	တ	+	သသ	သာမန်ထက်ပို၍ပြင်ဆင်သည်။
တစိမ့်စိမ့်	တ	+	စိမ့်စိမ့်	သာမန်ထက်ပို၍ကြည့်သည်။
တပြပြ	တ	+	ပြပြ	သာမန်ထက်ပို၍ကြွားသည်။
တခေါခေါ	တ	+	ခေါခေါ	သာမန်ထက်ပို၍အိပ်သည်။

အမူအရာဆိုင်ရာစကားလုံးများကို ရှေ့ဆက်ထည့်၍ နှစ်ထပ်ပြုခြင်းဖြင့် မူလအနက် အဓိပ္ပာယ်ထက် အားကောင်းသော အနက်အဓိပ္ပာယ်များဖြစ်လာကြောင်း တွေ့ရသည်။

၄၊ ၅။ ရန်ံဆိုင်ရာစကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု

မြန်မာဘာသာစကားတွင် ရန်ံဆိုင်ရာ စကားလုံးများဖြစ်သော “မွေး၊ နံ၊ ညော်၊ သိုး၊ ညှီ” စသည်တို့ကို နောက်ဆက်ကပ်ကာ နှစ်ထပ်ပြုဖွဲ့စည်းခြင်းဖြင့် မူလအနက်အဓိပ္ပာယ်ထက် အားလျော့သော အနက်အဓိပ္ပာယ်များ ဖြစ်လာသည်။

ပုံစံ - ၁

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**			**အနက်**
word	**(v**	**+**	**suf [2])**	**semantic**
မွေးတေးတေး	မွေး	+	တေးတေး	မွေးသလိုလိုရှိသည်။
နံတံတံ	နံ	+	တံတံ	နံသလိုလိုရှိသည်။
ညော်တော်တော်	ညော်	+	တော်တော်	ညော်သလိုလိုရှိသည်။
သိုးတိုးတိုး	သိုး	+	တိုးတိုး	သိုးသလိုလိုရှိသည်။
ညှီတီတီ	ညှီ	+	တီတီ	ညှီသလိုလိုရှိသည်။

ထို့ပြင် ရန်ံဆိုင်ရာစကားလုံး(ဦးဆောင်ကြိယာ)နှင့် ကြိယာပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့်လည်း မူလစကားလုံး၏အနက်ထက် အနက်အဓိပ္ပာယ် အားကောင်းလာကြောင်း တွေ့ရသည်။

ပုံစံ - ၂

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**			**အနက်**
word	**(v**	**+**	**suf)**	**semantic**
မွေးကြိုင်	မွေး	+	ကြိုင်	အလွန်မွေးသည်။
ညော်တူး	ညော်	+	တူး	အလွန်ညော်သည်။

ရန်ံဆိုင်ရာ စကားလုံး မွေး၊ ညော်(ကြိယာအထူးပြု)တို့၏နောက်တွင် နောက်ဆက်ထည့်၍ ပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့် မူလအနက်ထက် အနက်အားကောင်းလာကြောင်း တွေ့ရသည်။

၄၊ ၆။ အရသာဆိုင်ရာ စကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု

မြန်မာဘာသာစကားတွင် “ချို၊ ချဉ်၊ ငံ၊ စပ်၊ ခါး၊ ဖန်” စသည့် အရသာဆိုင်ရာစကားလုံးများရှိသည်။ ထိုစကားလုံးများကို ၎င်းတို့နှင့် ကာရန်တူစကားလုံးများနှင့် ဆက်၍ နှစ်ထပ်ပြုဖွဲ့စပ်လိုက်ခြင်းဖြင့် မူလအရည်အသွေးအောက် အားပျော့မှုများ ဖြစ်လာပါသည်။

ပုံစံ - ၁

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**			**အနက်**
word	**(v**	**+**	**suf [2])**	**semantic**
ချိုတိုတို	ချို	+	တိုတို	အနည်းငယ်ချိုသည်။
ချဉ်တင်တင်	ချဉ်	+	တင်တင်	အနည်းငယ်ချဉ်သည်။
ငန်တံတံ	ငန်	+	တံတံ	အနည်းငယ်ငန်သည်။
စပ်တပ်တပ်	စပ်	+	တပ်တပ်	အနည်းငယ်စပ်သည်။
ခါးတားတား	ခါး	+	တားတား	အနည်းငယ်ခါးသည်။
ဖန်တံတံ	ဖန်	+	တံတံ	အနည်းငယ်ဖန်သည်။

ထို့ပြင် အရသာဆိုင်ရာစကားလုံးများကိုနောက်ဆက်ထည့်၍ပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့်လည်း မူလနက်ထက်ပို၍အားကောင်းသော အနက်များဖြစ်လာကြောင်းတွေ့ရသည်။

ပုံစံ - ၂

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**			**အနက်**
word	**(v**	**+**	**suf)**	**semantic**
ချိုအီ	ချို	+	အီ	အလွန်ချိုသည်။
ငန်တူး	ငန်	+	တူး	အလွန်ငန်သည်။
ခါးအန်	ခါး	+	အန်	အလွန်ခါးသည်။

တစ်ဖန် အရသာဆိုင်ရာစကားလုံးများကို ရှေ့ဆက်ထည့်၍ နှစ်ထပ်ပြုပေါင်းစပ်ဖွဲ့စည်းလိုက် ခြင်းဖြင့် မူလအနက်ထက် အနက်အားကောင်းလာသည်ကို တွေ့ရသည်။

ပုံစံ - ၃

စကားလုံး	**ဖွဲ့စည်းမှုပုံစံ**			**အနက်**
word	**(pref**	**+**	**v[2])**	**semantic**
ခပ်ချိုချို	ခပ်	+	ချိုချို	မူလထက်ပို၍ချိုသည်။
ခပ်ချဉ်ချဉ်	ခပ်	+	ချဉ်ချဉ်	မူလထက်ပို၍ချဉ်သည်။
ခပ်ငန်ငန်	ခပ်	+	ငန်ငန်	မူလထက်ပို၍ငန်သည်။
ခပ်စပ်စပ်	ခပ်	+	စပ်စပ်	မူလထက်ပို၍စပ်သည်။

အရသာဆိုင်ရာစကားလုံးများကို ၎င်းတို့နှင့်ကာရန်တူစကားလုံးများနှင့်ပေါင်းစပ်၍နှစ်ထပ်ပြု ဖွဲ့စည်းခြင်းဖြင့်လည်းကောင်း၊ နောက်ဆက်ထည့်၍ပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့်လည်းကောင်း၊ရှေ့ဆက် ထည့်၍ပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့်လည်းကောင်း မူလစကားလုံး၏အနက်ထက်ပို၍ အနက်အဓိပ္ပာယ် အားကောင်းသော အနက်များဖြစ်လာသည့်အပြင် အားနည်းသောအနက်များဖြစ်လာကြောင်းလည်း တွေ့ရသည်။

၅။ သုံးသပ်ချက်

ဤစာတမ်းသည် မြန်မာဘာသာစကားရှိ အရည်အသွေးဆိုင်ရာစကားလုံးများနှင့် အနက်အဓိပ္ပာယ် ဆက်စပ်မှု၊ အတိုင်းအတာဆိုင်ရာစကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု၊ ပုံသဏ္ဌာန်ဆိုင်ရာ စကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု၊ အမူအရာဆိုင်ရာစကားလုံးများနှင့် အနက်အဓိပ္ပာယ် ဆက်စပ်မှု၊ ရနံ့ဆိုင်ရာဆိုင်ရာစကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှုနှင့် အရသာဆိုင်ရာ ဆိုင်ရာစကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှုကို သမူဟဘာသာဗေဒနည်းဖြင့် လေ့လာတင်ပြ ထားခြင်းဖြစ်ပါသည်။ တင်ပြရာတွင် အဆိုပါ စကားလုံးများကို နှစ်ထပ်ပြုခြင်း၊ နောက်ဆက်ကပ်ခြင်း၊ နောက်ဆက်ကပ်၍ နှစ်ထပ်ပြုခြင်း၊ ရှေ့ဆက်ကပ်ခြင်း၊ ရှေ့ဆက်နှင့်ကြားဆက် တစ်ပြိုင်တည်းကပ် ခြင်း၊ ဦးဆောင်ကြိယာနှင့်ကြိယာပေါင်းစပ်ခြင်းဖြင့် မူလအနက်အဓိပ္ပာယ်ထက် အားကောင်းသော အနက်များ ဖြစ်လာသည်ကို တွေ့ရသကဲ့သို့ မူလအနက်အဓိပ္ပာယ်ထက် အားပျော့သော အနက်များ ဖြစ်လာသည်ကိုလည်း တွေ့ရသည်။ စကားလုံးဖွဲ့စပ်ခြင်းကြောင့် စကားလုံးတို့၏ ဝါစင်္ကြောင်း သွားသည်။ အများစုမှာ ကြိယာဝိသေသနအဖြစ်သို့ပြောင်းသွားသည်ကိုတွေ့ရသည်။ ထို့ကြောင့် မြန်မာဘာသာစကားရှိ စကားလုံးများကိုပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့် မူလစကားလုံး၏ အနက်နှင့် ထပ်တူထပ်မျှ မတူတော့ဘဲ အနက်အာနိသင်တိုးခြင်းနှင့်လျော့ခြင်းကို ထင်သာ မြင်သာအောင် ဖော်ညွှန်းပေးသည့်စကားလုံးများနှင့် အနက်များဖြစ်လာသည်ဟု သုံးသပ်ပါသည်။

နိဂုံး

ဤစာတမ်းတွင် အတိုင်းအတာ၊ အရည်အသွေး၊ ပုံသဏ္ဌာန်၊ အမူအရာနှင့် ရနံ့ဆိုင်ရာ စကားလုံးများကို သမူဟဘာသာဗေဒနည်းဖြင့် ချဉ်းကပ်လေ့လာထားပါသည်။ မြန်မာဘာသာစကား၏ စကားလုံးများ ကိုဖွဲ့စပ်အသုံးပြုခြင်းဖြင့် အနက်အဓိပ္ပာယ်ပြောင်းလဲကြောင်း တွေ့ရသည်။ ဤစာတမ်းသည် မြန်မာ ဘာသာစကားလေ့လာနေသူများနှင့် သမူဟဘာသာဗေဒလေ့လာသူများအတွက် အထောက်အကူ ဖြစ်မည်ဟု ယုံကြည်ပါသည်။

ကျမ်းကိုးစာရင်း

ခင်ခင်အေး၊ ဒေါ်(မြန်မာစာလက်ထောက်ကထိက)။ (၁၉၆၇)။ ***တက္ကသိုလ် ပညာပဒေသာစာစောင်၊ အတွဲ(၂၊ ၄)***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ထွန်းမြင့်၊ ဦး။ (၂၀၁၆)။ ***ပါဠိသက်ဝေါဟာရအဘိဓာန်***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ဖတ်ရှုလေ့လာသောစာအုပ်များ

ကိုလေး၊ ဒေါက်တာ။ (၂၀၀၈)။ ***လူမှုဘာသာဗေဒဝေါဟာရများအဖွင့်***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ခနုဖြူ)။ (၂၀၁၄)။ ***ဘာသာအမြင်၊ စာပေအမြင်(ဒုတိယအကြိမ်)***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ခဲအဖြူအစိမ်းနှင့်ရေးခြစ်သောတစ်ပိုင်းတစ်စကဗျာဝတ္ထုတိုဖန်တီးမှု

ချိုချိုမာ (၁)*

စာတမ်းအကျဉ်း

ဤစာတမ်းသည် စံပယ်ဖြူနှင်၏ ခဲအဖြူအစိမ်းနှင့်ရေးခြစ်သောတစ်ပိုင်းတစ်စကဗျာဝတ္ထုတို များမှ ဝတ္ထုတိုဖန်တီးမှုကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ အပြန်လမ်းဘယ်မှာ လမ်းဘယ်မှာဝတ္ထုတိုကို အလေ့လာခံအဖြစ်ထားပြီး ခဲအဖြူအစိမ်းနှင့်ရေးခြစ်သော တစ်ပိုင်း တစ်စကဗျာဝတ္ထုတိုဖန်တီးမှုကို ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက်ဖြင့် သုတေသနပြု ထားခြင်းဖြစ်သည်။ စံပယ်ဖြူနှင်၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာကို လေ့လာတင်ပြရာတွင် ဝတ္ထုတို ဖန်တီးမှုနည်းနာများဖြစ်သည့် ရည်ရွယ်ချက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံ ဝန်းကျင်တို့ဖြင့် လေ့လာသည့် စာတမ်းဖြစ်ပါသည်။ ဝတ္ထုတို၏ အင်္ဂါရုပ်များနှင့်ချဉ်းကပ်ပြီး စာပေရှုထောင့်မှ ရည်ရွယ်ချက်သို့ရောက်အောင် ဖန်တီးထားသည့် စံပယ်ဖြူနှင်၏ဝတ္ထုတို ဖန်တီးမှုအတတ်ပညာကို လေ့လာတင်ပြထားပါသည်။ ဤစာတမ်းသည် ဝတ္ထုတိုဖန်တီးမှု အတတ်ပညာကို လေ့လာသူများအတွက် အကျိုးပြုစေမည့် စာတမ်းဖြစ်ပါသည်။

သော့ချက်ဝေါဟာရ။ ။ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်၊ ဖန်တီးမှု။

၁။ နိဒါန်း

ဝတ္ထုသည် ရသစာပေအဖွဲ့ပုံစံဖြစ်သည့်အလျောက် စာရေးသူတို့က စာဖတ်သူတို့အား ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံစသည့် အဖွဲ့များကို ဖန်တီးကာ မိမိတို့ပေးလိုသော အတွေး အမြင် ဘဝအသိတစ်ခုခုကို ရရှိအောင် တင်ပြလေ့ရှိသည်။ စံပယ်ဖြူနှင်၏ ဝတ္ထုတိုများကို လေ့လာရာတွင် စာရေးသူ၏ဘဝအသိအမြင်ကို စာဖတ်သူထံ အရောက်ပို့ဆောင်ထားသည့် ဖန်တီးမှုကို အများဆုံး တင်ပြထားသည်ကိုတွေ့ရသည်။ စာရေးသူ၏ ဝတ္ထုတိုအတတ်ပညာဖန်တီးမှုကို ချဉ်းကပ်လေ့လာရာ တွင် ရည်ရွယ်ချက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ အတတ်ပညာများဖြင့် လေ့လာ တင်ပြထားသော စာတမ်းဖြစ်ပါသည်။

၁၊ ၁။ သုတေသနမေးခွန်းနှင့်ပြဿနာအချို့

စံပယ်ဖြူနှင်၏ ဝတ္ထုတိုများကို ဝတ္ထုတိုဖန်တီးမှု လေ့လာချက်ဖြင့် လေ့လာပြုစုရာတွင် အောက်ပါ သုတေသနမေးခွန်းနှင့် ပြဿနာတို့ကို တွေ့ကြုံနိုင်ပါသည်။

(၁) စံပယ်ဖြူနှင်၏ ဝတ္ထုတိုဖန်တီးရာတွင် အတွေးအမြင်ခံစားချက်များက ဝတ္ထု၏စေတနာနှင့် ဦးတည်ချက်ကို ထောက်ပံ့ဖော်ဆောင်နိုင်ပါသလား။

(၂) နောက်ခံဖန်တီးမှုများသည် ရသဝတ္ထုတိုဖြစ်ပေါ်စေရန်အများဆုံး ထောက်ပံ့ဖော်ဆောင်နိုင်ပါ သလား။

စသည့် သုတေသနမေးခွန်းများ ပေါ်ထွက်လာပါသည်။

(၁) ဝတ္ထုတိုဖန်တီးမှုတွင် ရသဆိုင်ရာ အတွေးအမြင်ခံစားချက်များက ဝတ္ထု၏စေတနာနှင့် ဦးတည်ချက်ကို ထောက်ပံ့ဖော်ဆောင်နိုင်မှုရှိ၊ မရှိ။

(၂) ဝတ္ထုတိုသည် ဝတ္ထုရှည်လောက် မကျယ်ပြန့်သည့်အတွက် အချက်အလက်ကောက်ယူရာတွင် ခက်ခဲမှုရှိ၊ မရှိ။

* နည်းပြ၊ မြန်မာစာဌာန၊ မကွေးတက္ကသိုလ်

ဟူသော သုတေသနပြဿနာကို ဖော်ထုတ်တင်ပြပါမည်။ ဖန်တီးမှုအတတ်ပညာဆိုင်ရာ သီအိုရီများ သုံးကာ စံပယ်ဖြူနု၏ ဝတ္ထုတို (၁)ပုဒ်ကို ချိန်ထိုးလေ့လာကာ တင်ပြသွားပါမည်။

၁၊ ၂။ စာရေးသူ၏အတ္ထုပ္ပတ္တိအကျဉ်း

၁၉၈၀ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ မန်နောင်ကျေးရွာနေ အဘဦးကျော်လှ၊ အမိဒေါ်အုန်းစိန်တို့မှ ဖွားမြင်သည်။ အမည်ရင်းမှာမဖြူနုဖြစ်သည်။ သူငယ်တန်းမှဆယ်တန်းအထိ အ.ထ.က(၄)ဗန်းမော်တွင် ပညာသင်ကြားခဲ့ပြီး ၁၉၉၇ခုနှစ်တွင် အခြေခံပညာအထက်တန်းကျောင်း အောင်မြင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၃ခုနှစ်အထိ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပညာသင်ယူခဲ့ပြီး အင်္ဂလိပ်ဘာသာစကား အဓိကဖြင့် ဝိဇ္ဇာဘွဲ့ကိုရရှိခဲ့သည်။

တက္ကသိုလ်ကျောင်းသူဘဝတွင် နာမည်ရင်းအပါအဝင် ကလောင်အမည်အမျိုးမျိုးဖြင့် ဝါသနာရှင် ကဏ္ဍများအတွက် ကဗျာများ၊ ဝတ္ထုများ စတင်ရေးသားခဲ့သည်။ ၂၀၀၆ခုနှစ်တွင် စံပယ်ဖြူနု ကလောင်အမည်ဖြင့် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့သည်။ ဝတ္ထုတိုအများစုကို ဖူးငုံဆယ်ကျော်သက် မဂ္ဂဇင်းရေးသားခဲ့ပြီး ရွှေအမြုတေ၊ ချယ်ရီ၊ ကလျာ၊ ရနံ့သစ်၊ ခေတ်ရန့်၊ Treasure Land၊ Faces၊ Idea စသည့် မဂ္ဂဇင်းများတွင်လည်း မဂ္ဂဇင်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်များ ဖော်ပြခြင်းခံခဲ့ရသည်။

၂၀၁၄ခုနှစ်တွင် ပထမဆုံးဝတ္ထုရှည်ဖြစ်သော မြောက်ဖျားကအလွမ်းရာသီကို ထုတ်ဝေခဲ့သည်။ လက်ရှိအချိန်အထိ ဝတ္ထုရှည်(၄)၊ ဝတ္ထုတိုပေါင်းချုပ်(၂)ထုတ်ဝေပြီးဖြစ်ရကား ကလေးဝတ္ထုတိုစုစာအုပ်(၂)အုပ်ကိုလည်း ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်းတွင် ဖော်ပြခဲ့ သော အပြန်လမ်းဘယ်မှာ လမ်းဘယ်မှာ ဝတ္ထုတိုဖြင့် ၂၀၁၂ခုနှစ် ရွှေအမြုတေစာပေဆု(ဝတ္ထုတိုဆု)၊ မြောက်ဖျားက အလွမ်းရာသီဝတ္ထုရှည်ဖြင့် ၂၀၁၄ခုနှစ်အတွက် အမျိုးသားစာပေဆု(ဝတ္ထုရှည်)၊ သဟာယ စာပေဆုတို့ကိုရရှိခဲ့သည်။ ခင်ပွန်းသည် ဦးဥဂ္ဂါအောင်နှင့်အတူ ရန်ကုန်မြို့တွင်နေထိုင်လျက်ရှိကာ မဂ္ဂဇင်းဝတ္ထုနှင့်ဝတ္ထုရှည်များ ဆက်လက်ရေးသားလျက်ရှိသည်။

၂။ စာပေလေ့လာဆန်းစစ်ချက်

စံပယ်ဖြူနု၏ ဝတ္ထုတိုဖန်တီးမှု လေ့လာရာတွင် စာပေလေ့လာဆန်းစစ်မှုအနေဖြင့် သီအိုရီပိုင်း ဆိုင်ရာ စာပေလေ့လာဆန်းစစ်ချက်နှင့် ကျမ်းများဆိုင်ရာ စာပေလေ့လာဆန်းစစ်ချက်တို့ကို လေ့လာတင်ပြ ပါမည်။ စံပယ်ဖြူနု၏ ခဲအဖြူအစိမ်းနှင့်ရေးခြစ်သောတစ်ပိုင်းတစ်စကဗျာဝတ္ထုတိုမှ ဝတ္ထုတိုဖန်တီးမှု လေ့လာရာတွင် စာပေလေ့လာဆန်းစစ်ချက်ဖြင့် လေ့လာတင်ပြပါမည်။

မမိုးမြေ၏(၂၀၁၉)ခုနှစ်၏ “ဝတ္ထုတိုသဘောတရား ဝတ္ထုတိုဖန်တီးရေးသားမှု အတတ်ပညာ” စာအုပ်တွင် ဝတ္ထုတို၏သဘောသဘာဝ၊ ရည်ရွယ်ချက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံစသည့် ဖန်တီးမှုအချက်အလက်များကို ဖော်ပြထားသည်။ ဝတ္ထုတိုဖန်တီးမှု လေ့လာချက်စာတမ်းအတွက် ဝတ္ထုဝေါဟာရ၊ သဘောသဘာဝ၊ သမိုင်းကြောင်းများ တင်ပြရာ၌ များစွာအထောက်အပံ့ဖြစ်သည်။

ဒေါက်တာမောင်မောင်ညို (၁၉၉၄)ခုနှစ်၏ “ဝတ္ထုတိုရေးနည်းအတတ်ပညာ”စာအုပ်တွင် ဝတ္ထုတိုအမျိုးအစားခွဲခြားခြင်းများ၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံစသည့် အတင်အပြတို့ကို တွေ့ရသည်။ ဝတ္ထုတိုဆိုင်ရာအတတ်ပညာများကို ဖန်တီးမှုအတွက် တိကျခိုင်မာသော အချက်အလက် များအတွက် အထောက်အကူဖြစ်သည်။

မသိမ့်သိမ့်ဦး(၂၀၁၂)ခုနှစ်၏ “ဂျာနယ်ကျော်မမလေ၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ” ကျမ်း တွင် ဝတ္ထုဆိုင်ရာနည်းနာများနှင့်အတူ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံစသည့် ဖန်တီးလေ့လာ တင်ပြထားသည်မှာ ဝတ္ထုတိုလေ့လာလိုသူများအတွက် များစွာအထောက်အပံ့ဖြစ်စေပါသည်။

၃။ နည်းနာ

ဤစာတမ်းသည် စံပယ်ဖြူနု၏ အပြန်လမ်းဘယ်မှာ လမ်းဘယ်မှာနှင့် မဂ္ဂဇင်းဝတ္ထုတိုများ(၂၀၁၅) ဝတ္ထုတိုစာအုပ်မှ ဝတ္ထုတို(၁)ပုဒ်ကို ဖန်တီးမှုဖြင့် လေ့လာတင်ပြမည့် စာတမ်းဖြစ်သည်။ စံပယ်ဖြူနု၏ ဝတ္ထုတိုနှင့်ပတ်သက်၍ ရည်ရွယ်ချက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံစသည့်တို့၏ ဖန်တီးမှုကို လေ့လာရာတွင် စာပေနယ်ပယ်ဖြင့် ချဉ်းကပ်လေ့လာမည်ဖြစ်သည်။ ဝတ္ထုစာပေဆိုင်ရာ ဖန်တီးမှု အတတ်ပညာများကို အခြေခံ၍ ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနဆိုင်ရာ နည်းနာတို့ဖြင့် ချဉ်းကပ်လေ့လာမည်ဖြစ်သည်။

၃၊ ၁။ ပညာရပ်ဆိုင်ရာနည်းနာ

စံပယ်ဖြူနု၏ ဝတ္ထုတိုများသည် အတတ်ပညာဆိုင်ရာ ပညာရပ်နည်းနာများကို တင်ပြရာတွင် ရည်ရွယ်ချက်၊ ဇာတ်လမ်းဖန်တီးမှု၊ ဇာတ်ဆောင်ဖန်တီးမှု၊ ကာလဒေသနောက်ခံဖန်တီးမှု အတတ် ပညာဟူ၍ တင်ပြပါမည်။ ထိုဖန်တီးမှုများကို လေ့လာရန် ဝတ္ထုတိုပညာရပ်နည်းနာများဖြင့် လေ့လာ တင်ပြပါမည်။

၃၊ ၁၊ ၁။ ရည်ရွယ်ချက်

ဝတ္ထုစာပေတွင် စာရေးသူ၏ စေတနာရည်ရွယ်ချက်သည် ပါရှိမြဲဖြစ်ပါသည်။ စာရေးဆရာ၌ ကိန်းအောင်းလာသော စေတနာရည်ရွယ်ချက်ကိုမူတည်၍စာပေများထွက်ပေါ်လာသည်။ စာရေးသူ၏ စေတနာသည် သူ၏လက်တွေ့လေ့လာရှာဖွေမှုအတွေ့အကြုံမှရသည့် စေတနာလည်းဖြစ်နိုင်သည်။

စေတနာနှင့်ပတ်သက်၍ တက္ကသိုလ်ဘုန်းနိုင်၏ ဘုန်းနိုင်အတွေး၊ ဘုန်းနိုင်အမြင်စာအုပ်တွင်

> **စေတနာ၌ ရည်ရွယ်ချက်၊ ဦးတည်ချက်၊ ခံယူချက်၊ လောကအမြင်၊ မူဝါဒသဘော အားလုံးပါဝင်သည်။** (ဘုန်းနိုင်၊ တက္ကသိုလ်၊ ၂၀၀၄၊ စာ ၈၁)

ဟုဆိုထားသည်။ ထို့ကြောင့် စာရေးသူ၏ရည်ရွယ်ချက်သည် ဝတ္ထုတိုတစ်ပုဒ်လုံး၏ ပိုမိုအသက်ဝင် အရေးကြီးသောအခန်းကဏ္ဍတစ်ခုအဖြစ် တည်ရှိရမည်ဖြစ်သည်။

၃၊ ၁၊ ၂။ ဇာတ်လမ်းဖန်တီးမှု

စာရေးသူသည် မိမိ၏ ခံစားမှုနှင့် လောကအမြင်ကို စာဖတ်သူထံသို့ ဝတ္ထုတိုပုံစံဖြင့် တင်ပြလေ့ရှိ သည်။ ထိုသို့ ဇာတ်လမ်းဖန်တီးရာတွင် စာဖတ်သူ၏စိတ်ကို လှုပ်ရှားမှုအမျိုးမျိုးဖြစ်အောင် ဇာတ်လမ်း ဖန်တီးမှုနှင့်ပတ်သက်၍ ဆရာတက်တိုးက ဝတ္ထုတိုအနှစ်သာရတွင်

> **ဖတ်သူ၏ အာရုံပေါ်အောင် ဆွဲဆောင်နိုင်သော အဖြစ်အပျက် အစီအစဉ်ကို ဇာတ်လမ်းဟုခေါ်သည်။** (တက်တိုး၊ ၂၀၀၉၊ စာ ၈၀)

ဟု ဖွင့်ဆိုထားသည်။

ဝတ္ထုစာပေတွင်ဖြစ်ရပ်များကို ဇာတ်လမ်းပုံစံဖြင့် အကြောင်းအကျိုးဆက်စပ်သည့်သဘော ကို ဆရာကြီး မောင်ခင်မင် (ဓနုဖြူ)က စကားပြေသဘောတရား၊ စကားပြေအတတ်ပညာတွင်

> **ဖြစ်ရပ်များကို အကြောင်းအကျိုးဆက်စပ်သော ဝတ္ထုဇာတ်လမ်းပုံစံဖြင့်ရေးဖွဲ့ထား သော အဖွဲ့မျိုးကို ဇာတ်လမ်းပင်ဖြစ်သည်။**(ခင်မင်၊ မောင်(ဓနုဖြူ) ၂၀၀၄၊ စာ ၂၃၅)

ဟု ဖွင့်ဆိုထားသည်။ ဒိဋ္ဌလောက၏ဖြစ်ရပ်များကို ဇာတ်လမ်းဆင်တင်ပြရာတွင် စာဖတ်သူစိတ်ကို လှုပ်ရှားမှုဖြစ်စေသော အချက်အလက်များဖြင့် ရည်ရွယ်ချက်ကို ပံ့ပိုးပေးရမည်ဖြစ်သည်။ ဝတ္ထုရေးသူ သည် ဝတ္ထုတွင်စာဖတ်သူ၏စိတ်ကို သိလိုစိတ်ထက်သန်လာစေရန် ဇာတ်လမ်း အင်္ဂါရုပ်များ ဖြစ်သည့် ဇာတ်ပျိုး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်းတို့ကို အကွက်ချဖန်တီးလေ့ရှိပါသည်။

၃၊ ၁၊ ၃။ ဇာတ်ဆောင်ဖန်တီးမှု

ဝတ္ထုတွင် စာရေးသူသည် ရည်ရွယ်ချက်သို့ ရောက်အောင်ပို့ဆောင်ရာ၌ ဇာတ်လမ်းသည် အရေးပါ သကဲ့သို့ ဇာတ်ဆောင်သည်လည်း အရေးပါသည်။ ဇာတ်ဆောင်များ၏ အရေးပါမှုနှင့်ပတ်သက်၍ ကျော်အောင်၏ ဂန္ထဝင်တစ်ဆယ်တွင်

> **စာရေးဆရာဖန်တီးလိုက်သောဇာတ်ဆောင်တို့သည်**
> **ပင်ကိုယ်အရည်အသွေး ရှိနေရမည်။**
> (ကျော်အောင်၊ ၂၀၀၆၊ စာ ၄၀)

ဟုဆိုထားသည်။ ဇာတ်ဆောင်နှင့်ပတ်သက်သော အထက်ပါ အဆိုအရကြည့်လျှင် ဇာတ်လမ်းနှင့် ဇာတ်ဆောင်တို့သည် တစ်ခုကိုတစ်ခုအပြန်အလှန်အထောက်အပံ့ပြုနိုင်သည်။ ဇာတ်လမ်းနှင့် ဇာတ်ဆောင်သည် ခွဲခြားမရနိုင်ဟူသော သဘောမှာ တိုတိုနှင့်လိုရင်းရောက်အောင် ရေးရသော ဝတ္ထုတို့နှင့် ပိုမိုဆီလျော်သည့် သဘောတရားဖြစ်ကြောင်း တွေ့ရသည်။

၃၊ ၁၊ ၄။ ကာလဒေသနောက်ခံဖန်တီးမှု

နောက်ခံဆိုသည်မှာ ဝတ္ထုအတွင်းရှိ ဇာတ်ဆောင်တို့ ဖြစ်ပျက်လှုပ်ရှားရာ နေရာဒေသနှင့် အချိန် ကာလတို့ဖြစ်သည်။ ဝတ္ထုတိုတွင် တိုတိုနှင့်လိုရင်းကိုရောက်အောင် ရေးသားရသောကြောင့် နောက်ခံ အဖွဲ့များသည် ဇာတ်လမ်းအတွက် အရေးပါသော အဖွဲ့များသာဖြစ်ရမည်။

ကာလဒေသနောက်ခံအဖွဲ့နှင့်ပတ်သက်၍ စာရေးဆရာ ကျော်အောင်က

> **ဝတ္ထု၏အခင်းအကျင်း (သို့မဟုတ်) နောက်ခံကို ဖော်ပြရခြင်းမှာ ဝတ္ထုတို**
> **အရသာ ခံစားနိုင်ရန် စာဖတ်သူ၏ စိတ်ကိုပျိုးပေးထားခြင်း ဖြစ်သည်။**
> (ကျော်အောင်၊
> ၁၉၇၉၊ စာ ၁၂၉)

ဟူ၍ နောက်ခံသည် လူအများထိတွေ့နေကျနေရာဒေသမျိုးဖြစ်ခြင်းဖြင့် စာဖတ်သူအနေနှင့်ခံစားမှု အလွယ်တကူ နားလည်နိုင်ပြီးလျှင် ဇာတ်ဆောင်နှင့် တစ်သားတည်းဖြစ်စေပါသည်။

၃၊ ၂။ သုတေသနနည်းနာ

ဤစာတမ်းသည် အပြန်လမ်းဘယ်မှာ လမ်းဘယ်မှာနှင့် မဂ္ဂဇင်းဝတ္ထုတိုများမှ ဝတ္ထုတိုဖန်တီးမှု စာတမ်းဖြစ်ပါသည်။ ထိုစာတမ်းကို လေ့လာရာတွင် သုတေသနဆိုင်ရာ နည်းနာများအနေဖြင့် ပညာရှင်များ၏ အဆိုအမိန့်များ၊ နည်းနာများကို အခြေခံ၍ သရုပ်ဖော်ဆန်းစစ်နည်းနှင့် ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်နည်းတို့ကို အသုံးပြုမည်ဖြစ်သည်။

၄။ လေ့လာတွေ့ရှိချက်

စံပယ်ဖြူနု၏ ခဲအဖြူအစိမ်းနှင့်ရေးခြစ်သောတစ်ပိုင်းတစ်စကဗျာဝတ္ထုတိုများမှ ဝတ္ထုတိုဖန်တီးမှုဖြင့် စာတမ်းပြုစုရာတွင် လေ့လာတွေ့ရှိချက်များကို တင်ပြမည် ဖြစ်သည်။

၄၊ ၁။ ခဲအဖြူ၊ အစိမ်းနှင့်ရေးခြစ်သောတစ်ပိုင်းတစ်စကဗျာ(၂၀၁၅)

ခဲအဖြူအစိမ်းနှင့်ရေးခြစ်သောတစ်ပိုင်းတစ်စကဗျာဝတ္ထုတိုသည် စံပယ်ဖြူနုဟူသော ကလောင် အမည်ဖြင့် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၊ (ပထမအကြိမ်) ရန်ကုန်မြို့၊ ခဝါလေ့မွန် စာအုပ်တိုက်ထုတ်၊ အပြန်လမ်းဘယ်မှာလမ်းဘယ်မှာနှင့် မဂ္ဂဇင်းဝတ္ထုတိုစာအုပ်တွင် ဖော်ပြခဲ့သော ဝတ္ထုတိုတစ်ပုဒ်ဖြစ် သည်။

၄၊ ၁၊ ၁။ ရည်ရွယ်ချက်

ခဲအဖြူအစိမ်းနှင့်ရေးခြစ်သောတစ်ပိုင်းတစ်စကဗျာဝတ္ထုတို၏ ရည်ရွယ်ချက်မှာ အခြေခံပညာ စာသင်ကျောင်းလေးတွင် ပညာသင်ကြားပေးသော နိုင်ငံ့ဝန်ထမ်း ဆရာမသည် သားသမီးအတွက် ရုန်းကန်ရ ပုံ၊ တောင်သူလယ်သမားသားသမီးများ ပညာ၏တန်ဖိုးကိုသိရှိပြီး ပညာတတ်လူငယ်များ ပေါ်ထွန်း လာစေရန် တင်ပြလိုခြင်းဖြစ်သည်။

၄၊ ၁၊ ၂။ ဇာတ်လမ်းအကျဉ်း

ဆရာမသည် လယ်ပြင်တောကိုဖြတ်၍ တပည့်များရှိရာ စာသင်ကျောင်းဆီ ပညာသင်ပေးသူဖြစ် သည်။ လယ်ယာမြေများအကြား ဖြတ်လျှောက်သည့် ဆရာမပုံရိပ်ကိုမြင်လျှင် တပည့်ဟောင်းတို့ သည် အဝေးမှလှမ်း၍ နှုတ်ဆက်ကြသည်။ ထိုစာသင်ကျောင်းရှိရာ လမ်းခရီး၌ တံတားများ ချောင်း ကလေးများ၊ လယ်ကန်သင်းများဖြတ်၍ သွားရောက်တာဝန်ထမ်းဆောင်ရသူဖြစ်သည်။ ထိုသို့ ခက်ခဲ ပင်ပန်းစွာ တာဝန်ထမ်းဆောင်နေသော်လည်း အပြောင်းအရွှေ့လျှောက်မည်ဆိုပါက ဝန်းလေးနေခဲ့ သည်။ အဘယ်ကြောင့်ဆိုလျှင် တစ်ယောက်ပြောင်းလျှင် နောက်တစ်ယောက်ရောက်လာဖို့ရာ ခက်ခဲ သော ကျေးလက်စာသင်ကျောင်းလေးပင်ဖြစ်သည်။ တပည့်တို့၏ မျက်ဝန်းများသည်လည်း ဆရာမ အား ကျောခိုင်းမသွားရန် ချည်နှောင်ထားသော သံယောဇဉ်ပင်ဖြစ်သည်။ ထိုကျောင်းကို ဆရာမ၏ သမီးဖြစ်သူ လိုက်လည်ကာ ချမ်းအေးလှသော ဆောင်းရာသီတွင် သူမိခင် ချွေးစို့အောင် စာသင်ရ သည်ကို ကြည့်ပြီး သနားခဲ့ပြန်သည်။ ဆရာမသည် ပင်စင်ယူမည့်အချိန်ကို ဆွဲဆန့်ထားချင်သည်။ ကျောက်သင်ပုန်း၌ စာလုံးလေးများအား မြေဖြူနှင့်ရေးခြစ်နေရလျှင် ကလေးတို့၏ စာအံသံကြားနေ ရလျှင် ပျော်နေသည်။ ဆရာမသည် စက်ဘီးတစ်စီးသာ ပိုင်ဆိုင်လေသည်။ စက်ဘီးအိုလေးကို တချောက်ချောက်နင်းကာ ရွာစဉ်တန်းကို ဖြတ်ရသည်။ ချောင်းရေကျလျှင် တံတားထိပ်ကရွာတွင် စက်ဘီးအပ်ရပြန်သည်။ ထိုအကြောင်းကို ဆရာမ၏သမီးဖြစ်သူသိ၍ မိခင်အတွက် သနားနေသည်။ ဆရာမသည် သူ့သမီးတက္ကသိုလ်ကျောင်းစရိတ်အတွက် ဆရာမတို့ရွာထဲတွင်ရှိသော အင်း၊ အိုင်များမှ ငါး၊ ငါးပိတို့ကို ဝယ်ကာ စာသင်ကျောင်းရှိရာရွာသို့ ဈေးရောင်းရပြန်သည်။ ဆရာမဆိုပေမယ့် သားသမီးအတွက် ဈေးသည်ပမာဖြစ်လေသည်။ ခင်ပွန်းသည် ကျောင်းဆရာလည်း ထိုနည်းအတူပင် ဖြစ်သည်။ ဆရာမနှင့် ဆရာအပြိုင်တက်ကုန်ဖွင့်ကာ တက္ကသိုလ်တက်သူ သမီးအတွက်ကြိုးစားရ သည်။ လပတ်စာမေးပွဲဖြေဆိုရာတွင် တပည့်ဖြစ်သူ ဖိုးဇော် စာမေးပွဲကျလေသည်။ ဆရာမသည် ဖိုးဇော်အားခေါ်၍ အကျိုးအကြောင်းမေးမြန်းလေသည်။ ဖိုးဇော်သည် စာမေးပွဲကျသည့် ကိစ္စမှာ မိဘများ၏ လယ်ယာလုပ်ငန်း၌ ကူနေခြင်းကြောင့် ဖြစ်သည်။ ထိုအခါ ဆရာမသည် ပညာတတ်ကြီး ဖြစ်ပါက မိဘတို့အားဒီထက်မကကူညီနိုင်ကြောင်းရှင်းပြလေသည်။ ထိုနှစ်တွင် စာမေးပွဲအောင်လည်း ကျောင်းထွက်ရမှာဟု ဖိုးဇော်ပြောခဲ့သည့်အတိုင်း ကျောင်းထွက်ခဲ့ရပြန်သည်။ ဖိုးဇော်လိုပင် ဆရာမ ရင်ထဲဖြစ်သော တပည့်ငယ်တို့သည် လယ်ယာလုပ်သားများအသွင် တွေ့ရပေသည်။ ဖိုးဇော်လိုပင် တပည့်များစွာရှိလေသည်။ ထိုထဲတွင် နီနီဆိုသော တပည့်မလေး အပါအဝင်ဖြစ်သည်။ ဆရာမသည် အဖြူအစိမ်းဝတ်စုံကို ဆင်မြန်းကာ အိမ်တံခါးကိုပိတ်ကာ စာသင်ကျောင်းကို ဦးတည်နေသည်။ ဖိုးဇော်သည် စိမ်းမြသော ယာခင်ထဲနစ်မြုပ်နေသည်။ နီနီသည် တအီအီပြုနေသော ကလေးကို ချော့မော့ရင်းထမင်းတောင်းကို လက်တစ်ဖက်ကဆွဲရင်း ကန်သင်းပေါ်တွင် လျှောက်လေသည်။

စာသင်ကျောင်းဆီမှ ရုန်နှစ်အရွယ်ကလေးငယ်တို့ စာအံသံကြားရပြန်လေသည်ဟု အဆုံးသတ်ကာ တင်ပြထားပါသည်။

၄၊ ၁၊ ၃။ ဇာတ်လမ်းဖန်တီးမှု

"ခဲအဖြူအစိမ်းနှင့်ရေးခြစ်သောတစ်ပိုင်းတစ်စကဗျာ"ဝတ္ထုတိုတွင် ကျေးလက်သဘာဝနောက်ခံဖြင့် စတင်ထားသည်။ ထိုနောက်ခံအဖွဲ့နှင့်ဆက်စပ်၍ ဇာတ်ဆောင်ဆရာမသည် ထိုဒေသဝန်းကျင်၌ ကျင်လည်ရပုံဖြင့် မိတ်ဆက်တင်ပြထားသည်။ ဆရာမကျင်လည်ရာ ပတ်ဝန်းကျင်ဒေသမှာ

ဆရာမသည် လယ်ပြင်တောကိုဖြတ်၍ လျှောက်လာသည်။(၂၀၁၅၊ စာ ၁၁၅)

ဟုဖော်ပြထားသည်။ ဒေသနောက်ခံနှင့်ဇာတ်ဆောင်ကိုချိတ်ဆက်ကာ တင်ပြထားသည်။ ထိုဇာတ်ပျိုးပိုင်းသည် ရှေ့ဆက်မည့် ဝတ္ထုတိုကို များစွာအထောက်အပံ့ပြုသည့် အရေးပါသော ကျေးလက်ဒေသနောက်ခံအဖွဲ့ပင်ဖြစ်သည်။ ကျေးလက်အငွေ့အသက်ကလေးများ ထည့်သွင်းရေးဖွဲ့ခြင်းဖြင့် စာဖတ်သူ အားနှစ်သက်မှုဖြစ်စေကာ ရသခံစားမှုဖြစ်စေသည်။

ဆရာမ၏အမြင်တွင်လယ်ပြင်တောသည် ရွှေရောင်တောက်ပနေသော စပါးခင်းများ၊ စိမ်းမြမြ အဆင်းမြေပဲခင်းများနှင့် ဆယ်နှစ်ရာသီပြောင်းလဲနေသည်။ ကျေးလက်တောင်သူတို့သည်လည်း စိုက်ပျိုးထားသောမြေပဲခင်းတို့၌ တလှုပ်လှုပ်တရွရွရှိနေသည်ကိုတွေ့ရသည်။ စာရေးသူသည် အဓိက ဇာတ်ဆောင်ဆရာမကိုသာချပြထားပြီး ဆရာမကို ဝိုင်းဝန်းနှုတ်ဆက်သူတို့၏အမည်ကို ဖော်ပြခြင်း မရှိပုံကို

လယ်ယာမြေအကြားက ဖြတ်လျှောက်သည့် ဆရာမပုံရိပ်ကို မြင်လျှင်ကား
သူတို့ သည် အဝေးကပင်လှမ်းအော်နှုတ်ဆက်တတ်ကြသည်။
(၂၀၁၅၊ စာ ၁၁၆)

ဟူ၍ စာဖတ်သူ၏ သိချင်စိတ်ကို နှိုးဆွထားသော အပိုင်းမှာ ဇာတ်နှိုးပိုင်းပင်ဖြစ်သည်။ သူတို့သည် ဟူသော အများပြနာမ်စားကို အသုံးပြုတင်ပြခြင်းဖြင့် နှုတ်ဆက်သူတို့မှာ မည်သူမည်ဝါမှန်းမသိရပေ။ ထိုကဲ့သို့ စာရေးသူက ဇာတ်လမ်းအစပျိုးချိန်၌ မြုပ်ကွက်ကို သုံးထားသောကြောင့် စာဖတ်သူအနေ နှင့် ဇာတ်လမ်းအပေါ် စိတ်ဝင်စားမှုဖြစ်ပေါ်လာရသည်။ ဆရာမကြီးကို နှုတ်ဆက်သူများမှာ မည်သူ နည်း မည်သို့သော လူတန်းစားများဖြစ်မည်နည်းစသည်ဖြင့် မေးခွန်းများဖြစ်ထွန်းလာရသည်။ ထို့အတွက် စာဖတ်သူတို့အနေဖြင့် အဖြေကိုရှာရင်း ရှေ့ဆက်မည့်ဇာတ်လမ်းအတွက် သိလိုစိတ်ထက်သန်လာစေ သည်။

စာရေးသူသည် ဇာတ်တက်ပိုင်းကို ဖန်တီးတင်ပြရာတွင် ဆရာမသည် တက္ကသိုလ်တက်နေ သော သမီး၏ ကျောင်းစရိတ်အတွက် တစ်ဖက်၊ မိမိတာဝန်ကျရာ ကျေးရွာလေးမှ တပည့်များ၏ ပညာရေးက တစ်ဖက်အားပြိုင်မှုများဖြင့် တင်ပြထားသည်။ ထိုဇာတ်ကွက်တွင် ဆရာမသည် ထမ်းပိုး ထဲတွင် ဘာတွေထည့်ခဲ့သလဲ၊ ဘယ်သူအတွက် ပစ္စည်းများဖြစ်မည်လဲ စာရေးသူသည် မြုပ်ကွက်များ ထည့်၍ တင်ပြထားသည်။ သားသမီးကျောင်းစရိတ်အတွက် အလေးအပင် တချို့ပုခုံးတွင် ထမ်းကာ ပင်ပန်းစွာလုပ်ကိုင်ရပုံကို

ထမ်းပိုးဖြင့် ထမ်းလာသော ခြင်းတောင်းတစ်လုံးနှင့် အိတ်တို့မှာ
ရှေ့နောက် ယမ်းခါသည်ဖြစ်၍ ခဏမျှရပ်ကာ ငြိမ်အောင်ထိန်းရသည်။
(၂၀၁၅၊ စာ၁၁၆)

ဟု မိခင်ကျောင်းဆရာမသည် သားသမီးပညာရေးအတွက် ရွာထဲတွင် အင်း၊ အိုင်များမှ ငါး၊ ငါးပိတို့ကို ထမ်းကာမိမိတာဝန်ကျရာရွာ၌ ရောင်းချရသည်။ ကျောင်းဆရာမဖြစ်သော်လည်း သားသမီးပညာရေး အတွက် ရုန်းကန်နေရပုံကို သနားဖွယ်၊ ကရုဏာရသမြောက်အောင် တင်ပြထားသည်။

ဆရာမသည်ထိုရွာတွင် တာဝန်ကျခဲ့သည်မှာ သမီးကြီးတစ်သက်ဟုဆိုသည်။ ကျောင်းပြောင်းရမည့်ကိစ္စအတွက်ဝန်လေးနေခဲ့သည်။ တစ်ယောက်ပြောင်းလျှင် တစ်ယောက်ချက်ချင်းရောက်မလာတတ်သော စာသင်ကျောင်းလေးပင်ဖြစ်သည်။ ထိုအခြေအနေကို ဇာတ်ဆောင်ဆရာမ၏ အတွေးဖြင့်

တစ်ယောက်ပြောင်းရွှေ့လျှင် နောက်တစ်ယောက်ရောက်ဖို့ရာ
မည်မျှပင်ကြာမည် နည်း။ မည်သူမျှမမှန်းဆနိုင်။ (၂၀၁၅၊ စာ ၁၁၆)

ဟူ၍ ဆရာမသည် တပည့်များ၏ သင်ကြားရေးလျော့သွားမည်ကို စိုးရိမ်နေပုံ၊ ဆရာနှင့်တပည့်များ၏ သံယောဇဉ်ကြီးမားပုံဖြင့်လည်း ဖန်တီးတင်ပြထားသည်။ ဆရာမသည် သားသမီးအတွက် ပင်ပန်းနေမှုကတစ်ဖက်၊ စာသင်ကျောင်းလေး၌ ပညာသင်ကြားနေသော တပည့်များကို ကျောခိုင်း၍ မပြောင်းရက်သည်ကတစ်ဖက် ဇာတ်ဆောင်ဘဝ အခက်အခဲကို အားပြိုင်မှုများဖြင့် ဖန်တီးတင်ပြ ထားသည်။ ထိုအားပြိုင်မှုဖြင့် ဇာတ်လမ်းကို ဇာတ်ထွတ်ပိုင်းသို့ရောက်အောင် ပံ့ပိုးမည်ဖြစ်သည်။

ဆရာမသည် တပည့်များပညာရေးအတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော်လည်း စက်ဘီးအိုလေးတစ်စီးဖြင့် ချောင်းများ၊ တံတားများ၊ ဗွက်နွံများအကြား၌ ပညာသင်ပေးသူဖြစ်သည်။ သမီးဖြစ်သူ၏ ပြောစကားဖြင့်

အမေ ပစ္စည်းအလေးကြီးတွေ ထမ်းမနေနဲ့ဦး၊ စက်ဘီးကိုလည်း ဖြစ်နိုင်ရင် မစီးနဲ့။

မိုးရွာထားရင် စက်ဘီးလုံးဝမစီးနဲ့နော်။ လမ်းချော်ရင် ပစ်လဲမှာ။
လမ်းတွေက လည်း ကောင်းတာမဟုတ်ဘူး။ ကျင်းတွေ၊ ချိုင့်တွေနဲ့။
(၂၀၁၅၊ စာ ၁၁၉)

ဟုတင်ပြထားသည်။ ထိုဇာတ်ကွက်သည် တက္ကသိုလ်တက်နေသော သားသမီးပညာရေးစရိတ် အတွက် ကြိုးစားရုန်းကန်နေသော မိခင်တစ်ဦး၏ မေတ္တာတရားကို ဖော်ကျူးနိုင်သကဲ့သို့ မိုးရွာ၍ လမ်းကြမ်းသော်လည်း တပည့်များပညာရေးအတွက် ဆရာကောင်းပီသသော၊ တာဝန်ကျပွန်သူဖြစ် ကြောင်း တွေ့နိုင်သည်။ ထိုသို့ မိခင်မေတ္တာတစ်လှည့်၊ ဆရာမတစ်ဦး၏ မေတ္တာတစ်လှည့်ဖြင့် ရသ မြောက်စွာစာရေးသူသည် စာဖတ်သူ၏စိတ်ကို ဖတ်ချင်စိတ်ပြင်းပြလာအောင် ဖန်တီးတင်ပြထား သည်။ ထိုအပိုင်းသည် ဇာတ်လမ်းကို ရွှေ့လျားစေသည့် ဇာတ်တက်ဖော်ဆောင်ထားခြင်းဖြစ်သည်။

စာရေးသူသည် လပတ်စာမေးပွဲဖြေ၍ စာမေးပွဲကျသည့် ဖိုးဇော်အကြောင်းကို တင်ပြရာတွင် နောက်ကြောင်းပြန် ဇာတ်ကွက်ဖြင့် တင်ပြထားသည်။ ဆရာမသည် ဖိုးဇော်အား အကျိုးအကြောင်း ပြောပြရာတွင် ပညာ၏တန်ဖိုးနှင့် ပညာတတ်ကြီးဖြစ်၍ မိဘအား ကူနိုင်မည်ကို

ပညာတတ်ကြီးဖြစ်အောင် ကြိုးစားရမယ်နော့ ဖိုးဇော်၊
ပညာတတ်ဘွဲ့ရဖြစ်ရင် မိဘကိုလည်း တစ်ဖက်တစ်လမ်းက ကူနိုင်မယ်။
(၂၀၁၅၊ စာ ၁၂၂)

ဟု ကျေးလက်တောရွာတွင် ပညာသင်ယူရမည့် လူငယ်ကို ပညာရေးကိုသာ အာရုံစိုက်လာနိုင်အောင် ပြောဆိုနေသော ဆရာမ၏ ဟန်ပန်ဖြင့် အနုစိတ်ခြယ်မှုန်းတင်ပြထားသည်။

ဖိုးဇော်၏ပြောစကားတွင်

ဆရာမကလည်း ကျွန်တော်အခုလည်း လယ်ထဲမှာ ကူရတာပဲ။
အမေပြောတယ်။ ကျွန်တော်ကျောင်းမနေတော့ရင် ပိုတောင်ကူနိုင်ဦးမည်။
(၂၀၁၅၊ စာ ၁၂၂)

ဟု ဖိုးဇော်၏ပြောစကားဖြင့် ဇာတ်လမ်းအား သက်ဝင်လှုပ်ရှားလာအောင် တင်ပြထားသည်။ ဆရာမ မည်သို့ပင်ဆုံးမစေကာမူ မိခင်စကားကိုသာ နားထောင်တတ်သော ကလေးတို့သဘော၊ သဘာဝဖြင့် တင်ပြထားသည်။ ဖိုးဇော်သည် ဆရာမ၏ စေတနာဖြင့် လယ်ထဲတွင် ဆက်နေမှာလား၊ ပညာတတ် ဖြစ်အောင်လုပ်မှာလား အားပြိုင်မှုများဖြင့် ဖန်တီးထားသည်။ ဖိုးဇော်၏ ကျောင်းမနေတော့ရင် မိဘ အတွက် ပိုကူနိုင်မည်ဟု ထင်သော ကလေးအတွေး၊ ဖိုးဇော် ကျောင်းမထွက်ရန် ဆိုဆုံးမသော ဆရာမ၏ဆန္ဒစသည်ဖြင့် ဇာတ်ဆောင်နှစ်ဦး၏အားပြိုင်မှုများသည်ဇာတ်လမ်း၏အဓိကအချက်ဆီသို့ ရောက်အောင်တင်ပြထားသည်။ ထို့ကြောင့်ယနေ့ခေတ်တွင် ကလေးငယ်တို့၏ပညာရေးကောင်းမွန် ဖို့ရာ မိဘဆရာသမားတို့ အတူတကွ ဖြေရှင်းရမည်ကို သတိပေးသည့်အချက်ပင် ဖြစ်သည်။

ဇာတ်ထွတ်ပိုင်းတွင်တပည့်ဖြစ်သူဖိုးဇော် ကျောင်းသားဘဝမှလယ်သမားဘဝသို့ရောက်သွား ခဲ့ရသည်။ ဇာတ်ထွတ်ပိုင်း၏ အဖြေများသည် အများအားဖြင့် ကျေးလက်တောရွာနေ ဆင်းရဲသား လူတန်းစားတို့၏ ဘဝရုန်းကန်မှုအတိုင်း၊ ဒိဋ္ဌဓမ္မလောကတွင် ဖြစ်လေ့ဖြစ်ထရှိသော သဘာဝကို

> **ဆရာမများအိမ်ရှေ့က ဖိုးဇော် နွားတစ်အုပ်နှင့် ဖြတ်တိုင်း မြင်ကွင်းကို မကြည့်မိ အောင် အကြည့်လွဲရမြဲ။ ဖိုးဇော်ကလည်း စားပြီးပြီလား ဆရာမ စသည်ဖြင့် နှုတ်ဆက်တတ်မြဲ။ ဟော ... အချိန်တန်တော့လည်း လယ်သမား ရင့်မာကြီးအသွင် နှင့် လယ်ထဲဆင်းသည့် လူငယ်လေး ဖြစ်လေပြီ။** (၂၀၁၅၊ စာ ၁၂၂)

ဟု စာရေးသူသည် ဆရာမ၏ အတိတ်တွင် ကြုံတွေ့ခဲ့ရသော ဖိုးဇော်၏ နွားကျောင်းသားဘဝ ရောက်ရှိပုံကို နှမြောတသဖြစ်ကာ လွမ်းဆွတ်ဖွယ်ဖြစ်ရသည့် ဇာတ်ကွက်ကို ဖန်တီးထားသည်။ စားဝတ်နေရေးခက်ခဲသော၊ ပင်ပန်းဆင်းရဲသော အောက်ခြေလူတန်းစားတို့သည် ဘဝအတွက်သာ အဓိကရုန်းကန်ရပြီး ပညာရေးအတွက် ဦးစားမပေးနိုင်ပုံကို အနုစိတ်ခြယ်မှုန်း တင်ပြထားသည်။

တောသူတောင်သားတို့၏ ဘဝသည် မိသားစုဘဝကို ဦးစားပေးခဲ့ရသည်။ ဖိုးဇော်နည်းတူ နီနီ တစ်ဦးလည်း မိခင်နေမကောင်းသည့်အတွက် ကျောင်းထွက်တော့မည်ကို ဆရာမအား ပြောပြရာတွင်

> **အမေ့ကျန်းမာရေးမကောင်းဘူးကောဆရာမရဲ့။**
>
> **ကျွန်မအခုရှစ်တန်းကိုအောင်လည်းပဲလယ်ထဲဆင်းရတော့မှာ။**
> **ဖြေလည်းမထူးဘူး။ မဖြေတော့ဘူး ဆရာမရယ်။** (၂၀၁၅၊ စာ ၁၂၄)

ဟု ကျေးလက်လူမှုဘဝတွင် ငယ်ငယ်ရွယ်ရွယ်နှင့် မိဘတာဝန်များကို ပုခုံးပြောင်းထမ်းဆောင်ကြ ရသည့် သားသမီးတို့၏ ခက်ခဲပင်ပန်းမှုများကို ပီပြင်ပေါ်လွင်လှပါသည်။ စာဖတ်သူတို့ ရင်ထဲတွင် ကျောင်းနေရမည့်အရွယ်တွင် ကျောင်းမနေရဘဲ လောကဓံရင်ဆိုင်ရသော နီနီအဖြစ်ကိုတွေးကာ ကရုဏာစိတ်များ တိုးလာစေပါသည်။ ထိုသို့ ဇာတ်ထွတ်ပိုင်းတွင် ဖိုးဇော်နှင့် နီနီတို့၏ ဘဝအခက် အခဲများ၊ ပညာတစ်ပိုင်းတစ်စဖြစ်ရသည့်အတွက် နှမြောဝမ်းနည်းမှု၊ စိတ်မကောင်းမှုနှင့်အတူ ဇာတ်လမ်းကို ဖန်တီးထားသည်။

ဇာတ်ဆင်းပိုင်းတွင် တပည့်ဖြစ်သူ ဖိုးဇော်နှင့် နီနီတို့သည် ပညာတစ်ပိုင်းတစ်စဖြင့် မိဘတို့၏ တောင်ယာ လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရပုံကို

> **ဖိုးဇော်သည် စိမ်းမြသော ယာခင်းထဲ နစ်မြုပ်လျက်နေသည်။ နီနီသည် တအီအီ ပြုချင်သော ကလေးကို ချော့မော့ရင်း ထမင်းတောင်းကို**

လက်တစ်ဖက်ကဆွဲရင်းဆရာမနင်းလျှောက်ခဲ့သော
လယ်ကန်သင်းပေါ်တွင် တရွေ့ရွေ့ လျှောက်နေသည်။

(၂၀၁၅၊ စာ ၁၂၅)

ဟူ၍ ဆရာမ၏မြင်တွေ့ပုံဖြင့် စာဖတ်သူ၏ သိချင်စိတ်ပြေလျော့စေကာ ဇာတ်ဆင်းပိုင်းကို တင်ပြ ထားသည်။ ဇာတ်သိမ်းပိုင်းတွင် စာရေးသူက ဆရာမသည် လယ်ကန်သင်းရိုးပေါ် လမ်းလျှောက်ကာ စာသင်ကျောင်းမှ ရုစ်နှစ်အရွယ် ကလေးငယ်တို့ စာအံနေသောအသံကို ကြားရပုံဖြင့် အဆုံးသတ် ထားသည်ကို တွေ့ရသည်။

၄၊ ၁၊ ၄။ ဇာတ်ဆောင်ဖန်တီးမှု

ခဲအဖြူ၊ အစိမ်းနှင့် ရေးခြစ်သော တစ်ပိုင်းတစ်စကဗျာဝတ္ထုတွင် အဓိကဇာတ်ဆောင်မှာ ကျောင်း ဆရာမပင်ဖြစ်သည်။ ကျေးလက်တောရွာတွင် တာဝန်ထမ်းဆောင်နေရသော ကျောင်းဆရာမ၏ ခက်ခဲသောဘဝအခြေအနေကို တင်ပြထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ တပည့်များပညာရေးကို တန်ဖိုးထားပြီး မိဘအပေါ် လုပ်ကျွေးပြုစုနိုင်ကြောင်း လမ်းညွှန်ပေးသော ဇာတ်ဆောင်အဖြစ် ဖန်တီး ပြထားသည်။ ဇာတ်ဆောင်စရိုက်ဖန်တီးရာတွင် ဇာတ်ဆောင်၏ အပြော၊ အပြုအမူ၊ အတွေးတို့ဖြင့် ဖော်ပြထားသည်။ ထိုဝတ္ထု၏ ဇာတ်လမ်းအဖွင့်၌ စာရေးသူသည်

ဆရာမသည်လယ်ပြင်တောကိုဖြတ်၍လျှောက်လာသည်။
ပါးလျသောကိုယ်နေဟန်သည်ရိုးပြတ်တောကို
ဝေ့ဝိုက်တိုက်ခတ်သည့်လေပြေကြားဝယ်ငှက်မွေးတစ်စလိုခုပင်
တရွေ့ရွေ့ ယိမ်းထိုးလွင့်ပါတော့မည် ပမာထင်ရသည်။(၂၀၁၅၊ စာ ၁၁၅)

ဟူ၍ အနုစိတ်သရုပ်ပေါ်လွင်အောင် ရေးဖွဲ့ထားသည်။ စာရေးသူက စာဖတ်သူအား ဇာတ်ဆောင် ဆရာမ၏ နေ့စဉ်ဘဝအခြေအနေနှင့် ဆရာမ၏ဘဝကို အမူအရာဖြင့် ထင်ဟပ်စေပါသည်။

ထို့ပြင် အဓိကဇာတ်ဆောင်ဆရာမ၏ သွင်ပြင်အမူအရာစရိုက်ကို

ငေးမိငေးရာငေးလျက် လျှောက်သည်မို့ ကန်သင်းပေါ်က ခြေတစ်ချက်
ချော်သည်။ လူကယိုင်သည်။
(၂၀၁၅၊ စာ ၁၁၆)

ဟူ၍ဇာတ်ဆောင်၏အတွေးဖြင့် ဇာတ်ဆောင်၏ အမူအရာများ၊ သွင်ပြင်လှုပ်ရှားမှုကို ပေါ်လွင်အောင် ဖွဲ့ပြထားသည်။ ထိုသရုပ်ဖော်အဖွဲ့က ဇာတ်ဆောင်ဆရာမ၏ စာသင်ကျောင်းသို့ သွားရာလမ်းခရီး ကြမ်းတမ်းသည့်အဖြစ်နှင့် ထိုခရီးကြမ်းတွင် အသားကျနေသည့်အဖြစ်ကို ထင်ဟပ်စေသည့် စရိုက် အမူအရာပင်ဖြစ်သည်။

ဆရာမသည် ထိုကျေးလက်ရွာစာသင်ကျောင်းလေး၌ တာဝန်ကျခဲ့သည်မှာ သမီးဖြစ်သူ တစ်သက်ဟုဆိုခဲ့သည်။ အပြောင်းအရွှေ့လျှောက်ထားရမှာ လွန်စွာဝန်လေးခဲ့သည်။ ဆရာမ၏ တပည့်များအပေါ်ထားသောမေတ္တာနှင့် လုပ်ငန်းခွင်အခက်အခဲကို တင်ပြထားသည်မှာ

တစ်ယောက်ပြောင်းရွှေ့လျှင်နောက်တစ်ယောက်ရောက်ဖို့ရာ
မည်မျှကြာမည် နည်း။ မည်သူမျှမမှန်းဆနိုင်။ (၂၀၁၅၊ စာ ၁၁၆)

ဟူ၍ ဆရာတစ်ယောက်ပြောင်းရွှေ့သွားပါက ကျောင်းအတွက် ဆရာအင်အားရောက်မလာမည်ကို စိုးရိမ်ပူပန်နေသောဆရာမ၏စရိုက်ကိုပေါ်လွင်အောင်အနုစိတ်ခြယ်မှုန်းထားသည်။ ထိုသို့ ကျေးလက် ဒေသ

စာသင် ကျောင်းလေး၏ တပည့်များဘဝ ပညာရေးနှောင့်နှေးမည်ကို စိုးရိမ်သည့် စေတနာသည် ပို၍ထင်ရှားလာစေသည့်အပြင် ဝတ္ထု၏ ဦးတည်ချက်ကို ပံ့ပိုးပေးနိုင်ကြောင်း တွေ့ရပါသည်။

ကျွးလက်ဒေသ အခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာမအင်အားမလောက်သည့် အတွက် စာသင်ခန်းတစ်ခုကို စာရေးခိုင်းလျှင် နောက်တစ်တန်းပြေးသင်ရသည်။ ကလေးတို့သည် ဆရာမ အတန်းကူးသည့်အချိန် လှုပ်လှုပ်ရွရွ ဖြစ်နေတတ်သည်။ သူငယ်တန်းကလေးတို့၏ ငိုသံကို လွှမ်းမိုးနိုင်ရန်အတွက် ဆရာမသည် အသံကုန်ဟစ်ပြီး စာသင်ကြားနေပုံကို

> **သည်အသံများကို ထိုးဖောက်နိုင်ရန်မှာ ပါးစပ်ကို အစွမ်းကုန်ဖွင့်ဟလျက် လည်ချောင်းနာမတတ် စာပြရန်တည်း။ တစ်ဖက်အခန်း၌ စာပြရင်း နောက် တစ်ခန်းကို လှမ်းထိန်းရတတ်သည်။** (၂၀၁၅၊ စာ ၁၁၇)

ဟူ၍လည်းကောင်း၊

> **ဆရာမတစ်ယောက်ကခွင့်ယူသည်မို့စာသင်ခန်းသုံးခန်း အပြိုင်သင်ရသည်။** (၂၀၁၅၊ စာ ၁၁၇)

ဟူ၍လည်းကောင်း၊ ဆရာမ၏ ဟန်ပန်အမူအရာများကို ပေါ်လွင်စေသည်။ ကလေးများအပေါ် ချော့တစ်ခါ၊ ခြောက်တလှည့်ဆိုဆုံးမတတ်သော ဆရာမ၏စရိုက်ကို ပေါ်လွင်အောင် မီးမောင်း ထိုးပြထားသည်။ စာရေးသူ၏ ကလေးသဘာဝ ဆော့ချင်၊ မြူးချင်၊ ငိုချင်တတ်သောသဘာဝကို ချုပြ ပြီး ထိုကလေးများအပေါ် စေတနာအရင်းခံဖြင့် စိတ်ရှည်စွာ အတန်းဝင်ရောက်သည့် ဆရာမ၏စရိုက် ကို ပို၍ထင်ပေါ်လာစေသည်။

ဆရာမသည် ရွှံ့များအကြားက ရုန်းကာ ကျောင်းသွားရသည်။ ဆရာမ၏ ပိုင်ဆိုင်မှုမှာ စက်ဘီး မျှသာ ပိုင်ဆိုင်သည်ကို

> **စက်ဘီးအိုကို တချောက်ချောက်နင်းကာ ရွာစဉ်တန်းကို ဖြတ်ရသည်။ နင်းမရ သည့်နေရာတွင် ဆင်းလျှောက်ရတော့သည်။** (၂၀၁၅၊ စာ ၁၁၈)

ဟူ၍ လမ်းခရီးကြမ်း၍ပင်ပန်းသော်လည်း စာသင်ကျောင်းလေးရှိရာသို့ အချိန်မီရောက်အောင် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တတ်သော ဆရာမ၏စရိုက်ကို ပေါ်လွင်စေပါသည်။

ထို့ပြင် တက္ကသိုလ်ပညာသင်ယူနေသော သမီးဖြစ်သူ၏ ကျောင်းစရိတ်ကာမိစေရန် ဆရာမတို့ ၏ ရွာမှ ငါး၊ ငါးပိတို့ကို သယ်ယူပြီး ကျေးလက်ဒေသရွာကို ပြန်လည်ရောင်းချရသည်။ ထိုအကြောင်း ကို စာရေးသူသည်

> **ဆရာမတို့ရွာတွင် ငါး၊ ငါးပိ ပေါ်သော်ငြား ကုန်းခေါင်ခေါင် ပတ်လည်ဝိုင်းသည့် ဟောသည့်စာသင်ရာရွာမှာတော့ ငါး၊ ငါးပိဆိုတာ အင်မတန် အဖိုးတန်၏။** (၂၀၁၅၊ စာ ၁၁၉)

ဟုဖော်ပြထားရာ သားသမီးပညာသင်စရိတ်အတွက် ဝန်ထမ်းဖြစ်သော်လည်း မိခင်တာဝန်ကျေပွန် သော ဆရာမ၏ဘဝကို သမာအာဇီဝကျစွာ ရုန်းကန်သည့်စရိုက်ကို ပေါ်လွင်စေပါသည်။ မိဘတို့ မည်သည် သားသမီးပညာရေးအတွက် အဆင်မပြေသည့်ကြားမှ သားသမီး၏ ပညာတိုးတက်ရေး ကိုသာ ရှေ့ရှုတတ်သည့် မိခင်၏မေတ္တာစရိုက်ကို ဖော်ကျူးထားသည်။

ဆရာမသည် စာသင်ကျောင်းလေးသို့ သွားရာလမ်းခရီး၌ တပည့်ဟောင်းများစွာ နှုတ်ဆက်ကြ သည်။ ထိုတပည့်ဟောင်းများ ကျွန်းနှင့် အပြိုင် ရုန်းကန်ရပုံကို ဇာတ်ဆောင် ဆရာမ၏ အတွေးဖြင့်

တပည့်ဟောင်းများကို လယ်မြေ ယာမြေထဲ ကျွဲနွားနှင့်အပြိုင် ရုန်းလျက် မြင်ရ လျှင် ရင်၌စူးချွန်နှင့်ဆွဘိသကဲ့သို့ ရှုနာမြဲပင်။ ကံတရားသည်ပင် ကလေးများ အတွက် သည်သို့ဖန်လေသလား။ (၂၀၁၅၊ စာ ၁၂၁)

ဟူ၍ဖော်ပြထားသည်။ ဆရာ၊ ဆရာမဟူသည် မိမိတပည့်ဖြစ်သူတို့၏ အဆင်ပြေသောဘဝကိုသာ မြင်ချင်သည့် ဆန္ဒရှိပြီး၊ ပင်ပန်းဆင်းရဲနေလျှင် မကြည့်ရက်ပေ။ ထိုအဖွဲ့များက ပညာတစ်ပိုင်းတစ်စ ဖြင့် ဘဝကို ပင်ပန်းဆင်းရဲစွာ ရုန်းကန်နေရသော တပည့်များ၏ အဖြစ်ကို မြင်တွေ့ရချိန်၌ ရင်နှင့်အမျှ ခံစားရသည့် ဆရာမ၏ တပည့်များအပေါ် မေတ္တာ၊ စေတနာ ကြီးမားပုံ စရိုက်ကို ပေါ်လွင်စေပါသည်။

ဆရာမသည် တပည့်ဟောင်းဖြစ်သူ ဖိုးဇော်တပည့်လေး၏ အတိတ်အကြောင်း ပြန်တွေး နေမိလေသည်။ ဖိုးဇော်သည် လပတ်စာမေးပွဲဖြေရာ၌ စာမေးပွဲကျလေသည်။ ဖိုးဇော်စာမေးပွဲ ကျသည့်အကြောင်းအရင်းကို မေး၍ ပညာတတ်ကြီးဖြစ်စေလိုစိတ်ဖြင့်

အခက်အခဲ ဘာရှိသနည်း။ ဆွေးနွေးရသည်။ ပညာ၏ အရေးကြီးပုံကို ပြောပြရ သည်။ ကြိုးစားပါမည့်အကြောင်း နားသွင်းရသည်။ ဖိုးဇော်ကား ခပ်ပြုံးပြုံးပင်။ (၂၀၁၅၊ စာ ၁၂၂)

ဟူ၍ ပညာရေးကို စိတ်ပါဝင်စားအောင် အကျယ်တဝင့်ရှင်းပြထားသည်။ ကျေးလက်ဒေသတွင် အနာဂတ်လူငယ်ကလေးများ၏ ပညာတိုးတက်ရေး၊ လူငယ်များ ပညာ၏ တန်ဖိုးကိုသိကာ လိုလို လားလား လက်ခံသင်ယူရမည်ဖြစ်ကြောင်း စသည်ဖြင့် ဆရာမ၏ စေတနာကို အထင်အရှား တွေ့ရပါ သည်။ မိမိတိုင်းပြည် မိမိလူမျိုး၏ ပညာရေးကို မွန်မြတ်သောစိတ်ဓာတ်၊ တပည့်များ ကောင်းကျိုး အတွက် ဆောင်ရွက်သော ဆရာမ၏ စိတ်ထားစရိုက်ကို ဖန်တီးထားသည်မှာ ပေါ်လွင်လှပါသည်။ ဇာတ်လမ်းရွေ့လျားမှုအတွက် ထောက်ပံ့ပေးနိုင်သော ဇာတ်ဆောင်စရိုက်ဖန်တီးမှုအတတ်ပညာပင် ဖြစ်သည်။

ဆရာမသည် လယ်ယာလုပ်ငန်းခွင်ကို ကြည့်လိုက်လျှင် ဖိုးဇော်ကဲ့သို့ပင် ဆရာမ၏ ရင်မှဖြစ် သော တပည့်ငယ်တို့သည် လယ်သမား၊ ယာသမားတို့၏ သားသမီးများဖြစ်ကြသည်။ ဇာတ်ဆောင် ဆရာမ၏ အတွေးဖြင့်

အာခေါင်ကွဲမတတ်ပညာသင်ပေးရသည်မှာ ကလေးတို့အရွယ်ရောက်လျှင် လယ်ထဲဆင်းကြဖို့လား။လယ်ပြင်စိမ်းမြတို့သည်သာ လယ်သမားသားသမီးတို့၏ ခရီးဆုံးပန်းတိုင် ဖြစ်လေသလား။(၂၀၁၅၊ စာ ၁၂၃)

ဟု အဓိကဇာတ်ဆောင်အတွေးဖြင့် စာရေးသူက အဓိကဇာတ်ဆောင်၏ အတွေးဖြင့် ဖန်တီးပြထား သည်။ စာရေးသူ၏ ခံစားချက်များ၊ အတွေးအမြင်များ၊ ဖြစ်လိုသော ဆန္ဒများကို ဆရာမနှင့် ကိုယ်စားပြု၍ ဖော်ဆောင်ခဲ့သည်ကို တွေ့ရပါသည်။ ဆရာမ၏စရိုက်ကို ဖန်တီးရာတွင် သားသမီးများ အတွက် မိဘတာဝန် ကျေပွန်သူ၊ တပည့်များ၏ ပညာရေးကို အလေးထားသူ၊ တောင်သူ လယ်သမား တို့၏ ဘဝကို စာနာသနားပြီး သူတို့၏ ဘဝအခက်အခဲများကို ဖြေရှင်းပေးလိုသည့် ဇာတ်ဆောင်၏ ကိုယ် နှုတ် နှလုံး ကံသုံးပါး အမူအရာဖြင့် စရိုက်ဖန်တီးပြထားသည်ကို တွေ့ရသည်။

စာရေးသူသည် ဇာတ်ဆောင်စရိုက်ဖော်ရာ၌ ရသဝတ္ထုတိုနှင့် လိုက်ဖက်အောင် အတွေး အမြင်များစွာဖြင့် ဖန်တီးရေးဖွဲ့ထားသည်။ ဝတ္ထုတို၏သဘောအတိုင်း တိုတိုနှင့် ကျစ်ကျစ် လျစ်လျစ် ဖြစ်အောင်လည်း တင်ပြသည်။ ဆရာမ၏ ဘဝအခြေအနေ၊ တပည့်များ၏ ဆင်းရဲပင်ပန်းမှု အားလုံးကို လည်း ထောင့်စုံအောင် တင်ပြသည်။ စာရေးသူသည် အရံဇာတ်ဆောင်၏ စရိုက်ကိုအနည်းငယ်မျှ ဖော်ပြပြီး

အဓိကဇာတ်ဆောင်တစ်ဦးတည်းကိုပင် စံပြဇာတ်ဆောင်အဖြစ် ဦးတည်ချက်ကို ပံ့ပိုးပေး သည့် ဇာတ်ဆောင်အဖြစ် တင်ပြထားသည်။

၄၊ ၁၊ ၅။ နောက်ခံဖန်တီးမှု

ခဲအဖြူ၊ အစိမ်းနှင့် ရေးခြစ်သော တစ်ပိုင်းတစ်စကဗျာဝတ္ထုတို့တွင် ဒေသနောက်ခံဝန်းကျင်ကို ကျေးလက်တောရွာ၏စာသင်ကျောင်းလေးဖြင့် ဖန်တီးတင်ပြထားသည်။ ထိုဝတ္ထုတွင် ဒေသနောက်ခံ အဖြစ် သဘာဝပတ်ဝန်းကျင်အဖွဲ့များနှင့် ကျင်လည်နေသော ဒေသဝန်းကျင်အဖွဲ့ဖြင့် ပေါင်းစည်း တင်ပြထားကြောင်း တွေ့ရသည်ကို

> **အများစုသည်ကား ကျေးလက်တို့တွင် တွေ့ရတတ်မည့် သာမန် အိမ်ငယ်များပင်။ ကချင်ရွာ၊ ရှမ်းရွာစသည့် ရွာငယ်လေးများ၏ ဆိတ်ငြိမ် အေးချမ်းမှုမျိုး အဝေးကပင် မြင်၍ မှန်းဆနိုင်မည့်ရွာ။**(၂၀၁၅၊ စာ ၁၁၆)

ဟု နောက်ခံအဖွဲ့ကို ခြယ်မှုန်းတင်ပြခဲ့သည်။ နောက်ခံအဖွဲ့ကြောင့် လယ်ပြင်တောလေး၊ ကျေးလက် တောရွာလေးစသည်ဖြင့် တောဓလေ့ အမူအရာ၊ အငွေ့အသက်များဖြင့် မြင်ယောင် လာအောင် ဖန်တီးထားသည်။

ဆရာမသည် ထိုစာသင်ကျောင်းလေး၌ တာဝန်ထမ်းဆောင်ခဲ့ပုံကို ကာလနောက်ခံအဖြစ် ဖန်တီးထားသည်မှာ

> **သည်ရွာမှာဘယ်လောက်တောင်ကြာခဲ့ပါလိမ့်။**
>
> **သမီးကြီး တစ်သက်နီးပါးပါပဲ ဟု ဆရာမ မကြာခဏတွေးသည်။**
>
> (၂၀၁၅၊ စာ ၁၁၆)

ဟူ၍ အချိန်ကာလဝန်းကျင်ကို ပေါ်လွင်ပီပြင်အောင်နှင့် ဇာတ်ဆောင်ဆရာမ၏ အတွေးခံစားချက် များကို အထောက်အပံ့ပြုနိုင်အောင် ဖန်တီးထားသည်။

ထို့အပြင် ကျေးလက်တောရွာဓလေ့ စာသင်ကျောင်းလေးဖြစ်သည့်အတွက် ဆရာ၊ ဆရာမ အင်အား အလုံအလောက်မရှိပေ။ ဒေသဝန်းကျင်စာသင်ကျောင်းလေးနှင့် ဇာတ်ဆောင် ဆရာမ၏ လှုပ်ရှားမှုကို လုပ်ငန်းဝန်းကျင်အဖြစ်

> **ကျောင်းတွင် စာသင်ခန်းတို့သည် တစ်တန်းနှင့်တစ်တန်း ဒိုးယိုပေါက် ဖြစ်ကာ ဆရာမတို့မှာ ဒီတစ်တန်းကို စာအရေးခိုင်းလျက် နောက်တစ်တန်း ပြေးသင်ရသည်။**
>
> (၂၀၁၅၊ စာ ၁၁၇)

ဟူ၍ ပညာရေးဖွံ့ဖြိုးမှုအားနည်းသော ဒေသနောက်ခံဖြင့် တင်ပြထားသည်။ လုပ်ငန်းနောက်ခံ အခင်းအကျင်းဖြင့် ဖန်တီးမှုအားကောင်းသောကြောင့် ဇာတ်ဆောင်ဆရာမ၏ ပင်ပန်းကြီးစွာ ရုန်းကန် နေရသော ဘဝသည် စာနာသနားဖွယ်ဖြစ်သည်။ ကျေးလက်တောဓလေ့ စာသင်ကျောင်းတွင် ဖြစ်လေ့ဖြစ်ထရှိသော ဝန်ထမ်းအင်အား မလောက်ငသည့် လုပ်ငန်းဝန်းကျင် အခက်အခဲများစွာတို့ ပေါ်လွင်အောင် ဖန်တီးတင်ပြထားသည်။

ကျောင်းဖွင့်ရာသီတွင် သမီးဖြစ်သူသည် ကျောင်းသို့ တစ်ကြိမ်လိုက်လာခဲ့သည်။ မိခင်ဖြစ်သူ ပင်ပန်းနေပုံကို စာရေးသူ၏ အတင်အပြဖြင့်

ဆောင်းတွင်းတန်မဲ့နှင့် သူ့မိခင်ချွေးစို့အောင် စာသင်ရသည်ကို ငေးနေခဲ့သည်။ (၂၀၁၅၊ စာ ၁၁၇)

ဟုလည်းကောင်း၊

မိုးရာသီဆိုလျှင်တော့ လယ်ပြင်တောလမ်းသည် စွတ်စိုပွက်ထခဲ့ပြီ။ ရွံ့များ အကြားက ရုန်းကာ ကျောင်းသွားရသည်။ (၂၀၁၅၊ စာ ၁၁၈)

ဟူ၍လည်းကောင်းတင်ပြထားသည်။ နောက်ခံရာသီအခြေအနေနှင့် ဇာတ်ဆောင်၏ အခြေအနေကို တွဲ၍ဖန်တီးမှုကြောင့် ဇာတ်လမ်းသည် ပို၍သက်ဝင်လှုပ်ရှားလာသည်။ ထိုနောက်ခံရာသီအခင်း အကျင်းကြောင့် ဇာတ်ဆောင်ဆရာမ၏ ဘဝခက်ခဲကို ရုန်းကန်နေရသည့်အဖြစ်သည် ပို၍ပေါ်လွင် လာစေသည်။

ထို့အပြင် ဆရာမနှင့်ဖိုးဇော် အပြန်အလှန်ပြောစကားများတွင် စီးပွားရေးဝန်းကျင် အခင်း အကျင်းများကို တွေ့ရသည်။ ဆရာမသည် ဖိုးဇော်အား ဒီနှစ်စပါးအထွက်ကောင်းတယ် မဟုတ်လား ဟု မေးလေသည်။ ထိုအခါ ဖိုးဇော်ပြန်ဖြေရာတွင်

အကြွေးပူတော့ ဈေးအတက်မစောင့်နိုင်ဘဲ ရောင်းရတာပဲ။ လယ်သမား လုပ်သမျှ ဟာ ကုန်သည်တွေ စားဖို့ပ ဆရာမရေ

(၂၀၁၅၊ စာ ၁၂၁)

ဟူ၍ ဖော်ပြထားသည်။ ထိုစီးပွားဝန်းကျင် အခင်းအကျင်းကြောင့် ဇာတ်လမ်းပါ မျက်မှောက်ခေတ် အရိပ်သည် ထင်ဟပ်လာသည်။ ခေတ်၏ အရိပ်ထင်ဟပ်လာသည့်အတွက် ထိုဝတ္ထုထဲတွင်ပါသော ဇာတ်ဆောင်လယ်သမားဖိုးဇော်ကဲ့သို့ နွားနှင့်ဖက်၍ ဆင်းရဲပင်ပန်းစွာ ရုန်းကန်ရသော်လည်း အကျိုး အမြတ်မခံစားရသော လယ်သမားတို့၏ ဘဝအကြပ်အတည်းကို သဘာဝကျကျ ပေါ်လွင်လာစေ သည်။ ဒိဋ္ဌမမွှလူ့လောကတွင်ရှိသော ကုန်သည်ပွဲစားကြီးတို့၏ တောင်သူလယ်သမားတို့အပေါ် ခေါင်းပုံဖြတ်အမြတ်ကြီးစားသော လူမှုဝန်းကျင်ကို ဖန်တီးထားသည်။ ထို့ကြောင့် ခေတ်အသံ၊ ခေတ်ဟန် များကို ကြားရမြင်ရ၍ စာဖတ်သူတို့ ကျေနပ်နှစ်သက်ခြင်းဖြစ်ရသည်။

ထို့အပြင် ကျေးလက်ရွာဓလေ့ အငွေ့အသက်များပါသော မြင်ကွင်းနှင့် စာသင်ကျောင်းလေး ရှိရာ ဒေသလုပ်ငန်းဝန်းကျင်၏ ပျော်မွေ့ပုံကို ချိတ်ဆက်တင်ပြထားသည်မှာ

မြေ၌ စိုက်ဝပ်နေသော စာသင်ကျောင်းသည်ကား မိနစ်အနည်းငယ် အတွင်းမှာ ပင် ကလေးတို့၏ စာအံသံနှင့် စည်ညံလာ၏။

(၂၀၁၅၊ စာ ၁၂၅-၁၂၆)

ဟူ၍ ကျေးလက်ရွာဓလေ့ နောက်ခံပီပြင်မှု၊ ထိုနေရာဒေသ၏ စာအံသံ၊ စာသင်သံ စသည်ဖြင့် စာဖတ်သူ၏ အမြင်အကြားအာရုံ၌ ထင်ဟပ်လာအောင် ဖန်တီးထားသည်။ ထိုနောက်ခံအဖွဲ့ကြောင့် ဒိဋ္ဌမမွှလောကရှိ အခြေခံပညာရေးဝန်ထမ်းကျောင်းဆရာမတို့၏ လုပ်ငန်းဝန်းကျင် တာဝန်ထမ်း ဆောင်ရသည့် ဇာတ်လမ်းသည် ပို၍သဘာဝကျလာစေသည်။ ကျေးလက်၌ တာဝန်ကျသော အခြေခံ ပညာကျောင်းဆရာမတို့၏ အခက်အခဲများကြားမှ ဝါသနာအရင်းခံပြီး တာဝန်ထမ်းဆောင်မှုကို တင်ပြ ထားသည်။

၅။ သုံးသပ်ချက်

ဤစာတမ်းသည်စံပယ်ဖြူနု၏ဝတ္ထုတိုဖြစ်သော'ခဲအဖြူ။ အစိမ်းနှင့်ရေးခြစ်သောတစ်ပိုင်းတစ်စကဗျာ' ဖြင့် ဝတ္ထုတိုများကို ဖန်တီးမှုနည်းနာများနှင့် ပေါ်လွင်အောင် တင်ပြထားသည်။ "ခဲအဖြူ။ အစိမ်းနှင့် ရေးခြစ်သော တစ်ပိုင်းတစ်စကဗျာ"ဝတ္ထုတွင် စာရေးသူသည် ဇာတ်လမ်းပြင်ပမှနေ၍ ဇာတ်ကြောင်း ပြောပုံစံဖြင့် ဇာတ်ဆောင်ကျောင်းဆရာမ၏ စရိုက်ကို ပီပြင်အောင် အချိတ်အဆက်မိအောင် ဖန်တီး တင်ပြထားသည်ကို တွေ့ရသည်။ အခြေခံစာသင် ကျောင်းလေးကို ဒေသနောက်ခံအဖြစ်ထားကာ ဝတ္ထုဖန်တီးထားပါသည်။ လူမှုနောက်ခံဝန်းကျင်နှင့်ဆက်စပ်၍ ဇာတ်ဆောင်စရိုက်ပေါ်လွင်ကြောင်း တွေ့ရသည်။ အဓိကဇာတ်ဆောင်ဆရာမ၏ တပည့်များအပေါ် ကျေးလက်ဒေသတပည့်ဖြစ်သူများ၏ ဘဝအခက်အခဲများ၊ ထားရှိသောမေတ္တာတရားများ၊ တောင်သူလယ်သမားတို့၏ဘဝ အကြပ်အတည်း များဖြင့် ဖန်တီးမှုကြောင့် ဝတ္ထုတို၏ ဦးတည်ချက်ကို ဖော်ဆောင်ပေးနိုင်သည်။ စံပယ်ဖြူနု၏ ဝတ္ထုတို ကို လေ့လာရာတွင် ဝတ္ထုတိုဖန်တီးမှုအနေဖြင့် အတွေးအမြင် ခံစားချက်များ၊ ဇာတ်လမ်းဖန်တီးမှု၊ ဇာတ်ဆောင်ဖန်တီးမှု၊ နောက်ခံဖန်တီးမှုများသည် စာရေးသူ၏ စေတနာနှင့် ဦးတည်ချက်ကို ပေါ်လွင် စေသည်။ ဝတ္ထုတိုဇာတ်လမ်းဖြစ်ပေါ်စေရန်အတွက်ပါ အဓိကဇာတ်ဆောင်ကို သူ့နေရာနှင့်သူ အံဝင် ခွင်ကျ သရုပ်ဖော်၍ ဖန်တီးသွားနိုင်သည်။ ဝတ္ထုတိုသည် ဝတ္ထုရှည်လောက် မကျယ်ပြန့်သည့်အတွက် အချက်အလက်ကောက်ယူရာတွင် အနည်းငယ်ခက်ခဲမှုရှိသည်ကို တွေ့ရသည်။ စာရေးသူ၏ ပြော စကားဖြင့် ဖန်တီးမှုတိုင်းသည် ဇာတ်ဆောင်အသီးသီးတို့၏ စရိုက်အမျိုးမျိုးကို ရုပ်လုံးကြွစေပါသည်။ နောက်ခံဝန်းကျင်ဖန်တီးရာတွင် ဒေသနောက်ခံအဖွဲ့များဖြင့် ဖန်တီးပြထားရာတွင် စာဖတ်သူများ သိလွယ်မြင်လွယ်ဖြစ်စေသော ဒေသများကို ဖန်တီးမှုကြောင့် ဇာတ်လမ်းသည် ပို၍သက်ဝင်လှုပ်ရှား လာစေသည်။ စံပယ်ဖြူနု၏ ဝတ္ထုတိုတွင် ဇာတ်လမ်းဖန်တီးမှုကို လေ့လာရာတွင် မြှုပ်ကွက်ထက် အားပြိုင်မှုကို အများဆုံးအသုံးပြုထားသည်ကို တွေ့ရသည်။ ထို့ကြောင့် စာရေးသူ၏ အတွေးနှင့် အရေးတို့ကြောင့် ခဲအဖြူအစိမ်းနှင့်ရေးခြစ်သောတစ်ပိုင်းတစ်စကဗျာဝတ္ထုတိုသည် စာဖတ်ပရိသတ် အတွက် ပြည်သူ့အကျိုးပြုဝတ္ထုတိုစာပေဖြစ်သည်။

နိဂုံး

ဤစာတမ်းသည် ခဲအဖြူအစိမ်းနှင့်ရေးခြစ်သောတစ်ပိုင်းတစ်စကဗျာဝတ္ထုတိုဖန်တီးမှုကို သုတေသန ပြုထားသော စာတမ်းဖြစ်ပါသည်။ ထိုသို့ သုတေသနပြုရာတွင် ဇာတ်လမ်းဖန်တီးမှု၊ ဇာတ်ဆောင် ဖန်တီးမှုနှင့် နောက်ခံဖန်တီးမှုတို့ဖြင့် ချဉ်းကပ်ပြီး သုတေသနပြုထားခြင်းဖြစ်သည်။ ၂၁ ရာစု ပေါ်ပေါက်ခဲ့သော စာရေးသူ၏ မြန်မာရသဝတ္ထုတို အဖွဲ့များသည် မျက်မှောက်ခေတ် စာပေလောက အတွက် ရသစာပေမှတ်တိုင်တစ်ခုပင်ဖြစ်သည်။ ဝတ္ထုဖန်တီးသူ စာရေးသူတို့သည် မိမိတို့ကြုံတွေ့ရ သော ဒိဋ္ဌလောကကို အကျိုးပြုစေမည့် စာပေများကို ဖန်တီးလေ့ရှိသည်။ စာရေးသူသည် ဒိဋ္ဌလောက တွင်ရှိသည့် မည်သည့်အကြောင်းအရာကိုမဆို နှစ်သက်မှုဖြစ်စေကာ သခံစားမှုမှတစ်ဆင့် ဘဝအသိ ပေးနိုင်သည့် ရသဝတ္ထုတိုကောင်းများဖြစ်အောင် ဖန်တီးထားသည်။ ၂၁ ရာစု ခေတ်ဦး ဝတ္ထုရေးသူပီပီ ခံစားမှု အတွေးအမြင်များ နယ်ပယ်ကျယ်ပြန့်လာသည်နှင့်အမျှ ဖန်တီးရေးဖွဲ့မှု အတတ်ပညာများ ပြောင်းလဲတိုးတက်လာသည်ကို လေ့လာတွေ့ရှိရပါသည်။

ကျမ်းကိုးစာရင်း

ကျော်အောင်၊ ဦး။ ၂၀၀၆။ ***ဂန္ဓဝင်တစ်ဆယ်***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ခင်မင်၊ မောင်(ခနုဖြူ)။ ၂၀၁၄။ ***ဘာသာအမြင်၊ စာပေအမြင်***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

စံပယ်ဖြူနု။ ၂၀၁၅။ ***အပြန်လမ်းဘယ်မှာ လမ်းဘယ်မှာနှင့် မဂ္ဂဇင်းဝတ္ထုတိုများ***။ ရန်ကုန်၊ ခဝါလေ့မွန်စာအုပ်တိုက်။

ဘုန်းနိုင်၊ တက္ကသိုလ်။ ၂၀၀၄။ ***ဘုန်းနိုင်အတွေး ဘုန်းနိုင်အမြင်(ဒုတိယအကြိမ်)***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

မိုးမြေ၊ မ။ ၂၀၁၇။ ***ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုဖန်တီးရေးသားမှုအတတ်ပညာ***။ ရန်ကုန်၊ ဂျူးဂျူးပုံနှိပ်တိုက်။

မောင်မောင်ညို၊ ဒေါက်တာ။ ၁၉၉၄။ ***ဝတ္ထုတိုရေးနည်းအတတ်ပညာ***။ ရန်ကုန်၊ တောက်တောက်ဝင်းပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၂၄။ ***သုတေသနဟူသည် (တတိယအကြိမ်)***။ ရန်ကုန်၊ ပညာရပ်ဝန်းစာပေ။

ဇော်ဂျီ၏ ရသစာတမ်းများမှ ဝါကျဖွဲ့ဟန်လေ့လာချက်(ရေးဟန်ပညာ)

ချိုချိုမာ (၂)*

စာတမ်းအကျဉ်း

ဤစာတမ်းသည် ဇော်ဂျီ၏ ရသစာတမ်းများမှ ဝါကျဖွဲ့ဟန်ကို ရေးဟန်ပညာအရ လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ အလေ့လာခံအဖြစ် ကံ့ကော်မြိုင်စာတမ်းစာအုပ်ကို ထားရှိခဲ့ပါသည်။ ရည်ရွယ်ချက်မှာ စာပေဘာသာရပ်တစ်ခုတွင် ဝါကျဖွဲ့ဟန်များ၏ အရေးပါပုံ များကို ဖော်ထုတ်တင်ပြလိုခြင်း ဖြစ်ပါသည်။ “ဝါကျဖွဲ့ဟန်များသည် စာဖတ်သူကို ဆွဲဆောင်နိုင်ခြင်းရှိပါသလား။ ရသစာတမ်းများတွင် ဝါကျဖွဲ့ဟန်များက မည်မျှအရေးပါသနည်း။ ရသစာတမ်းများတွင် ဇာတ်ဆောင်ပါဝင်ခြင်းရှိပါသလား။”ဟူသော သုတေသနမေးခွန်းတို့အတွက် အဖြေရှာရန် မောင်ခင်မင်(ခနုဖြူ)၏ “ရေးဟန်ပညာနိဒါန်း”စာအုပ်နှင့်စိစစ်ကာ လေ့လာတင်ပြထားပါသည်။ နည်းနာအဖြစ် အကဲဖြတ်သုတေသနနည်းနာ၊ သရုပ်ဖော်သုတေသနနည်းနာနှင့်နှိုင်းယှဉ်လေ့လာသုတေသနနည်းနာတို့ကို အသုံးပြုထားပါသည်။ ထို့ကြောင့် ဝါကျဖွဲ့ဟန်ဆိုင်ရာ လေ့လာလိုသူတို့အတွက် ဤစာတမ်းက အထောက်အကူပြုပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

သော့ချက်ဝေါဟာရ။ ။ ရသစာတမ်း၊ ဝါကျဖွဲ့ဟန်(ရေးဟန်ပညာ)။

ဇော်ဂျီ၏ အတ္ထုပ္ပတ္တိအကျဉ်း

အမည်ရင်းမှာ ဦးသိန်းဟန်ဖြစ်သည်။ အဖ ဦးယော အမိ ဒေါ်စိန်ညွန့်တို့က ၁၉၀၇ ခုနှစ်၊ ဧပြီလ(၁၂) ရက် သောကြာနေ့တွင် ဖျာပုံမြို့၌ဖွားမြင်ခဲ့သည်။ ငယ်စဉ်က ဘုန်းတော်ကြီးပညာသင် ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ (၁၉၂၉)ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်၊ မြန်မာအရှေ့တိုင်းနိုင်ငံများ သမိုင်း ဘာသာတွဲဖြင့် ရရှိခဲ့သည်။ ၁၉၃၆-၃၈ခုနှစ်၌ မန္တလေးဥပစာကောလိပ် မြန်မာစာဌာနတွင် နည်းပြ ဆရာတာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၃၈ ခုနှစ်တွင် စာကြည့်တိုက်ပညာ ဒီပလိုမာယူရန် အင်္ဂလန်နိုင်ငံသို့ သွားခဲ့သည်။ London University တွင် တက်ရင်းစစ်ဖြစ်လာသဖြင့် အိုင်ယာလန်ပြည်ဒပ်ဗလင်(Dublin)မြို့သို့ကူးကာ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့ကို ရယူခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ရန်ကုန်သို့ ပြန်ရောက်လာပြီး ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၌ စာကြည့်တိုက်မှူးအဖြစ် စတင်အမှုထမ်းခဲ့သည်။ ၁၉၄၁ ခုနှစ် အောက်တိုဘာလတွင် မြို့မအမျိုးသမီးကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်စောရင် B.A., B.Ed. နှင့် လက်ထပ်ခဲ့သည်။ ဒေါက်တာခင်မျိုးဟန် (ကလေးအထူးကု ဆရာဝန်)၊ ဒေါက်တာခင်လှဟန် (သမိုင်းပညာရှင်)၊ ဒေါက်တာခင်အုန်းဟန်(မျက်စိအထူးကုဆရာဝန်)ဟူသော သမီးသုံးဦးထွန်းကား ခဲ့သည်။

၁။ နိဒါန်း

ဤစာတမ်းသည် ဇော်ဂျီ၏ ရသစာတမ်းများမှ ဝါကျဖွဲ့ဟန်ကို လေ့လာထားခြင်းဖြစ်ပြီး ထိုသို့ လေ့လာရာတွင် အခန်း(၁) နိဒါန်း၊ အခန်း(၂) စာပေလေ့လာဆန်းစစ်ချက်၊ အခန်း (၃) နည်းနာ၊ အခန်း (၄)လေ့လာတွေ့ရှိချက်၊ အခန်း (၅) သုံးသပ်ချက်ဟူ၍ အခန်း (၅)ခန်းခွဲကာ လေ့လာတင်ပြထားပါ သည်။ ဤစာတမ်းရေးသားနိုင်ရန်အတွက် အထောက်အပံ့ရရှိနိုင်မည့် စာအုပ်စာတမ်းများကိုလည်း လေ့လာဖတ်ရှုခဲ့ပါသည်။ ဤစာတမ်းတွင် အသုံးပြုမည့်အချက်အလက်များကိုလည်း ရွေးချယ်ခဲ့ပါ သည်။ စာတမ်းအတွက်လိုအပ်သည့် သီအိုရီဖွင့်ဆိုချက်များကို စာအုပ်စာတမ်းများမှ ကိုးကားမှုများ လည်း ပြုခဲ့ပါသည်။

* နည်းပြ၊ မြန်မာစာဌာန၊ မကွေးတက္ကသိုလ်

၁၊ ၁။ ရသစာတမ်းဝေါဟာရနှင့်သဘောသဘာဝ

ရသစာတမ်းနှင့်ပတ်သက်၍ ကံ့ကော်မြိုင်စာတမ်းစာအုပ်အမှာစာတွင်-

> **"မြန်မာစာပေလောက၌ စာပေအဖွဲ့ပုံသဏ္ဌာန်တစ်ခုအဖြစ် ရပ်တည်လျက်ရှိသော ရသစာတမ်း ငယ်သည် ပြင်သစ်ဘာသာ၊ အင်္ဂလန်ဘာသာတို့မှ essay ဟု အမည်ပေးထားသော စာပေအဖွဲ့ ပုံသဏ္ဌာန်မျိုးဖြစ်သည်။ မြန်မာစာပေလောကတွင် အစမ်းစာ၊ စာတမ်း၊ စာမွန်၊ စာတန်း၊ စာညွှန်၊ စာပဒေသာ၊ ရသစာမွန်၊ အက်ဆေး၊ ရသ စာတမ်းငယ်၊ ရသစာတမ်းစသည်ဖြင့် အမည်အမျိုးမျိုးသတ်မှတ်ပြီး ရေးသားလာကြသည်။ ယခုအခါ "အက်ဆေး"ဟူသော အခေါ် အဝေါ်နှင့် "ရသစာတမ်း"ဟူသော အခေါ်အဝေါ်နှစ်မျိုးကိုတွင်ကျယ် စွာအသုံးပြုနေကြပါသည်။"** (၂၀၁၂၊ စာ-အမှာစာ)

ဟုဆိုထားပါသည်။

တက္ကသိုလ်ဝင်းမွန်ကလည်း ၁၉၄၅ ခုနှစ်မတိုင်မီက "စာတမ်းငယ်စာပေစာတမ်းများ"စာအုပ် (၃-တွဲ)၌-

> **"တစ်စုံတစ်ခုသော အကြောင်းအရာ၊ အဖြစ်အပျက်ကိုဖော်ပြ၍ ထိုအရေးကိစ္စ၌ စာရေးသူ တွေ့မြင်ခံစားရသော ခံစာချက်ရသများတို့ ပေါ်လွင်အောင်ဖတ်ချင်စဖွယ် ရေးဖွဲ့ထားသည့် စာတမ်းငယ်များကို ဆိုလိုပါသည်။"**

(၁၉၈၇၊ စာ-၄၂)

ဟု ဆိုထားပါသည်။

ထို့အတူ ဆရာကြီးမောင်ခင်မင်(ခနုဖြူ)ကလည်း ကံ့ကော်မြိုင်စာတမ်းစာအုပ်အမှာ စာတွင်-

> **"စာတမ်းငယ်သည် ရေးဖွဲ့သည့်အကြောင်းအရာထက် ထိုအကြောင်းအရာကို ပြောပြနေသည့် စာရေးသူနှင့်စာဖတ်သူတို့၏ စိတ်ချင်းတိုက်ရိုက်ထိတွေ့ဆက်သွယ်မှုကို အားပြုသည်။"**

(၂၀၁၂၊ အမှာစာ)

ဟူ၍ဆိုထားပါသည်။

ထိုသို့ ရသစာတမ်းငယ်၏ သဘောသဘာဝနှင့်ပတ်သက်သော စာဆိုအသီးသီး၏ ဖွင့်ဆိုချက်များကိုအခြေခံကာ ရသစာတမ်းငယ်သည် စာရေးသူက မိမိပတ်ဝန်းကျင်တွင် တွေ့မြင်ကြားသိရသမျှ သော အကြောင်းအရာအဖြစ်အပျက်တစ်ခုခုကို အခြေပြု၍ မိမိပြောလိုသောရည်ရွယ်ချက်သို့ ရောက် အောင် တိုတိုကျဉ်းကျဉ်း ရွှင်ရွှင်သွက်သွက်နှင့်ရေးသားကာ နှစ်သက်မှုရသကိုပေးစွမ်းသော စကားပြေ အဖွဲ့မျိုးဖြစ်ခြင်း၊ ပတ်ဝန်းကျင်အသိအမြင်ကို စာရေးသူက စာဖတ်သူအား တိုက်ရိုက်ပြောပြဟန်ဖြင့် ဖွင့်လှစ်ဖော်ပြသော စာပေအဖွဲ့မျိုးဖြစ်ကြောင်းတို့ကို လေ့လာသိရှိရပါသည်။

၁၊ ၂။ အလေ့လာခံစာတမ်းများမိတ်ဆက်

ဇော်ဂျီ၏ **"နွေဦးကျက်သရေ"**ရသစာတမ်းသည် နွေရာသီ၏ လက္ခဏာတစ်ရပ်ဖြစ်သော ရွာဟောင်း ကြွေ၍ ရွာသစ်ဝေပုံနှင့် နွေဦးရာသီ၏ မြင်ရလေ့ရှိသောရေချမ်းစင်ခလေ့၊ နွားလွှတ်ပွဲခလေ့များနှင့် ထင်ဟပ်ပြထားသော စာတမ်းဖြစ်ပါသည်။ ရေချမ်းစင်တည်ခြင်းသည် မြန်မာတို့၏ချစ်စရာခလေ့ဖြစ် သကဲ့သို့ နွားလွှတ်ပွဲခလေ့သည် မြန်မာခလေ့ဖြစ်ပြီး စတင်ပေါ်ပေါက်လာသော မြန်မာ့ခလေ့ဖြစ်သော ကြောင့်

နောက်နောင်အခါများတွင်လည်း ဤမလေ့ကိုဆက်လက်ထိန်းသိမ်းစေလိုသော စိတ်စေတနာများကို အရင်းခံ၍ ဖော်ဆောင်ထားသော စာတမ်းတစ်စောင်ဖြစ်ပါသည်။ ထို့ပြင် စာရေးသူတို့ သူငယ်ချင်းတစ်စု ကျောင်းပိတ်ရက်ခရီးထွက်ကြရာ လမ်းတစ်လျှောက်တွင် ရေဆာလောင်ငတ်မွတ် ခြင်း ဒုက္ခများခံစားနေရချိန် ရေဒါနပြုကြသော ကျေးတောသူလေးများနှင့် ကြုံတွေ့လိုက်ရပုံ၊ ဤရေ ဒါနပြုသော မလေ့သည်လည်း မြတ်နိုးစရာကောင်းသော မြန်မာ့မလေ့တစ်ခုဖြစ်ကြောင်း ရေးသား ပုံဖော်ထားပါသည်။

“ကဗျာဝိုင်းစာဝိုင်းနှင့်ကျွန်တော်”ရသစာတမ်းသည် လက်ဖက်ရည်သောက်ခြင်းသည် မြန်မာ တို့၏ ကောင်းမွန်သော မလေ့တစ်ခုဖြစ်ပုံနှင့်ကြက်ဝိုင်းထောင်ခြင်းသည်လည်း မြန်မာ့မလေ့ဖြစ် ကြောင်းရေးသားထားသော စာတမ်းဖြစ်ပါသည်။ လက်ဖက်ရည် ဝိုင်းထောင်ခြင်းသည် ကောင်းမွန် သော မြန်မာ့မလေ့တစ်ခုဖြစ်သည့်အပြင် ထိုဝိုင်းတွင် စာမျိုးစုံဆွေးနွေးနိုင်သကဲ့သို့ အခြားသော အမှု ကိစ္စမျိုးစုံလည်း ဆွေးနွေးနိုင်ပြီး ကျက်သရေရှိလှသော မြန်မာ့မလေ့တစ်ခုဟုလည်း ဆိုထားပါသည်။ မြန်မာမလေ့လက်ဖက်ရည်ဝိုင်းသည် စည်းကြီးကမ်းကြီးနှင့်နေစရာမလိုဘဲ ပြောလိုသည်များကို လွတ်လပ်စွာ ပြောဆိုဆွေးနွေးနိုင်သည်။ ထိုမလေ့မှာ ရှေးယခင်ကတည်းကရှိခဲ့သော မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာကောင်းတစ်ခုလည်း ဖြစ်ပါသည်။ ကြက်ဝိုင်းထောင်ခြင်းက ရဲသားဖမ်းမည် ကို စိုးရိမ်ရသေးသည်။ လက်ဖက်ရည်ဝိုင်းထောင်ခြင်းက မည်သည့်ရဲသားကမျှဖမ်းမည်ကို ကြောက် မနေရပေ။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုထိန်းသိမ်းရာလည်းရောက်၊ အချင်းချင်းလည်း သွေးစည်းစေ သည့်အပြင် အန္တရာယ်လည်းကင်းသည့် လက်ဖက်ရည်ဝိုင်းထောင်ခြင်းကို အားပေးလိုသော စာရေးသူ ၏ စိတ်စေတနာများကို အထင်အရှားပေါ်လွင်နေသော ရသစာတမ်းတစ်စောင်ပင် ဖြစ်ပါသည်။

“ပုဂံမြို့ဟောင်းနှင့်ကျွန်တော်” ရသစာတမ်းတွင် ဇော်ဂျီက ကြည်ညိုစရာ၊ ကြည်နူးစရာပေါ များလှသော ပုဂံမြို့အကြောင်းကို ရေးသားထားပါသည်။ ကြည်ညိုစရာဆိုသည်မှာ သပ္ပာယ်လှသော ရှေးဟောင်းဘုရားစေတီများဖြစ်၍ ကြည်နူးစရာဆိုသည်မှာ နိုင်ငံသစ်တည်ခဲ့သော ရှေးခေတ်ပုဂံသား တို့ဖြစ်ပုံကိုလည်း ရှင်းလင်ရေးသားထားပါသည်။ ထိုသို့ ကြည်ညိုစရာပေါများလှသော ပုဂံမြေသို့ မိမိ ရောက်ရှိစဉ်က ရွှေစည်းခုံ၊ဓမ္မရံကြီး၊ တူရွင်းတောင် အစရှိသည်တို့ကို ဖူးမြော်၍မဆုံးဖြစ်ခဲ့ရပုံနှင့် နောက်ထပ်နောက်ထပ်လည်း အကြိမ်ကြိမ်ဖူးမြော်နေချင်မိကြောင်းတို့ကို အသေးစိတ်ရေးသားထား ပါသည်။ မိမိကဲ့သို့ စာဖတ်သူများကိုလည်း မြန်မာ့အမွေအနှစ်ဖြစ်သော ပုဂံမြေကိုတန်ဖိုးထား ထိန်းသိမ်းတတ်ကြစေရန်ဟူသော ရည်ရွယ်ချက်များကို ဖော်ဆောင်ပေးနေသည့် ရသစာတမ်းတစ်စောင် ပင် ဖြစ်ပါသည်။

၁၊ ၃။ သုတေသနမေးခွန်း

ဇော်ဂျီ၏ ရသစာတမ်းများမှ ဝါကျဖွဲ့ဟန်ကို လေ့လာရာတွင် အောက်ပါသုတေသနမေးခွန်းများ ပေါ်ပေါက်လာစေပါသည်။

(၁) ရသစာတမ်းများတွင် ဝါကျဖွဲ့ဟန်တို့သည် စာဖတ်သူကို ဆွဲဆောင်နိုင်ခြင်း ရှိ၊မရှိ။

(၂) ရသစာတမ်းများတွင် ဝါကျဖွဲ့ဟန်များသည် မည်မျှအရေးပါသနည်း။

(၃) ရသစာတမ်းများသည် ဇာတ်ဆောင်ပါဝင်ခြင်းရှိ၊ မရှိ။

၂။ စာပေလေ့လာဆန်းစစ်ချက်

ဇော်ဂျီ၏ ရသစာတမ်းများမှ ဝါကျဖွဲ့ဟန်ကို လေ့လာနိုင်ရန် စာပေလေ့လာဆန်းစစ်မှုများ ပြုလုပ် ခဲ့ပါသည်။ ဤစာတမ်းသည် ဝါကျဖွဲ့ဟန်ကို လေ့လာဖော်ထုတ်ထားသည့် စာတမ်းဖြစ်သည့်အတွက် ရေးဟန်နှင့်ဆိုင်သော ပညာရှင်တို့၏ အဆိုအမိန့်များ၊ နည်းနာများ၊ စာအုပ်စာတမ်းများ၊ ပါရဂူဘွဲ့ယူ ကျမ်းများကို လေ့လာဖတ်ရှုခဲ့ပါသည်။ ထိုစာအုပ်များမှ နည်းနာများကိုခံယူကာ သုံးသပ်တင်ပြထား ပါသည်။

ဆရာကြီးမောင်ခင်မင်(ခနဲဖြူ)၏ **“စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ”** စာအုပ် တွင် စကားပြေ၏သဘောသဘာဝ၊ စကားပြေစည်းရုံးမှုအဆင့်ဆင့်၊ ရေးနည်း၊ ရေးဟန်များကို အသေးစိတ် တင်ပြထားပါသည်။ ဤသည်ကို လေ့လာခြင်းဖြင့် ယခုစာတမ်းရေးရာတွင် အကြောင်းအရာပေါ်လွင် ထင်ရှားမှုနှင့် ဝါကျဖွဲ့ဟန်လေ့လာခြင်းတို့တွက် အထောက်အပံ့ကောင်းများဖြစ်စေခဲ့ပါသည်။

ထို့နောက် ဆရာကြီးမောင်ခင်မင်(ခနဲဖြူ)၏ **“ရေးဟန်ပညာနိဒါန်း”**စာအုပ်တွင် ရေးဟန် သဘောသဘာဝ၊ ရေးဟန်စိစစ်မှု၊ စကားသုံးနှုန်းဟန်အမျိုးမျိုး စသည်တို့ကို သာဓကများနှင့်တကွ သိလွယ်မြင်လွယ်အောင် တင်ပြထားပါသည်။ ထိုသို့တင်ပြထားသောကြောင့် ယခုဝါကျဖွဲ့ဟန် လေ့လာမှုအတွက် များစွာအထောက်အပံ့ကောင်းများ ဖြစ်စေခဲ့ပါသည်။

ဒေါက်တာစိုးနိုင်၏ **“ဆရာဇော်ဂျီ၏စကားပြေရေးဟန်”**စာအုပ်တွင် စကားသုံးနှုန်းဟန် ထူး ခြားချက်၊ ဝါကျဖွဲ့ဟန်ထူးခြားချက်၊ စာပိုဒ်ဖွဲ့ဟန်ထူးခြားချက်နှင့် စာပုဒ်ဖွဲ့ဟန်ထူးခြားချက် များကို အသေးစိတ်လေ့လာထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဆရာကြီး၏စာအုပ်သည်လည်း ဤစာ တမ်းလေ့လာမှုအတွက် အထောက်အကူဖြစ်စေခဲ့ပါသည်။

မအိဖြိုးဖြိုးနိုင်၏ ပါရဂူဘွဲ့ယူကျမ်းတစ်စောင်ဖြစ်သော **“အောင်သင်း၏ရသစာတမ်းများ လေ့လာချက်”**ကျမ်းကို လေ့လာဖတ်ရှုခဲ့ပါသည်။ ဤကျမ်းတွင် အောင်သင်း၏ “စကားသုံးနှုန်းထား ဟန်၊ ဝါကျဖွဲ့ဟန်၊ စာပိုဒ်ဖွဲ့ဟန်၊ အလင်္ကာ၊ အဆက်အစပ်”တို့ကို အသေးစိတ်လေ့လာ တင်ပြထားပါ သည်။ ထိုသို့ လေ့လာမှုပြုထားသည့်ကျမ်းကိုဖတ်ရှုရာမှ ယခုအခါဝါကျဖွဲ့ဟန်ကို လေ့လာထားသည့် ဤစာတမ်းအတွက် များစွာအထောက်အပံ့ရရှိခဲ့ပါသည်။

၃။ နည်းနာ

ဤစာတမ်းတွင် ဇော်ဂျီ၏ ရသစာတမ်းများမှ ဝါကျဖွဲ့ဟန်ကို ချဉ်းကပ်လေ့လာသွားမည် ဖြစ်ပါသည်။ ထို့ကြောင့် ဖော်ထုတ်တင်ပြမည့် သုတေသနအချက်အလက်များ တိကျခိုင်မာမှုရှိစေရန် သုတေသန ပြုရာတွင် အသုံးပြုမည့် သုတေသနနည်းနာများကို ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသန နည်းနာ ဟူ၍ နှစ်ပိုင်းခွဲကာ တင်ပြသွားမည်ဖြစ်ပါသည်။

၃၊ ၁။ ပညာရပ်ဆိုင်ရာနည်းနာ

ဟန်ချက်ညီဝါကျ

မောင်ခင်မင်(ခနဲဖြူ)က “ရေးဟန်ပညာနိဒါန်း”စာအုပ်တွင် ဟန်ချက်ညီဝါကျနှင့်ပတ်သက်၍ ဖွင့်ဆို ထားပုံမှာ-

> **“ဝါကျအတွင်းရှိ အစိတ်အပိုင်းများကို အလေးပေါ့ညီအောင် မဲတင်းကာ ဟန်ချက်ညီညီရေးဖွဲ့ သော ဝါကျမျိုးကို ဟန်ချက်ညီဝါကျဟု ဆိုလိုခြင်း ဖြစ်သည်။ အရေးပါမှုအတိုင်းအဆချင်း တူသော အချက်များကို ဝါကျတစ်ခုအတွင်းတွင် ပုံစံတူစကားစုများဖြင့် ဖော်ပြလျှင် ထိုအချက် များ၏ အရေးပါမှုအတိုင်းအဆသည် ဟန်ချက်ညီညီထင်ရှားပေါ်လွင်လာရသည်။”**
>
> (၂၀၁၁၊ စာ-၁၄၀)

ဟူ၍ဖြစ်ပါသည်။

ဝါကျတိုဝါကျရှည်

မောင်ခင်မင်(ဓနုဖြူ)က “ရေးဟန်ပညာနိဒါန်း”စာအုပ်တွင် ဝါကျတိုဝါကျရှည်နှင့်ပတ်သက်၍ ဖွင့်ဆို ထားပုံမှာ-

> **“စာပေအရေးအဖွဲ့တစ်ခုတွင် ပုံမှန်တွေ့ရတတ်သော ဝါကျပမာဏထက် သိသိသာသာတိုသော ဝါကျမျိုးကို ဝါကျတိုဟူ၍လည်းကောင်း၊ ပုံမှန်တွေ့ရတတ်သော ဝါကျပမာဏထက်ရှည် သော ဝါကျမျိုးကို ဝါကျရှည်ဟုလည်းကောင်း ယေဘုယျအားဖြင့် ဆိုလိုခြင်းဖြစ်သည်။”**
>
> (၂၀၁၁၊ စာ-၁၃၆)

ဟူ၍ဖြစ်ပါသည်။

အမေးဝါကျ

မောင်ခင်မင်(ဓနုဖြူ)က “ရေးဟန်ပညာနိဒါန်း”စာအုပ်တွင် အမေးဝါကျနှင့်ပတ်သက်၍ ဖွင့်ဆိုထား ပုံမှာ-

> **“အကြောင်းအရာတစ်ခုခုကို မေးမြန်းသော ဝါကျဖြစ်သည်။ ၁။ သင့်စာကြည့်တိုက်တွင် စာအုပ်မည်မျှရှိသနည်း။ ၂။ ဤကိစ္စကို သင်သိသလော။ ၃။ စျေးကို ဘယ်သူလိုက်မှာလဲ။ ၄။ အဖေအိပ်နေသလား။ ဤသာဓကများကို ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းနှင့်ပတ်သက်၍ မေးမြန်း သည်။ (‘လော’ ‘နည်း’ ‘လဲ’ ‘လား’တို့ဖြင့် အဆုံးသတ်လေ့ ရှိသည်။)”** (၂၀၁၁၊ စာ-၁၃၃)

ဟူ၍ ဖြစ်ပါသည်။

ဝါကျအဆုံးသတ်ပုံ

မောင်ခင်မင်(ဓနုဖြူ)က “ရေးဟန်ပညာနိဒါန်း”စာအုပ်တွင် ဝါကျအဆုံးသတ်ပုံနှင့်ပတ်သက်၍ ဖွင့်ဆို ထားပုံမှာ-

> **“ပြောသူရေးသူဘက်ကကြည့်လျှင် ဝါကျတစ်ခုပြီးဆုံးတိုင်း ဆိုလိုချက်တစ်ခုပြီးဆုံးသည့် အတွက် ဝါကျအဆုံးသတ်ပုံကို သတိမူမိတတ်သည်။ နာသူဖတ်သူဘက်က ကြည့်လျှင်လည်း ပြောသူရေးသူ၏ ဝါကျတစ်ခုပြီးဆုံးတိုင်း ဆိုလိုချက်တစ်ခုကို နားလည်လိုက်သည့်အတွက် ဝါကျအဆုံးသတ်ပုံကို သတိမူမိတတ်သည်။ သို့ဖြင့် ဝါကျအဆုံးသတ်ပုံသည် ပြောသူရေး သူရောနာသူဖတ်သူပါ သတိမူမိတတ်သော အစိတ်အပိုင်းဖြစ်သည်။”**
>
> (၂၀၁၁၊ စာ-၁၄၈)

ဟူ၍ ဖြစ်ပါသည်။

ဆန္ဒဖော်ဝါကျ

မောင်ခင်မင်(ဓနုဖြူ)က “ရေးဟန်ပညာနိဒါန်း” စာအုပ်တွင် ဆန္ဒဖော်ဝါကျနှင့်ပတ်သက်၍ ဖွင့်ဆိုထားပုံမှာ-

> **“ဆုတောင်းခြင်း၊ ဆုပေးခြင်း၊ ကျိန်ဆဲခြင်း၊ ကျိန်ဆိုခြင်းတို့ကိုပြသော ဝါကျဖြစ်သည်။”** (၂၀၁၁ ၊ စာ-၁၃၄)

ဟူ၍ ဖြစ်ပါသည်။

၃၊ ၂။ သုတေသနနည်းနာ

ဤစာတမ်းသည် အတွေးသစ်၊ အမြင်သစ်အသိပညာတစ်ရပ်ရပ်ကို တိုးပွားစေရန်ပြုလုပ်သော အခြေခံသုတေသနအမျိုးအစားဖြစ်သည်။ ပြဿနာအကြောင်းအရာတစ်ခုခုကို အကဲဖြတ်ရန်ပြုလုပ်သော အကဲဖြတ်သုတေသန၊ အလေ့လာခံအချက်အလက်များကို သရုပ်ဖော်တင်ပြသော သရုပ်ဖော်သုတေ သန၊ ကောက်ယူထားသော ကုန်ကြမ်းအချက်အလက်များကို နှိုင်းယှဉ်လေ့လာကာ အဖြေရှာသော နှိုင်းယှဉ်မှုသုတေသနများကိုလည်း အသုံးပြုခဲ့ပါသည်။

၄။ လေ့လာတွေ့ရှိချက်

ဇော်ဂျီ၏ ရသစာတမ်းများမှ ဝါကျဖွဲ့ဟန်လေ့လာချက် စာတမ်းတွင် ရေးဟန်ပညာအရ ဝါကျဖွဲ့ဟန် ပိုင်းတွင်ပါဝင်သည့် အင်္ဂါရုပ်များအနက် ဟန်ချက်ညီဝါကျဖွဲ့ဟန်၊ ဝါကျတိုဝါကျရှည်ဖွဲ့ဟန်၊ အမေးဝါ ကျဖွဲ့ဟန်၊ ဝါကျအဆုံးသတ်ဟန်နှင့် ဆန္ဒဖော်ဝါကျဖွဲ့ဟန် စသောအင်္ဂါရုပ်(၅)ခုနှင့် ဆန်းစစ်လေ့လာ သွားမည် ဖြစ်ပါသည်။

၄၊ ၁။ ဟန်ချက်ညီဝါကျဖွဲ့ဟန်

ဇော်ဂျီ၏ရသစာတမ်းများမှ ဝါကျဖွဲ့ဟန်ကို လေ့လာရာ၌ စာရေးသူတို့သည် ဟန်ချက်ညီဝါကျများ၏ အားကိုလည်း ယူငင်ရေးဖွဲ့ထားကြောင်း တွေ့ရပါသည်။ ဆရာဇော်ဂျီ၏ **"နွေဦးကျက်သရေ"** ရသစာ တမ်းမှ ဟန်ချက်ညီဝါကျသုံးဟန်များကို လေ့လာရာ၌-

"ညောင်ပင်ရိပ်ကောင်းကောင်းရှိလျှင်သူရှိတတ်သည်။
ဝိတောက်ရိပ်ကောင်းကောင်းရှိလျှင်သူရှိတတ်သည်။

ကုက္ကိုရိပ်ကောင်းကောင်းရှိလျှင် သူရှိတတ်သည်။" (၂၀၁၂၊ စာ-၁၆)

ဟူ၍ **"ညောင်ပင်ရိပ်၊ ဝိတောက်ရိပ်၊ ကုက္ကိုရိပ်"** စသော အရိပ်သုံးမျိုးကို ဖော်ကျူးရာတွင် **"လျှင်"**ကို ဝါကျဆက်သမ္မန္ဓအနေဖြင့် ဝါကျသုံးခုလုံး၌ ပုံစံတူအသုံးပြုထားပါသည်။ **"ကောင်းကောင်း ရှိလျှင်.... ကောင်း.ကောင်းရှိလျှင်"** ဟူသောစကားလုံးအတွဲအစပ်၊ **"သူရှိတတ်သည်.... သူရှိတတ်သည်"** ဟူသော စကားလုံးအတွဲအစပ်များကို ဝါကျတိုင်းတွင် အပြိုင်သုံးနှုန်းထားဟန်ကို တွေ့ရပါသည်။ အရိပ်သုံးမျိုးကို ပေါ်လွင်စေသည့်အပြင် မြန်မာ့အေးချမ်းမှုသဘောကိုလည်း ဖော်ဆောင်လျက် ရှိနေ ပါသည်။

ထို့ပြင် **"သူ"**ဟူသော နာမ်စားကိုသုံးကြိမ်ဆက်တိုက် ပုံစံတူအသုံးပြုထားခြင်းမှာ စာဖတ် သူအနေဖြင့် "သူသည် သက်ရှိလား...သက်မဲ့လား...ဘယ်သူဘယ်ဝါကို ပြောချင်တာပါလဲ" စသည် ဖြင့် စိတ်အာရုံကိုပါ ဖမ်းစားစေနိုင်သည့် ဝါကျဖွဲ့ဟန်မျိုးလည်း ဖြစ်ပါသည်။ အကြောင်းအရာ အပေါ် အာရုံဆွဲအားများ ပိုလာစေသည့်အပြင် ရွတ်ဖတ်ရခြင်းကိုလည်း နှစ်သက်သာယာသော ခံစားမှုများ ပေးစွမ်းနေသည့်ရေးဟန်ကို တွေ့ရပါသည်။ ထို့ကြောင့် စာဖတ်သူ၏ စိတ်အာရုံကို အလိုက်သင့် စီးမျောစေရင်း မိမိပေးလိုသော ပန်းတိုင်ရသဆီသို့ ဆွဲဆောင်ခေါ်ယူ သွားနိုင်သည့် စာရေးသူ၏ ပင်ကို ဟန်ကိုပါ တစ်ပါတည်းပေါ်လွင်လျက်ရှိနေပါသည်။

"ကဗျာဝိုင်းစာဝိုင်းနှင့်ကျွန်တော်" စာတမ်းတွင်လည်း ပုံစံတူဟန်ချက်ညီ အဖွဲ့များကို လေ့ လာတွေ့ရှိရပါသည်။ဤတွင် စာရေးသူက လက်ဖက်ဝိုင်းတွင် ရှိသောသူများမှာ လူအမျိုးမျိုး စိတ်အ ထွေထွေဆိုသကဲ့သို့ စိတ်သဘောထားအမျိုးမျိုးရှိတတ်ကြပုံကိုလည်း-

“ထိုဝိုင်း၌ မြောက်ပြောသူလည်း ပါသည်။ ချနင်းသူလည်းပါသည်။ ခပ်တည်တည် ပြောသူ လည်းပါသည်။ စပ်ဖြဲဖြဲပြောသူလည်းပါသည်။ ရွဲ့ပြောသူလည်းပါသည်။ ဘုပြောသူလည်း ပါသည်။ ရယ်မောချေပလိုက်သူလည်း ပါသည်။” (၂၀၁၂၊ စာ-၁၁)

ဟူ၍ ရေးသားထားပါသည်။ ထိုမှ လက်ဖက်ရည်ဝိုင်းတွင် လူစုံသက်စုံပါဝင်ပြီး တစ်ဦးနှင့်တစ်ဦး မိမိတို့ ထင်ရာမြင်ရာယူဆချက်များကို တစ်ယောက်တစ်ပေါက်ပြောဆိုတတ်ကြသော လူ့သဘာဝများကိုပါ ပူးတွဲခံစားမိလာစေသော အဖွဲ့ဖြစ်ပါသည်။ ဤသို့ **“မြောက်ပြောသူ၊ချနင်းသူ၊ ခပ်တည်တည် ပြောသူ၊ စပ်ဖြဲဖြဲပြောသူ၊ ရွဲ့ပြောသူ၊ ဘုပြောသူ၊ ရယ်မောချေပလိုက်သူ”**စသည့် နာမ်စကားလုံးများကို **“ပါသည်၊ ပါသည်”**ဟူသော ကြိယာစကားလုံးများနှင့်တွဲစပ်၍ ဝါကျကို ဟန်ချက်ညီညီ အဆုံးသတ် ထားပါသည်။

“ပုဂံမြို့ဟောင်းနှင့်ကျွန်တော်”ရသစာတမ်းတွင် -

“ထိုရာသီတွင် တိမ်တောင်တိမ်လိပ်တို့သည် တစ်ခါတစ်ရံရွှေစည်းခုံကို ဦးခိုက်နေတတ်ကြသည်။
တစ်ခါတစ်ရံ အာနန္ဒာ၏ ချရားသီးအနီးတွင် လဲလျောင်းနေတတ်သည်။
တစ်ခါတစ်ရံ သဗ္ဗညုအထွတ်တွင် တွဲလဲခိုနေတတ်ကြသည်။
တစ်ခါတစ်ရံ ဓမ္မရံကြီး၏ နောက်တွင် တပိတပိုင်း ပေါ်နေတတ်ကြသည်။
တစ်ခါတစ်ရံတူရွင်းတောင်တွင် တန်းစီနေတတ်ကြသည်။”

(၂၀၁၂၊ စာ-၂၆-၂၇)

ဟူ၍ရေးသားထားပါသည်။ ထိုမှ စာရေးသူတို့ ဘုရားဖူးသွားစဉ် ဖူးမြော်မြင်တွေ့ခဲ့ရသည့် ရွှေစည်းခုံ၊ အာနန္ဒာ၊ သဗ္ဗညု၊ ဓမ္မရံကြီးနှင့် တူရွင်းတောင်တို့၏ ပတ်ဝန်းကျင်တွင် တိမ်တောင်တိမ်လိပ်တို့ဖြင့် သိုင်းသိုင်းဝိုင်းဝိုင်းရှိနေပုံကိုပါပေါ်လွင်နေသည့် ဝါကျဖွဲ့ဟန်များဖြစ်ပါသည်။ ဤတွင် **“တစ်ခါတစ်ရံ”** ဟူသော စကားလုံးကို ဝါကျတိုင်းတွင် ထပ်ကာထပ်ကာ ပုံစံတူအသုံးပြုထားပုံ ကိုတွေ့ရပြီး ဖတ်ရ သူကို စိတ်ဝင်စားမှုပိုစေသောအဖွဲ့မျိုးဟု ဆိုနိုင်ပါသည်။ **“နေတတ်ကြသည်..... နေတတ်ကြ သည်။”**ဟူသော ကြိယာထောက်စကားလုံးများကိုလည်း ဝါကျတိုင်းတွင် တူညီစွာအသုံးပြုထားပါ သည်။ထိုအသုံးများသည် **“ဦးခိုက်၊ လဲလျောင်း၊ တွဲလဲခို၊ တပိတပိုင်းပေါ်၊ တန်းစီ”**စသည့် စကားလုံး များ၏အနက်အားကို ပို၍ပုံပေါ်လာအောင်လည်း ထောက်ပံ့ပေးနိုင်သည့် ပုံစံတူအသုံးများပင်ဖြစ်သည်။

ထိုသို့ ပုံစံတူဝါကျများနှင့် ဝါကျတစ်ခုနှင့်တစ်ခု ဆက်စပ်ရေးသားထားပုံများသည် စာဟန်ကို လည်း သွက်လက်စေပြီး ဖတ်ရသူအဖို့မှာလည်း အားရကျေနပ်ကာ မြင်ကွင်းသရုပ်ပေါ်လွင် လာစေ သည့် ဝါကျများဖြစ်သည်။ စာရေးသူ၏ သဘောထားကိုလည်း သိမြင်ခံစားမိစေနိုင်သော ဝါကျအဖွဲ့ ကောင်းလည်းဖြစ်သည်။ သာမာန်ဖြစ်လေ့ဖြစ်ထရှိသော လူ့သဘာဝများကိုပါ လျစ်လျူမရှုဘဲ ပုံပေါ် အောင်ရေးသားထားနိုင်သည့် စာရေးသူ၏ အသေးစိတ်ခံစားတတ်ဟန်၊ စေ့စေ့စပ်စပ်ရှိနေဟန်ကိုပါ မြင်လာစေပါသည်။ ထို့ကြောင့် ဝါကျဖွဲ့ဟန်များသည် စာရေးသူ၏ခံစားချက်နှင့် စာဖတ်သူ၏ အတွေး များကို ဖမ်းစားပေးနိုင်ပြီး အရေးပါသော အခန်းကဏ္ဍတွင် တည်ရှိနေသည်ဟု ဆိုနိုင်ပါတော့သည်။

၄၊ ၂။ ဝါကျတိုဝါကျရှည်ဖွဲ့ဟန်

ဝါကျတိုခြင်းရှည်ခြင်းသည် စာရေးသူ၏ စိတ်ခံစားမှုနှင့် သက်ဆိုင်နေပါသည်။ ယေဘုယျအားဖြင့် အချိန်တိုတိုနှင့် လိုရင်းကိုပြောလိုလျှင် ဝါကျတိုသုံးတတ်ပြီး အေးအေးဆေးဆေးပြောလိုသည့် အခါ မျိုးတွင် ဝါကျရှည်ကို အသုံးပြုတတ်ကြပါသည်။ ဝါကျတိုဝါကျရှည် သုံးနှုန်းပုံနှင့်ပတ်သက်၍ လေ့လာ ရာတွင် ဇော်ဂျီ၏ **“ပုဂံမြို့ဟောင်းနှင့် ကျွန်တော်”** ရသစာတမ်းတွင်-

“ရွှေတိဂုံ၏ ပုံတော်သည် ပြေပြစ်သည်။ နွဲ့နောင်းသည်။ စိတ်ချမ်းမြေ့ဖွယ်ဖြစ်သည်။”

(၂၀၁၂၊ စာ-၂၉)

ဟူ၍ ပုဂံမြို့ရှိ ရွှေစည်းခုံစေတီ၏ ပုံပန်းသဏ္ဌာန်ကို ပို၍ပေါ်လွင်အောင် ရွှေတိဂုံနှင့်နှိုင်းယှဉ်ဖွဲ့ဆိုပြထားပါသည်။ ရွှေတိဂုံစေတီတော်၏ ပုံပန်းသဏ္ဌာန်ကို ဝါကျတိုသုံးကြောင်းနှင့် နီးနီးကပ်ကပ်ဖွဲ့ ဆိုထားပြီး နောက်ဝါကျနှစ်ခုတွင် နာမ်စကားလုံးကိုမြှုပ်၍ ဖွဲ့ဆိုထားခြင်းဖြစ်သည်။ သို့သော်လည်း ရှေ့ဝါကျနှင့်အကြောင်းအရာ ဆက်စပ်မှုရှိသောကြောင့် ဘုရား၏ အသွင်မှာ ရုပ်လုံးပေါ်ကာ စာဟန် လည်း သွက်လက်စေသော ဝါကျတိုအဖွဲ့မျိုးဖြစ်ပါသည်။

အချိန်တိုအတွင်း စာရေးသူ ပြောလိုသော အကြောင်းအရာကို ဖျပ်ခနဲပြသသွား နိုင်ပြီး ထိထိမိမိရှိသည့်ဝါကျတို အဖွဲ့လည်းဖြစ်သည်။ ထို့ပြင် စာရေးသူ၏ ဘုရားအပေါ် ယုံကြည်ကိုးကွယ် သော စိတ်နေသဘောထားများကိုလည်း အထင်အရှား ခံစားမိစေသော ဝါကျဖွဲ့ဟန် ဖြစ်ပါသည်။ စာရေးသူ၏ ရင်ထဲမှ ကြည်ညိုသဒ္ဓါစိတ်များလည်း ကူးစက်လာစေပါသည်။ **“ပြေပြစ်၊ နွဲ့နောင်း၊ စိတ်ချမ်းမြေ့ဖွယ်”**ဟူသော စကားလုံးများက အကြောင်းအရာကို ပေါ်လွင်ပြီး လိုက်ဖက်မှုရှိသည့် ဝါကျတိုအဖွဲ့များဟု ဆိုနိုင်ပါသည်။

ထို့ပြင်-

“ယခုခေတ် ဉာဏ်တော်နီးပါးအထိ ဦးဆောင်၍ မွမ်းမံတည်ဆောက်ကြသော သူတို့သည် ဟံသာဝတီမင်းဗညားကျန်းနှင့် ဟံသာဝတီထီးနန်းကို စွန့်ပြီးနောက် ဟံသာဝတီ နေပြည်မှ ဒဂုန်ကျေးသို့ ကြွလာ၍ တရားဘာဝနာနှင့် ငြိမ်းချမ်းစွာနေလိုသော ဘုရင်မရှင်စောပုတို့ ဖြစ်ကြသည်။” (၂၀၁၂၊ စာ-၂၉)

ဟူ၍ ရွှေတိဂုံစေတီတော်ကို တည်ကြသူများမှာ ဟံသာဝတီမင်း ဗညားကျန်းနှင့် ဘုရင်မရှင်စောပုတို့ ဖြစ်ကြောင်းကို ဝါကျရှည်ကြီးတစ်ကြောင်းတည်းနှင့် ပြည့်ပြည့်စုံစုံရေးသားထားပါသည်။ ထိုသို့ ဝါကျတစ်ကြောင်းတည်းဖြစ်စေရန် ဝါကျဆက်ပစ္စည်းများဖြစ်သော **“၍၊ နှင့်၊ မှ၊ သို့၊ သော”** စသည့် စကားများကိုဆက်သွယ်မှုပြုပေးသည့် ဝါကျဆက်သမ္ဗန္ဓများကို အသုံးပြုထားပါသည်။ ထိုသို့ ဝါကျ ဆက်သမ္ဗန္ဓများသုံးကာ ရေးသားထားခြင်းမှာ စာဟန်ကိုခံ့ခံ့ညားညားရှိစေပါသည်။ ဝါကျကရှည်ပြီး အကြောင်းအရာကတစ်ခုတည်းဆိုသော်လည်း စာရေးသူပြောလိုသော ဆိုလိုရင်းကို ပေါ်လွင်မှုရှိလှ ပါသည်။ စာရေးသူ၏ မိမိပြောလိုသော အကြောင်းအရာအပေါ် လေးလေး နက်နက်ရှိဟန်၊ စာဖတ်သူ ကိုလည်း မိမိကဲ့သို့ လေးလေးနက်နက် သဘောထားစေလိုဟန် ပေါ်လွင်နေပါသည်။

ဇော်ဂျီ၏ ဝါကျဖွဲ့ဟန်များကို လေ့လာရာတွင် ဝါကျတိုနှင့်ဝါကျရှည်များကို သူ့နေရာ နှင့်သူ လိုက်ဖက်အောင်သုံးတတ်ဟန်ကို တွေ့ရပါသည်။ ခပ်သွက်သွက်သိစေလိုသော အခါမျိုး၊ အားမလို အားမရခံစားမှုမျိုး ဖြစ်ပေါ်လာသောအခါမျိုးတွင် ဝါကျတိုကိုသုံးနှုန်းတတ်ပြီး ဖြည်းဖြည်းနှင့် လိုရင်းကို လေးလေးနက်နက်သိစေလိုသောအခါမျိုးတွင် ဝါကျရှည်ကို ရွေးချယ် သုံးနှုန်းတတ်ဟန်လည်း ရှိပါ သည်။ ဤသည်မှာ စာရေးသူ၏ အခြေအနေနှင့် အချိန်အခါကို ကြည့်ရှုသုံးနှုန်းတတ်သည့် သဘော ဆောင်၍ လိမ္မာပါးနပ်မှု ဟန်ကလေးကိုပါ တွဲလျက်မြင်လာစေပါသည်။ထို့ကြောင့် စာရေးသူသည် ဝါကျတိုရော၀ါကျရှည်ကို သုံးနှုန်းရာတွင် သူ့နေရာနှင့်သူလိုက်ဖက်အောင် ရွေးချယ်သုံးနှုန်း တတ်ဟန် လည်းရှိပါသည်။

၄၊ ၃။ အမေးဝါကျဖွဲ့ဟန်

အမေးဝါကျဖွဲ့ဟန်နှင့်ပတ်သက်၍ လေ့လာရာ၌ အမေးဝါကျ၏ အားသာချက်မှာ စာဖတ်သူ၏ စိတ်အာရုံကို ဆွဲဆောင်လှုံ့ဆော်ပေးနိုင်ခြင်းပင်ဖြစ်ပါသည်။ဇော်ဂျီ၏ **“နွေဦးကျက်သရေ”** ရသစာ တမ်းတွင် စာရေးသူတို့

နွေခေါင်ခေါင်ခရီးထွက်လာရာ လမ်းခရီး၌ ရေဒါနရှင်အမျိုးသမီး တစ်စုကို တွေ့ခဲ့ရပုံ၊ထိုသူတို့သည် သားသားနားနားမဟုတ် အလုပ်ကြမ်းလုပ်ရှင် ကိုယ်လုံးကိုယ် ပေါက်တောင့် တင်းကာ ချောသည်လှသည်ဟု မဆိုသာသော်လည်း မိမိတို့ရင်ထဲက ရေလှူ စေတနာမှာ မွန်မြတ် လှသောကြောင့် စာရေးသူတစ်ကိုယ်တည်း တွေးတောနေမိပုံမှာ-

> **“ထိုအခါက ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ကြည့်မိသည်။ ရုပ်အကျီဖြူဖြူစင်စင်နှင့်၊ ပိုးလုံချည် နှင့်၊ လက်ပတ်နာရီနှင့်၊ ဆီမွှေးလိမ်းဘိုကေနှင့်ဖြစ်သည်။ ဤအခြင်းအရာတို့သည် ယဉ်ကျေးမှု လော။ ဤသို့ မေးကြည့်သည်။ ဤအခြင်းအရာတို့ကို ယဉ်ကျေးမှုဟုဆိုလျှင် ထိုမိန်းမပျိုတစ်စု ၏ အမူအရာသည်အဘယ်နည်း။”** (၂၀၁၂၊ စာ-၁၅)

ဟူ၍ ဖြစ်ပါသည်။ ဤအဖွဲ့မှာ စာရေးသူသည် မိမိကိုယ်ကိုယ်ပြန်မေးနေသည့် အမေးဝါကျဖြင့် စာဖတ် သူနှင့် ချိတ်ဆက်ထားသော ဝါကျဖြစ်သည်။ ဤတွင် အမေးပစ္စည်း **“လော၊ နည်း၊”**ဟူသော စကား လုံးနှင့် အဆုံးသတ်၍ ဖွဲ့ဆိုထားခြင်းဖြစ်ပါသည်။ မိမိ၏အဝတ်အစား အပြင်အဆင်များကို မြန်မာ့ ယဉ်ကျေးမှုဟုခေါ်မည်ဆိုလျှင် ရေဒါနပြုကြသော မိန်းမပျိုတစ်စု၏ အဝတ်အစားကို ပဓာနမထား ရေလှူရရေးကိုသာ အဓိကထားသည့် အမူအရာပုံပန်းသွင်ပြင်များကို မည်သို့ခေါ်မည်နည်း ဟူသော မေးခွန်းများ မိမိအတွေးထဲ ဝင်ရောက်လာပုံကို ရေးဖွဲ့ထားခြင်းလည်း ဖြစ်သည်။ဤသည်မှာ စာဖတ် သူကိုပါ လိုက်ပါတွေးမိလာစေသော အမေးဝါကျများဖြစ်ပါသည်။

ဤမြင်ကွင်းကို နဖူးတွေ့ဒူးတွေ့ ကြုံလိုက်ရသောအခါ မိမိဝတ်စားပြင်ဆင်လာခဲ့သည် တို့မှာ **“ယဉ်ကျေးမှု”**ဟု အမှန်ပင်ခေါ်ဆိုထိုက်ပါသလား၊ ခေါ်ထိုက်လျှင် ထိုမိန်းမပျိုတစ်စု၏ အမူအရာကို မည်သို့ခေါ်ထိုက်ကြောင်းနှင့် မိမိဝတ်စားပြင်ဆင်မှုများမှာ ဤမိန်းမပျိုတစ်စု၏ အမူအရာနှင့် ယှဉ် လျှင် ယဉ်ကျေးမှုဟူသော စကားလုံးသုံးနှုန်းရမည်ကို မချင့်မရဲသော အတွေးစိတ်များ တစိမ့်စိမ့် ထိုး နှက်ဝင်ရောက်လာခဲ့ပုံကို ပေါ်လွင်စေသောဝါကျဖွဲ့ဟန်တစ်ခု ဖြစ်ပါသည်။ ထို့ပြင် စာရေးသူ၏ မြန် မာ့စိတ်ရင်း၊ မြန်မာ့ယဉ်ကျေးမှုများအပေါ် အထူးမြတ်နိုးတန်ဖိုးထားစိတ် အပြည့်ရှိနေသော စိတ်နေ သဘောထားများကိုပါ ထိုဝါကျအဖွဲ့များက သိမြင်လာစေနိုင်ပါသည်။ မြန်မာအမျိုးသမီး တစ်စု၏ မြန် မာ့ကိုယ်စားဖော်ဆောင်လျက်ရှိနေသော ယဉ်ကျေးမှုစိတ်စေတနာ အရင်းခံများကို တွေးမိတိုင်း ကျေ နပ်ဝိတိဖြစ်နေဟန်လည်းပေါ်လွင်စေသည့် ဝါကျဖွဲ့ဟန်ပင်ဖြစ်ပါသည်။

ထို့ပြင် မိမိတို့သွားရောက်လေ့လာမည့် ပုဂံနှင့်သရေခေတ္တရာရှိ ရှေးမြန်မာတို့၏ အနုပညာ လက်ရာတို့ကို ယဉ်ကျေးမှုဟုသတ်မှတ်မည်ဆိုလျှင် ဤမိန်းမပျိုတစ်စု၏ အမူအရာကို မည်သို့သတ် မှတ်မည့်အကြောင်း မေးခွန်းထုတ်ကာ ရေးသားထားပုံမှာ-

> **“ကျွန်တော်တို့သွားကြည့်မည်ဟု အားခဲလာခဲ့သော ရှေးမွန်မြန်မာတို့၏ အနုပညာလက်ရာ တို့ကို ယဉ်ကျေးမှုဟုဆိုလျှင် ထိုမိန်းမပျိုတစ်စု၏ အမူအရာသည် အဘယ်နည်း။”** (၂၀၁၂၊ စာ-၁၅)

ဟူ၍ဖြစ်ပါသည်။

ဤတွင် အမေးပစ္စည်း **“အဘယ်နည်း”** ကိုသုံးကာ စာရေးသူသည် မိမိနှင့်အတူ စာဖတ်သူများ ကိုပါ မေးခွန်းထုတ်၍ တွေးတောဖြေဆိုခိုင်းနေဟန် ပေါ်လွင်နေပါသည်။ ထိုမှ ရေဒါနရှင်တစ်စု၏ မွန်မြတ်သောစိတ်ထားများကို အလေးအနက်ထားကာ ဂုဏ်ယူဝမ်းမြောက်နေခြင်းအပြည့်နှင့် အတွေး စပေးနေဟန်လည်း ပေါ်လွင်စေသော အမေးဝါကျဖွဲ့ဟန်တစ်ခုဟု ဆိုနိုင်ပါသည်။

၄၊ ၄။ ဝါကျအဆုံးသတ်ဟန်

ဝါကျအဆုံးသတ်ပုံနှင့်ပတ်သက်၍ လေ့လာရာတွင် ဇော်ဂျီ၏ **“ကဗျာဝိုင်းစာဝိုင်းနှင့် ကျွန်တော်”** ရသစာတမ်းတွင် လက်ဖက်ရည်အမှန်တကယ်မပါသော်လည်း လက်ဖက်ရည်ဝိုင်း သဘောသက်ရောက် နေသည့် လက်ဖက်ရည်ဝိုင်းကို ထိုင်လျှင်ရရှိသော အကျိုးရလဒ်များ အကြောင်းရေးသားထားသည်မှာ-

> **“ထိုဝိုင်းမျိုးတွင် ဉာဏ်ရွှင်သည်။ အာရွှင်သည်။ အကြံကောင်း အဖန်ကောင်း ယိုစိမ့်လာနိုင်သည်။ စကားကောင်းစာကောင်း ပေါ်ထွက်လာနိုင်သည်။ ကွယ်ဝှက်နေသည်တို့အလင်းသို့ရောက်နိုင်သည်။ ခဲကတ်နေသည်တို့ ကျေသွားနိုင်သည်။ ဖုထစ်နေသည်တို့ ပြေသွားနိုင်သည်။ မြုပ်နေသည်တို့ ပေါ်လာနိုင်သည်။ ရှုပ်နေသည်တို့ရှင်းလာနိုင်သည်။”** (၂၀၁၂၊ စာ-၂၃)

ဟူ၍ဖြစ်ပါသည်။ ဤတွင် ဝါကျတစ်ကြောင်းအဆုံးသတ်ရာတွင် **“ဉာဏ်ရွှင်သည်၊ အာရွှင်သည်၊ ယိုစိမ့်လာနိုင်သည်၊ ပေါ်ထွက်လာနိုင်သည်၊ ရောက်နိုင်သည်၊ ကျေသွားနိုင်သည်၊ ပြေသွားနိုင် သည်၊ ပေါ်လာနိုင်သည်၊ ရှင်းလာနိုင်သည်”**ဟူ၍ **“သည်”** ဝိဘတ်ကို အကြိမ်ကြိမ်အသုံးပြုထား ပါသည်။ **“သည်”** ဝိဘတ်သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အားလုံးတို့တွင် အကြောင်းအရာပေါ် မူတည်၍ လိုသလိုအသုံးပြုနိုင်ပြီး ဆရာဇော်ဂျီ၏ ဝါကျဖွဲ့ဟန်များသည် အရေးဝါကျဆန်ပြီး တည်ငြိမ်ခံ့ညားမှု သဘော၊ လေးနက်မှုသဘောဆောင်နေပြီး **“သည်”** ဝိဘတ်အသုံးကို အများဆုံး အသုံးပြုရေးသား ထားဟန်လည်း ပေါ်လွင်နေပါသည်။ ထို**“သည်”**အသုံးမှာ စာပေဆန်ပြီး စာပေ၏ အနှစ်သာရနှင့် လက်ဖက်ရည်ဝိုင်း၏ ကောင်းကျိုးအဖြာဖြာကို အကျိုးသင့်အကြောင်းသင့် ပြောပြနေဟန် ထိုဝိုင်း ထောင်ခြင်းသည် သန့်ရှင်းပြီး လူမှုပေါင်းသင်းဆက်ဆံရေးများကိုပါ အစဉ်အလာ ကောင်းစေကြောင်း ဆွဲဆောင်အားပေးနေဟန်ကိုလည်း ထင်ရှားစေပါသည်။

၄၊ ၅။ ဆန္ဒဖော်ဝါကျဖွဲ့ဟန်

ဆန္ဒဖော်ဝါကျနှင့်ပတ်သက်၍ လေ့လာရာတွင်စာရေးသူတို့သည် မိမိတို့ရင်ထဲက ဖြစ်စေလိုသည့် အရာများကို ပြောသည့်အခါ ဆန္ဒဖော်ဝါကျများကို အသုံးပြုတတ်ကြပုံကို တွေ့ရပါသည်။ ဆဇော်ဂျီ၏ **“နွေဦးကျက်သရေ”** ရသစာတမ်းတွင်-

> **“မြန်မာပြည်မလွတ်လပ်ခင်တုန်းက နွားလွှတ်ပွဲတစ်ပွဲကိုမြင်သဖြင့် အနှောင်အဖွဲ့နှင့်နေရ တုန်းဖြစ်သော ကိုယ့်တိုင်းပြည်ကို နွားကြီးကဲ့သို့ လွတ်မြောက်စေချင်သော စိတ်ကူးကျွန်တော့်မှာ ပေါက်ဖူးသည်။ လွတ်မြောက်ပါစေဟုလည်း ဆုတောင်းဖူးသည်။ ယခုအခါ မြန်မာပြည် လွတ်လပ်ပေပြီ။ သို့ရာတွင် နွားလွှတ်ပွဲကိုနှစ်စဉ်နှစ်တိုင်းနွေပေါက်တိုင်း မြင်ချင်ပါသေးသည်။”**

(၂၀၁၂၊ စာ-၁၉-၂၀)

ဟူ၍ရေးသားထားပါသည်။ထိုမှ မြန်မာပြည် လွတ်လပ်ရေး မရသေးခင်ကာလက မြန်မာ့ဓလေ့ တစ်ခုဖြစ်သော နွားလွှတ်ပွဲကို နှစ်စဉ်နှစ်တိုင်းကျင်းပလေ့ရှိကြပုံနှင့် ယခုအခါ မြန်မာပြည် ကြီးလွတ်လပ် ရေး ရရှိခဲ့ပြီဖြစ်ကြောင်း ရေးသားထားပါသည်။ သို့သော်လည်း နွားလွှတ်ခြင်း ဓလေ့ကို ရပ်တန့်မသွား စေလိုဘဲ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲကျင်းပစေလိုသော စာရေးသူ၏ ရင်ထဲကစိတ်ဆန္ဒများကို အတိုင်း သားမြင်နေရသည့် ဆန္ဒဖော်ဝါကျအဖွဲ့ကောင်း ပင်ဖြစ်ပါသည်။

ထိုဝါကျများမှ **“လွတ်မြောက်စေချင်၊လွတ်မြောက်ပါစေ၊ဆုတောင်းဖူး၊ နွေပေါက်တိုင်းမြင်ချင်”**စသည့် စကားလုံးအဖွဲ့များတွင် ပါဝင်သော **“စေချင်၊ ပါစေ၊ ဆုတောင်း၊ မြင်ချင်”**စသည့် စကား လုံးများမှာ စာရေးသူ၏ ဖြစ်မြောက်စေလိုသောသဘောနှင့် မွန်မြတ်လှသော စိတ်စေတနာ များကို အထင်အရှားဖော်ပြ လျက်ရှိနေပါသည်။ လွတ်လပ်ရေးမရခင်သာ သတိတရကျင်းပခြင်း မျိုးကို မဖြစ်စေလိုသောသဘောနှင့် ဤမေလ့ကောင်းတစ်ခုကို ရေရှည်တည်မြဲစေလိုသည့် စိတ်ထားမျိုး ကိုပါ ခံစားမိလာစေပါသည်။ ထို့ကြောင့် အကြောင်းအရာနှင့် စကားလုံးရွေးချယ်ကာ ဝါကျတည် ဆောက်ထားပုံတို့က စနစ်တကျရှိပြီး လိုက်ဖက်ပေါ်လွင်မှုလည်း ရှိလှပါသည်။ထိုမှ စာရေးသူ၏ ဝါကျ ဖွဲ့ဟန်များသည် အကြောင်းအရာနှင့်လိုက်ဖက်အောင် ရွေးချယ်သုံးနှုန်းတတ်ဟန်လည်း ပေါ်လွင် နေပါသည်။

ထို့နောက် **“ပုဂံမြို့ဟောင်းနှင့်ကျွန်တော်”**ရသစာတမ်းတွင် စာရေးသူ၏ ပုဂံမြို့မှ မခွာနိုင်ဖြစ် နေရပုံအကြောင်းကို ရေးသားထားသည်မှာ-

> **“ကျွန်တော်သည် အာနန္ဒာမှ သရပါမြို့ဟောင်းတံခါးသို့ ပြေးလိုက်ချင်သေး သည်။ ထိုမှ ဗူးဘုရားသို့ကူးလိုက်ချင်သေးသည်။ထိုမှ ဝိဋ္ဌကတ်တိုက်သို့ ပြန်လာချင်သေး သည်။ ထိုမှရွှေဂူကြီး၊ သဗ္ဗညု၊ နတ်လှောင်ကျောင်း၊ ပုထိုးသများ၊ ကန်တော့ပလ္လင် တို့သို့ ခုန်လိုက်ချင်သေးသည်။ ထိုမှ မင်္ဂလာစေတီ၊ မနူဟာ၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ထီးလို မင်းလို၊ ဥပါလိသိမ်တို့သို့ လွှားလိုက်ချင်သေးသည်။”** (၂၀၁၂၊ စာ- ၃၃)

ဟူ၍ဖြစ်ပါသည်။ပုဂံမြို့ရှိ ဘုရားစေတီအပေါင်းကို ဖူးမျှော်၍မဝကြည့်ရှုချင်မဆုံးသော ခံစားချက် များနှင့် ပြည့်နေပုံသဘောတို့ကို **“ပြေးလိုက်ချင်သေး၊ကူးလိုက်ချင်သေး၊ ပြန်လာချင်သေး၊ ခုန်လိုက် ချင်သေး၊လွှားလိုက်ချင်သေး”**ဟူ၍ ရေးသားထားပါသည်။ထိုမှ စာရေးသူ၏ ရင်ထဲက စိတ်ဆန္ဒများကို **“ချင်သေး.....ချင်သေး”**ဟူသည့် ပုံစံတူစကားလုံးလေးများနှင့် ဝါကျတိုင်းတွင် အကြိမ်ကြိမ် အသုံးပြု ထားသောကြောင့် ပို၍ထိမိပေါ်လွင်လာစေပါသည်။

၅။ သုံးသပ်ချက်

ဤစာတမ်းသည် ဇော်ဂျီ၏ ရသစာတမ်းများမှ ဝါကျဖွဲ့ဟန်ကို လေ့လာထားခြင်းဖြစ်ပြီး အလေ့လာခံ အဖြစ် ဇော်ဂျီ၏ “နွေဦးကျက်သရေ”၊ “ကဗျာဝိုင်းစာဝိုင်းနှင့်ကျွန်တော်”၊ “ပုဂံမြို့ဟောင်းနှင့် ကျွန်တော်” စသည့် ရသစာတမ်း(၃)ပုဒ်ကို အခြေခံ၍ လေ့လာထားပါသည်။ ဤသို့ လေ့လာရာတွင် ရေးဟန်ပညာအရ “ဟန်ချက်ညီဝါကျဖွဲ့ဟန်၊ ဝါကျတိုဝါကျရှည်ဖွဲ့ဟန်၊ အမေးဝါကျဖွဲ့ဟန်၊ ဝါကျ အဆုံးသတ်ဟန်နှင့် ဆန္ဒဖော်ဝါကျဖွဲ့ဟန်”စသည့် အင်္ဂါရုပ်(၅)ခုနှင့်လည်း သုံးသပ်လေ့လာထားပါသည်။

ရသစာတမ်းများတွင် ဝါကျဖွဲ့ဟန်တို့သည် အရေးပါပြီး စာဖတ်သူကို အချိန်တိုအတွင်း လိုရာသို့ ဆွဲဆောင်နိုင်ခြင်းလည်း ရှိပါသည်။ အကြောင်းအရာထက် အတွေးအမြင် ခံစားမှုတို့ကိုသာ အဓိကထားကာ အားပြုရေးသားသော သဘောသဘာဝလည်း ရှိပါသည်။ ထို့ကြောင့် ရသစာတမ်း များတွင် ဝါကျဖွဲ့ဟန်များသည် စာရေးသူတင်ပြလိုသော ရည်ရွယ်ချက်ကို ဖော်ဆောင်ရာတွင် ပေါ် လွင်ရှိမှသာ စာဖတ်သူက ခံစားမှုအတွေးအမြင်ကောင်းများ ရရှိသွားစေမည်ဖြစ်၍ ဝါကျဖွဲ့စည်းပုံတို့ က မှန်ကန်တိကျနေဖို့လည်း အရေးကြီးပါသည်။ ရသစာတမ်းများသည် ဇာတ်ဆောင်ပါဝင်ခြင်း မျိုး လည်းရှိသကဲ့သို့ တစ်ခါတစ်ရံတွင် စာရေးသူကိုယ် တိုင်ပါဝင်ထားပြီး ပထမနေရာကဝင်ရောက်၍ ရေး ဖွဲ့တတ်သည်လည်းရှိကြောင်း လေ့လာရပါသည်။

အချုပ်အားဖြင့်ဆိုသော် စာရေးသူသည် အကြောင်းအရာရွေးချယ်ရာတွင်လည်း လွယ်ကူရိုး ရှင်းသည့် အကြောင်းအရာများကိုသာ တင်ပြထားပြီး “အရိုးဆုံးက အဆန်းဆုံး”ဆိုသည့်အတိုင်း ရိုးရှင်းသောအကြောင်းအရာများကိုပင် တိုတိုနှင့်လိုရင်းကို ပေါက်မြောက်အောင် တင်ပြထားတတ် ဟန်ကို လေ့လာသိရှိခဲ့ရပါသည်။ ဆရာဇော်ဂျီသည် မိမိပြောလိုသည့်အကြောင်းအရာများ ဖော်ဆောင် ရာတွင်လည်း လိုက်ဖက်ပေါ်လွင်ပြီး ထိမိသည့် ဝါကျဖွဲ့ဟန်များကို ရွေးချယ်သုံးနှုန်း တတ်ဟန်ကို လည်း အထင်အရှား လေ့လာသိရှိခဲ့ရပါသည်။

နိဂုံး

ဤစာတမ်းသည် ဇော်ဂျီ၏ ရသစာတမ်းများမှ ဝါကျဖွဲ့ဟန်လေ့လာချက်(ရေးဟန်ပညာ) စာတမ်း ဖြစ်ပါသည်။ ထိုသို့လေ့လာရာမှ စာပေဘာသာရပ်တစ်ခုတွင် ဝါကျဖွဲ့ဟန်များ၏ အရေးပါပုံ များကို လေ့လာသိရှိခဲ့ရပါသည်။ ထို့ပြင် ရသစာတမ်းများ၏ သဘောသဘာဝနှင့် အကြောင်းအရာ ရွေးချယ် ထားပုံ များကလည်း လိုက်ဖက်မှုရှိကာ ရည်ရွယ်ချက်ပေါ်လွင်နေပုံများကိုပါ တွေ့ရှိခဲ့ရပါသည်။ ထို့ ကြောင့် စာပေဘာသာရပ်တစ်ခု၏ ဝါကျဖွဲ့ဟန်ဆိုင်ရာများကို လေ့လာလိုသူတို့အတွက် ဤစာတမ်းက အထောက်အကူပြုပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ကျမ်းကိုးစာရင်း

ခင်မင်၊ မောင်(ဓနုဖြူ)။ ၂၀၁၁။ ***ရေးဟန်ပညာနိဒါန်း (ပ - ကြိမ်)*** ။ ရန်ကုန်၊ စိတ်ကူးချို့ချို့စာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ ၂၀၂၃။ ***စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ (သတ္တမအကြိမ်)*** ။ ရန်ကုန်၊ စိတ်ကူးချို့ချို့ စာပေ။

ဇော်ဂျီ(နှင့်အများ) ။ (၂၀၁၂) ။ ***ကံ့ကော်မြို့ငြိစာတမ်း*** ။ ရန်ကုန်၊ ရာပြည့်စာပေ။

ဖတ်ရှုလေ့လာသည့်စာအုပ်စာရင်း

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၆) ။ ***မြန်မာစာပေနှစ်တစ်ထောင်ခရီး*** ။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

စိုးနိုင်၊ ဒေါက်တာ။ (၂၀၁၉) ။ ***ဆရာဇော်ဂျီ၏ စကားပြေရေးဟန် (တ-ကြိမ်)*** ။ ရန်ကုန်၊ ထွန်းဖောင်ဒေးရှင်းစာပေကော်မတီ။

ဇော်ဂျီ။ (၂၀၁၅) ။ ***စာတမ်းငယ်များနှင့်စာပေလေ့လာချက် (ပ - ကြိမ်)*** ။ ရန်ကုန်၊ စိတ်ကူးချို့ချို့ ပုံနှိပ်တိုက်။

ဇော်ဂျီ။ (၂၀၁၂) ။ ***သူတို့ညီနောင်နှင့်ကျွန်တော် (ရသစာတမ်းများ)*** ။ ရန်ကုန်မြို့၊ ကာလာဇုံ ပုံနှိပ်တိုက်။

တင်မိုး။ (၂၀၁၇) ။ ***ပင်လယ်များကိုဖြတ်သန်းခြင်း (ပ - ကြိမ်)*** ။ ရန်ကုန်၊ စိတ်ကူးချို့ချို့ပုံနှိပ်တိုက်။

မင်းသုဝဏ်။ (၂၀၁၈) ။ ***ရေချမ်းစင် (စ - ကြိမ်)*** ။ ရန်ကုန်၊ ဓွန်ပွင့်စာအုပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၂၃) ။ ***မြန်မာသဒ္ဒါ (ဒု - ကြိမ်)*** ။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

ဘုန်းနိုင်၊ တက္ကသိုလ်။ (၂၀၀၄) ။ ***ဘုန်းနိုင်အတွေးဘုန်းနိုင်အမြင်*** ။ ရန်ကုန်၊ မာကျူရီပုံနှိပ်တိုက်။

ရွှေရည်မြတ်မွန်၊ မ။ (၂၀၁၉) ။ ***နေဝင်းမြင့်၏ဝတ္ထုတိုများမှဘာသာစကားဟန်*** ။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနသို့။ ပါရဂူ(Ph.D)ဘွဲ့အတွက်တင်သွင်းသောကျမ်း။

အိအိဖြိုးနိုင်၊မ၊(။ (၂၀၀၈)။ ***အောင်သင်း၏ရသစာတမ်းများလေ့လာချက်*** ။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသို့။ ပါရဂူ(Ph.D)ဘွဲ့အတွက် တင်သွင်းသောကျမ်း

အောင်မြင့်ဦး(ဒေါက်တာ) ။ (၂၀၂၀) ။ ***သုတေသနဟူသည် (ဒု-ကြိမ်)*** ။ ရန်ကုန်မြို့။

မင်းသုဝဏ်၏ ကဗျာများမှ ဗျည်းတူသရကွဲအတွဲအစပ်များ (ရေးဟန်ပညာ)

ဇင်မာဝင်း[၁]

စာတမ်းအကျဉ်း

ဤစာတမ်းသည် စာပေနယ်ပယ်ရှိ ကဗျာကဏ္ဍလာမင်းသုဝဏ်၏ကဗျာများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ မင်းသုဝဏ်၏ ကဗျာများအနက်မှ "သပြေညို၊ နှင်းဆီပွင့်၊ ပျဉ်းမငုတ်တို"ဟူသော ကဗျာ(၃)ပုဒ်ကို အလေ့လာခံအဖြစ် ရွေးချယ်ထားပါသည်။ ထိုကဗျာ (၃)ပုဒ်မှ ဗျည်းတူသရကွဲအတွဲအစပ်များကို ရေးဟန်ပညာရှုထောင့်မှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ကဗျာတစ်ပုဒ်ရေးဖွဲ့ရာတွင် စာဆို၏ရေးဖွဲ့ဟန်ကို တစ်မူထူးခြားအောင်ပြုလုပ်ပေးနိုင်သော ဗျည်းတူသရကွဲအတွဲအစပ်များအကြောင်းကို သိရှိစေလို သော ရည်ရွယ်ချက်ဖြစ်ပါသည်။ စာဆို၏ စိတ်ခံစားချက်နှင့်ဦးတည်ချက်များကို ဗျည်းတူသရကွဲအတွဲအစပ်များဖြင့် သရုပ်ဖိုပြင်မှုရှိအောင် ဖော်ဆောင်ပေးနိုင်သော မင်းသုဝဏ်၏ ရေးဟန်တို့ကို လေ့လာတင်ပြထားပါသည်။ သုတေသနနည်းနာအနေဖြင့် သရုပ်ဖော်သုတေသန နည်းနာနှင့် အကဲဖြတ်သုတေသနနည်းနာကို အသုံးပြုထားပါသည်။ ကဗျာများကို ရေးဟန်ပညာရှုထောင့်မှ ဗျည်းတူသရကွဲအတွဲအစပ်ဖြင့် လေ့လာလိုသူများအတွက် အထောက်အပံ့ပေးနိုင်မည်ဟု ယုံကြည်မိပါသည်။

သော့ချက်ဝေါဟာရ။ ။ ဗျည်းတူ၊ သရကွဲ၊ ရေးဟန်။

၁။ နိဒါန်း

ကဗျာများကို ဖန်တီးရေးဖွဲ့သော စာဆိုတို့သည် မိမိတို့၏ စေတနာမှတဆင့် ဖြစ်ပေါ်လာသော ခံစားချက်များကို ရေးဟန်အမျိုးမျိုးဖြင့် ဖန်တီးရေးဖွဲ့ကြသည်။ ထိုသို့ ဖန်တီးရေးဖွဲ့ရာတွင် ရုပ်အားဖြင့်လည်းကောင်း၊ အသံအားဖြင့်လည်းကောင်း၊ သရုပ်ဖိုပြင်မှုရှိအောင် အားထုတ်ကြသည်။ ကဗျာရေးဖွဲ့ရာတွင် အသံများ၏ အတွဲအစပ်ပေါ်လွင်လာသည်နှင့်အမျှ ကဗျာ၏အနက်အဓိပ္ပါယ်များ သည်လည်း ပိုမိုထင်ရှားလာပြီး ကဗျာဆရာ၏ ဦးတည်ချက်တို့သည် ပုံပေါ်လာရသည်။ ကဗျာဆရာ၏ ဦးတည်ချက်ပုံပေါ်လာခြင်းသည် စာပေအာနိသင်ထက်မြက်လာခြင်းပင်ဖြစ်သည်။ စာပေအာနိသင် ထက်မြက်မှုရှိမရှိကို ကဗျာစာဆို၏ အသံအတွဲအစပ်များအားကြည့်၍ အကဲဖြတ်နိုင်ပါသည်။

မင်းသုဝဏ်၏ ကဗျာများမှ ဗျည်းတူသရကွဲအတွဲအစပ်များကိုလေ့လာတင်ပြရာတွင် စိတ်ခံစားချက်အလိုက်ပြောင်းလဲသွားသော ရေးဟန်များကို တွေ့ရှိရသည်။ အမျိုးသားရေးစိတ်ဓာတ် ကို နှိုးဆော်သော သပြေညိုကဗျာတွင်လည်းကောင်း၊ တစ်ဖက်သတ်ချစ်ရသော မိန်းကလေးအပေါ် တွင် ထားရှိသောစာဆို၏ စိတ်ခံစားချက်ကိုပြဆိုသည့် နှင်းဆီပွင့်ကဗျာသည်လည်းကောင်း၊ လောကဓံ၏ အနိမ့်အမြင့်အတက်အကျများတွင် စိတ်ဓာတ်ကျခြင်းမရှိဘဲ ရင်ဆိုင်ကျော်ဖြတ်စေ လိုသော စာဆို၏စေတနာကို တွေ့မြင်ရသည့် ပျဉ်းမငုတ်တို ကဗျာတွင်လည်းကောင်း၊ ဗျည်းတူသရကွဲတွဲစပ်ဟန်များဖြင့် ပြောင်းလဲသွားသော စာဆို၏ စိတ်ခံစားချက်များကို တွေ့ရှိရသည်။ ဦးတည်ချက်မတူသည့် ကဗျာများတွင် ခံစားချက်အနိမ့်အမြင့်အလိုက် ပြောင်းလဲသွားသော စာဆို၏ ရေးဖွဲ့ဟန်များကို ဗျည်းတူသရကွဲစကားသံအတွဲအစပ်မှ တဆင့်လေ့လာတွေ့ရှိရသည်။ အခြားသော စိတ်ခံစားမှုကိုပေးသော ဦးတည်ချက်မတူသည့် ကဗျာများမှ စကားသံအတွဲအစပ်များအကြောင်းကို ထပ်မံ၍ သုတေသနပြုနိုင်ပါသည်။

---

[၁] နည်းပြ၊ မြန်မာစာဌာန၊ မကွေးတက္ကသိုလ်

၁၊ ၁။ မင်းသုဝဏ်၏ အတ္ထုပ္ပတ္တိအကျဉ်း

မင်းသုဝဏ်၏ အမည်အရင်းမှာ ဦးဝန်ဖြစ်ပါသည်။ ၁၉၀၉ ခုနှစ်တွင် ဟံသာဝတီခရိုင်၊ ကွမ်းခြံမြို့၌ ဖွားမြင်သည်။ အဘသည် ဦးလွမ်းပင် ဖြစ်၍ အမိမှာ ဒေါ်မိ ဖြစ်သည်။ ကွမ်းခြံကုန်းမြို့၊ ရွှေကျင် ကျောင်း အင်္ဂလိပ်-မြန်မာနှစ်ဘာသာသင် အမျိုးသားအလယ်တန်းကျောင်း၊ ရန်ကုန်မြို့ ခရစ်ယာန် သာသနာပြု စိန်ဂျွန်းအထက်တန်းကျောင်းများ၌ ပညာသင်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကိုရရှိခဲ့သည်။အင်္ဂလန်ပြည် အောက်စဖို့တက္ကသိုလ်သို့ ဆက်လက်သင်ယူ ရာ ၁၉၃၈ ခုနှစ်တွင် ဘီလစ်ဘွဲ့ရသည်။ ထို့နောက် လန်ဒန်တက္ကသိုလ်၊ အာဖရိကနှင့် အရှေ့တိုင်း ဘာသာရပ်များကျောင်းသို့ ကူးပြောင်းပညာသင်ယူသည်။ အမေရိကန်ပြည် နယူးဟေဗင်မြို့ ဆေးတက္ကသိုလ်တွင်လည်း အတန်ကြာမျှ အထွေထွေဘာသာဗေဒပညာဆည်းပူးခဲ့သည်။ တက္ကသိုလ် များ အုပ်ချုပ်ရေးရုံး၊ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၏ ဌာနမှူး၊ တက္ကသိုလ်မြန်မာအဘိဓာန် ၏ စာတည်းမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန ပါမောက္ခအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ခေတ်စမ်းစာပေလောကကို တည်ထောင်ခဲ့သူတစ်ဦးအဖြစ် ထင်ရှားသည်။ ကဗျာ ကို ၁၃နှစ်အရွယ်ခန့်တွင် စတင်ရေးသားသည်။ ကဗျာအပြင် ဝတ္ထုတို၊ ပုံပြင်၊ ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများ၊ ဝေဖန်စာများ ရေးသားခဲ့သည်။ ရေးသားပြုစုခဲ့သော စာအုပ်အချို့မှာ တက္ကသိုလ် မြန်မာအဘိဓာန်(ငါးပိုင်း)၊ သပြေညိုနှင့် အခြားကဗျာများ၊ မောင်ခွေးဘို့ကလေးကဗျာများ၊ ပန်းနှင့်ပင်စည်၊ မြန်မာစာမြန်မာမှုတို့ ဖြစ်သည်။ ဇော်ဂျီနှင့်တွဲဖက်၍ စာပေလောကစာအုပ်(ပထမတွဲ)၊ ခရီးသည် စာပေဆောင်းပါးများ ရေးသားထုတ်ဝေခဲ့သည်။

၁၊ ၂။ ကဗျာဝေါဟာရနှင့်သဘောသဘာဝ

ကဗျာဝေါဟာရနှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင်

> **“ကဗျာ/ဂဗျာ/(န)စည်းမျဉ်းများနှင့်အညီ စာလုံး၊ စာပိုဒ်အရေအတွက်၊ ကာရန်အချိတ် အဆက်၊ အသံအနေအသံအထားစသည်ဖြင့် စီကုံးထားသော အဖွဲ့အနွဲ့.”**
>
> (မြန်မာအဘိဓာန်၊၂၀၀၈၊စာ၄။)

ဟူ၍ ဖွင့်ဆိုထားပါသည်။ ကဗျာ၏ သဘောနှင့်ပတ်သက်၍ ဆရာဇော်ဂျီ၏ ရသစာပေအဖွင့်နှင့် နိဒါန်းစာအုပ်တွင်

> **“ကဗျာသည် ကြံခြင်း၊ ကြားခြင်း၊ အနက်အဓိပ္ပာယ်မှီခြင်း၊ ထိုးထွင်းခြင်း တို့ဖြင့်ပြီးသောအရာ ဖြစ်သည်”**
>
> (ဇော်ဂျီ၊၂၀၀၄၊စာ၂၆၄။)

ဟူ၍ ဖွင့်ဆိုထားပါသည်။

‘မြန်မာ့ဘဝ၊ မြန်မာ့ဝန်းကျင်၊ မြန်မာကဗျာ’ စာတမ်းတွင် တင်မိုးက -

> **“ကဗျာဆိုသည်မှာ ဘာသာစကားတစ်ရပ်၏ အညွှန့်အဖူးဖြစ်သည်။ ကဗျာသည် ကဗျာ ဆရာက သူ၏အတွေ့အကြုံ၊ စိတ်ကူးစိတ်သန်းများကို အကောင်းဆုံးစကားလုံးများဖြင့် ရေးဖွဲ့ တင်ပြအပ်သော စာပေအနုပညာ ပုံသဏ္ဌာန်တစ်ရပ်ဖြစ်သည်”** (တင်မိုး၊ ၂၀၁၃၊ စာ၃၂။)

ဟူ၍ ဖွင့်ဆိုထားပါသည်။

ထို့ပြင် “၂၀ရာစု မြန်မာစာဆို မြန်မာကဗျာ” စာအုပ် အမှာစာတွင် မမိုးမြေက

“ကဗျာတို့မည်သည် စာဆို၏ နှလုံးသားမှ ယိုစိမ့်စီးကျလာရသည်။ နှလုံးသားခံစားမှုကို အသိဉာဏ်ဖြင့် ဆင်ခြင်၍ စာဖတ်သူတို့အား ခံစားမှုနှင့်အတူ ဘဝအသိကို ပေးရခြင်း ဖြစ်သည်။”

(ထီလာစစ်သူ၊ဒေါက်တာ၊၂၀၁၅၊ မမိုးမြေ မိတ်ဆက်။)

ဟူ၍ဖော်ပြထားသည်။

ထို့ကြောင့် ကဗျာဟူသည် စာဆို၏ တီထွင်ကြံဆဉာဏ်တို့ကို အသံကာရန်တို့ဖြင့် ပြည့်စုံစွာ ရေးဖွဲ့ထားနိုင်သော စာပေအမျိုးအစားတစ်ရပ်ဖြစ်ပြီး ကဗျာဆရာတို့ ဖြတ်သန်းရာ ခေတ်အတွေ့ အကြုံများကို စာဖတ်သူတို့ သိရှိအောင် ပုံဖော်ရေးဖွဲ့ထားသော အဖွဲ့ဖြစ်သည်ဟူ၍ ဖွင့်ဆိုနိုင်ပါသည်။

၁၊ ၃။ ကဗျာများ၏အကြောင်းအရာအကျဉ်းနှင့်ဦးတည်ချက်

မင်းသုဝဏ်၏ ‘သပြေညို’ကဗျာသည် အမျိုးသားဝံသာနုစိတ်လွတ်လပ်ရေးစိတ်ကိုလှုံဆော်ထား သော ကဗျာတစ်ပုဒ်ဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုကို မြန်မာတစ်မျိုးသားလုံးတက်ကြွစွာပါဝင် ဆင်နွှဲနေသောသဘောကို လန်းဆန်း၍အောင်မြင်ခြင်းနိမိတ်ဖြစ်သော သပြေပန်းနှင့်တင်စားကာ ရေးဖွဲ့ထားသည်။ လွတ်လပ်ရေးရတော့မည်ဖြစ်သဖြင့် လွတ်လပ်ရေးအောင်စည်ကို တီးရအောင် ရှေ့သို့အတူတကွလှမ်းကြပါစို့ဟု အားပေးလှုံ့ဆော်ထားသည်။ ကဗျာ၏ဦးတည်ချက်မှာ အမျိုးသား ရေးစိတ်ဓာတ်၊ လွတ်လပ်ရေးစိတ်ဓာတ်များပေါက်ဖွားရှင်သန်၍ လွတ်လပ်ရေးအောင်ပွဲဆင်နွှဲလိုခြင်း ဖြစ်သည်။

‘နှင်းဆီပွင့်’ကဗျာသည် စာဆို၏ ရင်တွင်းခံစားချက်ကိုကောင်းစွာပုံဖော်ထားနိုင်သော ကဗျာ ကောင်း တစ်ပုဒ်ဖြစ်သည်။ လယ်တောကအပြန်တွင်ချစ်သူမှ ခရေဖူးပန်ချင်သောကြောင့် ခရေဖူးများ ခူး၍ပေးလိုက်ကြောင်း သို့သော် နောက်တစ်နေ့မနက်တွင် ချစ်သူ၏ဆံပင်ထက်၌ နှင်းဆီပန်းများ နေရာယူကာ လှပတင့်တယ်ကြောင်းတို့ကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ချစ်သူ၏ တောင်းဆိုချက်အရ အမြတ်တနိုးခူး၍ပေးသော်လည်း အသိအမှတ်ပြုခြင်းမခံရသည့် စာဆို၏ စိတ်ခံစားချက်ကို ပေါ်လွင် သော ကဗျာကောင်းတစ်ပုဒ်ဖြစ်သည်။ ကဗျာ၏ဦးတည်ချက်မှာ ချစ်သူအပေါ်ထားရှိသော စာဆို၏ စိတ်ခံစားချက်ကို သိရှိစေလိုခြင်းဖြစ်သည်။

‘ပျဉ်းမငုတ်တို’ ကဗျာသည် စစ်ဘေးစစ်ဒဏ်ကြောင့် ယိုယွင်းပျက်စီးခဲ့ရသောပျဉ်းမငုတ်တို အကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ပျဉ်းမငုတ်တိုသည် စစ်ကိုလည်းကြုံကြိုက်ခဲ့ရသည်။ ခြအုံရာ နေရာလည်းဖြစ်ခဲ့သည်။ ဓားထစ်ခြင်းလည်းခံခဲ့ရသည်။ နေပူခြင်းအပြင်လေပြင်းတိုက်ခိုက်ခြင်း လည်းခံခဲ့ရသည်။ သဘာဝဘေးအန္တရာယ်ပေါင်းစုံနှင့် ကြုံတွေ့ခဲ့ရသော်လည်း နွေဦးရာသီရောက် ချိန်တွင် ရွက်ဟောင်းများကြွေ၍ ရွက်သစ်များဝေကာ ရှင်သန်လန်းဆန်းတတ်ကြွ လာကြောင်းတို့ကို ကဗျာတွင် ရေးဖွဲ့ထားသည်။ ကဗျာ၏ဦးတည်ချက်မှာ သဘာဝဘေးအန္တရာယ်ပေါင်းစုံနှင့်တွေ့ကြုံခဲ့ ရသော ပျဉ်းမငုတ်တိုသည်ပင် ရွက်သစ်များဝေ၍ ပြန်လည်လန်းဆန်းသစ်လွင်လာပေသည်။ ထိုနည်းတူပင် လောကဓံအနိမ့်အမြင့်အတက်အကျတို့ကို ရင်ဆိုင်တွေ့ကြုံ ရသောလူသားတို့သည် စိတ်ဓာတ်ကျအားငယ်ခြင်းမရှိဘဲ ဘဝကိုအားမာန်အပြည့်၊ သတ္တိအပြည့်ဖြင့် ရင်ဆိုင်ကျော်ဖြတ်စေလို ခြင်း ဖြစ်သည်။

၁၊ ၄။ သုတေသနမေးခွန်းနှင့်ပြဿနာ

မင်းသုဝဏ်၏ကဗျာများမှ ဗျည်းတူသရကွဲအတွဲအစပ်များကို လေ့လာတင်ပြရာတွင် အောက်ပါ သုတေသနမေးခွန်းနှင့် ပြဿနာအချို့ကို တွေ့ကြုံနိုင်ပါသည်။

ဤစာတမ်းကို လေ့လာသုတေသနပြုရာတွင် အောက်ပါသုတေသနမေးခွန်းနှင့်ရင်ဆိုင်ကြုံတွေ့ရမည် ဖြစ်ပါသည်။

၁။ ဗျည်းတူသရကွဲအတွဲအစပ်များသည် စာဆို၏ရေးဟန်ကို မည်ကဲ့သို့ဖော်ဆောင်ပေးနိုင် သနည်း။

အဆိုပါမေးခွန်းကိုအခြေခံကာ

၁။ ဗျည်းတူသရကွဲအတွဲအစပ်များသည် စာဆို၏ဦးတည်ချက်ကို ဖော်ဆောင်နိုင်မှု ရှိ၊မရှိ။

ဟူသော ပြဿနာနှင့် တွေ့ကြုံရပါသည်။ အဆိုပါပြဿနာများကို အဖြေရှာဖော်ထုတ်ရန် စာအုပ် စာပေများ၊ ဆရာကြီး၊ ဆရာမကြီးများ၏ လမ်းညွှန်အကြံပေးမှုများကို နည်းနာယူ၍ တင်ပြသွားပါ မည်။

၂။ စာပေလေ့လာဆန်းစစ်ချက်

မင်းသုဝဏ်၏ ကဗျာများမှ ဗျည်းတူသရကွဲအတွဲအစပ်များရေးဟန်ကို လေ့လာနိုင်ရန် စာပေလေ့လာဆန်းစစ်မှုများပြုလုပ်ရပါသည်။ မြန်မာစာအဖွဲ့ဦးစီးဌာနမှ ၁၉၉၀ ခုနှစ်တွင်ထုတ်ဝေသည့် မြန်မာ အဘိဓာန်မှ မြန်မာကဗျာဆိုင်ရာ အနက်အဓိပ္ပါယ်ကို ဖတ်ရှုခဲ့ပါသည်။ ကဗျာသဘောကို နားလည်ရန် ကာလာစုံအော့ဖ်ဆက်မှ ၂၀၀၃ ခုနှစ်ထုတ် ဆရာကြီးတင်မိုး၏ 'မြန်မာ့ဘဝ၊ မြန်မာ့ဝန်းကျင်နှင့် မြန်မာကဗျာစာတမ်း'ကို လေ့လာဖတ်ရှုခဲ့ပါသည်။ မြန်မာကဗျာတို့၏ ရိုးရှင်းမှု၊ ချစ်စရာကောင်းမှု၊ လှပမှုတို့ကို သာဓကများဖြင့်တင်ပြထားသည့် စာတမ်းဖြစ်ပါသည်။

လေ့လာမည့်သီအိုရီပိုင်နိုင်ရန်အတွက် စိတ်ကူးချိုချိုစာပေ၏ ၂၀၁၁၊ ဒီဇင်ဘာလထုတ် 'ရေးဟန်ပညာနိဒါန်း'စာအုပ်ကို လေ့လာဖတ်ရှုခဲ့ပါသည်။ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ) ရေးသား ခြင်းဖြစ်ပါသည်။ ထိုမှ ရေးဟန်စိစစ်မှု ၁၊ စကားသံဖွဲ့စပ်ဟန်အခန်းရှိ ဗျည်းတူသရကွဲ အတွဲအစပ်များအကြောင်းကို အလေးပေးဖတ်ရှုခဲ့ရာ ကဗျာရေးဖွဲ့ရာ၌ ကဗျာ၏အာနိသင်ပို၍ ထက်မြက်စေရန် ဗျည်းတူသရကွဲအတွဲအစပ်များက ပံ့ပိုးပေး နိုင်ကြောင်းသိရှိရပါသည်။

ထို့ပြင် တက္ကသိုလ်ဝင်းမွန်၏ ခေတ်သစ်ကဗျာမိတ်ဖွဲ့ (၂၀၁၆၊ ရာပြည့် စာအုပ်တိုက်)၊ မမိုးမြေ၏ ကဗျာဖန်တီးသူနှင့်ကဗျာ ခံစားသူ(၂၀၀၈၊ ရွှေကံကော်ပုံနှိပ်တိုက်)တို့ကို လေ့လာဖတ်ရှုခဲ့ ရပါသည်။ ထိုစာအုပ်များသည် ဗျည်းတူသရကွဲအတွဲအစပ်ရေးဟန်ကို လေ့လာရာတွင် များစွာ အထောက်အပံ့ရခဲ့ပါသည်။ သုတေသနစာတမ်းရေးသားနိုင်ရန်အတွက် ဧရာဝဏ်စာပေတိုက်မှ ထုတ်ဝေသည့် ၂၀၁၈ ထုတ် ဒေါက်တာအောင်မြင့်ဦး၏ 'သုတေသနဟူသည်'စာအုပ်ကို လေ့လာဖတ်ရှု ခဲ့ပါသည်။ သုတေသနနည်းနာပုံစံပြုပုံနှင့်ပတ်သက်သည့် အသိအမြင်များရရှိစေပါသည်။

ထိုလေ့လာဖတ်ရှုမှုတို့မှရရှိသည့် အသိအမြင်ဗဟုသုတတို့ကိုအခြေခံ၍ ဤစာတမ်းကို ဉာဏ်စွမ်းရှိသလောက် လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

၃။ နည်းနာ

ဤစာတမ်းသည် မင်းသုဝဏ်၏ ကဗျာများမှ ဗျည်းတူသရကွဲအတွဲအစပ်များကို လေ့လာထား ခြင်းဖြစ်ပါသည်။ ထိုသို့ လေ့လာရာတွင် ဖော်ထုတ်တင်ပြမည့် သုတေသနများ တိကျခိုင်မာမှုရှိစေရန် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနဆိုင်ရာနည်းနာဟူ၍ နှစ်ပိုင်းခွဲကာ တင်ပြထားပါသည်။

၃၊ ၁။ ပညာရပ်ဆိုင်ရာနည်းနာ

ရသစာပေများတွင် စာရေးသူတို့သည် မတူညီသောအတွေးစိတ်ကူးများဖြင့် စာများကို ဖန်တီးရေးသား ကြသည်။ ထိုသို့သောမတူညီသော အတွေးစိတ်ကူးများသည် စာရေးသူတို့၏ ရေးဟန်ပင်ဖြစ်သည်။ ရေးဟန်နှင့်ပတ်သက်၍ ပညာရှင်များကအမျိုးမျိုးဖွင့်ဆိုခဲ့ကြပါသည်။

ရေးဟန်နှင့်ပတ်သက်၍ သုတေသီအသီးသီးတို့က အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြပါသည်။ မြန်မာအဘိဓာန်တွင် “ဟန်” ဟူသောဝေါဟာရကို -

“န - ၁။ အသွင်အပြင်၊ ၂။ အမူအရာ” (မြန်မာစာအဖွဲ့၊ ၂၀၀၈၊ စာ ၃၉၅)

ဟူ၍ ဖွင့်ဆိုထားသည်။

အနောက်တိုင်းစာပေပညာရှင် လူးကပ်က ရေးဟန်ဟူသည်မှာ -

“လူတစ်ဦးတစ်ယောက်၏ စာရေးနည်း” (lucas, 1964, 11)

ဟူ၍ ဖွင့်ဆိုထားသည်။

ကတ်တီးဝေး(စ်)၏ ရေးဟန်ပညာအဘိဓာန်တွင် ရေးဟန်ဟူသည် -

“တန်ဆာဆင်သောပုံစံဖြင့် ရေးသားခြင်း (သို့မဟုတ်) ရုပ်ပြပုံစံဖြင့် ပြောဆိုခြင်း ဖြစ်နိုင်သည်။”

(Katie Wales , 2011 , 397)

ဟူ၍ ဖွင့်ဆိုထားသည်။

ရေးဟန်သဘောနှင့်ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ) က -

“ရေးဟန်ဟူသည် အကြောင်းအရာကို အပေါ်ယံမွမ်းမံခြယ်လှယ်ထားသော အမွမ်းအမံအဆင် တန်ဆာသက်သက်မျှမဟုတ်ပါ။ အကြောင်းအရာနှင့်တစ်သားတည်း ဖွဲ့ယှက်နေသော အစိတ် အပိုင်းဖြစ်ပါသည်။”

(ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၂၃၊ စာ ၂၄၃)

ဟူ၍ ဖွင့်ဆိုထားသည်။ ထို့ကြောင့် ရေးဟန်ဟူသည် တန်ဆာဆင်ထားရုံသက်သက်မဟုတ်ဘဲ အကြောင်းအရာနှင့်လိုက်လျောညီထွေမှုရှိသောအရာပင်ဖြစ်ကြောင်းနားလည်ရပါသည်။

ဆရာဇော်ဂျီက ရေးဟန်၏သဘောနှင့်ပတ်သက်၍ -

“ရသစာပေ၌ ရေးပုံရေးဟန်ရှိခြင်းသည် ပရိသတ်၏စေတနာကို နှိုးဆော်ရသော အလုပ်ကို လုပ်ရသောကြောင့် ဖြစ်ပါသည်။” (ဇော်ဂျီ၊ ၂၀၀၄၊ စာ ၃၀၆)

ဟူ၍ ဖွင့်ဆိုထားသည်။ ထို့ကြောင့် ရေးဟန်သည်စာပေရေးသားရာတွင် အဓိကကျသော ကဏ္ဍတစ်ခုဖြစ်ကြောင်းသိရှိနိုင်ပါသည်။

ရေးဟန်ပညာနှင့်ပတ်သက်၍ ကတ်တီဝေး(စ်)၏ ရေးဟန်ပညာအဘိဓာန်တွင် -

“ရေးဟန်ပညာသည် စာပေသီအိုရီ၏ ခေတ်ရေစီးကြောင်းကိုရောနှော၍ သို့မဟုတ် အနီးကပ် ဖတ်ရှုခြင်း၏ တန်ဖိုးများအတိုင်း ဆက်လက်တည်ရှိနေချိန်တွင် ထိုနယ်ပယ်၌ အပြိုင် တိုးတက် မှုများကို ပေါင်းစပ်ထားသည်။”

(Katie Wales၊ 2011၊ 400)

ဟူ၍ ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် ရေးဟန်ပညာဟူသည် ခေတ်ကာလအလိုက် ပြောင်းလဲဖြစ်တည်လာသော စကားလုံးများကိုမူတည်၍ ပုံဖော်ဖန်တီးကာ စာပေ၏ တိုးတက်မှုနှုန်းကို မြှင့်တင်နိုင်သော ပညာရပ်ဖြစ်ကြောင်း သိရှိနားလည်ရပါသည်။

ရေးဟန်ပညာ၏သဘောသဘာဝနှင့်ပတ်သက်၍ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)က

“ရေးဟန်ပညာဟူသည် ရေးဟန်ကို လေ့လာသောပညာရပ် ဖြစ်သည်ဟု အရိုးဆုံး ဖွင့်ဆိုနိုင် သည်။” (ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ စာ ၁)

ဟူ၍ ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် ရေးဟန်ပညာသည်စာရေးသူတို့၏ပင်ကိုယ်ရေးဟန်ကို လေ့လာ သော ပညာရပ်တစ်ခုပင်ဖြစ်သည်ဟုနားလည်ရပါသည်။

ရေးဟန်စိစစ်ရာတွင် စကားသံအတွဲအစပ်များသည်လည်း ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ပါ သည်။ စကားသံအတွဲအစပ်နှင့်ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ)က ရေးဟန်ပညာနိဒါန်း စာအုပ်တွင်

‘စကားပြောရာ စာရေးရာတွင် စကားသံများကို အမျိုးမျိုးတွဲစပ်ပြီး ပြောဆိုရေးသားရခြင်းဖြစ် သည်။ တွဲစပ်လိုက်သောအခါ တစ်သံချင်း၏ အရည်အသွေးများပေါင်းဖွဲ့မိပြီး အရင်းခံအနက် ၏ နောက်ကွယ်ဂယက်အနက်များ ပေါ်ထွက်လာတတ်ပါသည်။ ဂယက်အနက်ပေါ်ထွက်သော ထူးခြားသည့် အသံအတွဲအစပ်များကို ရေးဟန်ပညာက စိတ်ဝင်တစားလေ့လာပါသည်’

(ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊စာ ၄၀)

ဟူ၍ ဖြစ်သည်။

ဗျည်းတူသရကွဲအတွဲအစပ်နှင့် ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ) က -

‘ကဗျာအရေးအဖွဲ့များတွင် ဗျည်းတူသရကွဲများ အမျိုးမျိုးတွဲစပ်ရေးဖွဲ့သော အဖွဲ့ပုံစံများက စာရေးဟန်ကို တစ်မူထူးခြားအောင် အထောက်အကူပြုပါသည်။’

(ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊စာ ၄၃)

ဟု ဖွင့်ဆိုထားပါသည်။

အထက်ပါဖွင့်ဆိုချက်များအရ ဂယက်အနက်များထွက်သည့် ထူးခြားသည့် အသံ အတွဲအစပ် များကို လေ့လာခြင်းသည် စာဆို၏ရေးဟန်ကို လေ့လာခြင်းမျိုးဖြစ်သည်ဟု နားလည်ရပါသည်။ စကားသံအတွဲအစပ်ကောင်းများဖြင့် စာရေးသူ၏ခံစားချက်၊ ရည်ရွယ်ချက်တို့ကို သရုပ်ဖော်နိုင်ခြင်း သည် စာရေးသူ၏တစ်မူထူးသောရေးဟန်ကြောင့်ဟု သတ်မှတ်ရမည်ဖြစ်သည်။

၃၊၂။ သုတေသနနည်းနာ

ဤစာတမ်းသည် အတွေးသစ်၊ အမြင်သစ်အသိပညာတစ်ရပ်ရပ်ကို တိုးပွားစေရန်အတွက် ပြုလုပ် သော အခြေခံသုတေသနအမျိုးအစားဖြစ်ပါသည်။ ပြဿနာအကြောင်းအရာတစ်ခုခုကို အကဲဖြတ်ရန် အတွက် ပြုလုပ်သော အကဲဖြတ်သုတေသန၊ အလေ့လာခံအချက်အလက်များကို သရုပ်ဖော်တင်ပြ သော သရုပ်ဖော်သုတေသနများကို အသုံးပြုခဲ့ပါသည်။ ဗျည်းတူသရကွဲအတွဲအစပ်များသည် ကဗျာတစ်ပုဒ်တွင် မည်သည့်အတိုင်းအတာအထိ စာရေးသူ၏ ရေးဟန်ပီပြင်မှုကို ထောက်ပံ့နိုင်ခြင်း ရှိ၊ မရှိ လေ့လာဆန်းစစ်ဖော်ထုတ်သွားမည်ဖြစ်သည်။

၄။ လေ့လာတွေ့ရှိချက်

မြန်မာဘာသာစကားသည် နက်နဲ၍အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူနိုင်သော ဘာသာစကားဖြစ် သည်။ ထို့သို့ ဂယက်အနက်အမျိုးမျိုးထွက်သောကြောင့် စကားသံများကို တွဲစပ်၍သုံးနှုန်းခြင်းမှာ လည်း စာရေးသူတို့၏ ထူးခြားသောရေးဟန်တစ်ခုအဖြစ် သိမြင်လာရပေသည်။ ဤစာတမ်းသည် ဆရာမင်းသုဝဏ်၏ ကဗျာ(၃)ပုဒ်မှ

ဗျည်းတူသရကွဲအတွဲအစပ်များကို လေ့လာထားသော စာတမ်း ဖြစ်သည်။ ထို့ကြောင့် စကားသံအတွဲအစပ်များမှတဆင့် မင်းသုဝဏ်၏ ထူးခြားသော ရေးဟန်များ ကိုပါ လေ့လာသိရှိနိုင်ပါသည်။

မင်းသုဝဏ်၏ 'သပြေညို' ကဗျာတွင် ဗျည်းတူသရကွဲအတွဲအစပ်များကို လေ့လာတွေ့ရှိရ ပါသည်။ ကဗျာ၏ ဒုတိယပိုဒ်တွင် -

'တို့ပြေမှာ တို့မေကမ်းပါတဲ့

သပြေညို ရွှေဘိုပန်းဟာက

လန်းလျက်ပါကို'

(မင်းသုဝဏ်၊ ၂၀၁၆၊ စာ၂၂၅။)

ဟူ၍ တွေ့ရှိရပါသည်။ အောင်ပွဲရပြီးပြန်လာသောသူများအား အောင်နိမိတ်ကို ကိုယ်စားပြုသော လန်းဆန်းသည့် သပြေညိုရွှေဘိုပန်းများဖြင့် ကြိုဆိုမည်ဖြစ်ကြောင်း ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဤတွင် 'ပ' ဗျည်းများကို 'ပြေ၊ ပါ၊ ပြေ၊ ပန်း၊ ပါ'ဟူ၍ တွဲစပ်ဖွဲ့ဆိုထားပါသည်။ အသံသာယာပြေပြစ်၍ လွတ်လပ်ရေးရမည်ဟု ယုံကြည်ထားသော စာဆို၏ အေးဆေးတည်ငြိမ်မှုသဘောများကိုပါ ပေါ်လွင်စေသောရေးဟန် ဖြစ်သည်။ ထို့ပြင် 'လန်းလျက်'ဟူ၍ ရှေ့နောက်ကပ်လျက်ဖွဲ့ဆိုထားသော ဗျည်းတူသရကွဲအတွဲအစပ်ကြောင့် လန်းဆန်းနေသော သပြေညိုနှင့်အတူ လွတ်လပ်ရေးရရန်အတွက် တက်ကြွလန်းဆန်းစွာပါဝင်ဆင်နွှဲမည့် ပြည်သူပြည်သားတို့၏ အမျိုးသားရေးစိတ်ဓာတ်များကိုပါ ညွှန်းဆို ပြနေသောရေးဟန်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဗျည်းတူသရကွဲအတွဲအစပ်များသည် စာရေးဟန်ကို တစ်မူထူးခြားအောင် အထောက်အကူပြုနိုင်ပြီး ပြောလိုသော အကြောင်းအရာများ၏ အနက်အဓိပ္ပါယ်ကို ပေါ်လွင်အောင် ဖော်ဆောင်ထားနိုင်သည်ကို တွေ့ရသည်။

ထို့ပြင် ကဗျာ၏ တတိယပိုဒ်တွင် စာဆိုက -

'ဘာမလျှော့လေနဲ့

လာတော့မကွဲ့ ရွှေပဟိုရ်

လေချိုက အသွေး'

(မင်းသုဝဏ်၊ ၂၀၁၆၊ စာ၂၂၅။)

ဟူ၍ ဖွဲ့ဆိုထားပါသည်။ ဤတွင် ပြည်သူလူထုအားလုံး အားမလျှော့ဘဲ စည်းလုံးတက်ကြွစွာ ပါဝင်ဆောင်ရွက်ပါက လွတ်လပ်ရေးနှင့်ဝေးကွာတော့မည်မဟုတ်ကြောင်း ပြောဆိုနေသည့် စာဆို၏ အသံကို 'မလျှော့လေ၊ လာ၊ လေ'ဟူသော ဗျည်းတူသရကွဲအတွဲအစပ်များက ဖော်ညွှန်းပြနေပေသည်။ ဤဗျည်းတူသရကွဲအတွဲအစပ်တွင် ရှေ့နောက်ကပ်လျက် တွဲစပ်ပုံမျိုးနှင့်အသံချင်းခွာ၍ တွဲစပ်ပုံမျိုးတို့ ကို တွေ့ရှိရပါသည်။ လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်ရန်တိုက်တွန်းလှုံ့ဆော်နေသော စာဆို၏ အသံ ကို ကြားယောင်လာစေသည်။ ဗျည်းတူသရကွဲပြားသော တွဲစပ်ပုံမျိုးဖြစ်သော်လည်း စာဆို၏ ဦးတည် ချက်တို့သည် စကားသံအတွဲအစပ်များကြောင့် ပေါ်လွင်လာရပါသည်။ အကြောင်းအရာကို အားဖြည့် ပေးနိုင်သည့် စာဆို၏ ရေးဟန်ကောင်းတစ်ခုဟု ဆိုနိုင်ပါသည်။

စာဆိုသည် ကဗျာ၏ နောက်ဆုံးပိုဒ်တွင် လွတ်လပ်ရေးရောင်နီလာခိုက် အတူပျော်ရွှင်စွာ လွတ်လပ်ရေးအောင်စည်တော်ကို တီးရန်အတွက် အောင်မြင်မှုကို အတူဆင်နွှဲမည့် သပြေပန်းများကို ဆင်မြန်း၍ ရှေ့သို့ ရဲရဲကြီးလှမ်းကြပါဟု တိုက်တွန်းနှိုးဆော်ထားသည်။ ဤသည်ကို ကဗျာတွင် -

‘လင်းကြက်ဆော်

ကွင်းထက်မှာ တူပျော်ပျော်နဲ့

စည်တော်ကို ရည်မျော်မှန်းကာပ

ရောင်နီမှာ အောင်စည်ရွှမ်းရအောင်

သပြေညို ရွှေဘိုပန်းရယ်နဲ့

လှမ်းကြစို့လေး’

(မင်းသုဝဏ်၊ ၂၀၁၆၊ စာ၂၂၅။)

ဟူ၍ တွေ့ရှိရပါသည်။ ‘ရည်၊ ရောင်၊ ရွှမ်း၊ ရွှေ’ဟူသော ဗျည်းတူသရကွဲအတွဲအစပ်များဖြင့် ရေးဖွဲ့ထား ကြောင်း တွေ့ရှိရသည်။ ‘ရ’ဗျည်းများကို မတူညီသော သရအတွဲအစပ်များဖြင့် မနီးမဝေးတွဲစပ်ကာ ရေးဖွဲ့ထားသည်။ ဗျည်းသံတူ၍ သရသံကွဲပြားမှုရှိသော်လည်းလွတ်လပ်ရေးအောင်ပွဲကို အတူ ပျော်ရွှင်စွာဆင်နွှဲရန် တိုက်တွန်းနှိုးဆော်ထားသည့် စာဆို၏လေသံကို အားတက်ဖွယ်ကြားသိရပါ သည်။ အမျိုးသားရေးစိတ်ဓာတ်ကို လှုံ့ဆော်သောကဗျာဖြစ်သည်နှင့်အညီ တက်ကြွလန်းဆန်းမှုကို စကားသံအတွဲအစပ်များနှင့် ပံ့ပိုးရေးဖွဲ့ထားနိုင်သည်ကို တွေ့ရသည်။ စာဖတ်သူတို့အနေဖြင့်လည်း ကဗျာဖတ်ရှုရသည်နှင့်မတူတော့ဘဲ လွတ်လပ်ရေးအောင်ပွဲကို ကိုယ်တိုင်ပါဝင်ဆင်နွှဲရစေသကဲ့သို့ ခံစားမိလာအောင် ရေးဖွဲ့ထားနိုင်သည်ကိုလည်း တွေ့ရပါသည်။ ရည်ရွယ်ချက်အလိုက် ရေးဟန်ဟု ဆိုနိုင်ပါသည်။

မင်းသုဝဏ်၏ ‘နှင်းဆီပွင့်’ ကဗျာတွင် ဗျည်းတူသရကွဲအတွဲအစပ်များကို လေ့လာတွေ့ရှိရ ပါသည်။ ကဗျာတွင် ချစ်သူ၏တောင်းဆိုမှုကြောင့် ခရေဖူးကိုခူးကာပေးမည်ဖြစ်ကြောင်းကို -

‘လယ်တောကပြန်

ပန်ချင်တယ် ခရေဖူးဆိုလို့

မောင်ခူးကာပေး’

(မင်းသုဝဏ်၊ ၂၀၁၆၊ စာ ၁၈၁။)

ဟူ၍ ရေးဖွဲ့ထားပါသည်။ ဤတွင် ချစ်သူ၏တောင်းဆိုမှုကို ဖြည့်ဆည်းပေးသောစာဆို၏ ချစ်ခင် ကြင်နာမှုသဘောများကို ‘ပြန်၊ ပန်၊ ပေး’ဟူသော ဗျည်းတူသရကွဲအတွဲအစပ်များက ဖော်ညွှန်း ပြနေ ကြောင်း တွေ့ရှိရသည်။ ‘ပ’ဗျည်းကို မတူညီသော သရအတွဲအစပ်များဖြင့် ဖန်တီးရေးဖွဲ့ထားရာ အသံသာယာပြေပြစ်မှုကို ပေးစွမ်းနိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ချစ်သူအပေါ်တွင် နူးညံ့ ညင်သာစွာ ပြောဆိုတတ်သည့် လူသဘော၊ လူသဘာဝတို့ကို ပုံဖော်ပေးထားနိုင်ကြောင်း တွေ့ရှိရပါ သည်။ စာဖတ်သူ၏ စိတ်နှလုံး၌လည်း စာဆို၏ ချစ်ခင်ကြင်နာမှု၊ မြတ်နိုးတန်ဖိုးထားမှုတို့ကို မြင်သာလာပြီး ကဗျာဖန်တီးသူတစ်ယောက်ထက်ပိုသော အတွေးအမြင်များ ဖြစ်ပေါ်လာစေသည်။ ဗျည်းတူသရကွဲအတွဲအစပ်ကြောင့်ရရှိသော စာပေအာနိသင်များပင်ဖြစ်ပါသည်။

ထို့နောက် ကဗျာတွင် နောက်တစ်နေ့မနက်၌ ချစ်သူကို နှင်းဆီပန်းများပန်ကာ မြင်တွေ့ လိုက်ရသော စာဆို၏ခံစားချက်ကို -

‘မနက်တုန်းဆီက

ကြော့ဆုံးကိုမောင်မြင်တော့

သူ့ဆံပင်နှင်းဆီပွင့်တွေနှင့်

ဂုဏ်တင့်တယ်လေး’

(မင်းသုဝဏ်၊ ၂၀၁၆၊ စာ ၁၈၁။)

ဟူ၍ ရေးဖွဲ့ထားပါသည်။ ဗျည်းတူသရကွဲအတွဲအစပ်များဖြင့် စာဆို၏စိတ်ခံစားချက်ကို တဆင့်ချင်း ပုံဖော်ဖန်တီးထားကြောင်း တွေ့ရှိရသည်။ ချစ်သူအားစတင်တွေ့လိုက်ရသည့်အချိန်၊ မြင်လိုက်ရသည့် မြင်ကွင်း၊ ခံစားလိုက်ရသည့်ခံစားချက်ကို ‘တုန်း၊ တော့၊ တွေ့၊ တင့်တယ်’ဟူသော ဗျည်းတူသရကွဲ အတွဲအစပ်များဖြင့် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ထို့ကြောင့် စာဆို၏ စိတ်ခံစားချက်တို့သည် တစ်ဆင့်ချင်း စာဖတ်သူထံ ရောက်ရှိသွားကာ စာဆို၏စိတ်ခံစားချက်နှင့် စာဖတ်သူ၏စိတ်ခံစားချက် တို့ ထပ်တူကျသွားစေပါသည်။ စိတ်ခံစားမှုကို ပုံဖော်ဖန်တီးရာတွင် ဗျည်းတူသရကွဲအတွဲအစပ် များသည် များစွာပံ့ပိုးပေးထားကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် ‘မောင်မြင်’၊ ‘တင့်တယ်’ဟူသော နီးကပ်စွာဖွဲ့ဆိုထားသည့် အတွဲအစပ်လေး သည် စာဆို၏ ကရုဏာသက်ဖွယ်ကောင်းသောအသံကို ကြားယောင်မိလာသည့်အထိ အသက်ဝင်မှုရှိသည်ဟု ဆိုနိုင်ပါသည်။ စာဆို၏ထိမိပေါ်လွင်သော စိတ်ခံစားမှုကို စာဆို၏ ရေးဟန်များက ကောင်းစွာပံ့ပိုးပေးနိုင်ကြောင်း တွေ့ရှိရသည်။

‘ပျဉ်းမဉတ်တို’ ကဗျာတွင်လည်း ဗျည်းတူသရကွဲအတွဲအစပ်များကို လေ့လာတွေ့ရှိရပါ သည်။ ကဗျာ၏ ပထမပိုဒ်တွင် -

‘ဖုထစ်ရွှတ်တွ၊ ငှက်လင်းတသို့

ပျဉ်းမဉတ်တို၊ သက်ကျားအိုသည်

ကုန်းမို့ထက်တွင် တစ်ပင်တည်း။’

(မင်းသုဝဏ်၊ ၂၀၁၆၊ စာ၂၆၀။)

ဟူ၍ တွေ့ရှိရသည်။ ယခင်က အရွက်၊အပွင့်များဖြင့် ဝေဆာခဲ့သော ပျဉ်းမပင်ကြီးသည် စစ်ဘေး စစ်ဒဏ်ကြောင့် ယိုယွင်းပျက်စီးကာ လင်းတငှက်အိုကြီးနားနေသကဲ့သို့ ရုပ်ဆိုးအကျဉ်းတန်နေ ကြောင်း ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဤတွင် ပျဉ်းမဉတ်တို၏ အသွင်သဏ္ဌာန်ကို ‘တွ၊ တ၊ တို’ဟူသော ဗျည်းတူသရကွဲအတွဲအစပ်များဖြင့် ဖန်တီးရေးဖွဲ့ထားသည်။ စစ်ဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့ရ သော ပျဉ်းမဉတ်တို၏ ရုပ်အသွင်တို့သည် ပို၍ထင်သာမြင်သာဖြစ်လာစေသည်။ လောကဓံ၏ဒဏ်ကို ရင်ဆိုင်ကြုံတွေ့နေရသော လူသားတို့အတွက် ခွန်အားပေးသောကဗျာဖြစ်သည်နှင့်အညီ လောကဓံ နှင့် ရင်ဆိုင်ကြုံတွေ့ရချိန်၌ဖြစ်ပေါ်တတ်သော အခြေအနေဖြစ်ရပ်တို့ကို ရှင်းလင်းမြင်သာအောင် ပုံဖော်ဖန်တီးထားနိုင်ကြောင်း တွေ့ရှိရသည်။ အထူးသတ်မှတ်၍ရေးသောဟန်ဟု ဆိုနိုင်ပါသည်။ ဤဗျည်းတူသရကွဲအတွဲအစပ်များတွင် ဗျည်းတူများကို မတူညီသောသရများဖြင့် ခပ်ခွာခွာတွဲစပ်ထား သည်ကို တွေ့ရှိရသည်။ဗျည်းတူ၍ အသံကွဲပြားသောစကားသံအတွဲအစပ်ကြောင့် ပျက်စီးယိုယွင်းနေ သော ပျဉ်းမဉတ်တို၏ အခြေအနေဖြစ်ရပ်တစ်ခုချင်းစီသည် ပုံပေါ်လာရပေသည်။

ပျဉ်းမဉတ်တိုကြီး၏ ကြည့်ရှုဖွယ်မကောင်းသော အသွင်အပြင်ကိုဖွဲ့ပြထားပြီးနောက်တွင် စာဆိုက-

‘ထိုပင်ငုတ်တို၊ပျဉ်းမအိုသည်
စစ်ကိုလည်းကြုံ၊ ခြအုံလည်းဖြစ်
ခေးထစ်လည်းခံ၊ နေလျှံလည်းတိုက်
လေပြင်းခိုက်လည်း၊ မငိုက်ဦးခေါင်း
နွေသစ်လောင်းသော်
ရွက်ဟောင်းညှာကြွေရွက်သစ်ဝေ၍
လေပြည်ထဲတွင် ငယ်ရုပ်ဆင်သည်
အသင် ယောကျှင်းကောင်းတကား။’

(မင်းသုဝဏ်၊ ၂၀၁၆၊ စာ၂၆၀။)

ဟူ၍ ရေးဖွဲ့ထားပါသည်။ ပျဉ်းမငုတ်တိုကြီးသည် စစ်ဘေး၊ခြဘေး စသော သဘာဝဘေးအန္တရာယ် များနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်းရွက်သစ်များဝေ၍ ပြန်လည်လန်းဆန်းလာကြောင်းတို့ကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ပျဉ်းမငုတ်တိုကြီးတွေ့ကြုံခဲ့ရသော လောကဓံ၏ရိုက်ခတ်မှုများကို‘ ခြ၊ ခံ၊ ခိုက်၊ ခေါင်း’ဟူသော ဗျည်းတူသံကွဲသရများဖြင့် ဖန်တီးရေးဖွဲ့ထားသည်။ စာဆိုသည် ‘ခ’ဗျည်းကို သရမတူသော အသံအတွဲအစပ်များဖြင့် ရေးဖွဲ့ပြပြီး ပျဉ်းမငုတ်တို၏ ခက်ခဲကြမ်းတမ်းသော အခြေ အနေသရုပ်ကို ဝိပြင်အောင်ပြသည်။ နောက်ဆုံးတွင် ထိုမျှကြမ်းတမ်းသော ဘဝကို ဖြတ်ကျော်ပြီး ပြန်လည်နုပျိုသစ်လန်းလာသည့် ပျဉ်းမပင်၏အသွင်သရုပ်ကိုပြဆိုသည်။ ပျဉ်းမငုတ်တို၏ ခက်ခဲ ကြမ်းတမ်းသောသရုပ်ကို ပြနိုင်လေလေ အခက်အခဲမှန်သမျှ ရင်ဆိုင်နိုင်သည့် ပျဉ်းမငုတ်တို၏ စွမ်းရည်သတ္တိသည် ပေါ်လွင်လာလေလေဖြစ်သည်။ စာပေ၏ အနှစ်သာရပေါ်လွင်မှုရှိအောင် ဗျည်းတူ သရကွဲအတွဲအစပ်များဖြင့် ထောက်ပံ့ဖော်ဆောင်ပေးထားသည်။ လောကလူ့ဘဝတွင် ရင်ဆိုင်ကြုံ တွေ့ရသော အခက်အခဲများအပေါ်၌ ရင်ဆိုင်ဝံ့သော အစွမ်းသတ္တိများကို ပေးစွမ်းလိုသည့် စာဆို၏ စေတနာ ဦးတည်ချက်ကို ပေါ်လွင်စေသည့် ရေးဟန်ကောင်းတစ်ခုဟုလည်း ဆိုနိုင်ပါသည်။

၅။ သုံးသပ်ချက်

ဤစာတမ်းတွင် စာဆိုမင်းသုဝဏ်၏ ကဗျာများမှ ဗျည်းတူသရကွဲအတွဲအစပ်များကို လေ့လာတင်ပြ ထားပါသည်။ ကဗျာများတွင် တွေ့ရှိရသော ဗျည်းတူသရကွဲအတွဲအစပ်များသည် စာဆို၏ စိတ်ခံစားမှု စာဆို၏ဦးတည်ချက်တို့ကို ကောင်းစွာပုံဖော်ပေးထားနိုင်ကြောင်းတွေ့ရှိရသည်။ သပြေညိုကဗျာတွင် ဗျည်းတူသရကွဲအတွဲအစပ်များကို ကပ်လျက်အတွဲအစပ်နှင့် ခပ်ခွာခွာအတွဲအစပ်ဟူ၍ တွေ့ရှိရသည်။ လွတ်လပ်ရေးအောင်ပွဲကို အတူဆင်နွဲလိုသည့် စာဆို၏ စေတနာကို ပေါ်လွင်စေသည့် အတွဲအစပ် များပင် ဖြစ်သည်။ ကပ်လျက်ဖွဲ့ထားသော အတွဲအစပ်များသည် အသံချိုသာ၍ အနက်အဓိပ္ပါယ်တို့ သည်လည်း လေးနက်မှုရှိလာကြောင်း တွေ့ရှိရသည်။ စာဖတ်သူတို့အား လွတ်လပ်ရေးကို ကိုယ်တိုင် ပါဝင်ဆင်နွဲလိုသည့်စိတ်များ ကိန်းဝပ်လာအောင် ရေးဖွဲ့နိုင်စွမ်းရှိသော မင်းသုဝဏ်၏ ရည်ရွယ်ချက် အလိုက်ရေးဟန်ဟု ဆိုနိုင်ပါသည်။

နှင်းဆီပွင့်ကဗျာတွင် ဗျည်းတူသရကွဲအတွဲအစပ်များကို ကပ်လျက်အတွဲအစပ်နှင့် ခပ်ခွာခွာ အတွဲအစပ်ဟူ၍ တွေ့ရှိရသည်။ ချစ်သူအား စတင်တွေ့လိုက်ရသည့်အချိန်၊ မြင်လိုက်ရသည့်မြင်ကွင်း၊ ခံစားလိုက်ရသည့် ခံစားချက်များကို ဗျည်းတူသရကွဲအတွဲအစပ်များဖြင့် ရေးဖွဲ့ထားသောကြောင့် စာဆို၏ ထိခိုက်ခံစားနေရသော အသံသရုပ်ကိုပါ ထင်သာမြင်သာဖြစ်လာစေကြောင်း တွေ့ရှိရသည်။ ထို့ပြင်

‘မောင်မြင်၊ တင့်တယ်’ဟူသော နီးကပ်စွာဖွဲ့ဆိုထားသော အသံအတွဲအစပ်လေးသည် စာဆို၏ ကရုဏာသက်ဖွယ်ကောင်းသော အသံကို ကြားယောင်လာသည်အထိ အသက်ဝင်မှုရှိကြောင်း တွေ့ရ သည်။ မင်းသုဝဏ်၏ စိတ်ခံစားချက်အလိုက် ရေးဟန်ဟု ဆိုနိုင်ပါသည်။

ပျဉ်းမငုတ်တို ကဗျာတွင် ဗျည်းတူသရကွဲအတွဲအစပ်များကို ခပ်ခွာခွာတွဲစပ်ထားကြောင်း တွေ့ရှိရသည်။ လောကခံကို ရင်ဆိုင်ကြုံတွေ့နေရသော လူသားတို့အတွက် ခွန်အားပေးသော ကဗျာ ဖြစ်သည်နှင့်အညီ ပျဉ်းမပင်၏တွေ့ကြုံရသော အခြေအနေအခက်အခဲများကို ဗျည်းတူသရကွဲအတွဲ အစပ်များဖြင့် ပေါ်လွင်စွာရေးဖွဲ့ထားကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ဘေးအန္တရာယ်ပေါင်းစုံကို ကြုံတွေ့ခဲ့ရသော ပျဉ်းမပင်၏ အခြေအနေများကို တွေ့မြင်ရကာ ပြန်လည်လန်းဆန်းလာသော ပျဉ်းမငုတ်တိုအတွက် အားရကျေနပ်စိတ်များ ကိန်းအောင်းလာရပေသည်။ စာဖတ်သူအား ဘဝ အားမာန်ကို ပေးသော စာဆို၏ ရည်ရွယ်ချက်အလိုက်ရေးဟန်ကို တွေ့ရှိရသည်။

ဗျည်းတူသရကွဲအတွဲအစပ်များကြောင့် စာဆို ၏ရေးဟန်မှတဆင့် စာပေ၏ အာနိသင်ထွက် လာပြီး စာဖတ်သူအား အားရစိတ်၊ တတ်ကြွစိတ်၊ သနားစိတ်စသော စိတ်ခံစားမှုအမျိုးမျိုးကို ပေးထား နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဗျည်းတူသရကွဲအတွဲအစပ်များသည် အသံသာယာပြေပြစ်မှု၊ စာဆို၏စိတ်ခံစားချက်၊ ဦးတည်ချက်တို့ကို အထောက်အပံ့ပြုနိုင်သောကြောင့် ကဗျာတစ်ပုဒ်ဖန်တီး ရာတွင် များစွာလိုအပ်မှုရှိကြောင်း ယူဆမိပါသည်။ မင်းသုဝဏ်၏ ဗျည်းတူသရကွဲအတွဲအစပ် များသည် ဗျည်းတူသော်လည်း အဓိပ္ပာယ်မတူသော စကားလုံးတစ်လုံးချင်းကို အချင်းချင်းဆက်နွယ် ကာ ပြောလိုသော အချက်ကိုကောင်းစွာပုံဖော်ဖန်တီးထားနိုင်သောရေးဟန်ကောင်းဟု သုံးသပ်မိပါ သည်။

နိဂုံး

ဤစာတမ်းသည် မင်းသုဝဏ်၏ ကဗျာများမှ ဗျည်းတူသရကွဲအတွဲအစပ်များကို လေ့လာထား သောစာတမ်းဖြစ်ပါသည်။ အလေ့လာခံကဗျာများဖြစ်သော ‘သပြေညို၊ နှင်းဆီပွင့်၊ ပျဉ်းမငုတ်တို’ ကဗျာများရှိ ဗျည်းတူသရကွဲအတွဲအစပ်များသည် စာဆို၏စိတ်ခံစားမှု၊ ဦးတည်ချက်ကို ကောင်း စွာပုံဖော်ပေးထားနိုင်ကြောင်းတို့ကို လေ့လာတင်ပြလိုက်ရပါသည်။ စာဆိုနှင့်စာဖတ်ပရိသတ်တို့ ခံစားချက်ထပ်တူကျခြင်းသည် ဗျည်းတူသရကွဲအတွဲအစပ်များ၏ စာပေအာနိသင်များပင်ဖြစ်သည်။

ကျမ်းကိုးစာရင်း

မြန်မာဘာသာ

ခင်မင်၊ မောင်(ခနုဖြူ) ။ (၂၀၁၁) ။ ***ရေးဟန်ပညာနိဒါန်း*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ခင်မင်၊ မောင်(ခနုဖြူ) ။ (၂၀၂၃) ***စကားပြေသဘောတရား စကားပြေအတတ်ပညာ*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ဇော်ဂျီ ။ (၂၀၀၄) ။ ***ရသစာပေအဖွင့်နှင့်နိဒါန်း*** ။ စိတ်ကူးချိုချိုအနုပညာ။

တင်မိုး ။ (၂၀၀၃) ။ ***မြန်မာ့ဘဝ၊ မြန်မာ့ဝန်းကျင်နှင့် မြန်မာကဗျာစာတမ်း*** ။ ရန်ကုန်၊ ကာလာစုံအော့ဖ်ဆက်။

မင်းသုဝဏ်။ (၂၀၁၆) ။ ***မင်းသုဝဏ် ကဗျာပေါင်းချုပ်*** ။ ရန်ကုန်၊ The Key Collection။

မြန်မာအဘိဓာန်။ (၁၉၉၀) ။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့ ။ (၂၀၀၈) ။ ***မြန်မာအဘိဓာန်*** ။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

အင်္ဂလိပ်ဘာသာ

Lucas, F.L. (1964), ***Style.*** London. Pan Books.

Wales, Katie, (2011), ***A Dictionary of Stylistics,*** Third Edition, Longman Linguistics.

လေ့လာဖတ်ရှုသောစာအုပ်စာရင်း

မိုးမြေ၊ မ။ (၂၀၀၈) ။ ***ကဗျာဖန်တီးသူနှင့်ကဗျာခံစားသူ (ပထမအကြိမ်)*** ။ ရန်ကုန်၊ ရွှေကံကော် ပုံနှိပ်တိုက်။

ဝင်းမွန်၊ တက္ကသိုလ် ။ (၂၀၁၆) ။ ***ခေတ်သစ်ကဗျာဓိတ်ဖွဲ့ (တတိယအကြိမ်)*** ။ ရန်ကုန်၊ ရာပြည့် စာအုပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ ။ (၂၀၂၀) ။ ***သုတေသနဟူသည်*** ။ ရန်ကုန်၊ ဧရာဝဏ်စာပေတိုက်။

ဒဂုန်တာရာ၏ “မေ” ဝတ္ထုမှ အရောင်ဝေါဟာရများလေ့လာချက်

(အတ္ထဗေဒ)

သွယ်ဇင်ဖြိုး[၁]

စာတမ်းအကျဉ်း

ဤစာတမ်းတွင် ဒဂုန်တာရာ၏ “မေ”ဝတ္ထုမှ အရောင်ဝေါဟာရများကို အတ္ထဗေဒအမြင်ဖြင့် လေ့လာထားပါသည်။ မြန်မာဘာသာစကားရှိ အရောင်ဝေါဟာရတို့၏ သဘောသဘာဝ၊ အနက် ဖွဲ့ယှက်မှုသဘော၊ ဝတ္ထု**ပါ** အရောင်ဝေါဟာရတို့၏ ဂယက်အနက်ထင်ဟပ်မှု ရှိ၊ မရှိ တို့ကို သိရှိစေရန် ရည်ရွယ်၍ လေ့လာခြင်းဖြစ်ပါသည်။ လေ့လာတင်ပြရာတွင် သုတေသန နည်းနာအဖြစ် သရုပ်ဖော်သုတေသနနည်းနှင့် ရှင်းလင်းဖော်ပြမှုသုတေသနနည်း အရ လေ့လာ ထားပါသည်။ ပညာရပ်ဆိုင်ရာနည်းနာအဖြစ် မောင်ခင်မင်(ဓနုဖြူ)၏ အတ္ထဗေဒနိဒါန်း စာအုပ်(၂၀၁၇) နှင့် ဘာသာအမြင် စာပေအမြင်စာအုပ်(၂၀၁၄)တို့မှ အရောင်ဝေါဟာရပညတ် အသုံးပြုပုံ နှင့် ဂယက်အနက်ဆိုင်ရာနည်းနာ တို့ကို အခြေခံလေ့လာထားပါသည်။ ထိုသို့ လေ့လာခြင်းဖြင့် မြန်မာဘာသာစကားရှိ အရောင်ဝေါဟာရများ ပညတ်အသုံးပြုပုံ၊ ဖန်တီးပုံ စနစ်၊ အရောင်ဝေါဟာရ တို့၏ ဂယက်အနက်သဘောအရ ဝတ္ထုကိုပံ့ပိုးပေးနိုင်မှုရှိပုံတို့ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ဤစာတမ်းသည် မြန်မာဘာသာစကားရှိ အရောင် ဝေါဟာရတို့၏ သဘောသဘာဝ၊ အနက်အဓိပ္ပာယ်နှင့် အသုံးအနှုန်း ကို လေ့လာသိရှိလိုသူတို့ အတွက် အထောက်အကူပြုနိုင် မည်ဖြစ်ပါသည်။

သော့ချက်ဝေါဟာရ။ ။ ဝတ္ထု၊ မြန်မာဘာသာစကား၊ **အရောင်ဝေါဟာရ**၊ အတ္ထဗေဒ၊ ဂယက်အနက်။

၁။ နိဒါန်း

ဒဂုန်တာရာ၏ မေဝတ္ထုသည် ဘာသာပြန်စာပေလက်ရာတစ်ပုဒ်ဖြစ်ပါသည်။ ဝတ္ထုတွင် စာရေးသူ ၏ သရုပ်ဖော်ချက်တို့တွင် စာဖတ်သူမြင်ယောင်လာစေရန် အရောင်ဝေါဟာရများ အသုံးပြုဖန်တီးရေး သားထားပါသည်။ ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ဆောင်တို့၏ အခြေအနေ၊ အသွင်အပြင်သဘော တို့ကို တိုက်ရိုက်သဘောနှင့်သာမက အရောင်ဝေါဟာရများ အသုံးပြု၍ သွယ်ဝိုက်တင်ပြထားသည်မှာ “မေ” ဝတ္ထု၏ထူးခြားချက်ပင်ဖြစ်သည်။ ဤသို့ဖြင့် အရောင်ဝေါဟာရတို့၏ အနက်ဖွဲ့ယှက်ချဲ့ထွင် အသုံးပြုမှုသဘောမှာ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ထို့ကြောင့် ဤစာတမ်းတွင် ‘မေ’ဝတ္ထုဇာတ်လမ်းရှိ အရောင်ဝေါဟာရများကို အတ္ထဗေဒအမြင်အရ လေ့လာတင်ပြမည်ဖြစ်ပါသည်။

၁၊ ၁။ မေဝတ္ထု၏အကြောင်းအရာချုပ်

မေဝတ္ထုသည် စာရေးဆရာဒဂုန်တာရာ၏ ၁၉၄၁ ခုနှစ်ထုတ် ဘာသာပြန်လက်ရာကောင်းတစ်ပုဒ် ဖြစ်ပါသည်။ မေဝတ္ထုသည် အင်္ဂလိပ်စာရေးဆရာ ဘီဗာလေနစ်ကိုလ်း၏ ၁၉၂၂ ခုနှစ်ထုတ် Self ဟူသည့် ဝတ္ထုကို ဆီလျော်အောင် ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။ Self ဝတ္ထုတွင် အဓိက ဇာတ်ဆောင်အမည်မှာ နန်စီဖြစ်ပါသည်။ “မေ”ဝတ္ထုတွင် အဓိကဇာတ်ဆောင်အမည်မှာ “မေ” ဖြစ်ပါ သည်။ မေသည် မိဘမရှိတစ်ကောင်ကြွက်ဖြစ်သည်။ ဝတ္ထုအစတွင် ရန်ကုန်ဆရာအတတ်သင် ကျောင်းဆင်းခါစမေသည်

---

[၁] နည်းပြ ၊ မြန်မာစာဌာန၊ မကွေးတက္ကသိုလ်

ပဲခူးမြို့သို့ ဆရာမအလုပ်သွားရောက်လုပ်ကိုင်ကြောင်း ဖော်ပြထားသည်။ မေသည် တစ်ဦးတည်းသောသူငယ်ချင်းဖြစ်သူ မခင်စီကို နှုတ်ဆက်ကာ ပဲခူးမြို့ရှိ ဦးဖေမောင်နှင့် ဒေါ်ငြိမ်းခင်တို့၏ နေအိမ်သို့သွားရောက်ကာ ဆရာမအလုပ်လုပ်သည်။ အိမ်ရှင်တို့၏ သမီးနှစ်ဦးကို စန္ဒယားတီးနည်း နှင့်အင်္ဂလိပ်စာသင်ပေးသည်။ မေသည် ပဲခူးတွင်နေသားကျလာသည်နှင့်အမျှ စန္ဒယားတီးခြင်းနှင့် အင်္ဂလိပ်စကားပြောကျွမ်းကျင်သောမေသည် အလွန်ရေပန်းစားနေသည်။ ပဲခူးမြို့ နေ အမျိုးသမီးထုက မေ့ကို မကြည်ဖြူသည့်အပြင် အိမ်ရှင် ဦးဖေမောင်မှာ မေ့ကို ခြေတော်တင်ရန် ကြိုးစားနေသည်။ မေသည် ပဲခူးတွင်အနေမပျော်ကြောင်း သူငယ်ချင်း မခင်စီတို့မောင်နှမနှစ်ယောက် သူ့ထံအလည်လာစဉ် မခင်စီကို ရင်ဖွင့်ခဲ့သည်။ မခင်စီ၏ အစ်ကို ဖြစ်သူ ကိုကျော်မြင့်မှာ ပဲခူးမှ ရန်ကုန်ပြန်ရောက်သော် မေကို မေ့မရ၍ ရင်ထိုးလက်ဆောင်ပါးလိုက်သည်။ မေသည် ပဲခူးမြို့မှ ထွက်ခွာရန် အိမ်ဖော်မလေးနှင့်ပူးပေါင်း၍ ဦးဖေမောင်ကို ထောင်ချောက်ဆင်ပြီး ငွေ ၃၀၀ ညှစ်ယူခဲ့ သည်။ ပဲခူးမှ ရန်ကုန်ပြန်ရောက်သောအခါ မေသည် အပျော်ကြူး၍ လမ်းဘေးနေ ဘသိန်းဆိုသူနှင့် ညီစွန်းခဲ့သည်။ ထို့ကြောင့်ညပြန်မအိပ်၍ အဆောင်မှ နှင်ချခံရကာ မေသည် သူငယ်ချင်းမခင်စီတို့ အိမ်တွင် သွားရောက်ခိုလှုံသည်။ သူငယ်ချင်းဖြစ်သူမခင်စီ၏အစ်ကို ကိုကျော်မြင့် ကို မာယာဖြင့် သိမ်းသွင်းခဲ့လေသည်။ ကိုကျော်မြင့်နှင့် လက်မထပ်ခင် 'ဘသိန်း'နှင့် အမှတ်မထင် ပြန်တွေ့စဉ်အခါက မေသည် တွေ့ရာအမှောင်ရိပ်တွင်ချစ်ပွဲဝင်ခဲ့သည်။ ထိုညတွင်ပင် သူများ၏ ဆွဲကြိုးကို မေ အရယူခဲ့ သည်။ မေသည် ခင်စီတို့မောင်နှမ၏အသိ ဦးဘညွန့် အိမ်သို့ အိမ်လည်ဖိတ်ခံရစဉ် မြင်ခွင့်ရသည့် ရတနာများ ကို မက်မောနေလေသည်။ ကိုကျော်မြင့်နှင့် မေ လက်ထပ်ကြ၍ အိမ်ခွဲနေကြသည်။ ခင်ပွန်းမရှိခိုက် မေသည် ဦးဘညွန့်နှင့်ညီစွန်းပြီး ငွေရယူခဲ့သည်။

မေကိုယ်ဝန်ရ၍ လင်မယားနှစ်ယောက် ပဲခူးအလည်သွားရာတွင် အခွင့်အခါကြုံခိုက် ဦးဖေမောင်က ကိုကျော်မြင့်ကို မေ၏အကြောင်းများ ဖွင့်ဟခဲ့သည်။ ကိုကျော်မြင့်မှာ မယုံကြည်ဘဲ မေ့အပေါ် မပြောင်းလဲပေ။ ပဲခူးတွင်ရှိစဉ် မေ့ထံ ဦးဘညွန့်၏ ချိန်းဆိုစာတစ်စောင်လည်း ရောက်လာ သည်။ မေသည် သားဦးလေးမွေး၍ ရန်ကုန်သို့ ပြန်ခဲ့သည်။ တစ်နေ့ ဦးဘညွန့်နှင့်အဆက် သွယ်ဖြတ်ရန် ဦးဘညွန့် အိမ်သွားရာတွင် မအောင်မြင်ဘဲ ဦးဘညွန့်၏ အလိုရမ္မက်ကို ဖြည့်ခဲ့ရသည်။ အိမ်ပြန်ရောက်သော် ခင်ပွန်းဖြစ်သူ ကိုကျော်မြင့်သည် မေ၏လျှို့ဝှက်ချက်အားလုံးကိုသိရှိခဲ့၍ မေ့ကို မုန်းတီးရွံရှာသွားလေသည်။ မေသည် အရှက်ကြီးရှက် ယူကြုံးမရဖြစ်၍ ခိုကိုးရာမဲ့ကာ နောက်ဆုံး ဘသိန်း၏ ရင်ခွင်ထဲတွင်ပင် အခြေဆိုက်တော့သည်။ မေ့ဘဝသည် ရုန်းထွက်၍မရသော ရမ္မက်နွန်ထဲ တွင် တဝဲလည်လည် စီးမျောနေကြောင်း ရေးသားထားသည့်ဝတ္ထုဖြစ်သည်။

၁၊ ၂။ သုတေသနမေးခွန်းနှင့် ပြဿနာအချို့

"မေ"ဝတ္ထုမှ အရောင်ဝေါဟာရများကို အတ္ထဗေဒအမြင်အရ လေ့လာရာတွင် အောက်ပါသုတေသန မေးခွန်းနှင့် ပြဿနာတို့ကို ကြုံတွေ့နိုင်ပါသည်။

၁။ အရောင်ဝေါဟာရတို့သည် ဂယက်အနက် သက်ရောက်မှု မည်သို့ရှိပါသနည်း။

၂။ အရောင်ဝေါဟာရတို့သည် ဝတ္ထုကို မည်သို့ထောက်ပံ့ပေးနိုင်ပါသနည်း။

အဆိုပါ သုတေသနမေးခွန်းများကို အဖြေရှာရာတွင် အောက်ပါပြဿနာအချို့နှင့်ကြုံတွေ့ရပါသည်။

၁။ ဝတ္ထုတွင် အရောင်ဝေါဟာရတို့သည် ဂယက်အနက်သက်ရောက်နိုင်မှုရှိ၊ မရှိ။

၂။ အရောင်ဝေါဟာရတို့၏ ဂယက်အနက်ထင်မှုအရ ဝတ္ထုကိုအကျိုးသက်ရောက်မှုပြုနိုင်၊ မပြုနိုင်။

အထက်ပါ သုတေသနမေးခွန်းနှင့် ပြဿနာတို့ကိုအခြေခံ၍ဝတ္ထုရှိအရောင်ဝေါဟာရတို့၏ ဂယက်အနက်ထင်မှု၊ တတ္ထုကိုထောက်ပံ့ပေးမှုတို့ကို ဆန်းစစ်ရာတွင် ဝတ္ထုတွင်စာရေးသူသည်

အရောင်ဝေါဟာရတို့ကို သိသိသာသာ အသုံးပြုထားပေရာ အကြောင်းမဲ့ဖော်ပြမှု သက်သက် အသုံးပြုထားခြင်းမဖြစ်နိုင်ပေ။ ဝတ္ထုဇာတ်အစိတ်အပိုင်းများဖြစ်သော ဇာတ်ဆောင်များ၊ ဇာတ်ကွက်များ စသည်တို့အပေါ်တွင် အရောင်ဝေါဟာရတို့၏ ဂယက်အနက်သဘောများ သက်ရောက်နိုင်ပြီး ဝတ္ထုသက်ဝင်မှုအတွက် ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းအဆိုပြုအပ်ပါသည်။ ဤသို့ဖြင့် အထက်ပါ သုတေသနမေးခွန်းများနှင့်ပြဿနာတို့ကို ဖြေရှင်းဖော်ထုတ်ရန် ဤစာတမ်းကို လေ့လာတင်ပြသွားပါမည်။

၂။ စာပေလေ့လာဆန်းစစ်ချက်

ဤစာတမ်းသည် ဒဂုန်တာရာ၏ မေဝတ္ထုမှ အရောင်ဝေါဟာရများကို အတ္ထဗေဒအမြင်ဖြင့် လေ့လာသောစာတမ်းဖြစ်ပါသည်။ လေ့လာရာတွင် အထောက်အကူဖြစ်စေရန် စာအုပ်များကို လေ့လာဖတ်ရှုခဲ့ပါသည်။

အလေ့လာခံအဖြစ် သီဟရတနာစာပေမှ ထုတ်ဝေသည့် ၂၀၀၂ ခုနှစ်ထုတ် ဒဂုန်တာရာ၏ မေဝတ္ထုကို လေ့လာဖတ်ရှုခဲ့ပါသည်။ ထိုမှ အရောင်ဝေါဟာရများကို ထုတ်နုတ်၍ အလေ့လာခံ အချက်အလက်များကို မှတ်သားပါသည်။ သုတေသနပြုမည့် ပညာရပ်ဆိုင်ရာ သဘောတရားတို့ကို သိရှိစေရန် ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)၏ အတ္ထဗေဒနိဒါန်းစာအုပ်(၂၀၁၇)မှ ဂယက်အနက်ဆိုင်ရာသဘောတရားများ နှင့်ဘာသာအမြင် စာပေအမြင်စာအုပ်(၂၀၁၄)မှ အရောင်ဝေါဟာရပညတ်အသုံးပြုပုံတို့ကို လေ့လာမှတ်သားပါသည်။ထို့ပြင် ဘာသာဗေဒနိဒါန်းစာအုပ်(၂၀၂၂)၊ ၁၉၉၉ ခုနှစ် ထုတ် မြန်မာစာသုတေသနဂျာနယ်မှ အရောင်ဝေါဟာရပညတ်ပုံသဘောနှင့် မြန်မာ့အရောင်ဝေါဟာရများဆောင်းပါး စသည်တို့ကို လေ့လာဖတ်ရှုခဲ့ပါသည်။ ထိုစာအုပ်များမှ အရောင်ဝေါဟာရများ ပညတ်ပုံ၊ အမျိုးအစား ခွဲပုံ၊ ဖွဲ့စည်းဖန်တီးပုံ၊ အနက်ထင်ပုံတို့ကို လေ့လာသိရှိရပါသည်။

ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)၏ အတ္ထဗေဒနိဒါန်းစာအုပ်(၂၀၁၇)မှ ဂယက်အနက်အမျိုးအစားများနှင့် သဘောသဘာဝတို့ကို လေ့လာသိရှိရ၍ စာတမ်းပြုစုရာတွင် များစွာအထောက်အကူဖြစ်စေပါသည်။ ထို့ပြင် ဝေါဟာရတို့၏ပညတ်ပုံ၊ အနက်ဖွင့်ပုံတို့ကို သိရှိရန် ဒုတိယကျော်အောင်စံထား ဆရာတော်၏ ဝေါဟာရတ္ထပကာသနီကျမ်းကိုလည်း လေ့လာခဲ့ပါသည်။ ထိုကျမ်းမှအရောင်ဝေါဟာရ ပညတ်မှု၊ အသုံးချဲ့ထွင်မှုတို့ကို လေ့လာသိရှိရပါသည်။

သုတေသနစာတမ်းပြုစုရာတွင် ပညာရပ်ဝန်းစာပေတိုက်မှ ထုတ်ဝေသည့် ၂၀၂၄ ခုနှစ်ထုတ် ဒေါက်တာအောင်မြင့်ဦး၏ သုတေသနဟူသည် စာအုပ်ကို လေ့လာဖတ်ရှုပါသည်။ စာတမ်းပြုစုရာ တွင် သိရှိရမည့် သုတေသနဆိုင်ရာအချက်အလက်တို့ကို သိရှိမှတ်သားရပါသည်။

ထိုသို့ဖြင့် စာအုပ်စာပေများမှ ရရှိသည့်ဗဟုသုတများ၊ ဆရာကြီး၊ ဆရာမကြီးတို့၏ လမ်းညွှန်မှု တို့အရ ဤစာတမ်းကို လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

၃။ နည်းနာ

ဤစာတမ်းသည် “မေ”ဝတ္ထုတွင် တွေ့ရသော အရောင်ဝေါဟာရများကို ချဉ်းကပ်လေ့လာမည်ဖြစ်ပါ သည်။ ထို့ကြောင့် ဖော်ထုတ်တင်ပြမည့် သုတေသနများတိကျခိုင်မာမှုရှိစေရန် သုတေသနပြုရာတွင် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာဟူ၍ နှစ်ပိုင်းခွဲကာ လေ့လာတင်ပြထားပါသည်။

၃၊ ၁။ ပညာရပ်ဆိုင်ရာနည်းနာ

အနက်အဓိပ္ပာယ်ဖွဲ့ယှက်မှုအရ အရောင်ဝေါဟာရများကို သတ်မှတ်ဖွဲ့စည်းရာတွင် အရောင်ဝေါဟာရသတ်မှတ်ပညတ်ပုံနှင့်ပတ်သက်၍ အတ္ထဗေဒအမြင်နှစ်ရပ်ရှိပါသည်။ အရောင်ဝေါဟာရပညတ်ရာ တွင် ဘာသာစကားတစ်ခုနှင့်တစ်ခု ကိုယ့်မူကိုယ့်ဟန်နှင့်ပညတ်ခြင်းဖြစ်၍ ပညတ်ပုံကွဲပြား ခြားနား ခြင်းနှင့်

အရောင်ဝေါဟာရ ပညတ်သတ်မှတ်ရာတွင် ဘာသာစကားတိုင်း အသုံးပြုနိုင်သည့် ဘုံစနစ်ရှိခြင်းဟူ၍ဖြစ်ပါသည်ဟု ဆရာကြီး မောင်ခင်မင်(ခနုဖြူ)၏ ဘာသာအမြင် စာပေအမြင် (၂၀၁၄) စာအုပ်တွင် ဖော်ပြထားပါသည်။

ဘာသာစကားတိုင်း အသုံးပြု၍ အရောင်ဝေါဟာရများ ပညတ်အသုံးပြုနိုင်သည့် ဘုံစနစ် အရ ဘာသာစကားတိုင်းတွင် အခြေခံအရောင်ဝေါဟာရ(၁၁)ရောင်မှ အနည်းဆုံး(၂)ရောင်ရှိကြောင်း ဘာလင်နှင့်ကေးတို့က ၁၉၆၉ခုနှစ်တွင် သုတေသနပြုဖော်ထုတ်ခဲ့သည်။ ထိုစနစ်အရ အခြေခံအရောင်ဝေါဟာရများ သတ်မှတ်ရာတွင် (၁)လုံးချင်းဝေါဟာရဖြစ်ခြင်း၊ (၂) အရောင်ဝေါဟာရမျိုးကွဲမဖြစ်ရခြင်း၊ (၃) အသုံးနယ်ကျဉ်းသည့် ဝေါဟာရမဖြစ်ရခြင်း၊ (၄) အရောင်ဝေါဟာရစာရင်းတွင် ထိပ်ဆုံးကဖော်ပြခံရသော ဝေါဟာရမျိုးဖြစ်ကြောင်း၊ (၅) သဒ္ဒါသဘောအရ အသုံးဖြန့်နိုင်ခြင်း၊ (၆) အရာဝတ္ထုတစ်ခုခု၏ အရောင်ကို အစွဲပြု၍ခေါ်ဝေါ်သော ဝေါဟာရမဖြစ်ခြင်း၊ (၇) မွေးစားစကားလုံး မဟုတ်သည့်ဝေါဟာရဖြစ်ခြင်း စသည့်မှတ်ကျောက် (၇)ချက်ဖြင့် ကိုက်ညီရမည်ဟူသောဖော်ပြချက် ကို မောင်ခင်မင်(ခနုဖြူ)၏ ဘာသာအမြင် စာပေအမြင်(၂၀၁၄) စာအုပ်တွင် လေ့လာတွေ့ရှိရပါသည်။

ထိုမှတ်ကျောက်တို့အရ မြန်မာဘာသာစကား၏ အရောင်ဝေါဟာရများကို ဖော်ထုတ်ရာတွင် အခြေခံအရောင်ဝေါဟာရ (၇)မျိုးရှိကြောင်း အတ္ထဗေဒနိဒါန်းစာအုပ်တွင်-

> “**မြန်မာဘာသာစကားရှိ အရောင်ဝေါဟာရများကို စိစစ်ကြည့်သောအခါ “စိမ်း”၊ “ညို”၊ “နီ”၊ “ပြာ”၊ “ဖြူ”၊ “မည်း”၊ “နက်”၊ “ဝါ”ဟူ၍ အခြေခံအရောင်ဝေါဟာရခုနစ်ခုရှိကြောင်း တွေ့ရ သည်။**”
> (ခင်မင်၊ မောင်(ခနုဖြူ)၊ ၂၀၀၇၊ ၃၀၃)

ဟူ၍ ဖော်ပြထားသည်။ ဝေါဟာရတ္ထပကာသနီကျမ်းတွင် မြန်မာဘာသာစကား၏ အရောင် ဝေါဟာရတို့နှင့်ပတ်သက်၍

> “**အညို၊ အပြာဟူသည်ကား အဖြူ၊ အညို၊ အနီ၊ အဝါ၊ အစိမ်း၊ အပြာဟူသော အဆင်းခြောက်ပါး ၌ အကျုံးဝင်သော ဂုဏ်ဝိသေသတည်း**”(ကျော်အောင်စံထား၊ ဆရာတော်၊ ၂၀၁၆၊ ၄၀၄)

ဟူ၍ ယူဆချက်ကို ဖော်ပြထားရာ ဒုတိယကျော်အောင်စံထားဆရာတော်က မြန်မာအရောင် (၆)ပါးရှိသည်ဟူသော ယူဆချက်ကိုလေ့လာသိရှိရပါသည်။

အရောင်ဝေါဟာရတို့ကို အမျိုးအစားခွဲခြားသည့်အခါ အခြေခံအရောင်ဝေါဟာရနှင့် တစ်ဆင့်ခံအရောင်ဝေါဟာရဟူ၍ ခွဲခြားသတ်မှတ်ပါသည်။ “ဘာလင်နှင့် ကေး”တို့၏ မှတ်ကျောက်(၇)ချက်နှင့် ကိုက်ညီသည့် အရောင်ဝေါဟာရတို့ကို အခြေခံအရောင်ဝေါဟာရအဖြစ် သတ်မှတ်ပါသည်။ ထိုမှတ်ကျောက်(၇)ချက်နှင့်မညီသော ဝေါဟာရတို့သည် တစ်ဆင့်ခံဝေါဟာရများဖြစ်သည်။

အခြေခံအရောင်ဝေါဟာရနှင့်ပတ်သက်၍ ဆရာကြီးမောင်ခင်မင်(ခနုဖြူ)က

> “**အခြေခံအရောင်ဝေါဟာရမှတ်ကျောက်နှင့် ချိန်ထိုးကြည့်လျှင် ‘နီ၊ ဝါ၊ ပြာ’ စသော စကားလုံး အနောက်များသည် ထိုမှတ်ကျော်များနှင့် ချိန်ထိုးခံနိုင်သော ဝေါဟာရများဖြစ်ကြောင်း တွေ့ရ သည်။ ထို့ကြောင့် အခြေခံအရောင်ဝေါဟာရများသည် စကားလုံးအနောက်များ ဖြစ်သည်။**”(ခနုဖြူ)၊ ၂၀၁၄၊ ၁၁၉)

ဟူ၍ ဖွင့်ဆိုထားပါသည်။ သို့ဖြစ်ရာ အခြေခံအရောင်ဝေါဟာရများသည် ပညတ်ခံသဘောနှင့် ဝေါဟာရတို့ ကြောင်းကျိုးဆက်သွယ်မှုမရှိသည့် စကားလုံးအနောက်များဖြစ်ပါသည်။

တစ်ဆင့်ခံအရောင်ဝေါဟာရနှင့်ပတ်သက်၍

“လိမ္မော်”စသော အရာဝတ္ထုအမည်များ၏ အရောင်များကို အကြောင်းပြု၍သော်လည်းကောင်း၊ “စိမ်း”၊ “ပြာ”စသော အခြေခံအရောင်ဝေါဟာရများကို တွဲစပ်၍သော်လည်းကောင်း၊ အခြေခံအရောင်ဝေါဟာရများနှင့် အခြား အရောင်ဝေါဟာရများကို တွဲစပ်၍သော်လည်းကောင်း ပေါ်ပေါက်လာရသော တစ်ဆင့်ခံအရောင်ဝေါဟာရများဖြစ်သည်။ ထို့ကြောင့် တစ်ဆင့်ခံအရောင်ဝေါဟာရများသည် စကားလုံးအကြည်များဖြစ်သည်ဟု တစ်နည်းဆိုနိုင်သည်။

(ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၉၉၉၊ ၅၅)

ဟူ၍ ဖွင့်ဆိုထားပါသည်။ သို့ဖြစ်ရာ တစ်ဆင့်ခံအရောင်ဝေါဟာရတို့သည် ပညတ်ခံသဘောနှင့် ဝေါဟာရကြောင်းကျိုးဆက်သွယ်မှုရှိသော စကားလုံးအကြည်များဖြစ်ပါသည်။

ဂယက်အနက်သဘောနှင့်ပတ်သတ်၍ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)၏ အတ္ထဇေဒနိဒါန်း စာအုပ်ရှိအခန်း(၃)အနက်အဓိပ္ပာယ်အမျိုးမျိုးအခန်းတွင် အနက်ရိုး၊ ဂုဏ်ရည်ပြအနက်၊ ခံစားမှုပြ အနက်၊ လူမှုအခြေအနေပြအနက်၊ ဒွန်တွဲအနက်၊ နှစ်ဖက်သွားအနက်၊ အလေးပေးအနက်ဟူ၍ ခွဲခြားဖော်ပြထားပါသည်။ ဤအနက်(၇)မျိုးတွင် အနက်ရိုးနှင့် အလေးပေးအနက်မှအပ ကျန်အနက် (၅)မျိုးကို ဂယက်အနက်အဖြစ် စုစည်းတင်ပြထားပါသည်။ ထိုဂယက်အနက်များ၏ အနက်သဘော ကို ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)၏အတ္ထဇေဒနိဒါန်းစာအုပ်မှ ဖော်ပြချက်များကို အခြေခံ၍အကျဉ်း ဖော်ပြပါမည်။

အနက်အဓိပ္ပာယ် အမျိုးအစား	အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ချက်
ဂုဏ်ရည်ပြအနက်	အညွှန်းခံ၏ဂုဏ်ရည်ကိုဖော်ပြသည့်အနက်
ခံစားမှုပြအနက်	စကားလုံးတွင်ထင်ဟပ်နေသောခံစားမှုကိုဖော်ပြသည့်အနက်
လူမှုအခြေအနေပြအနက်	အသုံးပြုသူ၏လူမှုအခြေအနေများထင်ဟပ်နေသည့်အနက်
ဒွန်တွဲအနက်	စကားလုံးများတွဲဆက်သုံးခြင်းဖြင့် ရရှိလာသောအနက်
နှစ်ဖက်သွားအနက်	အနက်တစ်ခုဖြင့်အသုံးပြုစဉ် အခြားအနက်တစ်ခု ပေါ်ထွက်လာသောအနက်

သို့ဖြစ်ရာ ဂယက်အနက်သည် အဘိဓာန်တွင်ဖော်ပြထားသည့် အနက်သဘောထက်ကျော် လွန်၍ တစ်ခြားသောအဓိပ္ပာယ်များ သက်ရောက်ထင်ဟပ်နေသည့် အနက်အမျိုးအစားဖြစ်ကြောင်း သိရှိရပါသည်။

ဤသို့ဖြင့် မေဝတ္ထုရှိ အရောင်ဝေါဟာရတို့ကို လေ့လာရာတွင် အခြေခံအရောင်ဝေါဟာရ နှင့် တစ်ဆင့်ခံအရောင်ဝေါဟာရဟူ၍ အမျိုးအစားခွဲလေ့လာတင်ပြပါမည်။ ထိုသို့လေ့လာရာတွင် အရောင်ဝေါဟာရတို့တွင် ဂယက်အနက်သဘောများ ထင်ဟပ်မှုရှိ၊ မရှိလေ့လာတင်ပြပါမည်။

၃၊ ၂။ သုတေသနနည်းနာ

ဤစာတမ်းသည် သရုပ်ဖော်သုတေသနနှင့် ရှင်းလင်းဖော်ပြမှုသုတေသနအမျိုးအစား ဖြစ်ပါသည်။ ရှာဖွေလေ့လာ ရရှိသည့်အချက်အလက်တို့ကို စိစစ်၍ လေ့လာရာတွင် သရုပ်ဖော်သုတေသန နည်းနာ ကို အသုံးပြုထားပါသည်။ သရုပ်ဖော်သုတေသန နှင့်ပတ်သက်၍ ဆရာကြီးဒေါက်တာအောင်မြင့်ဦးက

> **"သရုပ်ဖော်သုတေသနဟူသည် သုတေသနပြဿနာကို အဖြေရှာရာတွင် အလေ့လာခံ အချက်အလက်များကို သရုပ်ဖော်တင်ပြသော သုတေသနအမျိုး အစားဖြစ်သည်။**
>
> (အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၂၄၊၅၇)

ဟုဖွင့်ဆိုထားပါသည်။ထို့ပြင်ဆရာရွှေလင်းက

> **"Descriptive Research ဆိုသည်မှာအကြောင်းအရာတစ်ခု၊ အခြေအနေတစ်ရပ် စသည်တို့ရဲ့ လက္ခဏာသွင်ပြင်ကို ပုံဖော်ပေးဖို့ ဆန်းစစ်ကြည့်ဖို့၊ သက်သေပြဖို့၊ ရှင်းလင်းပြဖို့၊ အဓိပ္ပာယ် ဖွင့်ဆိုဖို့အတွက် အသုံးပြုရတဲ့ သုတေသနလုပ်ငန်းမျိုး ဖြစ်ပါတယ်"** (ရွှေလင်း၊၂၀၁၉၊ ၅၃)

ဟုရှင်းလင်းတင်ပြထားပါသည်။ ဤစာတမ်းတွင် အလေ့လာခံအရောင်ဝေါဟာရတို့ကို ထုတ်နုတ် သရုပ်ဖော် လေ့လာပါမည်။ ထို့ပြင် ရှင်းလင်းဖော်ပြမှု သုတေသနနှင့်ပတ်သက်၍လည်း

> **ရှင်းလင်းဖော်ပြမှု သုတေသနသည် သုတေသနပြဿနာနှင့်ပတ်သက်သည့် အယူအဆတစ်ရပ် မှန်ကန်ကြောင်းကို ခိုင်လုံသော သက်သေအထောက်အထားများနှင့်ပြ၍ ရှင်းလင်းဖော်ပြသော သုတေသနအမျိုးအစားဖြစ်သည်။** (အောင်မြင့်၊ ဒေါက်တာ၊ ၂၀၂၄၊ ၅၈)

ဟူ၍ ဖော်ပြချက်ကို လေ့လာသိရှိရပါသည်။ သို့ဖြစ်ရာ ဤစာတမ်းတွင် အလေ့လာခံအထောက် အထားတို့ကို ရှင်းလင်းဖော်ပြ၍ သုတေသနပြဿနာကို အဖြေရှာဖော်ထုတ်ထားပါသည်။

အထက်ဖော်ပြပါ ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာတို့အရ ဤစာတမ်းကို လေ့လာ တင်ပြသွားမည်ဖြစ်ပါသည်။

၄။ လေ့လာတွေ့ရှိချက်

အရောင်ဝေါဟာရတို့တွင် အခြေခံအရောင်ဝေါဟာရနှင့် တစ်ဆင့်ခံအရောင်ဝေါဟာရဟူ၍ ရှိပေ သည်။ ဒဂုန်တာရာ၏ မေဝတ္ထုတွင် အရောင်ဝေါဟာရအများအပြား အသုံးပြုထားကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုအရောင်ဝေါဟာရတို့သည် ဝတ္ထုရှိဇာတ်လမ်းနောက်ခံ အခြေအနေ၊ ဇာတ်ကွက်၊ ဇာတ်ဆောင်တို့၏ အခြေအနေသွင်ပြင်တို့ကို ပေါ်လွင်ထင်ရှားစေပါသည်။ "မေ"ဝတ္ထု တွင် အခြေခံအရောင်ဝေါဟာရနှင့် တစ်ဆင့်ခံအရောင်ဝေါဟာရနှစ်မျိုးလုံး အသုံးပြုထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၄၊ ၁။ အခြေခံအရောင်ဝေါဟာရ

မြန်မာဘာသာစကားတွင် အခြေခံအရောင်ဝေါဟာရ(၇)မျိုးရှိကြောင်း မောင်ခင်မင်(ခနုဖြူ)က သုတေသနပြုဖော်ထုတ်ထားပါသည်။ မြန်မာဘာသာစကား၏ အခြေခံအရောင်ဝေါဟာရ (၇)မျိုး မှာ စိမ်း၊ ညို၊

နီ၊ ပြာ၊ ဖြူ၊ မည်း(နက်)၊ ဝါ တို့ဖြစ်ပါသည်။ ဒဂုန်တာရာ၏ မေဝတ္ထုတွင် အခြေခံအရောင်ဝေါဟာရအသုံးပြုမှုကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရ၍ ဇယားဖြင့်ဖော်ပြထားပါသည်။

အခြေခံအရောင်ဝေါဟာရ	**ဝတ္ထုတွင်အသုံးပြုပုံ**
စိမ်း	စိမ်းသောကတုံး၊ စိမ်းရွက်ပိတ်၊ စိမ်းရွက်၊ စိမ်းသောသစ်ပင်၊ အစိမ်းရောင်၊ မီးစိမ်း၊ အပြာနှင့်အစိမ်း၊ အစိမ်း၊ အစိမ်းရောင်ဖဲပြား၊ အစိမ်းရောင်အဝတ်၊ အစိမ်းအနွယ်လေး၊ အစိမ်းအနားကွတ်၊ စိမ်းစိမ်း
ညို	တိမ်ညို၊ သက္ကလပ်အပေါ်ဖုံးအညို
နီ	မီးလုံးအနီ၊ မီးနီ၊ မီးနီရောင်၊ ဆေးနီ၊ အနီရောင်၊ မီးရောင်အနီ၊ နီနီ
ပြာ	ကောင်းပင်အပြာ၊ မျက်လုံးပြာ၊ မိုးအပြာ၊ အပြာရောင်ချိတ်၊ ထဘီချိတ် အပြာ၊ ပြာသောတိမ်တိုက်၊ အပြာရောင်ပန်းပွင့်၊ အပြာရောင်၊ အပြာနှင့် အစိမ်းတွဲစပ်ထားသော၊ အပြာကွက်ကော်ဇော၊ အပြာ၊ အပြာခံမှာ အစိမ်း အနွယ်၊ အပြာခံနှင့် အစိမ်းအနားကွပ်
ဖြူ	တိမ်တိုက်အဖြူ၊ ပုဝါဖြူ၊ ဆေးဖြူ၊ ပိတ်အင်္ကျီအဖြူ
နက်	ကြောင်နက်၊ ကတ္တီပါအနက်
ဝါ	အဝါ၊ ဖဲကြိုးအဝါ

အထက်ဖော်ပြပါဇယားအရ “မေ”ဝတ္ထုတွင် အခြေခံအရောင်ဝေါဟာရ (၇)မျိုးလုံးကို အသုံးပြုထားကြောင်းတွေ့ရပါသည်။ အခြေခံအရောင်ဝေါဟာရဖြစ်သော “ပြာ”ကို အများဆုံးအသုံးပြု ထားပြီး “ညို နှင့် ဝါ” အရောင်ဝေါဟာရတို့ကို အသုံးပြုမှုနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။ ဝတ္ထုတွင် အခြေခံအရောင်ဝေါဟာရတို့ကို ဇာတ်လမ်းနောက်ခံအခြေအနေ အပြင်အဆင်များ သရုပ်ဖော်ရာတွင် အများဆုံးအသုံးပြုထားပါသည်။ ထိုအရောင်ဝေါဟာရအသုံးပြုမှုအရ ဇာတ်လမ်း၏ နောက်ခံအခြေအနေတို့မှာ ရုပ်လုံးကြွသက်ဝင်လာစေပါသည်။ ဇာတ်ဆောင်တို့၏ ဝတ်စား၊ ဆင်ယင်မှုအသွင်အပြင် တို့ကို ဖော်ပြရာတွင်လည်း အခြေခံအရောင်ဝေါဟာရ အသုံးပြုမှုသည် မပါမဖြစ်ပေ။ ထိုအရောင်ဝေါဟာရများအသုံးပြုခြင်းဖြင့် ဇာတ်ဆောင်တို့၏ အသွင်အပြင် နှင့် စိတ်အစဉ်တို့ကို ပရိယာယ်ဖြင့် အသိပေးမှုသဘော ပေါ်လွင်စေပါသည်။ ဝတ္ထုတွင် မေသည် ကိုယ်ဝန်ဆောင်စဉ် ပဲခူးသို့သွားရန် ကိုကျော်မြင့်ကိုပူစာသည့်အခါ ကိုကျော်မြင့်က သဘောတူသည်။ ဤတွင်

> **“ရိုသမျှအရာတို့မှာ ပြာနေကြ၏။ ကောင်းကင်သာမဟုတ်။ သစ်ပင်ပန်းပင် အားလုံးအပင်”**
>
> (တာရာ၊ ဒဂုန်၊ ၂၀၀၂၊ ၉၇)

ဟူ၍ ဖော်ပြထားရာ မေ၏ ခံစားမှုသဘောများ သက်ဝင်စေပါသည်။ ဤမှ “ပြာ”ဟူသော အရောင်ဝေါဟာရသည် မေ၏ဖြစ်ချင်သည့်ဆန္ဒပြည့်ဝမည်ဖြစ်၍ ကြည်လင်နေသောခံစားမှုကို ပရိယာယ် ဖြင့် ဖော်ပြနေပေသည်။ အပြာရောင်ကို ငြိမ်းချမ်းခြင်း၊ ကြည်လင်ခြင်း ၊အေးချမ်းခြင်း၏ သင်္ကေတ အဖြစ်သုံးစွဲကြပါသည်။ သို့ဖြစ်ရာ စာရေးသူသည် ဇာတ်ဆောင်၏ခံစားမှုကို တိုက်ရိုက်သဘောဖြင့် မတင်ပြဘဲ “ပြာ”အရောင်ဝေါဟာရအသုံးပြုဖော်ပြထားရာ ထိုဝေါဟာရသည် ခံစားမှုပြအနက် သဘောသက်ရောက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ဝတ္ထုပါအရောင်ဝေါဟာရ တို့သည်

ဇာတ်ဆောင်တို့၏ ခံစားမှုကို ထင်ရှားစေသည့် ဂယက်အနက်သဘောကို သက်ရောက် စေပြီး ဝတ္ထုကိုပံ့ပိုးပေးနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၄၊ ၂။ တစ်ဆင့်ခံအရောင်ဝေါဟာရ

မေဝတ္ထုတွင် တစ်ဆင့်ခံအရောင်ဝေါဟာရအများအပြား အသုံးပြုထားကြောင့် လေ့လာတွေ့ရှိရပါ သည်။ တစ်ဆင့်ခံအရောင်ဝေါဟာရတို့သည် အရောင်နှင့် ဝေါဟာရများ ကြောင်းကျိုးဆက်သွယ်မှု ရှိသော စကားလုံးအကြည်များဖြစ်ပါသည်။ ဝတ္ထုရှိ တစ်ဆင့်ခံအရောင်ဝေါဟာရတို့တွင် အရာဝတ္ထု အရောင်များကို အစွဲပြုသောအရောင်ဝေါဟာရများ၊ ဒြပ်မဲ့သဘောကို အစွဲပြုတင်စားထားသည့် အရောင်ဝေါဟာရများ နှင့် အရောင်ဝေါဟာရတစ်ခုအနည်းဆုံး ပါဝင်တွဲစပ်ထားသည့် အရောင် ဝေါဟာရများဟူ၍ လေ့လာတွေ့ရှိရပါသည်။

၄၊ ၂၊ ၁။ အရာဝတ္ထုအရောင်များကို အစွဲပြုသော အရောင်ဝေါဟာရများ

အရောင်ဝေါဟာရအဖြစ်ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ အရာဝတ္ထုတစ်ခုခုကို အစွဲပြု၍ ချဲ့ထွင် သုံးရာမှ တစ်ဆင့်ခံအရောင်ဝေါဟာရအဖြစ် အသုံးတွင်ကျယ်သည့် ဝေါဟာရများရှိပါသည်။ ထိုအရာဝတ္ထု အရောင်ကို အစွဲပြုသည့် အရောင်ဝေါဟာရတို့သည် အနက်အဓိပ္ပာယ်အရ အရောင် နှင့်ဝေါဟာရ ကြောင်းကျိုးဆက်သွယ်မှုရှိသော စကားလုံးအကြည်များဖြစ်ပါသည်။ “မေ”ဝတ္ထုတွင် အရာဝတ္ထု အရောင်များကို အစွဲပြုသော အရောင်ဝေါဟာရအများအပြား အသုံးပြုထားကြောင်း လေ့လာတွေ့ရှိရ ပါသည်။

အရာဝတ္ထုအရောင်များကို အစွဲပြုသော အရောင်ဝေါဟာရများအဖြစ် မေ ဝတ္ထုတွင် ကြယ်ရောင်၊ လရောင်၊ ပိုးရောင်၊ စိန်ရောင်၊ မြရောင်၊ ရွှေရောင်၊ ငွေရောင်၊ နီလာရောင်၊ နှင်းပွင့်ရောင်၊ မီးခိုးရောင်၊ ခရမ်းရောင်၊ နံသာရောင်၊ ပန်းရောင်၊ ပုလဲရောင်၊ ရွှေအိုရောင်၊ ပရိဘောဂရောင်၊ နီလာရောင်၊ လိမ္မော်ရောင် စသည်တို့ကို အသုံးပြုထားကြောင်း လေ့လာတွေ့ရှိရပါသည်။ သာဓကအားဖြင့် ဝတ္ထုတွင် အရာဝတ္ထုအရောင်များကို အစွဲပြုသော အရောင်ဝေါဟာရများ အသုံးပြုမှု ကို အောက်ပါအတိုင်းလေ့လာတွေ့ရှိရပါသည်။

တစ်ဆင့်ခံ အရောင်ဝေါဟာရ	**ဝတ္ထုတွင်အသုံးပြုပုံ**
ကြယ်ရောင်	သူ့သမီးချောနှစ်ယောက်၏ **ကြယ်ရောင်**၊ လရောင်
လရောင်	မေ၏**လရောင်**၊ လှပကြည်ဝင်းသော**လရောင်**
ပိုးရောင်	**ပိုးရောင်**၊ စိန်ရောင်တို့ဖြင့် ပြိုးပြိုးပျက်၍လာလေသည်။
စိန်ရောင်	**စိန်ရောင်**များ ဝင်းဝင်းလက်နေ၏။
မြရောင်	စိန်ရောင်၊ **မြရောင်**၊ နီလာရောင်များသည် ပြိုးပြိုးပျက်၍နေကြ၏။
ရွှေရောင်	**ရွှေရောင်**အနွယ်၊ ဆံပင်မှာ**ရွှေရောင်**
ငွေရောင်	လနတ်သမီးသည် **ငွေရောင်**ခြည်၊ မြရောင်ခြည်တန်ဆာကို ဝတ်ဆင်ကာ ကခြေနေလေသည်။
ခရမ်းရောင်	နွယ်ပန်း**ခရမ်းရောင်**
လိမ္မော်ရောင်	ဇာခန်းစည်း**လိမ္မော်ရောင်**

အထက်ဖော်ပြပါ အရာဝတ္ထုအရောင်များကိုအစွဲပြုသော အရောင်ဝေါဟာရတို့ကို မေဝတ္ထု တွင် အသုံးပြုထားပါသည်။ သက်ဆိုင်ရာ ဝတ္ထုကိုရည်ညွှန်းသည့် ဝေါဟာရတို့၏ နောက်တွင် "ရောင်" ဟူသော ဝေါဟာရတွဲစပ်၍ အရောင်ဝေါဟာရအဖြစ် ဖန်တီးကြပါသည်။ ထို့ကြောင့် ဤအရောင် ဝေါဟာရတို့၏ နောက်တွင် "ရောင်"ဟူသော ဝေါဟာရမပါပါက ဝတ္ထုအမည်သာကျန်ပြီး အရောင် ဝေါဟာရအဖြစ် မထင်ရှားတော့သည့်သဘောဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ဤမှ လိမ္မော်ရောင်၊ ခရမ်းရောင်၊ ရွှေရောင်တို့မှာ ယခုအခါ မြန်မာဘာသာစကားနယ်ပယ်တွင် အခြေခံအရောင်ဝေါဟာရ တို့ကဲ့သို့ အသုံးတွင်ကျယ်နေပြီဖြစ်ပါသည်။

မေဝတ္ထုတွင် အရာဝတ္ထုကိုအစွဲပြုသည့် အရောင်ဝေါဟာရတို့ကို အသုံးပြုရာတွင် ဇာတ်လမ်း နောက်ခံ အရောင်ခြယ်သမှုတို့သာမက ဇာတ်ဆောင်တို့၏ အသွင်အပြင်အပြင်အဆင်ကို အရောင် ဝေါဟာရတို့ဖြင့် တင်စားအသုံးပြုထားကြောင်း စိတ်ဝင်စားဖွယ် လေ့လာတွေ့ရှိရပါသည်။ ဝတ္ထုတွင် ဦးဖေမောင်နှင့် ဒေါ်ခင်ငြိမ်းမိသားစု၏ ဧည့်ခံပွဲကျင်းပသည့်အခန်း၌

> "**ဒေါ်ခင်ငြိမ်းမှာ မေ၏နေရောင်ဝယ် သူ့သမီးချောနှစ်ယောက်၏ကြယ်ရောင် လရောင်များ မလွှမ်းမိုးနိုင်သည်ကို ခံပြင်းနေလေသည်။** "
> (တာရာ၊ ဒဂုန်၊ ၂၀၀၂၊ ၃၇)

ဟူ၍ ဖော်ပြထားသည်။ ဤတွင် ဇာတ်ဆောင်တို့၏ ထင်ပေါ်မှုတို့ကို အရောင်ဝေါဟာရအသုံးတို့ ဖြင့် တင်စားသုံးနှုန်းနိုင်းယှဉ်ထားမှုကို လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ရာ 'နေရောင်၊ ကြယ်ရောင်' ဟူသည့် အရောင်ဝေါဟာရတို့တွင် ဇာတ်ဆောင်တို့၏ ထင်ပေါ်မှုဂုဏ်ရည်များထင်ဟပ်နေသည့် ဂုဏ်ရည်ပြအနက်(ဂယက်အနက်)ထွက်ရှိနေကြောင်းသုံးသပ်တွေ့ရှိရပါသည်။

ဇာတ်ဆောင်၏ ခံစားမှုအခြေအနေကို ဖော်ပြမှုတွင်လည်း တစ်ဆင့်ခံအရောင်ဝေါဟာရ များအသုံးပြုထားသည်ကို ဝတ္ထုဥ္ဇ လေ့လာတွေ့ရှိရပါသည်။ဦးဘညွန့်ကမေ့ကို အရက်ရောထား သည့်လိမ္မော်ရည်ကို တိုက်ရာသောက်မိသောမေ၏အခြေအနေကို တင်ပြရာတွင်

> **"သူ့ရှေ့တွင်ထိုင်နေသော ဦးဘညွန့် ရုပ်ပြောင်းလာ၏။ သူသည်ခန့်လာ၏။ ဆံပင် မှာ ရွှေရောင်တောက်လာ၏။ အခန်းကြီးသည် ပန်းရောင်မြူမင်းလွင်တို့ ရစ်သန်း ၏။ ပန်းရောင်ကြယ်တွေလက်နေကြ၏။"** (တာရာ၊ ဒဂုန်၊ ၂၀၀၂၊ ၉၇)

ဟုဖော်ပြထားပါသည်။ဤတွင်မေ၏ ခံစားမှုကို ရွှေရောင်၊ ပန်းရောင်တို့ကို အသုံးပြု၍ဖော်ပြထား ပါသည်။ မေသည် ယစ်မူးနေ၍ ဦးဘညွန့်၏ အသွင်အပြင်ကို သားနားတောက်ပကြောင်း ထင်မြင် လာပုံအား ရွှေရောင်ဖြင့်ဖော်ညွှန်းထားသည်။ အရက်အရှိန်ကြောင့် သတိလွတ်နေသော မေသည် မြင်မြင်ရာ ချစ်စရာအဖြစ်မြင်လာပုံကို ပန်းရောင်ဖြင့် ပုံဖော်ထားပါသည်။ ဤတွင်စာရေးသူ အသုံးပြု ထားသော 'ရွှေရောင်၊ ပန်းရောင်'တို့တွင် မေ၏ခံစားမှုများအထင်အရှား ထင်ဟပ်နေပေသည်။ သို့ဖြစ်ရာ ထိုအရောင်ဝေါဟာရတို့သည် မေ၏ခံစားမှုသဘောကို ပေါ်လွင်စေ၍ ခံစားမှုပြအနက် (ဂယက်အနက်)သက်ရောက်နေကြောင်းလေ့လာတွေ့ရှိရပါသည်။

ဤသို့ဖြင့် မေဝတ္ထုတွင် အရာဝတ္ထုအရောင်များကို အစွဲပြုသော အရောင်ဝေါဟာရတို့သည် ဇာတ်ဆောင်တို့၏ ဂုဏ်ရည်၊ ခံစားမှုသဘောတို့ကို ပေါ်လွင်စေပါသည်။ ထို့ကြောင့် အရောင် ဝေါဟာရ တို့တွင် ထင်ဟပ်နေသည့် ဂယက်အနက်သဘောတို့သည် ဝတ္ထုသက်ဝင်မှုအတွက် အထောက်အကူ ပြုနေကြောင်း လေ့လာသိရှိရပါသည်။

၄၊ ၂၊ ၂။ ဒြပ်မဲ့သဘောကို အစွဲပြုတင်စားထားသည့် အရောင်ဝေါဟာရများ

ဒြပ်မဲ့သဘောသက်ရောက်သည့် စကားလုံးတို့၏နောက်တွင် 'ရောင်'ဟူသောဝေါဟာရ တွဲစပ်၍ အရောင်ဝေါဟာရအသုံးပြုပုံမျိုးကို 'မေ'ဝတ္ထုတွင် တွေ့ရှိရပါသည်။ 'ပကာသနအရောင်၊ ရက်စက် သော အရောင်၊ မုန်းရောင်'ဟူသော ဝေါဟာရများ ဖြစ်ပါသည်။ ထိုဝေါဟာရတို့သည် အနက် အဓိပ္ပာယ်သဘောအရကြည့်လျှင် ပညတ်ခံသဘောနှင့် ကြောင်းကျိုးဆက်သွယ်မှုရှိသော စကားလုံး အကြည်များဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ အကြောင်းမဲ့ပညတ်ထားခြင်း မဟုတ်ဘဲ ရည်ညွှန်း လိုသည့် ပညတ်ခံသဘောကို အရောင်ဝေါဟာရအဖြစ် တင်စားဖန်တီး အသုံးပြုခြင်းဖြစ်ပါသည်။ ဝတ္ထုခွဲ ထိုအရောင်ဝေါဟာရတို့တွင် ဂယက်အနက်သဘော သက်ရောက်နေကြောင်း လေ့လာတွေ့ရှိ ရပါ သည်။

ဝတ္ထုတွင်လူကုံထံတို့၏ အဆင်အပြင်တောက်ပမှုကို 'ပကာသနအရောင်' ဟူသော ဝေါဟာရ အသုံးဖြင့် ထင်ရှားအောင်တင်ပြထားသည်။ သို့ဖြစ်ရာ 'ပကာသနအရောင်' ဟူသော ဝေါဟာရ အသုံးတွင် အညွှန်းခံဖြစ်သော လူကုံထံတို့၏ အပြင်အဆင်ကြွယ်ဝမှုဂုဏ်ရည်ကို ပေါ်လွင်စေပါသည်။ ထို့ကြောင့် ထိုအရောင်ဝေါဟာရတွင် အညွှန်းခံ၏ဂုဏ်ရည်ကို ပေါ်လွင်စေရာ ဂုဏ်ရည်ပြအနက် သဘောထင်ဟပ်နေကြောင်းလေ့လာသိရှိရသည်။ ထို့ပြင် မေ၏ အကြောင်းစုံကို ခင်ပွန်းဖြစ်သူ ကိုကျော်မြင့်သိရှိသွားသောအခါ မျက်ဝန်းတွင် 'မုန်းရောင်'တောက်နေကြောင်း ဖော်ပြထားပါသည်။ ဝတ္ထုတွင် ထိုဝေါဟာရအသုံးအရ ဇာတ်ဆောင်ကိုကျော်မြင့်၏မေ့ အပေါ်ထားရှိသည့် ခံစားမှုသဘော များပေါ်လွင်စေပါသည်။ ထို့ကြောင့် မုန်းရောင်ဟူသော အရောင်ဝေါဟာရသည် ခံစားမှုပြအနက် သဘောသက်ရောက်နေပြီး ဇာတ်ဆောင်၏ခံစားချက် ပေါ်လွင်မှုအတွက် အထောက်အပံ့ဖြစ်စေပါ သည်။

တစ်ဖန် 'ရက်စက်သောအရောင်'ဟူသောဝေါဟာရကို ဦးဘညွန့်က မေ့ကို ဖျက်ဆီးသည့် အခန်းတွင်

> **"တရုတ်ကပ်အကြားမှ နေရောင်ခြည်သည် ရွှေရည်လဲ့လဲ့ဝင်းကို ပတ်ဖြန်း၏။ ရက်စက်သော အရောင်။ သူ့အရောင်အောက်တွင် အားလုံးသောအရာတို့သည် အရှက်မရှိကြ။ ဣန္ဒြေမရှိကြ။"**
>
> (တာရာ၊ ဒဂုန်၊ ၂၀၀၂၊ ၉၇)

ဟူ၍အသုံးပြုထားသည်။ ဤအရောင်ဝေါဟာရအသုံးသည် ထူးခြားသောဝေါဟာရ အသုံးဖြစ်သည်။ ရက်စက်ဟူသည့် ခံစားမှုပြဝေါဟာရအသုံးကို အရောင်ဟူသည့် ဝေါဟာရနှင့်တွဲဖက်၍ ဖန်တီးအသုံး ပြုထားခြင်းဖြစ်ပါသည်။ ဝတ္ထုတွင်ဇာတ်ကွက်ကို တိုက်ရိုက်တင်ပြရန် မလျှော်ကန်သောကြောင့် ရက်စက်သောအရောင် ဟူသည့် အရောင်ဝေါဟာရအဖြစ် တင်စားအသုံးပြု၍ ဖော်ပြထားသည်။ သို့ဖြစ်ရာ ထိုအရောင်ဝေါဟာရသည် စာရေးသူ၏ ခံစားမှုသဘောထားပေါ်လွင်စေသည့် ခံစားမှုပြ အနက်သဘောသက်ရောက်နေပြီး ဝတ္ထုတင်ပြမှုအတွက် များစွာအထောက်အပံ့ဖြစ်စေကြောင်း သုံးသပ် တွေ့ရှိရပါသည်။

ဖော်ပြပါလေ့လာချက်တို့အရ ဒြပ်မဲ့သဘောကိုအစွဲပြုတင်စားထားသော အရောင်ဝေါဟာရ တို့သည် မြန်မာဘာသာစကား၏ ဝေါဟာရကြွယ်ဝမှု၊ အနက်ချဲ့ထွင်နိုင်မှုသဘောကို ဖော်ပြနေပါသည်။ ဒြပ်မဲ့သဘောကိုပင် အရာင်ဝေါဟာရအဖြစ် ဖန်တီးအသုံးပြုနိုင်၍ 'ရောင်'ဟူသော စကားလုံး၏ အနက်ဖွဲ့ယှက်မှုကြယ်ပြန့်ပုံကို သိရှိရပါသည်။ ထိုအရောင်ဝေါဟာရတို့သည် အကောင်အထည် သဘောမရှိသော်လည်း အရာင်ဝေါဟာရအဖြစ် တင်စားပညတ်ထားခြင်းဖြစ်သည်။ ထို့ပြင် ထိုအရောင် ဝေါဟာရတို့သည် ဝတ္ထုတွင် အညွှန်းခံဇာတ်ဆောင်တို့၏ ဂုဏ်ရည်၊ ခံစားမှုသဘောတို့ကို ပေါ်လွင်စေ၍ ဂယက်အနက်သဘောများ သက်ရောက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

၄၊ ၂၊ ၃။ အရောင်ဝေါဟာရတစ်ခုအနည်းဆုံးပါဝင်တွဲစပ်ထားသော အရောင်ဝေါဟာရများ

မြန်မာဘာသာစကားသည် ဝေါဟာရကြွယ်ဝသော ဘာသာစကားဖြစ်ပါသည်။ အရောင်ဝေါဟာရ တို့ဖန်တီးအသုံးပြုရာတွင်လည်း အခြေခံအရောင်ဝေါဟာရအချင်းချင်းတွဲသုံးခြင်း၊ အရောင်ဝေါဟာရ နှင့် အခြားဝေါဟာရများတွဲသုံးခြင်းဖြင့် အသစ်သစ်သော တစ်ဆင့်ခံအရောင်ဝေါဟာရတို့ကို ချဲ့ထွင် အသုံးပြုနိုင်ပါသည်။ မေဝတ္ထုတွင် အရောင်ဝေါဟာရတစ်ခု အနည်းဆုံးပါဝင်တွဲစပ်ထားသည့် အရောင်ဝေါဟာရအများအပြားကို လေ့လာတွေ့ရှိရပါသည်။

အခြေခံအရောင်ဝေါဟာရချင်းတွဲသော လုံးတွဲဝေါဟာရ

တစ်ဆင့်ခံအရောင်ဝေါဟာရ = အခြေခံအရောင်ဝေါဟာရ + အခြေခံအရောင်ဝေါဟာရ + …..

စိမ်းစိမ်းညို = စိမ်း + စိမ်း + ညို

နက်ပြာ = နက် + ပြာ

စိမ်းညို = စိမ်း + ညို

အခြားဝေါဟာရနှင့် အခြေခံအရောင်ဝေါဟာရတွဲသော လုံးတွဲဝေါဟာရ

တစ်ဆင့်ခံအရောင်ဝေါဟာရ = အခြားဝေါဟာရ + အခြေခံအရောင်ဝေါဟာရ

ကျောက်စိမ်း = ကျောက် + စိမ်း

ကြည်ပြာ = ကြည် + ပြာ

အရောင်ဝေါဟာရတစ်ခုကို မူတည်၍ အရောင်အသွေးအနုအရင့်ကို ဖော်ညွှန်းသောဝေါဟာရ

နု - ရင့်တွဲခြင်း	အခြေခံအရောင်ဝေါဟာရ + အနုအရင့်ပြလုံးချင်းဝေါဟာရ	အခြေခံအရောင်ဝေါဟာရ + အနုအရင့်ပြနှစ်လုံးထပ်
အစိမ်းနု (အ+ — + နု)	နီရဲ (—+ ရဲ)	စိမ်းလဲ့လဲ့ (— + လဲ့လဲ့)
ပန်းနု (— + နု)	မဲမှောင် (— + မှောင်)	ပြာလဲ့လဲ့ (— + လဲ့လဲ့)
အပြာရင့် (အ+ — + ရင့်)	ဖြူဖွေး (— + ဖွေး)	နီကျင်ကျင် (— + ကျင်ကျင်)

မေဝတ္ထုတွင် အထက်ဖော်ပြပါ အရောင်ဝေါဟာရတစ်ခုအနည်းဆုံးပါဝင်တွဲစပ်ထားသော အရောင်ဝေါဟာရများကို လေ့လာတွေ့ရှိရပါသည်။ တွဲစပ်မှုပုံစံအမျိုးမျိုးဖြင့် ဖန်တီးအသုံးပြုနိုင် ကြောင်း သိရှိရပါသည်။ ထိုအရောင်ဝေါဟာရတို့သည် စကားလုံးဖွဲ့ပုံအရသော်လည်းကောင်း၊ အနက် အဓိပ္ပာယ်အရသော်လည်းကောင်း အရောင်နှင့်ပညတ်သည့်ဝေါဟာရကြောင်းကျိုး ဆက်သွယ်မှုရှိပါ သည်။ စကားလုံးဖွဲ့ပုံအရဆိုလျှင် အရောင်ဝေါဟာရချင်းတွဲစပ်ပုံ၊ အခြားဝေါဟာရနှင့် အရောင် ဝေါဟာရတွဲစပ်ပုံ၊ အခြေခံအရောင်ဝေါဟာရကို မူတည်၍ အရောင်အနုအရင့်ပြ စကားလုံးတို့ တွဲစပ်သုံးပုံမျိုးကို လေ့လာသိရှိရပါသည်။ အနက်အဓိပ္ပာယ်အရ အဆိုပါ အရောင်ဝေါဟာရတို့တွင် နှစ်ရောင်စပ်သည့်သဘော၊ အရောင်နုသည့်သဘော၊ အရောင်ရင့်သည့် သဘောစသည်တို့ကို ပေါ်လွင် စေပါသည်။

ထို့ပြင် ထိုအရောင်ဝေါဟာရတို့တွင် ဒွန်တွဲအနက် သဘောသက်ရောက်ပေသည်။ သာဓက အားဖြင့် ဝတ္ထုပါ 'ကြည်ပြာ၊ ဖြူဖွေး၊ မဲမှောင်၊ ပြာလဲ့လဲ့၊ နီကျင်ကျင်'စသည့် အရောင်ဝေါဟာရတို့ သည် တွဲစပ်နေကြစကားလုံး အတွဲအစပ်များဖြစ်ပါသည်။ ထိုသို့ တွဲစပ်နေကြစကားလုံးများ တစ်ခုနှင့်တစ်ခုတွဲစပ်သုံးခြင်းဖြင့် အနက်အဓိပ္ပာယ်ဆက်စပ်သွားခြင်းဖြင့် ဒွန်တွဲအနက်သဘော

သက်ရောက်နေကြောင်းလေ့လာ တွေ့ရှိရပါသည်။ သာဓက နီကျင်ကျင် ဟူသော အရောင်ဝေါဟာရ တွင် နီနှင့် ကျင်ကျင်ဟူသည့်စကားလုံးတို့သည် တွဲစပ်သုံးနေကြစကားလုံးအတွဲအစပ် ဖြစ်ပါသည်။ ထိုသို့ တွဲစပ်သုံးခြင်းဖြင့် နီနှင့်ကျင်ကျင်တို့၏ အနက်အဓိပ္ပာယ်ကို ဆက်စပ်သွားစေပြီး 'နီ'၏ မူလအနက် နီခြင်းသဘောမှ နီခြင်းကိုယုတ်လျော့စေသည့်အနက် သဘောပြောင်းလဲသွားခြင်းမျိုးကို တွဲစပ်သုံးခြင်းဖြင့် နီနှင့် ကျင်ကျင်တို့၏ အနက်အဓိပ္ပာယ်ကို ဆက်စပ်သွားစေပြီး 'နီ'၏ မူလအနက် နီခြင်းသဘောမှ နီခြင်းကိုယုတ်လျော့စေသည့်အနက်သဘော ဆိုလိုပါသည်။ ထို့ပြင် ဝတ္ထု၏ နောက်ခံ ဝန်းကျင်အခြေအနေ၊ ဇာတ်ဆောင်တို့၏ အပြင်အဆင်တို့ကို စာဖတ်သူ မြင်ယောင်လာစေရန် ထောက်ပံ့ပေးနေကြောင်း လေ့လာသိရှိရပါသည်။

"မေ"ဝတ္ထုတွင် အသုံးပြုထားသည့် တစ်ဆင့်ခံအရောင်ဝေါဟာရတို့သည် ဝတ္ထုအရောင်ကို အစွဲပြုသည့် အရောင်ဝေါဟာရတို့သည် ဝတ္ထု၌ အသုံးပြုရာတွင် အညွှန်းခံတို့၏ ဂုဏ်ရည်များ ထင်ဟပ်နေပေသည်။ဤပဲမဲ့သဘောကို အခြေတည်၍ တင်စားထားသည့် အရောင်ဝေါဟာရတို့တွင် ဂုဏ်ရည်အနက်များ၊ ခံစားမှုပြအနက်သဘောများ ထင်ဟပ်နေပြီး ဇာတ်လမ်းသက်ဝင်မှု အတွက် အထောက်အပံ့ဖြစ်စေကြောင်း လေ့လာတွေ့ရှိရပါသည်။ အရောင်ဝေါဟာရတစ်ခု အနည်းဆုံးပါဝင် တွဲစပ်ထားသော အရောင်ဝေါဟာရတို့တွင် ဒွန်တွဲအနက်သဘောပေါ်လွင်စေပါသည်။ ထိုအရောင် ဝေါဟာရတို့သည် စကားလုံးဖွဲ့ပုံအရ သော်လည်းကောင်း၊ အနက်အဓိပ္ပာယ်အရ သော်လည်းကောင်း ကြောင်းကျိုးဆက်သွယ်မှုရှိသည့် စကားလုံးအကြည်များ ဖြစ်ပါသည်။ အဆိုပါအရောင်ဝေါဟာရသည် ဂယက်အနက်သဘောသက်ရောက်စေပြီး ဝတ္ထုသက်ဝင်မှုအတွက် အထောက်အကူပြုနေကြောင်း လေ့လာသိရှိရပါသည်။

၅။ သုံးသပ်ချက်

ဤစာတမ်းသည် ဒဂုန်တာရာ၏ "မေ" ဝတ္ထုမှ အရောင်ဝေါဟာရများကို အတ္ထဗေဒအမြင်ဖြင့် လေ့လာသောစာတမ်းဖြစ်ပါသည်။ ထိုသို့လေ့လာရာ ဝတ္ထုတွင် အခြေခံအရောင်ဝေါဟာရနှင့် တစ်ဆင့်ခံအရောင်ဝေါဟာရနှစ်မျိုးလုံး အသုံးပြုထားကြောင်း တွေ့ရပါသည်။ အခြေခံအရောင်ဝေါဟာရ တို့တွင် မြန်မာဘာသာစကား၏ အခြေခံအရောင်ဝေါဟာရ(၇)မျိုးဖြစ်သော စိမ်း၊ ညို၊ နီ၊ ပြာ၊ ဖြူ၊ နက်(မည်း)၊ ဝါစသည်တို့ကို အမျိုးမျိုးအသုံးနယ်ချဲ့အသုံးပြုထားပေသည်။ "ပြာ"ဟူသော အရောင် ဝေါဟာရကို အများဆုံးအသုံးပြုထားကြောင်း လေ့လာတွေ့ရှိရပါသည်။

တစ်ဆင့်ခံအရောင်ဝေါဟာရတို့တွင် အရာဝတ္ထုအရောင်ကို အစွဲပြုသောအရောင်ဝေါဟာရ များနှင့် အရောင်ဝေါဟာရတစ်ခု အနည်းဆုံးပါဝင်တွဲစပ်ထားသည့် အရောင်ဝေါဟာရများဟူ၍ လေ့လာတွေ့ရှိရပါသည်။ ဤမှ အရာဝတ္ထုအရောင်ကို အစွဲပြုသည့် အရောင်ဝေါဟာရတို့တွင် ပညတ်ခံကို ရည်ညွှန်းသည့်ဝေါဟာရ၏ နောက်တွင် "ရောင်"ဟူသော ဝေါဟာရတွဲစပ်မှသာ အရောင် ဝေါဟာရသဘောထင်ရှားစေပါသည်။ "ရောင်"ဟူသော ဝေါဟာရတွဲစပ်ခြင်းမရှိပါက အရောင်သဘော မသက်ရောက်နိုင်ကြောင်း သိရှိရပါသည်။ ဤပဲမဲ့သဘောအစွဲပြုတင်စားထားသည့် အရောင်ဝေါဟာရ တို့သည် ဤပဲမဲ့သဘောဖော်ညွှန်းသည့် စကားလုံးတို့ကို ရောင်ဟူသော ဝါဟာရနှင့် ပေါင်းစပ်၍ အရောင်ဝေါဟာရအဖြစ် တင်စားဖန်တီးထားခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ရောင်ဟူသော ဝေါဟာရ မပါဝင်ပါက အရောင်ဝေါဟာရသဘောမထင်ရှားကြောင်း လေ့လာသိရှိရပါသည်။ အရောင်ဝေါဟာရ တစ်ခုအနည်းဆုံးပါဝင်တွဲစပ်ထားသည့် အရောင်ဝေါဟာရများတွင် အခြေခံအရောင်ဝေါဟာရကို အခြေတည်၍ အမျိုးမျိုးတွဲစပ်အသုံးပြုနိုင်မှု ပြုနိုင်ကြောင်း လေ့လာသိရှိရပါသည်။ ထိုသို့ တွဲစပ် အသုံးပြုမှုအရ အရင်းခံအရောင်တို့၏ အနက်သက်ရောက်မှု ပြောင်းလဲသွားစေနိုင်ပြီး ဒွန်တွဲအနက် သဘောရှိကြောင်း လေ့လာသိရှိရပါသည်။

"မေ"ဝတ္ထုတွင် အရောင်ဝေါဟာရတို့ကို နောက်ခံဝန်းကျင်၊ ဇာတ်ဆောင်အသွင်အပြင် ဖော်ပြမှုတို့တွင် အသုံးပြုထားကြောင်း လေ့လာသိရှိရပါသည်။ ထိုသို့ အသုံးပြုရာတွင် သာမာန် သရုပ်ဖော်မှုသဘောသာမက ဇာတ်ဆောင်တို့၏ ဂုဏ်ရည်၊ ခံစားမှုသဘောတို့ကို ပေါ်လွင်စေသည့် ဂယက်အနက်သဘော သက်ရောက်နေကြောင်း တွေ့ရှိရပါသည်။ ထိုသို့ဖြင့် အရောင်ဝေါဟာရ တို့၏ ဂယက်အနက်သဘောအရ ဇာတ်လမ်းသဘော၊ ဇာတ်ဆောင်သဘောတို့ကို ထင်ရှားစေပြီး ဝတ္ထု သက်ဝင်မှုအတွက် အထောက်အကူပြုနေကြောင်း လေ့လာသိရှိရပါသည်။ထို့ကြောင့် မြန်မာစာပေရှိ ဝတ္ထုဖန်တီးရေးသားတင်ပြရာတွင် ဘာသာစကားအသုံးပြုမှုအဖြစ် အရောင်ဝေါဟာရများသည် အထောက်အကူပြုကြောင်း သိရှိစေပါသည်။

နိဂုံး

အရောင်ဝေါဟာရတို့သည် ဘာသာစကားအသုံးပြုမှုနယ်ပယ်တွင် အစုအဖွဲ့တစ်ခုအဖြစ် ရပ်တည် နေပေသည်။ အရောင်တို့၏ ဖွဲ့စည်းမှု၊ အသုံးပြုမှု၊ ပညတ်မှုသဘောတို့မှာ စိတ်ဝင်စားဖွယ် ဖြစ်ပါ သည်။ မေဝတ္ထုမှအရောင်ဝေါဟာရတို့ကို အတ္ထဗေဒအမြင်ဖြင့် လေ့လာရာတွင်လည်း အရောင် ဝေါဟာရတို့၏ အသုံးချဲ့ထွင်မှု၊ အနက်ဆက်သွယ်မှုသဘောတို့ကို လေ့လာသိရှိရပါသည်။ ဝတ္ထုတွင် အရောင်ဝေါဟာရတို့သည် သရုပ်ဖော်တင်ပြချက်တို့ကို ပေါ်လွင်စေရုံသာမက နက်နဲသည့် ဂယက် အနက်သဘောဖြင့်လည်း ဝတ္ထုကိုပံ့ပိုးပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ဤစာတမ်း သည် အရောင်ဝေါဟာရများကို စိတ်ဝင်တစားလေ့လာလိုသူတို့အတွက် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

ကျမ်းကိုးစာရင်း

ကျော်အောင်စံထား။ ၂၀၁၆။ ***ဝေါဟာရတ္ထုပကာသနီ***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ ၁၉၉၉။ ***မြန်မာစာသုတေသနဂျာနယ်***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန။

ခင်မင်၊ မောင်(ဓနုဖြူ)။ ၂၀၁၄။ ***ဘာသာအမြင် စာပေအမြင်***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ ၂၀၁၇။ ***အတ္ထဗေဒနိဒါန်း***။ ရန်ကုန်၊ the key collection.

ဒဂုန်တာရာ။ ၂၀၀၂။ ***မေ***။ ရန်ကုန်၊ သီဟရတနာစာပေ။

ရွှေလင်း။၂၀၁၉။***စစ်တမ်းကောက်သုတေသနစာတမ်းရေးနည်းလမ်းညွှန်***(တကြိမ်)။ရန်ကုန်၊ စွယ်တော်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၂၄။ ***သုတေသနဟူသည်***။(တကြိမ်)ရန်ကုန်၊ ပညာရပ်ဝန်းစာပေတိုက်။

ဖတ်ရှုလေ့လာသောစာအုပ်စာရင်း

ခင်မင်၊မောင်(ဓနုဖြူ)။၂၀၁၇။***သက်တံ့ရောင်စုံဘာသာစကား***(တကြိမ်)။ရန်ကုန်၊စိတ်ကူးချိုချို စာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ ၂၀၂၂။ ***ဘာသာဗေဒနိဒါန်း***။ the key collection.

ထွန်းမြင့်၊ ဦး။ ၂၀၀၇။ ***ဘာသာဗေဒ***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ဖိုးလတ်၊ ဦး။ ၁၉၆၄။ ***မြန်မာစကားအဖွင့်ကျမ်း***။ ပညာနန္ဒပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ ၂၀၀၈။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

လူ့အဖွဲ့အစည်းအတွင်းစကားသင်္ကေတကူးပြောင်းမှုလေ့လာချက်

(လူမှုဘာသာဗေဒ)

မေဖြူဖြူအေး[၁]

စာတမ်းအကျဉ်း

ဤစာတမ်းသည် လူ့အဖွဲ့အစည်းအတွင်းတွင် စကားသင်္ကေတများ ကူးပြောင်းအသုံးပြုမှုကို လူမှုဘာသာဗေဒရှုထောင့်အရ လေ့လာထားခြင်းဖြစ်ပါသည်။ လေ့လာရာတွင် အလေ့လာခံ သည် လူ့အဖွဲ့အစည်းဖြစ်၍ ထိုလူ့အဖွဲ့အစည်းကို နှစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းနှင့် တစ်ဘာသာသုံးစနစ် လူ့အဖွဲ့အစည်းဟူ၍ ကဏ္ဍခွဲကာလေ့လာမည်ဖြစ်သည်။ ထိုသို့ လေ့လာရာ တွင် တွေ့ရှိရသောမေးခွန်းနှင့်ပြဿနာများကို သုတေသနပြု၍ အဖြေထုတ်ရာတွင် ပညာရပ် ဆိုင်ရာနည်းနာအဖြစ် လူမှုဘာသာဗေဒနည်းအရ စကားသင်္ကေတကူးပြောင်းမှု၊ စကားသင်္ကေတ ငယ်ကူးပြောင်းမှုနှင့်စကားထိန်းညှိမှုဟူ၍ ခွဲခြားလေ့လာမည်ဖြစ်သည်။ သုတေသနနည်းနာ အဖြစ် အသုံးချသုတေသနနည်းနှင့် ကွင်းဆင်းသုတေသနနည်းတို့ကို အသုံးပြုကာ လေ့လာပါ မည်။ ထိုသို့ လေ့လာခြင်းအားဖြင့် ပြောသူနှင့်နာသူအကြား ဆက်သွယ်ရေးလွယ်ကူချောမွေ့ စေရန် စကားသင်္ကေတများကို ကူးပြောင်းအသုံးပြုရန် လိုအပ်ကြောင်း၊ စကားသင်္ကေတကူး ပြောင်းအသုံးပြုခြင်းနှင့် စကားထိန်းညှိပြောဆိုခြင်းသည် လူမှုဆက်ဆံရေးတွင် များစွာအရေး ပါကြောင်း သိရှိရစေပါသည်။ ထို့ပြင် စကားသင်္ကေတကူးပြောင်းမှုနှင့်ပတ်သက်၍ လေ့လာလို သူများအတွက် များစွာအထောက်အပံ့ဖြစ်မည်ဟု မျှော်မှန်းပါသည်။

သော့ချက်ဝေါဟာရ။ ။ လူမှုဘာသာဗေဒ၊ ပြောသူ၊ နာသူ၊ စကားသင်္ကေတ၊ စကားထိန်းညှိမှု။

၁။ နိဒါန်း

ကမ္ဘာပေါ်တွင် သင်္ကေတအမျိုးမျိုးရှိသည်။ ယင်းတို့မှာ အချက်ပြသင်္ကေတ၊ မျက်မြင်သင်္ကေတ၊ လမ်း သင်္ကေတ၊ သချိုင်္ကသင်္ကေတနှင့် ဘာသာစကားသင်္ကေတ စသည်တို့ဖြစ်သည်။ ဤသည်မှ ဤစာတမ်း သည် လူ့အဖွဲ့အစည်းအတွင်း အသုံးပြုသောဘာသာစကားသင်္ကေတ(သို့) စကားသင်္ကေတကူးပြောင်း မှုကို လူမှုဘာသာဗေဒရှုထောင့်အရ လေ့လာထားခြင်းဖြစ်ပါသည်။ လူသားတို့သည် မိမိတို့တစ်ဦး တည်း ရှင်သန်ရပ်တည်၍မရသည့်သဖြင့် စကားသင်္ကေတများကိုအသုံးပြုကာ ပြောဆိုဆက်ဆံနေ ကြရပေသည်။ ထိုစကားသင်္ကေတများကို ပြောသူနှင့် နာသူနှစ်ဦးလုံးတတ်ကျွမ်းရန် လိုအပ်ပါသည်။ ထိုသို့ စကားသင်္ကေတများ အသုံးပြုကာ နေ့စဉ်လူမှုကိစ္စများကို ဆောင်ရွက်ကြရသည့်သဖြင့် စကား သင်္ကေတများသည် လူသားတို့အတွက် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်သည်။ ထို့သို့ စကား သင်္ကေတများကိုအသုံးပြု၍ ပြောဆိုဆက်ဆံကြရာတွင် စကားသင်္ကေတများ ကူးပြောင်းလေ့ရှိပုံကို လူ့အဖွဲ့အစည်းနှစ်ရပ်အား အခြေခံ၍ လေ့လာပါမည်။

၁၊ ၁။ သုတေသနပြဿနာနှင့်မေးခွန်းများ

ဤစာတမ်းသည် လူ့အဖွဲ့အစည်းအတွင်းစကားသင်္ကေတကူးပြောင်းမှုကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာထားခြင်းဖြစ်သည်။ ဤစာတမ်းကို သုတေသနပြုရာတွင်

(၁) မည်သို့သော အကြောင်းအရာများကြောင့် စကားသင်္ကေတကူးပြောင်းရသနည်း။

(၂) စကားသင်္ကေတများကို ကူးပြောင်းအသုံးပြုခြင်းသည် ပြောသူနှင့် နာသူအပေါ် မည်သို့အကျိုး သက်ရောက်စေသနည်း။

---

[၁] နည်းပြ၊ မြန်မာစာဌာန၊ မကွေးတက္ကသိုလ်

(၃) စကားထိန်းညှိပြောဆိုခြင်းသည် လူမှုဆက်ဆံရေးတွင် မည်မျှအကျိုးသက်ရောက်မှုရှိသနည်း။

ဟုသောမေးခွန်းများကို တွေ့ရပါသည်။ ထိုမေးခွန်းများကို အဖြေထုတ်ရာတွင် စကားသင်္ကေတကူးပြောင်းမှုသည် ပြောသူနှင့်နာသူကြား အရေးပါမှုရှိ၊ မရှိဟူသော ပြဿနာနှင့်စကားသင်္ကေတကူးပြောင်းမှုသည် လူ့အဖွဲ့အစည်းအတွင် အရေးပါမှုရှိ၊ မရှိဟူသော ပြဿနာများကို တွေ့ရပါသည်။ ထိုမေးခွန်းများနှင့် ပြဿနာများကို အဖြေထုတ်နိုင်ရန် လေ့လာမှုပြုရာတွင် ပညာရှင်များ၏ လူမှုဘာသာဗေဒဆိုင်ရာဖွင့်ဆိုချက်များနှင့် ယူဆချက်များကို လေ့လာဖတ်ရှုပါသည်။

၂။ စာပေလေ့လာဆန်းစစ်ချက်

ဤစာတမ်းသည် လူ့အဖွဲ့အစည်းအတွင်း စကားသင်္ကေတကူးပြောင်းမှုကို လူမှုဘာသာဗေဒအရ လေ့လာထားခြင်း ဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း စကားသင်္ကေတကူးပြောင်းမှုကို လူမှုဘာသာဗေဒနည်းအရလေ့လာနိုင်ရန် ဖတ်ရှုလေ့လာထားသည့်စာအုပ်စာတမ်းများကို စာပေလေ့လာဆန်းစစ်ချက်အဖြစ် တင်ပြပါမည်။

ဤစာတမ်းတွင် စကားသင်္ကေတကူးပြောင်းမှုကို လူမှုဘာသာဗေဒနည်းဖြင့် လေ့လာနိုင်ရန် ဒေါက်တာအောင်မြင့်ဦး၏ လူမှုဘာသာဗေဒမိတ်ဆက် (၂၀၀၃)စာအုပ်မှ လူမှုဘာသာဗေဒဖွင့်ဆိုချက်၊ ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ ဆက်စပ်မှုများနှင့် စကားသင်္ကေတကူးပြောင်းမှုများကို လေ့လာခြင်းမှ ဤစာတမ်းအတွက် အထောက်အပံ့ကောင်းကို ရရှိစေပါသည်။

ထို့ပြင် ဒေါက်တာအောင်မြင့်ဦး၏ လူမှုဘာသာဗေဒသဘောတရား (၂၀၀၅)စာအုပ်မှ လူမှုဘာသာဗေဒသဘောတရားများနှင့် စကားထိန်းညှိခြင်းဆိုင်ရာ ဖွင့်ဆိုရှင်းလင်းမှုများသည်လည်း ဤစာတမ်းပြုစုရာတွင် အထောက်အပံ့များစွာရရှိစေပါသည်။

မောင်ခင်မင်(ခနုဖြူ)ရေးသည့်(၂၀၁၁)ခုနှစ်ထုတ် သက်တံရောင်စုံဘာသာစကားစာအုပ်နှင့် သင်္ကေတဗေဒဆိုင်ရာစာအုပ်များမှလည်း သင်္ကေတနှင့်ပတ်သက်သည့် ဖွင့်ဆိုချက်များကို ဤစာတမ်းအတွက် သိရှိမှတ်သားရပါသည်။

တစ်ဖန် ဒေါက်တာအောင်မြင့်ဦး၏ တို့လှယ်လူမှုဘာသာဗေဒ(၂၀၂၅)စာအုပ်မှလည်း တို့လှယ်လူမှုဘာသာဗေဒနှင့်ပတ်သက်၍ အကျယ်တဝံ့လေ့လာ သိရှိမှတ်သားရစေပါသည်။

၃။ နည်းနာ

၃၊ ၁။ ပညာရပ်ဆိုင်ရာနည်းနာ

ဤစာတမ်းသည် လူ့အဖွဲ့အစည်းအတွင်း စကားသင်္ကေတကူးပြောင်းမှုကို လူမှုဘာသာဗေဒရှုထောင့် မှ လေ့လာထားသောစာတမ်း ဖြစ်သည်။ လူမှုဘာသာဗေဒ၏ မူရင်းအခေါ်အဝေါ်ဖြစ်သော “SOCIO LINGUISTICS”ဟူသော ဝေါဟာရကို ကဗျာဆရာနှင့်ဒဿနပညာရှင်တစ်ဦးဖြစ်သူ ‘ဟဲဗားကာရီ’က (၁၉၅၂)ခုနှစ်က စတင်တီထွင်ခဲ့ကြောင်း တွေ့ရပါသည်။ လူမှုဘာသာဗေဒနှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦးက

> **လူမှုဘာသာဗေဒဆိုတဲ့ပညာရပ်ဟာ ဘာသာစကားနဲ့လူ့အဖွဲ့အစည်းကြားမှာရှိတဲ့ ဆက်နွယ်မှု တွေကို လေ့လာတဲ့ပညာရပ်ဖြစ်ပါတယ်။ ဘာသာဗေဒကို အခြေခံပြီး မွေးဖွားလာတာဖြစ်လို့ ဘာသာဗေဒရဲ့ ပညာရပ်ခွဲတစ်ခုလို့ ဆိုနိုင်ပါတယ်။**
> (အောင်မြင့်ဦး၊ ဒေါက်တာ၊၂၀၂၃၊ စာ - ၂၁၃)

ဟုဖွင့်ဆိုထားပါသည်။ ထက်ပါဖွင့်ဆိုချက်အရ လူမှုဘာသာဗေဒဟူသည် ဘာသာစကားနှင့် လူ့အဖွဲ့အစည်း၏ အပြန်အလှန်ဆက်စပ်မှု (တစ်နည်းအားဖြင့်) လူ့အဖွဲ့အစည်းအတွင်း ဘာသာ စကားအသုံးပြုမှုကို လေ့လာသောပညာရပ်ဖြစ်သည်ဟု သုံးသပ်မိပါသည်။

စကားသင်္ကေတကူးပြောင်းမှုနှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦးက

နိုင်ငံခြားသားနှင့်အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုနေရာမှ ထိုပုဂ္ဂိုလ်မသိစေလိုသော အကြောင်း အရာကို မိမိတို့အချင်းချင်း မြန်မာဘာသာစကားဖြင့် ပြောင်းလဲပြောဆိုခြင်းသည် စကား သင်္ကေတကူးပြောင်းမှုပင် ဖြစ်သည်။


(အောင်မြင့်ဦး၊ ဒေါက်တာ ၊ ၂၀၀၃၊ စာ - ၁၄၉)

ဟုဖွင့်ဆိုထားပါသည်။ ထက်ပါဖွင့်ဆိုချက်အရ စကားသင်္ကေတကူးပြောင်းမှုသည် ပြောသူနှင့် နာသူ၏အခြေအနေ အဆက်အစပ်ပေါ်မူတည်၍ စကားသင်္ကေတတစ်ခုမှ အခြားတစ်ခုကို ကူးပြောင်း သုံးခြင်းပင်ဖြစ်သည်ဟု သုံးသပ်မိပါသည်။

စကားသင်္ကေတကူးပြောင်းမှုကို လူ့အဖွဲ့အစည်းနှစ်ရပ်တွင် လေ့လာတွေ့ရှိရပါသည်။ ထိုလူ့ ဖွဲ့အစည်းနှစ်ရပ်မှာ

(၁) နှစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်း

(၂) တစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်း တို့ဖြစ်ပါသည်။



နှစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းနှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦးက

နှစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းတွင် ထိုအဖွဲ့အစည်းအတွင်း အသုံးပြုနေသည့် ဘာသာ စကားနှစ်မျိုးအနက် တစ်မျိုးမှတစ်မျိုးသို့ ကူးပြောင်းခြင်း ဖြစ်သည်။

(အောင်မြင့်ဦး၊ ဒေါက်တာ ၊ ၂၀၀၃၊ စာ - ၁၅၀)

ဟုဖွင့်ဆိုထားပါသည်။ အထက်ပါဖွင့်ဆိုချက်အရ နှစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းတွင် စကား သင်္ကေတတစ်ခုမှ အခြားတစ်ခုသို့ ကူးပြောင်းနိုင်စွမ်းရှိကြောင်း တွေ့ရှိရပါသည်။ တစ်ဘာသာသုံး စနစ်လူ့အဖွဲ့အစည်းနှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦးက

တစ်ဘာသာသုံးစနစ် လူ့အဖွဲ့အစည်းတွင် ဘာသာစကား တစ်ခုတည်းကိုသာ အသုံးပြုသည်။ သို့သော် ထိုဘာသာစကားတွင် အသွင်ကွဲများရှိသည်။ ထိုအသွင်ကွဲများကို အပြန်အလှန် ကူးပြောင်းအသုံးပြုနိုင်သည်။

(အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ စာ - ၁၅၀)

ဟုဖွင့်ဆိုထားပါသည်။

အထက်ပါဖွင့်ဆိုချက်အရ တစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းတွင် သက်ဆိုင်ရာဘာသာ စကား၏ အသွင်ကွဲများတစ်ခုမှတစ်ခုသို့ ကူးပြောင်းနိုင်စွမ်းရှိကြောင်း တွေ့ရပါသည်။

စကားထိန်းညှိမှုနှင့်ပတ်သက်၍လည်း

စကားသကေ်တကူးပြောင်းခြင်းတွင်အကျုံးဝင်ပါသည်။
စကားထိန်းညှိမှုနှင့်ပတ်သက်၍ ပြောသူနှင့်နာခံသူ နောက်ခံမတူညီသည့်အခါ ဘာသာစကားကို ပြုပြင်ထိန်းညှိရခြင်းကို ခေါ်သည်။
(အောင်မြင့်ဦး၊ ဒေါက်တာ၊၂၀၀၃၊ စာ - ၁၆၀)

ဟုဖွင့်ဆိုထားပါသည်။ အထက်ပါဖွင့်ဆိုချက်အရ စကားထိန်းညှိမှုဆိုသည်မှာ လူနှစ်ဦးအပြန်အလှန် ပြောဆိုဆက်ဆံကြသည့်အခါ ပြောသူသည် နာသူ၏အခြေအနေအရပ်ရပ်ကိုထောက်ရှု၍ နာသူနှင့် အနီးဆုံးဖြစ်အောင် ပြောဆိုခြင်းပင်ဖြစ်သည် ဟုသုံးသပ်မိပါသည်။

၃၊ ၂။ သုတေသနနည်းနာ

ဤစာတမ်းကိုပြုစုရာတွင် အသုံးချသုတေသနနှင့် ကွင်းဆင်းသုတေသနအမျိုးအစားများကို သုတေသန နည်းနာအဖြစ် အသုံးပြုထားပါသည်။ အသုံးချသုတေသနနှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦးက

အသုံးချသုတေသနသည် သုတေသနပြုလုပ်သည့် ပြဿနာတစ်ရပ်၏အဖြေ(သို့မဟုတ်) တွေ့ရှိချက်များကို နယ်ပယ်တစ်ခုခုတွင် လက်တွေ့အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော သုတေသနအမျိုးအစားဖြစ်သည်။ (အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၂၀၂၊ စာ - ၅၆)

ဟုဖွင့်ဆိုထားပါသည်။

ကွင်းဆင်းသုတေသနနှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦးက

ကွင်းဆင်းသုတေသနသည် သုတေသနပြဿနာတစ်ရပ်၏ အဖြေကို စူးစမ်းရှာဖွေရာတွင် လက်တွေ့ကွင်းဆင်းလေ့လာခြင်း၊ တူးဖော်ခြင်း၊ တွေ့ဆုံ မေးမြန်းခြင်း၊ အထောက်အထားများကို ကွင်းဆင်းတိုက်ဆိုင် စစ်ဆေးခြင်း စသည့် လက်တွေ့ဆောင်ရွက်မှုကို အဓိကအသုံးပြုသော သုတေသန အမျိုးအစားဖြစ်သည်။
(အောင်မြင့်ဦး၊ ဒေါက်တာ၊၂၀၂၀၊ စာ - ၅၈)

ဟုဖွင့်ဆိုထားသည်ကိုလည်း တွေ့ရပါသည်။

ဤစာတမ်းပြုစုရာတွင် လိုအပ်သည့် အလေ့လာခံအကြောင်းအရာများကို YouTube, Facebook, Tit Tok နှင့် လက်တွေ့တွေ့ဆုံမေးမြန်းမှုများပြုလုပ်ရသည့်အတွက် ဤစာတမ်းသည် ကွင်းဆင်း သုတေသနနည်းဖြင့်ပြုစုထားသည့် စာတမ်းတစ်စောင် ဖြစ်ပေသည်။

၄။ လူ့အဖွဲ့အစည်းအတွင်းစကားသကေ်တကူးပြောင်းမှုလေ့လာချက်

ဤစာတမ်းသည် လူ့အဖွဲ့အစည်းအတွင်း စကားသကေ်တကူးပြောင်းမှုကို လေ့လာထားသော စာတမ်း ဖြစ်သည်။ လူအချင်းချင်း အပြန်အလှန် ဆက်သွယ်ရာတွင် အသုံးပြုသည့် ဘာသာစကားကို စကားသကေ်တအဖြစ် အသုံးပြုထားပါသည်။ ထိုစကားသကေ်တကို ပြောသူနှင့်နာသူ နှစ်ဦးလုံး တက်ကျွမ်းရန်လိုအပ်ပါသည်။ သို့မှသာ ပြောဆိုဆက်သွယ်မှုအစီအစဉ်များ အောင်မြင်စွာပြီးမြောက်

မည်ဖြစ်ပါသည်။ ဤစာတမ်းသည် လူ့ပတ်ဝန်းကျင်၌ လူအချင်းချင်းပြောဆိုဆက်ဆံကြရာတွင် အဆင်ပြေစေရန် သတိပြုသင့်သည့် စကားသင်္ကေတကူးပြောင်းမှုကို လူ့အဖွဲ့အစည်းနှစ်ရပ်အား အခြေခံကာ လေ့လာထားပါသည်။ ထိုလူ့အဖွဲ့အစည်းနှစ်ရပ်မှာ

(၁) နှစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်း

(၂) တစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းတို့ ဖြစ်ပါသည်။

၄၊ ၁။ နှစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းအတွင်း စကားသင်္ကေတကူးပြောင်းမှု

နှစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းတွင် မတူညီသောဘာသာစကားပြောသူချင်း တွေ့ဆုံသည့်အခါ ဘာသာစကားတစ်ခုမှ အခြားတစ်ခုသို့ အပြန်အလှန်ကူးပြောင်းအသုံးပြုခြင်းကို စကားသင်္ကေတများ ကူးပြောင်းခြင်း ဟုခေါ်သည်။ ထို့သို့ နှစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းအတွင်း ဘာသာစကားတစ်ခု မှ အခြားတစ်ခုသို့ ကူးပြောင်းလေ့ရှိကြောင်း လေ့လာတင်ပြလိုပါသည်။

မြန်မာနိုင်ငံတွင် မြန်မာဘာသာစကားကို စံဘာသာစကားအဖြစ် အသုံးပြုပြောဆိုကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိတိုင်းရင်းသားတို့သည် ၎င်းတို့၏ အသီးသီးသောတိုင်းရင်းသားဘာသာစကား တို့နှင့် မြန်မာဘာသာစကားနှစ်မျိုးလုံးကို အသုံးပြုပြောဆိုကြရသည်။ ရခိုင်အမျိုးသမီးငယ်တစ်ဦး သည် သာရေး၊ နာရေး၊ လူမှုရေးနှင့် မိသားစုအရေးကိစ္စများကို ရခိုင်လူမျိုးပင်ဖြစ်သော မိသားစု အချင်းချင်း၊ သူငယ်ချင်း၊ မိတ်ဆွေအချင်းချင်း၊ မျိုးနွယ်တူအချင်းချင်းပြောဆိုသည့်အခါ သူတို့၏ သက်ဆိုင်ရာရခိုင်စကားကို အသုံးပြုပြောဆိုကြသည်။ ဤသည်မှာ ရခိုင်ဘာသာစကားဟူသော စကားသင်္ကေတကိုအသုံးပြု၍ ဆက်သွယ်မှုပင်ဖြစ်သည်။

သာဓက (၁)

ဤစကားပြောမှုဖြစ်စဉ်တွင် A သည် ရခိုင်အမျိုးသမီးငယ်လေး၏အစ်မဖြစ်၍ B သည် ရခိုင် အမျိုးသမီးငယ် ဖြစ်သည်။

A - ဝေ့ ညီမချေ (Hello ညီမလေး)

B - အွင့် အဲစ်မ (အင်း မမ)

B - အဲစ်မ နိကောင်လား (မမ နေကောင်းလား)

A - ကောင်းရေ (ကောင်းတယ်)

A - စားပြီးယာလား (စားပြီးပြီလား)

B - စားပြီးယာ (စားပြီးပြီ)

A - ဒီနိကျောင်းမလာလား (ဒီနေ့ ကျောင်းမသွားဘူးလား)

B - စားပြီးကဲသွားဖို့ (စားပြီးလို့ရှိရင် သွားမှာ)

ထိုရခိုင်အမျိုးသမီးလေးပင် အစိုးရဌာနဆိုင်ရာကိစ္စများ၊ အများပြည်သူနှင့်သက်ဆိုင်သောကိစ္စ များ၊ လုပ်ငန်းခွင်များ၊ ကျောင်းများတွင် ရခိုင်မဟုတ်သော အခြားတိုင်းရင်းသားလူမျိုးများနှင့် တွေ့ဆုံ သည့်အခါ စံဘာသာစကားဖြစ်သော မြန်မာဘာသာစကားကို အသုံးပြုပြောဆိုဆက်သွယ်ကြောင်း တွေ့ရပါသည်။ ဤသည်မှ မြန်မာနိုင်ငံရှိ တိုင်းရင်းသားအများစုသည် နှစ်ဘာသာသုံးစနစ်လူ့အဖွဲ့ အစည်းများပင်ဖြစ်ကြောင်း တွေ့ရပါသည်။

သာဓက (၂)

ရခိုင်အမျိုးသမီးငယ်နှင့် သူ၏အစ်မစကားပြောနေစဉ် စာတမ်းရှင်ရောက်လာသောအခါ ရခိုင်အမျိုးသမီးငယ်က

A - မမ စားပြီးပြီလား

B - အေး စားပြီးပြီ ညီမလေး

A - ကျောင်းမသွားသေးဘူးလား။ တစ်နာရီစာသင်ချိန်ရှိတယ်ဆို

B - ခုပဲ သွားမလို့ပါအေ၊ ကျောင်းကို အစ်မနဲ့လိုက်ခဲ့မလား

A - ဟုတ်မမ လိုက်ခဲ့မယ်

အထက်ပါ စကားပြောမှုဖြစ်စဉ်တွင် A သည် ရခိုင်အမျိုးသမီးငယ်ဖြစ်၍ B မှာ စာတမ်းရှင် ဖြစ်သည်။ ဤတွင် ပြောသူသည် နာသူ၏ အခြေအနေ၊ ပြောသူနှင့်နာသူတို့၏ နီးစပ်မှုအတိုင်းအတာ၊ လူမှုအခြေအနေအဆက်အစပ်ပေါ်မူတည်ပြီး စကားသင်္ကေတ ကူးပြောင်းအသုံးပြုကြောင်းကို တွေ့ရ ပါသည်။ ဤစကားပြောမှုဖြစ်စဉ်အရ စကားသင်္ကေတတို့ကို ပြောသူနှင့်နာသူတို့၏ နီးစပ်မှုအတိုင်း အတာနှင့် ဆက်ဆံရေးအခြေအနေတို့အရ ကူးပြောင်းနိုင်ကြောင်း သုံးသပ်မိပါသည်။

သာဓက(၃)

အရှင်နန္ဒမာလာဘိဝံသဆရာတော်ဘုရားကြီးသည် တရားတော်များကို ပွားများရာတွင် ပါဠိဘာသာစကားဟူသော စကားသင်္ကေတကို အသုံးပြု၍ ဒါယိကာ၊ ဒါယိကာမများကို တရားဒေသနာများဟောကြားရာတွင် မြန်မာဘာသာစကားဟုသောစကားသင်္ကေတကို အသုံးပြုမည်ဖြစ်သည်။ ထို့ပြင် အင်္ဂလိပ်လူမျိုးဒါယိကာ၊ ဒါယိကာမများ လာရောက်ဖူးမြော်သည့်အခါတွင်မူ အင်္ဂလိပ်ဘာသာ စကားဟူသော စကားသင်္ကေတကို ကူးပြောင်းအသုံးပြုကြောင်း တွေ့ရပါသည်။

ဤစကားပြောမှုဖြစ်စဉ်တွင် ပြောသူသည် နာသူ၏အခြေအနေအရ စကားသင်္ကေတများကို အမျိုးမျိုးပြောင်းလဲအသုံးပြုကြောင်း သုံးသပ်မိပါသည်။ ထိုသို့ပြောင်းလဲအသုံးပြုခြင်းအားဖြင့် ပြောသူ၏ ဆိုလိုရင်းများကို နာသူကအလွယ်တကူနားလည်စေကာ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြောင့်ဖြူးစေကြောင်း သုံးသပ်မိပါသည်။

သာဓက(၄)

Tour Guideတစ်ဦးဖြစ်သော ဆရာချစ်ဆိုသူသည် နိုင်ငံခြားသားဧည့်သည်များနှင့်လက်ဖက်သုတ် စားသည့် ဘလော့တစ်ခုကို Tit Tok တွင်တင်ထားပါသည်။ ထိုဘလောတွင် ဆရာချစ်သည် Tit Tokမှ မြန်မာပရိတ်သတ်များနှင့် စကားပြောရာတွင်

“မင်္ဂလာပါ၊ အခုကျွန်တော် ချင်းမိုင်ရောက်နေတာပါ။ ချင်းမိုင်မှာ ကျွန်တော့်ဧည့်သည်တွေကို မြန်မာဆိုင်ခေါ်လာပြီး မြန်မာထမင်း၊ ဟင်းကျွေးမှာပါ။ ဒါကတော့ ပထမဆုံးမှာထားတဲ့ လက်ဖက်သုတ်ပါ”

ဟု မြန်မာဘာသာစကားသင်္ကေတကို အသုံးပြုပြောဆိုထားကြောင်း တွေ့ရပါသည်။ မြန်မာလူမျိုး Tour Guide တစ်ဦးအနေဖြင့် မြန်မာဘာသာစကားသင်္ကေတကိုအသုံးပြုကာ ပြောဆိုခြင်းဖြင့် ပရိတ်သတ်နှင့် ပိုမိုထိတွေ့နိုင်သောအကျိုးကို ရရှိစေပါသည်။ ထို့နောက် ဧည့်သည်နိုင်ငံခြားသားများ ကို လက်ဖက်သုတ်နှင့် မိတ်ဆက်ပေးရာတွင်

“Tea Leaf Salad, Yeal, Ok”

ဟု အင်္ဂလိပ်ဘာသာစကားသင်္ကေတကိုအသုံးပြုကာ မိတ်ဆက်ပေးကြောင်း တွေ့ရပါသည်။ ဤသည် မှ ပြောသူသည် နာသူ၏အခြေအနေကိုလိုက်ကာ သက်ဆိုင်ရာစကားသင်္ကေတသို့ ကူးပြောင်းပြောဆိုရန် လိုကြောင်း၊ ထိုမှသာ ဆက်သွယ်ရေးလမ်းကြောင်းပွင့်၍ လူမှုဆက်ဆံရေးအဆင်ပြေမည်ဖြစ်ကြောင်း သုံးသပ်မိပါသည်။

ထို့ပြင် ဆွံ့အနားမကြားသူများအတွက် အသုံးပြုသော လက်အချက်ပြသင်္ကေတများကို နားလည်သူတစ်ဦးသည် ဆွံ့အသူတစ်ဦးကို အကြောင်းတစ်စုံတစ်ရာ ပြောလိုသည့်အခါ လက်အချက်ပြ သင်္ကေတကိုအသုံးပြုကာ ဆက်သွယ်ရမည်ဖြစ်ပြီး သာမန်အခြေအနေတွင် ဘာသာစကားသင်္ကေတ ကို အသုံးပြုမည်သာဖြစ်သည်။ ဤဆက်သွယ်မှုဖြစ်စဉ်တွင် ပြောသူသည် စကားသင်္ကေတနှစ်မျိုးကို တတ်မြောက်ထားရန်လိုအပ်ပြီး နာသူတို့၏အခြေအနေပေါ်မူတည်၍ စကားသင်္ကေတကူးပြောင်း အသုံးပြုရန်လိုအပ်ကြောင်း တွေ့ရပါသည်။ ထိုသို့ကူးပြောင်းအသုံးပြုခြင်းအားဖြင့် ပြောသူက နာသူအား သိစေလိုသော အကြောင်းတစ်စုံတစ်ရာသည် နာသူထံသို့ လွယ်ကူစွာ ရောက်ရှိသွားမည် သာ ဖြစ်သည်။ ဤသည်မှာလည်း စကားသင်္ကေတ ကူးပြောင်းအသုံးပြုခြင်း၏ အကျိုးကျေးဇူးသာ ဖြစ်သည်။

ဤသို့ဖြင့် နှစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းအတွင်း စကားသင်္ကေတကူးပြောင်းမှုကို လေ့ လာကြည့်ရာတွင် စကားသင်္ကေတကူးပြောင်းခြင်းသည် ပြောသူ၏ ဆက်သွယ်မှုဆိုင်ရာစကား သင်္ကေတတစ်မျိုးမက တတ်ကျွမ်းမှုအပေါ်တွင်လည်းကောင်း၊ နာသူ၏အခြေအနေပေါ်တွင်လည်းကောင်း တည်ရှိလျက်ရှိပြီး ထိုသို့ပြောသူနှင့် နာသူအကြားတွင် စကားသင်္ကေတ ကူးပြောင်းပြောဆိုခြင်း အားဖြင့် ပြောသူက နာသူထံ ပေးပို့လိုသော အချက်အလက်ကို ပိုမိုလွယ်ကူစွာပေးပို့နိုင်ပြီး ပြောသူနှင့် နာသူ၏ လူမှုဆက်ဆံရေးအခြေအနေကို ပိုမိုကောင်းမွန်စေပါသည်။ ဤသို့ စကားသင်္ကေတ ကူးပြောင်းခြင်းသည် ပြောသူနှင့်နာသူတို့၏ ဆက်ဆံမှုနယ်ပယ်နှင့်ဆက်ဆံမှုကဏ္ဍတို့တွင် မူတည် လျက်ရှိသည့်အနက် မြန်မာနိုင်ငံရှိနှစ်ဘာသာသုံးလူ့အဖွဲ့အစည်းအတွင်းတွင်မူ ဆက်ဆံမှုနယ်ပယ် အရသာ စကားသင်္ကေတများကူးပြောင်းလျက်ရှိကြောင်း လေ့လာသုံးသပ်မိပါသည်။

၄၊ ၂။ တစ်ဘာသာသုံးစနစ် လူ့အဖွဲ့အစည်းအတွင်း စကားသင်္ကေတ ကူးပြောင်းမှု

တစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်းဘာသာစကားတစ်မျိုးတည်း ကိုသာ ကောင်းကောင်းအသုံးပြုနိုင်ခြင်းကို ဆိုလိုပါသည်။ ထိုလူ့အဖွဲ့အစည်းအတွင်းတွင် ဘာသာ စကားအသွင်ကွဲတစ်ခုမှ အခြားတစ်ခုသို့ ကူးပြောင်းအသုံးပြုကာ ဆက်သွယ်မှုကို တစ်ဘာသာသုံး စနစ်လူ့အဖွဲ့အစည်းအတွင်း စကားသင်္ကေတကူးပြောင်းမှုဟု ခေါ်ဆိုပါသည်။ မြန်မာဘာသာစကား အတွင်းတွင် ဆက်ဆံမှုနယ်ပယ်နှင့် ဆက်ဆံမှုကဏ္ဍအရ စကားအသွင်ကွဲပြားမှု (သို့) စကားသင်္ကေတ ကူးပြောင်းမှုကို မတွေ့ရပေ။

၄၊ ၃။ စကားသင်္ကေတငယ်ကူးပြောင်းမှု

စကားသင်္ကေတကူးပြောင်းမှုတွင် စကားသင်္ကေတကြီးတစ်ခုလုံး ကူးပြောင်းအသုံးပြုခြင်းရှိသကဲ့သို့ စကားသင်္ကေတကြီးအတွင်းရှိ စကားသင်္ကေတငယ်ကူးပြောင်းခြင်းလည်းရှိသည်။

မြန်မာဘာသာစကားသည် ဝေါဟာရကြွယ်ဝသော ဘာသာစကားဖြစ်၍ ပြောသူနာမ်စား အဖြစ် အသုံးပြုနိုင်သည့် နာမ်စားများစွာ ရှိသည်။ ယင်းတို့မှာ “ကျွန်တော်၊ ကျွန်မ၊ ကျုပ်၊ ငါ၊ ကိုယ်၊ ဒို့” စသည် တို့ဖြစ်သည်။ ထို့အတူ နာသူ နာမ်စားအဖြစ်မူ “မင်း၊ နင်၊ သင်၊ ရှင်၊ ညည်း၊ တော်၊ ခင်ဗျာ” စသည်ဖြင့် များစွာအသုံးပြုနိုင်ပေသည်။ ပြောသူနှင့်နာသူတို့၏ ဖြစ်တည်မှုကို အစွဲပြု၍အသုံးပြုသော “ကို၊ မောင်၊ ချစ်၊ သဲ၊ အဖေ၊ အမေ၊ သူငယ်ချင်း” စသည့်နာမ်စားများလည်း ရှိပါသည်။ အထက် ဖော်ပြပါ နာမ်စားအသုံးတို့သည်

စကားပြောမှုဖြစ်စဉ်တွင်တွေ့ရသည့် သေးငယ်သော အစိတ်အပိုင်း ဖြစ်သည့် စကားသင်္ကေတငယ်များဖြစ်ပါသည်။ ထိုစကားသင်္ကေတငယ်များသည် ပြောသူနှင့်နာသူ တို့၏အခြေအနေ၊ ရင်းနှီးမှုအတိုင်းအတာနှင့် လူမှုအဆက်အစပ်ပေါ်မူတည်၍ အမျိုးမျိုးကူးပြောင်းနိုင် ကြောင်း တွေ့ရပါသည်။

သာဓကပြရလျှင်

ပထမနှစ်၊ မြန်မာစာအထူးပြုကျောင်းသားဖြစ်သော မောင်ခန့်မင်းထက်သည် အသက်၊ ဂုဏ်ကြီးသူဖြစ်သော အတန်းတာဝန်ခံဆရာမနှင့် စကားပြောရာတွင် ပြောသူနာမ်စားအဖြစ် “ကျွန်တော်”ကို သုံး၍ နာသူနာမ်စားအဖြစ် “ဆရာမ”ဟုသာသုံးကြောင်း တွေ့ရပါသည်။ ရွယ်တူ ဖြစ်သော သူငယ်ချင်းဖြစ်သူ မောင်သိန်းကျော်နှင့် ပြောရာတွင် ပြောသူနာမ်စားအဖြစ် “ငါ”ကို သုံး၍ နာသူနာမ်စားအဖြစ် “မင်း”ကို သုံးကြောင်းတွေ့ရပါသည်။ အတန်းသူ”မယဉ်မွန်ဇင်”နှင့် ပြောရာတွင်မူ ပြောသူနာမ်စား အဖြစ် “ငါ” ကိုသုံး၍ နာသူနာမ်စားအဖြစ် “နင်”ကို သုံးပါသည်။ ချွင်းချက်အနေဖြင့် ဌာနတွင် ကျင်းပသောသီလပွဲတွင် သီလပေးသည့်ကျောင်းထိုင်ဘုန်းကြီးနှင့်အတူ ပါလာသောသံဃာ အား ပြောရာတွင်မူ ထိုသံဃာသည် ပြောသူအောက်ငယ်သော်လည်း ပြောသူနာမ်စားအဖြစ် “တပည့်တော်”ဟုသုံး၍ နာသူနာမ်စားအဖြစ် “အရှင်ဘုရား”ဟု သုံးကြောင်း တွေ့ရပါသည်။

အထက်ပါသာဓကအရ နာမ်စားနှင့်ပတ်သက်၍ ပြောသူက နာသူအောက် အသက်၊ ဂုဏ်၊ ဝါ ငယ်ပါက ပြောသူယောကျ်ားလေးသည် မိမိကိုယ်ကို “ကျွန်တော်”ဟု သုံး၍နာသူအား “ခင်ဗျာ (သို့) သက်ဆိုင်ရာနာမ်စား”တို့ကိုသုံးကြောင်း၊ ပြောသူသည် မိန်းကလေးဖြစ်ပါက မိမိကိုယ်ကို“ကျွန်မ” ဟုသုံး၍ နာသူအား “ရှင်(သို့) သက်ဆိုင်ရာနာမ်စားအသီးသီး”ကိုသုံးကြောင်း၊ ချွင်းချက်အနေဖြင့် ပြောသူက အသက်ပို၍ကြီးသော်လည်း ငယ်သူက ဂုဏ်၊ ရာထူး၊ လူမှုအဆင့်အတန်း ပို၍မြင့်ပါက ပြောသူက မိမိကိုယ်ကို “ကျွန်တော်”ဟု သုံး၍နာသူအား “ခင်ဗျာ(သို့)သက်ဆိုင်ရာနာမ်စား”ကို ကူး ပြောင်းသုံးရမည်သာဖြစ်ကြောင်း သုံးသပ်မိပါသည်။ ထိုအချက်အရ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာ ကြီးမားသော မြန်မာတို့သည် ပြောသူနာမ်စားနှင့်နာသူနာမ်စားအဖြစ်သုံးသော စကားသင်္ကေတများ ကို အသက်အရွယ်၊ ဂုဏ်၊ အဆင့်အတန်း၊ ကျား၊ မ(လိင်)စသည့် ပြောသူနှင့်နာသူတို့၏ အခြေအနေ ပေါ်မူတည်၍ အမျိုးမျိုးသောစကားသင်္ကေတငယ်များ ကူးပြောင်းအသုံးပြုလေ့ရှိကြောင်း လေ့လာ သုံးသပ်မိပါသည်။

ထိုမျှသာမက ပြောသူနှင့်နာသူတို့၏ ရင်းနှီးမှုအတိုင်းအတာအရလည်း ပြောသူနာမ်းစားနှင့် နာသူနာမ်စားစသည့် စကားသင်္ကေတငယ်များ ကူးပြောင်းအသုံးပြုကြသည်။

သာဓကပြရလျှင်

လုပ်ငန်းခွင်တွင် ပထမဦးဆုံးအကြိမ် တွေ့ဖူးသော အရွယ်တူယောကျ်ားလေးနှစ်ယောက် သည် မိမိကိုယ်ကိုရည်ညွှန်းသောအနေဖြင့် “ကျွန်တော်”ဟုသောနာမ်စားကို သုံး၍ နာသူနာမ်စား အဖြစ် “ခင်ဗျား”ဟုသော နာမ်စားကို သုံးမည်ဖြစ်သည်။ ထိုရွယ်တူယောကျ်ားလေးနှစ်ဦး ရင်းနှီး သွားသည့်အခါ ပြောသူနာမ်စားအဖြစ် “ငါ”ကို သုံး၍ နာသူနာမ်စားအဖြစ် “မင်း”ဟုသောနာမ်စားကို ပြောင်းလဲအသုံးပြုကြောင်း တွေ့ရသည်။ ဤသည်မှာ ရင်းနှီးမှုအတိုင်းအတာပေါ်မူတည်၍ စကား သင်္ကေတငယ်ကူးပြောင်းမှုပင်ဖြစ်ပါသည်။

ထို့ပြင် မြန်မာဘာသာစကားတွင် ပြောသူနှင့် နာသူတို့၏ လူမှုဆက်ဆံရေးအခြေအနေအရ ကူးပြောင်းအသုံးပြုကြသော စကားသင်္ကေတများလည်း ရှိသည်။

သာဓကပြရလျှင်

နာသူက ဘုန်းကြီးတစ်ပါးဖြစ်ပါက “စားသည်”ဟုအနက်ရသည့် စကားသင်္ကေတအဖြစ် “ဘုန်းပေး”ဟုလည်းကောင်း၊ မိမိထက်အသက်၊ ဂုဏ်၊ ဝါကြီးသူဖြစ်ပါက “သုံးဆောင်”ဟု လည်း ကောင်း၊

သူငယ်ချင်းတစ်ယောက်ဖြစ်ပါက “စား”ဟုလည်းကောင်း၊ မိမိနှင့်မသင့်မြတ်သူတစ်ယောက် ဖြစ်ပါက “မြို့ဆို့”ဟုလည်းကောင်း စကားသကေ်တများကို အမျိုးမျိုးကူးပြောင်းအသုံးပြုလေ့ရှိ ကြောင်း တွေ့ရပါသည်။ ဤသည်မှာ ပြောသူနှင့်နာသူကြားရှိ လူမှုဆက်ဆံရေးအခြေအနေနှင့် ပြောသူ၏ခံစားချက်ပေါ်မူတည်၍ စကားသကေ်တငယ်များ ကူးပြောင်းအသုံးပြုခြင်းပင်ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၄၊ ၄။ စကားထိန်းညှိမှု

လူ့အဖွဲ့အစည်းအတွင်းတွင် စကားသကေ်တများကို အသုံးပြု၍ လူအချင်းချင်း ပြောဆိုဆက်သွယ်ရာ တွင် စကားကို ထိန်းညှိပြောဆိုရန် လိုအပ်ပါသည်။ စကားထိန်းညှိမှုဆိုသည်မှာ လူနှစ်ဦးအပြန်အလှန် ပြောဆိုဆက်ဆံကြသည့်အခါ ပြောသူသည် နာသူ၏အခြေအနေအရပ်ရပ်ကို ထောက်ရှု၍ နာသူနှင့် အနီးဆုံးဖြစ်အောင်ပြောဆိုခြင်း ပင်ဖြစ်သည်။ စကားထိန်းညှိမှုတွင် တူညီမှုပြုခြင်းနှင့်ခြားနာမှုပြုခြင်း ဟူ၍ ရှိပါသည်။

စကားထိန်းညှိရာတွင် ပြောသူက နာသူနှင့် နီးကပ်အောင်ပြောဆိုခြင်းကို တူညီမှုပြုခြင်းဟု ခေါ်ကြောင်း တွေ့ရပါသည်။

သာဓကပြရလျှင်

ကျေးလက်တွင်နေထိုင်သူများနှင့် ပြောဆိုရာတွင် “အန်ကယ်၊ အန်တီ၊ ဘရားသား၊ ဆစ်” စသည်ဖြင့် သုံးနှုန်းပြောဆိုခြင်းထက် နာသူနှင့် လိုက်လျောညီထွေဖြစ်စေမည့် “ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ မောင်လေး၊ ညီမလေး”စသည်ဖြင့် ပြောဆိုခြင်းသည်လည်းကောင်း၊ ကလေးငယ် တစ်ဦးနှင့်ပြောဆိုရာတွင် သာမန်ထက် “သားသား၊ မမ၊ မေမေ၊ ဖေဖေ၊ သွားသွား၊ စားစား”စသည်ဖြင့် ကလေးငယ်နာလည်းလွယ်သည့် စကားသကေ်တငယ်များကိုသုံးကာ လိုက်လျောညီထွေစွာ ပြောဆို ခြင်းသည်လည်းကောင်း စကားထိန်းညှိမှုဆိုင်ရာ တူညီမှုပြုခြင်းပင်ဖြစ်သည်။ ထိုသို့ တူညီမှုပြုကာ ပြောဆိုခြင်းအားဖြင့် ပြောသူနှင့်နာသူကြား ရင်းနှီးမှုကိုတိုးစေပြီး ဆက်သွယ်မှုချောမောပြေပြစ်စေ ကာ ပြောလိုသည့်အကြောင်းအရာကို နာသူထံပို့ဆောင်ရာတွင် ပိုမိုထိရောက်စေပါသည်။

စကားထိန်းညှိရာတွင် ပြောသူက နာသူနှင့်ဝေးကွာအောင်ပြောဆိုခြင်းကို ခြားနားမှုပြုခြင်းဟု ခေါ်ပါသည်။

သာဓကပြရလျှင်

နာသူက ရဟန်း၊ သံဃာဖြစ်ပါက “အရှင်ဘုရားနှင့် တပည့်တော်” ဟူသောနာမ်စားသကေ်တ များ ပြောဆိုသုံးနှုန်းကာ“တင်ပါ့ဘုရား၊ မိန့်တော်မူပါ၊ လျှောက်တင်ပါတယ်ဘုရား”ဟူသော စကား သကေ်တများကို အသုံးပြုရသည်။ ထို့အတူ တိုင်းဒေသကြီးဆိုင်ရာဝန်ကြီးတစ်ဦးတက်ရောက်သည့်ပ တစ်ခုတွင် အစီအစဉ်ကြေညာသူဖြစ်သော ပြောသူက “အစိုးရအဖွဲ့ဝင်ဝန်ကြီး ကြွရောက်လာပြီးဖြစ်ပါ ကြောင်း၊ ဖွင့်မိန့်ခွန်းပြောကြားပေးပါရန် ပန်ကြားအပ်ပါတယ်”ဟု ပြောရာတွင် “ကြွရောက်၊ ပန်ကြား”စသည့် စကားသကေ်တများကို အသုံးပြုပြောဆိုခြင်းသည်လည်း စကားထိန်းညှိမှုအရ သာမန်နှင့်မတူ၊ ကွဲပြားအောင် ခြားနားမှုပြုခြင်းပင် ဖြစ်ပါသည်။ ဤသည်တွင် ပြောသူဖြစ်သော ဒါယိကာနှင့် နာသူဖြစ်သောဘုန်းကြီး၊ အစီအစဉ်ကြေညာ သူနှင့် ဝန်ကြီးတို့၏ လူမှုနောက်ခံကွာဟမှု ကို ကွဲပြာအောင်ခြားနားမှုပြုကာ ပြောဆိုခြင်းပင်ဖြစ်သည်။ ထိုသို့ ခြားနားမှုပြုကာ ပြောဆိုခြင်းဖြင့် ပြောသူနှင့်နာသူကြား အပြန်အလှန်ထားရှိသည့် လေးစားမှုနှင့်တန်ဖိုးထားမှုတို့ကို ပိုမိုပေါ်လွင်စေပြီး တစ်ဦးနှင့်တစ်ဦးအပြန်အလှန်နားလည်မှုရကာ လူမှုဆက်ဆံရေးပိုမိုချောမွေ့စေနိုင်ကြောင်း သုံးသပ်မိ ပါသည်။

၅။ ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် လူ့အဖွဲ့အစည်းအတွင်း စကားသင်္ကေတကူးပြောင်းမှုကို လူမှုဘာသာဗေဒအရ လေ့လာထားခြင်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် နှစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းနှင့်တစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းဟူ၍ ကဏ္ဍ(၂)ခုခွဲကာ လေ့လာတင်ပြထားပါသည်။ ထိုသို့ လေ့လာခြင်း အားဖြင့် နှစ်ဘာသာသုံးစနစ်အတွင်း စကားသင်္ကေတကူးပြောင်းမှုသည် ပြောသူ၏ဆက်သွယ်မှုဆိုင်ရာ စကားသင်္ကေတတစ်မျိုးမက တတ်ကျွမ်းမှုအပေါ်တွင်လည်းကောင်း၊ နာသူ၏အခြေအနေပေါ်တွင်လည်းကောင်း တည်ရှိလျက်ရှိပြီး ထိုသို့ စကားသင်္ကေတများကို ကူးပြောင်းအသုံးပြုခြင်းအားဖြင့် ပြောသူနှင့်နာသူကြား ဆက်သွယ်ရေးလမ်းကြောင်းပွင့်ကာ ပြောသူက သိစေလိုသည့်အကြောင်းအရာ များကို နာသူထံချောမွေ့စွာပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သုံးသပ်အပ်ပါသည်။

စကာသင်္ကေတကူးပြောင်းနိုင်သော ဆက်ဆံမှုနယ်ပယ်နှင့် ဆက်ဆံမှုကဏ္ဍ(၂)ရပ်အနက် မြန်မာနိုင်ငံရှိ နှစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းအတွင်းတွင်မူ စကားသင်္ကေတကူးပြောင်းမှုသည် ဆက်ဆံမှုနယ်ပယ်အရသာ ကူးပြောင်းလျက်ရှိကြောင်းလည်း သုံးသပ်မိပါသည်။ တစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းအတွင်းတွင်မူ ဆက်ဆံမှုနယ်ပယ်နှင့် ဆက်ဆံမှုကဏ္ဍအရ စကားသင်္ကေတကူးပြောင်းမှု မရှိကြောင်းလည်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

စကားသင်္ကေတငယ်ကူးပြောင်းမှုကိုလေ့လာရာတွင် စကားသင်္ကေတငယ်များကို ပြောသူနှင့် နာသူတို့၏ အသက်အရွယ်၊ ဂုဏ်၊ အဆင့်အတန်း၊ ကျား၊ မ(လိင်)စသည့် အခြေအနေ၊ ပြောသူနှင့် နာသူတို့၏ ရင်းနှီးမှုအတိုင်းအတာ၊ လူမှုဆက်ဆံရေးအခြေအနေနှင့် ပြောသူ၏ခံစားချက်ပေါ် မူတည်၍ ပြောင်းလဲအသုံးပြုလျက်ရှိကြောင်း တွေ့ရပါသည်။ ထိုအခြေအနေများအရ စကားသင်္ကေတငယ်များကူးပြောင်းလေ့ရှိပုံကို သိရှိနားလည်မှသာ ယဉ်ကျေးမှုအစဉ်အလာကြီးမားသော မြန်မာ့လူဘောင်တွင် ပြောသူနှင့်နာသူကြား နားလည်မှုရကာ ပေါင်းသင်းဆက်ဆံရေး အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

စကားထိန်းညှိပြောဆိုရာတွင်လည်း ပြောသူသည် နာသူ၏အခြေအနေအရပ်ရပ်ကို ထောက်ရှု ၍ နာသူနှင့် တူညီမှုပြကာ ပြောဆိုခြင်းနှင့် ခြားနားမှုပြုကာ ပြောဆိုခြင်းဟူ၍ တွေ့ရပါသည်။ တူညီမှုပြုကာစကားထိန်းညှိပြောဆိုခြင်းဖြင့် ပြောသူနှင့်နာသူကြား ရင်းနှီးမှုကိုတိုးစေပြီး ဆက်သွယ်မှုချောမောပြေပြစ်စေကာ ပြောလိုသည့်အကြောင်းအရာကို နာသူထံပို့ဆောင်ရာတွင် ပိုမိုထိရောက်စေနိုင်ပါသည်။ ခြားနားမှုပြုကာပြောဆိုခြင်းဖြင့် ပြောသူနှင့်နာသူကြား အပြန်အလှန်ထားရှိသည့် လေးစားမှုနှင့်တန်ဖိုးထားမှုတို့ကို ပိုမိုပေါ်လွင်စေပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှုရကာ လူမှုဆက်ဆံရေးပိုမိုချောမွေ့စေနိုင်ကြောင်း သုံးသပ်မိပါသည်။

နိဂုံး

ဤစာတမ်းသည် လူ့အဖွဲ့အစည်းအတွင်း စကားသင်္ကေတကူးပြောင်းမှုကို လူမှုဘာသာဗေဒအရ လေ့လာထားခြင်း ဖြစ်သည်။ ထိုသို့ လေ့လာရာတွင် နှစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းနှင့် တစ်ဘာသာသုံးစနစ်လူ့အဖွဲ့အစည်းဟူ၍ ကဏ္ဍ(၂)ခုခွဲကာ လေ့လာတင်ပြထားပါသည်။ ထိုသို့ လေ့လာခြင်း အားဖြင့် စကားသင်္ကေတများကို ပြောသူနှင့် နာသူတို့၏ အသက်အရွယ်၊ ဂုဏ်၊ အဆင့်အတန်း၊ ကျား၊ မ(လိင်)စသည့် အခြေအနေ၊ ရင်းနှီးမှုအတိုင်းအတာနှင့် ပြောသူနှင့် နာသူတို့၏ ရင်းနှီးမှုအတိုင်းအတာ၊ လူမှုဆက်ဆံရေးအခြေအနေနှင့် ပြောသူ၏ခံစားချက်ပေါ်မူတည်၍ ပြောင်းလဲအသုံးပြုရကြောင်း သိရှိရပြီး ထိုသို့စကားသင်္ကေတများကို ကူးပြောင်းအသုံးပြုခြင်းနှင့် စကားထိန်းညှိပြောဆိုခြင်းအား ဖြင့် ပြောသူနှင့် နာသူကြားဆက်သွယ်ရေးလမ်းကြောင်းပွင့်ကာ ပြောသူကသိစေလိုသည့် အကြောင်း အရာများကို နာသူထံ ချောမွေ့စွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤစာတမ်း သည်

လူမှုဘာသာဗေဒကိုလေ့လာလိုသူများ၊ စကားသင်္ကေတကူးပြောင်းမှုနှင့် စကားထိန်းညှိမှုကို လေ့လာလိုသူများအတွက် များစွာအကျိုးပြုမည်ဟု ယုံကြည်ပါသည်။

ကျမ်းကိုးစာရင်း

အောင်မြင့်ဦး၊ဒေါက်တာ။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်*** ။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ဒေါက်တာ။ (၂၀၂၀)။ ***သုတေသနဟူသည်*** ။ ရန်ကုန်၊ ဧရာဝဏ်စာပေတိုက်။

အောင်မြင့်ဦး၊ဒေါက်တာ။ (၂၀၂၃)။ ***ဘာသာစကားဝေဟင်ခရီးနှင်ပျံသန်းခြင်း*** ။ ရန်ကုန်၊ ပညာရပ်ဝန်းစာပေ။

လေ့လာဖတ်ရှုသောစာအုပ်စာရင်း

ခင်မင်၊ မောင်(ဓနုဖြူ)၊ (၂၀၁၁)။ ***သက်တံရောင်စုံဘာသာစကား*** ။ ရန်ကုန်၊ အိမ်သူရွှေမစာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၆)။ ***မြန်မာစကားအကြောင်းတစ္ဆေတစောင်း*** ။ ရန်ကုန်၊ လင်းလွန်းခင်စာပေ။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၅)။ ***လူမှုဘာသာဗေဒသဘောတရား*** ။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၂၄)။ ***သုတေသနဟူသည်*** ။ ရန်ကုန်၊ ပညာရပ်ဝန်းစာပေ။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၂၅)။ ***လူမှုဘာသာဗေဒ မိတ်ဆက်*** ။ ရန်ကုန်၊ ပညာရပ်ဝန်းစာပေ။

ဦးကြင်ဥ၏ ပဒေသာသီချင်းများမှ ဝဏ္ဏဖွဲ့ပုံလေ့လာချက်

(ဘာသာဗေဒ)

မိုးမိုးစံ[၁]

စာတမ်းအကျဉ်း

ဤစာတမ်းသည် ဦးကြင်ဥ၏ ပဒေသာသီချင်းများမှ ဝဏ္ဏဖွဲ့ပုံအကြောင်းကို ဘာသာဗေဒ နည်းဖြင့် လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် ဦးကြင်ဥ၏ ပဒေသာသီချင်းများမှ ရာသီဘွဲ့ညည်းချင်း(၁၁)ပုဒ်ကို အလေ့လာခံအဖြစ် ရွေးချယ်ထားပါသည်။ ရည်ရွယ်ချက်မှာ အလေ့လာခံပဒေသာသီချင်းများ၏ ဝဏ္ဏဖွဲ့ပုံစနစ်ကို သိရှိစေလိုခြင်းဖြစ်ပါသည်။ သုတေသနပြဿနာများကို အဖြေရှာရာတွင် ပညာရပ်ဆိုင်ရာ နည်းနာအဖြစ် ဦးထွန်းမြင့်၏ သဒ္ဒဗေဒ၊ ဘာသာဗေဒစာအုပ်ကို အခြေခံထားပါသည်။ သုတေသနနည်းနာအဖြစ် သရုပ်ဖော်သုတေသန၊ အရေအတွက်ဆိုင်ရာ သုတေသနနည်းနာများကို အသုံးပြု၍ သုတေသနပြုဖော်ထုတ်ထားပါသည်။ အလေ့လာခံညည်းချင်းကဗျာများ၏ ဝဏ္ဏဖွဲ့ပုံများကို တွေ့ရှိရပြီး ဗျည်းသရတို့၏ ဝဏ္ဏဖွဲ့စည်းမှုအကျိုးရလဒ်တို့ကို သိမြင်နိုင်ပါသည်။ ပဒေသာသီချင်းများ၏ ဝဏ္ဏဖွဲ့ပုံအကြောင်း လေ့လာလိုသူများအတွက် အထောက်အကူပြုနိုင်ပါသည်။

သော့ချက်ဝေါဟာရ။ ။ ပဒေသာသီချင်း၊ ဘာသာဗေဒ၊ ဝဏ္ဏဖွဲ့ပုံ။

၁။ နိဒါန်း

ဤစာတမ်းသည် ဦးကြင်ဥ၏ ပဒေသာသီချင်းများမှ ရာသီဘွဲ့ညည်းချင်း (၁၁)ပုဒ်ကို ဘာသာဗေဒ နည်းဖြင့် လေ့လာထားသည့်စာတမ်း ဖြစ်ပါသည်။ ရာသီဘွဲ့ညည်းချင်း (၁၁)ပုဒ်တွင် တန်ခူးလေအကြောင်းဖွဲ့သည့်ညည်းချင်း(၂)ပုဒ်၊ ကဆုန်လအကြောင်းဖွဲ့သည့်ညည်းချင်း(၁)ပုဒ်၊ ပြာသိုလအကြောင်းဖွဲ့သည့် ညည်းချင်း(၁)ပုဒ်၊ တပို့တွဲလအကြောင်းဖွဲ့သည့်ညည်းချင်း(၁)ပုဒ်၊ တပေါင်းလအကြောင်းဖွဲ့သည့် ညည်းချင်း(၆)ပုဒ်ပါဝင်သည်။ ထိုညည်းချင်း (၁၁)ပုဒ်ကို ဘာသာဗေဒနည်းဖြင့် လေ့လာရာတွင် ဝဏ္ဏဖွဲ့ပုံကိုသာ လေ့လာမည် ဖြစ်ပါသည်။ စကားသံကို သဒ္ဒဗေဒအက္ခရာ (phonetic alphabet)ဖြင့် အသံလှယ်ထားပါသည်။ စကားသံသင်္ကေတများကို ဆရာကြီးဦးထွန်းမြင့်၏ “သဒ္ဒဗေဒ၊ ဘာသာဗေဒ” စာအုပ်တွင် အသုံးပြုထားသော တက်ကျသံသင်္ကေတ (tone mark)ကို အသုံးပြုထားပါသည်။

၁၊ ၁။ ဦးကြင်ဥ၏အတ္ထုပ္ပတ္တိအကျဉ်း

စာဆိုဦးကြင်ဥသည် မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ မြေထဲမြို့စီရင်စု၊ ဆင်ပေါင်ဝဲရွာ ဇာတိဖြစ်သည်။ မွေးဖွားသည့်ခုနှစ် အတိအကျ မသိရပေ။ “၁၃၃၅-၁၃၄၀ ပြည့်နှစ်ခန့် လောက်တွင် မွေးဖွားဟန်လက္ခဏာရှိသည်”ဟု ဆိုသည်။ ထို့အတူ ကွယ်လွန်သည့် ခုနှစ်ကိုလည်း မတွေ့ရပါ။ ဦးကြင်ဥသည် ငယ်ရွယ်စဉ်မှစ၍ စာပေကျမ်းဂန်များဘက်တွင် ဝါသနာပါသူဖြစ်သည်။ စစ်ကိုင်းမင်း၊ သာယာဝတီမင်းနှင့် ပုဂံမင်းတို့ထံတွင် အမှုထမ်းခဲ့သူဖြစ်သည်။ (ဘသောင်း၊ ဗိုလ်မှူး၊ ၂၀၀၂၊ ၂၀၃)

စာဆိုဦးကြင်ဥသည် “ရုပ်သေးအစ ဦးကြင်ဥက”ဟူ၍ ဖြစ်လာအောင် မြန်မာ့ရုပ်သေးစင်ကို ပထမဦးဆုံး တီထွင်သူဖြစ်သည်။ (ဘသောင်း၊ ဗိုလ်မှူး၊ ၂၀၀၂၊ ၂၀၃)

ဦးကြင်ဥရေးဖွဲ့ခဲ့သော စာများမှာ ဝေဿန္တရာပြဇာတ်၊ မဟော်သဓာပြဇာတ်၊ ဒေဝကုမ္ဘဏ် ပြဇာတ်၊ ဝက်နွားပြဇာတ်၊ ပါပဟိန်ပြဇာတ်၊ ကာလကဏ္ဏီပြဇာတ်တို့ ဖြစ်သည်။ ထို့ပြင် ရတုအမျိုးမျိုး၊ သီချင်းဆန်းများအပြင် ဆယ့်နှစ်ရာသီဘွဲ့ညည်းချင်း၊ မိုးဘွဲ့ညည်းချင်း၊ တောတောင်ဘွဲ့ညည်းချင်း၊

[၁] နည်းပြ၊ မြန်မာစာဌာန၊ မကွေးတက္ကသိုလ်

ဇော်ဂျီညည်းချင်း၊ သန်းခေါင်အချိန်ညည်းချင်း၊ မုဆိုးစကား အမျိုးမျိုး၊ ဆိုင်းဆင့်အမျိုးမျိုး အစရှိသော “သီချင်းပဒေသာများ”ကိုလည်း ရေးဖွဲ့ခဲ့သည်။

၁၊ ၂။ သုတေသနမေးခွန်းနှင့်ပြဿနာ

စာဆိုဦးကြင်ဥ၏ ပဒေသာသီချင်းများမှ ရာသီဘွဲ့ညည်းချင်းများ၏ ဝဏ္ဏဖွဲ့ပုံကို လေ့လာရာတွင် အောက်ပါသုတေသန မေးခွန်းများနှင့် ပြဿနာအချို့ တွေ့ကြုံရနိုင်ပါသည်။

(၁) ဝဏ္ဏဖွဲ့စည်းမှုပုံစံ မည်သို့ ရှိသနည်း။

(၂) ထိုသို့သော ဝဏ္ဏဖွဲ့စည်းမှုကြောင့် ညည်းချင်းကဗျာများကို မည်သို့ အထောက်အကူပြုသနည်း။

ဟူသော မေးခွန်းများ ပေါ်လာပါသည်။ ထိုမေးခွန်းများအတွက် အဖြေထုတ်ရာတွင်

(၁) ဝဏ္ဏဖွဲ့စည်းမှုနှင့်ပတ်သက်၍ အသေးစိတ်ကောက်ယူရခြင်းဖြစ်၍ မှားယွင်းနိုင်သောကြောင့် သေသေချာချာ ဂရုပြုကောက်ယူရသည့် ပြဿနာနှင့်ကြုံတွေ့ရပါသည်။

ထို့ကြောင့် ဦးကြင်ဥ၏ ပဒေသာသီချင်းများမှ ရာသီဘွဲ့ညည်းချင်းများ၏ ဝဏ္ဏဖွဲ့ပုံကို လေ့လာရာတွင် သုတေသီတို့၏ နည်းနာများ၊ လိုအပ်သည့် စာအုပ်၊ စာတမ်းများကို လေ့လာဖတ်မှတ် ရပါသည်။ ထိုနည်းနာတွေ့ရှိချက်များကို အခြေခံ၍ ဤစာတမ်းကို လေ့လာဖော်ထုတ်တင်ပြသွားမည် ဖြစ်ပါသည်။

၁၊ ၃။ ညည်းချင်းသဘောသဘာဝ

မြန်မာစာပေတွင် စကားပြေနှင့် ကဗျာဟူ၍ စာပေပုံသဏ္ဌာန်နှစ်မျိုးရှိသည်။ ကဗျာကို လက််နှင့် သီချင်းဟူ၍ (၂)မျိုး ခွဲခြားထားပါသည်။ သီချင်းကို ကဗျာဖွဲ့နည်း နိသျည်း စာအုပ်တွင်

> **အတီးအမှုတ်တို့နှင့် စည်းကိုက်၊ ဝါးကိုက်၍ဖြစ်စေ၊ မကိုက်၍ဖြစ်စေ၊ အသံကို ရှည်ရှည် လွင်လွင်ထင်ထင်နှင့် ဆွဲဆွဲငင်ငင်ဖွဲ့ဆိုရသည့် အဖွဲ့မျိုးဖြစ်သည်။**
> (တင့်ဆွေ၊ ဦး။ ၁၉၇၀၊ ၄)

ဟုလည်းကောင်း

မြန်မာအဘိဓာန်တွင်

> **သီချင်း/သချင်း/န-သီဆိုရန် သံစဉ်အမျိုးမျိုးဖြင့် ဖွဲ့ထားသော အဖွဲ့အနွဲ့။**
>
> (မြန်မာစာအဖွဲ့။ ၂၀၂၀၊ ၃၄၇)

ဟုလည်းကောင်း ဖော်ပြထားပါသည်။

ညည်းချင်းကို မြန်မာအဘိဓာန်တွင်

> **ညည်းချင်း/ညီးငျင်း/န-(စာပေ) လွမ်းဆွတ်တမ်းတပုံကို ဖွဲ့ဆိုသော ကဗျာတစ်မျိုး**
>
> (မြန်မာစာအဖွဲ့။ ၂၀၂၀၊ ၁၂၂)

ဟုလည်းကောင်း၊

ကဗျာစပ်ပုံဖွဲ့နည်းစုံစာအုပ်တွင်

> **ညည်းညူပြီး လွမ်းဆွေးတမ်းတ ကရုဏာရသ ပေါ်လွင်အောင် ရွတ်ဆိုနိုင်ရန် ဖွဲ့နွဲ့ထားသော ကဗျာမျိုးဖြစ်သည်။** (နိုင်မိုး၊ မောင်၊ (မြင်းမူ)။ ၂၀၁၁။ ၁၆၉)

ဟုလည်းကောင်း ဖွင့်ဆိုထားသည်။

ထို့ကြောင့် ညည်းချင်းဟူသည် စိတ်နှလုံး မချမ်းမသွေ့မှုဖြစ်သည့်အခါမျိုးတွင် တစ်စုံတစ်ဦး၊ တစ်စုံတစ်ရာတို့ကို လွမ်းဆွတ်တမ်းတချိန်၌ ညည်းညူလွမ်းဆွတ်ပြီး ရေးဖွဲ့ကြသော ကဗျာမျိုးဖြစ် သည်ဟု ဆိုနိုင်ပါသည်။

ဤစာတမ်းသည် ဦးကြင်ဥ၏ ပဒေသာသီချင်းများမှ ရာသီဘွဲ့ညည်းချင်းကဗျာများကို လေ့လာထားသောကြောင့် ရာသီဘွဲ့ကဗျာနှင့်ပတ်သက်၍

> **တစ်နှစ်တွင် ရာသီမာသ(၁၂)လရှိသည့်အလျှောက် မိဿရာသီတန်ခူးလမှစ၍ မိန်ရာသီ တပေါင်းလအထိ ရာသီအသီးသီးတို့၏ အခြေအနေအကြောင်းအရာများကို နှစ်ရာသီစီ ပိုင်းခြား ဖွဲ့ဆိုအပ်သော ကဗျာဖြစ်သည်။**
> (ထွန်းရီ၊ ဦး။ ၂၀၁၃။ ဂေါ့)

ဟု ဆရာကြီး မြကေတုက ဦးယာ၏ ဆယ့်နှစ်ရာသီဘွဲ့ လူးတားနိဒါန်းတွင် ဖွင့်ဆိုထားသည်။

အချိုးကို မြန်မာအဘိဓာန်တွင်

> **အချိုး/န-၁။ အဆစ်အပိုင်း။** (မြန်မာစာအဖွဲ့။ ၂၀၂၀၊ ၃၇၅)

ဟုလည်းကောင်း၊ လေးချိုးကို မြန်မာအဘိဓာန်တွင်

> **လေးချိုး/လေးကျိုး/န-အချိုးလေးစုပါသောကဗျာတစ်မျိုး။**(မြန်မာစာအဖွဲ့။ ၂၀၂၀၊ ၃၀၉)

ဟုလည်းကောင်း ဖွင့်ဆိုထားသည်။

လေးဆစ်ကို ကဗျာ့ရိပ်မြဲ စာပန်းရုံနိုဂုံးတွင်

> **လေးဆစ်ကဗျာမှာ လေးချိုးကဗျာငယ်တစ်မျိုးဖြစ်သည်။ ကုန်းဘောင်ခေတ်အလယ်ပိုင်းတွင် လေးဆစ်ကဗျာမှတစ်ဆင့် လေးချိုးကဗျာတို့ရှည်များ တီထွင်စပ်ဆိုသည်။ ထို့ကြောင့် လေးချိုးကြီး၊ လေးချိုးလတ်ကဗျာများ ပေါ်ပေါက်လာခဲ့ပါသည်။** (ထွန်းရီ၊ ဦး. ၂၀၁၆၊ ၁၁၀)

ဟူ၍ တွေ့ရသည်။

ထို့ကြောင့် ညည်းချင်းတွင် လေးချိုးသဖြန်၊ လေးဆစ်သဖြန်တို့ဖြင့် ဖွဲ့စပ်ထား သောကြောင့် အချိုးလေးချိုး(သို့) အဆစ်လေးခုပါဝင်သော ကဗျာတို့၏ သဘောသဘာဝမှာ အတူတူပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

၂။ စာပေလေ့လာဆန်းစစ်ချက်

ဤစာတမ်းသည် ဦးကြင်ဥ၏ ပဒေသာသီချင်းများကို ဝဏ္ဏဖွဲ့ပုံရှုထောင့်မှ လေ့လာထားခြင်းဖြစ်ပါ သည်။ ထိုသို့လေ့လာရာတွင် ဦးထွန်းမြင့်၏ ဘာသာဗေဒစာအုပ်(၂၀၀၄)ကို သီအိုရီအဖြစ် အခြေခံ၍ လေ့လာထားပါသည်။ ထိုစာအုပ်တွင် ဘာသာစကားဖြစ်စဉ်၊ ဘာသာစကားအမျိုးအစား၊ အဓိပ္ပာယ် လေ့လာမှု၊ သဒ္ဒါယူနစ်များ၊ စကားသံဖွဲ့ပုံ၊ စကားသံထုတ်လုပ်ပုံစသည့် အကြောင်းအရာများကို တင်ပြ ထားပါသည်။ ထိုအကြောင်းအရာများထဲမှ ဝဏ္ဏဖွဲ့ပုံအကြောင်းကို အခြေခံထားပါသည်။

ထိုဝဏ္ဏဖွဲ့ပုံအကြောင်းကို လေ့လာရာ၌ ဦးကြင်ဥ၏ ပဒေသာသီချင်းများ(၁၉၆၄)ကို အလေ့လာခံအဖြစ် ရွေးချယ်လေ့လာပါမည်။ ထိုပဒေသာသီချင်းများမှ ရာသီဘွဲ့ညည်းချင်း(၁၁)ပုဒ်ကို သာ အလေ့လာခံအဖြစ် သတ်မှတ်ပါမည်။

ထိုပဒေသာသီချင်းများ၏ ဝဏ္ဏဖွဲ့ပုံကို လေ့လာသုတေသနပြုရန် ဒေါက်တာအောင်မြင့်ဦး၏ “သုတေသနဟူသည်”ဟူသောစာအုပ်(၂၀၂၄)ကိုလည်း လေ့လာဖတ်ရှုခဲ့ပါသည်။ ထိုစာအုပ်ထဲတွင် သုတေသန၏ သဘောလက္ခဏာများ၊ သုတေသနအမျိုးအစား၊ ဒီဇိုင်း၊ နည်းနာ၊ သုတေသနလုပ်ငန်း အဆင့်ဆင့်နှင့် သုတေသနအရေးအသားစသည့် သုတေသနနှင့်ပတ်သက်သည့် ကဏ္ဍစုံလင်စွာ ရေးသားဖော်ပြထားပါသည်။ ထိုလမ်းညွှန်နည်းနာများကို အခြေခံ၍လည်း ဤစာတမ်းကို လေ့လာ တင်ပြပါမည်။

ထို့ပြင် ဆရာကြီးမောင်ခင်မင် (ဓနုဖြူ)ရေးသားသော ဘာသာဗေဒနိဒါန်း(၂၀၂၂)၊ မောင်စူးစမ်း ၏ ဘာသာဗေဒ(၁၉၉၆)၊ ဒေါက်တာကိုလေးရေးသားသော ဘာသာစကားလေ့လာမှု၊ ဦးတင့်ဆွေ၏ ကဗျာဖွဲ့နည်းနိသျှည်း(၁၉၇၀)စသည့် စာအုပ်စာတမ်းများကို လေ့လာဖတ်ရှု၍ စာတမ်းအတွက် အထောက်အကူပြုခဲ့ပါသည်။

၃။ နည်းနာ

ဤစာတမ်းသည် ဦးကြင်ဌ၏ ပဒေသာသီချင်းများမှ ရာသီဘွဲ့ညည်းချင်းများ၏ ဝဏ္ဏဖွဲ့ပုံကို လေ့လာခြင်းဖြစ်ပါသည်။ ထိုသို့ လေ့လာရာတွင် ဖော်ထုတ်တင်ပြမည့် သုတေသနများ တိကျခိုင်မာမှု ရှိစေရန် သုတေသနပြုရာတွင် အသုံးပြုသည့် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာတို့ကို တင်ပြပါမည်။

၃၊ ၁။ ပညာရပ်ဆိုင်ရာနည်းနာ

ဦးကြင်ဌ၏ ပဒေသာသီချင်းများမှရာသီဘွဲ့ညည်းချင်းများ၏ ဝဏ္ဏဖွဲ့ပုံကို လေ့လာရာတွင် ဦးထွန်းမြင့် ၏ သဒ္ဒဗေဒ၊ ဘာသာဗေဒစာအုပ်ကို အခြေခံ၍ လေ့လာမည်ဖြစ်ပါသည်။ စကားသံဖွဲ့ပုံနှင့်ပတ်သက်၍ ဘာသာစကားဖိုင်တွဲ(စာတွဲ)များစာအုပ်တွင်

> **စကားသံဖွဲ့ပုံဆိုသည်မှာ ဘာသာစကားတစ်ခုတွင်ရှိသော အသံများ၏ ဖြစ်နိုင်စရာနယ်ကို လေ့လာခြင်းဖြစ်ပြီး ထိုကွဲပြားခြားနားသောအသံများ အပြန်အလှန် ဆက်သွယ်မှုရှိသော အသံ များကို လေ့လာခြင်းဖြစ်သည်။**
>
> (The Ohio State University, 1998, 67)

ဟု ဖွင့်ဆိုထားသည်။

ထို့ကြောင့် စကားသံဖွဲ့ပုံဆိုသည်မှာ ဘာသာစကားတစ်ခုအတွင်းရှိ အသံထုတ်လုပ်မှုစနစ်၏ ကွဲပြားခြားနားသော ဖြစ်နိုင်ရာနယ် ကန့်သတ်ချက်များကို လေ့လာခြင်း ဖြစ်သည်။

၃၊ ၁၊ ၁။ ဝဏ္ဏဖွဲ့ပုံ

စကားသံဖွဲ့ပုံစနစ်တွင် သံရင်းနှင့်ဝဏ္ဏဟူ၍ အပိုင်း(၂)ပိုင်းရှိသောကြောင့် ဤစာတမ်းတွင် ဝဏ္ဏဖွဲ့ပုံကို သာ ထည့်သွင်းလေ့လာထားပါသည်။ ဝဏ္ဏနှင့်ပတ်သက်၍ ဒေးဗစ်ခရစ္စတယ်က

> **ဝဏ္ဏဟူသည် အသံတစ်သံထက်ကြီးပြီး စကားလုံးတစ်လုံးအောက်ငယ်သော အသံထွက်ပုံ ဆိုင်ရာ ယူနစ်တစ်ခုဖြစ်သည်။** (Crystal, D. 2008, 467)

ဟူ၍လည်းကောင်း၊ ဂျက်စီရစ်ချပ်နှင့် ရစ်ချပ်ဆက်မစ်ဒ် (Jack C. Richards and Richard Schmidt) တို့က

> **ဝဏ္ဏဆိုသည်မှာ စကား၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အနည်းဆုံးသရတစ်ခု၊ အများဆုံး သရရှေ့တွင် ဗျည်းတစ်ခု (သို့မဟုတ်) ဗျည်းတွဲပါရှိခြင်းနှင့် သရနောက်တွင် ဗျည်းတစ်ခု (သို့မဟုတ်) ဗျည်းတွဲ လိုက်ပါခြင်းတို့ ပါဝင်သည်။**
>
> (Jack C. Richards and Richard Schmidt, 2010, 576)

ဟူ၍လည်းကောင်း၊

ဦးထွန်းမြင့်က

> **ဝဏ္ဏသည် စကားသံဖွဲ့ပုံအဆင့်တွင် အဆင့်အတန်းအရ အမြင့်ဆုံးတွင်ရှိ၍ အရွယ်ပမာဏ အားဖြင့်လည်း အကြီးဆုံးဖြစ်ပါသည်။ ဝဏ္ဏထက်အဆင့်အတန်းမြင့်သော ပိုကြီးသော အခြေခံ စကားသံယူနစ်သည် စကားသံဖွဲ့ပုံအဆင့်တွင် လုံးဝမရှိနိုင်ပါ။** (ထွန်းမြင့်၊ ဦး။ ၁၉၉၆၊ ၁၅၄)

ဟူ၍ အသီးသီး ဖွင့်ဆိုကြပါသည်။

၃၊ ၂။ သုတေသနနည်းနာ

ဦးကြင်ဥ၏ ပဒေသာသီချင်းများမှ ရာသီဘွဲ့ညည်းချင်းများ၏ ဝဏ္ဏဖွဲ့ပုံကို ဤစာတမ်းတွင် လေ့လာပါ မည်။ ဤစာတမ်းသည် သုတေသနနည်းနာ များစွာရှိသည့်အနက်မှ သရုပ်ဖော် သုတေသနနည်းနာနှင့် အရေအတွက်ဆိုင်ရာ သုတေသနနည်းနာတို့ကို အသုံးပြုထားပါသည်။ သရုပ်ဖော်သုတေသနနှင့် ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦးက-

> **သရုပ်ဖော် သုတေသနသည် သုတေသနပြဿနာကို အဖြေရှာရာတွင် အလေ့လာခံနှင့် အချက် အလက်များကို သရုပ်ဖော်တင်ပြသော သုတေသနအမျိုးအစားဖြစ်သည်။**

(အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၂၄၊ ၅၇)

ဟူ၍ လည်းကောင်း၊ အရေအတွက်ဆိုင်ရာ သုတေသနနည်းနာနှင့် ပတ်သက်၍လည်း

> **အရေအတွက်ဆိုင်ရာ သုတေသနသည် ကောက်ယူထားသော အချက်အလက်များကို အရေ အတွက် ကိန်းဂဏန်းများဖြင့် တွက်ချက်စိစစ်၍ သုတေသနပြုခြင်း ဖြစ်သည်။**

(အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၂၄၊ ၆၈)

ဟူ၍ လည်းကောင်း ဖွင့်ဆိုထားပါသည်။

ဤစာတမ်းနှင့်ပတ်သက်၍ လိုအပ်သည့် ပညာရပ်ဆိုင်ရာ စာအုပ်၊ စာတမ်းများ၊ သီအိုရီဖွင့်ဆို ချက်များ၊ စကားသံဖွဲ့ပုံနှင့်ပတ်သက်သည့် ဖွင့်ဆိုချက်များကို ရှာဖွေလေ့လာဖတ်ရှု၍ စုဆောင်းရပါ သည်။

၄။ လေ့လာတွေ့ရှိချက်

၄၊ ၁။ ဝဏ္ဏဖွဲ့ပုံလေ့လာချက်

ဘာသာဗေဒနှင့် သဒ္ဒဗေဒအဆင့်များတွင် မည်သည့်အဆင့်တွင်မဆို အဆင့်နှင့် သက်ဆိုင်သည့် အခြေခံယူနစ်တို့ ရှိပါသည်။ ဘာသာဗေဒလေ့လာမှု၌ ဘာသာဗေဒအဆင့်များတွင် သက်ဆိုင်ရာ အခြေခံဘာသာဗေဒယူနစ်များရှိ၍ သဒ္ဒဗေဒအဆင့်၌လည်း အခြေခံသဒ္ဒဗေဒယူနစ်တို့ရှိသည်။ ထို့အတူ စကားသံဖွဲ့ပုံအဆင့်တွင်လည်း အခြေခံ စကားသံဖွဲ့ပုံယူနစ်တို့ ရှိပါသည်။ စကားသံဖွဲ့ပုံယူနစ် ရှိ အခြေခံစကားသံဖွဲ့ပုံယူနစ်နှစ်ခုမှာ-

(၁) ဝဏ္ဏ (Syllable)

(၂) သံရင်း (Phoneme) တို့ဖြစ်ကြသည်။

ဦးကြင်ဥ၏ ပဒေသာသီချင်းများမှ ရာသီဘွဲ့ညည်းချင်းများကို စကားသံဖွဲ့ပုံရှုထောင့်မှ လေ့လာရာ၌ ဝဏ္ဏဖွဲ့ပုံကိုသာ လေ့လာမည် ဖြစ်ပါသည်။

၄၊ ၁၊ ၁။ ဝဏ္ဏဖွဲ့ပုံ (Syllable Structure)

စကားသံဖွဲ့ပုံစနစ်တွင် သံရင်းနှင့်ဝဏ္ဏဟူ၍ (၂)မျိုးရှိပါသည်။ ဝဏ္ဏဟူသည် သရတစ်ခုတည်း (သို့မဟုတ်) ဗျည်းနှင့်သရပေါင်း၍ တည်ရှိနေသော စကားသံဖြစ်သည်။ ဝဏ္ဏသည် စကားသံဖွဲ့ပုံအဆင့်တွင် အဆင့်အတန်းအရ အမြင့်ဆုံးတွင်ရှိ၍ အရွယ်ပမာဏအားဖြင့်လည်း အကြီးဆုံးဖြစ်ပါသည်။ စကားသံဖွဲ့ပုံအရ ရပ်သံကို ဗျည်းအဖြစ်သတ်မှတ်လျှင် အခြေခံဝဏ္ဏအဖွဲ့ပုံစံ(၄)မျိုး ရှိပါသည်။ ၎င်းတို့ မှာ-

(၁) 0v0

(၂) 0vc

(၃) cv0

(၄) cvc တို့ ဖြစ်သည်။

ဦးကြင်ဥ၏ ပဒေသာသီချင်းများမှ ရာသီဘွဲ့ညည်းချင်းများတွင် တွေ့ရသော ဝဏ္ဏအဖွဲ့ပုံစံများ မှာ အခြေခံဝဏ္ဏဖွဲ့ပုံ(၄)မျိုးအပြင် ဗျည်းတွဲပါသော ဝဏ္ဏအဖွဲ့ပုံစံ(၂)မျိုးတွေ့ရပါသည်။ စုစုပေါင်း ဝဏ္ဏအဖွဲ့ပုံစံ (၆)မျိုး တွေ့ရပါသည်။ ၎င်းတို့မှာ

(၁) 0v0

(၂) 0vc

(၃) cv0

(၄) cvc

(၅) ccv0

(၆) ccvc တို့ ဖြစ်ကြပါသည်။

(၁) 0v0 ဝဏ္ဏပုံစံ

	သာဓက	ဝဏ္ဏ	ကဗျာအမည်
အော်	/ ɔ /	0v0	တန်ခူးလဖွဲ့
အောင်	/ - aũ /	0v0	ကဆုန်လဖွဲ့
အာ	/ ā /	0v0	တပို့တွဲလဖွဲ့
အူ	/ ū /	0v0	တပေါင်းလဖွဲ့

ထိုသာဓကများအရ အလေ့လာခံကဗျာများတွင် 0v0 ဝဏ္ဏအဖွဲ့ပုံစံနှင့် ဖွဲ့စည်းထားကြောင်း တွေ့ရပါသည်။

(၂) 0vc ဝဏ္ဏပုံစံ

	သာဓက	ဝဏ္ဏ	ကဗျာအမည်
အုပ်	/ ouʔ /	0vc	တပေါင်းလဖွဲ့ (တဖော်ဝေးနယ်)

အလေ့လာခံကဗျာများတွင် 0vc ဝဏ္ဏဖွဲ့ပုံစံနှင့်ပတ်သက်၍ တပေါင်းလဖွဲ့ (တဖော်ဝေးနယ်) ကဗျာ၌သာ တွေ့ရပြီး ကျန်ကဗျာများတွင် မတွေ့ရပေ။

(၃) cv0 ဝဏ္ဏပုံစံ

	သာဓက	ဝဏ္ဏ	ကဗျာအမည်
တိမ်	/ -teĩ /	cv0	တန်ခူးလဖွဲ့ (ဆွေမစုံဖက်)
ရ (r)	/ rá /	cv0	တန်ခူးလဖွဲ့ (ဆွေမစုံဖက်)
ကြယ်	/ tɕē /	cv0	ကဆုန်လဖွဲ့ (ဖော်ဝေးမစုံ)
လ	/ lá /	cv0	ပြာသိုလဖွဲ့ (မှိုင်းတမို့မို့)
ရေ	/ jē /	cv0	တပို့လဖွဲ့ (လဲ့လဲ့မှုန်ပျံ့)
နေ	/ nē /	cv0	တပေါင်းလဖွဲ့ (ရွှေသဲလှိုက်ဖို)
ရာ (r)	/ rā /	cv0	တပေါင်းလဖွဲ့ (ဂိမှာန်အတာ)
ရီ(r)	/ rí /	cv0	တပေါင်းလဖွဲ့ (ခါချိန်အစဉ်)
ရှု(r)	/ rú /	cv0	တပေါင်းလဖွဲ့ (ရွှေသဲလှိုက်ဖို)

ဖော်ပြပါသာဓကများအရ အလေ့လာခံညည်းချင်းကဗျာများတွင် cv0 ဝဏ္ဏအဖွဲ့ပုံစံနှင့် ဖွဲ့စည်းထားကြောင်း တွေ့ရသည်။ အလေ့လာခံရာသီဘွဲ့ညည်းချင်းကဗျာများတွင် "ရ"(r)ကို ရကောက် လျှာလိပ်သံဖြင့် ရွတ်ဆိုရသော ရ(r)သံများလည်း တွေ့ရသည်။ ရာသီဘွဲ့ကဗျာဖြစ်၍ မြန်မာဘာသာ စကားတွင် အသုံးနည်းသော စကားသံအဖြစ် ထူးခြားစွာတွေ့ရခြင်း ဖြစ်သည်။

(၄) cvc ဝဏ္ဏပုံစံ

	သာဓက	ဝဏ္ဏ	ကဗျာအမည်
ထောက်	/ thauʔ /	cvc	တန်ခူးလဖွဲ့ (ဆွေမစုံဖက်)
နတ်	/ naʔ /	cvc	ကဆုန်လဖွဲ့ (ဖော်ဝေးမစုံ)
စိုက်	/ saiʔ /	cvc	ပြာသိုလဖွဲ့ (မှိုင်းတမို့မို့)
စက်	/ sɛʔ /	cvc	တပို့လဖွဲ့ (လဲ့လဲ့မှုန်ပျံ့)
ရှစ်	/ ɕiʔ /	cvc	တပေါင်းလဖွဲ့(ဘာသာသောက်စား)

ဖော်ပြပါသာဓကများအရ အလေ့လာခံညည်းချင်းကဗျာများတွင် cvc ဝဏ္ဏအဖွဲ့ ပုံစံနှင့်ဖွဲ့စည်းထားကြောင်း တွေ့ရသည်။

(၅) ccv0 ဝဏ္ဏပုံစံ

	သာဓက	ဝဏ္ဏ	ကဗျာအမည်
ဆွေ	/ shwē /	ccv0	တန်ခူးလဖွဲ့ (ဆွေမစုံဖက်)
ကြွင်း	/ tɕwˋĩ /	ccv0	ကဆုန်လဖွဲ့ (ဖော်ဝေးမစုံ)
ပျော်	/ pjɔ̄ /	ccv0	ပြာသိုလဖွဲ့ (မှိုင်းတမို့မို့)

နွေ	/ nwē /	ccv0	တပို့လဖွဲ့ (လဲ့လဲ့မှုန်ပျံ့)
လွမ်း	/ lw`ā /	ccv0	တပေါင်းလဖွဲ့(ဂိမှာန်အတာ)

ဖော်ပြပါသာဓကများအရ အလေ့လာခံညည်းချင်းကဗျာများတွင် ccv0 ဝဏ္ဏအဖွဲ့ပုံစံနှင့် ဖွဲ့စည်းထားကြောင်း တွေ့ရသည်။


(၆) ccvc ဝဏ္ဏပုံစံ

	သာဓက	ဝဏ္ဏ	ကဗျာအမည်
ရွက်	/ jwɛʔ /	ccvc	တန်ခူးလဖွဲ့ (ဆွေမစုံဖက်)
မြစ်	/ mjiʔ /	ccvc	ကဆုန်လဖွဲ့ (ဖော်ဝေးမစုံ)
ထွက်	/ thwɛʔ /	ccvc	တပို့လဖွဲ့ (လဲ့လဲ့မှုန်ပျံ့)
မြတ်	/ mjaʔ /	ccvc	တပေါင်းလဖွဲ့(တဖော်ဝေးနယ်)

ဖော်ပြပါသာဓကများအရ အလေ့လာခံညည်းချင်းကဗျာများတွင် ccvc ဝဏ္ဏအဖွဲ့ပုံစံနှင့် ဖွဲ့စည်းထားကြောင်း တွေ့ရသည်။ ပြာသိုလဖွဲ့ (မှိုင်းတမို့မို့ချီ)နှင့်တပေါင်းလဖွဲ့ (ဂိမှာန်အတာချီ) ညည်းချင်းတို့တွင် ccvc ဝဏ္ဏအဖွဲ့ပုံစံ မတွေ့ရပေ။

စဉ်	ကဗျာအမည်	0v0	0vc	Cv0	cvc	Ccv0	ccvc	စုစုပေါင်း
၁	တန်ခူးလဖွဲ့ (ဆွေမစုံဖက်)	၆	-	၁၆၉	၁၈	၃၂	၃	၂၂၈
၂	တန်ခူးလဖွဲ့ (ဘုံစိတ္တရာ)	၁၇	-	၃၅၀	၄၀	၃၃	၄	၄၄၄
၃	ကဆုန်လဖွဲ့ (ဖော်ဝေးမစုံ)	၆	-	၁၉၇	၁၅	၃၄	၂	၂၅၄
၄	ပြာသိုလဖွဲ (မှိုင်းတမို့မို့)	၂	-	၉၂	၁၀	၂၁	-	၁၂၅
၅	တပို့တွဲလဖွဲ့ (လဲ့လဲ့မှုန်ပျံ့)	၃	-	၁၂၂	၂၃	၁၆	၂	၁၆၆
၆	တပေါင်းလဖွဲ့ ဂိမှာန်အတာ)	၉	-	၁၅၆	၁၁	၂၇	-	၂၀၃
၇	တပေါင်းလဖွဲ့ (ခါချိန်အစဉ်)	၈	-	၁၈၉	၁၃	၂၀	၂	၂၃၂
၈	တပေါင်းလဖွဲ့ (ကျန်နှင်းဝတ်ငွေ)	၈	-	၁၅၄	၁၇	၃၅	၂	၂၁၆
၉	တပေါင်းလဖွဲ့ (ရွှေသဲလှိုက်ဖို)	၆	-	၁၆၂	၁၉	၂၆	၁	၂၁၄
၁၀	တပေါင်းလဖွဲ့ (တဖော်ဝေးနယ်)	၅	၁	၁၄၆	၁၈	၂၅	၄	၁၉၉
၁၁	တပေါင်းလဖွဲ့(ဘာသာသောက်စား)	၂	-	၁၃၈	၅	၃၄	၁	၁၈၀
စုစုပေါင်း		၇၂	၁	၁၈၇၅	၁၈၉	၃၀၂	၂၀	၂၄၆၁

ပဒေသာသီချင်းများမှ ရာသီဘွဲ့ညည်းချင်းကဗျာများ၏ ဝဏ္ဏပါဝင်မှု အကြိမ်ရေပြဇယား



ပဒေသာသီချင်းများမှ အလေ့လာခံရာသီဘွဲ့ညည်းချင်းကဗျာများ၏ ဝဏ္ဏဖွဲ့ပုံစံကို လေ့လာကြည့်လျှင် အခြေခံဝဏ္ဏအဖွဲ့ပုံစံ(၄)မျိုးလုံးနှင့် ဖွဲ့စည်းထားကြောင်း တွေ့ရပါသည်။ သို့သော်လည်း cv0 ဝဏ္ဏအဖွဲ့ပုံစံကို (၁၈၇၅)ကြိမ် တွေ့ရသောကြောင့် ဝဏ္ဏဖွဲ့စည်းမှု အများဆုံးဖြစ်သည်။ မြန်မာဘာသာစကားတွင် ရပ်သံရွတ်ဆိုရာ၌ အသံပြတ်တောင်းတောင်းဖြစ်၍ အသံသာယာမှုမရှိသော ကြောင့် သီချင်းများတွင် အသုံးနည်းရခြင်းဖြစ်သည်။ cv0 ဝဏ္ဏအဖွဲ့ပုံစံကို အများဆုံးအသုံးပြုခြင်း သည်လည်း ရပ်သံမှလွဲ၍ အခြားသော ဝဏ္ဏဖွဲ့ပုံစံမရှိခြင်းကြောင့် အသုံးများခြင်းဖြစ်သည်။ 0v0 ဝဏ္ဏအဖွဲ့ပုံစံအသုံးနည်းရခြင်းမှာ “အော်၊ အာ၊ အူ”စသော ညည်းညူသံမှလွဲ၍ သရသီးသန့်အသုံးနည်းခြင်းကြောင့် ဖြစ်ပါသည်။ ညည်းချင်းကဗျာ၏ သဘောသဘာဝအတိုင်း အသံကို စွဲစွဲငင်ငင်ဖြစ်အောင် သီဆိုရသောကြောင့် ဖြစ်ပါသည်။

၅။ သုံးသပ်ချက်

ဤစာတမ်းသည် ဦးကြင်ဥ၏ ပဒေသာသီချင်းများကို ဘာသာဗေဒနည်းဖြင့် လေ့လာထားခြင်း ဖြစ်သည်။ ပဒေသာသီချင်းများမှ ရာသီဘွဲ့ညည်းချင်းကဗျာများကိုသာ အလေ့လာခံအဖြစ် ရွေးချယ်၍ စကားသံဖွဲ့ပုံရှုထောင့်မှ ဝဏ္ဏဖွဲ့ပုံကိုသာလေ့လာထားခြင်း ဖြစ်ပါသည်။

ဤနေရာတွင် ရပ်သံ/ ʔ /ကို ဗျည်းအဖြစ် သတ်မှတ်ရေး မသတ်မှတ်ရေးအပေါ် မူတည်၍ ဝဏ္ဏအဖွဲ့ပုံစံအနည်းအများ ကွာခြားပါသည်။ ရပ်သံ/ ʔ /ကို ဗျည်းမဟုတ်ဟု သတ်မှတ်ရာတွင် သဒ္ဒဗေဒရှုထောင့်မှနေ၍ သတ်မှတ်ထားခြင်း ဖြစ်သည်။ ရပ်သံ/ ʔ /ကို ဗျည်းဟု သတ်မှတ်ရာတွင် စကားသံဖွဲ့ပုံရှုထောင့်မှ သတ်မှတ်ခြင်းဖြစ်ပါသည်။ အကယ်၍ ရပ်သံ/ ʔ /ကို ဗျည်းဟု မသတ်မှတ်လျှင် ဝဏ္ဏဖွဲ့ပုံ သည် 0v0 နှင့် cv0 သာ ရှိနိုင်သည်။ ရပ်သံ/ ʔ /ကို ဗျည်းဟုသတ်မှတ်လျှင် ရပ်သံ/ ʔ /သည် ဝဏ္ဏ၏ အစနေရာ၌ မဖြစ်နိုင်သော်လည်း အဆုံးနေရာ၌ ဖြစ်နိုင်သောကြောင့် 0v0, 0vc, cv0 နှင့် cvc ဟူ၍ ဝဏ္ဏဖွဲ့ပုံစံ (၄)မျိုး ဖြစ်လာနိုင်သည်။ ထို့ကြောင့် ဝဏ္ဏဖွဲ့ပုံတွင် အကျိုးသက်ရောက်မှုရှိသောကြောင့် ရပ်သံ/ ʔ /ကို ဗျည်းဟု သတ်မှတ်ထားခြင်းဖြစ်သည်။

အလေ့လာခံ ရာသီဘွဲ့ညည်းချင်းများ၏ ဝဏ္ဏအဖွဲ့ပုံစံကို ကြည့်လျှင် ဝဏ္ဏအဖွဲ့ပုံစံ (၆)မျိုး တွေ့ရပါသည်။ cv0 ဝဏ္ဏအဖွဲ့ပုံစံကို အများဆုံး သုံးထားပြီး ဝဏ္ဏအဖွဲ့ပုံစံအားလုံး၏ ၇၆.၃% အသုံးပြုထားပါသည်။ သရရှေ့မှာ ဗျည်းထား၍ ဖွဲ့စည်းထားသော ဝဏ္ဏအဖွဲ့ပုံစံကို အများဆုံး တွေ့ရပြီး

သရနောက်မှ ဗျည်းထား၍ ဖွဲ့စည်းထားသော ဝဏ္ဏအဖွဲ့ပုံစံကို အနည်းငယ်သာ တွေ့ရပါ သည်။ မြန်မာဘာသာစကား၏ ဝဏ္ဏဖွဲ့ပုံတွင် ccv0 နှင့် ccvc ကဲ့သို့သော ဝဏ္ဏအဖွဲ့ပုံစံကို သရရှေ့မှ ဗျည်းပါဝင်မှုအရေအတွက် (၂)လုံးအထိ ပါဝင်အောင် အသုံးပြုထားကြောင်း တွေ့ရပါသည်။

ပဒေသာသီချင်းများမှ ရာသီဘွဲ့ညည်းချင်း ကဗျာများတွင်တွေ့ရသော စကားသံ ဖွဲ့ပုံတွင် “ရ (r) / rá / သံဖြင့် ရွတ်ဆိုရသော ရကောက်လျှာလိပ်သံကိုလည်း တွေ့ရပါသည်။ မြန်မာဘာသာစကား တွင် အသုံးနည်းသော စကားသံပင် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ဦးကြင်ဌ၏ ပဒေသာသီချင်းများ၌ စကားသံဖွဲ့ပုံမှ ဝဏ္ဏဖွဲ့ပုံကို လေ့လာရာတွင် အသံရွတ်ဆိုမှုအနေအထား၊ သီဆိုသူ၏ ခံစားမှုအရ အသံ ပြောင်းလဲ ရွတ်ဆိုပုံများကို လေ့လာသိရှိရပါသည်။ အလေ့လာခံ ရာသီဘွဲ့ညည်းချင်းများ၏ ဝဏ္ဏဖွဲ့စည်းမှုကြောင့် ညည်းချင်း ကဗျာများကို အထောက်အကူပြုနိုင်ကြောင်း တွေ့ရပါသည်။ ညည်းချင်း၏ သဘောသဘာဝနှင့်အညီ ညည်းညူသံများကို ပေါ်လွင်အောင် ရေးဖွဲ့ထားကြောင်း တွေ့ရသည်။

နိဂုံး

ဤစာတမ်းသည် ဦးကြင်ဌ၏ ပဒေသာသီချင်းများမှ ရာသီဘွဲ့ညည်းချင်းများ၏ ဝဏ္ဏဖွဲ့ပုံကို လေ့လာ ထားသော စာတမ်းဖြစ်ပါသည်။ ကဗျာတစ်ပုဒ်ကို ရွတ်ဆိုရာ၌ လွယ်ကူချောမွေ့စေရန် အသံသာယာ ချိုမြိန်စေရန်မှာ စာဆိုအသုံးပြု ရေးဖွဲ့လိုက်သော စကားသံအသုံးပြုမှု အရေးကြီးပါသည်။ စကားသံ များကို ရွေးချယ်အသုံးပြုရ၌ ကဗျာပါအကြောင်းအရာနှင့် လိုက်ဖက်သောစကားသံကို ရွေးချယ် အသုံးပြုနိုင်မှသာ စာဆိုပြောလိုသော ရည်ရွယ်ချက်ပေါ်လွင်နိုင်ပါသည်။ ဦးကြင်ဌ၏ ပဒေသာသီချင်း များသည် ညည်းချင်းသဘောသဘာဝနှင့်အညီ အကြောင်းအရာနှင့်လိုက်ဖက်သော ဝဏ္ဏဖွဲ့စည်းမှုများ ကို ရွေးချယ်အသုံးပြုထားကြောင်း တွေ့ရသည်။ ထို့ကြောင့် ဤစာတမ်းကဲ့သို့ အခြားသော မြန်မာ ကဗျာအဖွဲ့ပုံစံတို့ကို ဘာသာဗေဒနည်း သုံး၍ ဆက်လက်လေ့လာနိုင်ရန် မျှော်လင့်မိပါသည်။

စဉ်	ကောက်နုတ်ချက်မူရင်း	စာမျက်နှာ
၁	Phonology studies the distribution of sounds in a language and the interactions between those different sounds. (The Ohio State University, 1995, 67)	၄
၂	A term used in phonology to refer to the distinctive pitch level of a syllable. (Crystal, D. 2008, 486)	၄
၃	The basic unit of intonation in a language. A tone unit is usually divided into several parts. (Jack C. Rocjards and Richard Schmids, 2010, 602)	၄

စာမဲ့အမှတ်အသား

/ / = သံရင်းပြအမှတ်အသား

/ = သို့မဟုတ်ပြအမှတ်အသား

◌́ = အစ်သံပြအမှတ်အသား

◌̀ = သံပြေပြအမှတ်အသား

◌̋ = ကျသံ/သံလေးပြအမှတ်အသား

◌̃ = နှာသံပြအမှတ်အသား

-ʔ = ရပ်သံပြအမှတ်အသား

ကျမ်းကိုးစာရင်း

ကြင်ဥ၊ ဦး။ (၁၉၆၄)။ ***ပဒေသာသီချင်းများ*** (တတိယအကြိမ်)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

တင့်ဆွေ၊ ဦး။ (၁၉၇၀)။ ***ကဗျာဖွဲ့နည်းနိဿည်း*** (ပဉ္စမအကြိမ်)။ ရန်ကုန်၊ စာပေလောကစာအုပ်တိုက်။

ထွန်းမြင့်၊ ဦး။ (၂၀၀၄)။ ***သဒ္ဒဗေဒဘာသာဗေဒအခြေခံ*** ။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

ထွန်းမြင့်၊ ဦး။ (၂၀၀၇)။ ***သဒ္ဒဗေဒ*** *(ဒုတိယအကြိမ်)* ။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

နိုင်မိုး၊ မောင်(မြင်းမူ)။ (၂၀၁၁)။ ***ကဗျာစပ်ပုံဖွဲ့နည်းစုံ*** *(တတိယအကြိမ်)* ။ ရန်ကုန်၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်*** *(ဒုတိယအကြိမ်)* ။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

ရွှေသွင်၊ ဦး။ (၂၀၀၅)။ (ဘာသာပြန်သူ) ***မြန်မာသဒ္ဒဗေဒဖတ်စာ*** ။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

အောင်မြင့်ဦး။ (၂၀၂၄)။ ***သုတေသနဟူသည်*** ။ ရန်ကုန်၊ ပညာရပ်ဝန်းစာပေတိုက်။

အင်္ဂလိပ်ဘာသာ

Crystak, David. (2008). **A Dictionary of Linguistics and Phonetics**. Sixth Edition, United Kingdom, Black well, Publishing Ltd.

Jack C. Richards and Richard Schmids. (2010). **Language Teching and Applied Linguistic.** Fourth Edition Great Britain.

ဖတ်ရှုလေ့လာထားသည့်စာအုပ်စာရင်း

ကိုလေး၊ ဒေါက်တာ။ (၂၀၁၈)။ ***ဘာသာစကားလေ့လာမှု***၊ ရန်ကုန်၊ ဧရာဝဏ်ပုံနှိပ်တိုက်။

ကျော်စိုး၊ မောင်။ (၂၀၂၂)။ ***မင်းသုဝဏ်၏ သပြေညိုကဗျာများမှ အချို့းကဗျာများ လေ့လာချက်(ဘာသာဗေဒ)*** ။ ပါရဂူဘွဲ့ အတွက် တင်သွင်းသောကျမ်း၊ မန္တလေးတက္ကသိုလ်၊ မြန်မာစာဌာန။

ခင်ကြီးဖျော်(တောင်တွင်းဆရာတော်)။ (၁၉၆၇)။ ***သဒ္ဒဗျူဟာကျမ်း*** ။ ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ခနုဖြူ)။ (၂၀၁၃)။ ***ဘာသာစာပေအသွေးအရောင်အဆင်အကွက်*** ။ ရန်ကုန်၊ ရာပြည့်စာပေ။

ခင်မင်၊ မောင် (ခနုဖြူ)။ (၂၀၁၆)။ ***တစ်သံနှစ်သံသုံးလေးသံ*** *(ဒုတိယအကြိမ်)* ။ ရန်ကုန်၊ ဓူဝံပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ခနုဖြူ)။ (၂၀၂၂)။ ***ဘာသာဗေဒနိဒါန်း*** ။ ရန်ကုန်၊ The Key Collection.

ခင်မင်၊ မောင် (ခနုဖြူ)။ (၂၀၂၃)။ ***ဘာသာအမြင် စာပေအမြင်*** *(တတိယအကြိမ်)* ။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၂၄)။ ***နှုတ်ပြေမြန်မာသဒ္ဒါ***။ နေပြည်တော်၊ ကောင်းခန့်ပုံနှိပ်တိုက်။

စူးစမ်း၊ မောင်။ (၁၉၉၆)။ ***ဘာသာဗေဒ***။ ရန်ကုန်၊ ဒေါင်းစာပေ။

စန်းငွေ၊ ဦး(ဒဂုန်)။ (၁၉၇၂)။ ***ဦစကား၊ ဦစာ၊ ဦသဒ္ဒါ***။ ရန်ကုန်၊ ဖွဲစာပုံနှိပ်တိုက်။

ထားထားလင်း၊ မ။ (၂၀၂၄)။ ***သိပ္ပံမောင်ဝ၏ ရွာကျက်သရေနှင့် အခြားဝတ္ထုတိုများမှ သဒ္ဒါလေ့လာချက် (ဘာသာဗေဒ)***။ ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း၊ မန္တလေးတက္ကသိုလ်၊ မြန်မာစာဌာန။

ထွန်းတင့်၊ ဒေါက်တာ။ (၂၀၂၃)။ ***စည်းနဲ့ကမ်းနဲ့ မြန်မာစာ (စတုတ္ထအကြိမ်)***။ ရန်ကုန်၊ ရွှေပေ စာအုပ်တိုက်။

နန်းမြမြဝင်း၊ မ။ (၂၀၁၅)။ ***တောင်တွင်းကြီးမြို့နယ် အရှိုချင်းဘာသာစကားလေ့လာချက်(ဘာသာဗေဒ)*** ။ ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း၊ မန္တလေးတက္ကသိုလ်၊ မြန်မာစာဌာန။

ဖိုးစိန်၊ ဦး။( )။ ***မြန်မာသဒ္ဒါဖွဲ့နည်းကျမ်း***။ ရန်ကုန်၊ တိုးစာပုံနှိပ်တိုက်။

ဖိုးလတ်၊ ဦး။ (၁၉၆၄)။ ***မြန်မာစကားအဖွင့်ကျမ်း*** *(ပ၊ ဒု၊ ဖြည့်စွက်)* ။ ရန်ကုန်၊ ပညာနန္ဒာ ပုံနှိပ်တိုက်။

ဖေမောင်တင်၊ ဦး(ပါမောက္ခ)။ (၂၀၂၃)။ ***မြန်မာစာပေသမိုင်း*** *(ဧကဒသမအကြိမ်)* ။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

လှသမိန်။ (၂၀၁၉)။ ***မြန်မာစာပေအဆီအနှစ် (ဒုတိယအကြိမ်)*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

သာနိုး၊ မောင်။ (၂၀၀၀)။ ***ဗမာစာဗမာစကား*** ။ ရန်ကုန်၊ ဖွဲစာပုံနှိပ်တိုက်။

သောင်းလွင်၊ ဆရာ. (၁၉၇၂)။ ***မြန်မာအက္ခရာဗေဒ*** ။ ရန်ကုန်၊ နည်းသစ်စာအုပ်တိုက်။

သိန်းထွန်း၊ ဒေါက်တာ။ (၂၀၁၂)။ ***မြန်မာဘာသာစကား၏ သိမ်မွေ့မှုများ*** ။ ရန်ကုန်၊ လာဘ်မိုးဆွေစာပေ။

အေးနန္ဒာ၊ မ။ (၂၀၁၄)။ ***မင်းသုဝဏ်မိဘမေတ္တာဘွဲ့ကလေးကဗျာများလေ့လာချက်(ဘာသာဗေဒ)*** ။ ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း၊ မန္တလေးတက္ကသိုလ်၊ မြန်မာစာဌာန။

အောင်မျိုးနိုင်၊ မောင်။ (၂၀၁၃)။ ***မျက်မှောက်ခေတ်အပြော မြန်မာဘာသာစကား၏ ဖွဲ့စည်းတည်ဆောက်မှုစနစ် (ဘာသာဗေဒ)*** ။ ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း၊ မန္တလေးတက္ကသိုလ်၊ မြန်မာစာဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၂၃)။ ***ဘာသာစကားဝေဟင်ခရီးနှင့်ပျံသန်းခြင်း*** ။ ရန်ကုန်၊ ပညာရပ်ဝန်းစာပေ။

မင်းသုဝဏ်၏ “ရေချမ်းဒကာ ဖိုးသောကြာ”ကဗျာမှ နရီစည်းဝါးလေ့လာချက် (ရေးဟန်ပညာ)

တင်ဇာဝင်း[၁]

စာတမ်းအကျဉ်း

ဤစာတမ်း ဆရာမင်းသုဝဏ်၏ “ရေချမ်းဒကာ ဖိုးသောကြာ”ကဗျာမှ နရီစည်းဝါးများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် ဆရာမင်းသုဝဏ်၏ “ရေချမ်းဒကာ ဖိုးသောကြာ”ကဗျာကို အလေ့လာခံအဖြစ် ရွေးချယ်ကာ နရီစည်းဝါးကို အသုံးပြု၍ လေ့လာတင်ပြထားပါသည်။ ထိုသို့လေ့လာခြင်းအားဖြင့် ကာရန်၊ အသံ၊ အနက်တို့ဖြင့် နှစ်သက်ဖွယ်ကောင်းသည့် ကဗျာတစ်ပုဒ်ဖြစ်လာစေရန် နရီစည်းဝါးသည် အရေးပါကြောင်းသိရှိစေလိုသော ရည်ရွယ်ချက်ဖြစ်ပါသည်။ ကဗျာတွင် နရီစည်းဝါးသည် မည်မျှအရေးပါမှုရှိသနည်း။ မင်းသုဝဏ်၏ “ရေချမ်းဒကာဖိုးသောကြာ” ကဗျာမှ နရီစည်းဝါးလေ့လာမှုသည် စာဆို၏စေတနာနှင့် ဦးတည်ချက်ကို မည်မျှထောက်ပံ့ ဖော်ဆောင်ပေးနိုင်မှုရှိသနည်း။ မင်းသုဝဏ်၏ “ရေချမ်းဒကာ ဖိုးသောကြာ”မှ နရီစည်းဝါးလေ့လာမှုသည် စာဆို၏ ခံစားမှုမှတစ်ဆင့် ဘဝအသိအမြင်ကို မည်မျှဖော်ဆောင်ပေးနိုင်မှုရှိသနည်းဟူသော သုတေသနမေးခွန်းတို့အတွက် အဖြေကိုရှာရန် ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)၏ “ရေးဟန်ပညာနိဒါန်း”စာအုပ်နှင့် ဒေါက်တာအောင်မြင့်ဦး၏ “သုတေသနဟူသည်”စာအုပ်တို့မှ နည်းနာများ၊ သီအိုရီများနှင့် စိစစ်ကာလေ့လာတင်ပြထားပါသည်။ နည်းနာအနေဖြင့် အခြေခံသုတေသနနည်းနာကို အသုံးပြုထားသည်။ ဤစာတမ်းသည် စကားပြောဆိုရာတွင် ဖြစ်စေ၊ စာရေးသားတွင်ဖြစ်စေ၊ ကဗျာရေးဖွဲ့ရာတွင် ဖြစ်စေ၊ စကားပြေရေးသားရာတွင်ဖြစ်စေ အသုံးပြုသည့်နရီစည်းဝါးအကြောင်းကို လေ့လာလိုသူတို့အတွက် အထောက်အပံ့ပေးနိုင်မည် ဖြစ်သည်။

သော့ချက်ဝေါဟာရ။ ။ ကဗျာ၊ အသံ၊ ကာရန်၊ နရီစည်းဝါး၊ ရေးဟန်။

၁။ နိဒါန်း

ဤစာတမ်းသည် ဆရာမင်းသုဝဏ်၏ “ရေးချမ်းဒကာ ဖိုးသောကြာ”ကဗျာမှ နရီစည်းဝါးများကို ရေးဟန်ရှုထောင့်မှ လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ကဗျာတစ်ပုဒ်ကို ရေးဖွဲ့ရာတွင် အသံကာရန်ညီအောင် ရေးဖွဲ့ရသကဲ့သို့ ထိုကာရန်ကိုယူသောအသံကို အနိမ့်အမြင့်၊ အတက်အကျ၊ အချီအချတစ်လှည့်စီပြောင်းကာ နရီစည်းဝါးကျကျ ရေးဖွဲ့သော ကဗျာမျိုးသည် စာဖတ်သူ၏ စိတ်အာရုံကို ပိုမိုဆွဲဆောင်နိုင်စွမ်းရှိပါ သည်။ တစ်နည်းအားဖြင့် ကဗျာရေးဖွဲ့ရာတွင် အခြေအနေ အဆက်အစပ်ကိုလိုက်၍ နရီစည်းဝါး ပုံစံအမျိုးမျိုးဖြင့် အသံလှိုင်းပေါ်လာအောင် ရေးဖွဲ့ခြင်းဖြင့် အရင်းခံအနက်အဓိပ္ပာယ်၏နောက်မှ စာရေးသူ၏ သဘောထားခံစားမှုများသည် ဂယက်အနက် အဖြစ် ရိုက်ခတ်လာနိုင်သကဲ့သို့ စာဖတ်သူကိုလည်း နှစ်သက်မှုနှင့်အတူ ခံစားမှုပေါင်းများစွာကို ပေးစွမ်းနိုင်ပါသည်။ ထို့ကြောင့် ကဗျာတစ်ပုဒ်ရေးဖွဲ့ရာတွင် နရီစည်းဝါးသည် အရေးပါကြောင်းကို ဆရာမင်းသုဝဏ်၏ “ရေချမ်းဒကာ ဖိုးသောကြာ”ကဗျာနှင့်ချိန်ထိုးကာ လေ့လာတင်ပြသွားမည်ဖြစ် ပါသည်။

၁၊ ၁။ စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

ဆရာကြီး မင်းသုဝဏ်ကို ဟံသာဝတီတိုင်း၊ ဟံသာဝတီခရိုင်၊ ကွမ်းခြံကုန်းမြို့တွင် ကုန်သည်ကြီး များဖြစ်သော အဖ ဦးလွန်းပင်နှင့် အမိ ဒေါ်မိတို့မှ ၁၉၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ တွင် မွေးဖွားခဲ့သည်။ မွေးချင်း(၇)ယောက်အနက် ဒုတိယမြောက်ဖြစ်ပြီး မွန်မြန်မာမျိုးရိုးဖြစ်သည်။ အမည်ရင်းမှာ ဦးဝန်ဖြစ်ပြီး ငယ်နာမည်မှာ မောင်လှမောင်ဖြစ်သည်။ ဆရာကြီးသည် ငယ်စဉ်က ကွမ်းခြံကုန်းမြို့၊ ကြားကျောင်းခေါ် ရွှေကျင်ကျောင်းတိုက်တွင် မြန်မာစာစတင်သင်ယူခဲ့ပြီး ၁၉၂၉ ခုနှစ်၊ မတ်လတွင် တက္ကသိုလ်ဝင်တန်းကို ပထဝီဝင်ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

---

[*] နည်းပြ၊ မြန်မာစာဌာန၊ မကွေးတက္ကသိုလ်

၁၉၃၆ ခုနှစ်တွင် အင်္ဂလန်ပြည် အောက်စဖို့ တက္ကသိုလ်သို့သွား၍ အရှေ့တိုင်းဘာသာစကားများတွင် အထွေထွေဘာသာဗေဒကို ဆက်လက် သင်ယူရာ ၁၉၃၈ ခုနှစ်တွင် ဘိလစ်ဘွဲ့ကို ရရှိခဲ့သည်။

ဆရာကြီးမင်းသုဝဏ်သည် ရန်ကုန်တက္ကသိုလ်တွင် (၁၉၃၃-၁၉၃၅)ခုနှစ်တွင် အချိန်ပိုင်း မြန်မာစာ နည်းပြ၊ (၁၉၃၅-၁၉၃၆)ခုနှစ်တွင် အချိန်ပြည့်နည်းပြ၊ (၁၉၃၉-၁၉၄၂)ခုနှစ်တွင် လက်ထောက်ကထိက၊ (၁၉၄၅-၁၉၄၆)ခုနှစ်တွင် အရေးပေါ်တက္ကသိုလ် မြန်မာစာလက်ထောက်ကထိက၊ (၁၉၄၆-၁၉၅၃) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မြန်မာစာကထိကအဖြစ် အသီးသီးထမ်းဆောင်ခဲ့သည်။ ထို့နောက် တက္ကသိုလ်များအုပ်ချုပ်ရေးရုံးဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၏ ဌာနမှူးအဖြစ်လည်းကောင်း၊ တက္ကသိုလ်မြန်မာအဘိဓာန်၏ စာတည်းမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ရန်ကုန် တက္ကသိုလ် မြန်မာစာဌာနတွင် ပါမောက္ခအဖြစ်လည်း တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၁၉၆၈ ခုနှစ် တွင် အငြိမ်းစားယူခဲ့သည်။

ဆရာကြီး မင်းသုဝဏ်သည် ခေတ်စမ်းစာပေ၊ ဓာတ်စမ်းကဗျာကို ဦးဆောင်ခဲ့သူများအနက် တစ်ဦးအပါအဝင်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ နဝမမြောက် သမ္မတ ဦးထင်ကျော်၏ ဖခင်လည်း ဖြစ်သည်။ ဆရာကြီးသည် ကဗျာကို (၁၃)နှစ်ခန့်တွင် စတင်ရေးသားခဲ့ပြီး ကဗျာများအပြင် ပုံပြင်၊ ဝတ္ထုတို၊ ယဉ်ကျေးမှုဆိုင်ရာဆောင်းပါးများ၊ ဝေဖန်ရေးစာများကိုပါ ရေးသားခဲ့သူတစ်ဦးလည်း ဖြစ်သည်။

ရေးသားပြုစုခဲ့သော စာအုပ်များအဖြစ် (၁၉၄၀)ခုနှစ်တွင် မောင်ခွေးဖို့ ကလေးကဗျာများ၊ (၁၉၄၁)ခုနှစ်တွင် သပြေညိုနှင့် အခြားကဗျာများ ထွက်ရှိခဲ့သည်။ (၁၉၅၅)ခုနှစ်တွင် ဆရာသိပ္ပံ မောင်ဝ၊ ဆရာဇော်ဂျီနှင့်တွဲဖက်၍ သုံးပွင့်ဆိုင်ခေတ်စမ်းစာပေများလည်း ထွက်ရှိခဲ့ပါသည်။ (၁၉၆၃) ခုနှစ်တွင် မင်းယုဝေနှင့်တွဲဖက်၍ ကဗျာပရိယာယ်စာအုပ်လည်း ထွက်ရှိခဲ့ပါသည်။ (၁၉၆၄) ခုနှစ်တွင် မြန်မာအဘိဓာန် ၁ပိုင်းထွက်ရှိခဲ့ပြီး (၁၉၆၅)ခုနှစ်တွင် ပန်းနှင့်ပင်စည်၊ မြန်မာစာ မြန်မာမှု၊ ခရီးသည် (ဇော်ဂျီနှင့်တွဲလျှက်) စာအုပ်များ ထွက်ရှိခဲ့ပါသည်။ (၁၉၆၆)ခုနှစ်တွင် မြန်မာနိုင်ငံ စာမတတ်သူပ ပျောက်ရေးအတွက် သက်ကြီးစာသင်နည်း၊ (ဝ၊ ထ၊ က၊ လ၊ သ)နည်းကို တီထွင်ခဲ့သူလည်းဖြစ်သည်။ (၁၉၆၈)ခုနှစ်တွင် ပျဉ်းမငုတ်တိုစာအုပ်၊ (၁၉၇၀)ခုနှစ်တွင် ရေချမ်းစင် စာအုပ်၊ (၁၉၇၄)ခုနှစ်တွင် အင်းယားကန်သို့ အိုကူးတို့စာအုပ်၊ (၁၉၈၀)ခုနှစ်တွင် ဟိုက္ကူကဗျာ မြည်းစရာစာအုပ်၊ (၁၉၈၄)ခုနှစ် တွင် လီယာမင်းကြီးပြဇာတ်(ဘာသာပြန်)စာအုပ်၊ (၂၀၀၂)ခုနှစ်တွင် ကဗျာပေါင်းချုပ်၊ မင်းသုဝဏ် ဝတ္ထုတိုများစသည့် စာအုပ်များစွာ ထွက်ရှိခဲ့ပါသည်။

ဆရာကြီးမင်းသုဝဏ်သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာစာပေကို ချစ်မြတ် နိုးသောစိတ်ကို အခြေခံ၍ ဝါသနာပါရာစာအုပ်စာပေများစွာ ရေးသားရင်း(၂၀၀၄)ခုနှစ် ဩဂုတ်လ (၁၅)ရက်၊ တနင်္ဂနွေနေ့နံနက်(၁၁း၃၀)အချိန်တွင် ရန်ကုန်မြို့၊ ကမာရွတ်သပြေညိုအိမ်တွင် ကွယ်လွန် ခဲ့သည်။

၁၊ ၂။ ကဗျာဝေါဟာရနှင့် သဘောသဘာဝ

မြန်မာစာပေခရီးတစ်လျှောက်တွင် ကဗျာနှင့် ပတ်သက်၍ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြံဆခဲ့ကြ သည်။ ထိုဖွင့်ဆိုကြံဆချက်များအနက် သခင်ကိုယ်တော်မှိုင်းက

ပညာရှိ၌ဖြစ်စေ၊ ပညာရှိတို့၏ ဥစ္စာကဗျာဟူ၍ခေါ်သည်။

(သခင်ကိုယ်တော်မှိုင်း၊ ၁၉၅၅၊ ၂၀၈)

ဟု ဖွင့်ဆိုထားပါသည်။ မြန်မာအဘိဓာန်တွင်

ကဗျာ၊ စည်းမျဉ်းများနှင့်အညီ စာလုံး၊ စာပိုဒ်၊ အရေအတွက် ကာရန် အချိတ်အဆက် အသံနေအသံထား စသည်ဖြင့် စီကုံးထားသော အဖွဲ့အနွဲ့

(မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၄)

ဟု ဖွင့်ဆိုထားပါသည်။ ကဗျာဝေါဟာရနှင့်ပတ်သက်၍ မလိခက -

> **ကဗျာဟူသော ဝေါဟာရသည် သက္ကတဘာသာ “ကဗျာ”မှ သက်လာသည်ဟု အဆိုတစ်ခုရှိ၏။ သက္ကတဘာသာ၌ “ကာပျ”ဟူသော ဝေါဟာရသည် ပညာရှိ ထိုထိုတို့၏လိုအပ်သော အနက်ကို ဒေါသမငြိ ဂုဏ်ရသပါပါ နည်းနာကျကျ ဖွဲ့ဆို သော စာမျိုးဖြစ်သည်ဟု အနက်ဖွင့်၏။** (မလိခ၊ ၂၀၀၆၊ ၁၀)

ဟု ဖွင့်ဆိုထားပါသည်။

ကဗျာသည် ဖွဲ့ဆိုသူပေါ်လိုက်၍ အမြင်ပြောင်းတတ်ပါသည်။ အမြင်မတူသည်နှင့် ဖွဲ့ဆိုပုံတို့ ကွဲပြားသွားကြသည်။ ကဗျာသဘောကို မြဇင်က -

> **ကဗျာဆိုသည်မှာ စကားဖြင့် အကွက်ဆင်ဖွဲ့စည်းထားသော အရာဖြစ်သည်။ ကဗျာတွင် စကားကလွဲ၍ ဘာမျှမရှိ။ ရုပ်ပုံ၊ ရုပ်ထု၊ သရုပ်ပြပုံ၊ ကိန်းဇယား စသည်တို့မရှိ။ ကဗျာတွင်ရှိသမျှမှာ ကဗျာဆရာက ကဗျာအဖြစ်ပြုစုစည်းရုံး ထားသည့် အထင်းသားမြင်နေရသည့် စကားသာဖြစ်သည်။ စကားသည် ကဗျာ၏ ကိုယ်၊ ကဗျာ၏နှုတ်၊ ကဗျာ၏ နှလုံးဖြစ်သည်။** (မြဇင်၊ ၁၉၈၈၊ ၂၅၁)

ဟု ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ကဗျာဆိုသည်မှာ စာဆိုဖော်ပြလိုသော ခံစားမှုအတွေး၊ အမြင်တို့ကို ကာရန် အချိတ်အဆက်မိစွာ ရေးဖွဲ့ထားသော စာပေအမျိုးအစားတစ်ရပ်ဟု ဖွင့်ဆိုနိုင်ပါသည်။

၁၊ ၃။ အသံ ဖွင့်ဆိုသတ်မှတ်ချက်

ကဗျာတွင် အသံသည် စကားပြေထက်ပို၍ အရေးပါပါသည်။ ကဗျာ၏အလှသည် အသံအနိမ့် အမြင့် အတက်အကျစီးဆင်းမှုဖြင့် ပေါ်လွင်စေပါသည်။ အသံဟူသော ဝေါဟာရနှင့်ပတ်သက်၍ မြန်မာ အဘိဓာန်တွင် -

> **အသံ၊ န - နားဖြင့် ကြားရသော အာရုံ** (မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၄၂၅)

ဟု ဖွင့်ဆိုထားပါသည်။

ရသစာပေ၌ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်တို့ပါဝင်၍ ကဗျာတွင် အသံအင်အားကို ဝတ္ထု၊ ပြဇာတ် တို့ထက်ပို၍ အသုံးပြုသည်။ အသံကြောင့် အဖြစ်အပျက်ကို ကြားနေရပြီး မှန်ကန်စွာ ရွတ်ဆိုနိုင် လေလေ ကဗျာဆရာ၏ အတွေးကို သိနိုင်လေလေဖြစ်သည်။ ထိုသဘောကို မောင်ခင်မင် (ဓနုဖြူ)က

> **အမှန်အားဖြင့် ဗျည်း၊ သရ၊ တက်ကျသံဟူသော အင်္ဂါရုပ်သုံးရပ်ပေါင်းစပ်မှ အသံထွက်ရှိရသည်။ ဗျည်းသံက သူချည်းအသံထွက်၍မရ၊ သရသံနှင့် ပေါင်းမှ အသံထွက်သည်။ သရသံကို တက်ကျသံ တစ်ခုခုနှင့် အသံထွက်ရသည်။**
>
> (ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၀၊ ၆၃)

ဟု ဖွင့်ဆိုထားပါသည်။

ထို့ကြောင့်အသံများသည် ကဗျာရေးဖွဲ့သူတို့၏ ခံစားမှုများ၊ အတွေ့အကြုံများပေါ် မူတည်၍ ဖြစ်ပေါ်လာသည့် အသံများဟုဆိုင်နိုင်ပါသည်။ ထိုအသံများထဲမှ ဤစာတမ်းတွင် ပါရှိသော ကဗျာပါ အသံကို သံလွင်၊ သံလတ်၊ သံလေးဟူသော အသံသုံးမျိုးဖြင့် ဖော်ပြသွားမည် ဖြစ်သည်။

၁၊ ၄။ ကာရန် ဖွင့်ဆိုသတ်မှတ်ချက်

မြန်မာကဗျာတွင် ကာရန်၏ အရေးပါမှုကို ပညာရှင်အသီးသီးတို့က ထောက်ပြဆွေးနွေးခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ကာရန်သည်ပင်လျှင် ကဗျာ၏ အသက်ဟူ၍ မှတ်ယူကြလေသည်။ ထို့ကြောင့် မြန်မာကဗျာဟူသော အဓိပ္ပာယ်ဖွင့်ဆိုမှု သဘောတွင် ကာရန်နှင့် သဘောသဘာဝများ ပါဝင်နေသည် ကို တွေ့ရပါသည်။ မြန်မာအဘိဓာန်တွင်

> **ကာရန် - ၁။ အက္ခရာ၏အဆုံးဖြစ်သောအသ**
>
> **၂။ ကဗျာလင်္ကာတွင် စည်းမျဉ်းအရ စပ်ထားသေ စကားလုံးတို့၏ ညီညွတ်သောအသံ(ပါ၊ကာရန္တ)**
>
> (မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၈)

ဟု ဖွင့်ဆိုထားပါသည်။ ကဗျာတွင် ကာရန်၏ အရေးပါမှုနှင့်ပတ်သက်၍ မြဇင်က

> **ကာရန်သည် ကဗျာ၌ နရီနှင့်လည်းကောင်း၊ အနက်နှင့်လည်းကောင်း၊ အလင်္ကာ နှင့်လည်းကောင်း၊ ဝါကျဖွဲ့ပုံနှင့်လည်းကောင်း၊ ကဗျာဖွဲ့ပုံနှင့် လည်းကောင်း ဆက်နွယ်လှုပ်ရှားသည့်အလျောက် ကာရန်မှုကိစ္စမှာ ထွေပြားသော ကိစ္စဖြစ် သည်။**
>
> (မြဇင်၊ ၁၉၉၈၊ ၁၀၃)

ဟု ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ကာရန်ဆိုသည်မှာ ကဗျာလင်္ကာရှိစကားလုံးတို့ကို စနစ်တကျ ဖွဲ့စပ်သီကုံးထား သော အရေးအဖွဲ့ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

၁၊ ၅။ သုတေသနမေးခွန်းနှင့်ပြဿနာ

ဤစာတမ်းကို သုတေသနပြု၍ အဖြေထုတ်ရာတွင် အောက်ဖော်ပြပါ သုတေသနမေးခွန်းနှင့် ပြဿနာအချို့တို့ကို ကြုံတွေ့ရပါသည်။

၁။ ကဗျာတွင် နရီစည်းဝါးသည် မည်မျှအရေးပါမှုရှိသနည်း။

၂။ မင်းသုဝဏ်၏ “ရေချမ်းဒကာ ဖိုးသောကြာ”ကဗျာမှ နရီစည်းဝါးလေ့လာမှုသည် စာဆို၏ စေတနာနှင့်ဦးတည်ချက်ကို မည်မျှ ထောက်ပံ့ဖော်ဆောင်ပေးနိုင်မှုရှိသနည်း။

၃။ မင်းသုဝဏ်၏ “ရေချမ်းဒကာ ဖိုးသောကြာ”ကဗျာမှ နရီစည်းဝါးလေ့လာမှုသည် စာဆို၏ ခံစားမှုမှတစ်ဆင့် ဘဝအသိအမြင်ကို မည်မျှဖော်ဆောင်ပေးနိုင်မှုရှိသနည်း။

စသည့် သုတေသနမေးခွန်းများ ထွက်ပေါ်လာသည်။

ထိုသို့ ပေါ်ထွက်လာသော သုတေသနမေးခွန်းတို့ကို အဖြေဖော်ထုတ်နိုင်ရန် စာအုပ်စာတမ်း များ၊ ပညာရှင်များ၏ လမ်းညွှန်မှုများ၊ နည်းနာများကိုယူ၍ လေ့လာတင်ပြပါမည်။ ကဗျာတွင် နရီစည်းဝါးသည် အရေးပါမှုရှိသည်ကိုလည်းကောင်း၊ ကဗျာပါ နရီစည်းဝါးလေ့လာမှုသည် စာဆို၏ စေတနာနှင့်ဦးတည်ချက်ကို

ထောက်ပံ့ပေးနိုင်မှုရှိပုံကိုလည်းကောင်း၊ စာဆို၏ ခံစားမှုမှတစ်ဆင့် ဘဝအသိအမြင်ကို ဖော်ဆောင်ပေးနိုင်မှုရှိပုံကိုလည်းကောင်း ခန့်မှန်းမိပါသည်။

အထက်ပါ သုတေသနမေးခွန်းနှင့် သုတေသနအဆိုကြမ်းများကိုအခြေခံ၍ ဆရာဇော်ဂျီ၏ “ရေချမ်းဒကာ ဖိုးသောကြာ”ကဗျာမှ နရီစည်းဝါးကို လေ့လာရာတွင် အောက်ဖော်ပြပါ သုတေသန ပြဿနာတို့နှင့်လည်း ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ပါသည်။

၁။ ကဗျာတွင် နရီစည်းဝါးသည် အရေးပါမှုရှိ၊ မရှိ။

၂။ မင်းသုဝဏ်၏ “ရေချမ်းဒကာ ဖိုးသောကြာ”ကဗျာမှ နရီစည်းဝါးလေ့လာမှုသည် စာဆို၏ စေတနာနှင့် ဦးတည်ချက်ကို ထောက်ပံ့ဖော်ဆောင်ပေးနိုင်မှုရှိ၊ မရှိ။

၃။ မင်းသုဝဏ်၏ “ရေချမ်းဒကာ ဖိုးသောကြာ”ကဗျာမှ နရီစည်းဝါးလေ့လာမှုသည် စာဆို၏ ခံစားမှုမှတစ်ဆင့် ဘဝအသိအမြင်ကို ဖော်ဆောင်ပေးနိုင်မှုရှိ၊ မရှိ။

ဟူသော သုတေသနပြဿနာတို့ကို ဖော်ထုတ်တင်ပြပါမည်။

၁၊ ၆။ ရေချမ်းဒကာ ဖိုးသောကြာကဗျာမှ ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်

ဆရာမင်းသုဝဏ်သည် “ရေချမ်းဒကာ ဖိုးသောကြာ”ကဗျာတွင် ကမ္ဘာလောကြီးတွင်ရှိသော လူတို့ သည် လိုချင်မှုလောဘ၊ မုန်းတီးမှုဒေါသနှင့် မွေးဖွားလာသူများ ဖြစ်ကြသည်။ လောဘဒေါသသည် မကောင်းမှုများကြီးစိုးရာ အသိုက်အမြုံတစ်ခုဖြစ်ပြီး ထိုလောဘ၊ ဒေါသတို့အပြင် အသိဉာဏ်က ကပ်၍ပါနေသောကြောင့် အားရှိလျှင်ရှိသလောက် ဗိုလ်ကျ အနိုင်ယူချင်ကြသည်။ လူ၏အင်အားသည် ငွေနှင့်လက်နက်ဖြစ်ပြီး ရုပ်ဝတ္ထုပစ္စည်းဖြင့် ချမ်းသာသူက အလွန်ချမ်းသာ၍ ဆင်းရဲသူက ပိုမိုဆင်းရဲ လာကြသည်။ ထိုအခါ ကြီးနိုင်ငယ်ညှင်းပြုတတ်သည့် မကောင်းသော အသိုက်အမြုံတို့သည် ပို၍ ထကြွလာသည်။ လူအချင်းချင်း လိမ်ကြ၊ ကောက်ကြ၊ လှည့်ဖြားကြသည်။ ခွန်အားကြီးသူက ခွန်အားနည်းသူကို အနိုင်ယူကြသည်။ ထိုအခါ ခွန်အားနည်းပါးသော လက်အောက်ငယ်သားများသည် ဆင်းရဲတွင်း၌ နစ်ကြရသည်။ လူတို့သည် လောဘ၊ ဒေါသကြောင့် တစ်ယောက်ကို တစ်ယောက် သတ်ကြ၊ ဖြတ်ကြနှင့် သူ့ထက်ငါအပြိုင် အားမရနိုင်အောင် ရှိကြသည်။

စာဆိုမင်းသုဝဏ်သည် ထိုကဲ့သို့သော ကြီးနိုင် ငယ်ညှင်းပြုတတ်သည့် မကောင်းသော အသိုက်အမြုံများကို မီဒီယာအမျိုးမျိုးမှ မမြင်ချင်၊ မကြားချင်ဘဲ ကြားနေရလေသည်။ တိုးတက်သည် ဆိုသော မြို့ကြီးပြကြီးနိုင်ငံကြီးများတွင် မေတ္တာတရားသည် တစ်နေ့ထက်တစ်နေ့ ခေါင်းပါးလျက် ရှိသည်။ သို့ရာတွင် ဆင်းရဲသော ကျေးလက်တောရွာများတွင်မူ မေတ္တာတရားသည် ထွန်းကားနေဆဲ ဖြစ်သည်။ မိမိအကျိုးသာမက ရပ်ကျိုး၊ ရွာကျိုး၊ အများအကျိုးပါ ဆောင်ရွက်တတ်သော စိတ်ဓာတ် မြင့်မားပြည့်ဝသော တောသူတောင်သားများသည်ဘဝကိုရောင့်ရဲ၍ ရိုးရိုးဖြောင့်ဖြောင့်နှင့်အေးချမ်းစွာ နေထိုင်ကြပုံကို ဖိုးသောကြာနှင့် ပမာပြုကာ တင်ပြထားပါသည်။

“ရေချမ်းဒကာ ဖိုးသောကြာ”ကဗျာတွင် ကျေးလက်နေပြည်သူတို့၏ မိမိအကျိုးသာမက အများအကျိုးပါသယ်ပိုးလိုသော မြင့်မြတ်သည့် စိတ်ဓာတ်ကို အတုယူစေလိုသော ဦးတည်ချက် ဖြစ်ပါသည်။

၂။ စာပေလေ့လာဆန်းစစ်ချက်

ဤစာတမ်းသည် ဆရာမင်းသုဝဏ်၏ “ရေချမ်းဒကာ ဖိုးသောကြာ”ကဗျာမှ နရီစည်းဝါးများကို လေ့လာနိုင်ရန် စာပေလေ့လာဆန်းစစ်မှုများပြုလုပ်ခဲ့ပါသည်။ ဤစာတမ်းသည် ကဗျာပါ နရီစည်းဝါး ကို ရေးဟန်ရှုထောင့်မှ လေ့လာထားသော စာတမ်းဖြစ်ပါသည်။ နရီစည်းဝါးနှင့် ပတ်သက်၍ ပညာရှင်တို့၏ နည်းနာများ၊ အဆိုအမိန့်များကို လေ့လာဖတ်ရှုခဲ့ရပါသည်။

မောင်ခင်မင်(ခနုဖြူ)၊ ၂၀၁၁ခုနှစ်၏ "ရေးဟန်ပညာနိဒါန်း"စာအုပ်တွင် အခန်း(၁၀)ခန်းပါရှိ ပြီး ထိုထဲမှ အခန်း(၄) ရေးဟန်စိစစ်မှု (၁) စကားသံဖွဲ့စပ်ဟန်တွင် ပါဝင်သည့် နရီစည်းဝါးကို အခြေခံ၍ ဤစာတမ်းကို လေ့လာတင်ပြမည်ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ ဦးစီးဌာန၊ (၂၀၀၈) ခုနှစ်တွင် ထုတ်ဝေသည့် "မြန်မာ အဘိဓာန်"စာအုပ်တွင် စကားလုံးတစ်လုံးချင်း အနက်အဓိပ္ပာယ်များကို လွယ်ကူသော စကားလုံး များဖြင့် ကျစ်ကျစ်လျစ်လျစ် ဖွင့်ဆိုပြထားပါသည်။ ဝေါဟာရအသုံး၊ စာလုံးပေါင်း သတ်ပုံစသည်တို့ကို အလွယ်တကူကိုးကားနိုင်ရန် စနစ်တကျ ထည့်သွင်းပြုစုထားပါသည်။ ဤစာတမ်းကို ရေးသားရာတွင် ကဗျာ၏ အနက်အဓိပ္ပာယ်၊ အသံကာရန်၊ နရီစည်းဝါးကို အနက်အဓိပ္ပာယ် စသည်တို့ကို လေ့လာရာ တွင် စာပေအထောက်အထား အကိုးအကားများစွာ ရရှိခဲ့ပါသည်။

မြဇင် (၂၀၁၇)ခုနှစ်တွင် "ကဗျာနရီနှင့် နိမိတ်ပုံ" စာအုပ်တွင် ကဗျာ၏ သဘောသဘာဝနှင့် နည်းနာများခံစားမှု၊ ခံစားပုံ၊ အတွေးစသည့် ကိစ္စများ၊ ဝါကျဖွဲ့ပုံ၊ နရီ၊ နမိတ်ပုံ၊ ကာရန်၊ ကိစ္စအခန်း ချီတို့ကို စနစ်တကျ ထည့်သွင်းပြုစုထားပါသည်။ ဤစာတမ်းကို ရေးသားရာတွင် ကဗျာ၏သဘော၊ နည်းနာများ၊ ကာရန်၊ နရီစည်းဝါး စသည်တို့ကို လေ့လာရာတွင် စာပေအထောက်အထားများစွာ ရရှိခဲ့ပါသည်။

ထို့ကြောင့် မင်းသုဝဏ်၏ "ရေချမ်းဒကာ ဖိုးသောကြာ"ကဗျာမှ နရီစည်းဝါးကို ရေးဟန် ရှုထောင့်မှ လေ့လာရာတွင် ဖော်ပြပါ စာပေလေ့လာဆန်းစစ်ချက်များကို သင့်လျော်သည့် အကြောင်း အရာ အချက်လက်တို့ကိုသာ နည်းယူ၍ ကိုးကားပြုစုထားပါသည်။

၃။ နည်းနာ

ဤစာတမ်းသည် ဆရာကြီး မင်းသုဝဏ်၏ "ရေချမ်းဒကာဖိုးသောကြာ"ကဗျာမှ နရီစည်းဝါးကို ရေးဟန်ရှုထောင့်ဖြင့် ချဉ်းကပ်လေ့လာမည်ဖြစ်သည်။ ထို့ကြောင့် ဖော်ထုတ်တင်ပြမည့် သုတေသန အချက်အလက်များ၊ တိကျခိုင်မာမှုရှိစေရန် သုတေသနပြုရာတွင် အသုံးပြုမည့် သုတေသန နည်းနာ များကို ပညာရပ်ဆိုင်ရာ နည်းနာနှင့် သုတေသနနည်းနာဟူ၍ နှစ်ပိုင်းခွဲကာ လေ့လာတင်ပြမည် ဖြစ်ပါသည်။

၃၊ ၁။ ပညာရပ်ဆိုင်ရာနည်းနာ

မြန်မာကဗျာကို လေ့လာရာတွင် နရီစည်းဝါးကို ကဗျာအနုပညာအဖြစ် ထည့်သွင်းလေ့လာကြသည် ကို တွေ့နိုင်ပါသည်။

"နရီစည်းဝါး"သည် မြန်မာ့ဂီတသုံးဝေါဟာရများဖြစ်သည်။ အသံအနိမ့်အမြင့်ကို တစ်လှည့်စီ ပိုင်းခြားသည့် သဘောချင်းတူသည့်အတွက် နရီစည်းဝါးဟူသော ဂီတသုံးဝေါဟာရကို စာပေသုံး ဝေါဟာရအဖြစ် အဓိပ္ပာယ်ချဲ့ထွင်၍ သုံးလာကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြန်မာကဗျာကို လေ့လာရာတွင် နရီစည်းဝါးကို ကဗျာအနုပညာအဖြစ် ထည့်သွင်းလေ့လာကြသည်ကို တွေ့နိုင်ပါ သည်။ နရီဟူသည်မှာ အင်္ဂလိပ်စကား ရမ်သမ်ကို သင့်အောင်ယူကာ သုံးနှုန်းထားခြင်းပင် ဖြစ်ပါသည်။

နရီစည်းဝါးနှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင် -

နရီစည်း၊ န - ဂီတ စည်းသုံးချက် ဝါးတစ်ချက် ပါဝင်သော စည်းဝါးတစ်မျိုး

(မြန်မာအဘိဓာန်၊ ၂၀၀၈၊ စာ ၁၈၈)

ဟုလည်းကောင်း၊

မောင်ခင်မင် (ခနုဖြူ)၏ ရေးဟန်ပညာနိဒါန်းစာအုပ်တွင်

စကားပြောရာတွင် စကားသံများသည် အသံအနိမ့်အမြင့်မရှိဘဲ တစ်ပြေးတည်း ထွက်လာသည်မဟုတ်ပါ။ စကားသံများ နိမ့်လိုက် မြင့်လိုက် အသံထွက်အလိုက် ရပ်နားလိုက် ဖိလိုက် ဖော့လိုက် စသည်ဖြင့် ပုံမှန်ပြောင်းလဲလှုပ်ရှားမှုများရှိသည်။ ဤသို့သော သွင်ပြင်လက္ခဏာကို နရီစည်းဝါးဟုခေါ်ခြင်းဖြစ်သည်။

(ခင်မင်၊ မောင်(ခနုဖြူ)၊ ၂၀၁၁၊ စာ ၅၈)

ဟုလည်းကောင်း၊

နရီ၏ သဘောသဘာဝနှင့် ပတ်သက်၍လည်း မြဇင်က -

ကဗျာတွင် အသံများ၊ လှုပ်ရှားခြင်းဖြင့် နရီဖြစ်ပေါ်လာသည်။ ကဗျာစာဆိုသည် သံတို၊ သံလတ်၊ သံပေါ့တို့ကို စီစဉ်ခြင်းဖြင့် ထူးခြားသော စကားသံ အသွားအလာ ထူးခြားသော အသံစီးဆင်းမှု ထူးခြားသော နရီကို ဖန်တီးသည်။ (မြဇင်၊ ၁၉၈၄၊ ၂၄၉)

ဟုလည်းကောင်း၊ “ကဗျာနရီနှင့် နိမိတ်ပုံ”တွင်

ကဗျာနရီသည် ရုပ်ဝတ္ထုဆိုင်ရာ နရီတို့ကို တုပနိုင်သည်။ ဝါးသံ၊ လေသံ၊ စက်ခုတ် သံတို့ကို တုပနိုင်သည်။ တုပပေးခြင်းဖြင့်လည်း ထိုအသံတို့၏ နရီကို ကျွန်ုပ်တို့ ခံစားစေသည်။

(မြဇင်၊ ၂၀၁၇၊ ၄၂)

ဟုလည်းကောင်း၊

နရီသည် အနက်ထက်သိမ်မွေ့ပါသည်။ နိမိတ်ပုံထက် သိမ်မွေ့ပါသည်။ ရင်ခုန်သံ ထက် သိမ်မွေပါသည်။ နရီသည် ကျွန်ုပ်တို့ ရင်ခုန်သ မဝမီကာလ ဟိုဘက်ပိုင်းမှာ ရှိသော အခြင်းအရာဖြစ်ပါသည်။

(မြဇင်၊ ၂၀၁၇၊ ၈၅)

ဟုလည်းကောင်း ဖွင့်ဆိုထားပါသည်။

တစ်ဖန် နရီရမ်သမ်နှင့် ပတ်သက်၍ မောင်သာနိုးက -

ရမ်သမ်ဆိုတာ အသံလေး၊ အသံပေါ့၊ အသံအတက်အဆင်း ဖွဲ့စည်းပုံကို ခေါ်တယ်။ (သာနိုး၊ မောင်၊ ၁၉၇၀၊ ၂၃၀)

ဟု ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် နရီသည် အသံ၏ စီးဆင်းမှုဖြစ်ပြီး စာရေးသူ၏ခံစားမှုကို အသံဖြင့် ပြန်လည် ထင်ဟပ်ပြမှုဖြစ်သည်ဟု ဆိုနိုင်ပါသည်။ တစ်နည်းအားဖြင့် နရီ၏သဘောသည် ကာရန်အဖွဲ့အစပ်၊ အသံအထားအသို၊ အနိမ့်အမြင့်များအပေါ်တွင် များစွာမူတည်နေသည်ဟု ယူဆမိပါသည်။

၃၊ ၂။ သုတေသနနည်းနာ

ဤစာတမ်းသည် အခြေခံသုတေသနနည်းဖြင့် ချဉ်းကပ်လေ့လာထားသော သုတေသနဖြစ်သည်။ အခြေခံသုတေသနနှင့် ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦး၏ သုတေသနဟူသည် စာအုပ်တွင်

> **အခြေခံသုတေသနသည် အခြေခံအားဖြင့် အတွေးသစ်အမြင်သစ်၊ အသိပညာ တစ်ရပ်ရပ် တိုးပွားစေရန်အတွက် ပြုလုပ်သော သုတေသန အမျိုးအစား ဖြစ်သည်။ အခြေခံသုတေသနကို ပညာရပ်ဆိုင်ရာသုတေသန (academic research) ဟုလည်းကောင်း၊ ရိုးရိုးသုတေသန (pure research) ဟုလည်း ကောင်း ခေါ်သေးသည်။**
> (အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၁၈၊ ၅၅)

ဟူ၍ ဖွင့်ဆိုပြထားပါသည်။

၄။ လေ့လာတွေ့ရှိချက်

မြန်မာဘာသာစကားသည် စကားလုံးကြွယ်ဝသော ဘာသာစကားဖြစ်သောကြောင့် ထိုစကား တို့ကို လက်တွေ့ပြောဆိုသုံးနှုန်းရာတွင် အသံအနိမ့်အမြင့် အချိုအချ တစ်လှည့်စီပြောင်းကာ နရီစည်းဝါး ကျကျဖြင့် ယှဉ်တွဲကာ ပြောဆိုသုံးနှုန်းကြရသည်။ စကားပြောရာတွင်ဖြစ်စေ၊ စာရေးသားရာတွင် ဖြစ်စေ၊ ကဗျာဖွဲ့စပ်ရာတွင်ဖြစ်စေ စကားသံများသည် နိမ့်လိုက်မြင့်လိုက်၊ အသံထွက်လိုက်၊ ရပ်နား လိုက်၊ ဖိလိုက် ဖော့လိုက်စသည်ဖြင့် အချိုအချ တစ်လှည့်စီပြောင်းကာ နရီစည်းဝါး အဖြတ်အတောက် ပေါ်လွင်မည်ဆိုလျှင် လှုပ်ရှားမှုသည်လည်း အသက်ဝင်လာမည်ဖြစ်သည်။ ထိုအဖွဲ့အစပ်မျိုးကို ဖတ်ရှု့တွေ့မြင်ရသည့် စာဖတ်သူပရိသတ်တို့တွင်လည်း စွဲစွဲမြဲမြဲ ထင်ကျန်စေမည် ဖြစ်ပါသည်။ ထိုသို့သော အဖွဲ့အစပ် အမျိုးမျိုးအနက် ဆရာမင်းသုဝဏ်၏ "ရေချမ်းဒကာ ဖိုးသောကြာ"ကဗျာတွင် တွေ့ရသော နရီစည်းဝါး ရမ်သမ်အဖွဲ့အစပ်များကို လေ့လာတင်ပြလိုပါသည်။

၄၊ ၁။ မင်းသုဝဏ်၏ "ရေချမ်းဒကာဖိုးသောကြာ"မှ နရီစည်းဝါးလေ့လာချက်

မင်းသုဝဏ်၏ "ရေချမ်းဒကာဖိုးသောကြာ"ကဗျာတွင် မြို့နေလူတန်းစားနှင့် ကျေးလက်နေ တောသူ တောင်သားတို့၏ မေတ္တာကွာခြားပုံကို ဖွဲ့ထားခြင်းဖြစ်သည်။ စာဆို၏ တိုင်းပြည်နှင့် လူမျိုးအပေါ် ထားရှိသည့် စေတနာကို အထင်းသားတွေ့မြင်နိုင်ပါသည်။ လူတို့သည် နဂိုဗီဇ အရိုင်းဓာတ်ခံကြောင့် လိုချင်မှုလောဘ၊ ဖန်တီးမှုဒေါသတို့ဖြင့် ကြီးနိုင်ငယ်ညှဉ်းပြုကာ လိမ်လည် လှည့်ဖြားကြပုံ၊ အားကြီး သူက အားနည်းသူကို နိုင်ထက်စီးနင်းပြုမူလျက်ရှိကြပုံကို ကဗျာ ပထမအပိုဒ်တွင် -

> **မတော်လောဘ၊ ရေရှူးကြွ၍**
> **ကမ္ဘာလောက၊ လူဘဝတွင် (သံလတ်)**
> **လိမ်ကြကောက်ကြ၊ လှည့်ဖြားကြကာ (သံလတ်)**
> **ဗလကြီးသူ၊ လက်ရုံးထူသော်**
> **အောက်လူခပင်း၊ ဆင်းရဲတွင်း၌ (သံလွင်)**
> **မျောက်မင်းအူလျက်၊ ဗုံသာနှက်။ (သံလေး)**

ဟူ၍ ဖွဲ့ဆိုထားသည်။ "**ဘ၊ ကြွ၊ က**"၊ "**က၊ ဝ၊ ကြ**"ဟူသော သံလတ်ဖြင့်ချလိုက်ပြီး "**သူ၊ ထူ၊ လူ**" ဟူသောသံလွင်ဖြင့် အသံပြန်ချလိုက်ကာ "**ပင်း၊ တွင်း၊ မင်း**"ဟူသော သံလေးဖြင့် ပြန်ချီထားပုံတို့ ကြောင့်

သံလတ်၊ သံလွင်၊ သံလေးတို့မှာ အလှည့်ကျကူးပြောင်းကာ အသံတက်လိုက် ကျလိုက်ဖြင့် နရီစည်းဝါးကျကျ လှုပ်ရှားနေသောအသံကို ကြားယောင်လာစေပါသည်။ တတ်သည့်အသံနှင့် ကျသည့်အသံတို့ကို ခပ်ခွာခွာဖွဲ့စပ်ထားသည့်အတွက် စာရေးသူမှ တွေးတွေးဆဆ ပြောနေသည့် အသံကိုပါ ကြားယောင်လာစေပါသည်။ တစ်ဖက်တွင် ကာရန်အတွဲအစပ်များအနေဖြင့် “၄၊ ၃၊ ၁” “၄၊ ၃၊ ၂” ကာရန်တို့ကိုယူကာ ဣန္ဒြေရရ ရိုးရိုး ယဉ်ယဉ်ရေးဖွဲ့ထားသည်ကို တွေ့ရှိရသည်။ ခက်ခဲသော စကားသံများမပါဝင်ဘဲ ရိုးရိုးစကားသံကိုသာ သုံးထားသောကြောင့် ကဗျာမှာ ပို၍ရုပ်လုံးကြွစေပြီး အလွန်နှစ်သက်ဖွယ်ကောင်းသည့် ရေးဟန်ကိုပါ တွေ့ရှိရပါသည်။ ကဗျာ၏ ဒုတိယအပိုဒ်တွင် စာဆိုက လူတို့၏ လောဘ၊ ဒေါသတို့မှ ဖြစ်တည် ပေါက်ဖွားလာသည့် အပြုအမူ၊ အပြောအဆို နေထိုင်မှုတို့ မဆင်ခြင်မထိန်းသိမ်းနိုင်သောကြောင့် တစ်ဦးနှင့်တစ်ဦး သတ်ကြ၊ ဖြတ်ကြပြီး သွေးချောင်းစီးသည်အထိ ဖြစ်ကြပုံ၊ တစ်ယောက်ကို တစ်ယောက် ခွန်အားကြီးသူနှင့် ခွန်အားနည်းသူ၊ ချမ်းသာသူနှင့် ဆင်းရဲသူ၊ ဂုဏ်ရှိသူနှင့် ဂုဏ်ငယ်သူ၊ မျိုးရိုးမြင့်သူနှင့် မျိုးရိုးနိမ့်သူ၊ စိတ်ချမ်းသာမှုနှင့် စိတ်ဆင်းရဲမှု အစရှိသဖြင့် ပြိုင်ဆိုင်နေကြသည်မှာ အားမရနိုင်အောင်ရှိနေကြပုံတို့ကို -

အမုန်းဒေါ<u>သ</u>၊ ခြောင်းခြောင်း<u>ထ</u>၍
<u>က</u>မ္ဘာလော<u>က</u>၊ လူ့ဘ<u>ဝ</u>တွင် (သံလတ်)
သတ်<u>ကြ</u>ဖြတ်ကြ၊ ဖောက်ခွဲကြကာ (သံလတ်)
ယိုကျလျှံ<u>ညီး</u>၊ သွေးချောင်း<u>စီး</u>နှင့်
စစ်<u>ကြီး</u>မက်ကြီး၊ လက်နက်ကြီးတို့ (သံလေး)
သူ<u>ကြီး</u>ထက်ပို၊ ငါ<u>ကြီး</u>လိုဟု
စည်<u>ကို</u>ခေါက်လျက်၊ ဘီလူး<u>ထွ</u>က်။ (သံလွင်)

ဟူ၍ ရေးဖွဲ့ထားပါသည်။ “**<u>သ</u>၊ <u>ထ</u> ၊ <u>က</u>**”၊ “**<u>က</u> ၊ <u>ဝ</u> ၊ <u>ကြ</u>**”ဟူသော သံလတ်များဖြင့် ကာရန်ယူထားသည့် နည်းတူ သံလတ်နှင့် အနိမ့်အမြင့်ကွဲသော “**<u>ညီး</u>၊ <u>စီး</u>၊ <u>ကြီး</u>**”ဟူသော သံလေးဖြင့် ပြန်ချထားပြီး “**<u>ပို</u>၊ <u>လို</u>၊ <u>ကို</u>**” ဟူသော သံလွင်လေးများဖြင့် ပြန်ထိန်းထားသည်ကို တွေ့ရှိရသည်။ အသံအတက်အကျ၊ အနိမ့် အမြင့်ကို တစ်လှည့်စီဖွဲ့ထားသည့်အပြင် လေးလုံးစပ်ကဗျာအသွင်ဖြင့် “၄၊ ၃၊ ၁”၊ “၄၊ ၃၊ ၂” ကာရန် တို့ကို ယူထားသောကြောင့် အသံအနေအထားတို့မှာ ပုံသေမဟုတ်ဘဲ လူးသာလွန့်သာရှိသည့်အတွက် နရီစည်းဝါးပုံစံအမျိုးမျိုး အပြောင်းအလဲဖြစ်ကာ စည်းကျ ဝါးကျလှုပ်ရှားနေပုံမှာလည်း ပို၍ပေါ်လွင်စေပါသည်။ ထို့ပြင် လောဘ၊ ဒေါသတို့၏ နောက်ဆက်တွဲဆိုးကျိုးတို့ကို သရုပ်ပေါ်အောင် ဖော်ကျူး နိုင်သည့် စာဆို၏ ဖန်တီးပုံဖော်နိုင်စွမ်းရှိသည့် ရေးဟန်ကို တွေ့ရှိရပါသည်။

ကဗျာ၏ တတိယအပိုဒ်တွင် ကမ္ဘာလောကကြီးတွင် ကြီးနိုင်ငယ်ညှင်းပြုမှုနေကြသည့် ဘဝအမောစို့စရာများကို မမြင်ချင်ဘဲ မြင်ရ၍ မကြားချင်ဘဲ ကြားနေရသည်။ တိုးတက်ပြောင်းလဲပြီး ခေတ်မီဆန်းသစ်နေသည်ဟု ဆိုနိုင်သော မြို့ကြီး၊ ပြကြီး၊ နိုင်ငံကြီးများမှာမူ စာနာထောက်ထားမှု၊ ငဲ့ညှာမှု၊ ဖေးမမှုတို့ကို တွေ့ရနည်းသည့်အပြင် မေတ္တာတရားများပါ တစ်နေ့တစ်ခြား ခေါင်းပါးလျက် ရှိနေကြသည်ကို တွေ့မြင်နိုင်သည်။ သို့သော် မေတ္တာဓာတ်တို့ဖြင့် အေးချမ်းရာ၊ အေးငြိမ်းရာဖြစ်သော ကျေးလက်တောရွာများတွင်မူ မေတ္တာတရားထွန်းကားမှု၊ စာနာထောက်ထားငဲ့ညှာမှု၊ ဖေးမကူညီမှု၊ တစ်ဦးလိုလျှင် တစ်ဦးမှ အသင့်ကူညီရန်အတွက်ရှိနေကြမှုစသည်တို့ကို အထင်အရှားတွေ့မြင်နိုင်ပါ သည်။ ဤသည်ကိုစာဆိုကလောဘနောက်၊ ဒေါသနောက်သို့လိုက်နေကြသော သူတို့ကိုမြင်ရ၊ တွေ့ရ၊ ကြားရသည့်အခါတိုင်း စာရေးသူပမာပြု ပုံဖော်ဖန်တီးထားသည့် ဖိုးသောကြာကိုသာ သတိရပုံဖြင့်

အကောင်းမမျှော်၊ ကြောင်းမလျော်နှင့်

မတော်လောဘ၊ မုန်းဒေါသတို့ (သံလွင်)

ထကြွနောက်မွေ၊ ပင်လယ်ဝေစဉ် (သံလတ်)

ရေချမ်းဒကာ၊ ဖိုးသောကြာကား

ရွာအဝင်လမ်း၊ ခရေတန်းတွင် (သံလွင်)

ရေချမ်းတည်လျက်၊ ဝတ်မပျက် (သံလေး)

ဟူ၍ရေးဖွဲ့ထားပါသည်။ "**ဘ၊ သ၊ ကြွ**"ဟူသောသံလတ်ကာရန် "**မျှော်၊ လျော်၊ တော်**"၊"**ကာ၊ ကြာ၊ ရွာ**" ဟူသော သံလွင် ကာရန်၊ "**လမ်း၊ တန်း၊ ချမ်း**"ဟူသော သံလေးစသည့် "**၄၊ ၃၊ ၁**"၊ "**၄၊ ၃၊ ၂**" ကာရန် တို့ကို အချီအချပြုကာ အသံအကြမ်းအနု၊ အပြင်းအပျော့တွဲ၍ အသံမြင့်ချည်နိမ့်ချည်ဖြင့် စည်းကျဝါးကျလှုပ်ရှားနေသည့်ဖွဲ့စပ်ဟန်ကိုတွေ့မြင်ရပါသည်။ ထိုဖွဲ့စပ်ဟန်ကြောင့်ကဗျာ၏အစတွင်လူတို့၏ လောဘ၊ ဒေါသကြောင့်အပူလုံးကြွနေသည့်ဆိုးကျိုးကိုဖော်ပြထားပြီး ကဗျာ၏နောက်ဆုံးတွင်ကိုယ် ကျိုးမဖက်အများအကျိုးအတွက် သယ်ပိုးဆောင်ရွက်တတ်ကြသည့် အေးချမ်းလှသည့် ဖိုးသောကြာ အသွင်ဖြင့် ဖန်တီးရေးဖွဲ့ထားသောကြောင့် စာဖတ်သူတို့၏စိတ်နှလုံးမှာ အပူငြိမ်းသွားစေမည်ကို တွေ့မြင်နိုင်ပါသည်။ စာဆိုက သူ၏ဖြစ်စေချင်သည့်အတွေးကို ဖိုးသောကြာ၏ လှုပ်ရှားပြုမူနေထိုင်ပုံ အသွင်ဖြင့်မီးမောင်းထိုးကာပြသထားသည့်အတွက် ကဗျာမှာရုပ်လုံးကြွကာ စာဖတ်သူ၏ နှလုံးကို ပိုမိုဆွဲဆောင်နိုင်သော ဆရာမင်းသုဝဏ်၏ဆန်းသစ်သည့်ရေးဟန်ကိုလေ့လာတွေ့ရှိရပါသည်။

ကဗျာပါအကြောင်းအရာတို့ကိုခြုံ၍ကြည့်လျှင်ဆရာမင်းသုဝဏ်၏'ရေချမ်းဒကာဖိုးသောကြာ'ကဗျာသည် ရှေးပိုဒ်စုံရတုပုံစံအသွင်ဖြင့် ခပ်တိုတိုသုံးပိုဒ်သာ ဖွဲ့စပ်ထားသည်ကို တွေ့ရှိရသည်။ သို့ရာ တွင် ကဗျာအချိုးအစားအားလုံး မညီပေ။ ပထမပိုဒ်နှင့် ဒုတိယပိုဒ်တွင် အချီညီပြီး ကဗျာပါ တတိယပိုဒ် တွင် မတူညီသည့်ပုံစံဖြင့်ဖွဲ့စပ်ထားသည်ကိုတွေ့ရှိရသည်။ အချပိုဒ်များတွင်မူ သုံးပိုဒ်လုံး "မျောက်မင်း အူလျက် ဗုံသာငှက်"၊ "စည်ကိုခေါက်လျက် ဘီလူးထွက်"၊ "ရေချမ်းတည်လျက် ဝတ်မပျက်"ဟူ၍ အချ ညီစွာစည်းကျဝါးကျ ဖွဲ့စပ်ထားသည့်ဟန်ကိုတွေ့ရှိရပါသည်။ စာဆိုသည် ရှေးမူကို အကုန်မယူဘဲ လိုချင်သော အသံနှင့်အနက်ကိုရအောင် သူ၏ခံစားမှုအတိုင်းအတာနှင့် ကိုက်ညီအောင် လိုသလောက် ကိုသာယူထားသည်ကို တွေ့ရှိရသည်။ ကဗျာသည် ရတုပုံစံအလိုက်ဖြစ်သော်လည်း အချိုးကျညီ အောင် တမင်မကြိုးစားဘဲ ယူသင့်သလောက်ကိုသာယူ၍ စာဆို၏ စိတ်ကူးသစ်၊ အတွေးသစ်ကို ဦးစားပေးကာ နရီစည်းဝါးကျကျဖွဲ့စပ်ထားသည့် ရေးဟန်ကို တွေ့ရှိရပါသည်။ ထို့ပြင် -

စဉ်	ကဗျာ	စာပိုဒ်	စာကြောင်းရေ	လွင်	လတ်	လေး	ကာ ရန်
၁။	မတော်လောဘ၊ ရေရူးကြွ၍ ကမ္ဘာလောက၊ လူဘဝတွင် လိမ်ကြ၊ ကောက်ကြ၊ လှည့်ဖြားကြကာ ဗလ ကြီးသူ၊ လက်ရုံးထူသော် အောက်လူခပင်း၊ ဆင်းရဲတွင်း၌ မျောက်မင်းအူလျက်၊ ဗုံသာနှက်။	၁	၆	၃	၆	၃	၄၃၁၊ ၄၃၂

၂။	အမုန်းဒေါသ၊ ခြောင်းခြောင်းထ၍ ကမ္ဘာလော က၊ လူ့ဘဝတွင် သတ်ကြ၊ ဖြတ်ကြ၊ ဖောက်ခွဲကြကာ ယိုကျ လျှံညီး၊ သွေးချောင်းစီးနှင့် စစ်ကြီးမတ်ကြီး၊ လက်နက်ကြီးတို့ သူကြီးထက်ပို့၊ ငါကြီး လိုဟု စည်ကိုခေါက်လျက်၊ ဘီလူးထွက်။	၂	၇	၃	၆	၃	၄၃၁ ၄၃၂
၃။	အကောင်းမမျှော်၊ ကြောင်းမလျှောနှင့် မတော်လောဘ၊ မုန်းဒေါသတို့ ထကြွနောက်မွေ့၊ ပင်လယ်ဝေစဉ် ရေချမ်းဒကာ၊ ဖိုးသောကြာ ကား ရွှာအဝင်လမ်း၊ ခရေတန်းတွင် ရေချမ်းတည်လျက်၊ ဝတ်မပျက်။	၃	၆	၉	၃	၃	၄၃၁ ၄၃၂

ဆရာမင်းသုဝဏ်၏ “ရေချမ်းဒကာ ဖိုးသောကြာ” ကဗျာပါ စာပိုဒ်များအရ ပထမပိုဒ်တွင် “သံလွင်” ၃လုံး၊ “သံလတ်” ၆လုံး၊ “သံလေး” ၃လုံး၊ ဒုတိယအပိုဒ်တွင် “သံလွင်” ၃လုံး၊ “သံလတ်” ၆လုံး၊ “သံလေး” ၃လုံး၊ တတိယအပိုဒ်တွင် “သံလွင်” ၉လုံး၊ “သံလတ်” ၃လုံး၊ “သံလေး” ၃လုံး စသည်ဖြင့် ရမ်သမ်ပါအောင် ဖွဲ့စပ်သီကုံးထားရာ နရီစီးဆင်းမှု အားကောင်းသည်ကို တွေ့ရသည်။ အနက်နှင့် ကာရန်တစ်ထပ်တည်း ချောချောမောမော စီးဆင်းသွားအောင် ဖွဲ့စပ်ထားသည့်ရေးဟန်ကို တွေ့ရှိရသည်။ ဆရာမင်းသုဝဏ်သည် ကဗျာကိုဖွဲ့ရာတွင် ကာရန်ကို ဖျစ်ညှစ်ယူထားသော သဘော မျိုးမဟုတ်ဘဲ ခံစားမှုအရင်းခံဖြင့် ဖွဲ့ထားသောကြောင့် ကဗျာဖတ်သူ၏ နှလုံးသားတွင် သိမ်သိမ် မွေ့မွေ့ စီးသွားပုံက သက်သေပြလျက်ရှိသည်ကို တွေ့ရှိရပေသည်။

၅။ သုံးသပ်ချက်

ဤစာတမ်းသည် ဆရာမင်းသုဝဏ်၏ “ရေချမ်းဒကာ ဖိုးသောကြာ”ကဗျာမှ နရီစည်းဝါးလေ့လာမှု ကို ဖော်ထုတ်လေ့လာထားခြင်းဖြစ်ပါသည်။ ကဗျာဖွဲ့စပ်ရာ၌ အသံ၊ ကာရန်၊ အနက်တို့ကို နရီစည်းဝါး ကျအောင် အချိတ်အဆက်မိမိဖြင့် တွဲစပ်အသုံးပြုထားသောကြောင့် ကဗျာပါအကြောင်းအရာသည် ပို၍လှုပ်ရှားသက်ဝင်လာစေပြီး စာဆို၏ ရည်ရွယ်ချက် ပို၍ ထင်ရှားလာစေပါသည်။

ဆရာမင်းသုဝဏ်၏ ရေချမ်းဒကာ ဖိုးသောကြာ ကဗျာသည် စာဆို၏ စိတ်အခြေအနေကို မြင်တွေ့ရသည့်အပြင် မိမိတွေ့ကြုံရသည့် အဖြစ်အပျက် အခြေအနေတို့ကို ပြင်းထန်သော ခံစားမှု ဖြင့် ခံစားဆင်ခြင်ရာမှ သိရှိလာသည့် လောကအမြင်၊ ဘဝအမြင်များကိုကဗျာအသွင်ဖြင့် ဖန်တီးဖော် ဆောင်ပေးထားခြင်းဖြစ်သည်။ ကဗျာကို ဖန်တီးရာ၌ အသံအနိမ့်အမြင့် အတက်အကျဖြင့် နရီစည်းဝါး ကျကျ ပုံစံအမျိုးမျိုးဖြင့် အသံလှိုင်းလေးများပေါ်လာအောင် ဖန်တီးပုံဖော်လိုက်သည့်အခါ ကဗျာမှာ အရောင်အသွေးစုံလင်ပြီး နှစ်သက်ဖွယ်ကောင်းသည့် ကဗျာတစ်ပုဒ်ဖြစ်လာသည်။ ထို့ကြောင့် ကဗျာ တစ်ပုဒ်ဖန်တီးရာတွင် နရီစည်းဝါးသည် အရေးပါမှုရှိသည်ကို တွေ့ရှိရသည်။ ထိုသို့သော နရီစည်းဝါး ကျကျတွဲစပ်အသုံးပြုထားမှုကြောင့် ကဗျာပါ အကြောင်းအရာသည် ပို၍ထင်ရှားစေပြီး၊ သရုပ်ပေါ်

စေရုံသာမက စာဆို၏ ဦးတည်ချက်ကိုပါ ပေါ်လွင်ထင်ရှားအောင် အထောက်အပံ့ပြုနေကြောင်း လေ့လာတွေ့ရှိရပါသည်။

ကဗျာတစ်ပုဒ်လုံးကိုခြုံ၍ ကြည့်မည်ဆိုလျှင် "သံလွင်" ၁၅လုံး၊ "သံလတ်" ၁၅လုံး၊ "သံလေး" ၉ လုံးတို့ဖြင့် ဖွဲ့စပ်သီကုံးထားသည်။ ကာရန်အနေဖြင့်လည်း ၄ ၃ ၁၊ ၄ ၃ ၂ ကာရန်တို့ကိုယူကာ သံလတ်၊ သံလေး၊ သံလွင်တို့ကို တစ်လှည့်စီပြောင်းကာ ဖွဲ့စပ်ထားသောကြောင့် နရီစီးဆင်းမှု အားကောင်းနေသည်ကိုပါ တွေ့ရှိရသည်။ ကဗျာကို ရေးဖွဲ့ရာတွင်လည်း အသံ၊ အနက်၊ ကာရန်တို့ကို အခြေပြု၍ နရီစည်းဝါး ကျကျဖြင့် လှပစွာ ဖွဲ့စပ်လိုက်သောကြောင့် ကဗျာမှာ ပို၍သက်ဝင်လှုပ်ရှား လာခြင်းဖြစ်သည်။ ထို့ကြောင့် ကဗျာတစ်ပုဒ်ဖန်တီးရာတွင် နရီစည်းဝါးသည် အရေးပါသည့် ကဏ္ဍာ တစ်ခုအနေဖြင့် ပါဝင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

နိဂုံး

ဤစာတမ်းသည် ဆရာမင်းသုဝဏ်၏ "ရေးချမ်းဒကာ ဖိုးသောကြာ"ကဗျာမှ နရီစည်းဝါးရေးဟန် လေ့လာချက်ကို ဖော်ထုတ်တင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထိုသို့ ဖော်ထုတ်တင်ပြရာတွင် အသံ၏စီးဆင်းမှု၊ အနက်စီးဆင်းမှု၊ ကာရန်စီးဆင်းမှုတို့ကို အခြေပြု၍ နရီစည်းဝါးကျကျ ဖွဲ့စပ်တင်ပြ ထားသောကြောင့် နရီစည်းဝါးနှင့်ပတ်သက်သည့် သဘောကို လေ့လာလိုသူများအတွက် အထောက် အပံ့ပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ကျမ်းကိုးစာရင်း

ခင်မင်၊ မောင်(ဓနုဖြူ)။ ၂၀၁၁။ ***ရေးဟန်ပညာနိဒါန်း*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ဇော်ဂျီ။ ၂၀၀၄။ ***ရသစာပေအဖွင့်နှင့်နိဒါန်း*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

မင်းသုဝဏ်။ ၂၀၁၆။ ***ကဗျာပေါင်းချုပ်*** ။ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်။

မြဇင်။ ၂၀၁၇။ ***ကဗျာ့နရီနှင့် နိမတ်ပုံ(တတိယအကြိမ်)*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

မြန်မာစာအဖွဲ့။ ၂၀၀၈။ ***မြန်မာအဘိဓာန်*** ။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

သာနိုး၊ မောင်။ ၂၀၀၀။ ***ရှမ်သမ်အကြောင်း*** ။ ရန်ကုန်၊ နတ်သမီးစာအုပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၂၀။ ***သုတေသနဟူသည်*** ။ ရန်ကုန်၊ ဧရာဝဏ်စာပေတိုက်။

ဖတ်ရှုလေ့လာသောစာအုပ်စာရင်း

ဇော်ဂျီ။ ၂၀၁၄။ ***မင်းသုဝဏ်၏လက်ရာစုံ*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

မိုးမြေ၊ မ။ ၂၀၀၈။ ***ကဗျာဖန်တီးသူနှင့် ကဗျာခံစားသူ*** ။ ရန်ကုန်၊ ရွှေကံ့ကော်ပုံနှိပ်တိုက်။

မင်းသုဝဏ်။ ၁၉၆၈။ ***ကဗျာရေးချင် စာစပ်သင်*** ။ ရန်ကုန်မြို့၊ နှလုံးလှစာပေတိုက်။

မင်းသုဝဏ်။ ၂၀၁၄။ ***မင်းသုဝဏ်၏ လက်ရာစုံမင်းသုဝဏ်*** ။ ရန်ကုန်မြို့၊ စိတ်ကူးချိုချိုစာပေ။

ဝင်းမွန်၊ တက္ကသိုလ်။ ၂၀၁၆။ ***ခေတ်သစ်ကဗျာမိတ်ဖွဲ့*** ။ ရန်ကုန်၊ ရာပြည့်ပုံနှိပ်တိုက်။

အညာမင်္ဂလာဆောင် လေးချိုးကြီးမှ စကားသံဖွဲ့စပ်ဟန် လေ့လာချက်

အိအိမျိုးထက်[၁]

စာတမ်းအကျဉ်း

ဤစာတမ်းသည် သခင်ကိုယ်တော်မှိုင်း၏ အညာမင်္ဂလာဆောင် လေးချိုးကြီးမှ စကားသံဖွဲ့စပ်ဟန်ကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ထိုသို့ တင်ပြရာတွင် စာပေပညာရှင်များ ဖွင့်ဆိုခဲ့ကြသော လေးချိုး၏ သဘောသဘာဝနှင့် အညာမင်္ဂလာဆောင် လေးချိုးကြီးမှ စကားသံအတွဲအစပ်များကို အခန်း(၅)ခန်းခွဲကာ လေ့လာဖော်ထုတ်တင်ပြ ထားပါသည်။ ထို့ပြင် လေးချိုးကဗျာစပ်ဆိုရာတွင် စကားသံဖွဲ့စပ်ပုံ၏ အရေးပါပုံကို ဖော်ထုတ်တင်ပြထားသည့် စာတမ်းတစ်စောင်လည်း ဖြစ်ပါ သည်။

သော့ချက်ဝေါဟာရများ ။ ။*စကားသံ၊ စကားသံဖွဲ့စပ်ဟန်၊ လေးချိုးကဗျာ၊ လေးချိုးကြီး ၊ စကားသံအတွဲအစပ်။*

၁။ နိဒါန်း

ဤစာတမ်းတွင် အညာမင်္ဂလာဆောင် လေးချိုးကြီးမှ စကားသံဖွဲ့စပ်ဟန်ကို အခန်း(၅)ခန်းခွဲကာ လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။ ထိုသို့တင်ပြရာတွင် လေးချိုးကြီးမှ စကားသံအတွဲအစပ်များ ဖြစ်သည့် ဗျည်းတူသရတူအတွဲအစပ်၊ ဗျည်းကွဲသရတူ(ကာရန်)အတွဲအစပ်၊ အသံအရည်အသွေး- တူအတွဲအစပ်၊ နရီစည်းဝါးတို့ကို ခွဲခြားလေ့လာဖော်ထုတ်တင်ပြမည်ဖြစ်ပါသည်။ ထို့ပြင် စာဆို၏ စကားသံဖွဲ့စပ်ဟန် ပြောင်မြောက်မှုကြောင့် ထူးခြားကောင်းမွန်သည့်နှစ်သက်ဖွယ် လေးချိုးကဗျာ တစ်ပုဒ် ဖြစ်ပေါ်လာပုံကို သုံးသပ်ချက်များနှင့် လေ့လာတင်ပြမည် ဖြစ်ပါသည်။ မြင့်စိုးလှိုင် ပြုစု သည့် 'သခင်ကိုယ်တော်မှိုင်း လေးချိုးပေါင်းချုပ်'(၂၀၁၂)မှ အညာမင်္ဂလာဆောင် လေးချိုးကြီးကို အလေ့လာခံအဖြစ် တင်ပြထားပါသည်။

၁၊၁။ စာတမ်းပြုစုရခြင်း၏ ရည်ရွယ်ချက်

စာဆို၏ စကားသံဖွဲ့စပ်ဟန် ပြောင်မြောက်မှုကြောင့် အညာမင်္ဂလာဆောင်လေးချိုးကြီးသည် ကိုလိုနီခေတ် ကျေးလက်နေမြန်မာလူမျိုးတို့၏ ဘဝအခြေအနေကို ထင်ဟပ်ဖော်ပြနေသော နှစ်သက်ဖွယ် လေးချိုးကဗျာတစ်ပုဒ် ဖြစ်လာပုံကို ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက်ဖြင့် ဤစာတမ်းကို ပြုစုရခြင်း ဖြစ်ပါသည်။

၁၊၂။ စာဆို၏ အတ္ထုပ္ပတ္တိအကျဉ်း

စာပေ၊ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေး ဖခင်ကြီးဖြစ်သော သခင်ကိုယ်တော်မှိုင်းကို အဖဦးစံထွန်း၊ အမိဒေါ်အုန်တို့က သက္ကရာဇ်(၁၂၃၇)ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄)ရက် ကြာသပတေးနေ့ တွင် ရွှေတောင်နယ်၊ ဝါးလယ်ရွာတွင် ဖွားမြင်ခဲ့ပါသည်။ အသက်(၁၀)နှစ်သား အရွယ်တွင် မန္တလေးမြို့သို့ရောက်လာကာ ကျိုးသဲလေးထပ် ပထမဆရာတော်ကြီးထံ၌ ပညာသင်ယူခဲ့ပါ သည်။ သီပေါမင်း ပါတော်မူပြီးနောက် သင်္ကန်းဝတ်ဖြင့် စစ်ကိုင်း တစ်ဖက်ကမ်းသို့ ကြွကာ မုံရွာ၊ အလုံ၊ ကြေးမုံ၊ ချောင်းဦး တစ်ဝိုက်တွင် လှည့်လည်ကာ ပညာသင်ယူဆည်းပူးခဲ့ပါသည်။

အသက်(၁၉)နှစ်အရွယ်တွင် လူဝတ်လဲပြီး ရန်ကုန်သို့ရောက်လာပြီးလျှင် စာစီ၊ စာပြင်- ဆရာ၊ အယ်ဒီတာ၊ သတင်းစာအယ်ဒီတာ စသည်ဖြင့် အဆင့်ဆင့်တာဝန်ယူ၍ လုပ်ကိုင်ခဲ့သည်။ သတင်းစာအယ်ဒီတာအဖြစ် တာဝန်ယူနေစဉ်မှာ ဆောင်းပါးများ စတင်ရေးသားခဲ့ပါသည်။ (၁၂၆၇)ခုနှစ်တွင်

[၁] ဒေါ်၊ နည်းပြ၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။

‘မော်လမြိုင်ရာဇဝင်ဝတ္ထု’ကို ‘ရွှေတောင်မောင်လွမ်း’အမည်ဖြင့် စတင်ရေးသား ခဲ့သည်။ (၁၂၇၅-၇၆)တွင် ရေးသားခဲ့သော ‘ဗိုလ်ဦးကာ’၌ မစ္စတာအမည်တပ်သည့် မြန်မာများကို သိက္ခာချသောအနေဖြင့် ရာဇဝင်လာအမည်ဆိုး တစ်ခုဖြစ်သော ဦးကြီး၏ ‘ချဉ်ပေါင်ရွက်သည် မောင်မှိုင်း’ဝတ္ထုတွင် လူယုတ်မာအဖြစ်ပါဝင်သည့် မောင်မှိုင်း၏ အမည်ရှေ့တွင် ‘မစ္စတာ’ တပ်၍ မိမိ၏ ကလောင်အမည်ကို ‘မစ္စတာမောင်မှိုင်း’ ဟု စတင်သုံးစွဲခဲ့သည်။

(၁၂၈၁)ခုနှစ်တွင် အမျိုးသားကောလိပ်ပေါ်ပေါက်လာသောအခါ အမျိုးသားကောလိပ်၏ မြန်မာနှင့် ရာဇဝင်ပါမောက္ခအဖြစ် တာဝန်ယူထမ်းဆောင်ခဲ့သည်။ ထို့နောက် ဒဂုန်မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ (၁၂၉၆)ခုနှစ်တွင် တို့ဗမာအစည်းအရုံးသို့ ဝင်၍ အစည်း- အရုံး၏ နာယကလူကြီး ဖြစ်လာသည်။ ထိုအခါမှစ၍ ‘သခင်ကိုယ်တော်မှိုင်း’ အမည်တွင်ခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ရေးလုပ်ဆောင်မှုများတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ (၁၃၀၇)ခုနှစ်တွင် တို့ဗမာအစည်းအရုံး၏ ဥက္ကဋ္ဌကြီး ဖြစ်လာသည်။

သခင်ကိုယ်တော်မှိုင်းသည် (၁၃၁၄)ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်(မြန်မာနိုင်ငံ) ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရပြီး (၁၃၁၆)ခုနှစ်တွင် ‘စတာလင်’ဆုကြီး ရရှိခဲ့သည်။ (၁၃၂၂) ခုနှစ်တွင် အရှေ့ဂျာမနီ ဟမ်းဘတ်တက္ကသိုလ်က ‘ဒေါက်တာဘွဲ့’ပေးအပ်၍ ဂုဏ်ပြုခဲ့သည်။ (၁၃၂၄)ခုနှစ်မှစ၍ မြန်မာနိုင်ငံစာရေးဆရာ သမဂ္ဂမှအစ အဖွဲ့အစည်းအရပ်ရပ်တို့၏ နာယကကြီး အဖြစ် အသီးသီးသတ်မှတ် တင်မြောက်ခြင်း ခံခဲ့ရသည်။ စာပေလက်ရာများအနေဖြင့် ဦးကာ၊ ဝတ္ထု၊ ဆောင်းပါး၊ ဒီပနီ၊ ရတု၊ လေးချိုး၊ သင်္ကြိဟ်၊ ရာဇဝင် စသည်တို့ကို ရေးသားပြုစုခဲ့ပါသည်။

သခင်ကိုယ်တော်မှိုင်းသည် ပြည်တွင်းငြိမ်းချမ်းရေး အတွက် ကြိုးပမ်းထမ်းဆောင်ရင်းပင် (၁၃၂၈)ခုနှစ်၊ ဝါဆိုလပြည့်နေ့ (၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)တွင် နေအိမ်၌ ကွယ်လွန်ခဲ့ပါသည်။

၁၃။ လေးချိုး၏ သဘောသဘာဝ

လေးချိုးဟူသော ဝေါဟာရနှင့် ပတ်သက်၍ ‘မြန်မာအဘိဓာန်’(၂၀၁၈)တွင်

> “လေးချိုး/ န- အချိုးလေးခုပါသော ကဗျာတစ်မျိုး” (စာ ၃၂၁)

ဟူ၍ ဖွင့်ဆိုထားပါသည်။ ဓမ္မာစရိယ ဦးထွန်းရွှေ၏ ‘ကဗျာ့စွယ်စုံကျမ်းကြီး’(၂၀၁၉)တွင်လည်း လေးချိုးဟူသော ဝေါဟာရကို

> “လေးချိုးဆိုသည်ကား အချိုးအပိုင်းလေးခုဖြင့် စီကုံးရသော ကဗျာကို မြန်မာဘာသာသက်သက်ဖြင့် လေးချိုးဟု ခေါ်သည်။”
>
> (စာ ၁၃၀)

ဟူ၍ ဖွင့်ဆိုထားပါသည်။ ထို့ပြင် တင်မိုး၏ ‘မြန်မာကဗျာဖွဲ့နည်း’(၂၀၁၃)စာအုပ်တွင်

> “တက်သံခေါ် ပကတိသံဖြင့် ချရသော အချိုးနှစ်ခုနှင့် အောက်မြစ်သံ၊ ဝိသဇ္ဇနီသံတို့ဖြင့် ချရသော အချိုးနှစ်ခုပေါင်း အချိုးလေးခုပါဝင်သော ကဗျာအမျိုးအစား ဖြစ်သည်။”(စာ ၆၈)

ဟူ၍ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် လေးချိုးကဗျာသည် အချိုးလေးခုပါဝင်သော အသံအနိမ့် အမြင့်၊ အချိအချစသည့် စည်းစနစ်များဖြင့် ဖွဲ့စပ်ရသော ကဗျာအဖွဲ့တစ်မျိုးဖြစ်သည်ဟု ဆိုနိုင်ပါ သည်။

ဓမ္မာစရိယ ဦးထွန်းရွှေက ‘ကဗျာ့စွယ်စုံကျမ်းကြီး’(၂၀၁၉)တွင် လေးချိုး၏အမျိုးအစားနှင့်

ပတ်သက်၍

> “အချိုးအပြားအားဖြင့် ထိုလေးချိုးသည် လေးချိုးငယ်၊ လေးချိုးလတ်၊ လေးချိုးကြီး ဟူ၍ သုံးမျိုးပြားကုန်၏။”(စာ ၁၃၀)

ဟူ၍လည်းကောင်း၊ လေးချိုးကြီး အခေါ်အဝေါ်နှင့် ပတ်သက်၍

> “လေးချိုးကြီးကို‘လေးချိုးကြီး’ဟူ၍လည်းကောင်း၊အလွန်ကြီးက‘မဟာလေးချိုးကြီး ဟူ၍လည်းကောင်း အထူးပြု၍ ခေါ်ကြ သည်။”(စာ ၁၃၀)

ဟူ၍လည်းကောင်း ရှင်းပြထားပါသည်။ ထို့ပြင် ပုပ္ပါးဦးကျော်ရင်က ‘ကဝိဘာရတီကျမ်းပေါင်းချုပ်’ (၂၀၁၆)တွင် လေးချိုးကြီးနှင့် ပတ်သက်၍

> “အချိုးတိုင်းမှာသော်လည်းကောင်း၊ အချိုးတစ်ခုခုမှာသော် လည်းကောင်း၊ ရှစ်ပိုဒ်၊ ကိုးပိုဒ်၊ ဆယ်ပိုဒ်၊ အပိုဒ်နှစ်ဆယ်၊ အပိုဒ် သုံးဆယ် သို့မဟုတ် စာရေးသူ၏ဆန္ဒအတိုင်း အပိုဒ်အရေ အတွက် များချင်သလောက်များသော လေးချိုးသည် မည်သည့် စပ်နည်းဖြင့်စပ်ဟပ်သည်ဖြစ်စေ လေးချိုးကြီးမည်၏။”(စာ ၁၉၂)

ဟူ၍ ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် လေးချိုးကြီးတွင် အချိုးလေးခုပါဝင်ပြီး အချိုးတိုင်းတွင် ပါဝင်သည့်အပိုဒ် အရေအတွက်ကို ကန့်သတ်မထားဘဲ ဖွဲ့စပ်သီကုံနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၊၄။ သုတေသနမေးခွန်းနှင့် ပြဿနာ

ဤစာတမ်းကို ပြုစုရာတွင် ပေါ်ထွက်လာသော သုတေသနမေးခွန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁)အညာမင်္ဂလာဆောင်လေးချိုးကြီးတွင် စာဆိုသည် မည်သို့သော စကားသံအတွဲအစပ်များ အသုံးပြုထားသနည်း။

(၂)စကားသံအတွဲအစပ်များသည် စာဆို၏ စေတနာ ပေါ်လွင်အောင် ပံ့ပိုးပေးနိုင်မှု ရှိပါသလား။

ၚင်းသုတေသနမေးခွန်းများကို အဖြေရှာရာ၌ ကြုံတွေ့ရသော သုတေသနပြဿနာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁)အညာမင်္ဂလာလေးချိုးကြီးတွင် စာဆို၏ စကားသံဖွဲ့စပ်ဟန် ကျမ်းကျင်ပိုင်နိုင်မှု ရှိ၊ မရှိ။

(၂)အညာမင်္ဂလာဆောင်လေးချိုးကြီးတွင် တွေ့ရသော စကားသံအတွဲအစပ်များသည် လေးချိုး တွင် ပါဝင်သည့် အကြောင်းအရာ၊ ရည်ရွယ်ချက်တို့နှင့် စီလျော်လိုက်ဖက်မှု ရှိ၊ မရှိ။

အထက်ဖော်ပြပါ သုတေသနမေးခွန်းနှင့် ပြဿနာများကို အဖြေရှာဖော်ထုတ်တင်ပြသွားမည် ဖြစ် ပါသည်။

၂။ စာပေလေ့လာဆန်းစစ်ချက်

စာပေလေ့လာဆန်းစစ်ချက်အနေဖြင့် လေးချိုးကဗျာဖွဲ့နည်းဆိုင်ရာ စာအုပ်စာတမ်း၊ ကျမ်းများ၊ စကားသံဖွဲ့စပ်ပုံ နည်းနာဆိုင်ရာ စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုခဲ့ပါသည်။

ပထမဦးစွာ ပုပ္ပါးဦးကျော်ရင်၏ ကဝိဘာရတီကျမ်း(၂၀၁၆)၊ ဓမ္မာစရိယဦးထွန်းရွှေ၏ ‘ကဗျာစွယ်စုံကျမ်းကြီး’(၂၀၁၉)၊ ဦးဖိုးစိန်၏ ‘အထက်တန်းမြန်မာကဗျာဖွဲ့နည်းကျမ်း’(၁၉၄၁) တို့ကို ဖတ်ရှုလေ့လာခဲ့ပါသည်။ ၎င်းကျမ်းများတွင် အချိုးကဗျာများ၏ သဘောသဘာဝများနှင့် လေးချိုးကဗျာဖွဲ့နည်းဆိုင်ရာ အတတ်ပညာတို့ကို ရှင်းလင်းတင်ပြထားသည့်အတွက် ဤစာတမ်း ပြုစုရာတွင် အထောက်အကူရခဲ့ပါသည်။

ထို့ပြင် မောင်ခင်မင်(ခနုဖြူ)၏ ‘ရေးဟန်ပညာနိဒါန်း’(၂၀၁၁)နှင့် တင်မိုး၏ ‘မြန်မာကဗျာ ဖွဲ့နည်း’(၂၀၁၃) စာအုပ်များကို ဖတ်ရှုခဲ့ပါသည်။ ထိုစာအုပ်များတွင် ပါဝင်သော ပညာရပ်ဆိုင်ရာ နည်းနာများက ဤစာတမ်းအတွက် မည်သို့ပြုစုရမည်ဟူသော လမ်းကြောင်းကို သိရှိစေခဲ့ပါ သည်။

၃။ နည်းနာ

အညာမင်္ဂလာဆောင်လေးချိုးကြီးမှ စကားသံဖွဲ့စပ်ဟန်ကို လေ့လာတင်ပြရာတွင် အောက်ပါ ပညာရပ်ဆိုင်ရာ နည်းနာနှင့် သုတေသနနည်းနာများကို အသုံးပြုကာ လေ့လာတင်ပြမည်ဖြစ်ပါ သည်။

၃.၁။ ပညာရပ်နည်းနာ

ဤစာတမ်းတွင် ပညာရပ်ဆိုင်ရာနည်းနာအနေဖြင့် မောင်ခင်မင်(ခနုဖြူ)၏ ‘ရေးဟန်ပညာနိဒါန်း’ (၂၀၁၁)စာအုပ်လာ စကားသံတို့၏ သဘောတရားများကို အခြေခံကာ လေ့လာချဉ်းကပ် တင်ပြ သွားမည် ဖြစ်ပါသည်။

၃.၁.၁။ စကားသံ

စကားသံသည် အဆုတ်မှ တက်လာသော လေနှင့် အသံကြိုး၊ အာခေါင်၊ လျှာ၊ သွား၊ နှုတ်ခမ်း စသော စကားသံဖြစ်စေသည့် အင်္ဂါများနှင့် ထိတွေ့ခြင်းကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ဘာသာစကားတိုင်းတွင် အခြေခံအားဖြင့် စကားသံနှစ်မျိုး ရှိမြဲ ဖြစ်ပါသည်။ သရသံနှင့် ဗျည်းသံ ဟူ၍ ဖြစ်ပါသည်။ စကားသံများကို ရွတ်ဆိုရာတွင် သရသံချည်းသက်သက်သော်လည်းကောင်း၊ ဗျည်းသံနှင့် သရသံ တွဲ၍သော်လည်းကောင်း၊ တက်ကျသံဘာသာစကားဖြစ်ပါက တက်ကျသံ ကိုလည်း တစ်ပါတည်း ရွတ်ဆိုရမြဲဖြစ်ပါသည်။

၃.၁.၁.၁။ ဗျည်းသံ နှင့် သရသံ

စကားသံဖြစ်ပေါ်ရာတွင် လည်ချောင်းထဲရှိ အသံကြိုး ပိတ်နေစဉ် လေတိုးထွက်သည့်အတွက် အသံကြိုးတုန်ခါသော အသံ၊ အသံကြိုးပွင့်နေစဉ် လေထွက်သွားပြီး အသံကြိုးမတုန်ခါသော အသံ ဟူ၍ ရှိပါသည်။ ဗျည်းသံရွတ်ဆိုရာတွင် ခံတွင်းထဲ၌ တစ်နေရာရာတွင် အတားအဆီးဖြစ်ပြီးမှ လေထွက်သွားခြင်း ဖြစ်ပါသည်။ အသံကြိုးတုန်ခါသည်လည်း ရှိပြီး၊ မတုန်ခါသည်လည်း ရှိသဖြင့် သံပြင်း(ပုံစံ-ဂ၊ ဓ၊ ဒ၊ ဗ)နှင့် သံညင်း (ပုံစံ-က၊ စ/ဆ၊ တ/ထ၊ ပ/ဖ)ဟူ၍ ရှိပါသည်။ သရသံမှာမူ အသံကြိုးတုန်ခါပြီး ခံတွင်ထဲတွင် အတားအဆီးမရှိဘဲ လွတ်လွတ်လပ်လပ်လေထွက်သွားသော အသံဖြစ်ပြီး သံပြင်းများ(ပုံစံ-အ၊ အာ၊ အိ၊ အက်၊ အန့်) ဖြစ်ပါသည်။

ဗျည်းနှင့်သရကို သဒ္ဒဗေဒရှုထောင့်မှ နေ၍ သတ်မှတ်ပုံကို ဦးထွန်းမြင့် က ‘သဒ္ဒဗေဒ’ (၂၀၀၇)စာအုပ်တွင်

> “ဗျည်းဆိုသည်မှာ အဆုတ်မှ တက်လာသော လေကြောင်းသည် အပြင်သို့ထွက်ရာ လမ်းတစ်လျှောက်ရှိ ခံတွင်းသို့အရောက် အပြင် မထွက်မီ စကားသံပြုအင်္ဂါအစိတ်အပိုင်းတစ်ခုခု၏ ဆီးတားပိတ်ပင် နှောင့်ယှက်မှုကြောင့် ဖြစ်လာသော စကားသံကိုခေါ်သည်။”(စာ ၅၇)

ဟူ၍လည်းကောင်း၊

> “လေကြောင်းသည် အာစောက်နှင့် ခံတွင်းကို ဖြတ်သန်းလာရာ လမ်းတစ်လျှောက်၌ ပွတ်တိုက်သံ ကြားနိုင်လောက်သော မည်သည့်အတားအဆီး၊ အနှောင့်အယှက်၊ အပိတ်အပင်ကိုမှ မခံ ရချေ။

> ထိုသို့ ဆီးတားမှု၊ နှောင့်ယှက်မှု၊ ပိတ်ပင်မှု၊ ကျဉ်းမြောင်းမှု စသည်တို့ကို မခံရသော သံပြင်းကို သရဟု ခေါ်သည်။”(စာ ၉၆)

ဟူ၍လည်းကောင်း ဆိုထားပါသည်။

ဗျည်းသည် သရ မပါလျှင် အသံထွက်၍ မရ၊ သရပါမှသာ အသံထွက်၍ ရပါသည်။ ဗျည်းသံ နှင့်သရသံ ပေါင်းမှသာ စကားသံဖြစ်လာပါသည်။(ပုံစံ- က- ‘က’ဗျည်းနှင့်‘အ’သရ၊ ကာ- ‘က’ဗျည်း နှင့် ‘အာ’သရ၊ ကား- ‘က’ဗျည်းနှင့် ‘အား’သရ)

၃၊၁၊၁၂။ တက်ကျသံ

ဘာသာစကားအချို့တွင် တက်ကျသံခေါ် အသံအတက်အကျ ရှိပါသည်။ တက်ကျသံ ပြောင်းပြီး ရွှတ်ဆိုလျှင် စကားလုံးအဓိပ္ပာယ် ပြောင်းလဲသွားပါသည်။ မြန်မာဘာသာစကားသည် တက်ကျသံ ဘာသာစကား ဖြစ်ပါသည်။ တက်ကျသံနှင့်ပတ်သက်၍ မောင်ခင်မင်(ခနုဖြူ)က ‘ရေးဟန်ပညာ နိဒါန်း’(၂၀၁၁)တွင်

> “မြန်မာစကားတွင် တက်ကျသံ သုံးမျိုးရှိသည်။ သံလွင်ခေါ် သံပြေ (ပုံစံ- ကာ၊လူ၊စို့၊ခင်၊ပန်)၊ သံလတ် ခေါ် အနိမ့်သက်သံ(ပုံစံ- က၊လု၊စို့၊ခင့်၊ပန့်)၊ သံလေး ခေါ် အမြင့်သက်သံ(ပုံစံ- ကား၊လူး၊စိုး၊ ခင်း၊ပန်း) ဟူ၍ ဖြစ်သည်။” (စာ ၃၉-၄၀)

ဟူ၍လည်းကောင်း၊

> “သံလွင်မှာ ချို့ချို့လွင်လွင် သာသာယာယာ ရှိသည်။ . . . သံလတ်မှာ အလယ်အလတ်ဖြစ်ပြီး မာမာဆတ်ဆတ် ပြတ်ပြတ် တောက်တောက်ရှိသည်။ . . . သံလေးမှာ လေးလေးပင်ပင် ရှိသည်။”
>
> (စာ ၄၀)

ဟူ၍ လည်းကောင်း ဆိုထားပါသည်။

ကဗျာဖွဲ့ရာတွင် တက်ကျသံ သုံးမျိုးတို့၏ အရည်အသွေးကို အခြေခံ၍ သူ့နေရာနှင့်သူ သုံးလေ့ရှိပုံကို ဦးတင်ဇ က ‘မင်းသုဝဏ်နှင့် မင်းယုဝေဇ၏ ကဗျာပရိယာယ်’(၁၉၆၇) တွင်

> “ကဗျာလင်္ကာတွေမှာ ဒီအသံသုံးမျိုးကို သူ့နေရာနှင့် သူ သုံးကြ ဟန်တူပါတယ်။ သာသာယာယာ ကြည်ကြည်လင်လင် ရွှင်ရွှင် ပျပျ ကိစ္စတွေမှာ သံလွင်ကို သုံးတတ်ပါတယ်။ လေးနက်ထိုင်း မှိုင်းတဲ့ ကိစ္စတွေမှာ သံလေးကို သုံးတတ်ပါတယ်။ တိုတောင်း မာဆတ်တဲ့ ကိစ္စတွေမှာ သံလတ်ကို သုံးကြဟန်တူပါတယ်။”
>
> (စာ ၂၆၉-၂၇၀)

ဟူ၍ သုံးသပ်ပြထားပါသည်။

ထို့ကြောင့် တက်ကျသံဘာသာစကားဖြစ်သည့် မြန်မာဘာသာစကားတွင် စကားပြောရာ၊ စာရေးရာတို့၌ အသံအနိမ့်အမြင့်၊ အတက်အကျဖြင့် ပြောဆိုရေးသားမှုသည် အရေးပါကြောင်း တွေ့ရပါသည်။

၃၊၂။ သုတေသနနည်းနာ

ဤစာတမ်းတွင် သုတေသနနည်းနာအနေဖြင့် အလေ့လာခံဖြစ်သော အညာမင်္ဂလာဆောင် လေးချိုးကြီးမှ စကားသံဖွဲ့စပ်ဟန်ကို ထုတ်ယူဆင်ခြင်နည်း(Quantitative Method)၊ ခွဲခြမ်း

စိတ်ဖြာဆန်းစစ်နည်း(Analytical Survey Method)နှင့် ရှိပြီးအချက်အလက်အပေါ် အခြေပြု လေ့လာခြင်း(Cure-of- available data) တို့ဖြင့် ဆန်းစစ်လေ့လာတင်ပြထားပါသည်။အသုံးချ သုတေသနအမျိုးအစားဖြစ်ပါသည်။

၄။ လေ့လာတွေ့ရှိချက်

အထက်ပါ ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာများကို လွှမ်းခြုံလေ့လာပြီး အညာ-မင်္ဂလာဆောင်လေးချိုးကြီးမှ စကားသံဖွဲ့စပ်ဟန်ကို လေ့လာတင်ပြမည် ဖြစ်ပါသည်။

၄၊၁။ အညာမင်္ဂလာဆောင်လေးချိုးကြီး၏ ရည်ရွယ်ချက်နှင့်မိတ်ဆက်

အညာမင်္ဂလာဆောင်လေးချိုးကြီးသည် ကိုလိုနီခေတ်တွင် သခင်ကိုယ်တော်မှိုင်း ရေးဖွဲ့ခဲ့သော ဗိုလ်ဦးကာစာအုပ်မှ ထုတ်နှုတ်ထားသည့် ကဗျာတစ်ပုဒ်ဖြစ်ပါသည်။ အထက်အညာဒေသ မင်္ဂလာ- ဆောင်တွင် ဘိုးဘွား၊ မိဘဆွေမျိုးများက မင်္ဂလာလက်ဖွဲ့များပေးကြ၍ ပြည့်စုံခဲ့သော်လည်း ကိုလိုနီခေတ်တွင် စီးပွားရေး အဆင်မပြေဖြစ်လာသဖြင့် အောက်ပြည်အောက်ရွာသို့ ဆင်းပြီး စီးပွားရှာသောအခါ ဒုက္ခရောက်ရပုံကို ဖော်ကျူးရေးဖွဲ့ထားခြင်း ဖြစ်သည်။

စာဆိုသည် အညာမင်္ဂလာဆောင်၏ အစဉ်အလာဓလေ့ထုံးစံများနှင့် ကိုလိုနီခေတ်ဆိုး၊ စနစ်ဆိုးကြောင့် မြန်မာလူမျိုးများ ဆင်းရဲဒုက္ခရောက်ကြရပုံတို့ကို သိရှိစေလိုသော စေတနာ ရည်ရွယ်ချက်ဖြင့် ရေးဖွဲ့တင်ပြထားခြင်း ဖြစ်ပါသည်။

၄၊၂။ ဗျည်းတူသရတူအတွဲအစပ် လေ့လာချက်

စာဆိုတို့သည် ကဗျာလင်္ကာများ ရေးဖွဲ့ရာတွင် မိမိတင်ပြလိုသည့် အကြောင်းအရာ၊ အဖြစ်အပျက်၊ အခြင်းအရာနှင့် ပတ်သက်၍ လိုက်ဖက်သော စကားသံများကို ရွေးချယ်သုံးနှုန်းတတ်ကြပါသည်။ အညာမင်္ဂလာဆောင် လေးချိုးကြီးတွင် တွေ့ရသည့် စကားသံများကို လေ့လာကြည့်ရာတွင် ဗျည်းတူသရတူ အသံအတွဲအစပ်များ သုံးနှုန်းထားသည်ကို တွေ့ရပါသည်။

အညာမင်္ဂလာဆောင် လေးချိုးကြီး၏ ဒုတိယအချိုးတွင် စာဆိုသည် မိဘဆွေမျိုးများက မောင်ရင်မှိုင်း၏ မင်္ဂလာဆောင်တွင် လက်ဖွဲ့ပစ္စည်းများ ပေးကြသည့်အကြောင်း ပြောရာ၌

> “သြော်-အမိအဖတို့ကလည်း **ပြည့်ပြည့်ဝဝ**တွေမို့၊ ရှိသမျှ **ကုန်ချင်ကုန်ရော့**လို့၊ မယုံရင် ကြံ့လျှင် မေးပါတော့”(စာ ၄၂)

ဟူ၍ ဖွဲ့ထားပါသည်။ ဤတွင် ‘ပြည့်ပြည့်ဝဝ’ဟူ၍လည်းကောင်း၊ ‘ကုန်ချင်ကုန်ရော့’ ဟူရာ၌ ‘ကုန်’ဟူသည့် စကားသံကို နှစ်ကြိမ်ဖြင့်လည်းကောင်း ဗျည်းတူသရတူ တွဲစပ်သုံးထားပါသည်။ မောင်ရင်မှိုင်း၏ မိဘတို့မှာ ငွေကြေးဥစ္စာ ချမ်းသာပြည့်စုံကြပုံမှာ ပေါ်လွင်မှုရှိပြီး အရင်းခံအနက် အပြင် သားဖြစ်သူ မောင်ရင်မှိုင်း၏ မင်္ဂလာဆောင်နှင့် လက်ဖွဲ့စရိတ်များအတွက် စည်းစိမ် ဥစ္စာကုန်သွားမည်ကိုပင် မစိုးရိမ်သည့် မိဘများ၏ ချစ်ခြင်းမေတ္တာ၊ ဆုံးဖြတ်ချက် ခိုင်မာမှု ဟူသည့် ဂယက်အနက်များ ထင်ဟပ်နေကြောင်း တွေ့ရပါသည်။

ထို့နောက် စာဆိုသည် စတုတ္ထအချိုးတွင် အကြွေးဆပ်ရန် ဇနီးသည်အား မှာကြားသည့် မောင်ရင်မှိုင်း၏ စကားကို

> “ခေါင်း**တခါခါ**နှင့် ဆတ်လှစွာသော၊ **လှလှစွေ့စွေ့**ရယ်နှင့် **ဝဝပြည့်ပြည့်** နွားပြာတစ်ရှဉ်းကိုလ၊ ကျောင်းတကာကိုသာ အပ် လိုက်ပေရော့၊ ရသရွေ့ **ဘာဘာညာညာ** မငြင်းလေနှင့်၊ ‘မလေးရယ်’ ရောင်းကာသာ ဆပ်လိုက်ပေတော့၊ ရွာရွေ့ ယာ တစ်ခင်း” (စာ ၄၃)

ဟူ၍ ဖွဲ့ထားပါသည်။ ဤတွင် စာဆိုသည် 'တခါခါ'၊ 'လှလှစွေ့စွေ့'၊ 'ဝဝပြည့်ပြည့်'၊ 'ဘာဘာ ညာညာ' ဟူ၍ ဗျည်းတူသရတူ အသံအတွဲအစပ်များကို အသုံးပြုဖွဲ့ဆိုထားပါသည်။ ထိုသို့ တွဲစပ် ဖွဲ့ဆိုထားရာ သန်မာထွားကြိုင်းလှပသော နွားပြာတစ်ရှဉ်းကို ရောင်းချရန် နမြောတသ ဖြစ်နေ ရှာသည့် မောင်ရင်မှိုင်း၏ အဖြစ်ကို စိတ်မျက်စိထဲ မြင်ယောင်လာမိစေပါသည်။ ထို့ပြင် ရသည့် စွေးနှင့်သာ ရောင်းရန် မှာကြားပုံကို 'ဘာဘာညာညာ' ဟူ၍သုံးထားရာ အကြွေးကို အမြန်ကျေလို စိတ် ပြင်းပြနေသည့် ကိုရင်မှိုင်း၏ ဆန္ဒကို ထင်ရှားပေါ်လွင်လာစေပါသည်။

ဤသို့ဖြင့် စာဆိုသည် အညာမင်္ဂလာဆောင် လေးချိုးကြီးတွင် ဗျည်းတူသရတူအတွဲ အစပ်များဖြင့် ရေးစပ်ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။ အသံတူများထပ်ဆင့်ထားသည့်အတွက် ပုံမှန်ထက်ပို၍ ထူးခြားပြီး စာဖတ်သူ ပို၍ သတိပြုမိအောင် ဆွဲဆောင်နိုင်ခြင်း၊ အလေးပေးသည့် သဘောပေါ်လွင်ခြင်း၊ ဂယက်အနက်များ ပေါ်ထွက်လာခြင်း စသည့် အာနိသင်များ ထွက်ပေါ်လာ ကြောင်း တွေ့ရပါသည်။

၄၊၃။ ဗျည်းကွဲသရတူ(ကာရန်)အတွဲအစပ် လေ့လာချက်

ကဗျာလင်္ကာများရေးဖွဲ့သီကုံးရာတွင် ဗျည်းကွဲသရတူ(ကာရန်)အတွဲအစပ်သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ စာဆိုတို့သည် ကဗျာလင်္ကာ၏ အသံစီးဆင်းမှု ချောမွေ့စေရန် ဗျည်းကွဲသရတူများကို တစ်သံချင်းသာမက နှစ်သံတွဲ၊ သုံးသံတွဲ၊ လေးသံတွဲ စသည်ဖြင့် ကာရန် အသံအထပ်များကို တွဲစပ်ဖွဲ့ဆိုလေ့ရှိကြပါသည်။ ၎င်းကာရန်အသံ အထပ်များကို နဘေထပ်အဖွဲ့ များဟုခေါ်ပြီး နဘေထပ်အဖွဲ့များကြောင့် ကဗျာလင်္ကာတို့သည် ပိုမိုလေးနက်မှု၊ ပြေပြစ်မှု၊ သုတိသာမှု ရှိလာပါသည်။ သခင်ကိုယ်တော်မှိုင်း၏ အညာမင်္ဂလာဆောင် လေးချိုးကြီးတွင် စာဆိုသည် ဗျည်းကွဲသရတူ(ကာရန်)အတွဲအစပ်များဖြင့် ဖွဲ့စပ်သီကုံးထားကြောင်း တွေ့ရပါ သည်။

စာဆိုသည် လေးချိုးကြီး၏ ပထမအချိုးကို

> "**ကျုပ်တို့အညာမှာ- မင်္ဂလာတစ်မျိုး**သာပ၊ **အဟုတ်ဗျို့ခမ္မတာ- အစဉ်အလာမည်း**ခဲ့ပေဘု၊ **အရိုးသမကျရွေး**လိုပ-အဖွားကလဲ ကျီတစ်ဆောင်၊ 'ကိုမင်းရာရယ်' **အမျိုးကလဲ မသေး**ပေဘု၊ အဖိုးအဖနှင့်တကွ မေးကြပေတော့- **တစ်မျိုးငါ့မြေး**ဖို့ရယ်လို့၊ 'အိုကွယ်' **အဖိုးက ပေး**လိုက်ပါတဲ့ နွားညီနောင်" (စာ ၄၂)

ဟူ၍ ရေးဖွဲ့ထားပါသည်။ ဗျည်းကွဲသရတူ အတွဲအစပ် (ကာရန်)များအနေဖြင့် 'ကျုပ်တို့အညာမှာ မင်္ဂလာတစ်မျိုး=အဟုတ်ဗျို့ခမ္မတာအစဉ်အလာမည်း'၊ 'အရိုးသမကျရွေး=အမျိုးကမသေး= တစ်မျိုးငါ့မြေး = အဖိုးက ပေး' တို့ကို တွေ့နိုင်ပါသည်။

စာဆိုသည် ဒုတိယအချိုးကို

> "ရှိသမျှ **ကုန်ချင်**ကုန်ရော့လို့၊ **မယုံရင် ကြုံလျှင်** မေးပါတော့၊ **အလုံတစ်ခွင်**မှာ **ဂုဏ်အင်**ကလည်း မသေးပါဘု၊ . . . **ဆွေသား ရင်းချာ ဥာတကာ မိတ်**တို့ကိုလ၊ **အဖေသွားရင်းသာ လာစရာ ဖိတ်**ခဲ့တာနှင့်၊ ညအိပ်ညနေ **အစုံလာ**ကြတော့၊ **ခြံစရာ အကွက် ဖျင်စောင်** ၂ခုရဲ့ပြင်၊ **ဂုံပဝါ**ပါ **တဘက်**နှင့် **ခြင်ထောင်**ကလဲ တစ်ခုစီပေါ့၊ . . . **ရွေးအဆက်ဆက်**၊ **အကြွေးတက်တက်**ပြီး၊ **အဝေးမထွက်**ရအောင်လို့တဲ့ကွယ်"(စာ ၄၂)

ဟူ၍ ရေးဖွဲ့ထားပါသည်။ ဗျည်းကွဲသရတူ အတွဲအစပ် (ကာရန်)များအနေဖြင့် 'ကုန်ချင် = မယုံရင် =ကြုံလျှင်=အလုံတစ်ခွင်=ဂုဏ်အင်'၊ 'ဆွေသားရင်းချာ ဥာတကာမိတ် =အဖေသွားရင်းသာ လာစရာဖိတ်'၊

‘အစုံလာ=ခြံစရာ=ဂုံပဝါ’၊ ‘အကွက်ဖျင်စောင်=တဘက်ခြင်ထောင်’၊ ‘ရှေးအဆက်ဆက် = အကြွေးတက် = အဝေးမထွက်’ တို့ကို တွေ့ရပါသည်။

တတိယအချိုးတွင်

> “**လမ်းအချိုးရှေ့**က၊ **စမ်းရိုးအကွေ့**၊ ခရောင်းယာမှာ၊ . . . **ခရမ်းမျိုးစေ့ကောင်းစွာ ငရုတ်ဂျုံ ကုလားပဲ**သာပ၊ **နှမ်းမျိုးသွေ့သွေ့ ပြောင်းဝါငပြုတ်ဖရုံပါ ဖရဲ**ငုံပြင်၊ **ထမ်းပိုး၍ ရောင်းစရာ အထုတ် မုန်လာခဲ**တွေနှင့်၊ **အလုပ်စုံစရာကဘဲ**ရယ်လို့ များလက်ဆောင်” (စာ ၄၂-၄၃)

ဟူ၍ ဖွဲ့ထားပါသည်။ ဗျည်းကွဲသရတူ အတွဲအစပ်(ကာရန်)များအနေဖြင့် ‘လမ်းအချိုးရှေ့= စမ်းရိုးအကွေ့’၊ ‘ခရမ်းမျိုးစေ့ကောင်းစွာ ငရုတ်ဂျုံ ကုလားပဲ=နှမ်းမျိုးသွေ့သွေ့ပြောင်းဝါ ငပြုတ် ဖရုံပါ ဖရဲ = ထမ်းပိုး၍ ရောင်းစရာ အထုတ်မုန်လာခဲ = အလုပ်စုံစရာကပဲ’ တို့ကို တွေ့ရပါသည်။

စတုတ္ထအချိုးတွင်

> “**ပြည်တစ်ခွင်သထုံရောက်ရာ**ကဘဲ လွမ်းမိပါရဲ့ **မြေအင်တုံသောက်စရာ**ဇွန်းငုံပြင်၊ . . . **ပဲခူးဘူတာမှာလေ**၊ ငနဲ**သူခိုး လူညာတွေ**မှုန်းလိုက်ပါတဲ့၊ **ပျောက်သဟာ-ထန်းခေါက်ဖာ**ကလဲ တစ်လုံးပါတဲ့၊ **စုရုံးလိုက်လျှင် တစ်အိမ်ထောင်**ပ၊ **လူထုံး စရိုက်တွင် တစ်သိမ်ပြောင်**လောက်ကွဲ၊ . . . **ခေါင်းတခါခါ**နှင့် ဆတ်လှစွာသော၊ **လှလှစွေ့စွေ့ရယ်**နှင့် **ဝဝပြည့်ပြည့်** နွားပြာ **တစ်ရှဉ်း**ကိုလ၊ **ကျောင်းတကာကိုသာ အပ်လိုက်ပေရော့**၊ **ရသရွေ့ ဘာဘာညာညာ မငြင်း**လေနှင့်၊ ‘မလေးရယ်’ **ရောင်း ကာသာ ဆပ်လိုက်ပေတော့**၊ ရွာရှေ့ယာ တစ်ခင်း” (စာ ၄၃)

ဟူ၍ဖွဲ့ထားပါသည်။ ဗျည်းကွဲသရတူအတွဲအစပ်(ကာရန်)များအနေဖြင့် ‘ပြေတစ်ခွင်သထုံရောက်ရာ=မြေအင်တုံ သောက်စရာ’ ၊ ‘ပဲခူးဘူတာမှာလေ=သူခိုးလူညာတွေ’၊ ‘ပျောက်သဟာ= ထန်းခေါက်ဖာ’၊ ‘စုရုံးလိုက်လျှင် တစ်အိမ်ထောင်=လူထုံးစရိုက်တွင် တစ်သိမ်ပြောင်’၊ ‘လှလှစွေ့စွေ့ . . . ဝဝပြည့်ပြည့် နွားပြာတစ်ရှဉ်း = ရသရွေ့ ဘာဘာညာညာ မငြင်း’၊ ‘ကျောင်းတကာကိုသာ အပ်လိုက်ပေရော့=ရောင်းကာသာ ဆပ်လိုက်ပေတော့’ ဟူ၍ တွေ့ရပါ သည်။

ဤသို့ဖြင့် စာဆိုသည် လေးချိုးကြီး ရေးဖွဲ့ရာတွင် ဗျည်းကွဲသရတူ(ကာရန်)အသံများကို နှစ်ကျော့၊သုံးကျော့မက ထပ်၍ အလေးပေးကာ ဖွဲ့ဆိုခဲ့သည်ကို တွေ့ရပါသည်။ လေးချိုးကြီးလာ ဗျည်းကွဲသရတူအသံ(တစ်နည်း)ကာရန်နဘောထပ်အဖွဲ့များသည် ရွတ်ဆိုရာ၌ လေးချိုး၏ အသံကို ချိုသာပြေပြစ်စေရုံမက ဖွဲ့ဆိုသည့်အကြောင်းအရာနှင့် လိုက်ဖက်သည့် အနက်အဓိပ္ပာယ်ကိုလည်း ပေါ်လွင်စေကြောင်း တွေ့ရပါသည်။ အသံတူများကို ထပ်ကာထပ်ကာ ရေးဖွဲ့ခြင်းဖြင့် စာဖတ်- သူ၏ အာရုံကို ဆွဲဆောင်နိုင်ပြီး ရေးဖွဲ့သည့် အကြောင်းအရာကို စွဲမြဲမှတ်မိစေနိုင်ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် အညာမင်္ဂလာဆောင်လေးချိုးကြီးမှ ဗျည်းကွဲသရတူအတွဲအစပ်(တစ်နည်း) နဘောထပ်အဖွဲ့များသည် လေးချိုးကဗျာ၏ အသံစီးဆင်မှု ချောမွေ့စေရန် များစွာအထောက်အကူ ပြုနေကြောင်း လေ့လာတွေ့ရှိရပါသည်။ ဗျည်းကွဲသရတူအသံများကို ထပ်ကာထပ်ကာ အဓိပ္ပာယ် အစီအစဉ်

ပျက်မသွားစေဘဲ ဖွဲ့ဆိုနိုင်သည့် စာဆို၏ ကာရန်နဘေနိုင်နင်းသည့် စွမ်းရည်ကိုလည်း လေးစားချီးကျူးဖွယ် တွေ့ရပါသည်။

၄၊၄။ အသံအရည်အသွေးတူအတွဲအစပ် လေ့လာချက်

မြန်မာဘာသာစကားတွင် တက်ကျသံ သုံးမျိုးရှိပါသည်။ 'သံလွင်'မှာ သာသာယာယာ ချိုချို လွင်လွင်ရှိပြီး 'သံလတ်'မှာ မာမာဆတ်ဆတ် ပြတ်ပြတ်တောက်တောက်ရှိပါသည်။ 'သံလေး'မှာမူ လေးလေးပင်ပင် သဘောရှိပါသည်။ စာဆိုတို့သည် ကဗျာလင်္ကာများ ရေးဖွဲ့ရာတွင် တက်ကျသံ အရည်အသွေးတူများကို တွဲစပ်ကာ အသံအပြင်းအပျော့၊ အကြမ်းအနုပေါ်လွင်အောင်၊ အခြေအနေနှင့် လိုက်ဖက်စွာ ရေးဖွဲ့လေ့ရှိကြပါသည်။ အညာမင်္ဂလာဆောင်လေးချိုးကြီးတွင် စာဆိုသည် အသံအရည်အသွေးတူအတွဲအစပ်များဖြင့် ဖွဲ့စပ်သီကုံးထားကြောင်း တွေ့ရပါသည်။

စာဆိုသည် လေးချိုးကြီး၏ ပထမအချိုး အစတွင်

> "**ကျုပ်တို့**အညာမှာ- မင်္ဂလာ**တစ်မျိုး**သာပ၊ **အဟုတ်ဗျို့**ဓမ္မတာ-
> အစဉ်အလာ**မည်း**ခဲ့ပေဘု"(စာ ၄၂)

ဟူ၍ ဖွဲ့ဆိုထားပါသည်။ အညာမင်္ဂလာဆောင်ဓလေ့၏ အစဉ်အလာကြီးပုံကို ပြောပြလိုခြင်း ဖြစ်ပါ သည်။ ဤအဖွဲ့တွင် စာဆိုသည် 'ကျုပ်တို့'(သံလတ်)နှင့် 'အဟုတ်ဗျို့'(သံလတ်)ဟူသော တင်းမာ ပြတ်တောက်သည့် အသံများကို နှစ်ခုစီတွဲသုံးလျက် အစချီကာ ကာရန်ချိတ်ဆက်ထားပါသည်။ ထို့ပြင် 'တစ်မျိုး'(သံလေး)နှင့် 'မည်း'(သံလေး)ဟူသည့် အသံများနှင့်ပါ တွဲစပ်ထားပါသည်။ သံလတ် အသံနှစ်ခုကို နှစ်ကြိမ်နှင့် သံလေးသံနှစ်ခုကို တွဲသုံးလိုက်ရာ အသံမာမာပြတ်ပြတ်နှင့် မိမိတို့ အညာဓလေ့အကြောင်း ဂုဏ်ယူစွာ ကြုံးဝါးလိုက်သည့် အသံကို ကြားယောင်လာမိစေပါ သည်။

ထို့ပြင် စတုတ္ထအချိုးတွင်လည်း

> "ကျောင်းတကာကိုသာ **အပ်လိုက်ပေရော့**၊ . . .ရောင်းကာသာ
> **ဆပ်လိုက်ပေတော့**"(စာ ၄၃)

ဟူ၍ ဖွဲ့ထားရာ ဤအဖွဲ့တွင် တွေ့ရသော 'အပ်-လိုက်-ရော့'(သံလတ်)၊ 'ဆပ်-လိုက်-တော့' (သံလတ်)ဟူသော အသံများသည် ပြတ်တောက်တင်းမာသည့် ရပ်သံကာရန်များ ဖြစ်ကြောင်း တွေ့ရပါသည်။ အကြွေးကို အကျေဆပ်ရန် ပြတ်သားစွာ ဆုံးဖြတ်ချက် ချလိုက်ရသည့် အကြောင်း အရာနှင့် လိုက်ဖက်မှုရှိကြောင်း တွေ့ရပါသည်။ ထို့ပြင် မိမိ၏ ဆန္ဒမပါဘဲ အိမ်ထောင်ဦးပစ္စည်း များကို စွန့်လွှတ်လိုက်ရသဖြင့် နမြောတသဖြစ်ကာ ပြောနေရှာသော မောင်ရင်မှိုင်း၏အသံကို ကြား ယောင်မိစေပါသည်။

တစ်ဖန် စာဆိုသည် ဒုတိယအချိုးတွင်

> "ဆွေသားရင်းချာ **ဥာတကာ**မိတ်တို့ကိုလ၊ အဖေသွားရင်းသာ **လာစရာ**
> ဖိတ်ခဲ့တာနှင့်၊ ညအိပ်ညနေ **အစုံလာ**ကြတော့၊ **ခြံစရာ** အကွက် **ဖျင်စောင်**
> ၂ခုရဲ့ပြင်၊ **ဂုံပဝါပါ** တဘက်နှင့် **ခြင်ထောင်** ကလဲ တစ်ခုစီပေါ့ "(စာ ၄၂)

ဟူ၍ ဖွဲ့ထားပါသည်။ မောင်ရင်မှိုင်း၏ ဖခင်က သားဖြစ်သူ၏ မင်္ဂလာဆောင်ကို လာရောက်ရန် ဖိတ်ခဲ့သဖြင့် ရောက်လာကြသည့် ဆွေမျိုးများအကြောင်းကို ဖွဲ့ထားခြင်း ဖြစ်ပါသည်။ ဤအဖွဲ့၌ ကာရန်ယူထားသော အသံများမှာ မင်္ဂလာဆောင်ကိစ္စဖြစ်သည်နှင့်အညီ ဆွေမျိုးများက ပူးပေါင်း ပါဝင်ကြသဖြင့် ဝမ်းသာပျော်ရွှင်ဖွယ်အကြောင်းအရာနှင့် လိုက်ဖက်သော သာယာချိုလွင်သည့် အသံများဖြစ်သည်ကို တွေ့ရပါသည်။ 'ဥာတကာ-လာစရာ'(သံလွင်)၊ 'အစုံလာ-ခြံစရာ-ဂုံပဝါ' (သံလွင်)၊ 'ဖျင်စောင်-

ခြင်ထောင်'(သံလွင်) ဟူသော သံလွင်များကို တွဲစပ်သုံးထားသည့်အတွက် ဆွေမျိုးမိသားစုများ စုံစုံလင်လင်ဖြင့် ပြုံးပျော်ကြည်နူးဖွယ် အကြောင်းအရာနှင့် လိုက်ဖက်မှုရှိနေ ကြောင်း တွေ့ရပါသည်။

ဤသို့ဖြင့် အညာမင်္ဂလာဆောင်လေးချိုးကြီးတွင် စာဆိုသည် တက်ကျသံ အရည်အသွေး တူများကို တွဲစပ်ကာ အသံအပြင်းအပျော့၊ အကြမ်းအနုပေါ်လွင်အောင် အကြောင်းအရာနှင့် လိုက်ဖက်စွာ ရေးဖွဲ့သီကုံးထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၄.၅။ နရီစည်းဝါး လေ့လာချက်

စကားပြောရာတွင် စကားသံများသည် နိမ့်လိုက်မြင့်လိုက်၊ အသံထွက်လိုက် ရပ်နားလိုက်၊ ဖိလိုက် ဖော့လိုက် စသည်ဖြင့် ပုံမှန်ပြောင်းလဲလှုပ်ရှားမှုများ ရှိမြဲဖြစ်ပါသည်။ ဤသို့သော သွင်ပြင် လက္ခဏာကို နရီစည်းဝါးဟု ခေါ်ခြင်းဖြစ်ပါသည်။ စာဆိုတို့ ကဗျာလင်္ကာတို့ကို အသံအနိမ့်အမြင့်၊ အတက်အကျဖြင့် နရီစည်းဝါးကျစွာ ဖွဲ့စပ်လေ့ရှိကြပါသည်။ အညာမင်္ဂလာဆောင် လေးချိုးကြီး တွင်လည်း နရီစည်းဝါးသဘောထင်ရှားသည့် အဖွဲ့များကို တွေ့ရပါသည်။

လေးချိုးကြီး၏ ပထမအချိုးတွင်

> "ကျုပ်တို့အညာမှာ- မင်္ဂလာတစ်မျိုးသာပ၊ အဟုတ်ဗျို့ခမ္မတာ-
> အစဉ်အလာမည်ပြုခဲ့ပေဘု"(စာ ၄၂)

ဟူ၍ ဖွဲ့ဆိုထားသည်။ ဤအဖွဲ့တွင် 'ကျုပ်တို့-အဟုတ်ဗျို့'(သံလတ်)များဖြင့် ကာရန်ယူထား သည့်နည်းတူ ၎င်းသံလတ်နှင့် အနိမ့်အမြင့်ကွဲသော 'အညာမှာ-မင်္ဂလာ-ခမ္မတာ-အစဉ်အလာ' (သံလွင်)တို့ဖြင့် အသံကို ပြန်ထိန်းထားပြီး 'တစ်မျိုး-မည်ပြုး'(သံလေး)ဖြင့် အသံကို ပြန်ချလိုက် သည့်အတွက် အသံအနိမ့်အမြင့် အချိုအချ ပေါ်လွင်နေကြောင်း တွေ့ရပါသည်။ ကာရန်ယူရာ၌ သံလတ်၊ သံလွင်၊ သံလေးတို့ကို တစ်လှည့်စီ ပြောင်းကာ သုံးထားသဖြင့် ရွှတ်ဆိုကြည့်ရာတွင် နရီစည်းဝါး အဖြတ်အတောက် ပေါ်လွင်နေခြင်း ဖြစ်ပါသည်။ ထို့ပြင်

> "ကျုပ်တို့အညာမှာ- မင်္ဂလာတစ်မျိုးသာ***ပ***၊ အဟုတ်ဗျို့ခမ္မတာ-
> အစဉ်အလာမည်ပြုခဲ့ပေ***ဘု***၊ အရိုးသမကျရွေးလိုပ အဖွားကလဲ
> ကျီတစ်***ဆောင်***၊ 'ကိုမင်းရာရယ်' အမျိုးကလဲ မသေးပေ***ဘု***၊
> အဖိုးအဖနှင့်တကွ မေးကြပေတော့ တစ်မျိုးငါ့မြေးဖို့ရယ်***လို့***၊ 'အိုကွယ်'
> အဖိုးက ပေးလိုက်ပါတဲ့ နွားညီ***နောင်***" (စာ ၄၂)

ဟူ၍ ဖွဲ့ဆိုထားရာ၌ ပါဒတစ်ခုစီ၏ အဆုံးသတ်အသံကို ကြည့်လျှင် 'ပ'(သံလတ်)၊ 'ဘု'(သံလတ်) ဟူသည့် သံလတ်နှစ်ကြိမ်နှင့် အသံကို ချလိုက်ပြီး 'ဆောင်'(သံလွင်)ဖြင့် ချီလိုက်ပါသည်။ ထိုအတူ 'ဘု'(သံလတ်)၊ 'လို့'(သံလတ်)ဟူသည့် သံလတ်နှစ်ကြိမ်နှင့် အသံကို ပြန်ချလိုက်ပြီး 'နောင်' (သံလွင်)ဖြင့် ပြန်ချီထားပါသည်။ သံလတ်နှစ်ကြိမ်နှင့် သံလွင်တစ်ကြိမ်စီကို နှစ်ကျော့ထပ်၍ တစ်လှည့်စီ ဖွဲ့ထားသဖြင့် နရီစည်းဝါးအဖြတ်အတောက်ပေါ်လွင်နေကြောင်း တွေ့ရပါသည်။ ဂုဏ်ယူဝင့်ကြွားစွာ ပြောပြနေသည့် မောင်ရင်မှိုင်း၏ အသံကို ကြားယောင်လာစေနိုင်ပါသည်။

ထို့နောက် တတိယအချိုးတွင်

> "ခရမ်းမျိုးစေ့ကောင်း***စွာ*** - **ရေတ်*ကျိ*်**ကုလားပဲသာပ၊
> နှမ်းမျိုး သွေ့သွေ့ပြောင်း***ဝါ*** - **ငပြုတ်*ဖရုံ***ပါ ဖရဲငုံပြင်၊
> ထမ်းပိုး၍ ရောင်း***စရာ*** - **အထုတ်*မှန်လာ***ခဝဲတွေနှင့်" (စာ ၄၂-၄၃)

ဟူ၍ ဖွဲ့ဆိုထားရာ ရွတ်ဆိုကြည့်လျှင် အသံအနိမ့်အမြင့်အချီအချ တစ်လှည့်စီပြောင်းပြီး အသက်ဝင်နေသည်ကို သတိပြုမိနိုင်ပါသည်။ 'စွာ'၊ 'ဝါ'၊ 'စရာ' ဟူသော သံလွင်တို့နှင့် အသံကို ချီလိုက်ပြီး 'ငရုတ်'၊ 'ငပြုတ်'၊ 'အထုတ်'ဟူသော သံလတ်တို့နှင့် အသံကို ချကာ 'ဂျုံ'၊ 'ဖရုံ'၊ 'မုန်'ဟူသော သံလွင်တို့နှင့် ပြန်ချီထားပါသည်။ ထို့နောက် 'ပဲ'၊'ရဲ'၊ 'ဝဲ'ဟူသော သံလေးဖြင့် ပြန်ချကာ ဖွဲ့ထား သဖြင့် နရီစည်းဝါးအဖြတ်အတောက် ပေါ်လွင်ပြီး အသက်ဝင်ခြင်း ဖြစ်ပါသည်။ အသံ အနိမ့် အမြင့်၊ အချီအချကို တစ်လှည့်စီပြောင်းကာ နရီစည်းဝါးကျကျ ဖွဲ့ထားသည့်အပြင် ထိုအသံများကို နီးနီးကပ်ကပ်ဖွဲ့သည့်အတွက် ရွတ်ဆိုကြည့်လျှင် ခပ်သွက်သွက် စိတ်အားထက်သန်စွာ ပြောနေ သည့် အသံကို ကြားယောင်လာစေနိုင်ပါသည်။

စာဆိုသည် စတုတ္ထအချိုးတွင်

> "ပျောက်သ**ဟာ**-ထန်းခေါက်**ဖာ**ကလဲ တစ်လုံး**ပါ**တဲ့၊ စုရုံး**လိုက်** လျှင် တစ်အိမ်**ထောင်**ပ၊ လူထုံး**စရိုက်**တွင် တစ်သိမ်**ပြောင်** လောက်ကဲ့၊ မင်္ဂလာ**ဆောင်**မှာ ခန်းဝင်ကလည်း မ**နည်း**ပါဘု၊ **မွဲ**ဖို့ရာ ကံကြ**မွာ**နှင့် ဖန်**လာ**ပုံကုသိုလ်ကလဲ မ**ကောင်း**ချင်တော့၊ အထက်ဟိုအ**ညာ**မှာ**လေ** ကြက်ဆိုတာတောင် မ**လောင်း**ခဲ့ပါဘု၊ အညာ**မြေ**ဌာ**နေ ဟောင်း**ဆီက၊ အကြွေး(တစ်ရာ)ကို ဒွေးခါ ကလည်း **တောင်း**ပြန်ပေါ့တဲ့" (စာ ၄၃)

ဟူ၍ ဖွဲ့ထားပါသည်။ ဤအဖွဲ့မှ ကာရန်ယူပုံကို လေ့လာကြည့်ရာတွင် ဟာ-ဖာ-ပါ(သံလွင်)၊ လိုက်-ရိုက်(သံလတ်)၊ ထောင်-ပြောင်-ဆောင်(သံလွင်)၊ နဲ့-မွဲ(သံလေး)၊ မာ-လာ-ညာ(သံလွင်)၊ ကောင်း-လောင်း-ဟောင်း-တောင်း(သံလေး)၊ လေ-မြေ-နေ(သံလွင်)ဟူသော အစဉ်ဖြင့် ဖွဲ့ထား သည်ကို တွေ့ရပါသည်။ ချီသံ(သံလွင်)ကာရန်များကြားတွင် ချသံ(သံလတ်၊သံလေး)များကို တစ်ကြိမ်စီ ထည့်သုံးလျက် အသံကိုထိန်းကာ ကာရန်သံအတက်အကျ အနိမ့်အမြင့်ကို ပုံဖော်ထား ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ချီသံချသံ တစ်လှည့်စီပြောင်းကာ နရီစည်းဝါး အဖြတ်အတောက် ပေါ်လွင်လာပြီး ကံဆိုးမှုများ တစ်ခုပြီးတစ်ခု ကြုံတွေ့နေရသည့် အကြောင်းအရာနှင့် လိုက်ဖက်မှု ရှိနေကြောင်း တွေ့ရပါသည်။

ထို့ကြောင့် စာဆိုသည် အညာမင်္ဂလာဆောင်လေးချိုးကြီးတွင် အသံအနိမ့်အမြင့်၊ အတက် အကျဖြင့် နရီစည်းဝါးကျစွာ အကြောင်းအရာနှင့် လိုက်ဖက်အောင် ရေးဖွဲ့သီကုံးထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ သုံးသပ်ချက်

သခင်ကိုယ်တော်မှိုင်း၏ အညာမင်္ဂလာဆောင် လေးချိုးကြီးလာ ဗျည်းတူသရတူအတွဲအစပ် များသည် အသံတူများ ထပ်ဆင့်ထားသည့်အတွက် ပုံမှန်ထက်ပို၍ ထူးခြားပြီး စာဖတ်သူ ပို၍ သတိပြုမိအောင် ဆွဲဆောင် နိုင်ခြင်း၊ အလေးပေးသည့် သဘောပေါ်လွင်ခြင်း၊ ဂယက်အနက်များ ပေါ်ထွက်လာခြင်း စသည့် အာနိသင်များ ထွက်ပေါ်လာစေသော အဖွဲ့များဖြစ်ကြောင်း တွေ့ရပါသည်။ ဗျည်းကွဲသရတူ (ကာရန်)အတွဲအစပ်များသည်လည်း လေးချိုးကဗျာ၏ အသံစီးဆင်မှု ချောမွေ့စေရန် များစွာ အထောက်အကူပြုနေသည့် အဖွဲ့များဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

လေးချိုးကြီးတွင် စာဆိုသည် အရည်အသွေးတူအတွဲအစပ်များကိုလည်း အသံအပြင်း အပျော့၊ အကြမ်းအနုပေါ်လွင်အောင် ရေးဖွဲ့သီကုံးထားသကဲ့သို့ အသံအနိမ့်အမြင့်၊ အတက်အကျ တစ်လှည့်စီဖြင့် နရီစည်းဝါးကျစွာ အကြောင်းအရာနှင့်လိုက်ဖက်အောင် ဖွဲ့စပ်သီကုံးထားကြောင်း လည်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် အညာမင်္ဂလာလေးချိုးကြီးတွင် စာဆိုသည် လေးချိုးကြီး၏ အကြောင်းအရာ၊ ရည်ရွယ်ချက်တို့နှင့် စီလျော်လိုက်ဖက်မှုရှိသည့် စကားသံအတွဲအစပ်များဖြင့် ရေးစပ်သီကုံး ထားသည်ကို

တွေ့ရပါသည်။ စာဆို၏ စကားသံဖွဲ့စပ်ဟန် ထူးခြားပြောင်မြောက်မှုကြောင့် အညာမင်္ဂလာဆောင်လေးချိုးကြီးသည် ကိုလိုနီခေတ် ကျေးလက်နေမြန်မာလူမျိုးတို့၏ ဘဝ အခြေအနေကို ထင်ဟပ်ဖော်ပြနေသော နှစ်သက်ဖွယ်လေးချိုးကြီးတစ်ပုဒ်ဖြစ်လာရသည်ဟု ဆိုနိုင်ပါသည်။

နိဂုံး

ဤစာတမ်းတွင် လေးချိုးကဗျာ၏ သဘောသဘာဝ၊ စကားသံသဘောတရားတို့ကို ရှာဖွေပြုစုကာ လေ့လာတင်ပြခဲ့ပါသည်။ ထို့ပြင် သခင်ကိုယ်တော်မှိုင်း၏ အညာမင်္ဂလာဆောင်လေးချိုးကြီးမှ စကားသံဖွဲ့စပ်ဟန်ကို လေ့လာရာတွင် လေးချိုးကြီးလာ စကားသံအတွဲအစပ်များကို လေ့လာ ဖော်ထုတ်ကာ သုံးသပ်တင်ပြခဲ့ပါသည်။ စကားသံဖွဲ့စပ်ဟန် လေ့လာလိုသူများအတွက် တစ်စိတ် တစ်ဒေသ အကျိုးပြုနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်စေရန် ပညာအမွေပေးခဲ့ပါသော ကျေးဇူးရှင် မိဘနှစ်ပါး၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနှင့်တကွ (၂၇)နှစ်မြောက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကျောင်းမွေးနေ့ ကျင်းပရေးကော်မတီ အဖွဲ့ဝင်လူကြီးများ၊ ခေတ္တပါမောက္ခချုပ်ဆရာကြီးနှင့် ဒုတိယပါမောက္ခချုပ် ဆရာမကြီးများ၊ မြန်မာစာဌာနမှ ပါမောက္ခ(ဌာနမှူး)ဆရာမကြီး ဒေါက်တာခင်စန်းဝင့်၊ ပါမောက္ခ ဆရာမကြီး ဒေါက်တာထက်ထက်အောင်၊ ပါမောက္ခဆရာမကြီး ဒေါက်တာနန်းဝေစံနှင့် မြန်မာစာ ဌာနမှ ဆရာ၊ ဆရာမများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျမ်းကိုးစာရင်း

ကျော်ရင်၊ **ဦး**၊ ပုပ္ပါး။(၂၀၁၆)။ ***ကဝိဘာရတိကျမ်းပေါင်းချုပ်***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။(၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

တင်မိုး။(၂၀၁၃)။ ***မြန်မာကဗျာဖွဲ့နည်း***။ ရန်ကုန်၊ ပဉ္စင်္စာအုပ်တိုက်။

တင်ဇ၊ **ဦး**။ (၁၉၆၇)။ ***ကဗျာအရသာ၊ မင်းသုဝဏ်နှင့် မင်းယုဝေ၏ ကဗျာပရိယာယ်၊ ဒု-အကြိမ်***။ ရန်ကုန်၊ နှလုံးလှစာပေ။

ထွန်းမြင့်၊ **ဦး**။ (၂၀၀၇)။ ***သဒ္ဒဗေဒ***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ထွန်းရွှေ၊ **ဦး**၊ ဓမ္မာစရိယ။ (၂၀၁၉)။ ***ကဗျာစွယ်စုံကျမ်းကြီး၊ စတုတ္ထအကြိမ်***။ ရန်ကုန်၊ စိတ်ကူးချိုချို စာပေ။

မြင့်စိုးလှိုင်။ (၂၀၁၂)။ ***သခင်ကိုယ်တော်မှိုင်း လေးချိုးပေါင်းချုပ်***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

မြန်မာစာအဖွဲ့ဦးစီးဌာန။ (၂၀၁၈)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

ဦးလုံး၏ ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်းကို စာပေရှုထောင့်မှ လေ့လာချက်

သော်ဇင်ဝင်း[၁]

စာတမ်းအကျဉ်း

ဤစာတမ်းသည် မာန်အောင်မြို့ဇာတိဖွား ဦးလုံး၏ ရထားပန်းယိုင်ဆွဲဂတ်မေ ယိမ်းသီချင်းကို စာပေရှုထောင့်မှ လေ့လာထားသောစာတမ်း ဖြစ်ပါသည်။ ထိုသို့ လေ့လာရာတွင် ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီက ထုတ်ဝေသော ပြည်ထောင်စု ပွဲဝင် ရခိုင်ရိုးရာသီချင်းများ(၁၉၈၇) စာအုပ်ကို အလေ့လာခံအဖြစ် သတ်မှတ် တင်ပြထားပါသည်။ ဤစာတမ်းမှတစ်ဆင့် စကားအသုံးအနှုန်း၊ ဂုဏ်၊ အလင်္ကာ၊ ရသအဖွဲ့များဖြင့် စာပေဂုဏ်မြောက်စွာ ဖွဲ့ဆိုထားသည့် ဦးလုံး၏ သီချင်းဖန်တီး ပုံကို လေ့လာသိရှိနိုင်မည် ဖြစ်ပါသည်။

သော့ချက်ဝေါဟာရများ - ရထားပန်းယိုင်၊ ယိမ်းသီချင်း၊ ဆွဲဂတ်မေယိမ်း၊ စကားသုံး၊ ဂုဏ်၊ အလင်္ကာ၊ ရသ။

၁။ နိဒါန်း

မြန်မာစာပေတွင် စကားပြေနှင့် ကဗျာဟူ၍ အဓိကနယ်ပယ်ကြီး နှစ်ရပ်ရှိပါသည်။ ကဗျာတွင် လင်္ကာ နှင့် သီချင်းဟူ၍ အမျိုးအစားနှစ်ရပ် ပါဝင်ပါသည်။ သီချင်းသည် သံစဉ်ဖြင့်သီဆိုရသော သောတာ လင်္ကာရ ကဗျာတစ်မျိုးဖြစ်သည်။ တေးပြုစာဆိုတို့သည် အကြောင်းအရာမျိုးစုံကို အခြေခံ၍ တေးသီချင်းများအဖြစ် ဖန်တီးလေ့ရှိကြသည်။ ထိုအကြောင်းအရာမျိုးစုံထဲတွင် ရိုးရာဓလေ့ဆိုင်ရာ ယိမ်းသီချင်းများလည်း အပါအဝင်ဖြစ်ပါသည်။

ရိုးရာဓလေ့ဆိုင်ရာ ယိမ်းသီချင်းများစွာရှိသည့်အနက် ဦးလုံးသည် 'ရထားပန်းယိုင်ဆွဲဂတ်မေ' ယိမ်းသီချင်းကို ဖန်တီးရာတွင် စာပေ၏ကုန်ကြမ်းဖြစ်သော ဘာသာစကားကို အသုံးပြု၍ သီချင်း သံစဉ်နှင့် ကိုက်ညီသော စာသားအဖွဲ့အစပ်များ၊ အကြောင်းအရာနှင့် လိုက်ဖက်သော စကားအသုံး အနှုန်းများကို ရွေးချယ်စီစဉ်ဖန်တီးထားသည်ကို တွေ့ရပါသည်။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်နေသော ရခိုင်ရိုးရာဓလေ့ရထားဆွဲပွဲ၊ တေးပြုစာဆို ဦးလုံး၏ တေးသီချင်းဖန်တီးမှု အတတ်ပညာ နှင့် စေတနာကို ဖော်ထုတ်လိုသည့်အတွက် ဤသုတေသနစာတမ်းကို တင်သွင်းရခြင်း ဖြစ်ပါသည်။

၁၊ ၁။ သုတေသနနောက်ခံ

၁၊ ၁၊ ၁။ ယိမ်းသီချင်းဟူသည်

မြန်မာအဘိဓာန် (၂၀၂၄)တွင် ယိမ်း၏အနက်ကို-

> "စုပေါင်း၍ ညီညီညာညာကပြသော အကတစ်မျိုး" (စာ ၂၉၂)

ဟုလည်းကောင်း၊ သီချင်း၏အနက်ကို-

> "သီဆိုရန် သံဇဉ်အမျိုးမျိုးဖြင့် ဖွဲ့ထားသော အဖွဲ့အနွဲ့" (စာ ၃၆၀)

ဟုလည်းကောင်း ဖွင့်ဆိုထားကြသည်။

မြန်မာ့အနုသုခုမအဘိဓာန်(၂၀၀၁)တွင် ယိမ်းသီချင်း၏အနက်ကို-

> "လူအများစုပေါင်း၍ တူညီစွာကရာတွင် သီဆိုသောသီချင်း" (စာ ၉၈)

---

[၁] ဒေါ်၊နည်းပြ၊မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။

ဟု ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ယိမ်းသီချင်းဟူသည် ယိမ်းအကနှင့်အတူ လူအများတွဲဖက်ကာ မြိုင်မြိုင်ဆိုင်ဆိုင် ကပြသီဆိုကြရသော သီချင်းများဖြစ်သည်ဟု ဆိုနိုင်ပါသည်။

၁၊ ၁၊ ၂။ ရထားပန်းယိုင်ယိမ်းသီချင်း

ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်းသည် ၁၉၆၈ ခုနှစ်၊ (၂၁)ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့မှ အဓိကယိမ်းအဖြစ် ကပြတင်ဆက်ရာတွင် အသုံးပြုခဲ့သောသီချင်း ဖြစ်ပါသည်။ ဤသီချင်းသည် ကာယဖွံ့ဖြိုး တိုးတက်ရေး အားကစားတစ်ခု အဖြစ် ရထားဆွဲပွဲအကြောင်းကို ဖွဲ့စပ်သီကုံးထားသော ရခိုင်ကျေးလက်ရိုးရာယိမ်းသီချင်း ဖြစ်သည်။ ရထားပန်းယိုင်ဆွဲဂတ်မေ (ရထားပန်းယဉ်ဆွဲကြမယ်-ဆွဲကြစို့)ဟု အဖော်ညှိသံ၊ စိန်ခေါ်သံဖြင့် ခေါင်းစဉ်ပေးထားသော ယိမ်းသီချင်းသည် ရခိုင်ဆယ့်နှစ်ရာသီပွဲအနက် ပျော်စရာကောင်းသော ရထားပွဲအကြောင်း သီချင်းဖြစ်ပေသည်။

ရခိုင်စာဆိုတော် ဥက္ကာပျံသည် ရထားဆွဲပွဲရတုကို မင်းရာဇာကြီး လက်ထက်တွင် စပ်ဆိုခဲ့သည့်အတွက် ထိုမင်းလက်ထက် (ကောဇာ ၉၅၅-၉၇၄) သို့မဟုတ် ယင်းမတိုင်မီကပင် ရထားပွဲ ကျင်းပသည့် အစဉ်အလာရှိသည်ဟု ယူဆနိုင်ပေသည်။ ထိုပွဲသည် မျိုးချစ်ပုဂ္ဂိုလ်ကြီး ဂန္ဓီရပညာရှင် ဦးမြဝါအား ဂုဏ်ပြုသည့်အနေဖြင့် ပေါ်ပေါက်လာရခြင်း ဖြစ်သည်ဟုလည်း အစဉ်အလာ ဆိုကြပါ သည်။ ထိုပွဲကို လယ်သမား၊ အလုပ်သမားများ အလုပ်နည်းပါးချိန်ဖြစ်သေ တပို့တွဲလမပြည့်မီ တစ်ညမှစ၍ လပြည့်ကျော်တစ်ရက်နေ့အထိ သုံးညတိုင် အတီးအမှုတ်၊ အကအခုန်တို့ဖြင့် တစ်ဖက် နှင့် တစ်ဖက် အားကစားယှဉ်ပြိုင်မှု တစ်ရပ်အနေနှင့်လည်းကောင်း၊ တစ်ရပ်ရွာနှင့် တစ်ရပ်ရွာ၊ တစ်ဦးနှင့် တစ်ဦး ရင်းနှီးချစ်ခင်မှုရှိစေရန်လည်းကောင်း၊ အသိပညာ တိုးပွားပြီး ယဉ်ကျေးမှုဖလှယ် ရန်လည်းကောင်း သံချပ်များထိုး၍ စည်ကားသိုက်မြိုက်စွာကျင်းပ လေ့ရှိကြပါသည်။

ရထားဆွဲပုံမှာ ယခုကာလအားကစားပွဲ၌ လွန်ဆွဲပြိုင်ပွဲကဲ့သို့ ဗဟိုတွင် စည်းတစ်ခုထားပြီး လျှင် တစ်ဖက်တစ်ချက်စီ၌ ညီမျှသောအကွာအဝေးတွင် အရှုံးအနိုင်သတ်မှတ်မည့် (တာဝင်) စည်း များ ပြုလုပ်ထားကြသည်။ အသင့်ဖြစ်ကြ၍ ဒိုင်လူကြီးမက အချက်ပြအော်သံပေးခြင်း(သို့) မီးရှူးပြ ခြင်း ပြုလုပ်သည်နှင့် တစ်ပြိုင်နက် ထိုဘက် ဤဘက်မှဆွဲကြရပေသည်။ ယင်းသို့ ဒးသွန်ခွန်စိုက် ကြိုးဆွဲနေစဉ်တစ်ဖက်တစ်ချက်မှ ပရိတ်သတ်များကလည်း သူ့ဘက်ကိုယ့်ဘက် တူရိယာများ တီးမှုတ်၍ ကြွေးကြော်အားပေးကြသည်။

ဤသို့ အစဉ်အလာကောင်းသေ ရခိုင်ရိုးရာပွဲတစ်ခုကို မပျောက်မပျက်အောင် ထိန်းသိမ်း သည့် ရထားပွဲအကြောင်းကို (ရထားပန်းယိုင်)ဆွဲကတ်မေဟူသော ခေါင်းစဉ်ဖြင့် ဖွဲ့ဆိုထားသေ ယိမ်းသီချင်းဖြစ်ပေသည်။

၁၊ ၁၊ ၃။ ဦးလုံး၏ အတ္ထုပ္ပတ္တိ

ဦးလုံးကို ၁၉၂၀ ပြည့်နှစ်တွင် အဖဦးစိန်လုံး၊ အမိ ဒေါ်ဝါနုတို့က ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ကုန်းတန်းကျေးရွာ၌ မွေးဖွားခဲ့သည်။ ဦးလုံးသည် မစ်ထရစ် စာမေးပွဲအောင်မြင်ခဲ့ပြီးနောက် မာန်အောင်မြို့နှင့် ကျောက်ဖြူမြို့တို့တွင် ပညာရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အလယ်တန်းကျောင်းအုပ်ဆရာကြီးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ဦးလုံးသည် တိမ်မြုပ် ပျောက်ကွယ်နေသေ ရခိုင်ရိုးရာယဉ်ကျေးမှုများကို စတင်ဖော်ထုတ်ခဲ့သူ တစ်ဦးလည်းဖြစ်သည်။ ၁၉၆၈ မှ ၁၉၈၆ အထိ ပြည်ထောင်စုနေ့ အခမ်းအနား ယဉ်ကျေးမှုကပွဲများတွင် တင်ဆက်ခဲ့သေ ရခိုင်ပြည်နယ် ကိုယ်စားပြု တေးသီချင်းများမှာ ဦးလုံး၏ လက်ရာများပင် ဖြစ်သည်။ ထိုလက်ရာများ ထဲတွင် ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်းသည် ဦးလုံး၏ အထင်ရှားဆုံးလက်ရာ တစ်ခုဖြစ် သည်။ ၁၉၆၈

ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်သော လူမှုထူးချွန်တံဆိပ်ကို ရရှိခဲ့သည်။ ဦးလုံးသည် ၁၉၉၈ ခုနှစ် ကျောက်ဖြူမြို့၌ ကွယ်လွန်ခဲ့ပါသည်။

၁၊ ၂။ သုတေသနရည်ရွယ်ချက်

ဤစာတမ်းကို ပြုစုရသော ရည်ရွယ်ချက်မှာ ရခိုင်ရိုးရာတေးသီချင်း တစ်ပုဒ်ဖြစ်သော ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်း၏ စာပေတန်ဖိုးကို ဖော်ထုတ်လိုခြင်း၊ ဂီတစာဆို ဦးလုံး၏ တေးသီချင်း ဖန်တီးမှု အတတ်ပညာကို ဖော်ထုတ်လိုခြင်းတို့ ဖြစ်သည်။

၁၊ ၃။ သုတေသနမေးခွန်း

ဤစာတမ်းကို ပြုစုရာတွင် -

(၁) ဦးလုံးသည် ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်းကို မည်သို့ဖန်တီးရေးဖွဲ့ထားသနည်း။

(၂) ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်းသည် ရခိုင်ရိုးရာဓလေ့တစ်ခုဖြစ်သော ရထားပွဲ၏ပုံရိပ်ကို ပီပြင်ပေါ်လွင်အောင် ဖော်ကျူးနိုင်မှုရှိ၊ မရှိ။

ဟူသော သုတေသနမေးခွန်းများအပေါ် အခြေခံ၍ လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

၂။ စာပေလေ့လာဆန်းစစ်ချက်

ရခိုင်ရိုးရာတေးသီချင်းများကို လေ့လာထားကြသော စာတမ်းနှင့် ကျမ်းတို့ကို တွေ့ရပါသည်။ မနီနီခိုင် (၁၉၉၈)၏ ‘ ရခိုင်ရိုးရာသီချင်းများလေ့လာချက်’ကျမ်း (မဟာဝိဇ္ဇာဘွဲ့၊ ရန်ကုန်တက္ကသိုလ်)၊ မစုမြတ်ထွေး (၂၀၂၀)၏ ‘ရခိုင်ရိုးရာသီချင်းများကိုစာပေရှုထောင့်မှလေ့လာချက်’ကျမ်း (မဟာဝိဇ္ဇာ ဘွဲ့၊ ဒဂုံတက္ကသိုလ်)နှင့် ဦးရဲမင်းထက် (၂၀၂၃)၏ ‘ ရခိုင်ရိုးရာဗုဒ္ဓပူဇနိယယိမ်းသီချင်းကို စာပေ ရှုထောင့်မှလေ့လာခြင်း’ စာတမ်း (တောင်ကုတ်တက္ကသိုလ် သုတေသနဂျာနယ်)တို့ကို တွေ့ရပါ သည်။

ရထားပွဲနှင့်ပတ်သက်၍ ဒေါက်တာမင်းမော်သန့် (၂၀၂၁)၏ ‘ရခိုင်ရိုးရာရထားဆွဲပွဲဟာသ သံချပ်များလေ့လာချက်’ စာတမ်း (ဝိဇ္ဇာနှင့် သိပ္ပံစာတမ်း)ကို တွေ့ရပါသည်။

သို့ဖြစ်၍ ဦးလုံး၏ ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်းကို မည်သူမျှသီးသန့် လေ့လာ ထားခြင်း မရှိသေးကြောင်း တွေ့ရသည့်အတွက် ဤစာတမ်းကို ပြုစုရခြင်းဖြသ်ပါသည်။

၃။ နည်းနာ

၃၊ ၁။ ပညာရပ်နည်းနာ

ဤစာတမ်းကိုလေ့လာရာတွင် တေးဂီတရှုထောင့်မှ မဟုတ်ဘဲ တေးသီချင်းတွင်ပါဝင်သော အရေးအဖွဲ့ကိုစာပေရှုထောင့်မှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ “ရထားပန်းယိုင်ဆွဲဂတ်မေယိမ်း”သီချင်း၏ တေးစာသားများကို ကဗျာ့ သဘောတရား၊ ကဗျာ့လေ့လာမှု နည်းနာများဖြင့် ချည်းကပ်လေ့လာသွားပါမည်။

၃၊ ၂။ သုတေသနနည်းနာ

ဤစာတမ်းသည် “ရထားဆွဲပွဲ” အကြောင်းကို ဖွဲ့ဆိုသော စာဆို၏ ရထားပန်းယိုင်ဆွဲဂတ်မေယိမ်း သီချင်းနှင့် ပတ်သက်သော နောက်ခံအချက်အလက်များကို အင်တာနက်နှင့် ထုတ်ဝေပြီး မဂ္ဂဇင်း စာစောင်တို့မှတစ်ဆင့် စုဆောင်းရယူသည့်အတွက် ရှိပြီးသားအချက်အလက်များအပေါ် အခြေပြု လေ့လာခြင်းနည်း(Use of available data method) ကို သုံးပြုထားပါသည်။

၄။ စိစစ်လေ့လာချက်

ဦးလုံး၏ ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်းကို လေ့လာရာတွင် တေးသီချင်း တစ်ပိုဒ်စီကို စကားအသုံးအနှုန်း၊ အသံကာရန်၊ ဂုဏ်၊ အလင်္ကာ၊ ရသမြောက်မှုတို့ကို စိစစ်တင်ပြသွားမည် ဖြစ်ပါ သည်။

ပထမအပိုဒ်

ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်း၏ ပထမပိုဒ်တွင်-

> “(ကုံရာသီ တပို့ထွေး(တပို့တွဲ)…ရထပွေး(ရထားပွဲ) လားကတ် (သွားကြ)မေ…
>
> သငေချင်း ရောက်(ယောက်)မလို့နက် ဖော်ချင်းညှိ ကတ်တေ)
>
> (ကုံရာသီ တပို့ထွေး(တပို့တွဲ)…ရထပွေး(ရထားပွဲ) လားကတ် (သွားကြ)မေ…
>
> သငေချင်း ရောက်(ယောက်)မလို့ကို ဖော်ချင်းညှိပါရေ့၂
>
> ရှိ(ရွေ့)လပြောင်ပြောင် ၁ကာ(ကောင်းကင်)ရောင် ကြေ(ကြယ်)ရောင် နက္ခတ် မာဃလေ ထိန်ထိန်ပလို့ သာစွလေ သူလှရေ ငါလှရေ ဆင်ကာယင်ကာ လိုက်ကလိုက်ပြင်(အလျင်အမြန်)လို့ တပို့ထွေး(တွဲ) ရထပွေး(ရထားပွဲ) ရောက်အောင်လေ” (စာ ၁၈)

ဟူ၍ ဖွဲ့စပ်ထားပါသည်။ ရထားဆွဲပွဲသည် ရခိုင်ရိုးရာပွဲတော်တစ်ခု ဖြစ်ပါသည်။ ရထားဆွဲပွဲကို ကုံရာသီဖြစ်သော တပို့တွဲလတွင် ကျင်းပပါသည်။ ထိုကုံရာသီ တပို့တွဲလရောက်တိုင်း ကျင်းပသော ရထားဆွဲပွဲ၌ ရခိုင်ပြည်သားတို့သည် ပျော်ရွှင်စွာပါဝင် ဆင်နွှဲကြပါသည်။ ထို့ကြောင့် ရခိုင်လုံမဖြူ တို့က သူငယ်ချင်းယောက်မ အပေါင်းအဖော်များဖြင့် ရထားပွဲသွားကြရန် တိုင်ပင်ကြပုံကို “ဖော်ချင်းညှိ ကတ်တေ”၊ “ဖော်ချင်းညှိပါရေ” ဟု စတင်ဖွဲ့စပ်ထားခြင်းဖြစ်ပါသည်။

ရထားဆွဲပွဲကျင်းပသောအချိန်မှာ ကောင်းကင်၌ လရောင်ထွန်းလင်းတောက်ပသည့် ညအချိန် ဖြစ်သည်။ လရောင်၏ ထွန်းလင်းတောက်ပပုံကို “ရှိလပြောင်ပြောင်”ဟု နှစ်သက်ဖွယ် သုံးဖြင့် သုံးနှုန်းထားပါသည်။ “ရှိလ” သုံးမှာ လရောင်၏တောက်ပပုံကို ရွှေ၏တောက်ပပုံနှင့် ထပ်တူပြု ကာ ခိုင်းနှိုင်းထားသော ရူပကအလင်္ကာအဖွဲ့ ဖြစ်ပါသည်။ မောင်ခင်မင်(ခနုဖြူ)(၂၀၁၇)က

> “ ရူပကအလင်္ကာအဖွဲ့၌ တူသောဂုဏ်သည် အနှိုင်းခံတွင် မထင်ရှားပါ။ အနှိုင်းတွင်သာ ထင်ရှားပါသည်။ အနှိုင်းခံနှင့် အနှိုင်း ဆက်စပ်လိုက်သောအခါကျမှ အနှိုင်းကို အကြောင်းပြုပြီး အနှိုင်းခံ၏ဂုဏ်ပါ ထင်ရှားသွားရခြင်း ဖြစ်ပါသည်။” (စာ ၇၄)

ဟု ဆိုထားပါသည်။ “ရှိလ”တွင် ‘လ’(အနှိုင်းခံ)သည် ‘ရှိ(ရွှေ)’ နှင့် ဆက်စပ်လိုက်သောအခါ ကောင်းကင်၌ ရွှေလရောင် တောက်ပနေသည့်မြင်ကွင်းမှာ သီချင်းနားဆင်သူတို့၏ စိတ်မျက်စိ၌ ထင်ရှားမြင်သ လာစေပါသည်။

တစ်ဖန် ရွှေလရောင်၏တောက်ပပုံကို “ပြောင်ပြောင်”ဟု လည်းကောင်း၊ ကြယ်ရောင်၏ တောက်ပပုံကို “ထိန်ထိန်”ဟု လည်းကောင်း ဝိစ္ဆာလုံးထပ်အသုံးဖြင့် ဖွဲ့စပ်ထားပါသည်။ ‘ဝိစ္ဆာ’ သုံးနှင့်ပတ်သက်၍ မြန်မာအဘိဓာန်(၂၀၂၄)တွင်-

> “ အားလုံးအကျုံးဝင်စေရန် မျိုးတူစကားလုံးကို နှစ်ကြိမ်ဆိုခြင်း။ စကားအနက် အဓိပ္ပာယ်နှံ့စပ်စေရန် စကားလုံးကို နှစ်ကြိမ်ထပ် ဆိုခြင်း[ပါ။ဝိစ္ဆာ]” (စာ ၃၅၀)

ဟု ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် ရထားဆွဲပွဲကျင်းပသောညတွင် ကောင်းကင်၌ ရွှေလရောင်၊ ကြယ်ရောင်တို့၏ တောက်ပပုံမှာ သာမန်တောက်ပပုံမျိုးမဟုတ်၊ တပြောင်ပြောင် တထိန်ထိန် တောက်ပပုံမျိုးဖြစ်သည်ကို သီချင်းနားဆင်သူတို့က ကွင်းကွင်းကွက်ကွက် ထင်ယောင်မြင်ယောင် ဖြစ်လာစေပါသည်။

စကားသုံးနှုန်းရာတွင် "ရှီ"(ရွှေ)၊ "အာကာ"(ကောင်းကင်)၊ "သာစွလေ"ဟူသော ရခိုင် ဒေသိယ စကားများ၊ "ရောက်မရို့"(ယောက်မတို့)၊ "သူလှရေ"(သူလှတယ်)၊ "ငါလှရေ" (ငါလှတယ်) ဟူသော အရပ်သုံးပြောစကားများဖြင့် ဖွဲ့စပ်ထားသည်မှာ အများနှင့် ဝိုင်းဖွဲ့သီဆိုရသည့် ရခိုင်ရိုးရာ ယိမ်းသီချင်း၏သဘောကို ပီပြင်ပေါ်လွင်လာစေပါသည်။ "ကုံရာသီ"၊ "လ"၊ "အာကာ"၊ "ကြယ်"၊ "နက္ခတ်"၊ "မာဃ" ဟူသော လရာသီဆိုင်ရာ စကားသုံးများမှာ ရာသီဘွဲ့သီချင်း တစ်ပုဒ်ဖြစ်သည့် ရထားပန်းယိုင်ဆွဲဂတ်မေ ယိမ်းသီချင်းနှင့် အံဝင်ခွင်ကျ လိုက်ဖက်မှုရှိကြောင်း တွေ့ရပါသည်။

သံနှင့်ပတ်သက်၍ မမိုးမြေ (၂၀၂၄)က-

> " သံလွင်၊ သံလတ်၊ သံလေးတို့ကို နေရာတကျအသုံးပြုခြင်းဖြင့် ကဗျာပါ အကြောင်းအရာ ဘယာမှု၊ မသာယာမှု၊ ကဗျာပါဇာတ်ဆောင်တို့၏ စိတ်ပျော်ရွှင်မှု၊ ရှုပ်ထွေးမှု စသည်တို့ကို ပိုမိုပေါ်လွင်အောင် ဖန်တီးယူ လေ့ရှိပါသည်။" (စာ ၁၃၁)

ဟု ဖွင့်ဆိုထားပါသည်။ သီချင်းဖွဲ့စပ်ရာတွင် "ပြောင်"-"ရောင်"(သံလွင်)၊ "ပ"-"စွ"(သံလတ်)၊ "တွဲ"-"ပွဲ"၏(သံလေး)ဟူသော အသံ(၃)မျိုးလုံးကို သုံးစွဲထားပါသည်။ အသံတူချည်း ဆက်တိုက်ကြားရ လျှင် သီချင်းနားဆင်သူတို့ ရိုးအီသွားစေနိုင်သည့် အတွက် နားဟဒယဖြစ်စေရန် အသံအမျိုးမျိုးဖြင့် အဆင်အကွက်ဖော်ပြထားသည်ဟု ဆိုနိုင်ပါသည်။

ဒုတိယအပိုဒ်

ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်း၏ ဒုတိယပိုဒ်တွင် -

> "(နှင်းငွေ(ငွေ)စက်ချေ မြောက်လီသွီး(လေသွေး)လို့ အီး(အအေး) လေပြေ လားကေ့မေ(သွားကြမယ်)လေ ရိုးရာရခိုင်ပွေး(ပွဲ)ကိုလ ဆင်နွေး(နွဲ) ညီညာ မြူးပျော်ကတ်(ကြ)မေ)၂
>
> (မည်းမှန်ခူးပေါပါလို့ အမောပြေပြေ စားစီ(စေ)ဖို့လေ လပျို(လူပျို) မောင်မောင်ကြီးဒိန်(အစ်ကိုကြီးတို့)က ကြိုဆီးကာလေ စောင့်နီလိမ့် မယ်)၂
>
> ပတ်သာဗုံရှည်ကြီး တီးနေဂဏ်(ကြ) မောင်ကြီးရေ အရီးသား ခေါ်လိုက်မေ လေး လေ့ လေ သူကလေ မြူပြပါရေ ဘွာဘွာရှက်တေ ဟရို့ တပို့ထွေး(တွဲ) ရထပွေး(ရထားပွဲ) ဂု(ခု)ချိန်လေ" (စာ ၁၈)

ဟူ၍ ဖွဲ့စပ်ထားပါသည်။ ရထားဆွဲပွဲကျင်းပချိန်မှာ ငွေနှင်းစက်များကျဆင်းသော ဆောင်းရာသီ ဖြစ်သည်။ မြောက်ပြန်လေတိုက်သဖြင့် အေးလွန်းလှသော ဆောင်းရာသီညချမ်းတွင် ရခိုင်ပြည်သား တို့သည် ရထားဆွဲပွဲသို့သွားရောက်ကာ ပျော်ရွှင်စွာ ဆင်နွဲကြသည်။ ဤအဖွဲ့တွင် ဆောင်းရာသီ၏ အေးချမ်းလှသော အခြေအနေကို "နှင်းငွေစက်"၊ "မြောက်လီသွီး"ဟူသော နှစ်သက်ဖွယ် စကားလုံး များဖြင့် သရုပ်ဖော်ထားပါသည်။ "ဆင်နွဲ"၊ "ညီညာ"၊ "မြူးပျော်"၊ "ကြိုဆီး" ဟူသော လုံးတွဲကြိယာ စကားလုံးများဖြင့် ရခိုင်ပြည်သားတို့ ပျော်ရွှင်စွာဆင်နွဲကြသော ရထားပွဲ၏သရုပ်ကို ဖော်ကျူးထား ပါသည်။

ထို့ပြင် ရထားဆွဲပွဲတွင်ပါဝင်ကြသော လူပျိုမောင်ကြီးတို့ အမောပြေစားသုံးနိုင်စေရန် ရာသီစာမည်းမှန်ကို လုံမပျိုတို့က ယူဆောင်လာကြသည်။ ပတ်သာဇုံရှည်ကြီးများကို တီးနေကြ သော မောင်ကြီးတို့ကို လုံမပျိုတို့က အရီးသားဟု ကျီစယ်စနောက်ကာ ခေါ်လိုက်ကြသည်။ ဤအဖွဲ့တွင် "အမောပြေပြေ"ဟု ဝိစ္ဆာလုံးထပ်စကားသုံးဖြင့် ရေးဖွဲ့ထားပါသည်။ “လပျို”(လူပျို)၊ “အရီးသား”၊ “မောင်းမောင်”(အစ်ကို)၊ “မောင်ကြီး”ဟူသော ရခိုင်ဒေသိယဝေါဟာရများဖြင့် ရထားဆွဲပွဲတွင် ပါဝင်ကြသော ရခိုင်ကာလသားလူပျိုတို့ကို သရုပ်ဖော်ထားပါသည်။ မြည်သံစွဲ အသုံးနှင့် ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ)(၂၀၂၅)က -

> “ စာပေရေးဖွဲ့သူတို့ စိတ်ကူးဖြင့် ဖန်တီးပုံဖော်ရာတွင် သုံးတွင်ကျယ် သော ဘာသာစကား လက်ဆောင်များတွင် မြည်သံကို အစွဲပြုသော စကားလုံးများလည်း အပါအဝင်ဖြစ်သည်။ ပါဠိဘာသာဖြင့် 'အနုကရဏ သဒ္ဒါ'ဟု ခေါ်၍ အနောက်တိုင်းစာပေသုံးစကားအဖြစ် ‘အိုနိုမာတိုးပီးယား’ Onomatopeia ဟု ခေါ်သည်။ မြန်မာလိုတော့ ‘မြည်သံစွဲ’ ဟူ၍ သုံး တွင်နေပါပြီ။” (စာ ၃၉)

ဟု ဆိုထားပါသည်။ ရထားဆွဲပွဲတွင် အချင်းချင်းစနောက်ကြသော ရခိုင်လူပျိုအပျိုတို့၏ “လေးလေ့လေ”၊ “ဘွာဘွာ” သံတို့ကို မြည်သံစွဲစကားလုံးအဖြစ် ထည့်သွင်းရေးဖွဲ့ထားပါသည်။ သီချင်းအကြောင်းအရာနှင့် လိုက်ဖက်အောင် ဝစ္ဆာလုံးထပ်စကားလုံး၊ ညွှန်ခေါ်စကား၊ မြည်သံစွဲ အသုံးတို့ကို ပိုင်ပိုင်နိုင်နိုင်သုံးနှုန်းထားနိုင်ကြောင်း တွေ့ရပါသည်။

တတိယအပိုဒ်

ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်း၏ တတိယပိုဒ်တွင် -

> “ ရွက်တေ ရွက်တေ အစော်ဖြိုက်လို့(ဘာဖြစ်လို့) နင်ရွက်တေ(တယ်) ယောက်မညိုန္တဲ့ရေ၊ ရွက်တေ ရွက်တေ ရွက်တေ အစော်ဖြိုက်လို့ (ဘာဖြစ်လို့) နင်ရွက်တေ(တယ်) ယောက်မညိုန္တဲချေ။ ငရို့(တို့)လေ ပျိုတစ်စုနှင့် ဖော်ပြညီညာ ကပြကတ်မေ အပြန်အလှန် ဇမ်းဒိန်နက် ကဗျာပိုင်ညာ(ပညာ)စမ်းချင်လို့ မနားတမ်း သံချပ်ထိုးကပ်တေ မောင်ရို့ ဆိုကေ လေးလေ့လိုက်တေ မေရို့ဆိုကေ လေးလေ့လိုက်တေ မောင်ရို့ ဆိုကေ လေးလေ့လိုက်တေ လက်ခုပ်ကေ တီးကပ်ပါရေ သံပြိုင်ညီညာ ရိုးရာပျော်လို့ တပို့ထွေး(တွဲ) ရထပွေး(ရထားပွဲ) ဂု(ခု)ချိန်လေ” (စာ ၁၈)

ဟူ၍ ဖွဲ့စပ်ထားပါသည်။ ရထားဆွဲပွဲတွင် ရခိုင်သူရခိုင်သား အပျိုလူပျိုတို့သည် တစ်ဖက်နှင့် တစ်ဖက် ပညာစမ်းသည့်အနေဖြင့် ဇမ်းကဗျာများ ပြိုင်ဆိုင်သီဆိုကြသည်။ သံချပ်များထိုးကာ တစ်ဖက်နှင့် တစ်ဖက် ရင်နှီးချစ်ခင်မှုရစေရန် စနောက်ကြသည်။ ဤအဖွဲ့တွင် လုံမပျိုတို့ ရွက်နေကြပုံကို “ရွက်တေ ရွက်တေ”၊ “ရွက်တေ ရွက်တေ ရွက်တေ” ဟု သံဖြည့်စကားလုံး (သဒ္ဒပူရဏပုဒ်)ဖြင့် ထပ်ကာထပ်ကာ ရေးဖွဲ့ထားပါသည်။ သဒ္ဒပူရဏပုဒ်မှာ ပါဠိစကား သဒ္ဒ(အသံ)နှင့် ပူရဏ(ပြည့်ခြင်း)တို့ကို ပေါင်းထားခြင်းဖြစ်သည်။ “ရွက်တေ”ဟူသေ စကားလုံးကို သီဆိုရာတွင် သံပြည့်စေရန် စကားလုံးသစ်မရှာဘဲ ထိုစကားလုံးကိုပင် နှစ်ကြိမ်၊ သုံးကြိမ် သုံးထားခြင်းမျိုး ဖြစ်ပါသည်။ ထို့ကြောင့် သီချင်း၏ အဓိကဟန်ချက်ဖြစ်သော စည်းဝါးကို ကိုက်ညီလာစေသည်။ ရွှတ်ဖတ်ရလွယ်ကူပြီး အသံချိုသာပေပြစ်စေပါသည်။ လုံမပျိုတို့ကို ဖော်ညွှန်းရာတွင် “ယောက်မ”၊ “ညိုန္တဲ့”၊ “မေရို့”ဟူသော ရခိုင်ဒေသိယဝေါဟာရများဖြင့် လိုက်ဖက်စွာ သုံးနှုန်းထားပါသည်။ သံချပ်ထိုးရာတွင် ညာသံပေးသော “လေးလေ့”ကို မြည်သံစွဲ စကားလုံးအဖြစ် ထည့်သွင်းရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ထိုအဖွဲ့ကြောင့် ရထားပွဲ၏ ပျော်ရွှင်ဖွယ်ရာကောင်းသော ရထားဆွဲပွဲ၏သရုပ်မှာ ပို၍ ပီပြင်လာစေပါသည်။

စတုတ္ထအပိုဒ်

ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်း၏ စတုတ္ထပိုဒ်တွင် -

> “ ညာသံပီး(ပေး) ကာလေ ယိုင်(ယဉ်)ကျေးနှုတ်မှုပြောပါရေ ရထားပန်းယိုင်လွန်ကိုဆွေး(ဆွဲ)လို့ သူဆွေး(ဆွဲ) ငါဆွေး(ဆွဲ) ပျော်ကတ်တေ (ရပ်ပြိုင် ရွာပြိုင် နိုင်အောင်ဆွေး(ဆွဲ)လို့ လက်ညီ အားညီ ခွန်ညီ နိုင်အောင်ဆွေး(ဆွဲ)လို့)၂
>
> ယီးလေးလေ့ ဆွေးကတ်(ဆွဲကြ)မောင်ရို့(တို့)လေ ယီးလေးလေ့ ဆွေးကတ်(ဆွဲကြ) မေရို့ရေ မောမောနဲ့ ဒေါကရီ(ရေအိုးကြီးမှရေ) ကိုလေ(ယေ၃) ဖော်ဖော်ရွှီရွှီ(ရွှေရွှေ) သောက်ပါ မောင်ရို့ တပို့ထွေး(တွဲ) ရထပွေး(ရထားပွဲ) ဂု(ခု)ချိန်လေ” (စာ ၁၈)

ဟူ၍ ဖွဲ့စပ်ထားပါသည်။ ရထားဆွဲပွဲတွင် ရခိုင်လူမျိုးတို့သည် ရိုးရာယဉ်ကျေးမှု ပွဲတော်တစ်ခု ဖြစ်သည့်အပြင် နှုတ်မှုပညာအရည်အသွေးကို မြှင့်တင်ပေးသော ပွဲလည်းဖြစ်သည်။ ရထားဆွဲပွဲတွင် ရခိုင်ပြည်သားတို့၏ အနိုင်မခံအရှုံးမပေးတတ်သော စိတ်ဓာတ်၊ စည်းလုံးညီညွတ်သောခွန်အားတို့ကို ထင်ထင်ရှားရှားတွေ့နိုင်ပါသည်။ ထိုသဘောကို “သူဆွဲ”၊ “ငါဆွဲ”၊ “ရပ်ပြိုင်”၊ “ရွာပြိုင်”၊ “လက်ညီ”၊ “အားညီ”၊ “ခွန်ညီ” ဟူသော ပုံစံတူစကားလုံးများဖြင့် ရေးဖွဲ့ထားပါသည်။ ရထားဆွဲရာတွင် ၎တင်းသော “ယီးလေးလေ့” သံကို မြည်သံစွဲအသုံးအဖြစ် ထည့်သွင်းရေးဖွဲ့ထားပါသည်။ ရခိုင်ပြည်သားတို့၏ စည်းလုံးညီညွတ်သော ပြယုဂ်နှင့် ရထားဆွဲပွဲ၏ ပျော်စရာကောင်းသော မြင်ကွင်းတို့ကို ပီပြင်ပေါ်လွင်လာစေသော စကားသုံးများဟု ဆိုနိုင်ပါသည်။

ပဉ္စမအပိုဒ်

ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်း၏ ပဉ္စမပိုဒ်တွင် -

> “ ဝတီလေးရပ် ယိုင်(ယဉ်)ကျေးမှုစွာ ရှိုး(ရှေး)မူအခြေ ရှိုး(ရှေး)သို့ချီ ကတ်ပါမေ မြန်ပြည်တစ်ဂှန်း လမ်းပြကာ လှမ်းတက်ရာ ညီညာပြုကာ ပြေ(ပြည်)ထောင်စုမှာ ညီနောင်ရင်းချာ သွီး(သွေး)ချင်းပေါင်းလို့ ပြေ(ပြည်)ထောင်တွင်းမှာ ဖီး(ဘေး)ကင်းကြောင်းကို တောင်း တောင်း တောင်းဆုနဲ့လေ ငွေခရုနဲ့ ဇေယျတုပြုပါရေ” (စာ ၁၈)

ဟူ၍ ဖွဲ့စပ်ထားပါသည်။ ခည၀တီ၊ မေဃ၀တီ၊ ရမ္မာ၀တီ၊ ဒွါရာ၀တီဟူသော ဝတီလေးရပ်သည် ရခိုင်ယဉ်ကျေးမှု အမွေအနှစ်တို့ဖြင့် ကြွယ်၀ပြည့်စုံလှပါသည်။ ဝတီလေးရပ်ခေါ် ရခိုင်ပြည်နယ်သည် ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသလည်း ဖြစ်ပါသည်။ ရထားဆွဲပွဲကို အခြေပြု၍ ပေါ်ပေါက် လာသော ရခိုင်ပြည်သားတို့၏ သွေးစည်းညီညွတ်မှုသည် ပြည်ထောင်စု၏ အင်အားတစ်ရပ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုအတွင်းရှိ ရခိုင်လူမျိုးအပါအဝင် တိုင်းရင်းသားအားလုံး တို့သည် သွေးစည်းညီညာကာ ဘေးကင်းပါစေကြောင်း ဆုတောင်းပုံဖြင့်သီချင်းကို အဆုံးသတ် ရေးဖွဲ့ထားပါသည်။ ဤအဖွဲ့တွင် “ညီညာပြုကာ ပြည်ထောင်စုမှာ ညီနောင်ရင်းချာ” ဟု “ကာ-မှာ-ချာ”(သံလွင်)ဟူသော ၁ယာညင်ပျောင်းစွာ ဆွဲငင်ရွှတ်ဆိုနိုင်သော သံလွင်ကိုသုံး၍ ရေးဖွဲ့ ထားပါသည်။ ဆုတောင်းပုံကို ပေါ်လွင်အောင် “တောင်း...တောင်း...တောင်း” ဟု ဆက်တိုက် သုံးထားသည့် အတွက် ဘေးကင်းစေကြောင်း တောင်းဆုပြုသော သီချင်းအကြောင်းအရာနှင့် လိုက်ဖက်လှပါသည်။ “ဇေယျတု” ဟူသော ပါဠိသက်စကားလုံးများသည် သီချင်းကို လေးနက် ထင်ရှားလာအောင် အထောက်အပံ့ပေးနိုင်ကြောင်း တွေ့ရပါသည်။

၅။ သုံးသပ်ချက်

တေးပြုစာဆိုဦးလုံးသည် “ရထားပန်းယိုင်ဆွဲဂတ်မေယိမ်း”သီချင်း၏ တေးစာသားကို စကားသုံး၊ ဂုဏ်၊ အလင်္ကာ၊ ရသများဖြင့် ဖန်တီးရေးဖွဲ့ထားသည်မှာ အကြောင်းအရာနှင့် လိုက်ဖက် ညီညွတ်မှု ရှိသည်ကို တွေ့ရပါသည်။

ထိုသို့ ဖန်တီးရာတွင် ရထားဆွဲပွဲကျင်းပသည့် အချိန်ရာသီကို ဝစ္ဆာလုံးထပ်ဖြင့် သုံးထား သောကြောင့် ရထားဆွဲပွဲကျင်းပသော ညချိန်ထွန်းလင်းတောက်ပနေပုံတို့ကို မြင်ယောင်လာစေ သည်။ ရခိုင်ဒေသိယစကားသုံးများ၊ အရပ်သုံးပြောစကားများ၊ ညွှန်းခေါ်စကားများကို ပိုင်ပိုင် နိုင်နိုင် သုံးထားသောကြောင့် ရထားဆွဲပွဲ၏ ပျော်ရွှင်စရာကောင်းပုံ၊ တစ်ဦးနှင့်တစ်ဦးရင်းနှီးစွာ စနောက်ကြ ပုံများကို ပေါ်လွင်အောင် ရေးဖွဲ့တင်ပြနိုင်သည်ကို တွေ့ရပါသည်။ ရထားဆွဲပွဲ၏ အကြောင်းအရာ နှင့်လည်း လိုက်ဖက်မှု ရှိစေခဲ့ပါသည်။ အဖြည့်စကားလုံး သဒ္ဒပူရဏပုဒ်များဖြင့် အများနှင့် ဝိုင်းဖွဲ့ သီဆိုရသော ယိမ်းသီချင်း၏သဘောကို ပေါ်လွင်စေခဲ့ပါသည်။ သီချင်းဖွဲ့စပ်ရာတွင် သံလွင်၊ သံလတ်၊ သံလေး (၃)မျိုးစလုံးကို သုံးပြု၍ နာဆင်ရသူတို့အပေါ်တွင် ရိုးအီခြင်းမရှိဘဲ နားဝင် ပီယံဖြစ်အောင် ရေးဖွဲ့ထားနိုင်သည်ကိုလည်း တွေ့ရပါသည်။ ရူပကအလင်္ကာဟူသော အတ္ထာ လင်္ကာရ (အနက်တန်ဆာ)များကြောင့် သီချင်းကို နှစ်သက်ဖွယ်ဖြစ်စေပါသည်။ ဦးလုံး၏ ရထား ပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်း တစ်ပုဒ်လုံးကို လေ့လာကြည့်သောအခါ ခက်ခဲနက်နဲသော စကားလုံးများမပါဝင်ဘဲ အနက်အဓိပ္ပာယ် သိလွယ်သောကြောင့် ပသာဒဂုဏ် မြောက်သည်ကိုလည်း တွေ့ရပါသည်။ ရခိုင်သူရခိုင်သားတို့၏ စည်းလုံးညီညွတ်မှု၊ ဒေသာန်တို့ကို မြင်ရသောကြောင့် ဝီရရသကို ခံစားရစေပါသည်။ မြည်သံစွဲအလင်္ကာများကို သုံး၍ မြည်သံကိုပါ ထည့်သွင်းရေးဖွဲ့ထား သောကြောင့် ရထားဆွဲပွဲ၏ပျော်ရွှင်စရာကောင်းပုံ မြင်ကွင်းများကို စာဖတ်သူ၏ စိတ်မျက်စိတွင် မြင်ယောင်လာစေသောကြောင့် သန္တရသကို ခံစားရစေပါသည်။ တေးသီချင်း သီချင်းဆိုသူ၊ နားထောင်သူတို့၏ နှလုံးစိတ်ဝမ်းကို ကြည်နူးမှုနှင့်အတူ အပျော်များလည်း ကူးစက်လာစေပါသည်။ စာဆိုသည် ရထားဆွဲပွဲနှင့် လိုက်ဖက်အောင် စကားသုံးနှုန်းထားသောကြောင့် သီချင်းအနှစ်သာရကို ပီပီပြင်ပြင် ဖော်ကျူးနိုင်ခဲ့သည်ကိုလည်း တွေ့ရပါသည်။

‘စာပေအားလုံး ဘာသာစကားပင်ဖြစ်သည်’၊ ‘စာပေဟူသည် ဖန်တီးမှုပါသော ဘာ စကားအသုံးဖြစ်သည်’ ဟူသော ဖွင့်ဆိုချက်က ဘာသာစကားနှင့် စာပေတို့၏ ဆက်နွယ်မှုကို ဖော်ပြနေသည်။ ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်းကို သီချင်းကို စာပေရှုထောင်မှ လေ့လ ကြည့်သောအခါ ဦးလုံး၏ ဘာသာစကားအသုံးပြုပုံ တစ်နည်းအားဖြင့် အရေးအသား အတတ်ပညာ သည် စာပေဂုဏ်မြောက်မှုရှိကြောင်း တွေ့ရပါသည်။ သို့ဖြစ်၍ ရထားပန်းယိုင်ဆွဲဂတ်မေယိမ်း သီချင်းသည် ပရိသတ်လက်ခံသော၊ အောင်မြင်သော တေးတစ်ပုဒ်ဖြစ်လာရသည်ဟု ဆိုနိုင်ပါသည်။

နိဂုံး

ရထားပန်းယိုင်ဆွဲဂတ်မေယိမ်းသီချင်းကို စာပေရှုထောင့်မှ တတ်စွမ်းသမျှ လေ့လာတင်ပြခဲ့ပါသည်။ ဤစာတမ်းတွင် ရိုးစင်းသောစကားလုံးများဖြင့် အနုပညာကို အာနိသင် ထက်မြက်အောင် ဖန်တီး၍ ရကြောင်း ဖော်ထုတ်တင်ပြနိုင်ခဲ့ပါသည်။ ထို့ပြင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော ရခိုင်ရိုးရာ အစဉ်အလာပွဲတော်တစ်ခုဖြစ်သည့် ရထားဆွဲပြိုင်ပွဲနှင့် ရခိုင်ဒေသိယအသုံးနှုန်းများကို လည်း တခြားတိုင်းရင်းသားများ သိရှိစေရန်အတွက်လည်းကောင်း ဖော်ထုတ်တင်ပြခဲ့ပါသည်။ ဤစာတမ်းသည် တေးသီချင်းများ စိတ်ဝင်စားသူများ အတွက်လည်းကောင်း၊ ဘာသာစကားနှင့် စာပေဆက်စပ်မှုကို လေ့လာလိုသူများအတွက်လည်းကောင်း အထိုက်အလျောက် အကျိုးပြုနိုင် မည်ဟု မျှော်လင့်မိပါသည်။

ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်စေရန် ပညာအမွေပေးခဲ့ပါသော ကျေးဇူးရှင် မိဘနှစ်ပါး၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနှင့်တကွ (၂၇)နှစ်မြောက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကျောင်းမွေးနေ့ ကျင်းပရေး ကော်မတီ အဖွဲ့ဝင်လူကြီးများ၊ ခေတ္တပါမောက္ခချုပ်ဆရာကြီးနှင့် ဒုတိယပါမောက္ခချုပ် ဆရာမကြီး များ၊ မြန်မာစာဌာနမှ ပါမောက္ခ(ဌာနမှူး)ဆရာမကြီး ဒေါက်တာခင်စန်းဝင့်၊ ပါမောက္ခ ဆရာမကြီး ဒေါက်တာထက်ထက်အောင်၊ ပါမောက္ခဆရာမကြီး ဒေါက်တာနန်းဝေစံနှင့် မြန်မာစာ ဌာနမှ ဆရာ၊ ဆရာမများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျမ်းကိုးစာရင်း

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၇)။ ***ဂုဏ်၊အလင်္ကာ၊ရသသင်ကြားရေး။*** ရန်ကုန်၊ ရာပြည့်စာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၂၅)။ ***ခရုခွံအရှပ်ကလေးများ(ဘာသာစကားနှင့် စာပေပေါင်းကူး ဆက်သွယ်မှု)။*** ရန်ကုန်၊ ခူဝံစာအုပ်တိုက်။

ပြည်ထောင်စုပွဲဝင်ရိုးရာရခိုင်သီချင်းများ။ (၁၉၈၇)။ စစ်တွေ၊ ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ။

မိုးမြေ၊ **မ။** (၂၀၂၄)။ ***ကဗျာဖန်တီးသူနှင့် ကဗျာခံစားသူ*** (ဒုတိုင်မ်)။ မန္တလေး၊ ကြီးပွားရေးစာအုပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၂၅)။ ***မြန်မာအဘိဓာန်*** (သတ္တမကြိမ်)။ နေပြည်တော်၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာ ၁စကားဦးစီးဌာန။

မြန်မာ့အနုသုခုမအဘိဓာန်။ (၂၀၀၁)။ ရန်ကုန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

နောက်ဆက်တွဲ

၁။ (ကုံရာသီ တပို့တွေး...ရထ ပွေးလားကတ်မေ...သငေချင်း ရောက်မလို့နက် ဖော်ချင်းညှိ ကတ်တေ x ကုံရာသီ တပို့တွေး x ရထပွေးလားကတ်မေ သငေချင်း ရောက်မရို့ကို ဖော်ချင်းညှိပါရေ)၂ ရှိလ ပြောင်ပြောင် အာကာရောင် ကြေရောင်နက္ခတ် မာဃလေ x ထိန်ထိန်ပလို့ သာစွလေ သူလှရေ ငါလှရေ ဆင်ကာယင်ကာ လိုက်ကလိုက်ပြင်လို့ တပို့ထွေး ရထပွေး ရောက်အောင်လေ X X X

၂။ (နှင်းငွိ စက်ချေ မြောက်လီသွီးလို့ အအီးလေပြေ လားကေ့မေလေ x ရိုးရာ ရခိုင်ပွေးကိုလ ဆင်နွေးညီညာ မြူးပျော်ကတ်မေ)၂ (မညင်းမှန်ခူးပေါပါလို့ အမောပြေပြေ စားစီဖို့လေ လပျိ့ မောင်မောင်ကြီး ဒိန်က ကြိုဆီးကာလေ စောင့်နီလိမ့် မယ်)၂ ပတ်သာဗုံရှည်ကြီး တီးနေဂဏ် မောင်ကြီးရေ အရီးသား ခေါ်လိုက်မေ လေး လေ့ လေ သူကလေ မြူပြပါရေ ဘွာဘွာရှက်တေ ဟရို့ တပို့ထွေး ရထပွေး ဂုချိန်လေ x x ။

၃။ (ရှက်တေ ရှက်တေ... အစော်ဖြိုက်လို့ နင်ရှက်တေ x ယောက်မညိုန္တဲ့ရေ ရှက်တေ ရှက်တေ ရှက်တေ အစော်ဖြိုက်လို့ နင်ရှက်တေ x ယောက်မညိုန္တဲချေ X ငရို့လေ ပျိုတစုနှင့် ဖော်ပြုညီညာ ကပြကတ်မေ... အပြန်အလှန်... ဇမ်းဒိန်နက် ကဗျာပိုင်ညာစမ်းချင်လို့ မနားတမ်း သံချပ်ထိုးကပ်တေ... မောင်ရို့ ဆိုကေလေး လေ့ လိုက်တေ မေရို့ဆိုကေလေး လေ့လိုက်တေ x မောင်ရို့ ဆိုကေလေး လေ့လိုက်တေ x လက်ခုပ်ကေ တီးကပ်ပါရေ သံပြိုင်ညီညာ ရိုးရာပျော်လို့ တပို့ထွေး ရထပွေး ဂုချိန်လေ X X X

၄။ ညာသံပီးကာလေ ယိုင်ကျေး နှုတ်မှု ပြောပါရေ ရထားပန်းယိုင်လွန်ကို ဆွေးလို့ သူဆွေး ငါဆွေး ပျော်ကတ်တေ X (ရပ်ပြိုင် ရွာပြိုင် နိုင်အောင်ဆွေးလို့ လက်ညှိ အားညှိ ခွန်ညှိ နိုင်အောင်ဆွေးလို့)၂ ယီးလေး လေ့ ဆွေးကတ်မောင်ရို့လေ... ယီးလေး လေ့ ဆွေးကတ် မေရို့ရေ မောမောနဲ့ ဒေါကရီကိုလေ(ယော့) ဖော်ဖော်ရွှီရွှီ သောက်ပါ မောင်ရို့ X တပို့ထွေး ရထပွေး ဂုချိန်လေ X X X

၅။ ဝတီလေးရပ် ယိုင်ကျေးမှုစွာ ရိုးမူအခြေ ရိုးသို့ချီ ကတ်ပါမေ မြန်ပြည်တစ်ဝှန်း လမ်းပြကာ လှမ်းတက်ရာ ညီညာပြုကာ ပြေထောင်စုမှာ ညီနောင်ရင်းချာ သွီးချင်းပေါင်းလို့ ပြေထောင်တွင်းမှာ ဖီးကင်းကြောင်းကို တောင်း တောင်း တောင်းဆုနဲ့လေ ငွေခရုနဲ့ ဇေယျတုပြုပါရေ X X X

လူမှုဘဝအမြင်ထင်ဟပ်သောရသစာတမ်းများလေ့လာချက်

မြတ်သိဂီကျော်[၁]

စာတမ်းအကျဉ်း

ဤစာတမ်းသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အမျိုးသားစာပေဆုရရှိခဲ့ သော ရသစာတမ်းများအနက် မြေလတ်မောင်မြင့်သူ၏ “နာမည်လေး မွေးလို့ချစ်ချင်သည်” စာအုပ်မှ ရသစာတမ်းအချို့ကို လေ့လာထားခြင်း ဖြစ်သည်။ ထိုသို့တင်ပြရာတွင် မြေလတ်မောင်မြင့်သူ၏ ထူးခြားသောအတွေး အမြင်များ၊ ထိမိပြေပြစ်သော ရေးသားတင်ပြမှုများမှတစ်ဆင့် စာဖတ်သူတို့ အတွက် လောကသဘာဝ၊ လူ့သဘာဝနှင့်အတူ စိတ်လှုပ်ရှားဖွယ် ခံစားမှုများ ကိုပါ ပေးနိုင်စွမ်းရှိသည့် အရေးအသားများကို လေ့လာထားပါသည်။ ဤစာတမ်းပါ အချက်အလက်များသည် ရသစာတမ်း လေ့လာလိုသူများ အတွက် အထောက် အကူပြုနိုင်မည်ဟု ယူဆပါသည်။

သော့ချက်ဝေါဟာရများ - *ရသစာတမ်း၊ အတွေး၊ အရေး၊ လောကသဘာဝ၊ လူ့သဘာဝ။*

၁။ နိဒါန်း

ရသစာတမ်းသည် စာရေးသူတစ်ဦး၏ ဘဝအတွေ့အကြုံအဖြစ်အပျက်များကို အခြေခံ၍ အတွေး အမြင်များ၊ ခံစားမှုများကို တင်ပြရေးဖွဲ့လေ့ရှိသည့် စာပေအမျိုးအစားတစ်ရပ် ဖြစ်သောကြောင့် စာဖတ်သူတို့အတွက် ရသနှစ်သက်မှုအပြင် ဘဝအသိအမြင်ပါရရှိနိုင်သော စာပေအမျိုးအစား တစ်ရပ်ဖြစ်သည်။ အရှိန်အဟုန်နှင့် လျင်မြန်စွာပြောင်းလဲနေသော ကမ္ဘာကြီးနှင့်အတူ ရသစာတမ်း ရေးသူတို့သည် မိမိတို့၏ရသစာတမ်းများတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အမျိုးသားရေးနှင့် ယဉ်ကျေးမှု အထွေထွေတို့ကို ထင်ဟပ်ရေးသားလာခဲ့သည်။ ၂၀၁၇ ခုနှစ် မှစ၍ ၂၀၂၃ ခုနှစ်အထိ အမျိုးသား စာပေဆုရ ရသစာတမ်းများ (၅)အုပ် ရှိပါသည်။ ထိုဆုရ ရသစာတမ်းများထဲမှ တစ်အုပ်ဖြစ်သော မြေလတ်မောင်မြင့်သူ၏ “နာမည်လေးမွေးလို့ချစ်ချင်သည်” စာအုပ်မှ လူမှုဘဝ အမြင် ထင်ဟပ်သော ရသစာတမ်း (၂)ပုဒ်ကိုလေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

၁.၁။ သုတေသနရည်ရွယ်ချက်

ဤသုတေသနမှတစ်ဆင့် ရသစာတမ်းဖတ်ရှုသူတို့သည် ရသစာတမ်းများတွင်ရှိသော အတွေး၏ သဘော၊ အရေး၏အတတ်ပညာတို့ကို သိမြင်လာပြီး ကောင်းမွန်သောခံယူချက်များဖြင့် လောကကို အကျိုးပြုသော ရသစာတမ်းကောင်းများ ဖန်တီးတင်ပြ အလှဆင်နိုင်ကြသူများ ဖြစ်လာစေလိုပါသည်။ ထိုမှတစ်ဆင့် အနာဂတ်မြန်မာစာပေလောကတွင် ရသစာတမ်း၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့် ထွန်းကားလာစေလိုပါသည်။

၁.၂။ သုတေသနမေးခွန်းနှင့် ပြဿနာ

မြေလတ်မောင်မြင့်သူ၏ ရသစာတမ်းများမှ အတွေးနှင့်အရေးကို သုတေသနပြုရာတွင် အောက် ဖော်ပြပါ မေးခွန်းနှင့်ပြဿနာများကို ဆန်းစစ်တင်ပြသွားမည် ဖြစ်ပါသည်။

(၁) မြေလတ်မောင်မြင့်သူ၏ “နာမည်လေးမွေးလို့ ချစ်ချင်သည်” ရသစာတမ်းသည် စာဖတ်သူတို့၌ နှစ်သက် လက်ခံခြင်းတို့ ရရှိလာသည်အထိ တွေးမြင်ရေးသားနိုင်မှု ရှိပါသလား။

(၂) ရသစာတမ်းရေးသူတို့သည် မည်သည့်အတွေ့အကြုံများကို အာရုံပြု၍ အတွေးအမြင်တစ်ရပ်ကို ဆင်ခြင်မိလေ့ရှိကြသနည်း။

---

[၁] ဒေါ်၊ နည်းပြ၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

(၃) ရသစာတမ်းရေးသူတို့သည် မိမိတို့၏ အတွေးအမြင်တစ်ရပ်ကို မည်သို့ဖန်တီးရေးသားလေ့ရှိကြ သနည်း။ ဆိုသည့် သုတေသနမေးခွန်းများကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

၂။ စာပေလေ့လာဆန်းစစ်ချက်

သုတေသနပြုရာတွင် ပညာရပ်ဆိုင်ရာစာအုပ်စာတမ်းများ၊ သုတေသနကျမ်းများ၊ စာတမ်းများကို ဖတ်ရှုလေ့လာ၍ ဆန်းစစ်တင်ပြထားပါသည်။

ဤစာတမ်းနှင့်ပတ်သက်၍ သီအိုရီပိုင်းဆိုင်ရာ စာပေလေ့လာဆန်းစစ်ချက်များအဖြစ် မောင်ခင်မင်(ဓနုဖြူ)၊ မြဇင်တို့ရေးသားထားသော "စာတမ်းငယ်စာတမ်းများ (ပထမတွဲ)"၊ ဇော်ဂျီနှင့် အခြား ရသစာတမ်းဆရာများ၏ "ကံ့ကော်မြိုင်စာတမ်း"၊ ရသစာတမ်းဖန်တီးမှု အတတ် ပညာနှင့် ပညာရပ် နယ်ပယ်အတွက် မောင်ခင်မင်(ဓနုဖြူ)၏ "ရေးဟန်ပညာနိဒါန်း" နှင့် "ဂုဏ်၊ အလင်္ကာ၊ ရသ သင်ကြားရေး" ၊ မောင်ခင်မင်(ဓနုဖြူ)နှင့်ဒေါက်တာ အောင်မြင့်ဦးတို့၏ "သုတေသနပုံစံ၊ သုတေသန အခြေခံ"၊ မမိုးမြေ၏ "ဆရာဇော်ဂျီနှင့် ရသစာတမ်းရှင်တို့၏ တွေးဟန်နှင့်ရေးဟန်" စာအုပ်များကို ဖတ်ရှု လေ့လာခဲ့ပါသည်။ ထိုစာအုပ်များမှ ရသစာပေ၏ သဘောသဘာဝ၊ ရေးဟန်ပညာ၏ သဘောနှင့်အတူ သုတေသနပြုရာတွင် အသုံးပြုသော နည်းနာများ၊ စာပေကိုဝေဖန်ဆန်းစစ်ရာတွင် အသုံးပြုသော နည်းနာများ၊ စကားပြေကောင်းတို့၏ သွင်ပြင် လက္ခဏာများကို မှတ်သားရပါသည်။

ဤစာတမ်း၏ အလေ့လာခံဖြစ်သော မြေလတ်မောင်မြင့်သူ၏ "နာမည်လေးမွေးလို့ချစ်ချင် သည်" ရသအက်ဆေးစုစည်းမှု စာအုပ်နှင့်အတူရသစာတမ်းနှင့်ပတ်သက်သော သုတေသနစာတမ်း များကိုလည်း လက်လှမ်းမှီသမျှ ဖတ်ရှုလေ့လာခဲ့ရာ ဤစာတမ်းပြုစုရန်အတွက် အထောက်အကူရ ခဲ့ပါသည်။

၃။ နည်းနာ

ဤစာတမ်းကို သုတေသနပြုရာတွင် ပထမပိုင်းသည် မိမိသုတေသနပြုရာတွင် ချဉ်းကပ်ထားသည့် ပညာရပ်နယ်ပယ် (သို့မဟုတ်) ပညာရပ်ဆိုင်ရာသီအိုရီပိုင်းဖြစ်သည်။ ဒုတိယပိုင်းမှာ မိမိသုတေသန ပြုလုပ်ရာတွင် အသုံးပြုထားသည့် သုတေသနနည်းနာ ဖြစ်ပါသည်။

၃၊၁။ ပညာရပ်ဆိုင်ရာနည်းနာ

ပညာရပ်ဆိုင်ရာနည်းနာများအဖြစ် ရသစာတမ်းများ၏ သဘောသဘာဝနှင့် ပတ်သက်၍ ပညာရှင်များ ၏ ဖွင့်ဆိုချက်များနှင့် ပညာရှင်များ၏ ရသစာတမ်းများဖန်တီးပုံ နည်းနာများ၊ ရသစာတမ်းကို သုတေသနပြုခဲ့ကြသော စာတမ်းများ၊ ပါရဂူမ်းများကို လေ့လာ၍ နည်းယူသွားမည် ဖြစ်ပါသည်။

၃၊၁၊၁။ ရသစာတမ်း၏ သဘောသဘာဝ

"အက်ဆေး" ခေါ် ရသစာတမ်းသည် (၁၆) ရာစု နှစ်ကပင် ဥရောပ၌ စတင်ပေါ်ပေါက် လာခဲ့သည် ဟုဆိုသည်။ ထိုသို့စတင်ပေါ်ပေါက်သော (၁၆) ရာစုနှစ်မှစ၍ ယနေ့တိုင်အောင် ကမ္ဘာ့စာပေ ပညာရှင်များနှင့် မြန်မာစာပေပညာရှင်များသည် ရသစာတမ်းနှင့် ပတ်သက်၍ အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ဆိုခဲ့ကြသည်။ မြန်မာစာပေလောကတွင်လည်း ရသစာတမ်းကို အစဉ်တစိုက် ရေးဖွဲ့ ခဲ့ကြသော စာရေးဆရာကြီးများက ရသစာတမ်းနှင့်ပတ်သက်၍ အမျိုးမျိုးအဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြသည်ကို တွေ့နိုင်သည်။

> မောင်ခင်မင်(ဓနုဖြူ) ကလည်း-
>
> "အကြောင်းအရာတစ်ခုခုကို စာရေးသူကိုယ်တိုင် တွေးမြင်ခံစားရသည့် အနေအထားဖြင့် ရသပါအောင် ရေးဖွဲ့ထားသော မတိုမရှည် စကားပြေ အဖွဲ့မျိုးဖြစ်သည်။" (စာ ၂၆)

ဟူ၍ဖွင့်ဆိုထားသည်။

ရသစာတမ်းသည် စာပေအရေးအသားပုံသဏ္ဌာန် အတိအကျမရှိဘဲ စာရေးသူ၏ အတွေးနှင့် အမြင်ကို တိုတိုကျဉ်းကျဉ်း တင်ပြလေ့ရှိသည့် အားလျော်စွာ ရသစာတမ်း၏ သွင်ပြင်လက္ခဏာ ရပ်များကို အတိအကျဖော်ပြရန်ခက်ခဲသည်။

၃၊၂။ သုတေသနနည်းနာ

သုတေသနနည်းနာအနေဖြင့် ပေါ်ထွက်လာသော သုတေသနမေးခွန်းကို အဖြေရှာရာတွင် ပညာရှင် အသီးသီး၏ လေ့လာတွေ့ရှိချက်များ၊ အဆိုအမိန့်များ၊ မိမိသင်ကြားလေ့လာမှု အတွေ့အကြုံများ အပေါ်အခြေခံလျက် သရုပ်ဖော်ဆန်းစစ်နည်းနှင့် ကြောင်းကျိုးဆက်စပ်နည်းတို့ဖြင့် လေ့လာတင်ပြ ပါမည်။ သုတေသနနယ်ပယ်တွင် သုတေသန ဆောင်ရွက်မည့် သုတေသန အမျိုးအစားမှာ အခြေခံသုတေသန(Basic Research) ဖြစ်ပါသည်။

၄။ လေ့လာတွေ့ရှိချက်

မြေလတ်မောင်မြင့်သူ၏ ရသစာတမ်းများအနက် 'နာမည်လေးမွေးလို့ချစ်ချင်သည်' ရသအက်ဆေး စုစည်းမှု စာအုပ်သည် (၂၀၂၂) ခုနှစ်တွင်အမျိုးသားစာပေဆုရရှိခဲ့သော စာအုပ်တစ်အုပ် ဖြစ်ပါသည်။ မြေလတ်မောင်မြင့်သူသည် ရသစာတမ်းများကို ရေးဖွဲ့ရာတွင် ရှုထောင့်အမျိုးမျိုးမှ ရည်ရွယ်ချက် အမျိုးမျိုးနှင့် ရေးသားလေ့ရှိပါသည်။ 'နာမည်လေး မွေးလို့ချစ်ချင်သည်' ရသအက်ဆေးစုစည်းမှု စာအုပ်တွင် ပါဝင်သော ရသစာတမ်းများ အနက် (၂) ပုဒ်ကိုသာရွေးချယ်တင်ပြ ထားပါသည်။ ၎င်းတို့မှာ-(၁) နာမည်လေးမွေးလို့ ချစ်ချင် သည်၊(၂) ကျန်ကောင်းသင့်၍ချန်ခဲ့ချင် စသည်တို့ ဖြစ်ပါသည်။ မြေလတ်မောင်မြင့်သူ၏ ရသစာတမ်း များသည် အကျိုးအကြောင်းကို ခိုင်ခိုင်မာမာ နားလည်လက်ခံလာအောင် တင်ပြဖန်တီးထားသည်ကို တွေ့နိုင်ပါသည်။

၄၊၁။ နာမည်လေးမွေးလို့ချစ်ချင်သည် ရသစာတမ်းမှအတွေး

"နာမည်လေးမွေးလို့ချစ်ချင်သည်" ရသစာတမ်းတွင် စာရေးသူသည် သူ၏အတွေးကိုတင်ပြရာတွင် တစ်ချက်ချင်းစီဖြင့် အတွေးစဉ်ကိုဖော်ပြထားသည်။ ဤရသစာတမ်းတွင် လောကရှိလူသားတိုင်းတွင် နာမည်ရှိပုံ၊ လူသားတို့ပင်မက အခြားသက်ရှိသက်မဲ့တို့တွင်လည်းနာမည်ရှိကြပုံ၊ ထိုနာမည်တို့အား မိမိတို့ကိုယ်တိုင်တန်ဖိုးထားကာ မွေးသောနာမည်များအဖြစ်ဖြင့်သာ ရှင်သန်နေထိုင်ကြစေလိုသော စေတနာရည်ရွယ်ချက်ဖြင့် ရေးသားခဲ့ဟန်တူသည်။ ရသစာတမ်းအစတွင် အနောက်တိုင်း စကားပုံ တစ်ခုဖြင့် အစချီကာသူ၏ အတွေးကိုဖော်ပြထားသည်။

> "နာမည်ကောင်းရှိဖို့ အရေးကြီးသည်။ နာမည်ဆိုး၊ နာမည်ပျက် ရှိသောသူ သည် တစ်ဝက်ကြိုးပေး အသတ်ခံရပြီး ဖြစ်သည်။" (စာ - ၁၂၁)

ဟူ၍ဖွင့်ဆိုထားသည်။ လောကရှိလူသားတိုင်းတွင် နာမည်ကိုယ်စီရှိကြသည်။ စာရေးသူသည် နာမည်၏အရေးကြီးပုံကို အနောက်တိုင်းစကားပုံဖြင့်ဖော်ပြထားသည်။ လူမှုဘဝတွင်ရှိသော လူတို့ သည် မိမိတို့နာမည်ကို မပျက်စေရန်နှင့် ကောင်းမွန်စွာနေထိုင်နိုင်ကြစေရန် ဆုံးမလမ်းညွှန်ထား သည့် စာရေးသူ၏ အတွေးကိုလည်း မြင်သာစေပါသည်။

ထို့နောက်စာရေးသူသည် လောကရှိ သက်ရှိ၊ သက်မဲ့ အရာဟူသမျှတို့တွင် အမည် သို့မဟုတ် နာမည်သတ်မှတ်ပြီးသားချည်း ဖြစ်ကြောင်းကို စာဖတ်သူတို့အား တွေးပြထားသည်။ သက်ရှိ သက်မဲ့တို့၏ အမည်ကိုမသိသည်သာရှိမည်။ အမည်မရှိသည်တော့ မရှိနိုင်ကြောင်းကိုလည်း သေချာစွာသိမြင်စေလိုပါသည်။ နာမည်ကျော်စောခြင်းကို တွေးပြထားပြီးနောက် နာမည်ဆိုးခြင်းနှင့် ပတ်သက်၍လည်း

> “အမည်သတင်း ပျံ့နှံ့ထင်ရှားသည်ကို နာမည်ထွက်သည်ဟုသုံးသည်။ အမည်ဆိုး၊ သတင်းဆိုး ထွက်သည်ကို နာမည်ပျက်သည်ဟု သုံးသည်။ အမည်ဂုဏ်သတင်း ကြိုတင်ကျော်ကြားခြင်းကိုမူ နာမည်ပြေး သည်ဟု ဆိုသည်။ အမည်ဂုဏ်သတင်းပျက်အောင် လုပ်ခြင်းကိုမူ နာမည်ဖျက် သည်မည်၏။” (စာ - ၁၂၅)

ဟူ၍ နာမည်၏ကျော်စောခြင်း၊ နာမည်ဆိုးခြင်း၊ နာမည်ပျက်ခြင်း၊ နာမည်ဖျက်ခြင်းစသည့် အတွေး စဉ်ကို တွေးပြထားသည်။ စာရေးသူသည် မိမိဖြတ်သန်းကျင်လည်ရာ လူမှုဘဝအတွေ့အကြုံကို စာဖတ်သူတို့အား ပြန်လည်မျှဝေပေးသည့် စေတနာကိုလည်း တွေ့ရသည်။

လောကတွင် နာမည်ကောင်းရဖို့ထက် နာမည်ကပျက်ဖြစ်ဖို့က လွယ်ကူကြောင်းကို တွေးပြထားသည်။ နာမည်ကောင်းကို ချီးမွမ်းဖို့ထက် နာမည်ဆိုး၊ နာမည်ပျက်ကြောင်းကို ကဲ့ရဲ့ဖို့က ပို၍လွယ်ကူသည်။ မြန်ဆန်ပေသည်။ ထို့ကြောင့် လူဟူ၍ဖြစ်လာလျှင် နာမည်ကောင်းမထွက်လျှင် နေပါစေ။ နာမည်ဆိုးမထွက်ရန်၊ နာမည်မပျက်ရန် လိုကြောင်းရေးသားထားသည်။ နာမည်သည် မိမိတို့၏အသက်ကဲ့သို့ အရေးပါသောကြောင့် အသက်ကဲ့သို့ပင် တန်ဖိုးထားကြရန်၊ ကာကွယ်စောင့် ရှောက်ကြပါရန် စာရေးသူကတိုက်တွန်းအကြံပေးထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ပြင်

> “ ‘ချယ်ရီ***နာမည်လေးမွေးလို့*** ချစ်ချင်သည်’ တဲ့”
>
> “နာမည်ကချယ်ရီ။ နာမည်ကမွေးသည်။ နာမည်မွေး၍ ချစ်ခြင်းဖြစ် သည်။ (စာ - ၁၂၈)

ဟူ၍ တေးသံရှင်စန္ဒယားအောင်ကြီး၏ သီချင်းကိုဖော်ပြလျက် မိမိဆိုလိုရင်းကို ခိုင်မာအောင် ထပ်ဆင့်ပြဆိုထားသည်။ စာရေးသူတွင်လောက၌ နာမည်မွေးသောသူများကိုသာ ချစ်ခင် ကြကြောင်း နာမည်မွေးဖို့လည်း ခက်ခဲကြောင်းကို တွေးပြထားသည်။ ချယ်ရီပန်းသည် ရနံ့မရှိသော်လည်း နာမည်လေးမွေးနေသောကြောင့် ချစ်ချင်ကြသည် ဟူသောသက်သေ သာဓကနှင့်ပါမြင်သာအောင် ဖော်ပြထားသည်။

လောကတွင် နာမည်မွေးမှသာ ချစ်ချင်ကြသောကြောင့် နာမည်မွေးစေလိုသည့် စာရေးသူ၏ စေတနာကို အထင်းသားမြင်တွေ့ရသော ရသစာတမ်းတစ်ပုဒ်ဖြစ်ပါသည်။ အမည်နာမနှင့် ပတ်သက် ၍ လူသားတစ်ယောက်၏ ဖြစ်တည်မှုကို စာရေးသူသည် ခံစားမှု၊ အတွေ့အကြုံ၊ သတိပေးချက် တစ်ခုမှအစဆွဲထုတ်လာ၍ အတွေးစဉ်နောက်သို့ ခြေရာခံလျက် မိမိပြောလိုရာသို့ ရောက်အောင် တည်ဆောက်ပြခဲ့ခြင်းဖြစ်သည်။

၄၊၂။ နာမည်လေးမွေးလို့ချစ်ချင်သည် ရသစာတမ်းမှအရေး

ရသစာတမ်းတို့မည်သည် စာဖတ်သူတို့အား စာတမ်းအစမှအဆုံးတိုင် စည်းရုံးဆွဲဆောင်နိုင်စွမ်း ရှိရမည်။ အဆုံးတွင်ရသခံစားမှုပေးနိုင်ရမည်။ ရသခံစားမှုနှင့်အတူ ဘဝအသိတစ်ခုခု၊ ဘဝအတွေး အမြင် တစ်ခုခုကိုလည်း ပေးနိုင်ရမည်ဖြစ်ပါသည်။ ရသစာတမ်း၏ သဘောမှာ အတွေးဆန်းကြယ် ရမည်။ ထိုသို့အတွေးဆန်းကြယ်ရုံသာမက ထိုအတွေးကိုတင်ပြသည့် အခါ၌ ဆွဲဆောင်မှုရှိအောင် ရေးသားကြရသည်။ မြေလတ်မောင်မြင့်သူသည် ‘နာမည်လေးမွေးလို့ချစ်ချင်သည်’ ရသစာတမ်းတွင် နာမည်၏ အရေးပါပုံ၊ အရေးကြီးပုံတို့ကို အထောက်အထားများဖြင့် ဝေဝေဆာဆာ သုံး၍ ဖွင့်ဆိုရှင်းပြ ထားသည်။

နာမည်ကောင်းရှိဖို့ အရေးကြီးကြောင်းနှင့် နာမည်ဆိုးရှိသူတို့သည် ဘဝတစ်ဝက်သေ နေသည် ဟူသောအဓိပ္ပာယ်ကို စာရေးသူကဦးစွာတွေးမြင် ပြခဲ့သည်။ ‘နာမည်ဆိုး၊ နာမည်ပျက် ရှိသောသူသည်’ ဟူ၍နာမဝိသေသနပုဒ်ကို အလေးပေး သုံးထား သောကြောင့် စာဟန်မှာခံညားသော

အသွင်ကိုဆောင်လျက်ရှိသည်။ ထို့ပြင်နာမည် ကျော်ကြားခြင်း နှင့်ပတ်သက်၍လည်း ‘ဝိုင်းဝိုင်းလည် နေသလား၊ မလည်ဘူးလား’ ၊ ‘ကျော်ကြားသည်ဖြစ်စေ၊ မကျော် ကြားသည်ဖြစ်စေ’ ဟူသော ဆန့်ကျင်ပြအသုံးများကို သုံးလိုက်ခြင်းကြောင့် စာဟန်ကိုပို၍ အသက်ဝင် စေပါသည်။ လူတိုင်းသည် နာမည်ကိုကောင်းသောကျော်ကြားခြင်းဖြင့်သာ ကျော်ကြားချင်ကြသည့် လူ့သဘောကိုလည်း ပေါ်လွင်စေပါသည်။

ရသစာတမ်းတို့တွင် အရေးအသားစည်းရုံးမှုနယ်ပယ်၌ ‘ဝါကျအဆင့်’ သည်အလွန် အရေးပါ သော နေရာတွင်ရှိပါသည်။ စာရေးသူသည် ဝါကျတို၊ ဝါကျရှည်ကိုရွေးချယ်ရာ၌လည်း မူသေ သတ်မှတ်ထား၍မရဘဲ စာရေးသူ၏ခံစားမှုကိုလိုက်၍ ပြောင်းလဲရေးသားလေ့ရှိသည်။ မြေလတ် မောင်မြင့်သူသည် အကြောင်းအရာကိုလိုက်၍ ဝါကျဟန်ကို ကျွမ်းကျွမ်းကျင်ကျင် သုံးနိုင်ကြောင်း တွေ့ရပါသည်။ နာမည်ကောင်းနှင့် ပတ်သက်၍ တင်ပြထားပုံမှာ

> “သမိုင်းကမိမိပခုံးပေါ်ပစ်တင်ပေးလိုက်သော တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သူ ဟူသမျှတို့သည် မည်သို့ပင်အမည် နာမကွဲပြားကြ စေကာမူ အားလုံးသည် နာမည်ကောင်း၊ သူရဲကောင်းတွေချည်း ဖြစ် သည်။”
>
> (စာ ၁၂၁)

ဟူ၍ ဝါကျရှည်ကိုသုံးကာရေးသားထားပါသည်။ ထိုသို့ဝါကျရှည် သုံးထားသည့်အတွက် စာရေးသူ ပြောလိုသော သဘောတရားကို ပြည့်ပြည့်စုံစုံ ပြေပြေပြစ်ပြစ် ပေါ်လွင်စေရပါသည်။ ‘နာမည်’ ဟူ သောစကားလုံး တစ်လုံးတည်းပင် ‘အမည်’ ၊ ‘နာမ’ စသည့်အဓိပ္ပာယ်တူစကားလုံးများဖြစ် ရေးဖွဲ့ ထား သော ဝါကျရှည်တစ်ကြောင်းဖြစ်ပြီး စာဖတ်သူတို့အားလည်း အတွေးများစွာကိုခံစား ရစေပါသည်။

စာရေးသူသည် သူ၏ကလောင်နာမည်မှည့်ထားပုံနှင့် ပတ်သက်၍ဖော်ပြရာတွင် သူ့ကိုစတင် ချစ်ခဲ့သော ချစ်ဦးသူက အမြတ်တနိုးပေးထားသည့် နာမည်နှစ်လုံးထဲမှ တစ်လုံးကိုယူကြောင်း တင်ပြထားသည်။ ထိုချစ်ဦးသူနှင့် ဂုဏ်တံတိုင်းများကြောင့် ဝေးကွာခဲ့ရာပုံကို

> “မိဘတွေက ရွာမျက်နှာဖုံး၊ ပိုက်ဆံဂုဏ်၊ ကျောင်းအုပ်ဆရာမကြီး ဂုဏ်နှင့် သူဌေးဂုဏ်သရေရှိထဲကဖြစ်သည်။”
>
> “ဆွေဂုဏ်၊ မျိုးဂုဏ်နှင့် ဌေဂုဏ်မောက်သော သူ့မိသားစုထဲမှာလည်း သြဇာအလွှမ်းမိုးဆုံးဖြစ်သော သူ့အစ်မ၏ ဂုဏ်တံတိုင်းကြောင့်ပဲ ဖြစ်ပါသည်။”
>
> (စာ ၁၂၃)

ဟူ၍ ‘ဂုဏ်’ ဟူသော စကားလုံးကို ထပ်ခါထပ်ခါသုံးထား၍ စာဖတ်သူတို့ ခံစားမိအောင် ဖန်တီး ယူထားကြောင်းစိတ်ဝင်စားဖွယ်တွေ့ရသည်။ ထိုအဖွဲ့တွင် “ဂုဏ်” ဟူသောနာမ်စကားလုံးရှေ့တွင် ‘ပိုက်ဆံ’၊ ‘သူဌေး’၊ ‘ဆွေ’၊ ‘မျိုး’၊ ‘ဌေ’ စသည့် နာမ်ပုဒ်များကို အလဲအလှယ်သုံးစွဲထားခြင်းဖြင့် ပုံစံတူ ဟန်ချက်ညီ ဝါကျအသွင်ကိုဆောင်သည့်အပြင် ဂုဏ်ဟူသောအရာသည် လူသားတို့အတွက် နှစ်သက်ဖွယ် ခံစားမှုတို့ကို ဖြစ်ပေါ်လာစေပါသည်။ လူမှုလောကတွင် ဂုဏ်ရှိမှသာ အဆင်ပြေနိုင်မည့် လူ့စရိုက် များကိုလည်း မြင်သာစေပါသည်။

ဤသို့လျှင် မြေလတ်မောင်မြင့်သူသည် သမာရိုးကျ ဖြစ်ရိုးဖြစ်စဉ်များကို အနုစိပ်ခံစား၍ စာဖတ်သူတို့ အလေးဂရုပြုမိအောင် တွေးခြင်တင်ပြထားနိုင်ကြောင်း တွေ့ရသည်။ စာရေးသူ၏ လေသံသည် လူမှုဝန်းကျင်တွင် နေထိုင်ကြသော လူသားတို့အား နာမည်နှင့်ပတ်သက်၍ အလေးထား စေချင်သော၊ လောကသဘော၊ လူတို့၏ သဘောကို သိမြင် စေလိုသော လေသံများထင်ဟပ်နေသည် ဟု သုံးသပ်မိပါသည်။

၄၊၃။ ကျန်ကောင်းသင့်၍ချန်ခဲ့ချင်ရသစာတမ်းမှ အတွေး

'ကျန်ကောင်းသင့်၍ချန်ခဲ့ချင်' ရသစာတမ်းကို မြေလတ်မောင်မြင့်သူ၏ အမျိုးသားစာပေဆုရရှိခဲ့သော 'နာမည်လေးမွေးလို့ချစ်ချင်သည် ရသအက်ဆေးစုစည်းမှု' စာအုပ်မှကောက်နုတ်လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ရသစာတမ်းအစတွင် တန်ဖိုးနှင့်ပတ်သက်၍ တန်ဖိုးသုံးမျိုးရှိပြီး ထိုတန်ဖိုးသုံးမျိုးအနက် မြတ်နိုးမှုတန်ဖိုးသည်သာ အဆင့်အတန်းအမြင့်ဆုံးဖြစ်ကြောင်းကို ဖော်ပြထားသည်။ ရသစာတမ်းအစ၌ပင် စာဖတ်သူတို့အား သူ၏အတွေးကိုဖော်ပြထားပြီး ရှေ့ဆက်ဖြစ်မည့် အကြောင်းအရာများကို ဆွဲဆောင်ထားသည်။ ထို့နောက်လူမှုဝန်းကျင်တွင် ဖေ့စ်ဘုတ် (Facebook) သုံးခြင်းဖြင့် အချိန်ကုန်နေကြကြောင်းကို ထောက်ပြထားသည်။ ထိုဖေ့စ်ဘုတ်ကြောင့် စာအုပ်များ ဘေးရောက်နေကြောင်း ကို

> "သူကဖမ်းစားတတ်သည်။ မြူဆွယ်တတ်သည်။ ညှို့ငင်တတ်သည်။ သည်လိုဖြင့် လူငယ်တွေဖတ်မည့်စာအုပ်များကို ဘေးသို့ဖယ်ချခဲ့သည်။ အဝေးသို့တွန်းပို့ခဲ့သည်။" (စာ ၄၄)

ဟူ၍ ဖေ့စ်ဘုတ်ကြောင့် တန်ဖိုးရှိအချိန်များကုန်ဆုံးနေရသော လူမှုနေ့စဉ်ဘဝကို သုံးသပ်ပြခဲ့သည်။ ဘဝတိုးတက်စေရန်နှင့် မိမိတို့လုပ်ကိုင်ရမည့်လုပ်ငန်းကိစ္စများကို ဆောင်ရွက်ကြရန် အချိန်မဖြုန်းသင့်ကြောင်းကိုလည်း ထောက်ပြထားသည်။

လူမှုပတ်ဝန်းကျင် တွင် 'အမွေ' ဟူသောအရာကိုလူတိုင်းလိုချင်ကြသည်။ တပ်မက်ကြသည်။ မက်မောကြသည်။ စာရေးသူသည် အမွေရွာ၊ အမွေအိမ်သို့ ပြန်ရာတွင် ခေါင်းရင်းက မြေတစ်ဆုပ်နှင့် အမွေခြေရင်းက တမာပင်ပေါက် သုံးလေးပင်ကို အရသယ်လာခဲ့ ကြောင်း ဖော်ပြထားသည်။ တမာပင်သည် အိမ်ရှေ့တွင်စိုက်ရန်ဖြစ်သော်လည်း မြေကိုကား

> "ကျွန်တော့်အိမ် ကျွန်တော့်မြေကို အမွေအိမ် အမွေ မြေကဲ့သို့ တန်ဖိုးထားလိုရင်းဖြစ်သည်။ တစ်နည်းအမေနှင့် ပတ်သက်သည့် အမွေရနံ့ အမွေပုံရိပ်တို့သည် အမွေခံသားတစ်ယောက်အတွက် အလေးထား မြတ်နိုးရ မည့် အမွေကောင်းတစ်ခုလည်းဖြစ်ပါသည်။" (စာ ၄၆)

ဟူ၍ အခြားသူများနှင့် မတူသောစာရေးသူ၏ စိတ်ထားကိုလေ့လာတွေ့ရှိရသည်။ စာရေးသူသည် သူ၏ယုံကြည်မှုနှင့်သူ၊ သူ၏မြတ်နိုးမှုနှင့်သူ၊ သူ၏တန်ဖိုးထားမှုနှင့်သူဖြစ်သည်။ ဤသည်မှာ အမွေဆက်ခံသူ၏ အမွေခံနှလုံးသားမှ ပေါက်ဖွားလာသောမြတ်နိုးမှုအသိနှင် သက်ဆိုင်ပါလိမ့်မည်။ စာရေးသူကဲ့သို့ မြတ်နိုးမှုအသိရှိသော လူသားတို့လည်း အနည်းနှင့်အများရှိကြမည်ဟု တွေးမြင် မိပါသည်။

စာရေးသူသည်လည်း စာရေးသက် ၄၈နှစ်အတွင်း ကိုယ်တိုင်ပိုင်ဆိုင် စုဆောင်းမိသမျှသည် တစ်အိမ်လုံး ထားမနိုင်သိမ်းမနိုင်သည့် စာအုပ်ပုံများပင် ဖြစ်ကြောင်းရေးဖွဲ့ထားသည်။ အမွေဆက်ခံမည့်သူကိုရှာကြည့်ပြန်သောအခါ သမီးသုံးယောက်လုံးသည် စာဖတ်ဝါသနာမပါကြောင်း၊ စာပေကို မခင်တတ်ကြောင်း၊ အိမ်သူဇနီးကပင် လှည့်၍ပင်မကြည့်။ အိမ်ရှုပ်သည်ဟူ၍ပင် ပြောဆိုနေတတ် ကြောင်း မိမိကိုယ်တွေ့နှင့် ဆက်စပ်၍ပြထားသည်။ ထိုသို့နေရင်းစာရေးသူ စဉ်းစားမိပုံကို

> "အကယ်၍ ကျွန်တော်များ ကွယ်လွန်သွားခဲ့လျှင်ရော။ ဘယ်လိုရှိမည် လဲ။ ကျွန်တော့်စာအုပ်တွေကို အိမ်ပေါ်မှာ ဆက်ထားပါဦး မည်လား။ ဆရာကြီး၏စာအုပ်တွေလို သင့်ရာလှူပစ်မှာလား။ ဦးရာလူပေးပစ်မှာ လား။"
> (စာ ၄၇)

ဟူ၍ စာရေးသူက မေးခွန်းများထုတ်ကာ မိမိဘဝကိုမိမိ ဝေဖန်ပြထားသည်။ သည်စာအုပ်များသည် အဖေ့လက်ရာ၊ အဖေ့အမွေ၊ အဖေ့စာအုပ်၊ အဖေ့ဥစ္စာ ဟူ၍ဧည့်ခန်းတွင် တန်ဖိုးထား၍ သိမ်းထား စေချင်သည့် စာရေးသူ၏အတွေးကိုအထင်းသား မြင်တွေ့ရပါသည်။ စာရေးသူ၏အတွေးကို ကိုယ်တိုင်ဇာတ်ကြောင်းပြောဟန်ဖြင့် တင်ပြထားသည်။ လူမှုဘဝဝန်းကျင်ကို မီးမောင်းထိုးပြထားရာ စာဖတ်သူတို့အားလည်း မြင်သာစေပါသည်။ ဒိဋ္ဌမင်္ဂလောကတွင်လည်း ထိုကဲ့သို့ကျန်ကောင်းသင့်၍ ချန်ခဲ့သော အမွေတို့ကို မြတ်နိုးမှုတန်ဖိုးဖြင့် ထိန်းသိမ်းစေလိုသည့် စာရေးသူ၏စေတနာအတွေးကို မြင်သာစေပါသည်။

ဘဝတွင်ကြီးစွာသော ဝန်ထုတ်ဝန်ပိုးများစွာကို ထမ်းလျက်ပင်ပန်းကြီးစွာ ဖြတ်သန်းကြရင်း တန်ဖိုးထားသင့်သည့်အရာတို့ကို မေ့လျော့နေမိကြသည့်အဖြစ်ကို ကိုယ်ပိုင်အသိဖြင့် ဆင်ခြင်မိလာ စေသည်။ မြေလတ်မောင်မြင့်သူသည် 'ကျန်ကောင်းသင့်၍ချန်ခဲ့ချင်' ရသစာတမ်းတွင် စာဖတ်သူ သည် မိမိအတွေ့အကြုံနှင့် ဉာဏ်အကျယ်အဝန်း အလျောက် ဆက်လက်ဆင်ခြင်ကြည့်ရန် ဖြစ်ပါ သည်။

၄၊၄။ ကျန်ကောင်းသင့်၍ချန်ခဲ့ချင်ရသစာတမ်းမှအရေး

ဤရသ စာတမ်းတွင် စာရေးသူကသူ၏အတွေးတို့ကို လေးနက်သောအရေးတို့ဖြင့် တင်ပြထားသည်။ မြေလတ်မောင်မြင့်သူသည် ဤရသစာတမ်းတွင် လူမှုဝန်းကျင်တွင် နေ့စဉ်နှင့်အမျှဖြစ်ပေါ်နေသော အကြောင်းအရာများကို စာဖတ်သူတို့မြင်ယောင်လာစေရန်ရေးဖွဲ့ရာ၌

> "နိစ္စဓူဝဆိုသလို... ကျွန်တော်တို့၏ တန်ဖိုးရှိသော အချိန်များကို မသိ မသာ ဖဲ့ယူကုန်ဆုံးစေတတ်သော အရာထဲတွင် ဖေ့စ်ဘုတ်သည် ရှေ့ဆုံး ပါဝင်နေသည်ဆိုလျှင် ငြင်းသူရှိမည်မထင်ပါ။" (စာ - ၄၄)

ဟူ၍တွေ့ရသည်။ ဖေ့စ်ဘုတ် ကိုလူအများက စွဲမှန်းမသိစွဲနေကြောင်းကို ဖြစ်စဉ်ပြရေးနည်းဖြင့် ရေးဖွဲ့တင်ပြထားရာ စာဖတ်သူတို့အားသတိပြု ဆင်ခြင်လာမိစေပါသည်။ လူမှုဘဝကိုအသိပေး နေသောစာရေးသူ၏ လေသံများထင်ဟပ်နေပါသည်။

ထို့ပြင်စာရေးသူတို့သည် စာဖတ်သူတို့အား စည်းရုံးဆွဲဆောင် ရေးသားကြရာတွင် ဝါကျတို့၊ ဝါကျရှည်များကိုမဖြစ်မနေ ထည့်သွင်းရေးဖွဲ့လေ့ရှိကြသည်။ စာရေးသူသည် သူ၏စာအုပ်များ နှင့် ပတ်သက်၍တင်ပြရာတွင် ဝါကျတို့များကိုသုံးကာ ရေးဖွဲ့ထားသည်။ ဝါကျတို့အသုံးသည် အကြောင်း အရာတစ်ခုကို တစ်ဆက်တည်းမပြောဘဲ တစ်ပိုင်းစီတစ်ကန့်စီ ဖော်ပြလိုသော အခါမျိုးတွင် သုံးလေ့ ရှိသည်။

> "မိန်းမကမူ လှည့်၍ပင်မကြည့်။"
>
> "မျက်စောင်းတခဲခဲ။"
>
> "မျက်နှာတပျက်ပျက်။" (စာ - ၄၆)

ဟုဝါကျတို့များ အသုံးပြုကာ ရေးသားထားပါသည်။ ဝါကျတို့များသည် စာရေးသူပြောလိုသော အကြောင်းအရာကို သွက်သွက်လက်လက်နှင့် ကွက်ကွက်ကွင်းကွင်း မြင်ယောင်စေပါသည်။ ထို့ပြင် စာရေးသူသည် စာဟန်ကိုလေးနက်စေရန် ရေးဖွဲ့ရာ၌ ဝါကျရှည်သုံးကာ ရေးဖွဲ့ထားသောကြောင့် စာဟန်မှာခံညားလေးနက်သည်။ ဝါကျရှည် များသည်လည်း အကြောင်းအရာကို ပေါ်လွင်အောင်နှင့် ရသမြောက်အောင် တင်ပြရာ၌ အရေးပါ သည်ကို တွေ့ရပါသည်။

ထို့ပြင်စာဖတ်သူတို့အား မေးခွန်းများထုတ်ကာ စာဖတ်နေရင်းတွေးခိုင်းထားသည်။ တွေးနေ ရင်းမှပင် စာရေးသူက သူ၏အတွေးအမြင်တို့ကို ဖော်ပြတတ်သည်။ ထိုကဲ့သို့စိတ်ဝင်စားဖွယ် ရေးသား ရာ၌

“ဘယ်သူကရော ရှိသေရကောင်းသည့် တန်ဖိုးဟုမှတ်ယူပါ့မည်နည်း”

“ပြောသင့်သလား”

“ပြောမှသိမှာလား”

“မပြောဘဲနှင့်သိဖို့ မကောင်းဘူးလား” (စာ - ၄၇)

ဟူ၍ရေးဖွဲ့ထားသည်။ သူ၏စာအုပ်များကို ချစ်ခင်လေးစားတတ်စေရန် တိုက်တွန်းထားသော စာရေးသူ၏ စေတနာလေသံမှာလည်း ပေါ်လွင်နေပါသည်။ စာရေးသူကို ခံစားချက်ကိုလည်း စာဖတ် သူတို့သည် ကရုဏာသက်ဖွယ် ခံစားလာရစေပါသည်။

“ကျန်ကောင်းသင့်၍ချန်ခဲ့ချင်” ရသစာတမ်းပါ စကားအသုံးအနှုန်းများကို လေ့လာကြည့် သောအခါ ‘ဝမ်းနည်းဝမ်းသာ’၊ ‘ခွဲဝေလှူဒါန်း’၊ ‘ကြည်နူးဝမ်းသာ’ ဟူ၍ အနက်သဘောတူသော စကားလုံးတို့ကို ပူးတွဲသုံးထားရာ ပြောလိုသောအကြောင်းအရာကို လေးနက်ပေါ်လွင်စေပါသည်။ ထို့ပြင် ‘ထားမနိုင် သိမ်းမနိုင်’၊ ‘ပိသာချိန်နဲ့ရောင်းစားတောင်’၊ ‘တကယ်တော့’ ဟူသော အရပ်သုံး စကားများကိုသုံးထားသောကြောင့် စာဟန်ကိုသွက်လက်ကာ စာဖတ်သူတို့နားလည်လွယ် စေပါ သည်။ ထို့ကြောင့် ဤရသစာတမ်းသည် ခေါင်းစဉ်နှင့်လိုက်ဖက်မှုရှိသည့်အပြင် စာရေးသူ၏ အတွေး အခေါ်နှင့် အရေးအသားကောင်းမွန်ပုံကို လေ့လာတွေ့ရှိရသည်။

၅။ သုံးသပ်ချက်

ရသစာတမ်း၏သဘောမှာ စာဖတ်သူအား အတွေးအသိတစ်ခုခုပေးရပါသည်။ ဤစာတမ်းတွင် မြေလတ်မောင်မြင့်သူ ၏ ‘နာမည်လေးမွေးလို့ချစ်ချင်သည်’ အက်ဆေးများစာအုပ်မှ ‘နာမည်လေး မွေးလို့ချစ်ချင်သည်’ ရသစာတမ်းနှင့် ‘ကျန်ကောင်းသင့်၍ချန်ခဲ့ချင်’ ရသစာတမ်းတို့ကိုကျောရိုးယူကာ လေ့လာတင်ပြထားပါသည်။ ထိုရသစာတမ်းများသည် စာရေးသူတို့၏ လူမှုဝန်းကျင် မှဖြစ်ရပ် အမျိုးမျိုး၊ အတွေ့အကြုံအမျိုးမျိုးတို့ကို အခြေခံ၍နက်နဲသော တွေးခေါ် ဆင်ခြင်မှုများကို ရေးသား တင်ပြထားသည်ကို တွေ့ရှိရပါသည်။

‘နာမည်လေးမွေးလို့ ချစ်ချင်သည်’ ရသစာတမ်းသည် လူတိုင်းတွင် နာမည်ရှိကြပုံနှင့် ထိုနာမည်သည်မိမိတို့အသက်ထက် အရေးကြီးကြပုံတို့ကို ကိုယ်တွေ့ဖြစ်ရပ် သာဓကများနှင့် လောက၏သဘော၊ လူ့သဘောကို မြင်အောင်ပြနိုင်သော ရသစာတမ်းတစ်ပုဒ်ဖြစ်ပါသည်။ ဤရသ စာတမ်းတွင် လူ့လောကကိုဖြတ်သန်း ကျော်ဖြတ်ရာတွင် နာမည်ကောင်း၊ နာမည်ဆိုးနှင့် ပတ်သက်၍ မေ့လျော့နေတတ်သည့် လူတစ်ချို့ကို သတိပေး လမ်းညွှန်ပြထားကာ လေးလေးနက်နက် ဆင်ခြင် သုံးသပ်ပြထားသော ရသစာတမ်းတစ်ပုဒ် ဖြစ်ပါ သည်။

‘ကျန်ကောင်းသင့်၍ ချန်ခဲ့ချင်’ ရသစာတမ်းတွင် အချိန်ကိုမဖြုန်းကြစေရန်၊ ဖွေစ်ဘုတ်ကို အကျိုးရှိအောင် အသုံးချတတ်စေရန်၊ မိဘတို့၏အမွေကို မြတ်နိုးမှုတန်ဖိုးတို့ဖြင့် တန်ဖိုးထား တတ်စေရန် ကိုယ်တွေ့ဖြစ်ရပ် သာဓကများနှင့် လူမှုဝန်းကျင်ကို တွေးမြင်ပြထားသည်။ ဤရသ စာတမ်းတွင် စာရေးသူသည် ကျန်ကောင်းသင့်၍ ချန်ခဲ့သည့်အမွေအနှစ်များကို ဒိဋ္ဌမွေ့ လောကရှိ လူသားတိုင်း အလေးပေးတန်ဖိုးထားတတ်စေရန် စေတနာဖြင့်တွေးမြင်ဝေဖန်ပြထားသည်။

အရေးအသားပိုင်းတွင်လည်း နက်နဲသောအတွေးအခေါ်ကိုပင် ရိုးရှင်းသောစကားပြေဖြင့် နားလည်လက်ခံနိုင်အောင် ရေးသားထားသည်ကို တွေ့ရသည်။ ရေးဖွဲ့မှုတွင် နှိုင်းယှဉ်ပြစာပိုဒ်၊ သာဓကပြစာပိုဒ်၊ သဘောပြအဖွဲ့ များကြောင့် စာဖတ်သူသည် ရသစာတမ်းပါ အကြောင်းအရာများကို နှစ်သက်စွာလက်ခံမိစေပါသည်။ စာဖတ်သူတို့သည်လည်း အကောင်းဆုံးသောနေနည်းကို ပြင်ဆင်ရန်

လိုသည်ဟူသော အတွေးအမြင်၊ ဘဝအတွက် အသိတစ်ခုလင်းလက်သွားခြင်းနှင့်အတူ စိတ်၏အေး ငြိမ်းမှုကို ခံစားမိရပါသည်။

မြေလတ်မောင်မြင့်သူ၏ 'နာမည်လေးမွေးလို့ချစ်ချင်သည်'၊ 'ကျန်ကောင်းသင့်၍ချန်ခဲ့ချင်' ရသ စာတမ်းများတွင် လူ့သဘော၊ လူ့သဘာဝတို့ကို တွေးမြင်ပြထားရာ စာဖတ်သူတို့အနေနှင့် နှစ်သက်ခြင်းရသနှင့်အတူ ဆင်ခြင်တုံတရားဆီသို့ ရောက်ရှိအောင် ရေးဖွဲ့တင်ပြနိုင်သော ရသ စာတမ်းများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

နိဂုံး

ရသစာတမ်း၏သဘောသည် စာဖတ်သူ၏အတွေးအမြင်ကို ထက်မြက်စေပါသည်။ မှန်ကန်သော လောကအမြင်ကိုလည်း ပေးစွမ်းနိုင်ရပါသည်။ မြေလတ်မောင်မြင့်သူသည် ရသစာတမ်းများ ရေးသောအခါတွင် ရိုးရှင်းသောအတွေးအမြင်၊ ကျစ်လျစ်ထိမိသော အရေးအသားတို့ဖြင့် စာဖတ်သူကို မိတ်ဆွေရင်းချာ တစ်ဦးသဖွယ် ရင်းနှီးပွင့်လင်းစွာ ရင်ဖွင့်နေဟန်တို့ဖြင့် ရေးသားလေ့ ရှိကြောင်း တွေ့ရသည်။ ထိုသို့ ရေးဖွဲ့ထားသောကြောင့် စာဖတ်သူတို့၏ရင်တွင်းသို့ နက်ရှိုင်း သိမ်မွေ့စွာ ဝင်ရောက်စေပါသည်။ စာရေးသူတို့၏ ဘဝအတွေ့အကြုံများမှ ပေါက်ဖွားလာသော ရသစာတမ်းများ ကို လေ့လာ ဖတ်ရှုခြင်း ဖြင့် ဘဝအသိ၊ ဆင်ခြင်အသိများ ရရှိလာနိုင်စေခြင်းမှာ ထိုရသ စာတမ်းများ၏ အနှစ်သာရပင် ဖြစ်သည်ဟု ထင်မြင်ယူဆမိပါသည်။

ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်စေရန် ပညာအမွေပေးခဲ့ပါသော ကျေးဇူးရှင်မိဘနှစ်ပါး၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနှင့်တကွ (၂၇)နှစ်မြောက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကျောင်းမွေးနေ့ ကျင်းပရေး ကော်မတီ အဖွဲ့ဝင်လူကြီးများ၊ ခေတ္တပါမောက္ခချုပ်ဆရာကြီးနှင့် ဒုတိယပါမောက္ခချုပ် ဆရာမကြီး များ၊ မြန်မာစာဌာနမှ ပါမောက္ခ(ဌာနမှူး)ဆရာမကြီး ဒေါက်တာခင်စန်းဝင့်၊ ပါမောက္ခဆရာမကြီး ဒေါက်တာထက်ထက်အောင်၊ ပါမောက္ခဆရာမကြီး ဒေါက်တာနန်းဝေစံနှင့် မြန်မာစာဌာနမှ ဆရာ၊ ဆရာမများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင် ရှိပါသည်။

ကျမ်းကိုးစာရင်း

မြန်မာဘာသာ

ခင်မင်၊ မောင် (ဓနုဖြူ)နှင့်အခြား။ (၁၉၈၇)။ ***စာတမ်းငယ်စာပေစာတမ်းများ(ပ-တွဲ)။*** ရန်ကုန်၊ စာပေဗိမာန်။

ခင်အေး၊ ဒေါက်တာ၊ အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၀)။ ***သုတေသနအခြေခံ သုတေသနပုံစံ။*** ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ဇော်ဂျီနှင့်အများ။ (၁၉၆၄)။ ***ကံ့ကော်မြို့ငယ်စာတမ်း။*** ရန်ကုန်၊ နုံသာပုံနှိပ်တိုက်။

မိုးမြေ၊ မ။ (၂၀၀၈)။ ***ဆရာဇော်ဂျီနှင့်ရသစာတမ်းရှင်တို့၏တွေးဟန်နှင့်ရေးဟန်များ။*** ရန်ကုန်၊ ရွှေကံ့ကော်ပုံနှိပ်တိုက်။

မြသန်းတင့်။ (၂၀၁၇)။ ***နိုင်ငံတကာရသစာတမ်းငယ်များ (ပထမအုပ်)။*** ရန်ကုန်၊ နှစ်ကာလများစာပေ။

မြင့်သူ၊ မောင်၊ မြေလတ်။ (၂၀၂၂)။ ***နာမည်လေးမွေးလို့ချစ်ချင်သည်အက်ဆေးများ။*** ရန်ကုန်၊ လင်းလွန်းခင်စာပေ။

မြန်မာစာအဖွဲ့ဦးစီးဌာန။ (၂၀၀၈)။ ***မြန်မာအဘိဓာန်။*** ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

ဝင်းမွန်၊ တက္ကသိုလ်နှင့်ကျော်အောင်။ (၁၉၈၇)။ ***စာတမ်းငယ်စာပေစာတမ်းများ (ဒု-တွဲ)။*** ရန်ကုန်၊ စာပေဗိမာန်။

An Analysis of Students' Perspectives on Intercultural Competence Development Through "Market Leader": A Case Study in NMDC

Thazin Khaing[1]

Abstract

As global business communication becomes increasingly intercultural, the development of intercultural competence (IC) has emerged as a crucial goal in Business English Education. As English continues to function as the lingua franca of international business, appropriately tailored Business English Course shapes learners' communicative skills and cultural awareness. One of their most widely used materials in this regard is Market Leader Business English Course by David Cotton, David Falvey, Simon Kent and John Rogers, Test files by John Rogers and Teacher's Resource Books by Bill Mascull which was co-published with the Financial Times for authentic business contexts and terminology. Recognizing the increasing demand for globally competent professionals, this research adopts a mixed-methods approach to explore learners' perceptions, experiences, and challenges in navigating intercultural content presented in the course. The study documented the components of intercultural competence development which are an effective approach to one's actions, empathetic understanding and acceptance of a foreign culture, willingness and ability to comprehend and appreciate the different cultures. The findings indicate that although there is indeed a focus on global business scenarios and cultural references throughout the Market Leader Series, this is primarily within a Western-centric reference base and with little depth to intercultural engagement. Participants in National Management Degree College valued the real-world business communication experience, although they expressed desire for additional inclusive, dialogic, and reflecting activities that could lead to stronger experiences of intercultural understanding. The study advocates for the redesign of Business English resources to enhance learners' preparedness for utilizing English with intercultural competence across diverse academic and professional contexts.

Keywords: Intercultural Competence, Market Leader, Learners' Perceptions, global business communication

Introduction

In the contemporary global economy, effective business communication increasingly requires not only linguistic proficiency but also intercultural competence (IC). Intercultural Competence is defined as the ability to communicate effectively and appropriately with people from other cultures through the integration of knowledge about cultural differences, skills in interpreting and relating, and attitudes of openness, curiosity, and respect. It involves not only understanding and appreciating cultural diversity but also adapting one's behavior and communication strategies to suit different cultural contexts. As defined by Deardorff (2006), intercultural competence is "the ability to communicate effectively and appropriately in intercultural situations based on one's intercultural knowledge, skills, and attitudes," and in Byram's (1997) terms, it encompasses knowledge, skills, attitudes, and critical cultural awareness. As English persists as the lingua franca of global commerce, Business English courses are essential in developing learners' communication skills and cultural awareness. Market Leader Business English Course by David Cotton, David Falvey, and Simon Kent, Test files by John Rogers and Teacher's Resource Books by Bill Mascull which were created with the Financial Times to give students authentic business contexts and vocabulary, is one of the most popular materials in this field.

During the academic years, National Management Degree College NMDC), has incorporated the Market Leader into Business English curriculum to enhance students' communication skills in practical business environments. These frameworks have been influential in Bachelor of English for Professional Purposes (EPP) from first year to fourth

[1] Lecturer, English Department, National Management Degree College

year, Bachelor of Economics and Finance (BEF) for from first year to third year and Bachelor of Business Management (BBM) from first year to third year where cross-cultural communication is integral to workplace success. Therefore, the content offered in Market Leader is academically relevant and appropriate for learners due to the close alignment with National Management Degree College.

While Market Leader has been praised for its up-to-date content, professional relevance, and use of real-world business materials, but there are still questions about how well it helps learners develop their intercultural competence. The most active intercultural competence development is received during students' Academic years, when there is a conscious creation of a personality competent in intercultural communication. This study looks at what students think about how well the Market Leader helps them how to work with people from different cultures.

Research Aim and Objectives

This study examines how the Market Leader series develop intercultural competency in undergraduate and graduate Business English students. The objectives of the study are to assess learners' intercultural attitudes, knowledge, skills and abilities, and to explore students' opinions on the Market Leader Series' advantages and disadvantages in fostering intercultural knowledge and comprehension.

Research Questions

